

လော့မြို့ ရွှေစည်သာသနာ့ရိပ်သာ **ရွှေစည်ဆရာတော်** ဟောကြားတော်မူသည့်

# ရွှေစည်တရားတော်များ

၁၇၂၈၇

# ရွှေစည်ဆရာတော်
## လယ်တီအရှင်ကုလိသ
ဟောကြားသည့်

# ရွှေစည်တရားတော်များ


## ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။



(ဒေါင်းညီနောင်စာပေတိုက်)

[တအုပ် ၁၅-ကျပ်]

၁၇၂၈၇

ဖြန့်ချိသူ

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း - ၁၄၃၆၁]

မန္တလေးမြို့၊ နန်းရှေ့

ရွှေစည် သာသနာ့ရိပ်သာ

ရွှေစည်ဆရာတော်

လယ်တီ အရှင်ကုလိသ

ဟောကြားသည့်

# ရွှေစည် တရားတော်များ

မျက်မမြင် တရားတော်၊ အိုခြင်း သေခြင်း
မလွတ်ကင်းနိုင် တရားတော်၊ မမေ့မလျော့ရေး
တရားတော်၊ သမီးများ တဲ့ ပုဏ္ဏားကြီး
တရားတော်၊ အဖွားအသုဘ တရားတော်၊
သားစား ရှောင်ကြဉ်ရေး တရားတော်၊ ဒုလ္လဘ
လေးပါး တရားတော်၊ အပါယ်လွတ် လပ်
မဂ်ဖိုလ်မြတ် တရားတော်၊ မိုးပေါက် ပမာ
တရားတော်....

အစရှိသည့်

တရားတော်များ ပါဝင် စုစည်းသည်။

[ ဘာသာပြန်ရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၉၉၇၉—၁ ]

မျက်နှာဖုံးရိုက်
၆၁

ဘလောက်
ဇမ္ဗူ

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၂၀၀၀)

ထုတ်ဝေနေ့
ဧပြီ၊ ၁၉၇၈

ဦးကိုကိုကြီး၊ ဒေါင်းညီနောင် စာပေတိုက် (၀၄၀၄) နှင့် ဒေါင်းညီနောင် ပုံနှိပ်တိုက် (၀၁၉၀၇) အမှတ် ၁၁၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့က တာဝန်ခံ ပုံနှိပ်ထုတ်ဝေသည်။



ရွှေစည် ဆရာတော် လယ်တီ အရှင်ကုလိသ

# ရွှေစည် ဓမ္မသဘင်

၁။ ရွှေစည်အမည်ရ သာသနာ့ရိပ်သာ
တရားတော်များ ဟောကြားလျက်ပါ၏
နာကြကြားကြ များလှသူငါ
အပါယ်ဘေး လွှတ်အေးကြဖို့ရာ။

၂။ သုဝဏ္ဏဘောဂီ ရွှေစည်ဆရာတော်
တရားစည်ကြီး ရိုက်တီး ကြွေးကြော်၏
နာကြကြားကြ အားရပျော်ပျော်
နိဗ္ဗာန်နန်း စံမြန်းရအောင်နော်။

# ရွှေစည်တရား အမှားပြင်ချက်

## ရှိရင်းကိုပြင် အမှားစင်ထိမ့်

| ရှိရင်း | ပြင်ရန် | မျက်နှာ | ကြောင်းရေ |
|---|---|---|---|
| နစေစ | နစေဝ | ၁၈ | ၁၈ |
| ဌာနံ | ဌာနံ | ၂၃ | ၁၃ |
| ဌာနံ | ဌာနံ | ၂၄ | ၇ |
| ညွှန်တန်း | ညွှန်းတန်း | ၂၅ | ၁၈ |
| နိးပါး | နိပါး | ၂၅ | ၁၈ |
| ဥဒဃဗ္ဗယ | ဥဒယဗ္ဗယ | ၃၃ | ၂၀ |
| ဇရာမရဏ | ဇရာမရဏာ | ၄၄ | ၅ |
| အနုပ္ဗတ္တ | အနုပ္ပတ္တ | ၄၈ | ၉ |
| ယောဝေဋ္ဌာ | ယောစေဋ္ဌာ | ၈၃ | ၆ |
| ဥပုံဌပေတွာ | ဥပဋ္ဌပေတွာ | ၉၄ | ၂ |
| ထက်မြက်တွ | ထက်မြက်တဲ့ | ၁၉၈ | ၅ |
| ဆုံးဖြတ်ချ | ဆုံးဖြတ်ချက် | ၂၀၄ | ၁၄ |
| နွှာနဲ့ | နွှားနဲ့ | ၂၀၄ | ၁၅ |
| ဂစ္ဆိတ္တ | ဂန္တိတ္တ | ၂၁၂ | ၁၇ |
| ဂမ္ဘတ် | ဂမ္ပတ် | ၂၁၄ | ၃ |
| ကြောင့်ကျခြင်း | ကြောင့်ကျရှင်း | ၂၁၄ | ၇ |
| သောတပတ္တာ | ကောကပတ္တာ | ၂၁၄ | ၁၀ |
| ပီတရာဂါ | ဝီတရာဂါ | ၂၄၈ | ၈ |
| သသ္မာ | တသ္မာ | ၂၅၄ | ၁၃ |
| ထုတ်ကြဂါလို့ | ထုတ်ကြပါလို့ | ၂၅၅ | ၁၆ |
| သပ္တစ္စံ | သက္ကစ္စံ | ၂၇၁ | ၁၂ |
| သမာဒဝိတ | သမာဒပိတ | ၃၁၄ | ၁၅ |
| ပူရန္တိ | ပူရေန္တိ | ၃၂၀ | ၇ |
| ကေါကိ | လောကိ | ၃၂၈ | ၅ |
| တာမန္တယာမိ | အာမန္တယာမိ | ၃၃၄ | ၁၅ |
| ရှင်လမင်း | ရှင်လမှင်း | ၃၅၈ | ၁၉ |

# မာတိကာ


နိဒါန်း

တရားမှန်

အမှာဦး

တရားဖွင့်

၁။ အန္ဓသုတ်
(မျက်မမြင် တရားတော်)

(က) ကျမ်းညွှန်း တရားပလ္လင်ခံ

(ခ) ပုဂ္ဂိုလ် ၃-မျိုး

(ဂ) ၁-မျက်မမြင် ပုဂ္ဂိုလ်

(ဃ) ၂-တဖက်မြင် ပုဂ္ဂိုလ်

(င) ၃-နှစ်ဖက်မြင် ပုဂ္ဂိုလ်

(စ) ပုဂ္ဂိုလ် ၃-မျိုး နိဂုံးချုပ်

(ဆ) အထွဋ်တင် ဂါထာများ

(ဇ) လက်တွေ့ တရားအားထုတ်နည်း

(ဈ) တရားသိမ်း

## မာတိကာ


၂။ ဇရာမရဏသုတ်

(အိုခြင်းသေခြင်းမလွတ်ကင်းနိုင် တရားတော်).... ၃၉

(က) ကျမ်းညွှန်း တရားပလ္လင်ခံ .... ၃၉
(ခ) ဘုရားနဲ့ ကောသလ .... ၄၂
(ဂ) မင်းမျိုးတွေလဲ အိုရ သေရတယ် .... ၄၃
(ဃ) ပုဏ္ဏားမျိုးတွေလဲ အိုရ သေရတယ် .... ၄၅
(င) သူကြွယ်မျိုးတွေလဲ အိုရ သေရတယ် .... ၄၆
(စ) ရဟန်းတော်တွေရဲ့ခန္ဓာကိုယ်လဲ ပျက်စီးရတယ် .... ၄၈
(ဆ) အိုခြင်း သေခြင်း မလွတ်ကင်းနိုင် .... ၅၁
(ဇ) ဝသဘမင်းကြီး .... ၅၇
(ဈ) သတိပဋ္ဌာန် အကျိုးပြု .... ၆၀
(ည) လက်တွေ့ တရားအားထုတ်နည်း .... ၆၁
(ဋ) တော်လှန်ရေး တရားသိမ်း .... ၆၅

၃။ အပ္ပမာဒသုတ်

(မမေ့မလျော့ရေး တရားတော်) .... ၆၇

(က) ကျမ်းညွှန်း တရားပလ္လင်ခံ .... ၆၇
(ခ) ဘုရားရှိခိုး .... ၆၈
(ဂ) ဘုရားရှိခိုးရခြင်းရဲ့ အကျိုး .... ၇၀
(ဃ) ကောသလမေး ဘုရားဖြေ .... ၇၂
(င) ဆင်ခြေရာ ဥပမာ .... ၇၇
(စ) အပ္ပမာဒ ဥပမေယျ .... ၇၈
(ဆ) အထွဋ်တင် ဂါထာများ .... ၇၉
(ဇ) လက်တွေ့ တရားအားထုတ်နည်း .... ၈၅
(ဈ) တရားသိမ်း .... ၈၆

## မာတိကာ


၄။ ဗဟုဓိတရသုတ်
(သမီးများတဲ့ပုဏ္ဏားကြီး တရားတော်)

(က) ကျမ်းညွှန်း တရားပလ္လင်ခံ
(ခ) တရားအမည်
(ဂ) တောက်တီးတောက်တဲ့ စကားပုံ
(ဃ) တရား နိဒါန်း
(င) ပုဏ္ဏားကြီးရဲ့ ခံစားရချက်များ
(စ) မြတ်စွာဘုရားရဲ့ တရားဒေသနာ
(ဆ) ရှင်ရဟန်းအဖြစ် တောင်းပန်
(ဇ) တရားအားထုတ် ရဟန္တာဖြစ်
(ဈ) လက်တွေ့တရားအားထုတ်နည်း
(ည) တရားသိမ်း

၅။ အယျိကာသုတ်
(အဖွားအသုဘ တရားတော်)

(က) ကျမ်းညွှန်း တရားပလ္လင်ခံ
(ခ) ရှောင်ခြည်တော်ဖွင့်
(ဂ) ဘုရားနဲ့ ကောသလ
(ဃ) အဖွားအသုဘ
(င) ချစ်မြတ်နိုးပုံ
(စ) သတ္တဝါမှန်သမျှ သေရတယ်
(ဆ) မကြားစဖူး တရားဦးအသစ်
(ဇ) ဥပမာနဲ့ ဥပမေယျ
(ဈ) ဂါထာတရား
(ည) လက်တွေ့ တရားအားထုတ်နည်း
(ဋ) တရားသိမ်း

မာတိကာ


၆။ သားစားရှောင်ကြဉ်ရေး တရားတော် .... ၁၅၅

(က) ကျမ်းညွှန်း တရားပလ္လင်ခံ .... ၁၅၅
(ခ) မြတ်ဘုရား သားစားအားမပေး .... ၁၅၇
(ဂ) ရောင်းသူ ဝယ်သူ အတူတူ .... ၁၆၃
(ဃ) သားစားအားပေး ပုံပြင်များ .... ၁၆၆
(င) နွားသတ်သမား .... ၁၆၉
(စ) အမိန့်တော်များ .... ၁၇၂
(ဆ) ဆိုးပါးလှတဲ့ ရသတဏှာ .... ၁၇၇
(ဇ) စားနေကျမို့ စားချင်တာ .... ၁၇၉
(ဈ) မိဖပမာ နွားသတ္တဝါ .... ၁၈၃
(ည) လောကနီတိ အဆုံးအမ .... ၁၈၆
(ဋ) လယ်တီဆရာတော်ဘုရားရဲ့ မိန့်ခွန်းတော် .... ၁၈၉
(ဌ) အသားစားခြင်းရဲ့ အပြစ်များ .... ၁၉၂
(ဍ) လူဟာ အသားစားမျိုး ဟုတ် မဟုတ် .... ၁၉၅
(ဎ) သားစားရှောင်ကြဉ် ရောဂါစင် .... ၂၀၂
(ဏ) ရောဂါတွေပွား အသားစား .... ၂၀၅
(တ) အသားနဲ့ တရား .... ၂၀၉
(ထ) မေတ္တာတရား ပွားများကြပါ .... ၂၁၂
(ဒ) ဆင်းရဲဘေးကင်း ကြောင့်ကြရှင်း မေတ္တာပို့ .... ၂၁၄
(ဓ) မဟာစည် ဆရာတော်ဘုရားကြီး ထံမှစာ .... ၂၁၆

၇။ ဒုလ္လဘလေးပါး တရားတော် .... ၂၁၉

(က) ဒုလ္လဘလေးပါး တရားဂါထာ .... ၂၁၉
(ခ) လူဖြစ်ဖို့ရာ ခဲယဉ်းတယ် .... ၂၂၁
(ဂ) အသက်ရှည်ဖို့ရာ ခဲယဉ်းတယ် .... ၂၂၈
(ဃ) တရားနာဖို့ရာ ခဲယဉ်းတယ် .... ၂၃၂

မာတိကာ


(င) ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ် .... ၂၃၇
(စ) ဘုရားဖြစ်ရန် ဆုတောင်းပန် .... ၂၃၈
(ဆ) နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး .... ၂၄၃
(ဇ) တရားနိဂုံးချုပ် .... ၂၅၄
(ဈ) သတိပေး တိုက်တွန်း လင်္ကာ .... ၂၅၅
(ည) တရားသိမ်း .... ၂၅၆

၈။ အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်တရားတော်.... ၂၅၉

(က) သောတာပတ္တိဖိုလ်ချမ်းသာ .... ၂၅၉
(ခ) တော်တော်ပျင်းတဲ့ မောင်ကာလ .... ၂၆၂
(ဂ) ဆုံးမဖို့ရာ နည်းလမ်းရှာ .... ၂၆၆
(ဃ) ငွေတရာပေးပြီး ဥပုသ်စောင့်ခိုင်း .... ၂၆၈
(င) ငွေတထောင်ပေးပြီး တရားနာခိုင်း .... ၂၇၀
(စ) ငွေတထောင် မလိုချင်တော့ဘူး .... ၂၇၃
(ဆ) သူဌေးကြီးနဲ့ မြတ်စွာဘုရား .... ၂၇၅
(ဇ) အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်တရား .... ၂၇၈
(ဈ) ဒေသနာတော်ရဲ့အကျိုး .... ၂၈၀
(ည) အရိယာပုဂ္ဂိုလ် အပါးတရာ .... ၂၈၁
(ဋ) လက်တွေ့တရားအားထုတ်နည်း .... ၂၈၇
(ဌ) တရားသိမ်း .... ၂၉၂

၉။ မိုးပေါက်ပမာ တရားတော် .... ၂၉၃

(က) တရားကျေညာချက် .... ၂၉၃
(ခ) မိုးပေါက်တူစွာ ဥပမာ .... ၂၉၄
(ဂ) ပုဂ္ဂိုလ်လေးမျိုး အကျိုးရပုံ .... ၂၉၇
(ဃ) ဒါနဝေယျာဝစ္စကပုဂ္ဂိုလ် .... ၃၀၆

(င) ကြောင်ခြေထောက် သူဌေးကြီး .... ၃၁၀
(စ) မိုးပေါက်ပမာ တရားဂါထာ .... ၃၂၂
(ဆ) အရိယာဖြစ်လို သတိပဋ္ဌာန်ကျင့် .... ၃၂၄
(ဇ) လက်တွေ့ တရားအားထုတ်နည်း .... ၃၂၈
(ဈ) မေတ္တာပို့ .... ၃၃၂
(ည) အပ္ပမာဒ တရားသိမ်း .... ၃၃၄

## ရွှေစည် တရားတော်များ နောက်ဆက်တွဲ

၁။ ရွှေစည်ဆုပေးများ .... ၃၃၈

(က) မင်္ဂလာ ဆုပေး .... ၃၃၈
(ခ) အပြစ်ကြေ ဆုပေး .... ၃၃၉
(ဂ) သတိပဋ္ဌာန် ဆုပေး .... ၃၄၁
(ဃ) လိုရာရ ဆုပေး .... ၃၄၂
(င) လိုရာရ ဆုပေးတမျိုး .... ၃၄၃

၂။ သီလနိဂုံးချုပ်များ .... ၃၄၄

(က) ငါးပါးသီလ နိဂုံးချုပ် .... ၃၄၄
(ခ) ရှစ်ပါးသီလ နိဂုံးချုပ် .... ၃၄၅

၃။ သီလပွဲရေစက်ချ .... ၃၄၇

(က) သီလအကျိုးပြ .... ၃၄၇
(ခ) ဒါန ကုသိုလ် .... ၃၄၉
(ဂ) ဆုတောင်း .... ၃၄၉
(ဃ) အမျှဝေ .... ၃၅၀

# မာတိကာ


**တရားတောင်းများ** ....

သတိပဋ္ဌာန် တရားတောင်း ....
သတိပဋ္ဌာန် စည်တော်သံ တရားတောင်း ....
အလင်းရောင် တရားတောင်း ....
အပါယ်ကင်းဝေး တရားတောင်း ....
မိးငြိမ်း တရားတောင်း ....


ဤတွင်

[ရွှေစည်တရားတော်များ မာတိကာ ပြီး၏။]

# နိဒါန်း

ဘဝတု သဗ္ဗ မင်္ဂလံ

အိန္ဒိယပြည်နှင့် သီရိလင်္ကာနိုင်ငံတို့ကို နေ့ချင်းပြန်ဘုရားဖူးပို့ပေးတော်မူသော ရွှေစည်ဆရာတော်၏ ကျေးဇူးကို တအောက်မေ့မေ့သတိရနေစဉ် စာမူတခု ကျွန်ုပ်တို့ လက်ဝယ်ရောက်လာပါသည်။ စာမူကို လက်ဆင့်ကမ်းလှမ်းသူမှာ သခင်ခင်ညွန့်ဖြစ်၍စာမူရှင်မှာ ရွှေစည်ဆရာတော်ဖြစ်သောကြောင့် တအောက်မေ့မေ့ သတိရ နေသော ကျွန်ုပ်တို့၏ အာသာကို ဖြည့်တင်း ပေးလိုက်သလို ရှိပါတော့သည်။

## ရွှေစည် ဓမ္မသဘင်

ငါ့ကို ရွှေစည်ဆရာတော်က ဒီတခါ ဘယ်ကိုများပို့ဦးမလို့ပါလိမ့်-ဟုတွေးရင်း စာမူကို လက်ခံလိုက်ပါ၏။ အမှာစာတော့ပါမလာ၊ သခင်ခင်ညွန့်၏ နှုတ်ဖြင့် "ဆရာအားနိဒါန်းရေးစေပြီး ကျွန်တော်က ထုတ်ဝေဘို့ပေးလိုက်တဲ့ စာမူပါ" ဟု ပြောစကားသည်ပင် အမှာစာဖြစ်ကြောင်းသိရပါသည်။

စာမူကို လက်အုပ်ချီပြီး ဖွင့်လိုက်လျှင်ပင် ကနဦး စာမျက်နှာ၌ "ရွှေစည်ဓမ္မသဘင် ဟူသော ခေါင်းစီး တပ်ထားသည့် ကဗျာတပုဒ်ကို ဖတ်ရပါ၏။ လယ်တီ ဦးကောဝိဒ တို့၏ အသိုင်းအဝိုင်း ထဲမှာ စာပေ၌ ယဉ်ပါး လာခဲ့သော လယ်တီ တိုက်ထွက် ကိုယ်တော် ကလေး ဖြစ်သေတော့ ကိုယ်တော်ရဲ့စာပေက ကဗျာ လင်္ကာတွေဟာ ရှင်မတောင်သနပ်ခါးတုံးကလေးတွေလို အနုပညာဆန်ဆန်ယဉ်ယဉ်နဲ့မွှေးနေကြိုင်နေပါတကား" ဟု နှလုံးသားထဲမှအသံတိတ်ပြောမိပါသည်။

## ကဗျာ့ပန်းခိုင်များ

ယင်း ကဗျာကို ဖတ်ပြီးသည်နှင့် တပြိုင်နက် ရှေ့ စာတမျက်နှာကို မလှန်အားသေးဘဲ တခါက ရွှေစည် ဆရာတော် ပြုစုခဲ့သည့် "တဆူးပန်းခိုင်များ" စာအုပ် ထဲမှ ကဗျာကလေးများကို ပြန်လည် သတိရလာပြန် သောကြောင့် နှလုံးသား၌ငြိကပ်နေသောကဗျာကလေး များ၏ မွှေးရနံ့တို့က ပြန်လည်သင်းပျံ့ လာပြန်ပါတော့ သည်။

## ခေတ်သစ် သင်ပုန်းကြီး

ရွှေစည်ဆရာတော်မှာ စာပေလောက၌ ငယ်ငယ် ရွယ်ရွယ်ကတည်းကပင် ခြေဆန့်လာခဲ့သောကလောင်ရှင် တဦးဖြစ်သည့်အလျောက် စိတ်ထဲ၌ ရေးစရာ တွေ့လာ ကြုံလာလျှင်လက်မနှေးတတ်၊အကြွေးမထားပဲ ရေးတတ် သည်ကို ကိုယ်တော်ကလေး၏ "လယ်တီ အရှင်ကုလိသ" အမည်ဖြင့် စာစောင်အမျိုးမျိုးတို့၌ရေးခဲ့သော ဆောင်း ပါးတို့က သာဓကအဖြစ် ပြလျက်ရှိပါပြီ။ ရင်ခွင်ပိုက်

ကလေးများကိုသင်ပေးရသော သူငယ်တန်းသင်ပုန်းကြီး စာအုပ်ကို ရေးနှိပ်ထုတ်ဝေခဲ့ဘူးသည်ကို ပြန်လည်သတိရရင်း ရွှေသို့ စာတမျက်နှာ လှန်လိုက်သော အခါ မာတိကာစဉ်ကို တွေ့ရပါသည်။

## ရွှေစည် တရားတော်များ မာတိကာ

"ရွှေစည်တရားတော်များ မာတိကာ"တဲ့စာလုံးရေ ကိုးလုံးရှိပါသည်။ယင်းခေါင်းစီး၏ အောက်၌ ဂဏန်းမထိုးပဲထားသော နိဒါန်း၊တရားမွန်၊အမှာဦးနှင့် တရားအဖွင့်တို့ကို ဖတ်ရပြီးနောက် ဂဏန်းထိုး ထားသော တရားတော်တို့၏ မာတိကာကိုဖတ်ရပါသည်။ အားလုံး ကိုးပုဒ်ရှိပါ၏။ "နဝင်းကြိုက် အရှင်မြတ်ပေလား"ဟု တွေးမိပါ၏။ ယင်း တရား ကိုးပုဒ်ပြီးလျှင် "ရွှေစည် တရားတော်များ"စာအုပ်ပထမတွဲအပြီးသတ်ပြီးနောက် ဆုတောင်းများကို နောက်ဆက်တွဲ အဖြစ် ထည့်ထား လေသည်။

## တရားမွန်

နိဒါန်းကို ကျွန်ုပ်တို့က ရေးထည့်ရမည် ဖြစ်ပါ၏။ မာတိကာပြီးသည်နှင့် တပြိုင်နက် "တရားမွန်"စာမူကို တွေ့ရပါ၏။တရားမွန်ကို တကြောင်း နှစ်ကြောင်း ဖတ်လိုက်ရလျှင် လေ့ကျက်မိပြီးသား စာသွား ဖြစ်သော ကြောင့် ဝက်လက်ဆရာတော်၏လက်ရာ "တရားမွန်" ပါတကားဟု စိတ်ဝင်စားစွာပြုံးမိပါ၏။

ဝက်လက်ဆရာတော်၏ ဆောင်းပါးတို့ကို ဗုဒ္ဓဓမ္မလောက ဓမ္မဗျူဟာ စသည်တို့၌ ဖတ်ကြရသော စာဖတ်ပရိသတ်တို့က အသိများကြ၏။ဆရာတော်က ဦးပဥ္စင်း

ငယ်လေးတပါး ရေးသလိုထင်ရအောင် ရည်ရွယ်လေသလားမသိ၊ ကလောင်အမည်ကို ''ဝက်လက်မစိုးရိမ်ဦးတိဿ''ဟု တပ်ထား၏။တနေ့သော် ဗုဒ္ဓမမ္မလောက မွေဗျူဟာ သင့်ဘ၁ စသည်တို့၌ သာသနာရေးဆောင်းပါးကိုကိုရေးနေသော ဓမ္မဃောသက ဦးမောင်မောင်က ''ဝက်လက်မစိုးရိမ်ဦးတိဿ''ဆောင်းပါးတွေကို မကြာမကြာ ဖတ်ရတယ်၊ ဒီကိုယ်တော်ကို တွေ့ချင်ဇမ်းပါဘိတော့တယ်၊ အရေးအသားပြတ်သားတယ်၊ ကြုံတဲ့အခါပြစမ်းပါ၊ဒီကိုယ်တော်လေးရဲ့စာတွေက ရသဂုဏ်မြောက်တာကိုး၊ အဆင့်အတန်းလဲမြင့်တယ် စသည်ဖြင့် တသီတတန်းကြီးဂုဏ်ပြုပြောနေစဉ် ကျွန်ုပ်တို့က အသံထွက်ရှိတမယ်လောက် အလိုအထိ သွားမြဲပြီး ပြုံးလိုက်သဖြင့် ဦးမောင်မောင်သည် သူ၏စကားကို လိုင်းပြောင်းလိုက်ပြီး''ဘယ်လိုတုန်းဗျာ့ရဟန်းငယ်တပါးမဟုတ်ဘူးလား'' ဟုမေးပြန်၏။ ''ကြီးပါပြီဗျာ''ဟု ဖြေတော့မှ ''အိုးကျွန်တော်က ပဉ္စင်းငယ် တပါး အောက်မေ့လို့ ဒီကိုယ်တော်ကလေး စာတွေဖတ်ရတော့ အလားအလာရှိတဲ့ ကိုယ်တော်ကလေးပဲလို့ ပြောမလို့ဗျာ''ဟု ဆိုပြန်ပါသည်။

တခါကလဲ ဝက်လက်ဦးတိဿကိုပြစမ်းပါဟု အမျိုးသမီးတယောက်ကမေးလာ၍ ''ဟောဟို ဆွမ်းဝိုင်းဆိပ်မှာဘဉ်းပေးနေတဲ့ကိုယ်တော်ပဲ''ဟု ညွှန်ပြလိုက်ရာ ''အိုးဝါတော်ခြောက်ဆယ်နီးပါး ကိုယ်တော်ကြီး ပါလား'' ဟု ဂုဏ်ပြုရင်း ဦးချ ကန်တော့ သွားပါသည်။

ဝက်လက်ဆရာတော်ကား စာပေလောက၌ထင်ရှားခဲ့သော ငါးခုံဆရာတော်ကြီးနှင့်တူပါ၏၊ ဝက်လက်ဆရာတော် ပြောလေ့ရှိသောစကားမှာ ''ဘုန်းကြီးက တရား

မဟောတတ်ပါဘူး''ဖြစ်၏။ သို့ပါသော်လည်း ခေါင်းမြီးခြုံ၍တမျိုး ခေါင်းဖော်၍ တဖုံ ထွက်ခဲ့သော တရားစာအုပ်တို့ကား မနည်းလှပါ။

ငါးခုံဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ဘုန်းက ငါးခုံရွာ၌ အလှူအတန်းပေါ်ချိန် ကဆုန် နယုန်လတို့ကိုရောက်သောအခါ မလှမ်းမကမ်းရွာတရွာမှ ဦးသုန္ဒရကိုယ်တော်တပါး ရောက်လာတတ်ပြီး တရားဟော၍ကန်တော့ပွဲတို့ကို သိမ်းယူလေ့ရှိပါသတဲ့။ ထိုအခါ ငါးခုံရွာသားတို့ကမကျေနပ်ကြ။ ငါးခုံဆရာတော်ကြီးအားတရားဟောဘို့ရာ တိုက်တွန်းကြသတဲ့။ တရားမဟောတတ်။ စာကိုသာတကုတ်ကုတ်ရေးလေ့ရှိသော ငါးခုံဆရာတော်ကြီးက သူ၏ဒါယကာတို့ကို အောက်ပါစာချိုးဖြင့်မိန့်တော်မူလိုက်ပါသတဲ့။

''ကဆုန်နယုန်၊ ရွာငါးခုံ၊ သုန်ရောက်လို့လာလတ္တံ့၊
ယင်းသည့်သုံးနှုန်၊ ကြက်စာကုန်၊ ကဆုန်ပေါက်လို့ပြေးလတ္တံ့''။ ။

ထို့အတူပင် ဝက်လက် ဆရာတော်သည်လဲ တရားမဟောတတ်ပါဘူး ဆိုပေမဲ့ လောကနိဗ္ဗာန်၊ မဟာဂုရုတနာ၊နိဗ္ဗာန်ဟူသည်၊ဒုက္ခရေးရာ စသော ကျမ်းပေါင်းများစွာတို့ကိုရေးသားပြုစုတော်မူခဲ့သောမဟာထေရ်ကြီးတပါးဖြစ်ပါသည်။ ထို့ကြောင့်ပင် ရွှေစည်ဆရာတော်က ဝက်လက်ဆရာတော်မစိုးရိမ်ဦးတိဿကို သူ၏စာအုပ်ကို ထင်မြင်ချက်အရေးခိုင်းခြင်းဖြစ်ပါသည်။

## ရွှေစည်ဆရာတော် ထေရုပ္ပတ်

ဝက်လက်ဆရာတော်က "နှယ်နှယ်မဟုတ် ဟူသော ခေါင်းစည်းဖြင့် ရွှေစည်ဆရာတော်၏ ထေရုပ္ပတ်ကို စကားလုံးနည်းနည်းဖြင့် ခြုံမိအောင် ရေးသည်သာမက စာအုပ်ကို "ကောင်းပါပေသည်"ဟု အထူးပြောကာ အမှန်းတင်နေစရာလိုမည်မထင်။ စာဖတ်ပရိသတ်တို့ကိုယ်တိုင် ဖတ်ရှုနားကြားခြင်းဖြင့် ကောင်း မကောင်းဆုံးဖြတ်နိုင်ရန်အခွင့်ရှိသည်"ဟု မျက်နှာလွှဲပြီးမှ တဖန် ကိုယ်တော်တိုင်ကြိုက်နေပြီဖြစ်သော အမှတ် ၇ ဒုလ္လဘ လေးပါး တရားတော်နှင့် အမှတ် ၆ အသားစားရှောင်ကြဉ်ရေး တရားတော်နှစ်ပုဒ်ကို ကော်ဘုတ်ပြီး ဒီနှစ်ပုဒ်ကို ကြည့်ရှုပြီးမှ ဆုံးဖြတ်ချက်ချပါဟု ရေးခဲ့ပါလေသည်။

ကျွန်ုပ်တို့သည်ပင် ဝက်လက် ဆရာတော်၏ ဝေဖန်သလိုလို ဂုဏ်ပြုသလိုလိုနှင့် ရသာစုံ ဟင်းလေးအိုးထဲမှ အကောင်းဆုံး အရသာနှစ်ခုကို ကော်ထုတ်ပြသွားသောကြောင့် မျက်မှောက်ရှိ စာပိုဒ်တို့ကို ကျော်လွှားကာ သားစား ရှောင်ကြဉ်ရေး တရားတော်၏ အရသာကို ဦးစွာခံစားလိုက်မိပါတော့၏။ အသားမစားလိုသူ တဦး မိုပါဟု ဆိုချင်ဆို မြိန်ရည်ရှက်ရည် ရှိလှပါဘိသည်။

### အမှာဦး

"တရားမွန်"ပြီးသည့်နောက်အမှာဦးကိုဖတ်ရပါ၏။ အမှာဦးကို ရွှေစည်ဆရာတော်ကိုယ်တိုင် ရေးထား၏။ ဤ အမှာဦး တခုတည်းကပင် အဖိုးတန်လှ ပါ၏။ အကြောင်းကား တရားဟောခမ္မကထိကတို့နှင့် စာပြုတို့ နည်းယူရန် ဖြစ်သောကြောင့်ပင်။

ရွှေစည်ဆရာတော်သည်ပိဋကတ်သုံးသွယ် ပါဠိတော် အဋ္ဌကထာ ဋီကာ တို့ကို ကြည့်ရှုနိုင်ကျက်စားနိုင်စွမ်းရှိပြီး ဖြစ်သောကြောင့် ဟောလိုသည့် တရားကို နည်းယူရန် ဒေ့ရှတိဂုံ၊အိမ်တော်ရာ၊မဟာမုနိ ဘုရားကြီး တဝိုက်တို့သို့ သွားရောက်ရန်မလိုတော့ပဲ ကိုယ့်ဉာဏ် ကိုယ်ဉာဏ်စွမ်း အားဖြင့်ပိဋကတ်ပင်လယ်မဟာသမုဒ္ဒရာတွင်းရှိ အမြုတေ ရတနာတို့ကို ကြိုက်သလို အရောင်တင်သီကုံးကာ တရား ဘထုံးတဖွဲ့ပြုလုပ်၍ တရားနာသူရိသတ်အား ဟောနိုင်စွမ်း ရှိသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ သို့ဖြစ်သည့်အလျောက် အကြိမ်ကြိမ်ဟောကြားပြီးမှုပရိသတ်လေးပါး လက်ခံပြီး သော တရားတို့ကိုသာ စာအုပ်အဖြစ်ထုတ်ဝေခဲ့ကြောင်း ဖော်ပြ ထားပါ၏။ ဤနည်းမှာ အကောင်းဆုံးသော နည်းဖြစ်၍ ယင်းအဘိုးတန်နည်းကိုပင် ဖော်ညွှန်းပြထား လေသည်။

ကျွန်ုပ်တို့သည် အိန္ဒိယနှင့် သီရိလင်္ကာတို့သို့ ဘုရားဖူး သွားလိုသောဆန္ဒ ပြင်းပြခဲ့သည်မှာ နှစ်အတော်ကြာခဲ့ ပါပြီ။ အကြောင်းအမျိုးမျိုးတို့ မညီညွတ်ခဲ့သောကြောင့် မသွား ဖြစ်ခဲ့ပါ။ လွန်ခဲ့သော ပြာသို လဆန်းစကမှ ရွှေစည်ဆရာတော် အရှင်ကုလိသ မှတ်တမ်း တင်သည့် "အိန္ဒိယ သီဟိဠ် ဘုရားဖူးသွား မှတ်တမ်း"ကိုဖတ်ရမှပင် ဤနိဒါန်းအစ၌ ဖော်ပြ ခဲ့သည့်အတိုင်း နေ့ချင်းပြန် ဘုရားဖူး ရောက်ခဲ့ပြီးဖြစ်သောကြောင့် ရွှေစည်ဆရာ တော်အား တအောက်မေ့မေ့ သတိရကျေးဇူးတင်နေစဉ် ဤမည်သော ရွှေစည်တရားတော်များ စာမူကိုဖတ်ရ၍ ဝမ်းမြောက်ရွှင်လန်းရပြန်ပါသည်။

ရွှေစည်ဆရာတော်ကား ပိဋကတ် ကျမ်းစာတို့ကိုလဲ တတ်ကျွမ်းပြန် အဂ္ဂမဟာပဏ္ဍိတ ရွှေစည်ဆရာတော်

ဘုရား အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးတို့၏ နည်းဥပနိဿယဖြင့် ပဋိပတ္တိသာသနာဝန်ကို ထမ်းဆောင်နေသောပုဂ္ဂိုလ် ဖြစ်ပြန်သည့်အပြင် မဟာစည်နယ်လှည့် ပဋိပတ္တိသာသနာပြု မေဃကထိကအဖွဲ့အတွင်း ရေးမှူးလဲ ဖြစ်ပြန်သောကြောင့် ကျွမ်းကျင်သော ပန်းတိမ်သည်၏ လက်ရာကောင်း နဝရတ်လည်ဆွဲ ကဲ့သို့ပင် စကား အပိုအလိုမရှိ ပိဋကတ်ကျမ်းလာ ဒေသနာနှင့် ညီညွတ်စွာ ပြုစုထားသော ဤရွှေစည်တရားတော်များ စာအုပ်၏ နိဒါန်းကိုလဲ ရေးခွင့်ရသောကြောင့် ကျွန်ုပ်အဖို့ကား အကောင်းဆုံးသောလာဘ်ကိုရသော မင်္ဂလာနေ့ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

"မင်္ဂလာပါ ခင်ဗျား"

၁၃၃၀-ခု၊ တပို့တွဲလဆန်း ၃-ရက်။ မင်္ဂလာအောင်မြင့်

ဗုဒ္ဓမမွလောကအယ်ဒီတာ

၅/၆၊ စိန်မေတ္တာလမ်း၊ ဟာမစ်တိတ်၊

ရန်ကုန်

# တရားမွန်

## ထင်မြင်ချက် ရေးပေးပါတဲ့

သူနှင့် အကျွမ်းတဝင် ဖြစ်လျက်ရှိသော မိမိအား အရှင်ကုလိသက သူ့တရားစာကို ထင်မြင်ချက် ရေးပေးရန် တိုက်တွန်းလေသည်။ ဟောတရားမှ စာအုပ် အဖြစ် ရောက်နေသော သူ၏စာမူကိုလဲ ကြည့်ရှုရန် တခါထဲ ပေးအပ်လိုက်၏။ မှာထားလိုက်သေးသည်ကား "နိဒါန်း ရေးရန်မဟုတ်၊ ထင်မြင်ချက် ရေးပေးဖို့ပါ"တဲ့။

ပေးအပ်လိုက်သော စာမူ စာသားကို မကြည့်မီ စာမူမျက်နှာဖုံးကို ကြည့်လိုက်ရာ "ရွှေစည်တရားတော်များ (ပထမတွဲ) ရွှေစည်ဆရာတော် လယ်တီ အရှင်ကုလိသ"ဟူ၍ တရားအမည်နှင့် ဟောကြား ရေးသားသူ၏ အမည်ကို ဖော်ပြထားပေသည်။ ဤကုင် ရွှေစည်က နှစ်ချက်ပါရှိပြီး လယ်တီကလည်း ပါရှိလိုက်သေးသည်။ သူမြတ်နိုးသော လယ်တီဂုဏ်ထူးကို ထည့်လိုက်ချင်သေးသည်မှာ ထင်ရှား၏။

# (ည)

## နှယ်နှယ်မဟုတ်

ရွှေစေတီဆရာတော်ဘုရားကြီးကို လူကဲခပ်ကောင်းသော ဆရာတော်ဘုရားကြီးဟုဆိုရပေမည်။ အကြောင်းကို ဆိုရသော် နှယ်နှယ် မဟုတ်သော အရှင်ကုလိသကို ရွှေဇည်ဆရာတော် အဖြစ် ရောက်အောင် မြှောက်တင်ပေးတော် မူခဲ့သောကြောင့် ဖြစ်လေသည်၊ မြှောက်တင်ပေးပုံကား ဤသို့ဖြစ်၏။ အရှင်ကုလိသသည် ပင်ကိုယ်ဗီဇက အပြောကောင်းဖြစ်သည်တွင် လယ်တီတိုက်ထွက်ဖြစ် ရာ၌ အကောင်းကို အရောင်တင်ပေးသည်နှယ် အပြောကောင်းရုံသာမက အဟောကောင်း၊ အရေးကောင်းလဲ ဖြစ်လာခဲ့သည်၊ ငယ်ငယ်ရွယ်ရွယ်က ဤသို့အညွန့်တလူလူ တက်လာသော အရှင်ကုလိသကလေးကို မသိန်းမသိမ်းဘဲ ပစ်ထားလျှင် ပျက်စီးချင်လဲ ပျက်စီးသွားနိုင်သောအရွယ် ဖြစ်နေသည်။ ဤသည်ကို လူကဲခပ်မိသော ရွှေစေတီ ဆရာတော်ဘုရားကြီးက ဆိပ်ခွန်မဟာစည် သာသနာ့ရိပ်သာသို့ ခေါ်ယူပြီး ဝိပဿနာတရားကို အားထုတ်နိုင်းလေတော့သည်။ တရား အားထုတ်ပြီးသည်တိုင်အောင်ဲ အရှင်ကုလိသကို ပစ်မထားဘဲ ရွှေစေတီဆရာတော်ဘုရားကြီးက အရှင်ကုလိသအား တရားဟောခိုင်းတော်မူခဲ့၏။ ဤမျှသာမက မန္တလေး စိန်ပန်း ရတနာပုံ သာသနာ့ရိပ်သာသို့ ကြွ၍ ဝိပဿနာတရားဟောပြောပြသရာ၌ပဲ ဆရာတော် ဘုရားကြီးက အရှင်ကုလိသကို တပါတည်း ခေါ်တော်မူပြီးလျှင် လက်ထောက်ဓမ္မကထိကအဖြစ် အဟောခိုင်းထားလိုက်သည်။ ရွှေစေတီဆရာတော်ဘုရားက လူကဲကိုကြည့်၍ ဤသို့ထိန်းသိမ်းစောင့်ရှောက်တော် မူခဲ့ခြင်းဖြင့် ယခုသော်

မန္တလေး ရွှေစည်သာသနာ့ရိပ်သာ ရွှေစည်ဆရာတော်ကလေးအဖြစ် ထင်ရှား ကျော်စောနေရုံသာ မက မဟာစည် နယ်လှည့်ပဋိပတ္တိသာသနာပြု ဓမ္မကထိကအဖွဲ့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နိုင်သည် အထိ အခရေး ပါအရာရောက်နေလေတော့သည်။

## ရွှေစည်တရားတော်များ

ထင်ရှား ကျော်စောသော မဟာစည် နယ်လှည့် ပဋိပတ္တိ သာသနာပြုဓမ္မကထိကအဖွဲ့ အတွင်းရေးမှူးချုပ် အဖြစ်သို့ ရောက်မှ ဤတရားစာအုပ် ထွက်ပေါ်လာခဲ့သည်။ သူဟောထားသော ဤတရားများကို စုပေါင်းလျက် "ရွှေစည်တရားတော်များ"ဟူသော အမည်ဖြင့် ပေါ်ထွက်လာခဲ့ရာ မိမိက'ကောင်းပါပေသည်'ဟု အထူးပြောပြကာ အမွှန်းတင်နေစရာ လိုမည်မထင်။ စာဖတ်ပရိသတ်တို့ကိုယ်တိုင် ဖတ်ရှုနာကြားခြင်းဖြင့် ကောင်းမကောင်း ဆုံးဖြတ်နိုင်ရန် အခွင့် ရှိသည်ဟု သဘောရထင်မြင်ကြောင်း ဖော်ပြလိုက်ရပေသည်။ ဆုံးဖြတ်ချက်ပေးလျှင်မူကား ဒုလ္လဘလေးပါးဘုရားတော်တွင် ဂါထာတပုဒ်ကို အရင်းတည်ပြုပြီး တရား တထုံးတဖွဲ့ဖြစ်အောင်ဖန်တီးထားပုံနှင့် သားခွား ရှောင်ကြဉ်ရေး တရားတော်တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင်ကပင်လျှင် ချီးကျူးဘော်မူထားသည်ကို ကြည့်ရှုပြီးမှ ဆုံးဖြတ်ချက်ပေးပါဟု ထပ်မံဖော်ပြလိုက်ရပေသတည်း။

၁၃၃၈ ခု၊ ဝက်လက် မစိုးရိမ်ဦးတိဿ
နတ်တော်လဆန်း(၁၃)ရက်

# အမှာဦး

## တရားဟောပုံ

စာရှုပရိသတ်ကို အဦးဆုံးသိစေလိုတာကတော့ ဘုန်းကြီးရဲ့ တရားဟောပုံ၊တရားစာရေးပုံ၊တရားစာအုပ် ဖြစ်ပေါ်လာပုံနဲ့ ရေးရကျိုးနပ်ပီလို့ဆိုတဲ့ ဒီအစီအစဉ်လေးမျိုးကို ရှေးဦးစွာ သိစေလိုတာပါပဲ။

ဘုန်းကြီးဟာ တရားဟောမယ့်ကြံယင် ရှေးဦးစွာ ကိုယ်ကြိုက်နှစ်သက်တဲ့ တရားကွက်ကို ပါဠိတော်ကြေ ထဲမှာ မွှေနှောက်ပီး ရှာဖွေပါတယ်။ကိုယ်ကြိုက်နှစ်သက်တဲ့ တရားကွက်ကို တွေ့ပီဆိုယင် သူ့ရဲ့ အဖွင့်ဖြစ်တဲ့ အဋ္ဌကထာတို့၊ ဋီကာတို့ကို ကြည့်ရှုပါတယ်။ နောက် သင့်လျော်အောင် ဥာဏ်စွမ်းထုတ်ပီး အနက် မြန်မာ ပြန်ဆိုပါတယ်။အဲဒီက နောက်တော့မှ ပါဠိတော်၊အဖွင့် အဋ္ဌကထာ ဋီကာများနဲ့ အနက်မြန်မာပြန်ဆိုချက်များကို ကျေပွန်အောင်လေ့လာပါတယ်၊ အဲဒါတွေ ကျေပွန်ပီ ဆိုတော့မှ သက်ဆိုင်ရာ ဗဟုသုတများ သွတ်သွင်းပီး

အကြမ်းမျဉ်း တခါတည်း ဟောကြည့်လိုက်ပါသေးတယ်။ ပြီးတော့မှ ခမ္မာသနပလ္လင်ပေါ် တက်ပြီး ကျကြအောင် ဟောပါတော့တယ်။ ဒါဟာ ဘုန်းကြီးရဲ့တရားဟောပုံ အစဉ်အလာပါပဲ။

## တရားစာရေးပုံ

အဲဒီ တရားဟောပုံ အစဉ်အလာအတိုင်း အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် ဟောပြီးတော့ တော်တော် ကြေနပ်လောက်တဲ့ အခါမှ စာရွက်ပေါ် ကလောင်တင်ပြီး တရားစာ ရေးပါတယ်။ အဲဒီ တရားစာဟာ မူကြမ်းပါပဲ။ ဒီမူကြမ်းကိုမှ အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ်ပြုပြင်ပြီး မူချောဖြစ်အောင် မွန်းမံလိုက်ပါတယ်။ အဲဒါဟာ ဘုန်းကြီးရဲ့ တရားစာရေးပုံပါပဲ။

## တရားစာအုပ်ဖြစ်မြောက်လာပုံ

အဲဒီ ရေးပုံအတိုင်း ရေးပြီးလို့ အတော်ကလေး ကြေနပ်လောက်တဲ့ အခါမှာ စာပေ ပညာရှင်များနဲ့ တရားပညာရှင်များကို တင်ပြပါတယ်။ ပြီးတော့ ထင်မြင်ချက်ကိုလဲ တောင်းခံပါတယ်။ စာပေပညာရှင်များနဲ့ တရားပညာရှင်များက သင့်လျော်ပါတယ်လို့ ထောက်ခံချက်ရတဲ့ အခါကျတော့မှ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေဖို့ အောင်မြင်အောင် စီမံဆောင်ရွက်ပါတော့တယ်။ ဒီပုံဒီပန်းအတိုင်း ဒီစာအုပ် ဖြစ်မြောက်လာတာပါပဲ။

## ရေးရကျိုးနပ်ပုံ

ဒီစာအုပ်ကိုဖတ်ရှုမိသူတို့က စိတ်ပါလက်ပါ နှစ်သက်မြတ်နိုးကြမယ် ဆိုယင် ဘုန်းကြီးအဖို့ ဒီစာအုပ်ကို

အပင်ပန်းခံပြီး ရေးသားပြုစုရကျိုး၊ ပြီးတော့ ဒီစာအုပ်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ရကျိုး နှပ်ပီလို့ ဝမ်းမြောက် ဝမ်းသာ အောက်မေ့ မှတ်ထင်လိုက်ပါတော့မယ်။

၁၃၃၇ ခု၊ လယ်တီအရှင်ကုလိသ

သီတင်းကျွတ်လဆန်း ၈ ရက်။ (ရွှေစည်ဆရာတော်)

ရွှေစည်သာသနာ့ရိပ်သာ

သက်ပန်းတိုက်

နန်းတော်ရှေ့၊ မန္တလေးမြို့။

# ရှေးစည်တရားတော်များ

# ရွှေစည်တရားတော်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## တရားဖွင့်

### ဆုတောင်းပတ္ထနာ မင်္ဂလာအာသီသ

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ဉာယေန၊
ရာဇာ ရက္ခတု တံ ပဇံ။

ဒီဂါထာကတော့ သတ္တလောကကြီး တခုလုံးနဲ့ သက်ဆိုင်တဲ့ ဆုတောင်းပတ္ထနာ မင်္ဂလာ အာသီသမှုကို ပြုလိုက်တဲ့ ဂါထာပါပဲ။

သဒ္ဓမ္မော-တကမ္ဘာလုံး တဟုံးဟုံးဖြင့် အဆုံးမသတ် လောင်ကျွမ်းတတ်သည့် လောဘ ဒေါသ မောဟထိန်ငြိုး ကြောက်ဖွယ်မီးကို တားဆီးခုတ်ဖြတ် အမြစ်ပြတ်အောင်

ငြိမ်းသတ်နိုင်ကြောင်း သူတော်ကောင်း တရားတော်သည်၊ စိရံ တိဋ္ဌတု-ကမ္ဘာအရှည် တည်နေသမျှ ကာလပတ်လုံး မယိမ်းယိုင်ပဲ ကြံ့ခိုင်တည်တန့်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

လောဘ ဒေါသ မောဟတည်းဟူသော ကြောက်ဖွယ်မီးတွေကို အပြီးတိုင် ငြိမ်းစေနိုင်တဲ့ သူတော်ကောင်းတို့ရဲ့ တရား ဘယ်သူဖျက်ဖျက် မပျက်ပဲ ကမ္ဘာတည်သမျှ တည်ပါစေလို့ ဘုန်းကြီးက ဆုတောင်းပတ္ထနာ မင်္ဂလာ အာသိသမှုကို ပြုလိုက်ပါတယ်။ ကဲ-အားလုံး ဝိုင်းပြီး ဆုတောင်းပတ္ထနာ မင်္ဂလာအာသိသမှုကို ပြုကြရအောင်၊ လိုက်ဆိုကြ။

လောဘ ဒေါသ မောဟထိန်ဝေ။
ဤမီးသုံးပါး ကြီးမားပလေ။
ငြိမ်းသတ်နိုင်ကြောင်း တရားကောင်းတွေ။
ကမ္ဘာတည်သမျှ ထွန်းပတည်ပါစေ။

သဗ္ဗေပိ သတ္တာ-လူရော နတ်ပါ ဗြဟ္မာမကြွင်း သတ္တဝါခပင်းတို့သည်လည်း ဓမ္မ-ပြဆိုခဲ့ပြီး သုံးပါးမီးနှင့် စစ်မီးကင်းဝေး ငြိမ်းချမ်းရေးကို ရှာပေးနိုင်ကြောင်း ယခင် သူတော်ကောင်းတရားတော်၌၊ ဓမ္မ-ထွက်ရပ်ပေါက်အဖြစ် စင်စစ်မှန်ဘိ ပဋိဝေဓ စည်းစိမ်တည်း ဟူသော ချမ်းသာအမှန်ကို လမ်းညွှန်လျက်ရှိသော ပိဋကတ်သုံးပုံ အလုံးစုံသော ပရိယတ်သာသနာ

တော်ကြီး၌၊ သဂါရဝါဟောသုတ်-သဘာဝအစစ်အမှန်ကို မကြွင်းမကျန် ကောန်သိပေတတ်သော သဗ္ဗညုတ ဥာဏ်တော်သခင် အရှင်မြတ်ဘုရား၏ တရားတော် ပါပေ တကားဟု လေးစားကြည်ဖြူ နာယူ နှစ်ခြိုက်ပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

သတ္တလောကကြီးတခုလုံးမှာ ရှိကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေဟာ မြတ်စွာဘုရား ဟောကြားတော်မူ ထားတဲ့ တရားဒေသနာတော်တွေကို လက်ခံကျင့်သုံးပြီး ပဋိဝေဓအထွဋ်အမြတ်ဆုံးကျတဲ့ ချမ်းသာသုခကို ရကြ ပါစေလို့ ဘုန်းကြီးက ဆုတောင်းပတ္ထနာ မင်္ဂလာ အာသီသမှုကို ပြုလိုက်ပါတယ်။ ကဲ-အားလုံး ဝိုင်းပြီး ဆုတောင်းပတ္ထနာမင်္ဂလာအာသီသမှုကို ပြုကြရအောင်၊ လိုက်ဆိုကြ။

သတ္တလောကခေတ် လူနတ်ဗြဟ္မာတွေ၊
မြတ်ဘုရား၏ တရားအစစ်တွေ။
ရိုသေလေးစား ကျင့်အားပိုစေ၊
နိဗ္ဗာန်နန်း စံမြန်းနိုင်ကြစေ။

ရာဇာ-ထိုထိုဒေသ မြို့ပြပြည်ရွာ ဆိုင်ရာ အုပ်ချုပ် မင်းစိုးလုပ်သူ အပေါင်းသည်၊ ဘုံ ပဇံ-ကိုယ့်အောက် ငယ်သား တိုင်းထားပြည်သူ ထိုထိုလူကို၊ ဥာယေန- လောဘ ဒေါသ မောဟစရိုက် လိုမလိုက်ပဲ၊ ရက္ခတု-

မျက်နှာကြီးငယ် ရွေးချယ်မအား ရင်ဝယ်သားကဲ့သို့ ရင်းဖျားမရှိ ဘေးမထိအောင် ရှုကြည့် စောင့်ရှောက်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

တိုင်းပြည်မြို့ရွာ ဆိုင်ရာဆိုင်ရာ ဌာနမှာ အုပ်ချုပ်ကြတဲ့ တရားပိုင်မင်းများကလဲ တိုင်းသူပြည်သား လူအများကို ရင်ဝယ်သားကဲ့သို့ ကရုဏာထား မေတ္တာပွားပြီး တရားနဲ့အညီ စောင့်ရှောက်ကြ ပါစေလို့ ဘုန်းကြီးက ဆုဒတောင်းပတ္ထနာ မင်္ဂလာ အာသီသမှုကို ပြုကြရအောင်၊ လိုက်ဆိုကြ။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေ။
တိုင်းသူပြည်သား အများဝေနေ။
ကရုဏာထား သနားညှာစေ။
ရင်ဝယ်သား မခြားစောင့်ရှောက်စေ။

ဘုန်းကြီးပြုလိုတဲ့ ဆုဒတောင်းပတ္ထနာမင်္ဂလာအာသီသမှုကို ပြုလို့ပြီးပါပြီ။

(မှာထားချက်။ ။ပြောလိုရာဆက်ပြီး ပြောနိုင်ပါတယ်။)

[ဤတွင် တရားဖွင့် ပြီးပြီ။]

# ၁

# အန္ဓသုတ်

## (မျက်မမြင်တရားတော်)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### (က)

### ကျမ်းညွှန်း တရားပလ္လင်ခံ

တယောမေ ဘိက္ခဝေ ပုဂ္ဂလာ
သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

အစရှိသဖြင့် အင်္ဂုတ္တရနိကာယ် တိကနိပါတ် ပါဠိတော် ပုဂ္ဂလဝဂ် (ဆဋ္ဌမူ စာမျက်နှာနံပါတ် ၁၂၆) မှာ အန္ဓသုတ် ဆိုတဲ့ အမည်နဲ့ မြတ်စွာဘုရား ဟောကြားတော် မူထားတဲ့ တရားဒေသနာ တထုံးတဖွဲ့ရှိပါတယ်။

အန္ဓ ဆိုတာ ဗမာလိုတော့ မျက်မမြင်လို့ ခေါ်ပါတယ်။ ဒါကြောင့် ဒီတရားကို ဗမာလိုနာမယ်ပေးရမယ် ဆိုရင် "မျက်မမြင်တရား" လို့ နာမယ်ပေးနိုင်ပါတယ်။ တနည်းအားဖြင့်

မျက်မမြင်ပုဂ္ဂိုလ်၊ တဖက်မြင်ပုဂ္ဂိုလ်၊နှစ်ဖက်မြင်ပုဂ္ဂိုလ်လို့ ဆိုတဲ့ ပုဂ္ဂိုလ် သုံးမျိုးကို ခွဲခြားပြီးဟောတဲ့ တရားဖြစ်လို့ "ပုဂ္ဂိုလ်သုံးမျိုး တရားတော်"လို့လဲ နာမည် ပေးနိုင်ပါတယ်။

ဒီအန္ဓသုတ်-မျက်မမြင်တရားတော်၊သို့မဟုတ် ပုဂ္ဂိုလ်သုံးမျိုး တရားတော်ကို ဗုဒ္ဓမြတ်စွာသာသနာတော် ၂၅၁၈-ခုနှစ်၊လူတို့ ဝေါဟာ ဂေါဇာသက္ကရာဇ် ၁၉၇၇-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်၊ အင်္ဂါနေ့ည၊ မန္တလေးမြို့ တောင်ပြင် မြေနီကျင်း ကျောင်းတိုက် မြေနီကျင်းသတိပဋ္ဌာန် သာသနာ့ရိပ်သာ သတိပဋ္ဌာန် နည်းပြ ဆရာတော် ဦးဥက္ကံသ အရှင်မြတ်ရဲ့ ပဋိပတ္တိဓမ္မ ဗိမာန်တော်ဖွင့်ပွဲနဲ့ ပလ္လင်တော်ဖွင့်ပွဲအဖြစ် ကျင်းပတဲ့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီးရဲ့ တရားပွဲမှာ ရွှေပိုင်းကနေပြီး ဟောမယ်လို့ ဘုန်းကြီး ဟောမယ့် တရားကို စောစောစီးစီးကြိုတင်ပြီး တရားနာပရိသတ်ကို အသိ ပေး ကျေညာပါတယ်။

မှတ်ထားကြပါ၊ အန္ဓသုတ်-တဲ့၊မျက်မမြင် တရားတော်-တဲ့။ သို့မဟုတ် ပုဂ္ဂိုလ်သုံးမျိုး တရားတော်-တဲ့၊

## (ခ)
## ပုဂ္ဂိုလ်သုံးမျိုး

တယောမေ ဘိက္ခဝေ ပုဂ္ဂလာ
သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ လောကသ္မိံ-ယခု ပြောကြ လူ့လောက၌၊

ဘုန်းကြီးက"လောကသ္မိံ- ယခုပြောကြ လူ့လောကဌ်"လို့ ဗမာလို ပြန်ဆိုလိုက်တာနဲ့တပြိုင်နက်ထဲ ဒီတရားနာ ပရိသတ်က "လောကဆိုတာ လူ့လောကကို ပြောတာပဲ"လို့ သိပြီးသားဖြစ်နေပါပြီ၊ ဒါပေမယ့်ဘုန်းကြီးက ဗဟုသုတအဖြစ် နဲနဲချဲ့ပြီးပြော လိုက်ပါဦးမယ်။ လောကဆိုတာ သမုတိသစ္စာနယ်က သုံးတဲ့ လောကကတမျိုး၊ ပရမတ္ထသစ္စာနယ်ကသုံးတဲ့လောကက တမျိုး၊ ဒီလိုနှစ်မျိုး ရှိပါတယ်။ သမုတိသစ္စာနယ်ကသုံးတဲ့ လောကက ငရဲလောက၊ တိရစ္ဆာန်လောက၊ ပြိတ္တာလောက၊ လူ့လောက၊ နတ်လောကလို့ ငါးမျိုးရှိပါတယ်။ ပရမတ္ထသစ္စာနယ်က သုံးတဲ့ လောက ခန္ဓာလောက၊ အာယတနလောက၊ ဓာတ်လောကလို့ သုံးမျိုးရှိပါတယ်။ အခု ဒီတရားထဲမှာပါတဲ့ လောကက သမုတိ သစ္စာနယ်က သုံးတဲ့ လောကငါးမျိုးထဲက လူ့လောကကို ပြော တာပါပဲ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ လောကသ္မိံ-ယခု ပြောကြ လူ့လောကဌ်၊ သန္တော သံဝိဇ္ဇမာနာ ပုဂ္ဂလာ- ပေါ် ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာ ရှိကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ကတမေ တယော- ဤသုံးမျိုးတို့ပေတည်း။

လောကမှာ ပုဂ္ဂိုလ်သုံးမျိုးရှိတယ်-တဲ့။ ဒီပုဂ္ဂိုလ် သုံးမျိုးက မပေါ်မလွင် မထင်မရှား မသေမချာရှိတဲ့ပုဂ္ဂိုလ်သုံးမျိုး မဟုတ် ပါဘူး။ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာကို ရှိတဲ့ ပုဂ္ဂိုလ်သုံးမျိုးပါပဲ-တဲ့။

ကတမေတယော-အဘယ် သုံးမျိုးတို့နည်း။

လောကမှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေ ချာချာကိုရှိတဲ့ ပုဂ္ဂိုလ်သုံးမျိုးဆိုတာ ဘယ်သို့ပုဂ္ဂိုလ်တွေလဲ-တဲ့။

မြတ်စွာဘုရားက မေးတော်မူထားပါတယ်။ မသိလို့ မေးတဲ့ အမေးမျိုးမျိုး မဟုတ်ဖူးနော်။ ဖြေပြတော်မူချင်လို့ မေးတဲ့ အမေးမျိုးပါ။ ဒီလိုအမေးမျိုးကို ကျမ်းဂန်များမှာ ကထေတု ကမျတာပုစ္ဆာလို့ ခေါ်ပါတယ်။ ကဲ-မြတ်စွာဘုရား ဖြေပြထား တာကို နားထောင်ကြစမ်းပါ။

အန္ဓော၊ ကေစက္ခု၊ ဒွိစက္ခု၊

ဒီလို မြတ်စွာဘုရား ဖြေပြတော်မူလိုက်ပါတယ်။

အန္ဓော- မျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော အန္ဓခေါ်ဆို မျက်မမြင် ပုဂ္ဂိုလ်က တမျိုး၊ ကေစက္ခု- မျက်စိ တဖက်ကသာ မြင်ရလျက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ကေစက္ခုခေါ်ဆို တဖက်မြင်ပုဂ္ဂိုလ်ကတမျိုး၊ ဒွိစက္ခု-မျက်စိနှစ်ဖက် အကောင်းသက်သက်ဖြစ်သော ဒွိစက္ခု ခေါ်ဆို နှစ်ဖက်မြင် ပုဂ္ဂိုလ်ကတမျိုး၊ (ဣတိ-ဤသို့၊ ဣမေ တယော- ဤသုံးမျိုးတို့သည်၊ လောကသ္မိံ- ယခု ပြောကြ လူလောက၌၊သန္တော သံဝိဇ္ဇမာနာပုဂ္ဂလာ- ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာ ရှိကြကုန်သော ပုဂ္ဂိုလ်တို့ပေ တည်း။

အခုလို ပါဠိတကျော့၊ ဗမာတကျော့နဲ့ ပြန်ဆိုပီးပြောလိုက် တော့ ရောထွေးရှေလျှားပီး အသိ ခက်နေလိမ့်အုံးမယ်။ ဒါ ကြောင့် ဗမာလို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကျကျ သိရအောင် ဘုန်းကြီးက ပုဂ္ဂိုလ်သုံးမျိုးကို ဂဏန်းထိုးပီး ထပ်ပြောလိုက်အုံး မယ်။

၁။ မျက်မမြင် ပုဂ္ဂိုလ်-တဲ့၊
၂။ တဖက်မြင်ပုဂ္ဂိုလ်-တဲ့၊
၃။ နှစ်ဖက်မြင် ပုဂ္ဂိုလ်-တဲ့၊

ဒီသုံးမျိုးပါပဲ။ ဒီသုံးမျိုးဟာ လောကမှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာကို ရှိတဲ့ ပုဂ္ဂိုလ်သုံးမျိုးပါပဲ။

(ဂ)

## ၁-မျက်မမြင် ပုဂ္ဂိုလ်

ကတမောစ ဘိက္ခဝေ ပုဂ္ဂလော အန္ဓော။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ အန္ဓော ပုဂ္ဂလော-မျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံး၀ မမြင်ရသော အန္ဓခေါ်ဆို မျက်မမြင်ပုဂ္ဂိုလ် ဟူသည်၊ ကတမောစ-အဘယ်နည်း။

"၁-နံပါတ် မျက်မမြင်ပုဂ္ဂိုလ်ဆိုတာ ဘယ်သို့ပုဂ္ဂိုလ်လဲ"လို့ မြတ်စွာဘုရားက မေးတော် မူထားပါတယ်။ မြတ်စွာဘုရား ဖြေတော်မူထားတာကိုလဲ သေသေချာချာ နားထောင်ကြစမ်းပါအုံး။

ဣဓ ဘိက္ခဝေ ဧကစ္စဿ ပုဂ္ဂလဿ တထာရူပံ စက္ခု န ဟောတိ၊ ယထာရူပေန စက္ခုနာ အနာဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိ ကရေယျ။ တထာရူပမ္ပိဿ စက္ခု န ဟောတိ၊ ယထာရူပေန စက္ခုနာ ကုသလာကုသလေ ဓမ္မေ ဇာနေ

ယျ၊ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ ဇာနေယျ၊ ဟီနပ္ပဏီတေ ဓမ္မေ ဇာနေယျ၊ ကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မေ ဇာနေယျ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ ဣဓ-ယခုပြောကြ ဤလူလောက၌၊ ဧကစ္စော ပုဂ္ဂလော-အချို့သော ပုဂ္ဂိုလ်အား၊ ယထာရူပေန စက္ခုနာ- ယင်းသို့ သဘောရှိသော မျက်စိဖြင့်၊ အနာဂတံ ဝါ ဘောဂံ-မရရှိသေးသောစည်းစိမ်ဥစ္စာကိုလည်း၊ အဓိဂစ္ဆေယျ-ရရှိနိုင်ရာ၏။ အဓိဂတံ ဝါ ဘောဂံ- ရရှိပြီးသော စည်းစိမ်ဥစ္စာကိုလည်း၊ ဖာတိ ကရေယျ- တိုးပွားအောင် ကြိုးစားအားထုတ် ပြုလုပ်နိုင်ရာ၏၊ တထာရူပံ စက္ခု- ထိုသို့သဘော ရှိသော မျက်စိသည်၊ န ဟောတိ-ဘိဘ်ဘိတ်တုံး လုံးဝမရှိချေ။ ယထာရူပေန စက္ခုနာ- ယင်းသို့သဘောရှိသော မျက်စိဖြင့်၊ ကုသလာကုသလေ ဓမ္မေ- ကုသိုလ် အကုသိုလ် တရားတို့ကို၊ ဇာနေယျ- သိနိုင်ရာ၏။ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ- အပြစ်ရှိကုန် မရှိကုန်သော တရားတို့ကို၊ ဇာနေယျ-သိနိုင်ရာ၏။ ဟီနပ္ပဏီတေ ဓမ္မေ- အယုတ်အမြတ် တရားတို့ကို၊ ဇာနေယျ- သိနိုင်ရာ၏။ ကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မေ-မည်းညစ်ဖြူစင်သော အဖို့ရှိသော တရားတို့ကို၊ ဇာနေယျ- သိနိုင်ရာ၏။ အဿ- ထိုပုဂ္ဂိုလ်အား၊ တထာရူပမ္ပိ စက္ခု- ထိုသို့သဘောရှိသော မျက်စိသည်လည်း၊ န ဟောတိ- ဘိတ်ဘိတ်တုံး လုံးဝမရှိချေ။

ဒီလောကမှာလေ၊ တချို့ပုဂ္ဂိုလ်တွေမှာလေ မရရှိသေးတဲ့ စည်းစိမ်ဥစ္စာကို ရရှိအောင်၊ ရရှိပြီးသားဖြစ်တဲ့ စည်းစိမ်ကို တိုးပွားအောင် ကြိုးစားအားထုတ် ပြုလုပ်နိုင်တဲ့ ဉာဏ်ပညာမျက်စိ

ဘိတ်ဘိတ်တုံး လုံးဝမရှိဘူးတဲ့။ ပီးတော့ ဒါကကုသိုလ်တရားပဲ၊ ဒါကတော့ အကုသိုလ်တရားပဲ၊ ဒါက အပြစ်ရှိတဲ့တရားပဲ၊ ဒါကတော့ အပြစ်မရှိတဲ့ တရားပဲ၊ ဒါက အယုတ်အညံ့ တရားပဲ၊ ဒါက အမြင့်အမြတ် တရားပဲ၊ ဒါက မဲညစ်တဲ့ အကုသလ ကမ္မပထ တရားပဲ၊ ဒါကတော့ ဖြူစင်တဲ့ ကုသလကမ္မပထ တရားပဲလို့ ကွဲကွဲပြားပြား ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာမျက်စိလဲ ဘိတ်ဘိတ်တုံး လုံးဝမရှိဘူးတဲ့။ တိုတိုပြောရမယ်ဆိုယင်တော့ စီးပွားရေးမျက်စိ၊ တရားရေးမျက်စိ၊ ဒီမျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံးဝမရှိတဲ့ ပုဂ္ဂိုလ်လို့ ပြောရမှာပေါ့။ ဒီလိုပုဂ္ဂိုလ်တွေလဲ ဒီလောကမှာ အများကြီးရှိကြပါတယ်၊ ဒုန့်ဒေးပါပဲ။

အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော အန္ဓော။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ အယံ-ဤဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်ကို၊ အန္ဓော ပုဂ္ဂလော-မျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော အန္ဓခေါ်သော မျက်မမြင် ပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုပညတ် သမုတ်အပ်လေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

စီးပွားရေးမျက်စိ၊ တရားရေးမျက်စိ၊ ဒီမျက်စိနှလုံး ဘိတ်ဘိတ်တုံး လုံးဝမရှိတဲ့အတွက်၊ ဒီပုဂ္ဂိုလ်ကို မျက်မမြင် ပုဂ္ဂိုလ်ခေါ်တယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပီး၊ ၁-နံပါတ် မျက်မမြင်ပုဂ္ဂိုလ်ရဲ့ အပိုင်းကဏ္ဍကို ဒီမှာပဲ နိဂုံးချုပ် ရုတ်သိမ်းလိုက်ပါတယ်။

## (ဃ)

## ၂–တဖက်မြင်ပုဂ္ဂိုလ်

ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဧကစက္ခု။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ ဧကစက္ခု ပုဂ္ဂလော မျက်စိတဖက်ကသာ မြင်ရလျက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ဧကစက္ခုခေါ်ဆို တဖက်မြင် ပုဂ္ဂိုလ်ဟူသည်၊ ကတမော စ-အဘယ်နည်း။

"၂-နံ့ပါတ် တဖက်မြင် ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ" လို့ မြတ်စွာဘုရားက မေးတော်မူသွားပါတယ်။ မြတ်စွာဘုရား ဖြေတော်မူထားတာကိုလဲ သေသေချာချာ နားထောင်ကြစမ်းပါအုံး။

> ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလဿ တထာရူပံ စက္ခု ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကရေယျ တထာရူပမ္ပိဿ စက္ခု န ဟောတိ၊ ယထာရူပေန စက္ခုနာ ကုသလာကုသလေ ဓမ္မေ ဇာနေယျ၊ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ ဇာနေယျ၊ ဟီနပ္ပဏီတေ ဓမ္မေ ဇာနေယျ၊ ကဏှ သုက္ကသပ္ပဋိဘာဂေ ဓမ္မေ ဇာနေယျ၊

ဘိက္ခဝေ-ငါ၏ချစ်သားရဟန်းများတို့၊ဣဓ-ယခုပြောကြ ညှိလူလောကဌ်၊ဧကစ္စဿ ပုဂ္ဂလဿ-အချို့သောပုဂ္ဂိုလ်အား၊ယထာရူပေန စက္ခုနာ-ယင်းသို့သဘောရှိသော မျက်စိဖြင့်၊ အနဓိဂတံ

ဝါ တောဂံ-မရရှိသေးသောစည်းစိမ်ဥစ္စာကိုလည်း၊အဓိဂစ္ဆေယျ-ရရှိနိုင်ရာ၏။ အဓိဂတံ ဝါ တောဂံ-ရရှိပြီးသော စည်းစိမ် ဥစ္စာကိုလည်း၊ ဖာတိ ကရေယျ-တိုးပွားအောင် ကြိုးစား အားထုတ် ပြုလုပ်နိုင်ရာ၏။ တထာရူပံ စက္ခု-ထိုသို့သဘောရှိသော မျက်စိသည်၊ ဟောတိ-ရှိ၏။ ယထာရူပေန စက္ခုနာ- ယင်းသို့သဘောရှိသော မျက်စိဖြင့်၊ ကုသလာကုသလေ ဓမ္မေ- ကုသိုလ် အကုသိုလ် တရားတို့ကို၊ ဇာနေယျ-သိနိုင်ရာ၏။ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ-အပြစ်ရှိကုန် မရှိကုန်သော တရားတို့ကို၊ဇာနေယျ-သိနိုင်ရာ၏။ ဟီနပ္ပဏီတေ ဓမ္မေ-အယုတ်အမြတ် တရားတို့ကို၊ ဇာနေယျ-သိနိုင်ရာ၏။ ကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မေ-မည်းညစ် ဖြူစင်သော အဖို့ရှိသော တရားတို့ကို၊ ဇာနေယျ- သိနိုင်ရာ၏။ အသ-ထိုပုဂ္ဂိုလ်အား၊ တထာရူပမ္ပိ စက္ခု-ထိုသို့သဘောရှိသော မျက်စိသည်ကား၊ န ဟောတိ-ဘိတ်ဘိတ်တုံး လုံးဝမရှိချေ။

ဒီလောကမှာလေ တချို့သော ပုဂ္ဂိုလ်တွေမှာလေ မရရှိသေးတဲ့ စည်းစိမ်ဥစ္စာကို ရရှိအောင် ရရှိပီးသားဖြစ်တဲ့ စည်းစိမ် ဥစ္စာကို တိုးပွားအောင် ကြိုးစား အားထုတ် ပြုလုပ်နိုင်တဲ့ ဉာဏ်ပညာ မျက်စိကတော့ ရှိပါရဲ့တဲ့။ ဒါပေမယ့် ဒါက ကုသိုလ် တရားပဲ၊ ဒါကတော့ အကုသိုလ် တရားပဲ၊ ဒါက အပြစ်ရှိတဲ့တရားပဲ၊ ဒါကတော့ အပြစ်မရှိတဲ့တရားပဲ၊ ဒါက အယုတ်အည့ံ တရားပဲ၊ ဒါကတော့ အမြင့်အမြတ်တရားပဲ၊ ဒါက မဲညစ်တဲ့ အကုသလ ကမ္မပထ တရားပဲ၊ ဒါကတော့ ဖြူစင်တဲ့ ကုသလကမ္မပထတရားပဲလို့ ကွဲကွဲပြားပြား ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာမျက်စိကတော့ ဘိတ်ဘိတ်တုံး လုံးဝမရှိဘူးတဲ့။တိုတို ပြောရမယ်ဆိုယင် တော့စီးပွားရေးမျက်စိတဖက်သာရှိပီး တရား

ရေးမျက်စိက ဘိဘ်ဘိတ်တုံး လုံးဝမရှိတဲ့ ပုဂ္ဂိုလ်လို့ ပြောရမှာပေါ့။ ဒီလိုပုဂ္ဂိုလ်တွေလဲ ဒီလောကမှာ အများကြီးရှိကြပါတယ်။ ဒုန်ဒေးပါပဲ။

အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ကောဏော။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ အယံ-ဤဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်ကို၊ ကောဏော ပုဂ္ဂလော-မျက်စိ တဖက်ကသာမြင်ရလျက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ကောဏော-ခေါ်ဆို တဖက်မြင်ပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုပညတ် သမုတ်အပ်လေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

စီးပွားရေးမျက်စိ တဖက်သာရှိပြီး တရားရေးမျက်စိက ဘိဘ်ဘိတ်တုံး လုံးဝမရှိတဲ့အတွက် ဒီပုဂ္ဂိုလ်ကို တဖက်မြင်ပုဂ္ဂိုလ် ခေါ်တယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပြီး ၂-နံပါတ် တဖက်မြင်ပုဂ္ဂိုလ်ရဲ့ အပိုင်းကဏ္ဍကို ဒီမှာဘဲ နိဂုံးချုပ် ရတ်သိမ်းလိုက်ပါတယ်။

(င)

## ၃-နှစ်ဖက်မြင် ပုဂ္ဂိုလ်

ကတမော စ ဘိက္ခဝေ ပုဂ္ဂလော ဒွိစက္ခု။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ ဒွိစက္ခု ပုဂ္ဂလော-မျက်စိနှစ်ဖက် အကောင်းသက်သက် ဖြစ်သော ဒွိစက္ခုခေါ်ဆို နှစ်ဖက်မြင် ပုဂ္ဂိုလ်ဟူသည်၊ ကတမော စ-အဘယ်နည်း။

၃-နံပါတ် နှစ်ဖက်မြင်ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ လို့ မြတ်စွာဘုရားက မေးတော်မူထားပါတယ်။ မြတ်စွာဘုရားက ဖြေတော်မူထားတာကိုလဲ သေသေချာချာ နားထောင်ကြစမ်း ပါအုံး။

> ကတမော စ ဘိက္ခဝေ ဒွိစက္ခု ပုဂ္ဂလော၊ ဣဓ ဘိက္ခဝေ ဧကစ္စဿ ပုဂ္ဂလဿ တထာရူပံ စက္ခု ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိ ကရေယျ၊ တထာရူပမ္ပိဿ စက္ခု ဟောတိ၊ ယထာရူပေန စက္ခုနာ ကုသလာကုသလေ ဓမ္မေ ဇာနေယျ၊ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ ဇာနေယျ၊ ဟီနပ္ပဏီတေ ဓမ္မေ ဇာနေယျ၊ ကဏှ သုက္ကသပ္ပဋိဘာဂေ ဓမ္မေ ဇာနေယျ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ ဣဓ-ယခုပြောကြ ဤလူ့လောက၌၊ ဧကစ္စဿ ပုဂ္ဂလဿ-အချို့သောပုဂ္ဂိုလ်အား၊ ယထာရူပေန စက္ခုနာ-ယင်းသို့ သဘောရှိသော မျက်စိဖြင့်၊ အနဓိဂတံ ဝါ ဘောဂံ-မရရှိသေးသော စည်းစိမ်ဥစ္စာကိုလည်း၊ အဓိဂစ္ဆေယျ-ရရှိနိုင်ရာ၏၊ အဓိဂတံ ဝါ ဘောဂံ-ရရှိပြီးသော စည်းစိမ်ဥစ္စာကိုလည်း၊ ဖာတိ ကရေယျ-တိုးပွားအောင် ကြိုးစား အားထုတ် ပြုလုပ်နိုင်ရာ၏။ တထာရူပံ စက္ခု-ထိုသို့သဘော ရှိသော မျက်စိသည်၊ ဟောတိ-ရှိ၏။ ယထာရူပေန စက္ခုနာ-ယင်းသို့သဘောရှိသော မျက်စိဖြင့်၊ ကုသလာကုသလေ ဓမ္မေ-ကုသိုလ်အကုသိုလ်တရားတို့ကို၊ ဇာနေယျ-သိနိုင်ရာ၏၊ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ-အပြစ်ရှိကုန် မရှိကုန်သော တရားတို့ကို၊ ဇာနေယျ-သိနိုင်ရာ၏၊ ဟီနပ္ပဏီတေ ဓမ္မေ-အယုတ်အမြတ် တရားတို့ကို၊

ဇာဒနေယျ-သိနိုင်ရာ၏။ ကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မ-မည်းညစ်ဖြူစင်သော အဖို့ရှိသော တရားတို့ကို၊ ဇာဒနေယျ-သိနိုင်ရာ၏။ အသ-ထိုပုဂ္ဂိုလ်အား၊ တထာ-ရူပမ္ပိ စက္ခု-ထိုသို့သဘောရှိသော မျက်စိသည်လည်း၊ ဟောတိ-ရှိ၏။

ဒီလောကမှာလေ တချို့ပုဂ္ဂိုလ်မှာလေ မရရှိသေးတဲ့ စည်းစိမ်ဥစ္စာကိုရရှိအောင်၊ ရရှိပြီးသားဖြစ်တဲ့ စည်းစိမ်ဥစ္စာကို တိုးပွားအောင် ကြိုးစားအားထုတ် ပြုလုပ်နိုင်တဲ့ ဉာဏ်ပညာမျက်စိလဲရှိတယ်တဲ့။ပြီးတော့ ဒါကကုသိုလ်တရား ပဲ၊ဒါကတော့ အကုသိုလ်တရားပဲ၊ ဒါကအပြစ်ရှိတဲ့တရားပဲ၊ ဒါကတော့အပြစ်မရှိတဲ့တရားပဲ၊ ဒါက အယုတ်အညံ့တရားပဲ၊ဒါကတော့ အမြင့်အမြတ်တရားပဲ၊ ဒါက မဲညစ်တဲ့ အကုသလကမ္မပထတရားပဲ၊ ဒါကတော့ဖြူစင်တဲ့ ကုသလကမ္မပထတရားပဲလို့ ကွဲကွဲပြားပြား ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာမျက်စိလဲ ရှိတယ်တဲ့၊ တိုတိုပြောရမယ်ဆိုယင်တော့ စီးပွားရေးမျက်စိ တရားရေးမျက်စိ ဒီမျက်စိနှစ်လုံး အကောင်းဆုံးရှိတဲ့ပုဂ္ဂိုလ်လို့ ပြောရမှာပေါ့။ ဒီလိုပုဂ္ဂိုလ်တွေလဲ ဒီလောကမှာ ရှိတော့ရှိကြပါတယ်။ဒါပေမဲ့ ရှားတယ်တဲ့၊"ရှိတော့ရှိတယ် ရှားတယ်"ဆိုတဲ့ ခေတ်ပြားသီချင်းလိုပေါ့။

အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ဒွိစက္ခု။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့၊ အယံ-ဤဆိုအပ်ခဲ့ပြီးသောပုဂ္ဂိုလ်ကို၊ ဒွိစက္ခုပုဂ္ဂလော-မျက်စိနှစ်ဖက် အကောင်းသက်သက်ဖြစ်သော ဒွိစက္ခုခေါ်ဆို နှစ်ဖက်မြင်ပုဂ္ဂိုဟူ၍၊ဝုစ္စတိ-ခေါ်ဆိုပညတ် သမုတ်အပ်လေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒီဂါထာနဲ့ မြတ်စွာဘုရားက အန္ဓခေါ်တဲ့ မျက်မမြင်ပုဂ္ဂိုလ်ရဲ့ သဘောတရားကို အတိုင်းသား ပေါ်လွင်အောင် အထွဋ်ရှတင် ဖော်ပြတော် မူလိုက်ပါတယ်။

ဟဘစက္ခုနော-မျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံးဝပျက်၍ နေသော၊ အန္ဓသ-အန္ဓခေါ်ဆို မျက်မမြင်ပုဂ္ဂိုလ်အား၊ တထာ ရူပါ ဘောဂါစေဝ-ထိုသို့သဘောရှိသော စည်းစိမ် ဥစ္စာတို့သည် လည်း၊ န-မရှိကုန်။ ပုညာနိ စ-ကောင်းမှုကုသိုလ်တို့ကိုလည်း နကုဗ္ဗတိ-မပြုလုပ်နိုင်။ (သော-စည်းစိမ်ဥစ္စာဟူသော မျက်စိ၊ ကုသိုလ်ကောင်းမှုဟူသောမျက်စိ၊ ယင်းမျက်စိနှစ်လုံး ဘိတ်ဘိတ် တုံးလုံးဝမမြင်ရသော အန္ဓခေါ်ဆို ထိုမျက်မမြင်ပုဂ္ဂိုလ်သည်) ဥဘယတ္ထကလိဂ္ဂါဟော-ပစ္စုပ္ပန်တမလွန် နှစ်တန်နှစ်ဝ နှစ်လော ကလုံး အညွန့်တုံးသဖြင့် ဆုံးရှုံး နစ်နာရလေတော့၏။

အန္ဓခေါ်တဲ့ မျက်မမြင်ပုဂ္ဂိုလ်ဟာ စီးပွားရေးမျက်စိဖြစ်တဲ့ စည်းစိမ်ဥစ္စာလဲမရှိ၊ တရားရေး မျက်စိဖြင့်တဲ့ ကုသိုလ်ကောင်းမှု လဲ မပြုလုပ်နိုင်ဘူး-တဲ့။ ဒါကြောင့် အန္ဓခေါ်တဲ့ မျက်မမြင် ပုဂ္ဂိုလ်ဟာ ဒီပစ္စုပ္ပန် လောကမှာရော၊ နောင်တမလွန်လောက မှာရော နှစ်တန်နှစ်ဝ နှစ်လောကလုံး အညွန့်တုံးပြီး ဆုံးရှုံး နစ်နာရတယ်-တဲ့။

၁။ အထာပဆာယံ အက္ခာတော၊
ကေစက္ခု စ ပုဂ္ဂလော။
ဓမ္မာဓမ္မေန သဌော သာ၊
ဘောဂါနိ ပရိယေသတိ။

၂။ ထေယျေန ကူဋေကမ္မေန၊
မုသာဝါဒေန စူဘယံ။
ကုသလော ဟောတိ သဿတုံ၊
ကာမဘောဂီ စ မာနဝေါ။
ဏှာတာ သော နိရယံ ဂန္တွာ၊
ကေစကျွ ဝိဘာညတိ။

ဒီနှစ်ဂါထာခွဲနဲ့ မြတ်စွာဘုရားက ကေစကျွခေါ်တဲ့ တဖက်မြင် ပုဂ္ဂိုလ်ရဲ့ သဘောတရားကို အတိုင်းသား ပေါ်လွင်အောင် အထွင့်တင် ဖော်ပြတော် မူလိုက်ပါတယ်။

အထာပရံ-ဆိုမှနောက်၌၊ ဝါ-ထိုမှတပါး၊ အယံ-ဤပုဂ္ဂိုလ်ကို၊ ကေစကျွ စ ပုဂ္ဂလော-မျက်စိတဖက်ကသာ မြင်ရလျက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ကေစကျွခေါ်ဆို တဖက်မြင်ပုဂ္ဂိုလ်ဟူ၍၊ အက္ခာတော-ခေါ်ဆိုအပ်၏။ သော သဌော-ကောက်ကျစ်စဉ်းလဲသော ကေစကျွခေါ်ဆို ထိုတဖက်မြင် ပုဂ္ဂိုလ်သည်၊ ဓမ္မာဓမ္မေန-တရားမှု မတရားမှုဖြင့်၊ ဝါ-တရားတရား မတရားမတရား၊ ဘောဂါနိ ပရိယေသတိ-ဥစ္စာပစ္စည်းတို့ကို မရ-ရသောနည်းဖြင့် ရှာမှီးစုဆောင်းလေတော့၏။

ကေစကျွခေါ်တဲ့ တဖက်မြင် ပုဂ္ဂိုလ်ကတော့ စီးပွားဥစ္စာ ရှာမှီးစုဆောင်းတဲ့အခါမှာ တရားတာ မတရားတာကို ပဓာနမထားဘူး။ မရ-ရတဲ့နည်းနဲ့ ရှာမှီးစုဆောင်းတော့တာပဲ။ သူ့ ရှာမှီးစုဆောင်းပုံကို နားထောင်ကြစမ်းပါအုံး။

စီးပွားရေးမျက်စိ၊ တရားရေးမျက်စိ၊ ဒီမျက်စိနှစ်လုံးအကောင်းဆုံး ရှိတဲ့အတွက် ဒီပုဂ္ဂိုလ်ကို နှစ်ဖက်မြင်ပုဂ္ဂိုလ် ခေါ်တယ်လို့ မြတ်စွာဘုရားကမိန့်ကြားတော်မူပြီး ၃နံပါတ် နှစ်ဖက်မြင်ပုဂ္ဂိုလ်ရဲ့ အပိုင်းကဏ္ဍကို ဒီမှာပဲ နိဂုံးချုပ် ရုတ်သိမ်းလိုက်ပါတယ်။

## (ခ)

## ပုဂ္ဂိုလ်သုံးမျိုး နိဂုံးချုပ်

ဣမေ ခေါ ဘိက္ခဝေ တယော ပုဂ္ဂလာ
သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့ ဣမေ ခေါ တယော-ဤသုံးမျိုးတို့သည်၊ လောကသ္မိံ-ယခုပြောကြ လူ့လောက၌၊ သန္တော သံဝိဇ္ဇမာနာ ပုဂ္ဂလာ-ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာ ရှိကြကုန်သော ပုဂ္ဂိုလ်တို့ပေတည်း။

၁။ မျက်မမြင်ပုဂ္ဂိုလ်၊ ၂။ တဖက်မြင်ပုဂ္ဂိုလ်၊ ၃။ နှစ်ဖက်မြင် ပုဂ္ဂိုလ်လို့ဆိုတဲ့ ဒီပုဂ္ဂိုလ်သုံးမျိုးဟာ လောကမှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သေသေချာချာကိုရှိကြတဲ့ ပုဂ္ဂိုလ်တွေပါပဲလို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပြီး ဒီအန္ဓသုတ်၊ မျက်မမြင်တရား သို့မဟုတ် ပုဂ္ဂိုလ်သုံးမျိုး တရားကို ဒီမှာပဲ နိဂုံးချုပ် ရုတ်သိမ်းလိုက်ပါတယ်။

[ဣတိ- ဤတွင်ပြီးပြီ။]

သံဂါယနာတင် အရှင်မြတ်များက ဒီသုတ်ရဲ့ အဆုံးမှာ "ဣတိ"ဆိုတဲ့ စကားပုဒ်ကလေးနဲ့။ "ပီးပီ"လို့ နိဂုံးချုပ်တော်မူကြပါတယ်။ နိဂုံးချုပ်တယ် ဆိုပေမယ့် တရားပွဲကိုတော့ မရုတ်သိမ်းသေးပါဘူး။ စုဏ္ဏိယစကားပြေနဲ့ ဝေဝဝဆာဆာ ဟောတဲ့ တရား ပီးဆုံးသွားတာကိုသာ နိဂုံးချုပ်တော် မူကြတာပါ။ မြတ်စွာဘုရားက အနန္တသုတ်၊ မျက်မမြင်တရား၊ သို့မဟုတ် ပုဂ္ဂိုလ်သုံးမျိုးတရားကိုစုဏ္ဏိယစကားပြေနဲ့ ဝေဝေဆာဆာ ဟောကြားတော်မူပီးတော့ ဘုရားတယ်ပီးတဲ့အခါမှာ ထိုးအထွဋ်တင်သလို ပုဂ္ဂိုလ်သုံးမျိုးရဲ့ သဘောတရားကိုအတိုင်းသားပေါ်လွင်အောင် ဂါထာဗန္ဓများနဲ့ အထွဋ်ဘင်ပီး ဆက်လက် ဟောကြားတော်မူပါသေးတယ်။ မြတ်စွာဘုရားက ဆက်လက် ဟောကြားတော်မူတယ်ဆိုယင် ဘုန်းကြီးတို့ကလဲဆက်လက်ဟောကြားရမှာပေါ့။ ဘုန်းကြီးတို့က ဆက်လက် ဟောကြားတယ်ဆိုယင် တရားနာ ပရိတ်သတ်ကလဲ ဆက်လက်နာရမှာပေါ့။ ကဲ-နာကြ။ ဟောပြမယ်။

## (ဆ)

## အထွဋ်တင် ဂါထာများ

နစေစ ဌဘာဂါ တထာရူပါ၊
န စ ပညာနိ ကုဗ္ဗတိ။
ဥဘယတ္ထကာလိင်္ဂါဟော၊
အန္ဓသ ဟာတစက္ခုနော။

လယ်တဲ့ ပုဂ္ဂိုလ်ဟာ သေသွားယင် အပါယ်လားပြီး ဆင်းရဲပင်ပမ်း နွမ်းနယ်ရတယ် တဲ့။

၁။ ဒွိစက္ခု ပန အက္ခာတော၊
သေဋ္ဌော ပုရိသပုဂ္ဂလော။
ဓမ္မလဒ္ဓေဟိ ဘောဂေဟိ၊
ဥဋ္ဌာနာဓိဂတံ ဓနံ။

၂။ ဒဒါတိ သေဋ္ဌသင်္ကပ္ပေါ၊
အဗျဂ္ဂမာနသော နရော။
ဥပေတိ ဘဒ္ဒကံ ဌာနံ၊
ယတ္ထ ဂန္တွာ န သောစတိ။

ဒီနှစ်ဂါထာနဲ့ မြတ်စွာဘုရားက ဒွိစက္ခုခေါ်တဲ့ နှစ်ဖက်မြင်ပုဂ္ဂိုလ်ရဲ့ သဘောတရားကို အတိုင်းသား ပေါ်လွင်အောင် အထွဋ်တင် ဖော်ပြတော်မူလိုက်ပါတယ်။

ဓမ္မလဒ္ဓေဟိ ဘောဂေဟိ-တရားသဖြင့် ရရှိအပ်သော စည်းစိမ် ဥစ္စာတို့နှင့်၊ (သမန္နာဂတော-ပြည့်စုံသော) ဒွိစက္ခု ပန အက္ခာတော သေဋ္ဌော ပုရိသပုဂ္ဂလော-မျက်စိနှစ်ဖက် အကောင်း သက်သက်ဖြစ်သော ဒွိစက္ခုခေါ် ဆို နှစ်ဖက်မြင်ယောကျာ်းမြတ် ပုဂ္ဂိုလ်သည်၊ ဥဋ္ဌာနာဓိဂတံ ဓနံ-ထကြွလုံးလ ဝီရိယဖြင့် ရရှိအပ်သော ဥစ္စာပစ္စည်းကို၊ ဒဒါတိ-သုံးတန်စေတနာ ပြတ်သားစွာဖြင့် သဒ္ဓါရွှေးရှု ပေးလှူတတ်ပေ၏။

ဒွိစက္ခုခေါ်တဲ့ နှစ်ဖက်မြင် ပုဂ္ဂိုလ်ကတော့ ပစ္စည်းဥစ္စာရှာဖွေတဲ့ အခါမှာ ဓမ္မိယလဒ္ဓ (တရားသဖြင့်ရအောင်) ရှာဖွေ

တယ်။ တရားသဖြင့်ရအောင် ရှာဖွေတယ်ဆိုတာ ဘယ်လိုလဲ။ သေဒါဝကွိတ္တ-နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်ပြီး ရှာဖွေတာ၊ ပြီးတော့ ဗာဟာဗလပရိစိတ-လက်ရုံးအားကိုးဖြင့် ကြိုးကြိုး စားစားလုပ်ကိုင်ပြီး ရှာဖွေတာ၊ အဲဒီလို ရှာဖွေတာပါပဲ။ အဲဒီလို ရှာဖွေလို့ရတဲ့ ပစ္စည်းကို ဓမ္မိယလဒ္ဓ(တရားသဖြင့် ရှာဖွေလို့ ရတဲ့) ပစ္စည်းလို့ ခေါ်ပါတယ်။ မှောင်မခိုဘူး၊ ခေါင်းပုံမဖြတ်ဘူး၊ အမြတ်ကြီးမစားဘူးလို့ ဆိုလိုပါတယ်။ တရားသဖြင့် ရှာဖွေလို့ ရရှိထားတဲ့ (ထကြွလုံးလ ဝိရိယနဲ့ ရှာဖွေလို့ ရရှိထားတဲ့) ဥစ္စာပစ္စည်းကို နိယျာနိက ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ သဒ္ဓါပြတန်းပြီး လှူတန်းတယ်တဲ့။

သေဠသက်ပွေ-မြင့်မြတ်သော အကြံအစီရှိသော၊ အဗျဂ္ဂမာနသော နရော-နှလုံးနှစ်ခု သံသယကင်းသူ လူပုဂ္ဂိုလ်သည် ဘဒ္ဒကံ ဌာနံ-ကောင်းမွန်မြင့်မြတ်သော နတ်ပြည် နတ်လောက နတ်ဌာနသို့၊ ဥပေတိ-မုချကေန် အမှန်ရောက်ရပေ၏။ ယတ္ထ ဂန္တွာ-ယင်းနတ်ပြည် နတ်လောက နတ်ဌာနသို့ မုချကေန် အမှန် ရောက်ရသည် ရှိသော်၊ န သောစတိ- မစိုးရိမ် မကြောင့်ကြ နောင်တတတဖန် မပူပန်ရတော့ချေ။

ဒီစကားခေါ်တဲ့ နှစ်ဖက်မြင် ပုဂ္ဂိုလ်ကလေး-စိတ်ထား နှလုံးထားကောင်းမွန် မြင့်မြတ်တဲ့အတွက် ဒီပစ္စုပ္ပန်ဘဝမှာလဲ နှလုံးနှစ်ခုသံသယကင်းပြီး အေးအေးမြမြချမ်းချမ်းသာသာနေရတယ်။ သက်တန်းစေ့လို့ လူ့ပြေက စုတေတဲ့အခါမှာလဲ မတွေ့မဝေပဲ သေရတယ်။ မတွေ့မဝေပဲ သေရတော့ နတ်ရွာသုဂတိရောက်ပြီး မစိုးရိမ် မကြောင့်ကြ နောင်တတတဖန် မပူပန်ရတော့ဘူးတဲ့။ သောက ကင်းဝေးသွားတယ်လို့ ဆိုလိုပါတယ်။

ထေယျေန-ခိုးယူခြင်းဖြင့်၎င်း၊ ကူဋကမ္မေန-ကောက်ကျစ်စဉ်းလဲမှုဖြင့်၎င်း၊ မုသာဝါဒေန-မဟုတ်မမှန်သော စကားကိုပြောကြားခြင်းဖြင့်၎င်း၊ ဥဘယံ ဥဘယေဟိ စ-နှစ်ပါးစုံတို့ဖြင့်၎င်း၊ သဃ်ာတုံ-ဥစ္စာပစ္စည်းတို့ကို မရရသောနည်းဖြင့် ရှာမှီးစုဆောင်းခြင်းငှာ၊ ကုသလော-ကျွမ်းကျင် ပါးနပ် လယ်ပယ်သည်၊ ဟောတိ-ဖြစ်၏။ ကာမဘောဂီ စ-ကာမဂုဏ်ကိုသာခံစားတတ်သော၊ ဧကစက္ခု သော မာနဝေါ-မျက်စိတဖက်ကသာ မြင်ရလျှက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ဧကစက္ခုခေါ်ဆို ထိုတဖက်မြင် ပုဂ္ဂိုလ်သည်၊ ဣတော-ဤလူ့ပြည် လူ့လောကမှ၊ နိရယံဂန္တွာ-ငရဲပြည် ငရဲလောကသို့ မုချကေန် အမှန်ရောက်ရ၍၊ ဝိဟညတိ-ဆင်းရဲပင်ပမ်းနှမ်းနယ်ရလေတော့၏။

ဧကစက္ခုခေါ်တဲ့ တဖက်မြင် ပုဂ္ဂိုလ်ကလေ ဥစ္စာပစ္စည်းတို့ကို ရှာမှီး စုဆောင်းတဲ့အခါမှာ အင်မတန်စွမ်း၊ အင်မတန် ကျွမ်းကျင်၊ အင်မတန်ပါးနပ်၊ အင်မတန်လယ်ပယ်သတဲ့။ ခိုးမှတိုက်မှစီးပွားဖြစ်မယ်ဆိုယင် ခိုးဖို့တိုက်ဖို့ရာ သူ့မှာ ဝန်မလေးဘူး။ ခိုးလိုက် တိုက်လိုက်တာပဲ၊ ဒီကနေ့ ခါးပိုက်နှိုက်တွေ၊ သူခိုးတွေ၊ ခားမြတွေဟာ တဖက်မြင် ပုဂ္ဂိုလ်တွေပေါ့။ ချိန်စဉ်းလဲမှုအစရှိတဲ့ စဉ်းလဲကောက်ကျစ်မှုကို ပြုလုပ်မှ စီးပွားဖြစ်မယ်ဆိုယင် စဉ်းလဲကောက်ကျစ်မှု ပြုဖို့ရာ သူ့မှာ ဝန်မလေးဘူး။ စဉ်းလဲကောက်ကျစ်မှုကို ပြုလုပ်လိုက်တာပဲ။ ဒီလိုလူတွေကို အကြောင်းပြုပြီး "ဘုရားကြီးဈေး ဆစ်တိုင်းပေး အလေးမမှန် ဝယ်သူကံ" ဆိုတဲ့ စာချိုးတခု ပေါ်လာရတာပါပဲ ဟုတ်တယ်၊ တခါက ဒကာတယောက် ဈေးထဲသွားပြီး ကြက်သွန် ၃ ပိဿာဝယ်သတဲ့၊

အိမ်ကျ ချိန်ကြည့်တော့ ၂ ပိဿာနဲ့ ငါးကျပ်သား ရှိသတဲ့။ ကဲ သုံးပိဿာ ခေါင်းမှာ ကိုးဆယ့်ငါးကျပ်သား ယောနေတာပေါ့။ ပြီးတော့ရှိသေးတယ် တခါက ဒကာတယောက်နဲ့ဒကာမတယောက် စျေးထဲသွားပြီး ခေါက်ဆွဲပင် ဆယ့်ငါးပိဿာဝယ်သတဲ့။ ရောင်းတဲ့ ဒကာမက ချိန်ခွင်လျှာ သာသာ ထိုးထိုးကြီး ချိန်ပေးသတဲ့။ သာသာ ထိုးထိုးကြီး ချိန်ပေးတာတောင် ဝယ်တဲ့ ဒကာမက အဆစ်တောင်းသေးသတဲ့။ ရောင်းတဲ့ ဒကာမကလဲ တောင်းတဲ့ အဆစ်ကို ရှောရှောရှူရှူ ထည့်ပေးပါသတဲ့။ အဖော်လိုက်သွားတဲ့ ဒကာက ချိန်ခွင်လျှာ လိုက်လိုက်ယောယော သာသာထိုးထိုးကြီး ပေးထားတော့ အဆစ်တောင်းတာကို အားနာနေသတဲ့။ ဒါပေမယ့် အိမ်ကျချိန်ကြည့်တော့ နှစ်ပိဿာခွဲ ယောနေသတဲ့။ ဒါဟာ ချိန်စဉ်းလဲမှုပါပဲ၊ မူမမှန် စံမကိုက်တဲ့ ပြည်တောင်း စိတ်တောင်း ခွဲတောင်း တင်းတောင်းတွေနဲ့ ရောင်းတာ ချတာဟာ တောင်းစဉ်းလဲမှုပေါ့။ ပြီးတော့ မုသာဝါဒပြောမှု စီးပွားဖြစ်မယ်ဆိုယင် မုသာဝါဒပြောဖို့ရာ သူမှာဝန်မလေးဘူး။ မုသာဝါဒကို ပြောလိုက်တာပဲ။ သူက "မုသားမပါ လက်ာမချော" ဆိုတဲ့ စကားပုံကို အင်မတန် အားကိုးအားထားပြုတယ်။ သူအမြဲတန်း လက်သုံးပြုတဲ့ စကားပုံတခု ရှိသေးတယ်။ အဲဒါ ဘာလဲဆိုတော့ "ဒီဘဝ ဒီကိုယ်စံ။ နောက်ဘဝ နောက်ကိုယ်ခံ" ဆိုတဲ့ စကားပုံ ပါပဲ။ ပြီးတော့ ရှိသေးတယ်။ "နောင်ခါလာ နောင်ခါစျေး" တဲ့။ စီးပွားသာဖြစ်မယ်ဆိုယင် ခိုးတိုက်ပြီး မုသား ပြောရမှာ စဉ်းလဲ ကောက်ကျစ်ပြီး မုသားပြောရမှာ ဒီလိုစုံတဲ့ ကျူးလွန်ရမှာကိုလဲ သူကတော့ ကျူးလွန်ဝံ့ပါတယ်။ ဝန်မလေးပါဘူး။ ဒီလို ပုဂ္ဂိုလ်ကို အပါးလှယ်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အပါး

အခု တရားနာသယင်း ခန္ဓာကိုယ် ညဏ်ရောက်အောင် လက်တွေ့ ကိုယ်တွေ့ တရားအားထုတ်စေလိုသေးလို့ပါပဲ။ ဒါမှလဲ နှစ်ဖက် မြင်ပုဂ္ဂိုလ်ကို ဆည်းကပ်ရာရောက်မယ်။ မိမိကိုယ်တိုင်လဲ နှစ်ဖက် မြင်ပုဂ္ဂိုလ် ဖြစ်ရမယ်။ အခုတရားအားထုတ်ပွဲကို အဆိုကလေး များနဲ့ စတင်ဖွင့်လှစ်ကြပါစို့။ ကဲ-လိုက်ဆိုကြ။

## သတိပဋ္ဌာန်ကျင့်ရန် တိုက်တွန်း

၁။ ရုပ်နာမ်ဓမ္မ သင်္ခါရ မချမမြဲပေ။
၂။ ဖြစ်ခြင်းပျက်ခြင်း ဖြစ်ပျက်ခြင်း မယွင်းပုံသေသေ။
၃။ ဖြစ်၍ပြီးပြန် ရုပ်နှင့်နာမ် အမှန်ချုပ်ကြပေ။
၄။ ထိုရုပ်ထိုနာမ် ချုပ်ရာမှန် နိဗ္ဗာန်ချမ်းသာပေ။
၅။ ချုပ်ရာနိဗ္ဗာန် ရောက်ဖို့ရန် သတိပဋ္ဌာန်တရားကို ကျင့် ကြလေ။

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရချင်ရောက်ချင်လို့ရှိယင် သတိပဋ္ဌာန်တရားကို ပွားများကြိုးကုတ် အားထုတ်ပါလို့ ဆိုလိုပါတယ်။

## နေရာသုံးမျိုး

တောထဲသွား၍ တရားမွေ့နိုင်တယ်။
သစ်ပင်အရင်း ချဉ်းကပ်ထုတ်နိုင်တယ်။
ဆိတ်ငြိမ်ရာကျောင်း ကိန်းအောင်းအားထုတ်နိုင်တယ်။
ဤသုံး၀ ဗုဒ္ဓမိန့်ခဲ့တယ်။

တောထဲသွားရောက်ပြီးဖြစ်ဖြစ်၊ သစ်ပင်ရင်း သစ်ပင်အောက် ဝင်ရောက်ပြီးတော့ ဖြစ်ဖြစ် ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်း ကိန်းအောင်းပြီးတော့ ဖြစ်ဖြစ်၊ ဒီနေရာသုံးမျိုးထဲက မိမိကြိုက် နှစ်သက်တဲ့ တနေရာရာကို ရွေးချယ်ပြီး တရားအားထုတ်နိုင် တယ်လို့ မြတ်စွာဘုရားက ညွှန်ကြားတော်မူခဲ့ပါတယ်။

## ထိုင်ပုံထိုင်နည်း

အောက်ပိုင်း ခန္ဓာကိုယ်က တင်ပလ္လင်ခွေ။
အထက်ပိုင်း ခန္ဓာကိုယ်က ဖြောင့်ဖြောင့်မတ်မတ်နေ။
အောက်ပိုင်း ခန္ဓာကိုယ်က ပုဆစ်တုပ်လျက်နေ။
အထက်ပိုင်း ခန္ဓာကိုယ်က ဖြောင့်ဖြောင့်မတ်မတ်နေ။
မှတ်မည့်နေရာ သတိပြု၍ မှတ်စိတ်ရှေးရှုပို့ထားလေ။
ဤပုံဤနည်း ဤသို့မျှား ဘုရားမိန့်ခဲ့ပေ။

မဟာကရုဏာတော်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားက မဟာကရု ဏာတော်ရှင်ပီပီ သားတော်သမီးတော်တွေကို ဘယ်လိုနေ ဘယ် လိုထိုင်လို့ ကောင်းမွန်တဲ့ ဣရိယာပုတ်နဲ့ နေထိုင်ဖို့ရာ အသေး စိတ် ညွှန်ကြားတော်မူခဲ့ပါသေးတယ်။

## ဤနည်းဖြင့်သာ အားထုတ်ပါ

အကြင်နည်းအရ ကျင့်ကြလေလျှင်။
အကုသိုလ်များ မပွားကင်းစင်။
ကုသိုလ်တရား တိုးပွားစည်ပင်။
ထိုနည်းအရ ကျင့်ကြများလူရှင်။

အန္ဓဥ္စ ကေဏကက္ခုဥ္စ၊
အာရကာ ပရိဝဇ္ဇယေ။
ဒွိစက္ခုံ ပန သေဝေထ၊
သေဋ္ဌံ ပုရိသပုဂ္ဂလံ။

ဟောဒီနောက်ဆုံး ဂါထာတပုဒ်နဲ့ မြတ်စွာဘုရားက ဘယ်ပုဂ္ဂိုလ်ကို ရှောင်ရကြဉ်ရမယ်၊ ဘယ်ပုဂ္ဂိုလ်ကိုပေါင်းရ သင်းရမယ်ဆိုတာကို ညွှန်တန်းဥပဒေအဖြစ်နဲ့ အထွဋ်တင်ဖော်ပြတော်မူလိုက်ပါတယ်။

အန္ဓဥ္စ-မျက်စိနှစ်လုံး ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော အန္ဓခေါ်ဆို မျက်မမြင် ပုဂ္ဂိုလ်ကိုဎင်း၊ ကေဏကက္ခုဥ္စ-မျက်စိတဖက်ကသာ မြင်ရလျက် ကျန်မျက်စိတဖက်က ဘိတ်ဘိတ်တုံး လုံးဝမမြင်ရသော ကေဏကက္ခုခေါ်ဆို တဖက်မြင် ပုဂ္ဂိုလ်ကိုဎင်း၊ အာရကာ ပရိဝဇ္ဇယေ-အဝေးမှခွါ ရှောင်ကြဉ်ရာ၏။

အန္ဓခေါ်တဲ့ မျက်မမြင်ပုဂ္ဂိုလ်၊ ကေဏကက္ခုခေါ်တဲ့ တဖက်မြင် ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်နှစ်ယောက်ကို အဝေးကခွါပြီးရှောင်ကြဉ်ပါတဲ့။ အပေါင်းအသင်း အဆက်အဆံ မပြုလုပ်ပါနဲ့လို့ ဆိုလိုပါတယ်။ အဲဒီပုဂ္ဂိုလ် နှစ်ယောက်ကို သွားပြီးပေါင်းသင်းဆက်ဆံမိယင် "မဲနဲ့နီးပါး အတူထားက နီပါးမဲခစ်နံ့"ဆိုတာလို ကိုယ်ပါ ဒုက္ခရောက်သွားတတ်ပါတယ်။

ဒွိစက္ခုံ ပန သေဋ္ဌံပုရိသပုဂ္ဂလံ- မျက်စိနှစ်ဖက် အကောင်းသက်သက်ဖြစ်သော ဒွိစက္ခုခေါ်ဆို နှစ်ဖက်မြင်ယောကျ်ားမြတ်ပုဂ္ဂိုလ်ကိုမူကား၊ ဝါ နှစ်ဖက်မြင် ယောကျ်ားမြတ် ပုဂ္ဂိုလ်ကို

သာလျှင်၊ သေဝေဘ- မကွစမကွဲ၊ အရှည်တွဲ၍ မှိဝဲဆည်းကပ်ရာ တော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒွိစကွာခေါ်တဲ့ နှစ်ဖက်မြင် ပုဂ္ဂိုလ်ကိုသာ မှီဝဲဆည်းကပ်ရမယ်တဲ့။ ပေါင်းသင်းဆက်ဆံရမယ်လို့ ဆိုလိုပါတယ်။ နှစ်ဖက်မြင် ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ် ပေါင်းသင်းဆက်ဆံလို့ရှိယင် ဒီလောကမှာလဲ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေနဲ့ မြဲစုံနေခင်တမလွန် လောကမှာလဲ သုဂတိဘုံရောက် ဝမ်းမြောက်စရာ လောကသံသရာ နှစ်ဖြာအကျိုး ပွားတိုးစေနိုင်ပါတယ် - တဲ့။

[ဋ္ဌတိ-ဤတွင် ပြီးပြီ။]

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အနုသုတ်၊ မျက်မမြင် တရားတော်၊ သို့မဟုတ် ပုဂ္ဂိုလ်သုံးမျိုး တရားတော် ဒီမှာဘဲ အပြေအစုံ အကုန်ပီးဆုံးပီလို့ သံဂါယနာတင် အရှင်မြတ်များက "ဋ္ဌတိ"ဆိုတဲ့ စာတပုဒ်နဲ့ နိဂုံးချုပ်တော် မူလိုက်ကြပါတယ်။

## (၉)

## လက်တွေ့ တရားအားထုတ်နည်း

ဒီကနေ့ ဒီတရားပွဲမှာတော့ ဒါလောက်နဲ့ နိဂုံးချုပ် ရပ်သိမ်းလိုက်လို့ မဖြစ်သေးဘူး။ ဘာပြုလို့လဲဆိုတော့ တရားနာယင်း တရားအားထုတ်၊ တရားအားထုတ်ယင်း တရားနာ ဆိုတာလို

ကြပါတယ်။ ပြီးတော့ ခါးကိုဆန့်ထားကြပါ။ မျက်စိနှစ်လုံးကို မှိတ်ထားကြပါ။ အသက်ကိုမှန်မှန်ရှူနေကြပါ။ ဝင်လေကြောင့် ဗိုက်က ဖောင်းလာတယ် အဲဒီဖောင်းလာတာကို သိအောင် ဖောင်းတယ်လို့ စိတ်ဆိုကလေးနဲ့ ဆိုလိုက်ကြပါ။ အဲဒါကို မှတ်တယ်လို့ သုံးပါတယ်။ ထွက်လေကြောင့် ဗိုက်က ပိန်သွားတယ်။ အဲဒီ ပိန်သွားတာကို သိအောင် ပိန်တယ်လို့ စိတ်ဆိုကလေးနဲ့ ဆိုလိုက်ကြပါ။ အဲဒါကို မှတ်တယ်လို့ သုံးပါတယ်။ အဲဒီလို ဖောင်းတိုင်း ပိန်တိုင်း "ဖောင်းတယ်။ ပိန်တယ်။ ဖောင်းတယ်။ ပိန်တယ်"လို့ အမြဲတစေ မှတ်နေကြပါ။

တခါတရံ စိတ်က တနေရာရာကို ရောက်နေတတ်တယ်။ အာရုံတခုခုကို ကြံစည်စိတ်ကူးနေတတ်တယ်။ အဲဒီလို ရောက်နေယင်၊ အဲဒီလို ကြံစည် စိတ်ကူးနေယင် ဖောင်းတာပိန်တာကို အသာလွှတ်ထားပြီးတော့ ရောက်တဲ့စိတ်၊ ကြံစည် စိတ်ကူးတဲ့စိတ်ကို "ရောက်တယ်။ ရောက်တယ်။ ကြံစည်တယ်။ ကြံစည်တယ်။ (သို့မဟုတ်) စိတ်ကူးတယ်။ စိတ်ကူးတယ်"လို့ မှတ်ကြပါ။ နောက်-ဖောင်းတာ ပိန်တာကို ပြန်ပြီး မှတ်ကြပါ။

တခါတရံ ခန္ဓာကိုယ်က ညောင်း၊ ကိုက်၊ ပူ၊ ကျင်၊တောင့်၊ အောင့်လာတတ်ပါတယ်။ အဲဒီလို ညောင်း၊ ကိုက်၊ ပူ၊ ကျင်၊ တောင့်၊ အောင့်လာယင် ဖောင်းတာ ပိန်တာကို အသာလွှတ်ထားပြီးတော့ "ညောင်းတယ်။ ညောင်းတယ်။ ကိုက်တယ်။ ကိုက်တယ်။ ပူတယ်။ ပူတယ်။ ကျင်တယ်။ ကျင်တယ်။ တောင့်တယ်။ တောင့်တယ်။ အောင့်တယ်။ အောင့်တယ်"လို့ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို ဖြစ်ပေါ်သလို သိအောင် စိတ်ဆို

ကလေးနဲ့ဆိုပြီး မှတ်ကြပါ။ နောက်-ဖောင်းတာ ပိန်တာကို ပြန်ပြီ မှတ်ကြပါ။

တခါတရံ နားထဲမှာ ဆိုင်းသံ ဗုံသံ ကားသံ စက်သံ ငှက်သံ လူသံ အစရှိတဲ့(ဘယ်အသံမျိုးကိုမဆို) အသံတွေကို ကြားလို့ရှိယင် ဖောင်းတာ ပိန်တာကို အသာလွှတ်ထားပြီးတော့ "ကြားတယ်။ ကြားတယ်"လို့ မှတ်ကြပါ။ နောက်-ဖောင်းတာ ပိန်တာကို ပြန်ပြီး မှတ်ကြပါ။

တခါတရံ လက်တို့ ခြေတို့က ကွေးချင် ဆန့်ချင်တဲ့ စိတ်တွေ၊ ခေါင်းကလဲ ငုံ့ချင် မော့ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာယင် ဖောင်းတာ ပိန်တာကို အသာလွှတ်ထားပြီးတော့ ကွေးချင် ဆန့်ချင်တဲ့စိတ်၊ ငုံ့ချင် မော့ချင်တဲ့စိတ်ကို "ကွေးချင်တယ်။ ကွေးချင်တယ်။ ဆန့်ချင်တယ်။ ဆန့်ချင်တယ်။ ငုံ့ချင်တယ်။ ငုံ့ချင်တယ်။ မော့ချင်တယ်။ မော့ချင်တယ်"လို့ စိတ်ဆိုကလေးနဲ့ ဆိုပြီး မှတ်ကြပါ။ အဲဒီအမှတ်ကလေးတွေက စိတ်အမှတ်ကလေးတွေဆိုတော့ မှတ်ရတာ သိပ်မလွယ်လှဘူး။ ဒါပေမဲ့ ကြိုးစားမှတ်ယင် ဖြစ်ပါတယ်။ ဒီလို ကွေးချင်ဆန့်ချင် ငုံ့ချင် မော့ချင်ရုံသာမကပဲ တကယ်ကွေးဆန့် တကယ်ငုံ့ မော့လာလို့ရှိယင် "ကွေးတယ်။ ကွေးတယ်။ ဆန့်တယ်။ ဆန့်တယ်။ ငုံ့တယ်။ ငုံ့တယ်။ မော့တယ်။ မော့တယ်"လို့ မှတ်ကြပါ။ နောက်—ဖောင်းတာ ပိန်တာကို ပြန်ပြီး မှတ်ကြပါ။

ဒီလိုဆိုင်နေတဲ့ ဣရိယာပုထ်အတွင်းမှတော့ ဒါလောက်ပဲ မှတ်စရာ ရှိပါတယ်။ ဒီမှတ်စရာတွေကို အမြဲတစေ မှတ်နေကြရပါတယ်။ ကဲ-တရားနာယင်း တရားမှတ်။ တရားမှတ်ယင်း တရားနာနေကြပါ။ နာယင်းမှတ်။ မှတ်ယင်း နာနေကြပေါ့။

ဒီဆောင်ပုဒ်ကတော့ မိမိအားထုတ်တဲ့ တရားဟာ အကုသိုလ် မဖြစ်ဖူး။ ကုသိုလ်တရားတွေ တိုးပွားတယ်ဆိုယင် ဒီနည်းဒီလမ်းဟာ ဟုတ်ပြီ့နိုင်ပြီ လူ့ဆရာရှင်ရောအားထုတ်ပါလို့ တိုက်တွန်းလိုက်တာပါပဲ။

## လက္ခဏာတရား ပွားများရကျိုး

၁။ အနိစ္စဟုသာ ရှုမှတ်ပါ နှစ်ဆယ့်ရှစ်ကမ္ဘာတိုင်။

၂။ ဒုက္ခဟုသာ ရှုမှတ်ပါ တဆယ့်ခုနစ်ကမ္ဘာတိုင်။

၃။ အနတ္တာဟုသာ ရှုမှတ်ပါ နှစ်ဆယ်ကမ္ဘာတိုင်။

၄။ ဘာဝနာရှုပွား ပါယ်လေးပါး မလာမရောက်နိုင်။

၅။ ပါယ်လေးပါးကို မလာလို ပျိုအိုတရားထိုင်။

အပါယ်လေးပါးကို မလာလို မရောက်လိုလို့ရှိယင် အပျိုရော အအိုရော ယောကျ်ားရော မိန်းမရော ရဟန်းရော ရှင်ရော တရားအားထုတ်ရမယ်လို့ ဆိုလိုပါတယ်။ တရားအားထုတ်လို့ရှိယင် မဂ်ဘရားဖိုလ်တရားကို ရနိုင်ပါတယ်။ တကယ်လို့ ပါရမီ မပြည့်စုံသေးလို့ မဂ်တရား ဖိုလ်ဘရားကို မရနိုင်သေးတောင်မှ အနိစ္စလို့ ရှုမှတ်ပွားများ အားထုတ်ရတဲ့အတွက် နှစ်ဆယ့်ရှစ်ကမ္ဘာတိုင်တိုင်၊ ဒုက္ခလို့ ရှုမှတ်ပွားများ အားထုတ်ရတဲ့ အတွက် တဆယ့်ခုနစ်ကမ္ဘာတိုင်တိုင် အနတ္တာလို့ ရှုမှတ်ပွားများ အားထုတ်ရတဲ့အတွက် ကမ္ဘာနှစ်ဆယ်တိုင်တိုင် အပါယ် မလာနိုင်ဘူးတဲ့။ ဒါဟာ ဘာဝနာကို ရှုမှတ်ပွားများ အားထုတ်ခြင်းကြောင့် ရရှိတဲ့အကျိုးပါပဲတဲ့။

အနိစ္စာ အဋ္ဌဝိသတိ ကပ္ပါနိ၊
ဒုက္ခာ သတ္တရသ ကပ္ပါနိ၊
အနတ္တာ ဝိသတိ ကပ္ပါနိ၊
ဘာဝနာယ မိဒံ ဖလံ။

အနိစ္စာ-အနိစ္စဟု ရှုမှတ်ပွားများ အားထုတ်ရလျှင်၊ အဋ္ဌဝိသတိ ကပ္ပါနိ-နှစ်ဆယ့်ရှစ်ကမ္ဘာတိုင်တိုင် အပါယ်မလားနိုင်။ ဒုက္ခာ-ဒုက္ခဟု ရှုမှတ်ပွားများ အားထုတ်ရလျှင်၊ သတ္တရသ ကပ္ပါနိ-တဆယ့်ခုနစ် ကမ္ဘာတိုင်တိုင် အပါယ် မလားနိုင်၊ အနတ္တာ-အနတ္တဟု ရှုမှတ်ပွားများ အားထုတ်ရလျှင်၊ ဝိသတိ ကပ္ပါနိ-ကမ္ဘာနှစ်ဆယ် တိုင်တိုင် အပါယ်မလားနိုင်။ ဣဒံ-နှစ်ဆယ့်ရှစ်ကမ္ဘာ၊ တဆယ့်ခုနစ်ကမ္ဘာ၊ ကမ္ဘာနှစ်ဆယ်တိုင်တိုင် အပါယ်မလားနိုင်သော ဤအကျိုးသည်၊ ဘာဝနာယ-အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်ပွားများ အားထုတ်ရခြင်း၏၊ ဖလံ အကျိုးတည်း။

ဗုဒ္ဓမြတ်စွာ သာသနာတော်ဝင် သူတော်စင် အပေါင်းတို့၊ အခုအချိန်ကစပြီး ဘုန်းကြီးက လက်တွေ့ တရားအားထုတ်နည်း အလုပ်ပေးတရားကို ညွှန်ကြားပါတော့မယ်။ အထူးဂရုစိုက်ပြီး နားထောင်ကြပါ။

ကဲ-အမျိုးသားတွေက တင်ပလ္လင်ခွေကြပါ၊ အမျိုးသမီးတွေက ပုဆစ်တုပ်လျက် နေကြပါ၊ လက်ကို ဒူးပေါ်ပေါင်ပေါ်မှာ သင့်လျော်အောင် ထားကြပါ၊ လက်နှစ်ဖက်က ဒူးနှစ်ဖက်ပေါ်မှာ အုပ်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်ယင် ပေါင်ပေါ်မှာ လက်တင်ပြီး လက်ဝါးလက်ဝါးချင်း ထပ်လို့ပဲဖြစ်ဖြစ် ထားနိုင်

မြတ်စွာဘုရားလက်ထက်တော်က ဒီလို နာယင်းမှတ်၊ မှတ်ယင်း နာနေကြတဲ့ သူတွေဟာ ဒေသနာတော်လဲဆုံးရော သောတာပန် အစရှိတဲ့ ပုဂ္ဂိုလ်တွေလဲ ဖြစ်သွားကြပါရော။ ကိုင်း-သောတာ ပန်တွေ ဖြစ်သွားအောင် မှတ်နေကြပါ။ ကဲ-၃-မိနစ်လောက် မှတ်နေကြပါ။

(မှာထားချက်။ ။၃ မိနစ်လောက် အမှတ်ခိုင်းထားပါ။)

ကဲ-၃ မိနစ်စေ့ပြီ၊ ဒီလိုတရားနာယင်း တရားမှတ်၊ တရား မှတ်ယင်း တရားနာနေကြလို့ရှိယင် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီး သိနိုင်ကြပါတယ်။ ရုပ်နာမ်နှစ်ပါးဟာ ဖြစ်ပြီးပျက်နေတာပဲ၊ အမြဲတာရှည်မနေဘူး၊ဝါ-မမြဲဘူးလို့ဆိုတဲ့ အနိစ္စသဘောကို ပေါ်ပေါ်ပေါ်လွင် သိမြင်နိုင်ကြပါတယ်။ အမြဲတစေ ဖြစ်ခြင်း ပျက်ခြင်းတို့ရဲ့ အနှိပ်အစက်ကို ခံနေကြရတဲ့အတွက် ဆင်းရဲတာ ပဲလို့ဆိုတဲ့ ဒုက္ခသဘောကိုလဲ ပေါ်ပေါ်ပေါ်လွင် သိမြင်နိုင်ကြပါ တယ်။ ဒီလို မမြဲတာ၊ ဒီလို ဆင်းရဲတာတွေဟာ ကိုယ်ဖြစ်လို့ဖြစ်ရ တာမဟုတ်ဖူး။အမှန်စင်စစ်မှာတော့ အစိုးမပိုင်လို့သာဖြစ်ရတာပဲ လို့ဆိုတဲ့ အနတ္တသဘောကိုလဲ ပေါ်ပေါ်ပေါ်လွင် သိမြင်နိုင်ကြ ပါတယ်။ အဲဒီလို အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ပေါ်ပေါ် ပေါ်လွင် သိမြင်ကြလို့ရှိယင် ဉာဏ်အစဉ်တတ်ပြီး တမဂ်တဖိုလ် ကို ရနိုင်ပါတယ်။ (ဉာဏ်အစဉ်တတ်သွားတယ်ဆိုတာ အနိစ္စ ဒုက္ခအနတ္တကို သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ်ကစပြီး ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနု လောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ပစ္စဝေက္ခ

ဏာဉာဏ်၊ဒိဉာဏ်တွေ အစဉ်အတိုင်း တတ်သွားတယ်လို့ ဆိုတာ ပါပဲ။) အဲဒီအခါမှာအင်မတန်ကြောက်စရာကောင်းတဲ့ အပါယ်ဘေးကြီးက လွတ်ပါကျွတ်ပါ အမှန်ပြတ်ပါလို့ မှတ်ကြရပါတယ်။

သောတာပန်အကျိုး

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။

မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးရဲ့သား ကာလအမည်ရှိတဲ့သူကို အကြောင်းပြုပြီး သောတာပတ္တိဖိုလ်ရဲ့ အကျိုးတရားကို ဟောကြားချီးမြှင့်တော် မူလိုက်ပါတယ်။

ပထဗျာ ဧကရဇ္ဇေန-လေးကျွန်းလုံး ကုန်အစင် မြေအပြင်တခုလုံးကို သိမ်းကြုံးအုပ်ချုပ် မင်းလုပ်ရသော စကြဝတေးမန္ဓာတ်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်ရင်း၊ သဂ္ဂဿဂမနေန ဝါ-နတ်ခြောက်ရွာနှင့် ဗြဟ္မာနှစ်ဆယ်သို့ တကယ်သွားရောက်၍ မြားမြောက်သောစည်းစိမ်ချမ်းသာကို ခံစားစံစားရသော နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်ရင်း၊ သဗ္ဗလောကာဓိပစ္စေန-နဂါးဂဠုန်ဝေမာနိကဘုံမှစ၍ကမ္ဘာ့လောကကြီးတခုလုံးကို သိမ်းကြုံးလွှမ်းပိုး အုပ်စိုးရခြင်းတည်းဟူသော စည်းစိမ်ချမ်းသာ ထက်ရင်း၊ သောတာပတ္တိ ဖလံ-ဒိဋ္ဌိနှင့် ဝိစိ

ကိစ္စာ နှစ်ပါးကွာသည့် သောတာပတ္တိ-အမည်၂ ထင်ရှား ဖိုလ်တရားသည်၊ ဝရံ-အပါယ်စခန်းမှ တကယ်တန်းလွတ်လပ်သောကြောင့် မြင့်မြတ်လှပါပေတော့သတည်း။

## အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်လင်္ကာ

မန္ဓာတ်စကြာ နတ်ဗြဟ္မာ၏ ကောင်းစွာရိပ်ငြိမ် ဝင်းဝင်းထိန်သည့် စည်းစိမ်ချမ်းသာစံရပါသည်း လေးဖြာပါယ်ဇာတ် မလွတ်လပ်၍ မမြတ်သည်သာ မှတ်ကြရာရှင့်။ သောတာပတ္တိ မည်ရှိထင်ရှား ဖိုလ်ဘရားမှ လေးပါးပါယ်ဇာတ် ကင်းလွတ်သပ်၍ မြင့်မြတ်သည်သာ မှတ်ကြရာ၏။ သူငါကစ ယင်းဖလကို ရကြလိုဘိ သဒ္ဓါရှိလျက် သတိပဋ္ဌာန် အသိဉာဏ်ဖြင့် နည်းမှန်ပိုင်ပိုင် အားထုတ်နိုင်သော် ကိုယ်တိုင်တကယ် ရဘို့လွယ်သည် အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ဝင် သူတော်စင်အပေါင်းတို့၊ အခု သူတော်စင် အပေါင်းတို့ ခန္ဓာကိုယ် ဉာဏ်ရောက်အောင် လက်တွေ့အားထုတ်နေကြရတဲ့ ဝိပဿနာ လုပ်ငန်းစဉ် တရားတွေဟာလေ-အပါယ်ဘေးက ကင်းဝေးလွတ်မြောက် မဂ်ဖိုလ် နိဗ္ဗာန်ကို ကေန် ရောက်စေနိုင်တဲ့ တရားတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်နဲ့ကြုံကြိုက် လူ့ဘဝကို ရနေတဲ့ အခိုက်အတန့်မှာ သူတော်ကောင်းတို့ရဲ့ နိဗ္ဗာန်ရောက် ကြောင်းတရားကို အားရပါးရ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါ ထက်ထက်နဲ့ တက်တက်ကြွကြွ ကြိုးစားအားထုတ်ကြပါ။ နောင်

ကိုလဲ အခွင့်သင့်တိုင်း အခွင့်သင့်တိုင်း ဆက်လက်ပြီး ကြိုးစား အားထုတ်ကြပါလို့ ဘုန်းကြီးက ဆော်ဩတိုက်တွန်း လိုက်ပါ တယ်။

(၈၂)

## တရားသိမ်း

ကဲ-တရားနာယင်း တရားမှတ်၊ တရားမှတ်ယင်း တရားနာ လာကြရတာ (နာယင်းမှတ်၊ မှတ်ယင်း နာလာကြရတာ) ဒါလောက် ဆိုယင် သင့်လျော်ပါပြီ၊ နေ့ပြတိုင်း သက်သက် သာသာနဲ့ နေကြပါတော့။ အခု မိမိတို့ကိုယ်တိုင် ခန္ဓာကိုယ် ညောင်းရောက်အောင် လက်တွေ့ အားထုတ်ခဲ့ကြရတဲ့ ဓမ္မာနုဓမ္မ ပဋိပတ်ကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခ ဘေးတို့မှ ကင်းဝေးလွတ်မြောက်ပို့ရာ ဆုတောင်းပြီးတော့ မိမိ တို့ကိုယ်တိုင် ခန္ဓာကိုယ်ညောင်းရောက်အောင် လက်တွေ့ အားထုတ် ခဲ့ကြရတဲ့ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ဘုရားတကြိမ်၊ တရားတကြိမ်၊ သံဃာတကြိမ် ပူဇော်ပြီးတော့ သုံးဆယ့်တဘုံ ကျင်လည်ကြတဲ့ ဝေနေယျသတ္တဝါ အပေါင်းတွေကို ကိုယ်နဲ့ထပ်တူ အဖို့ဘာဂ အမျှရကြပါစေလို့ အမျှဝေ။ အဲဒီလို ဆုတောင်းခြင်း၊ ရတနာ သုံးပါးကို ပူဇော်ခြင်း၊ အမျှဝေခြင်းတို့ဖြင့် ဒီတရားပွဲကို နိဂုံး ချုပ် ရုတ်သိမ်းကြရအောင်။

## ဆုတောင်း

မုချကေန် ဇာမုန်မချတ် ဤအကျင့်မြတ်ကြောင့် နောက်ထပ် တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးလွတ် မြောက်ကြရပါလို၏ အရှင်ဘုရား။

## ရတနာသုံးပါးပူဇော်

(၁) လောကုတ္တရာတရား ကိုးပါးအား လျှော်သော ဤအကျင့်မြတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။

(၂) လောကုတ္တရာတရား ကိုးပါးအား လျှော်သော ဤအကျင့်မြတ်ဖြင့် တရားတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

(၃) လောကုတ္တရာတရား ကိုးပါးအား လျှော်သော ဤအကျင့်မြတ်ဖြင့် သံဃာတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

### အမျှဝေ

ဤကုသလ ဖို့ဘာဂကို မိဘဆရာ ဉာတကာနှင့် များစွာဝေဝေနေ ပေးငှဝေ၏၊ ရစေအမျှ ယူကုန်ကြ၍ ရှင်ပြဝမ်းသာ ကြည်နူးစွာလျှင် မကြာယခု ဝေနေစုတို့ သာဓုခေါ်ကြပါကုန်လော။ သာဓု၊ သာဓု၊ သာဓု၊

[ဤတွင် အနုသုတ် မျက်မမြင် တရားတော် ပြီးပြီ။]

# ၂

# ဇရာမရဏသုတ်

## (အိုခြင်း သေခြင်း မလွတ်ကင်းနိုင် တရားတော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က)

### ကျမ်းညွှန်းတရားပလ္လင်ခံ

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

ပါဝဠိနလို့ဆိုတဲ့ မြတ်စွာဘုရား ဟောကြားတော် မူခဲ့တဲ့ တရားဒေသနာတော်တွေကို စုပေါင်းဖွဲ့စည်းလိုက်တဲ့ အခါမှာ နိကာယ်ငါးရပ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ အဲဒီ နိကာယ် ငါးရပ်ထဲမှာလဲ သံယုတ္တနိကာယ်ဆိုတာ ရှိပါတယ်။ အဲဒီ သံယုတ္တနိကာယ်ထဲမှာလဲ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ဆိုတာ

ရှိပါတယ်။ အဲဒီ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်ထဲမှာလဲ ကောသလ သံယုတ်ဆိုတာ ရှိပါတယ်။ အဲဒီ ကောသလသံယုတ် ထဲမှာလဲ ဇရာမရဏသုတ်ဆိုတာ ရှိပါတယ်။ အခု ဘုန်းကြီး ရွတ်ဆိုလိုက်တဲ့ တရားဂါထာဟာ ဇရာမရဏသုတ်ထဲက ဖြစ် ပါတယ်။

ဇရာမရဏဆိုတာ ဗမာလိုတော့အိုခြင်းသေခြင်းလို့အဓိပ္ပါယ် ရပါတယ်။ အပြေအစုံ ဆိုလိုတာကတော့ အိုခြင်း သေခြင်း မလွတ်ကင်းနိုင်ဘူးလို့ ဆိုလိုပါတယ်။ ဒီတရားထဲမှာ နာခြင်းဆို တာတော့ မပါဘူး။ ဘာပြုလို့ မပါသလဲဆိုတော့ နတ်ဗြဟ္မာ တွေဟာနာခြင်းမထင်ရှားလို့ နတ်ဗြဟ္မာတွေကိုငဲ့ပြီး နာခြင်းမပါ တာပဲလို့ ယူဆဖွယ် ရှိပါတယ်။

ဒီဇရာမရဏသုတ်-(အိုခြင်း သေခြင်း မလွတ်ကင်းနိုင်) ဆိုတဲ့ တရားကို ဗုဒ္ဓမြတ်စွာ သာသနာတော် ၂၅၁၉-ခုနှစ်၊ လူတို့ ဝေါဟာ ဂေါဇာ သက္ကရာဇ် ၁၃၃၇-ခုနှစ် တပေါင်းလဆန်း ၅-ရက်၊ ကြာသပတေးနေ့၊ နေ့လယ် ၁၂-နာရီအချိန်၊

မန္တလေးမြို့ နန်းတော်ရှေ့ သက်ပန်းတိုက် ရွှေစည်သာသနာ့ ရိပ်သာ ရွှေစည်ဓမ္မာရုံမှာ တိုင်းပြည့်တာဝန်ကို ထမ်းဆောင် ယင်း ရွှေတန်းမှာ ကျဆုံးသွားရှာတဲ့ ဗိုလ်ကြီးသောင်းယဉ်ရဲ့ ၃-လပြောက် အထိမ်းအမှတ်အဖြစ် ကုသိုလ်ကောင်းမှုပြုခြင်းကို အကြောင်းပြုပြီး ဟောမယ်လို့ ဘုန်းကြီးဟောမယ့် တရားကို စောစောစီးစီး ကြိုတင်ပြီး တရားနာပရိသတ်ကို အသိပေးကျေ ညာပါတယ်။

မှတ်ထားကြပါ၊ဇရာမရဏသုတ်တဲ့၊ အိုခြင်းသေခြင်း မလွတ် ကင်းနိုင်တဲ့ တရားတော်-တဲ့။

ဘုန်းကြီးက ဒီတရားကို ဘာ့ကြောင့်ဟောချင်ရသလဲဆိုတော့ အကြောင်းရှိပါတယ်။ အကြောင်းကတော့ ဒီလိုပါ။ ဟောချင်ရခြင်းရဲ့ အဓိကအကြောင်းရင်းကို နဲနဲပါးပါး ပြောပြပါအုံးမယ်။ လောကမှာ လူတိုင်း လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ အိုရနာရ သေရမှာကို ကြောက်တယ်မဟုတ်လား။ ကြောက်ပေမယ့် ဒီတရားတွေက ဘယ်လိုနည်းနဲ့မှ မလွတ်နိုင်ဘူးဆိုတာကိုလဲ သိတယ်မဟုတ်လား။ မလွတ်နိုင်တဲ့ အတူတူတော့ ဒီတရားတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ရဲရဲဝံ့ဝံ့ကြီး ရင်ဆိုင်နိုင်အောင် အခုကတဲက ကြိုတင်ပီး အလေ့အကျင့်ပြုထားဘို့ရာကောင်းတယ်မဟုတ်လား။ အခုဘုန်းကြီးဟောမယ့် ဇရာမရဏသုတ်(အိုခြင်းသေခြင်း မလွတ်ကင်းနိုင်)ဆိုတဲ့တရားဟာ အိုနာသေရေး ဒုက္ခဘေးတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ရဲရဲဝံ့ဝံ့ကြီး ရင်ဆိုင်နိုင်ဖို့ရာအတွက် ဝါ-ကြိုတင်ပီး အလေ့အကျင့် ပြုထားဖို့ရာအတွက် အကွက်ကောင်း အချက်ကောင်းတွေ ပါပါတယ်။ ဒါကြောင့် ဘုန်းကြီးက ဒီတရားကို ဟောကြားချင်ရခြင်း ဖြစ်ပါတယ်။ ပီးတော့ လေးလေးနက်နက် တိုက်တွန်းချင်တာတခု ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုရင် ဒီတရားကို အပီးအဆုံးထိအောင် နာကြားပီးတော့ ဒီတရားက ညွှန်ပြတဲ့အတိုင်း လိုက်နာကျင့်သုံးသွားကြပါလို့ ဆိုတာပါဘဲ။

ဒီတရားကို မြတ်စွာဘုရားက ဘယ်သူ့ကို အကြောင်းပြုပီး ဟောကြား ချီးမြှင့်တော်မူသလဲဆိုတော့ သာဝတ္ထိပြည်ကြီးရဲ့ အရှင် ဘုရင်ပသေနဒီ ကောသလမင်းတရားကြီးကို အကြောင်းပြုပီး ဟောကြားချီးမြှင့်တော်မူပါတယ်။

## (၈)

## ဘုရားနဲ့ ကောသလ

အခါတပါးမှာ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋီ၌ စံနေတော်မူတယ်တဲ့။ အဲဒီတုန်းက ကောသလမင်းကြီး ဘုရားရှင်ထံ ...

အခါတပါးမှာ ဣဿရိယ စသည်ခြောက်ပုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိ မြို့နဲ့ ဇေတဝန်ရွှေကျောင်း ကိန်းအောင်းမွေ့လျော် စံနေ တော်မူတယ်တဲ့။

တခါနှံမှာ အဝိဇ္ဇာ ယျ သုံးလောကထွဋ်ထား သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ရှေ့တော်မှောက် ဘယ်သူရောက်နေသလဲဆို တော့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလမင်း တရားကြီး ရောက်နေတယ်။ မင်းတရားကြီးက မြတ်စွာဘုရားကို ရိုသေမြတ်နိုး လက်ပံ့မိုး ရှိခိုးပူဇော်ဖူးမြော်မာန်လျော့ ကန်တော့ ပြီးတော့ သင့်လျော်တဲ့နေရာ တနေရာမှာ ထိုင်နေတယ်။ ထိုင် နေပြီးတော့ "အတ္ထိ နု ခေါ ဘန္တေ ဇာတဿ အညတြ ဇရာမရဏာ" လို့ မြတ်စွာဘုရားကို လျှောက်ထားလိုက်တယ်။

ဘန္တေ- ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ဇာတဿ- ဖြစ်သောသူ၏၊ ဇရာမရဏာ-အိုခြင်းသေခြင်းမှ၊ အညတြ-ကင်း လွတ်၍၊ အတ္ထိ နု ခေါ-မုချကေန် အမှန်ရှိပါသလော။

"မြတ်စွာဘုရား-ဖြစ်ပေါ်လာတဲ့ သတ္တဝါ တဦးတယောက် ဟာ အိုခြင်းသေခြင်းက ကင်းလွတ်တယ်ရယ်လို့ ကေန်မုချ ရှိပါ သလားဘုရား။

နတ္ထိ ခေါ မဟာရာဇ ဇာတဿ အညတြ ဇရာမရဏာ။

မြတ်စွာဘုရားက သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီ ကောသလမင်းကြီးကို ပြန်ပြီးမိန့်မြွက်တော်မူလိုက်တဲ့ စကားရပ် ပါဘဲ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ဇာတဿ-ဖြစ်သောသူ၏၊ဇရာမရဏာ-အိုခြင်းသေခြင်းမှ၊အညတြ-ကင်းလွတ်၍၊ နတ္ထိ ခေါ-မရှိရိုးကေန် မှန်လှပေ၏။

"မင်းကြီး- ဖြစ်ပေါ်လာတဲ့ သတ္တဝါတဦးတယောက်ဟာ အိုခြင်း သေခြင်းက ကင်းလွတ်တယ်ရယ်လို့ ကေန်မုချ ရှိကို မရှိဘူး" အဲဒီလို မိန့်မြွက်တော်မူပြီးတော့ မြတ်စွာဘုရားက နောက်ထပ်တဖန် ဆက်လက်ပြီး မိန့်မြွက်တော်မူပြန်ပါသေးတယ်။

(၈)

မင်းတွေလဲ အိုရသေရတယ်

ယေပိ တေ မဟာရာဇ ခတ္တိယမဟာသာလာ၊ အဍ္ဍာ မဟဒ္ဓနာ, မဟာဘောဂါ, ပဟူတ ဇာတရူပ ရဇတာ, ပဟူတဝိတ္တူပကရဏာ, ပဟူတဓနဓညာ,၊ တေသမ္ပိ ဇာတာနံ နတ္ထိ အညတြ ဇရာမရဏာ။

မဟာရာဇ-မြတ်သောကောသလမင်းကြီး၊အဍ္ဍာ-ကြွယ်ကြွယ်ဝဝ ချမ်းသာကြကုန်သော၊ မဟဒ္ဓနာ-များသော ဉစ္စာရှိကြကုန်သော၊ မဟာဘောဂါ-များသောစည်းစိမ် ရှိကြကုန်သော၊ ပဟူတ ဇာတရူပရဇတာ-များသော ရွှေငွေ ရှိကြကုန်သော၊ ပဟူတ ဝိတ္တူပကရဏာ-များသော အသုံးအဆောင်ရှိကြကုန်

သော ပဟူဘဓနေ့ ပညာ-များသော ဥစ္စာစပါး ရှိကြကုန်သော၊ ယေပိဘော ခတ္တိယမဟာသာလာ-အကြင် ခတ္တိယ မဟာသာလ မင်းမျိုးတို့သည်လည်း၊ (သန္တိ-လောကတလ္လာ၌ အထင်အရှား ရှိကြကုန်၏။) ဇေ ၂တာနံ-ဖြစ်ကုန်သော၊တေသမ္ပိ-ထိုခတ္တိယမဟာ သာလ မင်းမျိုးတို့သည်လည်း၊ ဇရာမရဏ-အိုခြင်း သေခြင်းမှ၊ အညတရ-ကင်းလွတ်၍၊ နတ္ထိ-ကောန်မှုချ လုံးဝမရှိပါပေ။

မင်းတရား စဉ်းငေဉ်းစားစားနဲ့ နားထောင်စမ်း။ မင်းရယ်၊ ပုဏ္ဏားရယ်၊ သူကြွယ်ရယ်၊ ရဟန်းရယ်လို့ဆိုတဲ့ ပရိသတ် လေး မျိုးထဲက ကြွယ်ဝ ချမ်းသာခြင်းလို့ဆိုတဲ့ အဍ္ဍဂုဏ်၊ ပစ္စည်းဥစ္စာ တွေ ပေါများခြင်းလို့ဆိုတဲ့ မဟဒ္ဓနဂုဏ်၊ စည်းစိမ်တွေ များ ပြားခြင်းလို့ဆိုတဲ့ မဟာ ဘောဂဂုဏ်၊ ရွှေတွေ့ငွေတွေပေါများ ခြင်းလို့ဆိုတဲ့ ပဟူတဇာတရူပ ရဇတဂုဏ်၊ အသုံးအဆောင်တွေ ပေါများ ခြင်းလို့ဆိုတဲ့ ပဟူဘ ဝိတ္တူပကရဏဂုဏ်၊ ဥစ္စာစပါး တွေ ပေါများခြင်းလို့ဆိုတဲ့ ပဟူတဓနဓညဂုဏ်၊ ဒီဂုဏ်ခြောက် ပါးနဲ့ ပြည့်စုံကြတဲ့ ခတ္တိယ မဟာသာလ မင်းမျိုးတွေ ဆိုတာလဲ လောကတလ္လာမှာ အထင်အရှားရှိကြတယ်။ အဲဒီခတ္တိယ မဟာ သာလ မင်းမျိုးတွေမှာ တနေ့တနေ့ အသပြာရွှေတွေ အတင်း နှစ်ဆယ်၊ အတင်းနှစ်ဆယ် အဝင်ရှိကြတယ်။ တနေ့ တနေ့ အသပြာ ရွှေတွေ အတင်းနှစ်ဆယ်၊ အတင်းနှစ်ဆယ် သုံးစွဲခွင့် ရှိကြတယ်။ ဒီဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံကြတဲ့ (တနေ့ တနေ့ အသပြာရွှေတွေ အတင်းနှစ်ဆယ်၊ အတင်းနှစ်ဆယ် အဝင် အထွက်ရှိကြတဲ့) ခတ္တိယမဟာသာလ မင်းမျိုးတွေ ဆိုတာလဲ အိုခြင်း သေခြင်းက မလွတ်ကင်းနိုင်ကြဘူး။

## (ဃ)

## ပုဏ္ဏားတွေလဲ အိုရသေရတယ်

ယေပိ တေ မဟာရာဇ ဗြဟ္မဏာ မဟာသာလာ၊ အဍ္ဎာ
မဟဒ္ဓနာ မဟာဘောဂါ ပဟူတ ဇာတရူပ ရဇတာ
ပဟူတဝိတ္တူပ ကရဏာ ပဟူတဓနဓညာ၊ တေသမ္ပိ
ဇာတာနံ နတ္ထိ အညတရ ဇရာမရဏာ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ အဍ္ဎ-ကြွယ်ကြွယ်ဝဝ ချမ်းသာကြကုန်သော မဟဒ္ဓနာ-များသော ဥစ္စာရှိကြကုန်သော၊ မဟာဘောဂါ-များသော စည်းစိမ်ရှိကြကုန်သော၊ ပဟူတ ဇာတရူပ ရဇတာ- များသော ရွှေငွေ ရှိကြကုန်သော၊ ပဟူတ ဝိတ္တူပကရဏာ-များသော အသုံးအဆောင် ရှိကြကုန်သော၊ ပဟူတ ဓနဓညာ-များသော ဥစ္စာစပါးရှိကြကုန်သော၊ ယေပိ တေ ဗြဟ္မဏာ မဟာသာလာ-အကြင်ဗြဟ္မဏ မဟာသာလ ပုဏ္ဏားမျိုးတို့ သည်လည်း။ (သန္တိ-လောကတလွှား၌ အထင်အရှား ရှိကြကုန်၏။) ဇာတာနံ- ဖြစ်ကုန်သော၊ တေသမ္ပိ-ထိုဗြဟ္မဏမဟာသာလ ပုဏ္ဏားမျိုးတို့သည်လည်း ဇရာမရဏာ-အိုခြင်း သေခြင်းမှ၊ အညတရ-ကင်းလွတ်၍၊ နတ္ထိ ကေန်မုချ လုံးဝ မရှိပါပေ။

“မင်းတရား-စဥ်းစဥ်းစားစားနဲ့ နားထောင်စမ်း။ မင်းရယ် ပုဏ္ဏားရယ် သူကြွယ်ရယ် ရဟန်းရယ်လို့ဆိုတဲ့ ပရိသတ်လေးမျိုးထဲက ကြွယ်ဝချမ်းသာခြင်းလို့ဆိုတဲ့ အဍ္ဎဂုဏ်၊ ပစ္စည်းဥစ္စာတွေ ပေါများခြင်းလို့ဆိုတဲ့ မဟဒ္ဓနဂုဏ်၊ စည်းစိမ်တွေ များပြား

ခြင်းလို့ဆိုတဲ့ မဟာဘောဂဂုဏ်၊ ရွှေထွေ့ငွေတွေ ပေါများ ခြင်းလို့ဆိုတဲ့ ပဟူဘ ဇာတရူပ ရဇဘာဂုဏ်၊ အသုံးအဆောင် တွေ ပေါများခြင်းလို့ဆိုတဲ့ ပဟူတ ဝိတ္တူပကရဏဂုဏ်၊ ဥစ္စာ စပါးတွေ ပေါများခြင်းလို့ဆိုတဲ့ ပဟူတဓန ဓညဂုဏ်၊ ဒီဂုဏ် ခြောက်ပါးနဲ့ ပြေ့စုံကြတဲ့ ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုးတွေဆို တာလဲ လောကဘသွားမှာ အထင်အရှားရှိကြဘယ်။ အဲဒီ ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားမျိုးတွေမှာ တနေ့ဘနေ့ အသပြာ ရွှေတွေ ဆယ်ဘင်း ဆယ်ဘင်း အဝင်ရှိကြဘယ်။ တနေ့တနေ့ အသပြာရွှေတွေ ဆယ်တင်းဆယ်ဘင်း သုံးစွဲခွင့်ရှိကြတယ်။ အဲဒီ ဂုဏ်ခြောက်ပါးနဲ့ ပြေ့စုံကြတဲ့ (တနေ့ဘနေ့ အသပြာရွှေတွေ ဆယ်ဘင်း ဆယ်တင်း အဝင်အထွက် ရှိကြတဲ့) ဗြာဟ္မဏမဟာ သာလပုဏ္ဏားမျိုးဘွေ ဆိုဘာလဲ အိုခြင်း သေခြင်းက မလွတ် ကင်းနိုင်ကြဘူး။

## (င)

## သူကြွယ်တွေလဲ အိုရသေရတယ်

ယေပိ တေ မဟာဆာဇ ဂဟပတိ မဟာသာလာ အစ္စာ မဟဒ္ဓနာ မဟာဘောဂါ ပဟူဘဇာတရူပရဇဘာ ပဟူဘ ဝိတ္တူပကရဏာ ပဟူပ ဓနဓညာ၊ တေသမ္ပိ ဇာတာနံ နတ္ထိ အညဘရ ဇရာမရဏာ။

မဟာရာဇ- မြတ်သော ကောသလမင်းကြီး၊ အစ္စာ- ကြွယ် ကြွယ်ဝဝချမ်းသာကြကုန်သော၊ မဟဒ္ဓနာ-များသောဥစ္စာ ရှိကြ ကုန်သော၊ မဟာဘောဂါ- များသောစည်းစိမ် ရှိကြကုန်သော၊

ပဟူဘ ဇာတရူပရဇာဘာ- များသော ရွှေငွေ ရှိကြကုန်သော၊ ပဟူဘဝိတ္တူပကရဏာ- များသော အသုံးအဆောင် ရှိကြကုန်သော၊ ပဟူတဓနဓညာ- များသောဥစ္စာစပါး ရှိကြကုန်သော၊ ယေပိ တေ ဂဟပတိမဟာသာလာ-အကြင် ဂဟပတိမဟာသာလ သူကြွယ်မျိုးတို့သည်လည်း။ (သန္တိ- လောကတလွှား၌ အထင် အရှား ရှိကြကုန်၏။) ဇာတာနံ- ဖြစ်ကုန်သော၊ တေသမ္ပိ- ထိုဂဟပတိမဟာသာလသူကြွယ်မျိုးတို့သည်လည်း၊ ဇရာမရဏာ- အိုခြင်းသေခြင်းမှ၊ အညာဘရကင်းလွတ်၍၊ နတ္ထိ-ကောန်မုချ လုံးဝ မရှိပါပေ။

"မင်းတရား- စဉ်းစဉ်းစားစားနဲ့ နားတောင်စမ်း။ မင်းရယ် ပုဏ္ဏားရယ် သူကြွယ်ရယ် ရဟန်းရယ်လို့ဆိုတဲ့ ပရိသတ်လေးမျိုး ထဲက ကြွယ်ဝချမ်းသာခြင်းလို့ဆိုတဲ့ အဍ္ဍဂုဏ်၊ ပစ္စည်းဥစ္စာတွေ ပေါများခြင်းလို့ဆိုတဲ့ မဟဒ္ဓနဂုဏ်၊ စည်းစိမ်တွေ များပြားခြင်း လို့ဆိုတဲ့ မဟာဘောဂဂုဏ်၊ ရွှေတွေငွေတွေ ပေါများခြင်းလို့ ဆိုတဲ့ ပဟူဘဇာတရူပရဇတဂုဏ်၊ အသုံးအဆောင်တွေပေါများ ခြင်းလို့ဆိုတဲ့ ပဟူတဝိတ္တူပ ကရဏဂုဏ်၊ ဥစ္စာတွေ ပေါများ ခြင်းလို့ဆိုတဲ့ ပဟူတဓနဓညဂုဏ်၊ ဒီဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံ ကြတဲ့ ဂဟပတိမဟာသာလ သူကြွယ်မျိုးတွေဆိုတာလဲ လောက တလွှားမှာ အထင်အရှားရှိကြတယ်။အဲဒီ ဂဟပတိမဟာသာလ သူကြွယ်မျိုးတွေမှာ တနေ့တနေ့ အသပြာရွှေတွေ ငါးတင်း ငါးတင်းအဝင် ရှိကြတယ်။တနေ့တနေ့အသပြာရွှေတွေ ငါးတင်း ငါးတင်း သုံးစွဲခွင့် ရှိကြတယ်။ အဲဒီဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံ ကြတဲ့(တနေ့တနေ့ အသပြာရွှေတွေ ငါးတင်းငါးတင်း အဝင်

အထွက်ရှိကြတဲ့။) ဂဟပတိ မဟာလသူကြွယ်မျိုးတွေ ဆိုတာလဲ အိုခြင်းသေခြင်းက မလွတ်ကင်းနိုင်ကြဘူး”

(၈)

ရဟန်းတော်တွေရဲ့ ခန္ဓာကိုယ်လဲ ပျက်စီးရတယ်

ယေပိ တေ မဟာရာဇ ဘိက္ခူ အရဟန္တော ခီဏာသဝါ ဝုသိတဝန္တော ကတကရဏီယာ ဩဟိတဘာရာ အနုပ္ပတ္တသဒတ္ထာ ပရိက္ခီဏဘဝသံယောဇနာ သမ္မဒညာဝိမုတ္တာ တေသံပါယံ ကာယော ဘေဒနဓမ္မော နိက္ခေပနဓမ္မော။

မဟာရာဇ- မြတ်သော ကောသလမင်းကြီး၊ အရဟန္တော- တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူပြီးကြကုန်သော၊ခီဏာသဝါ-ကုန်ခမ်းပြီးသော အာသဝေါလည်း ရှိတော်မူကြကုန်သော၊ ဝုသိတဝန္တော- သုံးအပ်ပြီးသော မဂ်ဟူသော သတင်းလည်း ရှိတော်မူကြကုန်သော၊ ကတကရဏီယာ- လေးပါးသော မဂ်တို့ဖြင့် ပြုအပ်ပြီးသော ကိစ္စလည်း ရှိတော်မူကြကုန်သော၊ ဩဟိတဘာရာ- ချအပ်ပြီးသော ခန္ဓာဝန်လည်း ရှိတော် မူကြကုန်သော၊ အနုပ္ပတ္တသဒတ္ထာ- ရောက်ပြီးသော အရဟတ္တဖိုလ်ဟု ဆိုအပ်သော မိမိအကျိုးလည်း ရှိတော်မူကြကုန်သော ပရိက္ခီဏဘဝသံယောဇနာ-ကုန်ပြီးသော ဘဝသံယောဇဉ်လည်း ရှိတော်မူကြကုန်သော၊ သမ္မဒညာဝိမုတ္တာ- ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်တော်မူပြီးကြကုန်သော၊ ယေပိ တေ ဘိက္ခူ- အကြင်မြတ်စွာဘုရား၏ တပည့်သား

အကျော် ရဟန်းတော်တို့သည်လည်း (သန္တိ- လောကတလွှား၌ အထင်အရှားရှိကြကုန်၏) တေသံပါယံ ကာယော- ထိုမြတ်စွာဘုရား၏ တပည့်သားအကျော် ရဟန်းတော်တို့၏ ခန္ဓာကိုယ်သည်လည်း၊ ဘေဒနဓမ္မော-ပျက်စီးခြင်းသဘောရှိ၏။ နိက္ခေပနဓမ္မော-ပစ်ချအပ်သောသဘော ရှိ၏။

"မင်းတရား-စဉ်းစဉ်းစားစားနဲ့ နားထောင်စမ်း။ နောက်ပိတ်ဆုံး ကုန်ကုန်ပဲ ပြောလိုက်တော့မယ်နော်။ မင်းရယ် ပုဏ္ဏားရယ် သူကြွယ်ရယ် ရဟန်းရယ်လို့ဆိုတဲ့ ပရိသတ်လေးမျိုးထဲက တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူပြီးကြတဲ့ အရဟန္တဂုဏ်၊ အာသဝေါလေးဖြာ ကုန်ခမ်း ကွာတော်မူပြီးကြတဲ့ ခီဏာသဝဂုဏ်၊ မဂ်တရားဖိုလ်တရားတို့ကို ကျင့်သုံးတော်မူပြီးကြတဲ့ ဝုသိတဝန္တဂုဏ်၊ လေးပါးသောမဂ်တို့ဖြင့် ပြုအပ်ပြီးသောကိစ္စ ရှိတော်မူကြတဲ့ ကတကရဏီယဂုဏ်၊ ခန္ဓာကိုယ်တည်းဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချတော် မူပြီးကြတဲ့ ဩဟိတဘာရဂုဏ်၊ အရဟတ္တဖိုလ်ပေါက် ရောက်ဆိုက်ပြီးလို့ မိမိအကျိုးရှိတော်မူကြတဲ့ အနုပ္ပတ္တသဒတ္ထဂုဏ်၊ ဘဝသံယောဇဉ် ကုန်ပြီးတော်မူကြတဲ့ ပရိက္ခီနဘဝသံယောဇနဂုဏ်၊ ကောင်းစွာသိပြီး ကိလေသာတို့မှ လွတ်မြောက်တော်မူပြီးကြတဲ့ သမ္မဒညာဝိမုတ္တဂုဏ်၊ ဒီဂုဏ်ရှစ်ပါးနဲ့ ပြေ့စုံကြတဲ့ ငါဘုရားရဲ့ ရှေ့ရင်တော်နှစ် သားတော်စစ် ဖြစ်တော်မူကြတဲ့ အရိယာရှစ်ဖော် သံဃာတော် အရှင်မြတ်တွေဆိုတာလဲ လောကတလွှားမှာ အထင်အရှား ရှိကြတယ်။ အဲဒီဂုဏ်ရှစ်ပါးနဲ့ ပြည့်စုံကြတဲ့ ငါဘုရားရဲ့ ရှေ့ရင်တော်နှစ် သားတော်စစ် ဖြစ်ကြတဲ့ အရိယာရှစ်ဖော် သံဃာတော်တို့ရဲ့ ခန္ဓာကိုယ်ဟာလဲ ပျက်စီးတတ်တဲ့သဘော ရှိ

တယ်။ နောက်ဆုံးမှာ ထာဝရ နာ့းခို မေးစက်ရမယ့်နေရာ သုသာန်တစ သင်းချိုင်းဝမှာ ပစ်ချရတဲ့သဘော ရှိတယ်"

အဲဒီလို မြတ်စွာဘုရားက သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီကောသလမင်းကြီးကို စုဏ္ဏိယစကားပြေနဲ့ ဝေဝေဆာဆာ ဒေသနာကရားကို ဟောကြားတော်မူလိုက်ပါတယ်။ အဲဒီလို ဟောကြားတော်မူပြီးတော့ မင်းတရားကြီး လွယ်လွယ်ကူကူနဲ့ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကျကျ သိဘို့ရာ အတွက် ဆက်လက်ပြီးတော့ ဆောင်ပုဒ်ပမာ ဂါထာတပုဒ်ကို ဟောတော်မူပါတယ်။ အဲဒီဂါထာတပုဒ်ကို ဆက်လက်ပြီး ဟောတော်မူတယ် ဆိုတဲ့အကြောင်းကိုလဲ သံဂါယနာတင် အရှင်မြတ်များက "ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော၊ အထာပရံ ဧတဒဝေါစ သတ္ထာ"လို့ ဆိုတဲ့ စကားရပ်ကို ကြားညှပ်ပြီး မိန့်တော် မူလိုက်ကြပါသေးတယ်။

ဘဂဝါ-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်ဘုရားသည်၊ ဣဒံ(ဝစနံ)-ဤစုဏ္ဏိယစကားပြေ ဝေဝေဆာဆာဒေသနာစကားရပ်ကို၊အဝေါစ-ကြားနာသူကောသလ သဘောကျအောင် ဟောပြတော်မူလေ၏။ သုဂတော-အကျိုးရှိ၍ ဟုတ်မှန်လျှင်သူနာခံလို မနာခံလို စကားကောင်း နှစ်ခွန်းကိုသာ မိန့်ဆိုတတ်ခြင်း မြတ်ဘုရားသည်၊ ဣဒံ (ဝစနံ) -ဤစုဏ္ဏိယ စကားပြေ ဝေဝေဆာဆာ ဒေသနာ စကားရပ်ကို၊ ဝတွာန-ကြားနာသူ ကောသလ သဘောကျအောင် ဟောပြတော် မူပြီးလျှင်၊ အထာပရံ-ထိုမှနောက်၌၊ သတ္ထာ-လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူခြင်း မြတ်ဘုရားသည်၊ ဧတံ(ဝစနံ)-ယခုပဝ် ရွတ်ဆို ဟောကြားတော့မည် ဖြစ်

သော တရားဂါထာ ဒေသနာတော်ကို၊ အပေါစ-ကြားနာသူ ကောသလ သဘောကျအောင် ဟောပြတော်မူလေသတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒီကြားညှပ် စကားရပ်ကတော့ မြတ်စွာဘုရားဟာ ဒီဇရာ မရဏသုတ် (အိုခြင်း သေခြင်း မလွတ်ကင်းနိုင်)ဆိုတဲ့ တရားကို စုဏ္ဏိယစကားပြေနဲ့ ဝေဝေဆာဆာ ဟောကြားပြီးတဲ့နောက် တဖန် ဂါထာဗန္ဓနဲ့ အထွဋ်တင်ပြီး ဟောကြားတော်မူသေးတယ် ဆိုတာကိုသိအောင် သံဂါယနာတင်အရှင်မြတ်တွေက မိန့်တော် မူကြတဲ့ စကားရပ်ပါဘဲ၊ ကဲ-မြတ်စွာဘုရား ဟောကြားတော် မူတဲ့ ဂါထာကို ဟောကြ နာကြအုံးစို့။

(ဆ)

အိုခြင်းသေခြင်း မလွတ်ကင်းနိုင်
ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

ဒီဂါထာကတော့ မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ ရှေ့ တော်မှောက် ရောက်ဆိုက်နေတဲ့ သာဝတ္ထိ ပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလမင်းတရားကြီးကို ဟောပြတော်မူတဲ့ ဂါထာပါပဲ။ ဘုန်းကြီးကတော့ ဘုန်းကြီးရဲ့ရှေ့မှောက် ရောက် ဆိုက်နေကြတဲ့ တရားနာပရိသတ်ကို ဟောပြနေတယ်။

သုစိတ္တာ-ပတ္တမြားစိန်ကျောက်တို့ဖြင့် ထိန်တောက်အောင် ချယ်လှယ်၍ ဆန်းကြယ်လှစွာ ခိုင်မာတောင့်တင်းအောင်ပြုလုပ်ကြကုန်သော၊ ရဇရထာ-မင်းသုံးမင်းဆောင်ဖြစ်ငြားတော်ဝင်မင်းစီးရထားတို့သည်၊ ဝေ-စင်ဇင်ကေန် အမွန်မုချအားဖြင့်၊ ဇိရန္တိ-ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးကုန်၏။

ဒီဝါကျရဲ့ အဓိပ္ပါယ်ကို ကျယ်ကျယ်ဝန်းဝန်း သိကြအံ့ခိုင့်။

ပဒေသရာဇ်ခေတ်က ပဒေသရာဇ် မင်းတွေမှာ တော်ဝင်မင်းစီး ရထားတွေ ဆိုတာ ရှိကြတယ်။ သွားစရာ လာစရာ တိုင်းခမ်း လှည့်လည်စရာ ရှိရင် အဲဒီ တော်ဝင် မင်းစီး ရထားတွေနဲ့ သွားကြ၊ လာကြ၊ တိုင်းခန်းလှည့်လည်ကြတယ်။ အဲဒီ တော်ဝင်မင်းစီးရထားတွေဟာ ရထားအိမ်ကြီးကို ရွှေဘိန်းချမှ လုပမယ်ဆိုရင် ရထားအိမ်ကြီးကို ရွှေဘိန်းချလိုက်တော့တာပဲ။ ရထားရဲ့ဘီးနှစ်ဖက်ကို ပတ္တမြားစိန်ကျောက်တွေနဲ့ ထိန်တောက်အောင်ချယ်လှယ်မှ ဆန်းကြယ်မယ်ဆိုရင် ရထားရဲ့ ဘီးနှစ်ဖက်ကို ပတ္တမြားစိန်ကျောက်တွေနဲ့ ထိန်တောက်အောင်ချယ်လှယ်လိုက်တာပဲ။ ခိုင်မာအောင်နဲ့ တောင့်တင်းအောင်လဲ အသားနဲ့ပြုလုပ်ရမယ့် နေရာမှာ အသားနဲ့ပြုလုပ်ပြီး၊ သံနဲ့ပြုလုပ်ရမယ့် နေရာမှာ သံနဲ့ပြုလုပ်ထားကြတယ်။ ဒါကြောင့် အဲဒီတော်ဝင် မင်းစီးရထားတွေဟာ အလှအပ အဆန်းအကြယ် အခိုင်အမာ အတောင့်အတင်းမှာ ပြောစရာကို မလိုဘူး။ လှပတယ်၊ ဆန်းကြယ်တယ်၊ ခိုင်မာတယ်၊ တောင့်တင်းတယ်၊ အဲဒီလို လှပ ဆန်းကြယ် ခိုင်မာ တောင့်တင်းအောင် ပြုလုပ်ထားကြတဲ့ တော်ဝင်

မင်းစီးရထားတွေဟာ တနေ့ကျတော့ ဟောင်းနွမ်း အိုမင်း ယိုယွင်းပျက်စီးသွားကြရတာပါပဲ-တဲ့။

ဒီနေရာမှာ မြတ်စွာဘုရားရဲ့ အဆိုအမိန့် စကားတော်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတို့ရဲ့ ဘဝအတွေ့အကြုံနဲ့ ဥဒါဟရဏ်ပြ ဖြန့်ပြီး ထောက်ခံချင်ပါသေးတယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက မြင်ခဲ့ တွေ့ခဲ့ကြတဲ့ လှည်းတွေ မြင်းရထားတွေ ကားတွေ သစ်ပင်တွေ အိမ်တွေ တိုက်တွေ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်တွေ အစရှိတဲ့ အရာဝတ္ထု အဆောက်အဦတွေ ရှိကြတယ် မဟုတ်လား။ အဲဒီ အရာဝတ္ထု .အဆောက်အဦတွေဟာ ဘာမှ မကြာသေးတဲ့ နှစ်ပေါင်း လေးငါးဆယ်လောက်အတွင်းမှာ တချို့လဲ စုတ်ပြတ်ပြီး မမြင်ရအောင်ကို ပျက်စီးသွားကြတယ်။ တချို့လဲ ဖယိုဖရဲနဲ့ ပြိုလဲ ပျက်စီးကုန်ကြတယ်။ တချို့လဲ မြင်မကောင်းရှုမကောင်းအောင် ဟောင်းနွမ်းကုန်ကြတယ်။

ကဲ-အရာဝတ္ထု အဆောက်အဦတွေ ပျက်စီးသွားကြတာနဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့ ဒကာဒကာမတို့ရဲ့ ရှေးနားက ဖြစ်ပျက်သွားတဲ့ ပဒေသရာဇ်ဟောင်းတို့ရဲ့ အမွေအနှစ်ကောင်း ဖြစ်တဲ့ အရာဝတ္ထု အဆောက်အဦကြီးတွေ ပျက်စီးသွားကြပုံကို စဉ်းစားကြည့်ကြအုံးစို့ရဲ့။

ပဌမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးဟာ စည်းစိမ်တော် အထွဋ်အထိပ်ရောက်တဲ့အခါကျတော့ "မြို့ ကျုံး စေတီယာ သိမ်ဝိဟာ သုမဇ္ဈာပိဋကတ်တိုက်" လို့ဆိုတဲ့ ဆောင်ပုဒ် အတိုင်း-

၁။ နန်းမြို့တော်ကြီးရယ်၊

၂။ ကျုံးတော်ကြီးရယ်၊

၃။ လောကမာရဇိန်စေတီတော်ကြီးရယ်၊

၄။ ပဋ္ဌာန်းဟောသိမ်တော်ကြီးရယ်၊

၅။ မဟာအတုလကာရီအုတ်ကျောင်းတော်ကြီးရယ်၊

၆။ သုဓမ္မာဇရပ်တွေရယ်၊

၇။ ပိဋကတ်တိုက်ရယ်၊

အဲဒီ အရာဝတ္ထု အဆောက်အဦကြီး ခုနစ်ခု(သတ္တဋ္ဌာန)ကို ရွှေပန္နက်ခုနစ်ချောင်းနဲ့ တပြိုင်နက်ထဲရိုက်ပြီး တည်ဆောက်ခဲ့တယ်။ "အုတ်ကျစ်ကျော်အေး၊ မန္တလေး၊(သို့မဟုတ်) အောင်ကျော် ချမ်း အေး၊ မန္တလေး"လို့ ဆိုတဲ့ ဆောင်ပုဒ် အတိုင်း ၁၂၂၁-ခုနှစ်မှာ မန္တလေးမြို့တော်ကြီး တည်ဆောက်လို့ ပီးစီးတယ်။ ဒီအရာဝတ္ထု အဆောက်အဦကြီးတွေဟာ အလှအပ အဆန်းအကြယ် အတင့်အတယ် အခိုင်အမာမှာ ဘာမှပြောစရာ မရှိလောက်အောင်ကို လှပတယ်၊ ဆန်းကြယ်တယ်၊ တင့်တယ်တယ်၊ခိုင်မာတယ်။ အဲဒီအရာဝတ္ထု အဆောက်အဦကြီးတွေဟာ ဘာမှမကြာခင်ပဲ ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီး ကုန်ကြတယ်။ မဟာအတုလကာရီအုတ်ကျောင်းတော်ကြီးဆိုယင်"အုတ်ကျောင်းမီးလောင်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ၁၂၅၄-ခုနှစ် နှစ်ပေါင်း ၃၃-နှစ်လောက်အကြာမှာ မီးလောင်ပျက်စီးသွားတာဘဲ။ သတ္တဋ္ဌာန အဆောက်အဦကြီးတွေနဲ့ တခေတ်ထဲ

လောက်က တည်ဆောက်ထားခဲ့ကြတဲ့ ဘုန်းကြီးတို့ရဲ့ မူလ သက်ပန်းတိုက်(ရွှေစည်းသာသနာ့ရိပ်သာ) အပါအဝင် တောင်မြောက်တန်းပြီး တည်ရှိနေတဲ့ အဋ္ဌာရသ တိုက်တန်း ခေါ်တဲ့ ကျောင်းတိုက်ကြီး ဆယ့်ရှစ်တိုက်လဲ "အင်းကန်းမီးစွဲ" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ၁၂၅၃-ခုနှစ် (နှစ်ပေါင်း ၃၂-နှစ်လောက် အကြာ)မှာ အင်းကန်းတိုက်က အစပြုပြီး မီးလောင်ပျက်စီးကုန်ကြတယ်။

ပျက်စီးတယ်ဆိုတာဟာ ပျက်စီးချိန်ကျလို့ ပျက်စီးတာလဲ ရှိတယ်။ ပျက်စီးချိန်မကျသေးပဲနဲ့ အန္တရာယ်တခုခုကြောင့် ပျက်စီးတာလဲရှိတယ်။အဲဒီလိုပျက်စီးခြင်းနှစ်မျိုးတော့ ခြားနားသေးသပေါ့။ ဒါပေမယ့် ပျက်စီးတာဟာ ပျက်စီးတာ ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက "သုစိတ္တာ-ပတ္တမြားစိန်ကျောက်တို့ဖြင့် ထိန်တောက်အောင် ချယ်လှယ်၍ ဆန်းကြယ်လှပစွာ ခိုင်မာတောင့်တင်းအောင်ပြုလုပ်ထားကြကုန်သော၊ ရာဇရထာ-မင်းသုံးမင်းဆောင် ဖြစ်ငြား တော်ဝင် မင်းစီးရထားတို့သည်၊ ဝေ-စင်စင်ကေန် အမှန်မုချအားဖြင့်၊ ဇီရန္တိ-ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးကုန်၏"လို့ ဟောတော်မူတာပေါ့။

ဒီဒေသနာတော်ရဲ့ ပထမ အစိတ်အပိုင်းကို မြင်ကွင်းကျယ် အနေနဲ့ ထင်ထင်လင်းလင်း ကွင်းကွင်း ကွက်ကွက် ချက်ကျ လက်ကျ မြင်ရအောင် မီးမောင်းထိုးပြတဲ့အနေနဲ့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီစဉ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကို ချပို့ပေးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

မင်းစီးရထား ဆန်းကြယ်ငြား ပျက်ပြားကြရသည်။

ကဲ-ရှေ့တဝါကျ ဆက်ကြဦးစို့။

အထော- ထိုမှာဘပါး၊ဝါ-ထိုအတူ၊ သရီရမ္ဗိ-သွေးသားနှင့် တည်ဆောက်၍ ပြောင်မြောက်လှစွာ သတ္တဝါတို့၏ ခန္ဓာကိုယ် သည်လည်း၊ဇရံ ဥပေတိ- ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီး ခြင်းသို့ရောက်၏။

သတ္တဝါတို့ရဲ့ခန္ဓာကိုယ်ဟာ အုတ်တွေ,ကျောက်တွေ, အသား တွေ, သံတွေနဲ့ တည်ဆောက်ထားတာ မဟုတ်ပါဘူး။ အမှန် စင်စစ်မှာတော့ အရိုး,အရေ,အသား,အသွေး, အကြောကလေး များနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ပါ။ အဲဒီတော့ဘယ်မှာ ခိုင်မာ တောင့်တင်းနိုင်ပါမလဲ။ မခိုင်မာ မတောင့်တင်းပါဘူး။ တော်ဝင် မင်းစီးရထားတွေ ဟောင်းနွမ်းအိုမင်း ယိုယွင်းဖျက်စီး ကုန်ကြသလို ဟောင်းနွမ်းအိုမင်းယိုယွင်း ပျက်စီးကုန်ကြတာဘဲ။ ပျက်စီးကြပုံတွေကို သေသေချာချာ လေ့လာကြည့်ကြစမ်း။ သတ္တဝါတွေဟာ ကလလ ရေကြည်ဘဝနဲ့လဲ ပျက်စီးကြရတယ်။ အမိဝမ်းခေါင်း ကိန်းအောင်းရာက အပြင်ကျတော့ ရက်သား လသား နှစ်သားကလေးနဲ့လဲ ပျက်စီးကြရတယ်။အမိဝမ်းခေါင်း ကိန်းအောင်းရာက အပြင်ကျတော့ ရက်သား လသား နှစ်သား ကလေးနဲ့လဲ ပျက်စီးကြရတယ်။တချို့မှာ ၁၀ နှစ်သား အရွယ် လောက် ပျက်စီးကြရတယ်။ တချို့မှာ အနှစ် ၂၀၊ ၃၀၊ ၄၀ အရွယ်လောက် ပျက်စီးကြရတယ်။ အနှစ် ၅၀၊ ၆၀၊ ၇၀၊၈၀ အရွယ်ထိအောင် မပျက်စီးပဲတည်ရှိနေတာကတော့ အင်မတန်ကို ရှေးသိသုကောင်းလွန်းလို့ တည်ရှိနေတာပါ။ ပီးတော့ အင် မတန်ကိုအပြုအပြင် အစောင့်အရှောက်ကောင်းလွန်းလို့ တည်ရှိ နေတာပါ။

## (၉)
## ဝသဘမင်းကြီး

အပြုအပြင် အစောင့်အရှောက် ကောင်းယင် အသက်ပိုရှေ နိုင်တယ် ဆိုတာကို သီဟိုဠ်ကျွန်း ဝသဘမင်းကြီးရဲ့ ဖြစ်ရပ်နဲ့ အထောက်အထားပြုပြီး သိကြရအောင်။

ဝသဘမင်းကြီးက "ငါ့ရဲ့ထီးနန်းသက် ဘယ်လောက်နေရမလဲ"လို့ ပုဏ္ဏားဖြူပုဏ္ဏားညိုတွေကို မေးတယ်။

ပုဏ္ဏားဖြူပုဏ္ဏားညိုတွေက"အရှင်မင်းကြီးရဲ့ထီးနန်းသက်ဟာ ၁၂-နှစ်ကြာအောင် နေရပါမယ်ဘုရား"လို့ လျှောက်ထားကြတယ်။

ဝသဘမင်းကြီးက ၁၂-နှစ်ဆိုတော့ နဲဘယ်လို့ အောက်မေ့တော်မူတဲ့အတွက် "ဒါထက်ပိုပြီး အသက်ရှေရှေ နေရအောင် မတတ်နိုင်ကြဘူးလား"လို့ ထပ်ပြီးမေးတယ်။

ပုဏ္ဏားဖြူပုဏ္ဏားညိုတွေက "မှန်လှပါ- ယတြာချေတဲ့ အနေနဲ့ ကုသိုလ်ကောင်းမှုတွေကိုပြုယင် အသက်ပိုရှေနိုင်ပါတယ် ဘုရား" လို့ထပ်ပြီး ဖြေကြတယ်။

"ဘယ်လို ယတြာချေ၊ ဘယ်လို ကုသိုလ်ကောင်းမှုတွေကို ပြုရမှာလဲ"၊

"ရေ လှူဒါန်းရပါမယ် ဘုရား၊ ရေစစ် လှူဒါန်းရပါမယ် ဘုရား၊ မကျန်းမမာသူကို ဆေးဝါးပစ္စည်း လှူဒါန်းရပါမယ် ဘုရား။ ကျောင်းတို့၊ ဇရပ်တို့၊ အသစ်ဆောက်လုပ်ပြီး လှူဒါန်းရပါမယ်ဘုရား။ ကျောင်းပျက်၊ စေတီပျက်များကို ပြုပြင်ရပါမယ် ဘုရား။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရပါမယ်ဘုရား။

သီတင်းတိုင်း သီတင်းတိုင်း ရှစ်ပါးသီလကို စောင့်ထိန်းရပါမယ်ဘုရား"

ဝသဘ မင်းကြီးဟာ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေ ညွှန်ကြားတဲ့အတိုင်း ယတြာချေပြီး ကုသိုလ်ကောင်းမှုတွေ ပြုတယ်။ ယတြာချေပြီး ကုသိုလ်ကောင်းမှုတွေပြုတဲ့အတွက် ထီးနန်းသက် ၄၄-နှစ်ကြာအောင် နေသွားရပါတယ်-တဲ့။

## ယတြာချေလင်္ကာ

ရေ ရေစင်လှူ နာသူဆေးကပ် ကျောင်းဇရပ်သစ်
ဆောက်လစ်လှူပေ ကျောင်းစေတီပျက် ပြုပြင်လျက်ပ
ငါးသီလမြဲ မလွဲသီတင်း ဥပုသ်ချဉ်းသော် မင်းဝသဘ
သီဟဠတွင် နန်းလျှင်ဆယ့်နှစ်နှစ်နေဖို့ဖြစ်လည်း ပွားသစ်
ကုသလ နုဘာဝကြောင့် နေရလေးဆယ့်လေးနှစ်တည်း။

ဘယ်လောက် ပြုပြင်ပြုပြင်၊ ဘယ်လောက် စောင့်ရှောက်စောင့်ရှောက်၊ နောက်ဆုံး တစေ့ကျတော့လဲ သတ္တဝါတို့ရဲ့ခန္ဓာကိုယ်ဟာ ဟောင်းနွမ်း အိုမင်းယိုယွင်း ပျက်စီးရတာပါပဲ။ မပျက်စီးပဲ တည်မြဲနေတယ်ရယ်လို့ ဘယ်တော့မှ မရှိပါဘူး။ ဒါကြောင့်မြတ်စွာဘုရားက-"အဇထာ-ထိုမှတပါး၊ဝါ-သို့အတူ၊ သရီရမ္ပိ- သွေးသားနှင့် တည်ဆောက်၍ ပြောင်မြောက်လှစွာသတ္တဝါတို့၏ ခန္ဓာကိုယ်သည်လည်း၊ ဇရံ ဥပေတိ- ဟောင်းနွမ်းအိုမင်းယိုယွင်းပျက်စီ ခြင်းသို့ရောက်၏"လို့ မိန့်တော်မူသာပေါ့။

ဒီတရားတော်ရဲ့ ဒုတိယ အစိတ်အပိုင်းကို မြင်ကွင်းကျယ်

အနေနဲ့ ထင်ထင်လင်းလင်း ကွင်းကွင်းကွက်ကွက် ချက်ကျလက်ကျမြင်ရအောင် မီးမောင်းထိုးပြတဲ့အနေနဲ့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားပါတယ်။ အခုအဲဒီဆောင်ပုဒ်ကို ချပို့ပေးပါမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြပါ။

ခန္ဓာကိုယ်လဲ ထို့တူပဲ မလွဲပျက်ရမည်။
ကဲ-ရှေ့တဝါကျ ဆက်ကြဦးစို့၊

သတိ-ဘုရားအစ များပြားလှစွာ ပညာရှိအပေါင်း သူတော်ကောင်းတို့၏၊ ခမ္ဘာင- နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားသည်ကား၊န ဇရံ ဥပေတိ- ဘယ်တော့ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးခြင်းသို့ မရောက်။

သူတော်ကောင်းတို့ရဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကတော့ ဘယ်တော့ ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ဟောင်းနွမ်းတယ် အိုမင်းဘယ် ယိုယွင်းတယ် ပျက်စီးတယ်ရယ်လို့ မရှိပါဘူး-တဲ့။

ဘုန်းကြီးဖြင့်လေ- ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးရတဲ့ အကြောင်းသွေကို ပြောနေရတာ စိတ်ကိုမချမ်းသာဘူး။ အခု မဟောင်းနွမ်း မအိုမင်း မယိုယွင်း မပျက်စီးရတဲ့ အကြောင်းတွေကို ပြောရတော့မှ စိတ်ချမ်းသာလာတော့တယ်။

မဟောင်းနွမ်း မအိုမင်း မယိုယွင်း မပျက်စီးနိုင်တဲ့ တရားတွေက ဘာတရားတွေလဲဆိုတော့ သတိပဋ္ဌာန် တရားတွေပါပဲ။ သတိပဋ္ဌာန် တရားတွေကို အားထုတ်တာမပြောနဲ့၊ သတိပဋ္ဌာန် ပါဠိတော်ကို အရကျက်ပြီး နှုတ်တတွတ်တွတ် ရွတ်ဆိုပွားများ သရဇ္ဈာယ်နေမယ်ဆိုရင် သေသွားတောင် အလောင်းမပုပ်ဖူးလို့ ရှေးသူဟောင်းတွေက ပြောကြတယ်။

# (ဈ)

## သတိပဋ္ဌာန် အကျိုးပြ

ယေနေဝ ယန္တိ နိဗ္ဗာနံ၊
ဗုဒ္ဓါ တေသဉ္စ သာဝကာ။
ဧကာယနေန မဂ္ဂေန၊
သတိပဋ္ဌာန သညိတာ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူတဲ့ မဟာသတိပဋ္ဌာနသုတ် ပါဠိနိသျ ပဌိညာ-ဝန်ခံချက်ဂါထာ-တဲ့။

ဗုဒ္ဓါစ-ဂင်္ဂါဝါဠု သဲစုမက ပွင့်သမျှများပြင် ဘုရားရှင်အဆူဆူတို့သည်၎င်း၊ တေသံ သာဝကာ စ-ထိုဘုရားရှင်တို့၏ တပည့်ကြီး တပည့်ငယ် အသွယ်သွယ်အဝဝ များလှသောင်းသောင်း တပည့်သား သာဝက အပေါင်းတို့သည်၎င်း၊ ဧကာယနေန-နိဗ္ဗာန်သို့သွားရန် လမ်းမှန် လမ်းကောင်း တကြောင်းတည်းတခုတည်း ဖြစ်သော၊ သတိပဋ္ဌာနသညိတာ-ကာယဝေဒနာစိတ္တာဓမ္မ လေးဝနာမံ သတိပဋ္ဌာန်အမည်ရှိသော၊ ယေနေဝမဂ္ဂေန-သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် အမှတ်တရား တည်းဟူသော အကြင် လမ်းမတော်ကြီးဖြင့်သာလျှင်၊ နိဗ္ဗာနံ ယန္တိ-ဘေးခပ်သိမ်းတို့ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်စံဆိုက်ရောက်တော်မူကြလေကုန်ပြီတကား။

ဂင်္ဂါဝါဠု သဲစုမက ပွင့်သမျှများပြင် ဘုရားရှင်အဆူဆူတို့နဲ့တကွ တပည့်သားသာဝကအပေါင်းတွေဟာ သတိပဋ္ဌာန်

အကျင့်လမ်းမှန်နဲ့ နိဗ္ဗာန်ကိုဝင်စံဆိုက်ရောက် မျက်မှောက်ပြုတော်မူကြပါတယ်-တဲ့။သတိပဋ္ဌာန်အကျိုးပြ အမေးအဖြေဆောင်ပုဒ်ကို ဘုန်းကြီးက ချပို့ပေးအုံးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

(မေး) ပြည်နိဗ္ဗာန်ကို ဆိုက်ရောက်လို ဘယ်လမ်းစဉ်ကို လိုက်ရမယ်။

(ဖြေ) ပြည်နိဗ္ဗာန်ကို ဆိုက်ရောက်လို သတိပဋ္ဌာန် လမ်းစဉ်ကိုလိုက်ရမယ်။

## (ည)

## လက်တွေ့တရားအားထုတ်နည်း

ကဲ-မဟောင်းနွမ်း မအိုမင်း မယိုယွင်း မပျက်စီးနိုင်အောင်၊ ဝါ-မအိုမနာ မသေနိုင်အောင် သတိပဋ္ဌာန်တရားကို လက်တွေ့ကျကျ အားထုတ်ကြရမယ်။ အခု တရားအားထုတ်ပွဲကို စတင်ဖွင့်လှစ်ပါတော့မယ်။ တရားအားထုတ်ပွဲကို အဆိုကလေးများနဲ့ ဖွင့်လှစ်ကြရအောင်၊ ကဲ-စိတ်ပါလက်ပါ လိုက်ဆိုကြ။

(မှာထားချက်။ ။"ရုပ်နာမ်ဓမ္မ သင်္ခါရ မုချမမြဲပေ" စသော အဆိုကလေးများကို ချပို့ပေး၍ စာမျက်နှာ(၂၆)အနန္တသုတ်-မျက်မမြင်တရားအဆုံး၌ပါသော လက်တွေ့တရား အားထုတ်နည်းအတိုင်း ညွှန်ကြားပါလေ။)

ကဲ-တရားနာယင်း တရားမှတ်၊ တရားမှတ်ယင်း တရားနာ၊ (နာယင်းမှတ်၊ မှတ်ယင်းနာ) နေကြရတာ ဒါလောက်ဆိုရင်

သင့်လျော်ပါပြီ။ နေမြဲတိုင်းသာ သက်သက်သာသာနဲ့ နေကြပါတော့။

အခုအားထုတ်တဲ့အတိုင်း ဆက်လက်ပြီး ရှုမှတ်ပွားများအား ထုတ်နေလို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွားမယ်ဆိုယင် နောက်ထပ် မအိုမနာ မသေရတော့ပါဘူး။ ဘယ်တော့ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ဟောင်းနွမ်းဘယ့် အိုမင်းဘယ့် ယိုယွင်းတယ့် ပျက်စီးတယ် ရယ်လို့ မရှိနိုင်တော့ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားက "သတ်-ဘုရားအစ များပြားလှစွာ ပညာရှိအပေါင်း သူတော်ကောင်းတို့၏၊ ဓမ္မာ စ-နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားသည်ကား၊ န ဇရံ ဥပေတိ-ဘယ်တော့ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ဟောင်းနွမ်းအိုမင်း ယိုယွင်းပျက်စီးခြင်းသို့ မရောက်"လို့ ဟောတော်မူတာပေါ့။

ဒီတရားတော်ရဲ့ တတိယအစိတ်အပိုင်းကို မြင်ကွင်းကျယ်အနေနဲ့ ထင်ထင်လင်းလင်း ကွင်းကွင်းကွက်ကွက် ချက်ကျလက်ကျ မြင်ရအောင် မီးမောင်းထိုးပြတဲ့အနေနဲ့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးကို ချပြပေးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြပါ။

သူတော်ကောင်းများ ကျင့်တရား ပျက်ပြားမရှိပြီ။

ကဲ-ရှေ့တဝါကျ ဆက်ကြအုံးစို့။

သန္တော-ဘုရားအစ များလှဘိတောင်း ပညာရှိသူတော်ကောင်းတို့သည်၊ ဟာဝေ-စင်စစ်ကေန် အမှန်တကယ်အားဖြင့်၊ သဗ္ဗိ-ဘုရားအစ များလှဘိတောင်း ပညာရှိ သူတော်ကောင်းတို့

နှင့်၊ ပဝေဒယန္တိ-ချီးမွမ်းစကား နှီးနှောဖလှယ်သောအနေအားဖြင့် ပြောကြားမိန့်မြွက်တော် မူကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

သူတော်ကောင်းပညာရှိတွေက သူတော်ကောင်းပညာရှိတွေ အချင်းချင်း တွေ့ဆုံတဲ့အခါမှာ-

၁။ လှပဆန်းကြယ် တင့်တယ်ခိုင်မာတဲ့ တော်ဝင်မင်းစီးရထားတွေဟာ တနေ့ကျတော့ ဟောင်းနွမ်းအိုမင်း ယိုယွင်း ပျက်စီးကြရတယ်။

၂။ အရိုးအရေ အသားအသွေး အကြောကလေးများနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ဟာလဲ တနေ့ကျတော့ ဟောင်းနွမ်း အိုမင်း ယိုယွင်းပျက်စီး ရတယ်။

၃။ သူတော်ကောင်းတို့ရဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကတော့ဘယ်တော့ဘယ်အခါဘယ်ကမ္ဘာမှ မဟောင်းနွမ်းတယ် အိုမင်းတယ် ယိုယွင်းတယ် ပျက်စီးတယ်ရယ်လို့ မရှိပါဘူး။

ဒီစကားသုံးခွန်းကို နှစ်နှစ်သက်သက် ဝမ်းမြောက်ဝမ်းသာ စိတ်ပါလက်ပါနဲ့ပြောကြားကြပါတယ်-တဲ့။ ဒါကြောင့် မြတ်စွာဘုရားက "သန္တော-ဘုရားအစ များလှဘိတောင်း သူတော်ကောင်း ပညာရှိတို့သည်၊ ဟဝေ-စင်စစ်ကေန် အမှန်တကယ်

အားဖြင့်၊ သဗ္ဗ-ဘုရားအစ များလှဘိတောင်း သူတော်ကောင်း ပညာရှိတို့နှင့်၊ ပဝေဒယန္တိ-ချီးမွမ်းစကား နှီးနှောဖလှယ်သော အနေအားဖြင့် ပြောကြားမိန့်မြွက်တော်မူကြလေကုန်သတည်း”လို့ ဟောတော်မူတာပေါ့။

ဒီတရားတော်ရဲ့ စတုတ္ထအစိတ်အပိုင်းကို မြင်ကွင်းကျယ်အနေနဲ့ ထင်ထင်လင်းလင်း ကွင်းကွင်းကွက်ကွက် ချက်ကျလက်ကျ မြင်ရအောင် မီးမောင်းထိုးပြတဲ့အနေနဲ့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီစဉ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြပါ။

ပညာရှိချင်း တွေ့ကြုံလျှင်း ကောင်းတင်း ပြောကြသည်။

သန္တော-ဘုရားအစ များလှဘိတောင်း သူတော်ကောင်း ပညာရှိတို့သည်၊ ဟဋ္ဌေ-စင်စစ်ကေန် အမှန်တကယ်အားဖြင့်၊ သဗ္ဗ-ဘုရားအစ များလှဘိတောင်း သူတော်ကောင်း ပညာရှိတို့နှင့် ပဝေဒယန္တိ-ချီးမွမ်းစကား နှီးနှောဖလှယ်သော အနေအားဖြင့် ပြောကြားမိန့်မြွက်တော် မူကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

[ဣတိ- ဤတွင်ပြီးပြီ။]

သံဂါယနာတင် အရှင်မြတ်တွေက“ဣတိ”သဒ္ဒါနဲ့ ဒီသုတ်ကို နိဂုံးချုပ်တော် မူကြပါတယ်။

သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ကောသလသံယုတ် ဇရာမရဏသုတ် (အိုခြင်း သေခြင်း မလွတ်ကင်းနိုင်

တရား) ဒီမှာဘဲ အမြွေအစုံ အကုန်ပီးဆုံးပါမီ။ ကဲ-တရားသိမ်းကြစို့။

(၄)

## တော်လှန်ရေးတရားသိမ်း

အဟံ-ငါသည်၊ သံသာရသင်္ဂါမေ-ကျယ်ဝန်းလှစွာ သံသရာတခွင်တည်းဟူသော စစ်မြေပြင်စစ်တလင်း၌၊ ကိလေသဝေရနိ-သံသရာ့နယ်ချဲ့သမား ကိလေသာတဆူဘည်းဟူသော ရန်သူပုန်အပေါင်းတို့ကို၊ ယုဇ္ဇန္တာနံ-ဒူးလဲမထောက် လက်မမြှောက်ပဲ ရှေ့နောက်ကြံခိုင် စစ်သည်တော်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အနိုင်မခံ ရွတ်ရွတ်ချွန်ချွန် တော်လှန်တိုက်ခိုက်၍ နေကြကုန်သောတုမှာကံ-သံသရာ့တော်လှန်ရေးသမား သင်တရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့အား၊ ယာနိ ဓမ္မာ ဝုဓာနိ-အကြင်တရားတည်းဟူသော လက်နက်တို့ကို၊ အဒဒိံ-ကိုယ်စီကိုယ်စီထိုဏ္ဍုမလပ် တပ်ဆင်၍ ပေးအပ်ခဲ့ပေပြီ။

သတိပဋ္ဌာန် ဓမ္မစက်တရားဟု၊
သံလျက်ဒါးကို ကိုင်ဆောင်ကာ။
ကိလေသာ နယ်ချဲ့သမားကို၊
နင်လားငါလား တိုက်ဖျက်ကာ။
မဂ်ဖိုလ်နိဗ္ဗာန် မြတ်တံခါးကို၊
အမွှတ်တရားနဲ့ ဖွင့်ကြပါ။

နိဗ္ဗာန်ပြည်နန်း ဘုံကြငှန်း စံမြန်းရအောင်လာ။ အတူတကွချီတက်ကြ ရောက်မှ အေးတော့မှာ။

တာနိ ဓမ္မာဝုဓာနိ- ထိုတရားတည်းဟူသော လက်နက်တို့ကို၊ ဂဟေတွာ- ကိုယ်စီကိုယ်င အသင့် ကိုင်ဆောင်ကြကုန်ပြီး၍၊ ကိလေသဝေရာနိ-သံသရာ့နယ်ချဲ့သမား ကိလေသာတရား တည်းဟူသော ရန်သူပုန်အပေါင်းတို့ကို၊ ဟန္တွာ- မှုန်မှုန်ညက်ညက်ချေဖျက်ခုတ်ထွင် သုတ်သင် သတ်ဖြတ်ကြကုန်ပြီး၍၊ မဂ္ဂဒွါရံ- သောတာပတ္တိ မည်ရှိစသား မဂ်တံခါးကို၊ ဝိဝရိတွာ-တင်းတင်းမာမာ လျင်စွာအသင့် ပွင့်အောင်ဖွင့်လျက်၊ နိဗ္ဗာနဗိမာနံ- သံသရာဘေးရန် လွတ်အေးရာမှန်သည့် နိဗ္ဗာန်ပြည်နန်း ဘုံကြငှန်းသို့၊အမေ့ဟိ- ငါတို့နှင့်၊သဟ-အတူတကွ၊ ပဝိသာမသေ-ဝမ်းသာရွှင်ပြ ချီတက်ဝင်ရောက်ကြပါကုန်အံ့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဤတွင်

ဇရာမရဏသုတ်

[အိုခြင်း သေခြင်း မလွတ်ကင်းနိုင်တရား ပြီးပြီ။]

# ၃

# အပ္ပမာဒသုတ်

## (မမေ့မလျော့ရေး တရားတော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က)

### ကျမ်းညွှန်း တရား ပလ္လင်ခံ

ဗုဒ္ဓမြတ်စွာ သာသနာတော် ၂၅၁၉ နှစ်၊ လူတို့ဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် ၁၃ ရက်၊ တနင်းလာနေ့ည၊ တောင်ပိုင်းရှမ်းပြည်၊ တောင်ကြီးမြို့ မြို့လယ် ဓမ္မာရုံကြီးမှာ ဘုန်းကြီး ဟောမယ့် တရားကတော့ သံယုတ္တနိကာယ် သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော် ကောသလ သံယုတ် ဒုတိယဝဂ် ခုနှစ် ခုမြောက်ဖြစ်တဲ့ အပ္ပမာဒသုတ် တရား တော် ဖြစ်ပါတယ်။

အပ္ပမာဒဆိုတာ မမေ့မလျော့ရေးလို့ အဓိပ္ပါယ် ရပါတယ်။ ဒါ့ကြောင့် ဒီတရားကို ဗမာလို နာမယ်ပေးရမယ်ဆိုယင် "မမေ့ လျော့ရေး တရားတော်" လို့ နာမယ်ပေးရပါမယ်။

## (၁)

## ဘုရားရှိခိုး

ဒီအပ္ပမာဒသုတ်(မဒမ္မ မ‌ဒလျှာ့ရေး တရားတော်)ကို မဟော ကြားသေးခင်မှာ ဒီအပ္ပမာဒသုတ္တန် ဒေသနာတော်မြတ်ကို မူလ စတင်ပြီး ဟောတော်မူခဲ့တဲ့ ဓမ္မိဿရ ဓမ္မသာမိ တရားပိုင်ရှင်ဖြစ် တော်မူတဲ့ ဒေသက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဘုန်ကြီးက သမာဓိ ထူထောင်တဲ့အာဒနနဲ့ အာရုံပြုချင်ပါဒသေးတယ်။

ယဿ သံဃာလိ သဥ္ဇမ္ဗိ၊
ပဒ မာလာ ယုဂါန တော၊
တံ နဒမ ဝိရဇံ ဓမ္မ၊
ၡဇံ အမဘ ဝါသိတံ။

မုံရွာမြို့ မဟာလယ်တီတိုက် ဂဏဝါစက စာချဆရာတော် ပထမကျော် လယ်တီ ဦးဒကာဝိဒ ရေးသား ပြုစုဒတော်မူတဲ့ လယ်တီပဒမာလကျမ်းရဲ့ ပဏာမဂါထာ တဲ့။

ယဿ (ဗုဒ္ဓဿ) သုံးလူဆံကျင် မာရဘာင်ဟု အကြင်ဘုရား ရှင်ကိုယ်တော်မြတ်၏ ပဒမာလာ ယုဂါနတော ခြေတော်စကြာ လက္ခဏာဟု ရှက်ညှာနှစ်ငုံ ပန်းအစုံ၌ ခိုလှုံညွတ်တွား ခစား ကိုင်းရှိုင်း၍နေသော သံဃာလိ ကောင်းမှု့လယ်ဘာ အရိယာ ဟု သံဃာရှစ်ပါး ပိတုန်းပျားသည်၊ ဝိရဇံ-ကိဒလေသာမြူ ညစ် ကြေးအူမှ စင်ဖြူသန့်ရှင်းဒသော၊ အမတဝါသိတံ-နိဗ္ဗာန်ချမ်းအိ အမြိုက်ဆိဖြင့် ရစ်သီလွှမ်းခြုံ ထုံ၍ထားအပ်သော၊ ဓမ္မရဇံ-

ဆယ်ပုံပိုင်းခြား ခွဲဝေထားသည့် တရားတော် တည်းဟူသော ဝတ်မှုန် ဝတ်ဆံအပေါင်းကို၊ သဋ္ဌမြို-ကောင်းစွာနမ်းရှုပ် စုပ်ယူမှီဝဲရလေပြီ။ တံ(ဗုဒ္ဓံ)-ခြေစက်လွှာဆိုင် ပန်းနှစ်ခိုင်ကို စိုးပိုင်ပိုက်ဖျား ထိုရှင်တော်မြတ်ဘုရားကို၊ အဟံ-မုံရွာလယ်တီ အနွယ်မှီသည့် ရွှေစည်ကုလိသ ဘွဲ့မည်ရသား သုဘသညာ ကျွန်ုပ်ငါသည်၊ အဟံ-မေ့မကထာ ဒေသနာကို သေချာဟောမည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်၊ နမေ(နမာမိ)-မဂ်လာစရဏ လက်ဦးစဝယ် ကြည်ဆွပြတ်တုပ် ကိုယ်နှုတ်နှလုံး သုံးပါးပေါင်းပျော မာန်ကိုလျော့၍ ကန်တော့မြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

သာဓု၊ သာဓု၊ သာဓု။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ခြေတော်အစုံက ပဒုမ္မာကြာပန်းကြီးနဲ့ အလားသဏ္ဌာန် တူတယ်။ မြတ်စွာဘုရား ၄၅ ဝါ ကာလကြာအောင် ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော် တွေကတော့ ပဒုမ္မာကြာပန်းကြီးရဲ့ ဝတ်မှုန် ဝတ်ဆံတွေနဲ့ အလားသဏ္ဌာန်တူကြတယ်။ မြတ်စွာဘုရားရဲ့ ရွှေရင်တော်နှစ်သားတော်စစ် ဖြစ်တော်မူကြတဲ့ အရိယာရှစ်ဖေါ် သံဃာတော်အရှင်မြတ်တွေကတော့ ပဒုမ္မာကြာပန်းကြီးရဲ့ ဝတ်မှုန် ဝတ်ဆံတွေရဲ့အပေါ်မှာ တဒီဒီမြည်တဲ့ အသံနဲ့ ပျံဝဲ စားသုံးနေကြတဲ့ ပျားပိတုန်းတွေနဲ့ အလားသဏ္ဌာန် တူကြတယ်။

ပျားပိတုန်းတွေနဲ့ အလားသဏ္ဌာန်တူကြတဲ့ အရိယာ ရှစ်ဖေါ် သံဃာတော် အရှင်မြတ်တွေ၊ ဝတ်မှုန်ဝတ်ဆံတွေနဲ့ အလားသဏ္ဌာန်တူကြတဲ့ တရားဒေသနာတော်တွေနဲ့တကွ ပဒုမ္မာကြာ

ပန်းကြီးနဲ့ အလားသဏ္ဍာန်တူတဲ့ ခြေတော်အစုံကို စုံးပိုင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဘုန်းကြီးက တရားမဟောခင်မှာ စိတ်ပါလက်ပါ သဒ္ဓါဖြိုးဖြိုးနဲ့ ရှိခိုးလိုက်တာပါပဲ။

ဘုန်းကြီး ရှိခိုးလို့ ပီးတာနဲ့တပြိုင်နက်ထဲ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေက သောင်းသောင်း အုတ်အာ သဒ္ဓါသမှုနဲ့ သာဓု သာဓု သာဓုလို့ ကောင်းချီးနုမော်သာဓု သုံးကြိမ် ခေါ်လိုက်ကြတဲ့အတွက် တရားနာပရိသတ်ရဲ့ ဘုရားရှိခိုးခြင်းကိစ္စလဲ ပီးမြောက် အောင်မြင်သွားတော့ တာပါပဲ၊

## (ဂ)

## ဘုရားရှိခိုးရခြင်းအကျိုး

တရားဟော တရားနာ ပုဂ္ဂိုလ် နှစ်မျိုးတို့ရဲ့ ဘုရားရှိခိုးခြင်းကြောင့် ဘယ်လိုအကျိုးထူးတွေများရနိုင်သလဲဆိုတော့ သုဗောဓာလင်္ကာရ ကျမ်းမှာ ဘုရားကိုရှိခိုးခြင်းကြောင့် ရနိုင်တဲ့အကျိုးကို ဂါထာနဲ့ ဖော်ပြထားပါတယ်။

ကိဉ္စိတ္တော ဇာ သ မုဂ္ဂတာ၊
မပ္ပတ္တော သိဒ္ဓိ ခိဇ္ဇသေ။
ပဏာမော နန္ဒ သော ယေဝ၊
သကိမ္ပိ သုဂတေ ကတော။

စိတ္တ-ကြောက်ရွံ့သန့်ထိပ် ဟဲ့ငါစိတ်၊ ဇောသမုဂ္ဂါတံ-ဇောခေါ်ငြား တဏှာတရားကို ပယ်ရှားဖြတ်တောက်ရခြင်းသို့၊ အပ္ပတော သိဒ္ဓိ-တကြိမ်တဖန် တရံတခါမျှ ငါမရောက်ရ သေးပါ

တကာ:ဟု၊ကိ ိဓိဇ္ဇသ-အဘယ်ကြောင့်ပင်ပမ်း နွမ်းနယ်မနေပါ ရအံ့နည်း။

အနမတဂ္ဂ ဘဝများစွာ သံသရာတခွင်က အစဉ်ပါလာတဲ့ လောဘဒေါသ မောဟ အစရှိတဲ့ ကိလေသာ တရားတွေကို တကြိမ်တဖန် တရံတခါမျှလောက် မပယ်ရှား မဖြတ်တောက်ရ သေးဘဲ့အတွက် စိတ်တွေ ပင်ပမ်းနွမ်းနယ် မနေပါနဲ့တဲ့။

သုဂတ-မြတ်စွာဘုရား၌၊ သကိမ္ပိ-တကြိမ်တဖန် တရံတခါ မျှပင်သော်လည်း၊ကတော-စိတ်ပါလက်ပါ ပြုလုပ်အပ်စွာသော၊ ပဏာမော-ရှိခိုးခြင်း ပဏာမ စေတနသည်၊ နန္-စင်စစ် ဧကန် အမှန်မုချအားဖြင့်၊ သော ယော ဇောသမုဂ္ဂတော-ဇောခေါ် ဌြား ထိုဘဏ္ဍာတရားကို ပယ်ရှား ဖြတ်တောက်လိုက်ရခြင်းပါပေ တည်း။

မြတ်စွာဘုရားကို တကြိမ်တဖန် တရံတခါမျှလောက် စိတ် ပါ လက်ပါ သဒ္ဓါဖြိုးဖြိုးနဲ့ ရှိခိုးလိုက်ရတယ်ဆိုယင် လောဘ ဒေါသ မောဟအစရှိတဲ့ ကိလေသာတရားတွေကို ပယ်ပီးသား ရှားပီးသား၊ ဖြတ်တောက်ပီးသား (ပယ်, ရှား, ဖြတ်တောက်ပီး သား) ဖြစ်သွားပါတယ်တဲ့။

မြတ်စွာဘုရားကိုအာရုံပြုပီး တဒင်္ဂ ပဟာန်အားဖြင့်လောဘ ဒေါသ မောဟအစရှိတဲ့ ကိလေသာတရားတွေကို ပယ်ရှား ဖြတ်တောက်ထားတဲ့အတွက် တရားဟော တရားနာ ပုဂ္ဂိုလ် နှစ်မျိုးတို့ရဲ့ သန္တာန်မှာ ညစ်ကြေးမတင် ဖြူစင် သန့်ရှင်းနေကြ ပါပီ။ မြတ်စွာဘုရားရဲ့ ခြင်သေဆီနဲ့တူတဲ့ တရားတော်ကိုလက်ခံ နိုင်လောက်တဲ့ သိင်္ဂီရွှေခွက်နဲ့တူတဲ့ နားတွေ ဖြစ်နေကြပီလို့ဆိုကြ ပါစို့ရဲ။

ကဲ-ခုဏကတုန်းကဝန်ခံထားတဲ့ အပ္ပမာဒသုတ် မမေ့မလျော့ ရေး တရားတော်)ကို ဟောကြရအောင်၊ နာကြရအောင်။

(ဃ)

ကောသလမေး ဘုရားဖြေ

တခါတုန်းက ဇ္ဈာဂိယ, မေ့, ယသ, သိရိ, ကာမ, ပယိတ္တာလို ဆိုတဲ့ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရား ရှင် ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည်မှာ ဇေတဝန် ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတယ်-တဲ့။

တချိန်မှာ အစိန္တေယျသုံးလောကထွဋ်ထား သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ရှေ့တော်မှောက် ဘယ်သူရောက်နေသလဲ ဆိုတော့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလ မင်းတရားကြီး ရောက်နေတယ်။ မင်းတရားကြီးက မြတ်စွာ ဘုရားကို ရိုသေမြတ်နိုးလက်စုံမိုး ဦးခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပြီးတော့ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ နေ ရာမှာ နေရာယူပြီးတော့ ထိုင်နေတယ်။

ထိုင်နေပြီးတော့ "အတ္ထိ နု ခေါ ဘန္တေ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ၊ ဒိဋ္ဌဓမ္မိကဥ္စေဝအတ္ထံ သမ္ပရာယိကဥ္စ"လို့ မြတ်စွာဘုရားကို လျှောက်ထားလိုက်တယ်။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ယော ဓမ္မော- အကြင်တရားသည်၊ ဒိဋ္ဌဓမ္မိကံ-ခု ဝတ္တမာန် ပစ္စုပ္ပန်လောက မျက်မှောက်ဘဝ၌ဖြစ်သော၊ အတ္ထဥ္စ-အကျိုးကိုရင်း၊ သမ္ပရာ ယိကံ-တမလွန်လောက နောင်ဘဝ၌ ဖြစ်သော၊ အတ္ထဥ္စ-

အကျိုးကိုရင်း၊ ဥဒဘာ အတ္တောအကျိုးတရား နှစ်ပါးတို့ကို၊ သမဓိဂ္ဂယှ-သိမ်းယူ၍၊ တိဋ္ဌတိ-တည်၏။ ဧကော-တပါးသော၊ သော ဓမ္မော-ထိုတရားသည်၊ အတ္ထိ နု ခေါ-မုချကေန် အမှန် အားဖြင့် ထင်ရှား ရှိပါ၏လော။

"မြတ်စွာဘုရား-ပစ္စုပ္ပန် တမလွန် နှစ်တန်နှစ်ဝ နှစ်လောက လုံးအတွက် အကျိုးတရားတိုးပွားစေနိုင်တဲ့ တရားတပါးဆိုတာ ကေန်မုချ ရှိပါသလား ဘုရား"

အတ္ထိ ခေါ မဟာရာဇ ဧကော ဓမ္မော ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ၊ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စ၊

ဒီစကားရပ်ကတော့ မြတ်စွာဘုရားက သာဝတ္ထိပြည်ကြီးရဲ့ အရှင် ဘုရင် ပသေနဒီ ကောသလ မင်းတရားကြီးကို ပြန်ပြီး မိန့်မြွက်တော်မူလိုက်တဲ့ စကားရပ်ပါပဲ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ယော ဓမ္မော-အကြင်တရားသည်၊ ဒိဋ္ဌဓမ္မိကံ-ဥဝတ္တမာန် ပစ္စုပ္ပန်လောက မျက်မှောက်ဘဝ၌ဖြစ်သော၊ အတ္ထဉ္စ-အကျိုးကိုရင်း၊သမ္ပရာ ယိကံ-တမလွန်လောက နောင်းဘဝ၌ဖြစ်သော၊ အတ္ထဉ္စ-အကျိုး ကိုရင်း၊ဥဘော အတ္ထေ-အကျိုးတရား နှစ်ပါးတို့ကို၊သမာဓိဂယှ- သိမ်းယူ၍၊ တိဋ္ဌတိ-တည်၏။ ဧကော-တပါးသော၊ သော ဓမ္မော-ဆိုတရားသည်၊ အတ္ထိ ခေါ- မုချကေန် အမှန်အားဖြင့် ထင်ရှားရှိသည်သာ။

"မင်းကြီး-ပစ္စုပ္ပန် တမလွန် နှစ်တန်နှစ်ဝ နှစ်လောကလုံး အတွက် အကျိုးတရား တိုးပွားစေနိုင်တဲ့ တရားတပါးဆိုတာ ကေန်မုချ ရှိတယ်"

ဒီလို မြတ်စွာဘုရားက မြွက်ကြားတော်မူလိုက်တော့ သာဝတ္ထိ ပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီ ကောသလ မင်းတရားကြီးက တခါထပ်ပြီး မေးလိုက်တယ်။

ဘယ်လို မေးလိုက်သလဲဆိုတော့ "ကတမော ပန ဘန္တေ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ၊ ဒိဋ္ဌ ဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဥ္စ" ဒီလိုမေးလိုက်တယ်။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ယော ဓမ္မော-အကြင်တရားသည်၊ ဒိဋ္ဌဓမ္မိကံ-ခုဝတ္တမာန် ပစ္စုပ္ပန် လောက မျက်မှောက်ဘဝ၌ဖြစ်သော၊ အတ္ထဉ္စေဝ-အကျိုးကိုရင်း၊ သမ္ပရာ ယိကံ-တမလွန်လောက နောင်းဘဝ၌ဖြစ်သော၊ အတ္ထဥ္စ-အကျိုး ကိုရင်း၊ ဥဘော အတ္ထေ-အကျိုးတရား နှစ်ပါးတို့ကို၊ သမဓိဂ္ဂယှ သိမ်းယူ၍၊ တိဋ္ဌတိ-တည်၏။ ဧကော-တပါးသော၊ သော ဓမ္မော-ထိုတရားသည်၊ ကတမော ပန-အဘယ်ပါနည်း။

"မြတ်စွာဘုရား-ပစ္စုပ္ပန် တမလွန် နှစ်တန်နှစ်ဝ နှစ်လောက လုံးအတွက် အကျိုးတရား တိုးပွားစေနိုင်တဲ့ တရားတပါးဆိုတာ ဘယ်ဟာပါလဲဘုရား"

> အပ္ပမာဒေါ ခေါ မဟာရာဇ ဧကော ဓမ္မော၊
> ယော ဥဘော အတ္ထေ သမာဓိဂ္ဂယှ တိဋ္ဌတိ၊ ဒိဋ္ဌဓမ္မိ
> ကဉ္စေဝ အတ္ထံ သမ္ပရာယိကဥ္စ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ယော ဓမ္မော အကြင်တရားသည်၊ ဒိဋ္ဌဓမ္မိကံ-ခုဝတ္တမာန် ပစ္စုပ္ပန် လောက မျက်မှောက်ဘဝ၌ဖြစ်သော၊အတ္ထဉ္စ-အကျိုးကိုရင်း၊ သမ္ပရာ ယိကံ-တမလွန်လောက နောင်းဘဝ၌ ဖြစ်သော၊ အတ္ထဉ္စ-အကျိုးကိုရင်း၊ ဥဘော အတ္ထေ-အကျိုးတရား နှစ်ပါးတို့ကို၊ သမဓိဂ္ဂယှ-သိမ်းယူ၍၊ တိဋ္ဌတိ-တည်၏၊ ဧကော-တပါးသော၊ သော ဓမ္မော-ထိုတရားသည်၊ အပ္ပမာဒေါ ခေါ-ပုညကိရိယာ ဝတ္ထုသုံးပါး တရားတို့ကို ဖြစ်ပွားစေတတ်သော အပ္ပမာဒ တရားမြတ်သည်သာလျှင်တည်း။

"မင်းကြီး- ပစ္စုပ္ပန်တမလွန် နှစ်တန်နှစ်ဝ နှစ်လောကလုံး အတွက် အကျိုးတရား တိုးပွားစေနိုင်တဲ့ တရားတပါး ဆိုတာ တခြားဟာကို ခေါ်တာမဟုတ်ဖူး၊ ပုညကိရိယာ ဝတ္ထုသုံးပါး တရားတို့ကိုဖြစ်ပွားစေတတ်တဲ့ အပ္ပမာဒတရားမြတ်ပါ"

အပ္ပမာဒ တရားဆိုတာ ပုညကိရိယာ ဝတ္ထုသုံးပါး တရား တွေကို ဖြစ်ပွားစေတတ်ပါတယ်-တဲ့။ ပုညကိရိယာ ဝတ္ထုတရား ဆိုတာအမှန်တကယ်ရှိတာကတော့ ၁၀-ပါးတောင် ရှိပါတယ်။ ဘာတွေလဲဆိုယင် ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ်၊ အပစာ ယနရယ်၊ ဝေယျာဝစ္စရယ်၊ ပတ္တိဒါနရယ်၊ ပတ္တာနုမောဒနာ ရယ်၊ ဓမ္မသဝနရယ်၊ ဓမ္မဒေသနာရယ်၊ ဒိဋ္ဌိဇုကမ္မရယ်- ဒါတွေပါ ဘဲ။ ဒါတွေထဲကဒါန,သီလ,ဘာဝနာဆိုတဲ့ရှေ့သုံးပါးဟာ ခုနက ပြောခဲ့တဲ့ ပုညကိရိယာ ဝတ္ထုသုံးပါးပါပဲ။ အဲဒီ ပုညကိရိယာ ဝတ္ထုသုံးပါးကို ဖြစ်ပွားစေတတ်တဲ့ တရားဟာ အပ္ပမာဒတရား မြတ်ပါပဲ-တဲ့။ အမှန်စင်စစ်မှာတော့ အပ္ပမာဒ တရားက ကျန်တဲ့

ပုညကိရိယာဝတ္ထု ခုနစ်ပါး တရားတွေကိုလဲ ပြင်ပွားစေနိုင်တယ်လို့ ပြောရပါတယ်။ ဘာပြုလို့တုန်းဆိုတော့ ကျန်တဲ့ ပုညကိရိယာဝတ္ထု ခုနစ်ပါးတရားတွေကို ဒါန၊ သီလ၊ ဘာဝနာထဲ သွင်းယူယင်ရနိုင်လို့ပါပဲ။ ဘယ်လို သွင်းယူရမလဲဆိုတော့ ပတ္တိဒါနနဲ့ ပတ္တာနုမောဒနာ ဒီနှစ်ပါးကို ဒါနထဲသွင်း၊ အပစာယနနဲ့ ဝေယျာဝစ္စဒီနှစ်ပါးကို သီလထဲသွင်း၊ ဓမ္မသဝန၊ ဓမ္မဒေသနာနဲ့ ဒိဋ္ဌိဇုကမ္မ ဒီသုံးပါးကို ဘာဝနာထဲသွင်း၊ ဒီလိုသွင်းယူရပါတယ်။ သွင်းယူပုံသွင်းယူနည်းကို အသဲစွဲသွားအောင် ဆောင်ပုဒ်ကလေးတွေနဲ့ မှတ်ထားလိုက်ကြစမ်းပါ။ ကဲ-ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

၁။ ဒါနသီလာ ဘာဝနာ သုံးဖြာစဉ်ရှိခင်း။

၂။ ပတ္တိဒါန ပတ္တာနုမောဒန ဤနှစ်ဝ ဒါနထဲကိုသွင်း။

၃။ အပစာယန ဝေယျာဝစ္စ ဤနှစ်ဝ သီလထဲကိုသွင်း။

၄။ ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မာ ဤသုံးဖြာ ဘာဝနာထဲကိုသွင်း။

အခုပြောခဲ့တဲ့ ပုညကိရိယာဝတ္ထုတရားတွေကို ပြင်ပွားစေနိုင်တဲ့တရားဟာ အပ္ပမာဒ တရားပါပဲ။ ဒီအပ္ပမာဒဆိုတဲ့ တရားတပါးဟာ ငွေပြွန်တမလွန်နှစ်တန်နှစ်ဝ နှစ်လေ့ကလုံးအတွက် အကျိုးတရား တိုးပွားစေနိုင်တယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။ အဲဒီလို မိန့်ကြားတော်မူပြီးတော့ အားရတော်မမူသေးတဲ့အတွက် ကိုယ်တော်မြတ်ရဲ့ ရှေတော်မှောက် ရောက်ဆိုက်နေတဲ့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီကောသလ

မင်းတရားကြီးကို သဘောကျသထက် ကျသွားအောင် ဥပမာ ဥပမေယျနဲ့ နှိုးနှောပြီး ဟောပြတော်မူပြန်ပါသေးတယ်။

## (င)

## ဆင်ခြေရာဥပမာ

သေယျထာပိ မဟာရာဇ ယာနိ ကာနိစိ ဇင်္ဂလာနံ ပါဏာနံ ပဒဇာတာနိ၊ သဗ္ဗာနိ တာနိ ဟတ္ထိပဒေ သမောဓာနံ ဂစ္ဆန္တိ၊ ဟတ္ထိပဒံ တေသံ အဂ္ဂမက္ခာယတိ ယဒိဒံ မဟန္တတ္တေန။

မဟာရာဇ- မြတ်သောကောသလမင်းကြီး၊ သေယျထာပိ-ဥပမာပုံဆောင် ထင်အောင်ပြရဘိမူကား၊ ဇင်္ဂလာနံ ပါဏာနံ-မြေ၌ သွားတတ်ကုန်သော အခြေလေးချောင်း ရှိကုန်သော သတ္တဝါတို့၏၊ ယာနိ ကာနိစိ ပဒဇာတာနိ- အကြင်အမှတ်မရှိ တစုံတခုသော ခြေရာတို့သည်၊ (သန္တိ-ရှိကုန်၏။) သဗ္ဗာနိ တာနိ-ဟိုဟိုဒီဒီ ထိုခြေရာတို့သည်၊ဟတ္ထိပဒေ-ဆင်ခြေရာ၌၊သမောဓာနံ-အကျုံးဝင်ခြင်းသို့၊ ဂစ္ဆန္တိ- ရောက်ကုန်၏။ ဟတ္ထိပဒံ-ဆင်ခြေရာကို၊ ယဒိဒံ မဟန္တတ္တေန- အလွန်ကြီးသည်၏ အဖြစ်ကြောင့်၊ တေသံ- ဟိုဟိုဒီဒီ ထိုခြေရာတို့ထက်၊ အဂ္ဂံ- အမြတ်ဆုံးဟူ၍ အက္ခာယတိ- ခေါ်ဆိုအပ်၏။

"မင်းကြီး- ဥပမာအားဖြင့် ထင်ရှားအောင် ငါဘုရား ပြောပြမယ်။ မြေပေါ်မှာ တလှုပ်ရှားရှား သွားလာနေကြတဲ့ အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေရဲ့ ခြေရာတွေ ရှိကြ

တယ်။ မြင်းခြေရာတို့၊ ကျွဲခြေရာတို့၊နွားခြေရာတို့၊ သမင်၊ဒရယ်၊ ချေငယ်၊စိုင်၊ဆတ်တို့ရဲ့ ခြေရာတို့ အစရှိတဲ့ ခြေရာတွေပေါ့။) အဲဒီ ခြေရာတွေအားလုံးဟာ ဆင်ခြေရာထဲမှာ အကျုံးဝင်ကြရ တယ်။ ဘာကြောင့်လဲဆိုတော့ ဆင်ခြေရာက ရှိရှိသမျှ အားလုံး ခြေရာတွေထက် ကြီးလို့ပါပဲ။ ဒါကြောင့် ဆင်ခြေရာကို အမြတ် ဆုံးလို့ ခေါ်ရတယ်။

ဒါက နှိုင်းယှဉ်ချက်ဥပမာပါပဲ၊ ဒီလိုနှိုင်းယှဉ်ချက် ဥပမာကို ဟောပြီးတော့ လိုရင်းပဓာန အဓိကကျတဲ့ ဥပမေယျကိုလဲမြတ်စွာ ဘုရားကဆက်ပြီး ဟောတော်မူပါတယ်။ နားထောင်ကြပါ။

## (စ)

### အပ္ပမာဒ ဥပမေယျ

ဧဝ မေဝ ခေါ မဟာရာဇ အပ္ပမာဒေါ၊ ဧကော
ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ၊
ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ဧဝမေဝခေါ-ဤအတူသာလျှင်၊ ယော ဓမ္မော-အကြင်တရားသည်၊ဒိဋ္ဌဓမ္မိကံ-ခုဝတ္တမာန် ပစ္စုပ္ပန်လောက မျက်မှောက်ဘဝ၌ ဖြစ်သော၊ အတ္ထဉ္စဝ- အကျိုးကိုရင်း၊ သမ္ပရာယိကံ- တမလွန် လောက နောင်းဘဝ၌ဖြစ်သော၊ အတ္ထဉ္စ-အကျိုးကိုရင်း၊ ဥဘော အတ္ထေ-အကျိုးတရား နှစ်ပါးတို့ကို၊ သမဓိဂ္ဂယှ-သိမ်းယူ၍၊ တိဋ္ဌတိ-တည်၏။ ဧကော-တပါးသော၊ သော ဓမ္မော- ထိုတရားသည်၊

အပ္ပမာဒေါ-ပုညကိရိယာ ဝတ္ထုသုံးပါး တရားတို့ကို ဖြစ်ပွားစေ တတ်သော အပ္ပမာဒ တရားမြတ်ပေတည်း။

"မင်းကြီး ခုဏက ပြောခဲ့တဲ့ ဥပမာအတိုင်း ပစ္စုပ္ပန်တမလွန် နှစ်တန်နှစ်ဝ နှစ်လောကလုံးအတွက် အကျိုးတရား တိုးပွားစေနိုင်တဲ့ တရားတပါးဆိုတာ ပုညကိရိယာဝတ္ထုတရားတွေကို ဖြစ်ပွားစေတတ်တဲ့ အပ္ပမာဒတရားမြတ်ပဲ။"

## (ဆ)

## အထွဋ်တင်ဂါထာများ

ဘုရားရှင် ကိုယ်တော်မြတ်က ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက် ရောက်ဆိုက်နေတဲ့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီ ကောသလမင်းတရားကြီးကို ဒီလိုစုဏ္ဏိယ စကားပြေနဲ့ ဝေဝေဆာဆာ ဒေသနာတရားကို ဟောကြားပြီးဘော့ ဘုရားတယ်ပြီးတဲ့အခါ ထီးအထွဋ်တင်သလို ဂါထာ သုံးဂါထာနဲ့ အထွဋ်တင်ပြီး ဟောကြား ချီးမြှင့်တော်မူပါသေးတယ်။

အထွဋ်တင် သုံးဂါထာတရား ဟောကြားတော် မူသေးတယ် ဆိုတာကိုလဲ သံဂါယနာတင် အရှင်မြတ်များက "ဣဒမဝေါစ ဘဂဝါ၊ ဣဒံဝတွာန သုဂတော၊ အထာပရံ ဧတဒဝေါစသတ္ထာ" လို့ဆိုတဲ့ ဒီစကားရပ်နဲ့ ကြားညှပ်ပြီး မိန့်တော်မူလိုက်ကြပါသေးတယ်။

ဘဂဝါ-ဣဿရိယ စသည့်ခြောက်စုံ ဘဂဝါဂုဏ်နှင့် ပြည့်စုံပေလတ် ဘုရားမြတ်သည်၊ ဣဒံ (ဝစနံ)-ဤ စုဏ္ဏိယစကားပြေ ဝေဝေဆာဆာ ဒေသနာတရားကို၊ အဝေါစ-ကြားနာသူ ကော

သလ သဘောကျအောင် ဟောပြတော်မူလေ၏။ သုဂတော- စကားခြောက်ခွန်း လွှဲသွန်းလည်း လေးခွန်းကိုပယ် နှစ်ခွန်းကယ်တတ် ဘုရားမြတ်သည်၊ ဠဒ္ဒံ(၀၈နံ)-ဤစုဏ္ဏိယ စကားပြေ ဝေဝေဆာဆာ ဒေသနာတရားကို၊ ဝတွာန-ကြားနာသူ ကောသလ ဘဘောကျအောင် ဟောပြတော်မူပြီးလျှင်၊ အထာပရံ- ထိုမှနောက်၌၊ သတ္ထာ-လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူငြား မြတ်စွာဘုရားသည်၊ တေ(၀စနံ)-ယခုပင် ရွတ်ဆိုဟောပြတော့မည်ဖြစ်သော တရားဒေသနာ အထွဋ်တင် သုံးဂါထာကို၊ အဝေါစ-ကြားနာသူ ကောသလ သဘောကျအောင် ဟောပြတော်မူလေသတည်း။

သာဓု၊ သာဓု၊ သာဓု။

မြတ်စွာဘုရား ဆက်လက်ပီးဟောကြားတော်မူတဲ့ အထွဋ်တင်ဂါထာ သုံးဂါထာကို ဘုန်းကြီးကလဲ ဆက်လက်ပီး ဟောမယ်။ တရားနာ ပရိသတ်ကလဲ ဆက်လက်ပီးနာကြ။ ကောသလမင်းတရားကြီးကို အကြောင်းပြုပီး မြတ်စွာဘုရားကချီးမြှင့်တော်မူတဲ့ တရားကို အခု ငါတို့ နာနေကြရပါကလားလို့ ဆိုပီးမိမိတို့ရဲ့ ဝမ်းမြောက်ဝမ်းသာတဲ့ စိတ်ကို မြှင့်တင်ထားလိုက်ကြ။

၁။ အာယုံ အရောဂိယံ ဝဏ္ဏံ၊
သဂ္ဂံ ဥစ္စာကုလီ နတံ။
ရတိယော ပတ္ထယန္တေန၊
ဥဠာရာ အပရာပရာ။

အာယုံ-အသက်ရှည်ခြင်းကိုရင်း၊ အရောဂိယံ- အနာရောဂါကင်းရှင်းကွာသည်၏ အဖြစ်ကိုရင်း၊ ဝဏ္ဏံ-ရုပ်ဇရအဆင်း လှပ

ခြင်းကိုရင်း၊ သင်္ဂ- နတ်ပြည်နတ်ရွာသို့ ရောက်ရခြင်းကိုရင်း၊ ဥစ္စာကုလိနတ်-အမျိုးမြင့်မြတ်သည်၏ အဖြစ်ကိုရင်း၊ ဥဠာရ- မြင့်မြတ်ကုန်သော၊ အပရာပရာ-အဆင့်ဆင့်ဖြစ်ကုန်သော၊ ရတိယော- မွေ့လျော်ခြင်းတို့ကို၊ ပတ္ထယန္တေန- တောင့်တ လင့်ဆို အလိုရှိသော ပုဂ္ဂိုလ်မြတ်သည်၊ (အပ္ပမာဒေ- ပညာကိရိယာ ဝတ္ထုသုံးပါးတရားတို့ကို ဖြစ်ပွားစေဘိတ် အပ္ပမာဒ တရားမြတ်ကို ကာတဗ္ဗော-ကြိုးစား အားထုတ် ပြုလုပ်အပ်၏။

အခုလို ပါဠိတကျော့ ဗမာတကျော့နဲ့ ပြန်ဆိုပြီး ပြောပြလိုက်တော့ ရှေလျားရောထွေးပြီး အသိခက်နေလိမ့် အုံးမယ်။ ဒါကြောင့် ဗမာလို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကျကျ သိရအောင် ဘုန်းကြီးက အမေးအဖြေလုပ်ပြီး ပြန်ပြောပြလိုက်အုံးမယ်။

၁။ အသက် မရှည်ချင်ဘူးလား၊ ရှည်ချင်တယ်၊ ရှည်ချင်ယင် အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်တရားကို ပွားများကြိုးကုတ် အားထုတ်ပါ။

၂။ အနာရောဂါ မကင်းချင်ဘူးလား၊ကင်းချင်တယ်။ကင်းချင်ယင် အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်တရားကို ပွားများကြိုးကုတ် အားထုတ်ပါ။

၃။ ရုပ်ရေအဆင်း မလှပချင်ဘူးလား၊လှပချင်တယ်။ လှပချင်ယင် အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်တရားကို ပွားများကြိုးကုတ် အားထုတ်ပါ။

၄။ လူ့ဘဝမှာ သက်တန်းစေ့နေပြီး လူ့ပြေက စုတေတဲ့အခါ နတ်ရွာနတ်ပြေကို မရောက်ချင်ဘူးလား၊ ရောက်ချင်

တယ်။ ရောက်ချင်ယင် အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန် တရားကို ပွားများကြိုးကုတ် အားထုတ်ပါ။

၅။ လူပြေလူဘဝ လူဖြစ်တဲ့အခါမှာ မြင့်မြတ်တဲ့အမျိုးထဲ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်တယ်။ ဖြစ်ချင်ယင် အပ္ပမာဒ ခေါ်တဲ့ သတိပဋ္ဌာန်တရားကို ပွားများကြိုးကုတ် အား ထုတ်ပါ။

၆။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြိုက်နိဗ္ဗာန်လို့ဆိုတဲ့ အကျိုး အဆင့်ဆင့်ကို မြင့်မြင့်ပီး မရချင်ဘူးလား၊ ရချင်တယ်။ ရချင်ယင် အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်တရားကို ပွား များကြိုးကုတ် အားထုတ်ပါ။

ဒီဘုရားဂါထာ ဒေသနာတော်ရဲ့ လိုရင်းအချက်ကို ကွက်ကွက် ကွင်းကွင်း လင်းလင်းသင်းသင်း သိမြင်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေနဲ့ မီးမောင်းထိုးပြလိုက်မယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

၁။ အသက်ရှည်ခြင်း ရောဂါကင်း အဆင်းလှလိုလျှင်။

၂။ အမျိုးမြင့်မြတ် နတ်ပြည်ရပ် ဆိုက်ကပ်ရောက်လို လျှင်။

၃။ မဂ်ဉာဏ်ဖိုလ်ဉာဏ် မြိုက်နိဗ္ဗာန် ကေန်ရလိုလျှင်။

၄။ သတိခေါ်ငြား မြတ်တရား ကြိုးစားကြဖို့ပင်။

၂။ အပ္ပမာဒံ ပသံသန္တိ၊
ပုညကိရိယာသု ပဏ္ဍိတာ။
အပ္ပမတ္တော ဥဘော အတ္ထေ၊
အဓိဂ္ဂဏှာတိ ပဏ္ဍိတော။

၃။ ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊
ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊
ပဏ္ဍိတောတိ ပဝုစ္စတိ။

ပဏ္ဍိတော-ဘုရားအစ များလှစွာဘိ ပညာရှိတို့သည်၊ ပုညကိရိယာသု-ပုညကိရိယာဝတ္ထုတရားတို့၌၊ အပ္ပမာဒံ-မမေ့မလျော့ခြင်းကို၊ ပသံသန္တိ- သံချီမိန့်ဟ ချီးမွမ်းတော် မူကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဘုရားအစရှိတဲ့ ပညာရှိအပေါင်း သူတော်ကောင်း တွေက ဒါန၊ သီလ၊ ဘာဝနာ အစရှိတဲ့ ပုညကိရိယာ ဝတ္ထုတရားတွေကို ဖြစ်ပွားစေတတ်တဲ့ အပ္ပမာဒခေါ်တဲ့ မမေ့မလျော့ရေး သတိ ပဋ္ဌာန်တရားကို "အကျိုးထူး ခုနစ်ပါး ရနိုင်တဲ့တရားပဲ" လို့ ချီးမွမ်းတော်မူကြပါတယ်-တဲ့။

အကျိုးထူး ခုနစ်ပါးက ဘာတွေလဲဆိုတာ သေသေချာချာ သိအောင် လက်ချိုးပြီး မှတ်ထားလိုက်ကြစမ်းပါ။

၁။ ကိလေသာကင်း သန့်ရှင်းစင်ကြယ်နိုင်တဲ့ အကျိုး၊
၂။ စိုးရိမ်မှုသောကကို လွန်မြောက်နိုင်တဲ့ အကျိုး၊

၃။ ငိုကြွေးမှုပရိဒေဝကို လွန်မြောက်နိုင်တဲ့အကျိုး၊
၄။ ကိုယ်ဆင်းရဲမှု ဒုက္ခ ချုပ်ငြိမ်းနိုင်တဲ့အကျိုး၊
၅။ စိတ်ဆင်းရဲမှု ဒေါမနဿ ချုပ်ငြိမ်းနိုင်တဲ့အကျိုး၊
၆။ အရိယာမဂ်ကို ရနိုင်တဲ့အကျိုး၊
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အကျိုး၊

ဒီ အကျိုးထူးခုနစ်ပါးပါပဲ။ ဒီအကျိုးထူးခုနစ်ပါးကို လွယ်လွယ်ကူကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးစီထားတယ်။ အခု အဲဒီဆောင်ပုဒ်ကို ချပို့ပေးမယ်၊ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

သတိပဋ္ဌာန် တရားမြတ်ကို
ရှုမှတ်ပါတဲ့ ရှင်လူမှာ။
ကိလေကင်းစင် စိုးရိမ်ခြင်းနှင့်
ငိုကြွေးခြင်းလဲ လွန်မြောက်ရာ။
ကိုယ်စိတ်နှစ်တန် ဆင်းရဲခြင်းတို့
ချုပ်ကင်းကွယ်ပျောက် နိုင်သည်သာ။
မဂ်ဖိုလ်လဲရောက် နိဗ္ဗာန်ပေါက် မျက်မှောက်ပြုနိုင်တာ၊
အာနိသံသ ခုနစ်ဝ မုချရနိုင်ပါ။

ကဲ-ရှေ့ကဝါကျတွေကို ဆက်ကြအုံးစို့ရဲ့။

အပ္ပမတ္တော-မမေ့မလျော့သော၊ ပဏ္ဍိတော-ပညာ ရှိသည်၊ ဒိဋ္ဌေ ဓမ္မေ-ခုငတ္တမာန် ပစ္စုပ္ပန်လောက မျက်မှောက်ဘဝ၌၊ (ပဝတ္တော-ဖြစ်သော၊) ယော အတ္ထော စ-အကြင်အကျိုးသည်၎င်း၊သမ္ပရာယိကော-တမလွန်လောက နှောင်းဘဝ၌ ဖြစ်

သော၊ ယော အတ္တော စ-အကြင်အကျိုးသည်ငှင်း၊ (အတ္တိ-ရှိ၏၊) ဥဘော အတ္ထေ-အကျိုးတရားနှစ်ပါးတို့ကို၊အဓိဂ္ဂဏှာတိ-ရနိုင်၏၊ အတ္တာဘိသမယာ-အကျိုးနှင်ဝကို ရနိုင်ခြင်းကြောင့်၊ ဓိရော-ပညာရှိပုဂ္ဂိုလ်ကို၊ပဏ္ဍိတောတိ-ပဏ္ဍိတဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုပညတ် သမုတ်အပ်လေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

မမေ့မလျော့တဲ့ ပညာရှိပုဂ္ဂိုလ်ဟာ ပစ္စုပ္ပန်တမလွန် နှစ်တန်နှစ်ဝ နှစ်လောကလုံးအတွက် အကျိုးတရားနှစ်ပါးကို ရနိုင်ပါတယ်-တဲ့။ ဒါကြောင့် သူ့ကို ပညာရှိပုဂ္ဂိုလ်လို့ ခေါ်ဘာပါပဲ-တဲ့။

## (၈)

## လက်တွေ့ တရားအားထုတ်နည်း

ကဲ-ပစ္စုပ္ပန်အကျိုး တမလွန်အကျိုး နှစ်မျိုးစလုံး ရရှိပြီး ပညာရှိပုဂ္ဂိုလ် ဖြစ်ဖို့ရာအတွက် ခန္ဓာကိုယ်ကို ဉာဏ်ရောက်စေနိုင်တဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ လုပ်ငန်း ကမ္မဋ္ဌာန်းတရားကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ ကိုယ်တွေ့ ပွားများကြိုးကုတ် အားထုတ်ကြရအောင်၊ အခု တရား အားထုတ်ပွဲကို အဆိုကလေးများနဲ့ စတင်ပြီး ဖွင့်လှစ်ကြပါစို့။

(မှာထားချက်။ ။"ရုပ်နာမ်ဓမ္မ သင်္ခါရ မုချမမြဲပေ"စတဲ့ အဆိုကလေးများကို ချပ်ပို့ပေးပြီး စာမျက်နှာ(၂၆) အနွှသုတ်မျက်မှမြင်တရားတော် အဆုံး၌ ပါရှိသော လက်တွေ့ တရားအားထုတ်နည်းအတိုင်း ညွှန်ကြားပါ။)

## (၈၂)
## တရားသိမ်း

ကဲ-တရားနာယင်း တရားမှတ်၊ တရားမှတ်ယင်း တရားနာ (နာယင်းမှတ်၊ မှတ်ယင်းနာ)လာကြရတာ ဒါလောက်ဆိုယင် သင့်လျော်ပါပြီ။ သက်သက်သာသာနဲ့ နေမြဲတိုင်းသာ နေကြပါတော့။

အခု မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခန္ဓာကိုယ်ဉာဏ်ရောက်အောင် လက်တွေ့ကိုယ်တွေ့ အားထုတ်ခဲ့ကြတဲ့ ဓမ္မာနု ဓမ္မပဋိပတ် ဘာဝနာ အကျင့်မြတ်ကြောင့် "နောက်ထပ်တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး လွတ်မြောက်ဖို့ရာ ဆုတောင်း။ ပြီးတော့-မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခန္ဓာကိုယ်ဉာဏ် ရောက်အောင် လက်တွေ့ကိုယ်တွေ့ အားထုတ်ခဲ့ကြတဲ့ ဓမ္မာနု ဓမ္မပဋိပတ် ဘာဝနာအကျင့်မြတ်ဖြင့် ရတနာသုံးပါးကို ပူဇော် ခြင်း ပြုပြီး အပ္ပမာဒ တရားသိမ်းနဲ့ ဒီတရားပွဲကို နိဂုံးချုပ် ရုပ်သိမ်းကြရအောင်၊ ကဲ-စိတ်ပါလက်ပါ လိုက်ဆိုကြရမယ်။

### ဆုတောင်း

မုချကေန် အမှန်မချွတ် ဤအကျင့်မြတ်ကြောင့် နောက်ထပ် တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး လွတ်မြောက် ရပါလို၏ အရှင်ဘုရား။

### ရတနာသုံးပါးပူဇော်

၁။ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ အကျင့်မြတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။

၂။ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤအကျင့်မြတ်ဖြင့် တရားတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

၃။ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤအကျင့်မြတ်ဖြင့် သံဃာတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

## အပ္ပမာဒ တရားသိမ်း

သဗ္ဗေဝါ အဟံ ကူဒါနိ၊
ဝေါ အာမန္တယာမိ သင်္ခါရာ။
ဝယဓမ္မာ သင်္ခါရေ၊
အပ္ပမာဒေန သမ္ပာဒေထ။

သဗ္ဗေဝါ-တရားပွဲကို တအားခဲ၍ တကယ်ဇွဲနှင့် တကယ်နွဲ့ပြီး သဲသဲမဲမဲ သဒ္ဓါတရားဖြင့် နာကြားလျက်နေကြကုန်သော တရားနာ ပရိသတ်အပေါင်း အို သူတော်ကောင်းတို့၊ အဟံ-ဘုရားသခင် ဒို့အရှင်၏ကိုယ်စား မြတ်တရားကို ဟောကြား၍ နေသော ငါသည်၊ ကူဒါနိ-တရားဒေသနာကို အားထုတ်၍ ဟော ခဲ့ရာ ပြီးဆုံးချိန်ယခုအခါ၌၊ ဝေါ-ကြည်ရွှင်စိတ်ထား သဒ္ဓါနားဖြင့် နာကြားကြသူ များဗိုလ်လူအပေါင်း သင်သူတော် ကောင်းတို့အား၊ အာမန္တယာမိ-တကယ်ကို အရေးကြီးသဖြင့် သတိပေးစကား ပြောကြား တိုက်တွန်းလိုသည့်အတွက် မြတ်ဘုရား၏ မှတ်သားစရာ မိန့်ခွန်းတော်မြွက်ကို လေးလေးနက်နက် ထုတ်ပြန်လိုက် ပေအံ့။သင်္ခါရာ-ကံစိတ်ဥတု အာဟာရ ကြောင်း လေးဖြာတို့ ပေါင်းကာစုဆုံ တော့ဘုမ္မက သင်္ခါရ တရားတို့သည်၊ ယသ္မာ-အကျင့်ကြောင့်၊ ဝယဓမ္မာ-အဟောင်း အဟောင်းတွေ

ကွယ်ပျောက် အသစ်အသစ်တွေရောက်ပြီး တဖန် ကုန်ပျောက် ပြုန်းတီး၍ ပျက်စီးခြင်းသဘော ရှိကုန်၏။ တသွား-ထိုကြောင့်၊ တုမှု-တရားပွဲကို တအားခဲ၍ တကယ်ဇွဲနှင့် တကယ်နှဲပြီး သဲသဲ မဲမဲ သဒ္ဓါတရားဖြင့် နာကြားလျက် နေကြကုန်သော တရားနာ ပရိသတ်အပေါင်း သင်သူတော်ကောင်းတို့သည်၊ သခါရေ- ကာစိတ်ဥပဟာ ကြောင်းလေးဖြာတို့ ပေါင်းကာစုဆုံ တောဘုမ္မက သခါရတရားတို့ကို၊ အပ္ပမာဒေန-မမေ့မလျော့ မပေါ့မစား ကောင်းမြတ်သော အပ္ပမာဒ သတိတရားဖြင့်၊ သမ္မာဒေထ- နေ့ရောညပါ ဘယ်ခါမလပ် မပြတ်မစဲ အမြဲမသေ့ ကိုယ်စီကိုယ်င ပြည့်စုံကြပါစေကုန်လော။

သာဓု၊ သာဓု၊ သာဓု။

ဤတွင်

အပ္ပမာဒသုတ်

[ မမေ့မလျော့ရေးတရားတော် ပြီးပြီ။ ]

## ၄

# ဗဟုဓိတရသုတ်

## (သမီးများတဲ့ ပုဏ္ဏားကြီး တရားတော်)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က)

## ကျမ်းညွှန်တရားပလ္လင်ခံ

ဗုဒ္ဓမြတ်စွာ သာသနာတော် ၂၅၂၁-ခုနှစ်၊ လူဆိုင်ဝေါ်ဟာ ဂေါဇာသကရာဇ် ၁၃၃၉-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်၊ တနင်္လာနေ့ည၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်အထက်ပိုင်း စစ်ကိုင်းတိုင်း လယ်ကြီးကျေးရွာ မဟာန်း ဒကာ ဦးအောင်ချစ် ရဟန်းအမ ဒေါ်တင်ညွန့်တို့ရဲ့ ဥပသမ္ပဒ ကံဆောင်နဲ့ ရှင်ပြုမင်္ဂလာပွဲမှာ အကြိုအရာပွဲအဖြစ် ဘုန်းကြီး ဟောမယ့်တရားကတော့ သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဗြဟ္မာသံယုတ် အရဟန္တဝဂ်မှာပါတဲ့ ဗဟုဓိတရ သုတ္တန် ဒေသနာတော်ဖြစ်ပါတယ်။

## (၁)

## တရားအမည်

ဗဟုမိတရဆိုတာ ဗဟုက- များတာ၊ မိတရက-သမီး၊ ဗဟုမိတရ-သမီးများတဲ့ သူလို့ အဓိပ္ပာယ် ရပါတယ်။ သမီးများတဲ့ ပုဏ္ဏားကြီး တယောက်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တရားဒေသနာတော်လို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် အခု ဘုန်းကြီး ဟောမယ့်တရားကို ဗမာလို နာမယ်ပေးရမယ်ဆိုယင် "သမီးများတဲ့ ပုဏ္ဏားကြီးတယောက်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့တရားဒေသနာတော်"လို့ နာမယ်ပေးရပါမယ်။

"တရားနာမယ်က ရှေလှချည်လား"လို့ ပြောကောင်း ပြောကြလိမ့်မယ်။ ရှေပါတယ်၊ ဘာပြုလို့ ရှေရသလဲဆိုတော့ ခေတ်မီအောင်လို့ပါပဲ။ ဟတ်တယ်လေ အခုကာလမှာ လူနာမယ်ကိုလဲ ရှေရှေမှဲ့နိုင်မှ ခေတ်မီတယ်။ စာအုပ်နာမယ်ကိုလဲ ရှေရှေမှဲ့နိုင်မှ ခေတ်မီတယ်။ လူနာမယ်အရှေဆုံး ဘုန်းကြီးတွေ့ဘူးတာကတော့ မလေးရှားဘုရင်ရဲ့ နာမယ်ပါပဲ။ ဘယ်လိုလဲဆိုတော့ "တွမ်ကူးယားဟီးယားပေတွာ အစ်ဘနီ အာလ်မာဟွန် စူလတန် အိဘရာဟင်ယန်ဒီပါတွမ်အဂေါင်"တဲ့။ ကဲ-ဘယ်လောက် ရှေသလဲ။ အမှတ်ရ ခက်လိုက်တာ။ သဒ္ဒါသုတ်စဉ်ထက်တောင် အမှတ်ရ ခက်သေးတယ်။ စာအုပ်နာမယ်အရှေဆုံး ဘုန်းကြီးတွေ့ဘူးတာကတော့ သားစားရှောင်ကြဉ်ဖို့ရာရေးထားတဲ့ စာအုပ်တအုပ်ရဲ့ နာမယ်ပါပဲ။ ဘယ်လိုလဲဆိုတော့ "ဤကမ္ဘာလောကကြီးတွင် လူတို့စားသောက်ရော မြေမှပေါက်သော ဟင်းသီးဟင်းရွက်တွေ မြောက်မြားစွာ ရနိုင်ပါလျက် အဘယ့်ကြောင့် သူတပါး၏

အသက်ကို သတ်မှုရသောအသားကို စားချင်ရပါသနည်း''တဲ့။ ကဲ-ဘယ်လောက်ရှေ့သလဲ။ ဒါလောက်ရှေ့လွန်းတော့ စာအုပ်နာမယ် မမှတ်မိတာနဲ့ ဒီစာအုပ်ကို ဖတ်တဲ့လူတော်တော်တော်ရှားလိမ့်မယ်လို့ ဘုန်းကြီးထင်တယ်။

ဘုန်းကြီးဟောမယ့် တရားနာမယ်ကတော့ ခုနကပြောခဲ့တဲ့ မလေးရှားဘုရင်ရဲ့ နာမယ်လောက်၊ သားစား ရှောင်ကြဉ်ဖို့ရာ ရေးထားတဲ့ စာအုပ်ရဲ့နာမယ်လောက် မရှေ့သေးပါဘူး။ မှတ်ထားကြပါ။ ''သမီးများတဲ့ပုဏ္ဏားကြီးတယောက်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တရားဒေသနာတော်'' တဲ့။ မှတ်မိကြပလား။ ဒီနာမယ်ကို ရှေ့လွန်းဘယ်ထင်ယင်လဲ နဲနဲလျှော့လိုက်ပါအုံးမယ်။ ''သမီးများတဲ့ ပုဏ္ဏားကြီးတရား''တဲ့။ အဲအဲ-အခုပေးတဲ့နာမယ်ဟာ ကောင်းပါတယ်။ သိပ်မရှေ့ပဲနဲ့ ပြေလဲပြေစံပါတယ်။ ဒါထက်လျှော့ရယင်လဲ ဘုန်းကြီးရဲ့တရားဟာ တောက်တီးတောက်တဲ့ ဖြစ်သွားပါလိမ့်မယ်။

## (၈)

## တောက်တီးတောက်တဲ့ စကားပုံ

လူတယောက်က ဆင်စီးလာတော့ တခြားလူတယောက်က ''ကျဲဟော့၊ ကျဲဟော့''လို့ ပြောသတဲ့။ ကြည့်လိုက်တော့ တကယ်ကျဲဖြစ်သွားသတဲ့။ တခါ နောက်လူတယောက်က 'ဝက်ဟော့၊ ဝက်ဟော့''လို့ ပြောသတဲ့။ ကြည့်လိုက်တော့ တကယ် ဝက်ဖြစ်သွားသတဲ့။ တခါ နောက်လူတယောက်က ''ကြွက်ဟော့၊ ကြွက်ဟော့''လို့ ပြောသတဲ့။ ကြည့်လိုက်တော့ တကယ်ကြွက်ဖြစ်သွား

သတဲ့။ နောက်တော ကြွက်က တောက်တီးတောက်တဲ့ ဖြစ်သွားသတဲ့။ အဲဒါ တောက်တီးတောက်တဲ့ စကားပုံပါပဲ။

ဘုန်းကြီးရဲ့ တရားနာမယ်ကိုလဲ ဒါ့ထက် လျော့ရယ တောက်တီး တောက်တဲ့ ဖြစ်သွားလိမ့်မယ်။ ဒါ့ထက်တော မလျော့ပါရစေနဲ့တော့။ "သမီးများတဲ့ ပုဏ္ဏားကြီးတရား ဆိုတဲ့နာမယ်ဟာ သင့်တော်လောက်ပါပြီ။

(ဿ)

## တရားနိဒါန်း

ဗဟုဓိတရသုတ်-သို့မဟုတ် သမီးများတဲ့ ပုဏ္ဏားကြီး ဆိုတဲ့ ဒီတရားဒေသနာတော် ဖြစ်ပေါ်လာတဲ့အချိန်မှာ မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးတော်မူသလဲဆိုတော့ "ဧကံ သမယံ ဘဂဝါ ကောသလေသု ဝိဟရတိ အညတရသ္မိံ ဝနသဏ္ဍေ" လို့ ဒီဒေသနာတော်ရဲ့ နိဒါန်းက မြတ်စွာဘုရား သီတင်းသုံးတော် မူတဲ့ နေရာဌာနကို ညွှန်ပြပါတယ်။

ဧကံ သမယံ- အခါတပါး၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ကောသလေသု အညတရသ္မိံ ဝနသဏ္ဍေ- ကောသလတိုင်း မထင်ရှားသော တောအုပ်တခု၌၊ ဝိဟရတိ- သီတင်းသုံးမွေ့လျော် စံနေတော်မူလေ၏။

တချိန်တုန်းက မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ကောသလတိုင်းထဲက မထင်ရှားတဲ့ တောအုပ်တခုထဲမှာ သီတင်းသုံး စံနေတော်မူဘယ်-တဲ့။

တေန ခေါ ပန သမယေန အညာတရဿ ဘာရ
ဒွါဇ ဂေါတ္တဿ ဗြာဟ္မဏဿ စတုဒ္ဒသ ဗလိဗဒ္ဒါ နဋ္ဌာ
ဟောန္တိ။

တေန ခေါ ပန သမယေန-ထိုအခါသမယ၌၊အညာတရဿ
ဘာရဒ္ဒွါဇဂေါတ္တဿ ဗြာဟ္မဏဿ- မထင်ရှားသော ဘာရဒ္ဒွါဇ
အနွယ်ဖြစ်သော ပုဏ္ဏားအား၊ စတုဒ္ဒသ ဗလိဗဒ္ဒါ- နွားလား
ခုနစ်ယှဉ်း တဆယ့်လေးကောင်တို့သည်၊ နဋ္ဌ - ပျောက်ခဲ့ကုန်
သည်၊ဟောန္တိ-ဖြစ်ကုန်၏။

ဘာရဒ္ဒွါဇ နွယ်ဖွား ပုဏ္ဏားကြီးမှာ နွားလား ခုနစ်ယှဉ်း
တဆယ့်လေးကောင် ပျောက်နေတယ်-တဲ့။

အထ ခေါ ဘာရဒ္ဒွါဇ ဂေါတ္တော ဗြာဟ္မဏော
တေ ဗလိဗဒ္ဒေ ဂဝေသန္တော ယေန သော ဝနသဏ္ဍော
တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အဒ္ဒသ ဘဂဝန္တံ တသ္မိံ
ဝနသဏ္ဍေ နိသိန္နံ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ
ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

အထ ခေါ-ထိုအခါ၌၊ ဘာရဒ္ဒွါဇဂေါတ္တော ဗြာဟ္မဏော-
ဘာရဒ္ဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည်၊ တေ ဗလိဗဒ္ဒေ- ထိုနွား
လားခုနစ်ယှဉ်း တဆယ့်လေးကောင်တို့ကို၊ ဂဝေသန္တော-လိုက်
လံ၍ ရှာဖွေသည်ရှိသော်၊ ယေန သော ဝနသဏ္ဍော တေနုပ၊
သင်္ကမိ ဥပသင်္ကမိတွာ-တောအုပ်ရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင်၊
တသ္မိံဝနသဏ္ဍေ-ထိုတောအုပ်၌၊ ပလ္လင်္ကံ အာဘုဇိတွာ-အောက်
ပိုင်းခန္ဓာကိုယ်က ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်နေ၍၊ ဥဇုံ ကာယံ

ပဏိဓ ယ- အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာထား၍၊ သတိ -အမှတ်သတိကို၊ ပရိမုခံ ဥပဋ္ဌပေတွာ-ရှုမှတ်ရမည့် အာရုံ ဆီသို့ ရှေးရှုပြုထား၍၊ နိသိန္နံ- ထိုင်နေတော်မူသော၊ ဘဂဝန္တံ- ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရားကို၊ အဒ္ဒသံ- မျက်မှောက် ထင်ထင် တွေ့မြင်ရလေပြီ။

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးဟာ နွားပျောက်လို့ နွားရှာ ထွက်လာလိုက်တာ နွားကိုမတွေ့ရပဲ ဘုရားကို တွေ့နေရတယ်။ သူတွေ့နေရတဲ့ဘုရားက ဘယ်ပုံဘယ်ပန်း သီတင်းသုံးနေတော်မူ သလဲဆိုတော့ အဲဒီတောအုပ်ထဲမှာ အောက်ပိုင်း ခန္ဓာကိုယ်က ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်ခွေနေပြီး အထက်ပိုင်း ခန္ဓာကိုယ်က ဖြောင့်ဖြောင့် မတ်မတ်နေပြီး သတိကို ရှုမှတ်ရမယ့် နေရာဆီကို ရှေးရှုပြီးထားပြီး သီတင်းသုံးနေတော်မူတယ်။ အဲဒီလို သီတင်းသုံး နေတော်မူတဲ့ မြတ်စွာဘုရားကို ဘွားကနဲ တွေ့မြင်ရတယ်-တဲ့။

ဒိသွာန ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ သန္တိကေ ဣမာ ဂါထာယော အဘာသိ။

ဒိသွာန- မျက်မှောက်ထင်ထင် တွေ့မြင်ရသည် ရှိသော်၊ ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ- ဘုရားရှိတော် မူရာအရပ်သို့ ချဉ်းကပ်ပြီးလျှင်၊ ဘဂဝတော သန္တိကေ-မြတ်စွာ ဘုရားထံတော်ပါး၌၊ ဣမာ ဂါထာယော- ဤဂါထာတို့ကို၊ အဘာသိ-ရင်ဖွင့်၍ရွတ်ဆို တိုင်တယ်လိုက်လေ၏။

ပုဏ္ဏားကြီးက မြတ်စွာဘုရားကို တွေ့မြင်ရတော့ ဘုရား အပါးချဉ်းကပ်ပြီး မိမိရဲ့ခံစားရချက်တွေကို ရင်ဖွင့်ပြီးရွတ်ဆိုတိုင် တယ်တယ်။ ပုဏ္ဏားကြီး ရင့်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ်ပုံကို နား ထောင်ကြစမ်းပါ။

## (င)

## ပုဏ္ဏားကြီးရဲ့ခံစားချက်များ

၁။ န ဟိ နူနိမဿ သမဏဿ၊
ဗလီ ဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇ သဋ္ဌိံ န ဒိဿန္တိ၊
တေနာယံ သမဏော သုခီ။

စတုဒ္ဒသ ဗလီဗဒ္ဒါ-နွားလားခုနစ်ယှဉ်း တဆယ့်လေးကောင်တို့ကို၊အဇ္ဇ သဋ္ဌိံ-ခြောက်ရက်မြောက်သော ယနေ့ တိုင်အောင်ပင်၊ န ဒိဿန္တိ-ရှာဖွေ၍ မတွေ့မမြင်ရသေးကုန်။ ဣမဿ သမဏဿ-ဤရဟန်းအား၊ န ဟိ နူန-ပျောက်စရာနွားလား မရှိလေယောင့်တကား။ တေန-ထိုကြောင့်၊ အယံ သမဏော-ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့မှာ နွားလား ခုနစ်ယှဉ်း တဆယ့်လေးကောင် ပျောက်နေတာ ခြောက်ရက်တောင် ကြာသွားပြီ။ ကနေ့အထိ ရှာဖွေလို့ မတွေ့ရသေးဘူး။ ဒါ့ကြောင့် ငါဟာ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ နေနိုင်တာကို ထောက်သောအားဖြင့် ပျောက်စရာ နွားလားရှိပုံ မပေါ်ဘူး။ အော် ဒါ့ကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ"

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ ခံစားရချက်ကို မြတ်စွာဘုရားထံမှာ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ်တယ်။ ဒါပေမယ့် မြတ်စွာဘုရားကတော့ ဘာမှ ပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ်

ပမာ ငြိမ်သက်စွာ သိတင်းသုံးနေတော်မူဘယ်။ အဲဒီတော့ ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရှုတ်ဆို တိုင်တယ်ပြန်တယ်။

၂။ န ဟိ နူနိမဿ သမဏဿ၊
တိလ ခေတ္တသ္မိံ ပါပကာ။
ကေပဏ္ဏာ ဒုပဏ္ဏာ စ၊
တေ နာယံ သမဏော သုခီ။

တိလခေတ္တသ္မိံ-နှမ်းခင်း၌၊ ကေပဏ္ဏာ- တရွက်သာလျှင်ရှိသည်လည်း ဖြစ်ကုန်သော၊ ဒုပဏ္ဏာ စ-နှစ်ရွက် သာလျှင်ရှိသည်လည်း ဖြစ်ကုန်သော၊ ပါပကာ-ဘာကမှ အသုံးမကျလုံးဝပျက်ချွနေသောနှမ်းငုတ်တို့သည်၊ (သန္တိ-ရှိကုန်၏။)ဣမဿ သမဏဿ-ဤရဟန်းအား၊ န ဟိ နူန-ပျက်စရာနှမ်းခင်းအလျှင်းမရှိလေယောင်တကား။ တေန-ထိုကြောင့်၊ အယံ သာမဏော-ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့မှာ နှမ်းခင်းထဲ နှမ်းတွေ ကြဲထားတာ ရှိတယ်။ ပထမတော့ မိုးကလေးနဲ့ အဆင်ပြေလို့ နှမ်းပင်ကလေးတွေ ဝေဝေဆာဆာနဲ့ ဟန်ရပန်ရ ရှိကြတယ်။ အခုတော့ မိုးလေဝသက သွံ့ပါးတာနဲ့ တချို့နှမ်းပင်တွေက အရွက်ကလေး တရွက်စီနဲ့၊ တချို့နှမ်းပင်တွေက အရွက်ကလေးနှစ်ရွက်စီနဲ့ ငုတ်တိုကလေးတွေ ဖြစ်နေကြတယ်။ "ပလုပ်တဆုပ် သိတမှုတ်" ဆိုတာလိုတောင်မှ မရတော့ဘူး။ အသုံးမကျအောင် လုံးဝပျက်ကုန်ကြတယ်။ ဒါ့ကြောင့် ငါဟာ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ဟောဒီရဟန်းမှာတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ နေနိုင်တာကို

ထောက်သောအားဖြင့် ပျက်စရာနှမ်းခင်း အလျှင်းရှိပုံမပေါ်ဘူး။ အောင် ဒါ့ကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ။

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ ခံစားရချက်ကို မြတ်စွာဘုရားထံ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ်ဘယ်။ ဒါပေမယ့် မြတ်စွာဘုရားကတော့ ဘာမှ ပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ သီတင်းသုံးမြဲ သုံးနေတော်မူတယ်။ အဲဒီတော့ ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရွတ်ဆို တိုင်တယ်ပြန်တယ်။

> ၃။ န ဟိ နူနိမဿ သမဏဿ၊
> တုဋ္ဌကောဌသ္မိံ မုသိကာ။
> ဥဿောဠှိကာယ နစ္စန္တိ၊
> တေ နာယံ သမဏော သုခီ။

တုဋ္ဌကောဌသ္မိံ-အချည်းနှီးသော ကျီကြ၌၊ မုသိကာ-ဟိုဟိုဒီဒီမှ စုပေါင်း၍ လာကြကုန်သော ကြွက်တို့သည်၊ ဥဿောဠှိကာယ-လုံ့လကြိုးကုတ် ခုန်အားစိုက်ထုတ်သဖြင့်၊ နစ္စန္တိ-ကခုန်မြူးတူးကြကုန်၏။ ဣမဿ သမဏဿ- ဤရဟန်းအား၊ န ဟိ နူန-ကြွက်ဆူညံစရာ ကျီကြမရှိလေယောင့် တကား။ တေန-ထိုကြောင့်၊ အယံ သမဏော-ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့မှာ တောင်သူလယ်ယာလုပ်ငန်းက လုပ်ကိုင်လို့ရတဲ့ ဂျုံ စပါး၊ ပဲ၊ ပြောင်းနဲ့ နှမ်းတွေ သိုလှောင်ဖို့ ဂိုဒေါင် ခေါ်တဲ့ ကျီကြ ဆောက်လုပ်ထားထား ရှိတယ်"

ဒီနေရာမှာ ရပ်ဘန္ဒပြီး ကျီတို့ ကြွတို့ရဲ့အကြောင်းကို ဗဟုသုတ အဖြစ် သိကြအုံးစို့ရဲ့။ ကျီဆိုတာ ဘယ်လောက်ရှိတဲ့ အဆောက်အဦကို ခေါ်သလဲဆိုတော့ စပါးတင်းရေ ၄၀၉၆ တင်း ဝင်တဲ့ အဆောက်အဦကို ခေါ်တယ်။ ကြွဆိုတာ ဘယ်လောက်ရှိတဲ့ အဆောက်အဦကို ခေါ်သလဲဆိုတော့ စပါးတင်းရေ ၁၀၂၄ တင်း ဝင်တဲ့ အဆောက်အဦကို ခေါ်တယ။ အဲဒါကို သိလွယ်အောင် ဆောင်ပုဒ်ကလေးနဲ့ မှတ်ထားကြ။ ကဲ ဗဟုသုတ အဖြစ် ဆောင်ပုဒ်ကို ချပို့ပေးမယ်။ လိုက်ဆိုကြ။

၁။ လေးသုဉ်ကိုးခြောက် တင်းဝင်လောက် အဆောက်အဦကျီ။

၂။ လေးပုံပုံက တပုံချ ရှိကကြွခေါ်သည်။

“ဘာမှမသည့်ရသေးပဲ အချည်းနှီးဖြစ်နေတဲ့ အဲဒီ ဂိုဒေါင် ခေါ်တဲ့ ကျီကြွထဲမှာ ဟိုဟိုဒီဒီက စုပေါင်းလာကြတဲ့ ကြွက်တွေ စခန်းချပြီး ကခုန် မြူးတူး ဆူညံနေကြတယ်။ ဒါကြောင့် ငါဟာ ဆင်းရဲဒုက္ခ ရောက်ရတယ်။

ဟုတ်ဘယ်နော်၊ ဘုန်းကြီးဖြင့်လေ- ကိုယ်ချင်းစာပါတယ်။ ဘုန်းကြီးတို့ကျောင်းမှာလေ ကြွက်တွေ ဆူညံနေပြီဆိုယင် ဟိုဟာ ကိုက်မှာလေလား ဟဲ့။ ဒီဟာကိုက်မှာလေလားဟဲ့ ဆိုပြီး ဘုန်းကြီးဖြင့်လေ စိတ်မချမ်းသာဘူး။ သိပ်ဆင်းရဲ ဒုက္ခရောက်တာပဲ။

ပုဏ္ဏားကြီးက ကျီကြွထဲ ကြွက်တွေဆူညံလို့ ပူပန်သောက ဆင်းရဲဒုက္ခ ရောက်ဘယ်ဆိုဘာ ဟုတ်မှာပါပဲ။ ဒါပေမယ့်ပုဏ္ဏားကြီးက ဆင်းရဲဒုက္ခ ခံနေတာဟာ သူတော်ကောင်းကြီးမို့ပါပဲ။ တကယ်ဆိုတော့ ကြွက်ကို ကြောင်က နိုင်တယ် မဟုတ်လား။

ကြောင်တကောင်လောက် ယူပြီး ချထားလိုက်ယင် ကြွက်တွေ ဘယ်မှာ ဆူညံနိုင်ပါမလဲ။

အင်္ဂလိပ် ဖတ်စာထဲမှာ တောကြွက်နဲ့ မြို့ကြွက်အကြောင်း ပုံပြင်ကလေး ဘုန်းကြီးငယ်ငယ်တုန်းက ဖတ်ခဲ့ရ ဘူးတယ်။ တခါက မြို့ကြွက်က တောကြွက်ဆီ သွားလယ်သတဲ့။ တောကြွက်နဲ့တွေ့တော့ မြို့ကြွက်က "ဟေ့ ကိုတောကြွက်-မင်းဟာ နေရတာလဲ လယ်ကွင်းပြင်ထဲမှာ နေရတယ်။ စားရတာလဲ သစ်မြစ်သစ်ဥတွေ စားနေရတယ်။ ဒါကြောင့်မို့ ငါဖြင့်မင်းကို သနားတယ်ကွာ။ မင်း ဒါလောက် အဆင်းရဲခံမနေပါနဲ့။ ငါနဲ့ အတူ မြို့ကို လိုက်ခဲ့ပါလား။ မြို့ရောက်ယင် တိုက်နဲ့တာနဲ့ နေရမယ်။ ကြက်သွန်, ငြုတ်သီး, ပုဇွန်ခြောက်, ငါးခြောက်တွေကို စားရမယ်" လို့ပြောပြီး ခေါ်တယ်။ မြို့ကြွက်က အခေါ်ကောင်းတာနဲ့ တောကြွက်က လိုက်သွားတယ်။ မြို့ရောက်တော့မြို့ကြွက် ပြောတဲ့အတိုင်း မှန်ပါတယ်။ ကုန်စုံဆိုင်ရောင်းတဲ့ တိုက်ကြီးထဲမှာ နေရတယ်။ ကြက်သွန်, ငြုတ်သီး, ပုဇွန်ခြောက်, ငါးခြောက် တွေလဲ ပေါတယ်။ အဲဒီတော့ တောကြွက်က ဝမ်းမြောက် ဝမ်းသာ အလွန်အကဲ ဖြစ်ပြီး ကျွိကျွိကျွိကျွိနဲ့ မြည်လိုက်၊ ကြက်သွန်တွေကို ချီလိုက်၊ ငြုတ်သီးခြောက်တွေကို ဆွဲလိုက်၊ ပုဇွန်ခြောက်တွေကို စားလိုက်၊ ငါးခြောက်တွေကို ကိုက်လိုက်နဲ့ သိပ် သဘောကျနေတာပေါ့။ ဒါနဲ့ တောကြွက်က စည်းလွတ် ကမ်းလွတ်နဲ့ အစွမ်းကုန်ပျော်ပြီး အစွမ်းကုန် ကခုန်မြူးတူးဆူညံ လိုက်တယ်။ အဲဒီတော့ ကုန်စုံတိုက်ရှင်မှာ စိတ်မချမ်းမသာ ဖြစ် လာတယ်။ ဆင်းရဲဒုက္ခရောက်လာတယ်။ ဒါနဲ့ ကြောင်တကောင် ချထားလိုက်ပါရော။ ကြောင်က တညောင်ညောင်နဲ့ မြည်နေ

တယ်။ ကြောင်မြည်သံလဲကြား၊ ကြောင်နံ့လဲနံတော့ တော ကြွက်က ကြောက်ပြီး မလှုပ်ဝံ့တော့ဘူး။ မမြူးဝံ့တော့ဘူး။ ကျိကျိ ကျိကျိနဲ့လဲ မမြည်ဝံ့တော့ဘူး။ ချောင်ကြိုချောင်ကြားထဲ မှာသာ ကုတ်ပြီး နေရတော့တယ်။ ကြားတော့ စိတ်ညစ်ပြီး မြို့ကြွက်ကို ပြောသတဲ့၊ အင်္ဂလိပ်ပုံပြင်ထဲက ကြွက်ဆိုတော့ အင်္ဂလိပ်လို ပြောလိုက်တာပေါ့။

"ကြွယ်ကြွယ်ဝဝနဲ့ ကြောက်ကြောက်လန့်လန့် နေရခြင်း ထက် ဆင်းဆင်းရဲရဲ ပျော်ပျော်ရွှင်ရွှင် နေရခြင်းကပိုပြီးကောင်း တယ်"တဲ့။

ပုဏ္ဏားကြီးက သူတော်ကောင်းကြီး ဆိုတော့ ကြွက်တွေ မဆူညံနိုင်အောင် ကြောင်လွှတ် မထားပါဘူး။ သူ့ဟာသူသာ ဆင်းရဲဒုက္ခ ခံနေတယ်။

"ငါ့မှာ ဂျုံပေါင်မုန့်ပဲ့ပြောင်းနဲ့ နှမ်းတွေသိုလှောင်ဖို့ကိုဒေါင် ခေါ်တဲ့ ကျီကြီး ဆောက်လုပ်ထားတာရှိတယ်။ အဲဒီ ကျီကြီး ထဲမှာ ကြွက်တွေ စခန်းချပြီး ကဒုန်းမြူးတူး ဆူညံနေကြတော့ ငါဟာ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ်ကျောက်ရုပ်ပမာ ငြိမ်သက်စွာနေနိုင်တာကို ထောက် သောအားဖြင့် ကြွက်ဆူညံစရာ ကျီကြီး ရှိပုံမပေါ်ဘူး။ အော် ဒါ့ကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ။

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ခံစားချက်ကို မြတ်စွာဘုရားထံ ရင်ဖွင့်ပြီး ရှတ်ဆိုတိုင်တယ်တယ်။ ဒါပေမယ့် မြတ်စွာဘုရားက တော့ ဘာမှပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ် ပမာ ငြိမ်သက်စွာ သိတင်းသုံးမြဲ သုံးနေတော်မူတယ်။အဲဒီတော့

ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရွတ်ဆို ဘိုင်တည်ပြန်ဘယ်။

၄။ န ဟိ နူနိမဿ သမဏာဿ၊
သန္တာရော သတ္တမာသိကော။
ဥပ္ပာဋ္ဌကေဟိ သဉ္ဆန္နော၊
တေနာယံ သမဏော သုခီ၊

သတ္တမာသိကော သန္တာရော-ခုနစ်လတို့ ကာလပတ်လုံး သုတ်သင်ခြင်းကင်းသော အိပ်ယာမြက်ခင်းကို၊ ဥပ္ပာဋ္ဌကေဟိ-အရေကိုခွာသကဲ့သို့ ကိုက်တတ် ကုန်သော ကြမ်းပိုးတို့သည်၊ သဉ္ဆန္နော-ဖုံးလွှမ်းအပ်၏။ ဣမဿ သမဏဿ-ဤရဟန်းအား န ဟိ နူန-ကြမ်းပိုးကိုက်စရာ အိပ်ယာမြက်ခင်း အလျှင်းပင် မရှိလေယောင်တကား။ တေန-ထို့ကြောင့်၊ အယံ သမဏော ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

“ငါ့မှာ နေ့ထွက်ကနေဝင်ဆိုသလို တောထဲမှာချည့် အချိန်ကုန်နေရတော့ အိမ်မှာ ခုနစ်လပတ်လုံး မသုတ်သင် မရှင်းလင်း ရတဲ့အတွက်အိပ်ယာမြက်ခင်းတွေ ညစ်ပေပြီး ကြမ်းပိုးတွေ ပေါလွှ ဖြစ်နေတယ်။ အဲဒီကြမ်းပိုးတွေက တအားကိုက်တော့ ယားလိုက်တာ မပြောပါနဲ့တော့။ အိပ်ဆင်းရဲ သိပ်ဒုက္ခရောက်တာပဲ”

ပုဏ္ဏားကြီး ကြမ်းပိုးကိုက်လို့ ဆင်းရဲဒုက္ခ ရောက်ရတယ်ဆိုတာ ဘုန်းကြီးဖြင့် ကိုယ်ချင်းစာပါတယ်။ ဘုန်းကြီးလေ လေးဝါ ရလောက်တုန်းက ဘုတလင်မြို့ ကျောင်းတကျောင်းမှာ တဲခိုပြီး ညအိပ်ဖူးတယ်။ ကြမ်းပိုးနှယ် ကိုက်လိုက်တာ မပြော

ပါနဲ့တော့၊ ဘုန်းကြီးဖြင့် သိပ်ဆင်း၊ သိပ်ဒုက္ခ ရောက်ထာပဲ။ အခုထက်ထိတော်င် သေသေချာချာ မှတ်မိနေသေးတယ်။

ကြားဘူးသေးတယ်။ ပြည်မြို့က ဘုန်းကြီးတပါးဟာ ဥက္ကံ သုံးဆယ်ကို သွားပီး ကျောင်းထိုင်သတဲ့။ ကျောင်းကြီးကလဲ ကောင်း၊ လှူဒယ်ဘုန်းမယ့်ဒကာဒကာမတွေကလဲ ပေါ။ အဲဒီတော့ ပျော်စရာကြီးပေါ့လေ။ ဒါပေမယ့် ကြမ်းပိုးက သိပ်ကိုက်တာပဲ တဲ့။ ကြာတော့ ကြမ်းပိုးကိုက်တဲ့ဒဏ်ကို မခံနိုင်တာနဲ့ အဲဒီ ဘုန်းကြီးဟာ ကျောင်းကြီးနဲ့ ဒကာဒကာမတွေကို စွန့်ပီး ထွက် ပြေးသတဲ့။

ပီးတော့ ကြားဘူးသေးတယ်။ "မယားဟိုး ကြမ်းပိုးဖျက် လို့ ပျက်"တဲ့။ မုံရွာမြို့ရဲ့ အရှေ့မြောက်ထဲမှာ မယားဟိုးရွာကြီး ဆိုတာ ရှိသတဲ့။ တချိန်က ကြမ်းပိုးတွေ သောင်းကြမ်း တာနဲ့ လူတွေ မနေနိုင်ကြတော့ပဲ အဲဒီ မယားဟိုးရွာကြီးဟာ ပျက်စီး သွားရဘူးသတဲ့။

ကြမ်းပိုးကိုက်လို့ ဆင်းရဲဒုက္ခ ရောက်ရပုံအကြောင်း လှတော သား ပြောတာကို သတိရလို့ ပြောပြအုံးမယ်။ နားထောင်ကြ အုံး။ လှတောသားက ဘယ်လို ပြောသလဲဆိုတော့ "ကိုက်လိုက် ကြမ်းပိုးနှယ် မြွေဆေးထိုးသလားအောက်မေ့ရတယ်။ မနေနိုင် လို့ မီးခွက်ထွန်းပီး ကြည့်လိုက်တော့ အမယ်လေးလေး အိပ်ယာ ပေါ်မှာ ဆီးဆံတွေ ကြဲသားသလို မဲနေတာပဲ။ မနက်ကျ ကြည့် လိုက်တော့ လူတကိုယ်လုံး အဖုံးတွေ ထနေလိုက်တာ ပိန္နဲသီးကျ နေတာပဲ၊ ဒီလို နေရာမျိုးမှာ အမရာ, ကိန္နရီ, မဒ္ဒီ, သမ္ဘူလာ ဆိုတဲ့ တော်လေး၀ ရမယ်ဆိုတောင် မနေနိုင်ဘူး" အဲဒီလို ပြော သတဲ့။

ကြမ်းပိုးကိုက်ခံရတာဟာ ဘယ်လောက် ဆင်းရဲဘယ်ဆိုတာ ဒီဖြစ်ရပ်တွေကို ထောက်ဆပြီး သိနိုင်ပါတယ်။

ကြမ်းပိုးကိုက်ခံရလို့ ဆင်းရဲဒုက္ခ ရောက်တာတွေကို ပြောပြီး ကြမ်းပိုးမလာနိုင်တဲ့ နည်းကိုလဲ ပြောပြအုံးမယ်။ အဲဒီနည်းက သာမည နည်း မဟုတ်ဘူး။အင်ဒိယက ရတဲ့နည်း တဲ့၊ အင်ဒိယကို ငွေတင်ပို့ပြီး မှာလိုက်ရ ႏ တဲ့၊ မှာလိုက်တဲ့လူဆီကို အင်ဒိယက ပါဆယ်နဲ့ တင်ပို့ပေးလိုက်သတဲ့။ ပါဆယ်ထုတ်ကို ဖွင့်ကြည့် လိုက်တော့ ဖယောင်းတိုင်က တတိုင်၊ မီးခြစ်က တဘူး။ တူ ကလေးက တချောင်း၊ ပြီးတော့ ညွှန်ကြားချက် စာရွက်ကလေး ပါ အတူပါလာသတဲ့။ ညွှန်ကြားချက် စာရွက်ကလေးကို ဖတ် ကြည့်လိုက်တော့ "ကြမ်းပိုးကိုက်သော်မီးခြစ်ကိုခြစ်၍ ဖယောင်း တိုင်ကိုညှိ၊ ကိုက်သော ကြမ်းပိုးကို မတွေ့တွေ့အောင်ရှာ၊ တွေ့ လျှင် ဖမ်း၍ ကုဘင်တိုင့်ထိပ်ပေါ်တင်၊ တူကလေးနှင့် စိစိ ညက် ညက် ကြေအောင် ထုလိုက်ပါ။ ၎င်းကြမ်းပိုးသည် နောက်ထပ် ဘယ်တော့မှ မလာနိုင်တော့ပေ" လို့ သိရသတဲ့။

ကြမ်းပိုးကိုက်ဘာတွေ ပြောနေရတာနဲ့ ပုဏ္ဏားကြီးတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကဲ ပုဏ္ဏားကြီးဆီကို သွား လိုက်ကြအုံးစို့ရဲ့။ ဟော ပုဏ္ဏားကြီးဆီ ရောက်လာပြီ။ ပုဏ္ဏား ကြီးက ပြောနေတယ်။ ပုဏ္ဏားကြီးက ပြောနေတာကို နားထောင် ကြအုံး။

"ငါဟာ ကြမ်းပိုးတွေကိုက်လို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ် သက်စွာ နေနိုင်တာကို ထောက်သောအားဖြင့် ကြမ်းပိုးကိုက်

စရာ အိပ်ယာမြက်ခင်း အလျှင်းရှိပုံမပေါ်ဘူး။ အော် ဒါကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ။

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို မြတ်စွာဘုရားထံ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ်တယ်။ ဒါပေမယ့် မြတ်စွာဘုရားက ဇတော့ ဘာမှပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ သီဘင်းသုံးမြဲ သုံးနေတော်မူတယ်။ အဲဒီတော့ ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရွတ်ဆိုတိုင်တယ်ပြန်တယ်။

၅။ န ဟိ နူနိမဿ သမဏဿ၊
ဝိခဝါ သတ္တမိတရော။
ဧကပုတ္တာ ဒွိပုတ္တာ စ၊
တေ နာယံ သမဏော သုခီ။

ဧကပုတ္တာ-သားတယောက် ရှိသည်လည်း ဖြစ်ကုန်သော၊ ဒွိပုတ္တာ စ-သားနှစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော၊ ဝိခဝါ သတ္တမိဘရော-လင်သေ မိန်းမ မုဆိုးမ ဖြစ်ကြကုန်သော သမီး ခုနစ်ဖော် တို့သည်၊ (သန္တိ-ရှိကုန်၏။) ဣမဿ သမဏဿ-ဤ ရဟန်းအား၊ န ဟိ နူန-ပူပင်စရာ သမီးမရှိလေယောင့်တကား၊ တေန-ထို့ကြောင့်၊ အယံ သမဏော-ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့မှာ သမီး ခုနစ်ယောက် ရှိတယ်။ အဲဒီ သမီးတွေက အချိန်တန် အရွယ်ရောက်လာတော့ သူတို့ရဲ့ ခင်ပွန်း လင်တွေ နောက် ကောက်ကောက်ပါအောင် လိုက်သွားကြတယ်။ ကံ

မကောင်း၊ အကြောင်းမညီညွတ်တော့ သူတို့ရဲ့ ခင်ပွန်း လင်တွေက သေကုန်ကြတယ်။ သေကုန်ကြတော့ တချို့သမီးက သား ကလေး တယောက်နဲ့၊ တချို့သမီးက သားကလေးနှစ်ယောက်နဲ့ ငါ့အိမ်ကို ပြန်ရောက်လာကြတယ်။ ဒို့အဖိုးအို အဖွားအို နှစ်ယောက်ထဲမှ စားသောက်ရေး မဖူလုံရတဲ့အထဲ သူတို့က ရောက်လာကြတော့ ငါဟာ ဆင်းရဲဒုက္ခ ရောက်ရတယ်။ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ နေနိုင်တာကို ထောက်သောအားဖြင့် ပူပင်စရာ သမီး ရှိပုံမပေါ်ဘူး။ အော်-ဒါ့ကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ”။

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ ခံစားရချက်ကို မြတ်စွာဘုရားအံ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင် တယ် တယ်။ ဒါပေမယ့် မြတ်စွာဘုရားကတော့ ဘာမှ ပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ သီတင်းသုံးမြဲ သုံးနေတော်မူတယ်၊အဲဒီတော့ ပုဏ္ဏားကြီးက သူ့ရဲ့ ခံစားရချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရွတ်ဆိုတိုင်တယ်ပြန်တယ်။

၆။ န ဟိ နူနိမဿ သမဏဿ၊
ပိင်္ဂလာ တိလကာဟတာ။
သောတ္ထံ ပါဒေန ဗောဓေတိ၊
တေနာယံ သမဏော သုခီ။

ပိင်္ဂလာ တိလကာဟတာ-မျက်စိနီကြောင်၍ မဲမှောင်တဲ့တဲ့ မှဲ့စွဲ၍နေသော အိမ်ရှင်မသည်၊ သောတ္ထံ-အိပ်ပျော်၍နေသော ငါ့ကို၊ပါဒေန ဗောဓေတိ-ခြေထောက်ဖြင့် ကန်ကျောက်၍ နှိုး

လေ၏၊ ဣမဿ သမဏဿ-ဤရဟန်းအား၊ န ဟိ နူန-ခြေထောက်ဖြင့် ကန်ကျောက်နိုးမည့် အိမ်ရှင်မ မရှိလေယောင့်တကား၊ တေန-ထိုကြောင့်၊ အယံ သမဏော-ဤရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့ရဲ့ အိမ်ရှင်မဟာ သိပ်ကြမ်းကြုတ်တယ်။ သိပ်ရိုင်းစိုင်းတယ်။မျက်စိက ကြည့်ပိဆိုယင်လဲ မျက်ထောင့်နီကြီးနဲ့ ကြည့်တယ်။ သိပ်ကြောက်စရာ ကောင်းတာပဲ။ သူ့ရဲ့မျက်နှာမှာလဲ မှဲ့တွေက အတွဲလိုက် အသီးလိုက်နဲ့ အများကြီး ရှိတယ်။ အဲဒီအိမ်ရှင်မက မနက်တိုင်းကျပိဆိုမှဖြင့် ငါ့ကို မရိုမသေ မထေလေးစား ခြေထောက်ကြီးနဲ့ ကန်ကျောက်ပြီး အိပ်ယာက နိုးလေ့ရှိတယ်၊ငါကလဲ သူ့ကို အင်မတန် ကြောက်ရတယ်။ ဘာမှ ပြန်မပြောဝံ့ဘူး။ငြိမ်ငြိမ်ကလေးနေလိုက်ရတာပဲ။ဒါကြောင့် ငါဟာဆင်းရဲဒုက္ခ ရောက်ရတယ်။ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ်ကျောက်ရုပ်ပမာ ငြိမ်သက်စွာ နေနိုင်တာကို ထောက်သောအားဖြင့် ကြောက်ရမယ့် အိမ်ရှင်မ ရှိပုံမပေါ်ဘူး။ အော်-ဒါကြောင့်ဒီရဟန်းဟာ ချမ်းသာတာပဲ"။

အဲဒီလို ပုဏ္ဏားကြီးက သူ့ရဲ့ခံစားရချက်ကို မြတ်စွာဘုရားထံ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ် တယ်။ ဒါပေမယ့် မြတ်စွာဘုရားကတော့ ဘာမှပြန်ပြီး မိန့်တော်မမူပဲ မတုန်မလှုပ် ကျောက်ရုပ်ပမာငြိမ်သက်စွာ သံတင်းသုံးမြဲသုံးနေတော်မူတယ်။အဲဒီတော့ ပုဏ္ဏားကြီးက သူ့ရဲ့ ခံစားချက်ကို ဆက်လက်ပြီး ရင်ဖွင့်ရွတ်ဆိုတိုင်တယ် ပြန်တယ်။

၄။ န ဟိ နူနိမဿ သမဏဿ၊
ပစ္စူသမှိ ဗုဏ္ဍာသိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊
တေနာယံ သမဏော သုခီ။

ဗုဏ္ဍာယိကာ-ကြွေးရှင်မြီရှင်တို့သည်၊ပစ္စူသမှိ-အရုဏ်ကျင်း၍ အလင်းသို့ရောက်လာ မိုးသောက်ထအခါ၌၊ဒေထ ဒေထာတိ-ပေးကုန်လော ပေးကုန်လော ဟူ၍၊ စောဒေတိ- တောင်းကြရမ်းကြ တောင်းရမ်းကြကုန်၏၊ ဗုဏ္ဍမဿ သမဏဿ-ဤရဟန်းအား၊န ဟိ နူန-ပုပင်စရာ ကြွေးရှင်မြီရှင်မရှိလေယောင်တကား၊ တေန-ထိုကြောင့်၊ အယံ သမဏော-ဤ ရဟန်းသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ငါ့မှာ စားဝတ် နေရေး မပြေလယ်လို့ သူ့ဘပါး ထံက ကြွေးမြီ ယူထားရတယ်။ ကြာလှပြီ၊ ခုထက်ထိပြန်မဆပ်နိုင်သေးဘူး။ အဲဒီတော့ ကြွေးရှင်မြီရှင်တွေက မနက်စောစောကျယင် ငါ့ရဲ့အိမ်ပေါက်ဝမှာလာရပ်ပြီး တောင်းကြရမ်းကြတယ်။ "ကြွေးများတော့မပူ၊သန်းထူတော့မယား" လို့ဆိုတဲ့ စကားပုံရှိသော်လဲ ငါ့မှာတော့ ကြွေးများလို့ ပူရပန်ရ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ဟောဒီ ရဟန်းမှာတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ နေနိုင်တာကို ထောက်သော အားဖြင့် ပူပင်စရာ ကြွေးရှင်မြီရှင် ရှိပုံမပေါ်ဘူး။ အော်-ဒါ့ကြောင့် ဒီရဟန်းဟာ ချမ်းသာတာပဲ။

ပုဏ္ဏားကြီးမှာ နောက်ထပ် မြတ်စွာဘုရားထံ ရင်ဖွင့်ပြီး ရွတ်ဆိုတိုင်တယ်စရာ ခံစားရချက်မရှိတော့ဘူး။ခံစားရချက်တွေ ကုန်သွားပြီလို့ ဆိုလိုပါတယ်။

ပုဏ္ဏားကြီးရဲ့ ခံစားရချက်ပေါင်းစုံကို အကုန်အစင် တခါထဲ မှတ်မိသွားအောင် ရှေးက ဆရာကြီးများ သီကုံးရေးဖွဲ့ထားခဲ့တဲ့ လင်္ကာငယ်ကလေးကို ပေါ်ပြလိုက်အုံးမယ်။ ကဲ-နားထောင်ကြ။

ဆင်းရဲမျိုးဝုံ လင်္ကာ

နွားပျောက်နှမ်းပျက် ကျီထက်ကြွက်စင် အိပ်လျှင်ပိုးမွှ လင်သေသမီး အမယ်ကြီးဆူ ကြွေးရှင်ပူ ဤသူဒုက္ခ များပေတည်း။

(၈)

မြတ်စွာဘုရားရဲ့ တရားဒေသနာ

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးဟာ မိမိရဲ့ခံစားရချက်တွေကို မြတ်စွာဘုရားထံ အားရပါးရကြီး၊ တနင့်တပိုးကြီး ရင်ဖွင့်ရှုတ်ဆို တိုင်တယ်ပီးလို့ ငြိမ်ငြိမ်ဆိမ်ဆိမ်နဲ့ ဣနြေ္ဒရရဖြစ်လာတဲ့ အခါမှာ မြတ်စွာဘုရားက သူ့ ဣန္ဒြေနဲ့လိုက်ပီး သူ့ အလိုက်သင့်ကလေး တရားဓမ္မ ဟောပြတော် မူလိုက်ဝါတယ်။ ကဲ-မြတ်စွာဘုရား ဟောကြားပြတော် မူလိုက်တဲ့ ဓမ္မဒေသနာကို သေသေချာချာ လေးလေးစားစား နားကြားကြပါ။

၁။ န ဟိ မယှံ ဗြာဟ္မဏ၊
ဗလီဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ။
တေနာဟံ ဗြာဟ္မဏာ သုခီ။

ပုဏ္ဏားကြီးရဲ့ ခံစားရချက်ပေါင်းစုံကို အကုန်အစင် တခါထဲ မှတ်မိသွားအောင် ရှေးက ဆရာကြီးများ သီကုံးရေးဖွဲ့ထားခဲ့တဲ့ လင်္ကာငယ်ကလေးကို ဖော်ပြလိုက်အုံးမယ်။ ကဲ-နားထောင်ကြ။

ဆင်းရဲမျိုးဝံ့ လင်္ကာ

နွားပျောက်နှမ်းပျက် ကျီထက်ကြွက်စင် အိပ်လျှင်ပိုးမွှ လင်သေသမီး အမယ်ကြီးဆူ ကြွေးရှင်ပူ ဤသူဒုက္ခ များပေတည်း။

(၈)

မြတ်စွာဘုရားရဲ့ တရားဒေသနာ

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးဟာ မိမိရဲ့ခံစားရချက်တွေကို မြတ်စွာဘုရားထံ အားရပါးရကြီး၊ တနင့်တပိုးကြီး ရင်ဖွင့်ရှုတ်ဆို တိုင်တည်ပြီးလို့ ငြိမ်ငြိမ်ဆိပ်ဆိမ်နဲ့ ဣန္ဒြေရရဖြစ်လာတဲ့ အခါမှာ မြတ်စွာဘုရားက သူ့ ဇာန္ဒြေနဲ့လိုက်ပြီး သူ့ အလိုက်သင့်ကလေး တရားဓမ္မ ဟောပြတော် မူလိုက်ပါတယ်။ ကဲ-မြတ်စွာဘုရား ဟောကြားပြတော် မူလိုက်တဲ့ ဓမ္မဒေသနာကို သေသေချာချာ လေးလေးစားစား နားကြားကြပါ။

၁။ န ဟိ မယှံ ဗြာဟ္မဏ၊
ဗလိဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ။
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဘာရဒွါဇနွယ်ဖွားပုဏ္ဏားကြီးဟာ ဒီလိုပူပင်စရာ၊ ဆင်းရဲဒုက္ခ ရောက်စရာအချက်အလက်တွေကိုကွက်ကွက်ကွင်းကွင်း လင်းလင်း ထင်ထင် သိမြင်လာတယ်။ အဲဒီလိုသိမြင်လာတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဓမ္မကို သိပ်သဘောကျသွားတာ ပေါ့။ ဒါ့ကြောင့် တရားကိုသာနားချပြီး နာနေတယ်။ ဘာစကား တခွန်းမှ ပြန်ပြီးမလျှောက်ထားဘူး။ သူ့စိတ်ထဲမှာ တရားအဆက် ပြတ်သွားမှာကို စိုးရိမ်နေတယ်။ မြတ်စွာဘုရားကလဲ တရားကို အဆက်မပြတ်စေဘဲ ဆက်လက်ပြီး ဟောတော်မူပါတယ်။

၂။ န ဟိ မယှံ ဗြာဟ္မဏ၊
တိလခေတ္တ ဿ္မိံ ပါပကာ။
ကောပဏ္ဏာ ဒုပဏ္ဏာ စ၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ- ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ တိလခေတ္တသ္မိံ- နှမ်းခင်း၌၊ ကောပဏ္ဏာ-တရွက်သာလျှင် ရှိသည်လည်း ဖြစ်ကုန် သော၊ ဒုပဏ္ဏာ စ-နှစ်ရွက်သာလျှင် ရှိသည်လည်း ဖြစ်ကုန်သော၊ ပါပကာ-ဘာကမှ အသုံးမကျ လုံးဝပျက်၍နေသော နှမ်းငုတ် တို့သည်၊ (သန္တိ-ရှိကုန်၏။) မယှံ-ငါဘုရားအား၊ န ဟိ-ပျက် စရာနှမ်းခင်း အလျှင်းမရှိသည်သာ။ ဗြာဟ္မဏာ-ဘာရဒွါဇ နွယ် ဖွား အိုပုဏ္ဏား၊ တေန-ထို့ကြောင့်၊ အဟံ ငါဘုရားသည်၊ သုခီ- ချမ်းသာခြင်း ရှိတော်မူ၏။

"ပုဏ္ဏား- သင်ပုဏ္ဏားမှာ နှမ်းခင်းထဲ နှမ်းပင်တွေ ဘာကမှ အသုံးမကျအောင် လုံးဝပျက်လို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။

ငါ့ဘုရားမှာတော့ နဂိုကထဲက ပျက်စရာ နှမ်းခင်းအလျှင်း မရှိခဲ့ဘူး။ဒါ့ကြောင့် ငါ့ဘုရားဟာ ချမ်းသာတယ်။

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးက တရားကို သဘောကျနေတယ်။ တရားအဆက်ပြတ်သွားမှာကိုစိုးလို့ ဘာစကားတခွန်းမှ ကြားဖြတ်ပြီး မခလျှောက်ထားပဲ ငြိမ်ငြိမ်ဆိမ်ဆိမ် လူနွေ့မပျက် တရားကိုဆက်လက်ပြီး နာနေတယ်။မြတ်စွာဘုရားကလဲ တရားကို အရှိန်မပျက်အောင် ဆက်လက်ပြီးဟောမြဲဟောနေတော်မူတယ်။

၃။ န ဟိ မယှံ ဗြာဟ္မဏ၊
တုစ္ဆကောဋ္ဌသ္မိံ မူသိကာ။
ဥဿောဠှိကာယ နစ္စန္တိ၊
တေနာဟံ ဗြာဟ္မဏ သုခီ။

ဗြာဟ္မဏ- ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ တုစ္ဆကောဋ္ဌသ္မိံ- အချည်းနှီးသော ကျီကြဲ၌၊ မူသိကာ-ဟိုဟိုဒီဒီမှ စုခပေါင်း၍လာကြကုန်သော ကြွက်တို့သည်၊ ဥဿောဠှိကာယ- လုံ့လကြိုးကုတ်ခွန်အား စိုက်ထုတ်သဖြင့်၊ နစ္စန္တိ- ကခုန်မြူးတူးကုန်၏။ မယှံ- ငါ့ဘုရားအား၊ န ဟိ- ကြွက်ဆူညံစရာ ကျီကြဲ မရှိသည်သာ။ ဗြာဟ္မဏ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊တေန-ထို့ကြောင့်၊အဟံ- ငါ့ဘုရားသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ပုဏ္ဏား-သင်ပုဏ္ဏားမှာ ဂျုံ့စပါး ပဲ့ပြောင်း နှမ်း အစရှိတဲ့ ပစ္စည်းတွေသိုလှောင်ဖို့ ဂိုဒေါင်ခေါ်တဲ့ ကျီကြဲရှိလို့ ဆင်းရဲဒုက္ခရောက်ရတယ်။ငါ့ဘုရားမှာတော့ နဂိုကထဲက ကျီကြဲ မရှိခဲ့ဘူး။ ဒါ့ကြောင့် ငါ့ဘုရားဟာ ချမ်းသာတယ်။"

အဲဒီလို မြတ်စွာဘုရားက ဟောပြတော်မူတဲ့ အခါမှာလဲ ဘာရဒွါဇ ပုဏ္ဏားကြီးက သဘောကျတယ်။ တရားအဆက်ပြတ်သွားမှာစိုးလို့ ကြားဖြတ်စကား ဘာတခွန်းမှ မလျှောက်ထားပဲ ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေမပျက် တရားကိုဆက်လက်ပြီး နာမြဲနာနေတယ်။ မြတ်စွာဘုရားကလဲ တရားကို အရှိန်မပျက်အောင် ဆက်လက်ပြီး ဟောမြဲဟောနေတော်မူတယ်။

၄။ နဟိ မယှံ ဗြာဟ္မဏ၊
သန္ဒိဋ္ဌာရောသတ္တမာသိကော၊
ဥပ္ပာဋ္ဌကေတိ သဍ္ဍိန္နော၊
တေန နာဟံ ဗြာဟ္မဏာ သုခီ၊

ဗြာဟ္မဏ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ သတ္တမာသိကော သန္ထာရော-ခုနစ်လတို့ ကာလပတ်လုံး သုတ်သင်ခြင်းကင်းသော အိပ်ယာမြက်ခင်းကို- ဥပ္ပာဋ္ဌကေတိ-အရေကိုခွါသကဲ့သို့ ကိုက်တတ်ကုန်သော ကြမ်းပိုးတို့သည်၊ သဍ္ဍိန္နော- ဖုံးလွှမ်းအပ်၏။ မယှံ-ငါဘုရားအား၊ န ဟိ-ကြမ်းပိုးကိုက်စရာ အိပ်ယာမြက်ခင်း အလျဉ်းမရှိသည်သာ။ ဗြာဟ္မဏာ-အိုပုဏ္ဏား၊တေန-ထို့ကြောင့်၊ အဟံ-ငါဘုရားသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ပုဏ္ဏား-သင်ပုဏ္ဏားမှာ ကြမ်းပိုးကိုက်စရာ အိပ်ယာ မြက်ခင်းရှိလို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ငါဘုရားမှာတော့ ကြမ်းပိုးကိုက်စရာ အိပ်ယာမြက်ခင်းဆိုတာ နဂိုကထဲကိုက မရှိခဲ့ဘူး။ ဒါကြောင့် ငါဘုရားဟာ ချမ်းသာတယ်"

အဲဒီသို့ မြတ်စွာဘုရားက ဟောကြားပြတော်မူသူက်တဲ့အခါမှာလဲ ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးက သဘောကျတယ်၊

တရားအဆက်ပြတ်သွားမှာစိုးလို့ ကြားဖြတ်စကား ဘာတခွန်းမှ မယှောက်ထားပဲ ငြိမ်ငြိမ် ဆိမ်ဆိမ် ဣန္ဒြေမပျက် တရားကို ဆက်လက်ပီး နာမြဲနာနေတယ်။ မြတ်စွာဘုရားကလဲ တရားကို အရှိန်မပျက် ဆက်လက်ပီး ဟောမြဲဟောနေတော်မူတယ်။

၅။ န ဟိ မယှံ ဗြာဟ္မဏ၊
ဝိဓဝါ သတ္တ ဓီတရော။
ကေပုတ္တာ ဒုပုတ္တာ စ၊
တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ ကေပုတ္တာ- သား တယောက်ရှိသည်လည်း ဖြစ်ကုန်သော၊ ဒုပုတ္တာ စ- သားနှစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော၊ ဝိဓဝါ သတ္တဓီတရော- လင်သေမိန်းမ မုဆိုးမ ဖြစ်ကြကုန်သော သမီး ခုနစ်ဖော်တို့သည်၊ (သန္တိ-ရှိကြကုန်၏။) မယှံ- ငါဘုရားအား၊ န ဟိ- ပုပင်စရာ သမီး မရှိသည်သာ။ ဗြာဟ္မဏာ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ တေန-ထိုကြောင့်၊ အဟံ-ငါဘုရားသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ပုဏ္ဏား သင်ပုဏ္ဏားမှာ သမီးတွေရှိလို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ငါဘုရားမှာတော့ ဆင်းရဲဒုက္ခ ရောက်စရာ နဂိုထဲကိုက သမီး မရှိခဲ့ဘူး။ ဒါ့ကြောင့် ငါဘုရားဟာ ချမ်းသာတယ်။"

ကနေ့ လူသားတွေကတော့ သားသမီးရှိမှ ချမ်းသာတယ်။ သားသမီး မရှိယင် မချမ်းသာဘူးလို့ ဒီလို မြင်နေကြတယ်။ ဘယ်ဟုတ်မလဲ သားသမီး ရှိယင် ရှိသလောက် ဆင်းရဲဒုက္ခ

ရောက်ရတယ်။ မလိမ်မာတဲ့ သားသမီးဆိုယင် ပိုပီးတော့တောင်မှ ဆင်းရဲဒုက္ခ ရောက်ရတာပေါ့။

တခါတုန်းက ကျောင်းအမကြီး တယောက်ကို ဆရာတော်ကြီး တပါးက "ဟဲ့ ကျောင်းအမ နင့်မှာ သမီးဘယ်နှစ်ယောက်ရှိသလဲ"လို့ မေးသတဲ့။

အဲဒီတော့ ကျောင်းအမကြီးက "တပည့်တော်မမှာ သားသမီး ခြောက်ယောက်ရှိပါတယ် ဘုရား"လို့ ပြောသတဲ့။

ဆရာတော် ဘုရားကြီးက "အင်း ခြောက်ယောက်ရှိယင် ခြောက်ပူ ပူရအုံးမှာပေါ့" လို့ မိန့်တော် မူလိုက်သတဲ့။

ကျောင်းအမကြီးက ဆရာတော်ဘုရားကြီး မိန့်တော်မူတဲ့ စကားကို ကြားရတော့ ဘဝင်မကျနိုင်ဘူး တဲ့။ ဒါပေမယ့် ပြန်လဲ မလျှောက်ထားဝံ့တော့ ဒီလိုပဲ မကျေမနပ်နဲ့အောင့်သက်သက် နေရသတဲ့။ နောက် နှစ်ကာလအတော်ကြာလို့ သားသမီးတွေ အမျိုးမျိုး ပျက်စီးတာတွေနဲ့ တွေ့တော့မှ "အော် ဟိုတုန်းက ဆရာတော်ဘုရားကြီး မိန့်တော်မူတာ မှန်လိုက်တာဟဲ့"လို့ပြော သတဲ့။

အခုလဲ ပုဏ္ဏားကြီးမှာ သမီးတွေရှိလို့ ဆင်းရဲဒုက္ခ ရောက်ရ တယ်။ မြတ်စွာဘုရားမှာတော့ သမီးမရှိလို့ ဆင်းရဲဒုက္ခမရောက် ရဘူးလို့ မှတ်ကြရမယ်။

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးက ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေ မပျက်နဲ့ တရားကို ဆက်လက်ပီး နာမြဲနာနေတယ်။ မြတ်စွာ ဘုရားကလဲ တရားကိုအရှိန်မပျက် ဆက်လက်ပီး ဟောမြဲ ဟော နေတော်မူတယ်။

၆။ န ဟိ မယှံ ဗြာဟ္မဏ၊
ပိင်္ဂလာ တိလကာဟတာ။
သေတ္တံ ပါဒေန ဗောဓေတိ၊
တေနာယံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ ပိင်္ဂလာ တိလကာဟတာ-မျက်စိနီကြောင်၍ မဲ့မှင်တဲ့တဲ့ မှဲ့ဖွဲ့၍နေသော အိမ်ရှင်မသည်၊ သေတ္တံ-အိပ်ပျော်၍နေသော သင့်ကို၊ ပါဒေန ဗောဓေတိ-ခြေထောက်ဖြင့် ကန်ကျောက်၍ နှိုးလေ၏။ မယှံ-ငါဘုရားအား၊ န ဟိ—ခြေထောက်ဖြင့် ကန်ကျောက်၍နှိုးမည့် အိမ်ရှင်မ မရှိသည်သာ။ ဗြာဟ္မဏာ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ တေန-ထို့ကြောင့်၊ အယံ-ငါဘုရားသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"ပုဏ္ဏား- သင်ပုဏ္ဏားမှာ ခြေထောက်နဲ့ ကန်ကျောက်ပီး မထေမဲ့မြင် အိပ်ယာကနှိုးတဲ့ အိမ်ရှင်မ ရှိလို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ငါဘုရားမှာတော့ နဂိုထဲကိုက အိမ်ရှင်မ မရှိခဲ့ဘူး။ ဒါ့ကြောင့် ငါဘုရားဟာ ချမ်းသာတယ်။"

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးက ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေမပျက် တရားကို ဆက်လက်ပီး နာမြဲနာနေတယ်။ မြတ်စွာဘုရားကလဲ တရားကို အရှိန် မပျက်အောင် ဆက်လက်ပီး ဟောမြဲ ဟောနေတော်မူတယ်။

၇။ န ဟိ မယှံ ဗြာဟ္မဏ၊
ပစ္စုသမှိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊
တေန ဟံ ဗြာဟ္မဏ သုခီ။

ဗြာဟ္မဏ-ဘာရဒွါဇ နွယ်ဖွား အိုပုဏ္ဏား၊ ပစ္စုသမှိ-အာရုံကျင်း၍ အလင်းသို့ရောက်လာ မိုးသောက်ထအခါ၌၊ ဣဏာယိကာ-ကြွေးရှင်မြီရှင်တို့သည်၊ ဒေထ ဒေထာတိ-ပေးကုန်လော့ ပေးကုန်လောဟူ၍၊ စောဒေန္တိ-တောင်းကြရမ်းကြ တောင်းရမ်းကြကုန်၏၊ မယှံ-ငါဘုရားအား၊ န ဟိ-ကြွေးရှင်မြီရှင် မရှိသည်သာ။ ဗြာဟ္မဏ-ဘာရဒွါဇနွယ်ဖွား အိုပုဏ္ဏား၊ တေန-ထိုကြောင့်၊ အဟံ-ငါဘုရားသည်၊ သုခီ-ချမ်းသာခြင်း ရှိတော်မူ၏။

"အိုပုဏ္ဏား-သင်ပုဏ္ဏားမှာ ကြွေးရှင်မြီရှင်တွေ ရှိလို့ ဆင်းရဲဒုက္ခ ရောက်ရတယ်။ ငါဘုရားမှာတော့ နဂိုကတဲကိုက ကြွေးမြီမယူလို့ ကြွေးရှင် မြီရှင် မရှိခဲ့ဘူး။ ဒါ့ကြောင့် ငါဘုရားဟာ ချမ်းသာတယ်"

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးကို မြတ်စွာဘုရားက ဟောပြတော်မူတဲ့ တရားဓမ္မဟာ ဒီမှာပဲ ပြီးဆုံးသွားပြီ။ ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားက ရင်ဖွင့်ပြီး ရှုတ်ဆို တိုင်တယ်ဆလောက်ပဲ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

## (ဆ)
## ရှင်ရဟန်းအဖြစ် တောင်းပန်

ဧဝံ ဝုတ္တေ ဘာရဒ္ဒါဇ ဂေါတ္တော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ။

ဧဝံ ဝုတ္တေ-ဤသို့မြတ်စွာဘုရား ဟောကြားတော်မူပြီးသည် ရှိသော်၊ဘာရဒ္ဒါဇဂေါတ္တော-ဘာရဒ္ဒါဇအနွယ်ဖြစ်သော ပုဏ္ဏား သည်၊ ဘဂဝန္တံ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရားကို၊ ဧတံ (ဝစနံ)- ဤဆိုလတ့်သော စကားကို၊ အဝေါစ- နားတော် လျှောက်၏။

မြတ်စွာဘုရား တရားဟောလို့ ပီးဆုံးသွားတဲ့အခါမှာ ဘာရ ဒွါဇနွယ်ဖွား ပုဏ္ဏားကြီးက မြတ်စွာဘုရားကို လျှောက်ထား လိုက်တယ်တဲ့။ ဘယ်လို လျှောက်ထားတယ်ဆိုတာကို သေသေ ချာချာ နားထောင်လိုက်ကြစမ်းပါအုံး။

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါ တမ၊ သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာ စိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ။ စက္ခုမန္တော ရူပါနိ ဒက္ခန္တီတိ၊ဧဝမေဝ ဘောတာ ဂေါတ မေန အနေကပရိယာယေန ဓမ္မော ပကာသိတော၊သော ဟံ ဘဂဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ၊ ဘိက္ခု သံဃဉ္စ။ လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိ ကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။ ။

‘‘အို-အရှင်ဘုရား ဂေါတမ-အရှင်ဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အို အရှင်ဘုရား ဂေါတမ-အရှင်ဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အို အရှင်ဘုရား ဂေါတမ-ဥပမာအားဖြင့် ထင်ရှားအောင် ပြရပါမူကား မှောက်၍ထားအပ်သော အရာဝတ္ထုကို လှန်၍ပြဘိသကဲ့သို့ရင်း၊ တစုံတခု ဖုံးအုပ်၍ထားအပ်သော အရာဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ရင်း၊ မျက်စိလည်လမ်းမှား ခရီးသွားယောကျ်ားအား လမ်းမှန်ကို ညွှန်ပြဘိသကဲ့သို့ရင်း၊ မျက်စိအမြင် ရှိကြကုန်သော သူတို့သည် အဆင်းရူပါရုံတို့ကို မြင်ကြစိမ့်မည်ဟု အမိုက်တိုက်အတွင်းဝယ် ဆီမီးတန်ဆောင်ကို စိုက်ထောင်၍ပြဘိသကဲ့သို့ရင်း၊ ဤအတူ အရှင်ဘုရား ဂေါတမသည် တပါးမက များပြားလှသော ပရိယာယ်ဖြင့် တရားဓမ္မကို ထင်ရှားအောင် ဟောပြတော်မူပါပေ၏။ ထိုအကျွန်ုပ်သည် အရှင်ဘုရားဂေါတမကို ကိုးကွယ်လည်းလျောင်းပုန်းအောင်းမှီခိုရာဟူ၍ဆည်းကပ်ပါ၏။ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းခြား ခွဲဝေထားသည့် တရားတော်ကိုလည်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ပါ၏။ မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်မြတ် အပေါင်းကိုလည်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ ဆည်းကပ်ပါ၏။ အကျွန်ုပ်သည် အရှင်ဘုရား ဂေါတမ၏ အထံတော်၌ ရှင်အဖြစ်၊ ရဟန်း အဖြစ်ကို ရလိုပါ၏။

အဲဒီလို ဘာရဒွါဇနွယ်ဖွားပုဏ္ဏားကြီးက ဥပမာ လေးမျိုးနဲ့ တရားတော်ကို ချီးမွမ်းတယ်။ ပီးတော့-ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံလို့ဆိုတဲ့ သရဏဂုံ သုံးပါးကိုလဲ ဆောက်တည်တယ်။ ပီးတော့-ရှင်အဖြစ်၊ ရဟန်းအဖြစ်ကိုလဲ တောင်းတယ်။

အလတ္ထ ခေါ ဘာရဒွါဇ ဂေါတ္တော ဗြာဟ္မဏော
ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ အလတ္ထ ဥပသမ္ပဒံ။

ဘာရဒွါဇ ဂေါတ္တော ဗြာဟ္မဏော-ဘာရဒွါဇနွယ်ဖြစ်သော ပုဏ္ဏားသည်၊ ဘဂဝတော သန္တိကေ-မြတ်စွာဘုရား ထံတော်ပါး၌၊ ပဗ္ဗဇ္ဇံ-ရှင်အဖြစ်ကို၊ အလတ္ထ ခေါ-ရပြီ။ ဥပသမ္ပဒံ-ရဟန်းအဖြစ်ကို၊ အလတ္ထ-ရပြီ။

ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားကြီးဟာ ရှင်အဖြစ်၊ရဟန်းအဖြစ်ကို ရသွားပီ-တဲ့။ ရသွားတော့ ဘာဖြစ်သလဲ။ ဖြစ်တာကိုပြောပြအုံးမယ်။

## (ဇ)

## တရားအားထုတ် ရဟန္တာဖြစ်

အစိရူပသမ္ပန္နော ပနာယသ္မာ ဘာရဒွါဇော ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟာရန္တော န စိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။

အစိရူပသမ္ပန္နော-ရဟန်းအဖြစ်သို့ ရောက်၍ မကြာမြင့်မီ၊ အာယသ္မာ ဘာရဒွါဇော ပန-အရှင် ဘာရဒွါဇသည်ကား၊

ဧကော-တပါးထီးတည်း၊ ဝူပကဋ္ဌော-ဆိတ်ငြိမ်ရာသို့ ကပ်သည် ဖြစ်လျက်၊ အပ္ပမတ္တော-မမေ့မလျော့သည်ဖြစ်၍၊ အာတာပီ- ကိလေသာမှုမွေး ဝိတ်အညစ်အကြေးတို့ကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည် ဖြစ်၍၊ ပဟိတတ္တော-နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည် ဖြစ်၍၊ ဝိဟရန္တော-နေသည်ရှိသော်၊ န စိရဿေဝ-မကြာမြင့် မီပင်လျှင်၊ ယဿတ္ထာယ-အကြင် အရဟတ္တဖိုလ်အကျိုးငှာ၊ ကုလပုတ္တာ—အမျိုးကောင်းသားတို့သည်၊ သမ္မဒေဝ-ကောင်းစွာ သာလျှင်၊ အဂါရသ္မာ-အိမ်ရာတည်ထောင် လူ၏ဘောင်မှ၊ အန ဂါရိယံ-အိမ်ရာမထောင် ရဟန်းဘောင်သို့၊ ပဗ္ဗဇန္တိ-ဝင်ရောက်လာ ကြကုန်၏။

ရဟန်းဖြစ်ပြီးလို့မကြာခင်မှာပဲ အရှင်ဘာရဒွါဇဟာတပါးထဲ ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီးတော့ ကိလေသာ ငြိမ်းစေ နိုင်တဲ့ မမေ့မလျော့ခြင်းလို့ဆိုတဲ့ သတိပဋ္ဌာန်ဝိပဿနာ ဘာ ဝနာလုပ်ငန်းကမ္မဋ္ဌာန်းတရားတွေကို ကြိုးစား အားထုတ်တော် မူတယ်။ ကြိုးစားအားထုတ်တော်မူနေစဉ် မကြာခင်မှာပဲ အရှင် ဘာရဒွါဇကို အားကျပြီး အရဟတ္တဖိုလ်ကို အလိုရှိကြတဲ့ အမျိုး ကောင်းသားတွေဟာ ကောင်းမွန်စွာ သာသနာတော်သို့ ဝင် ရောက် လာကြတယ်။

ကဲ-အဲဒီအမျိုးသားတွေကို အားကျပြီး အခု တရားနာနေ ကြတဲ့ ဒကာတွေက ရဟန်းခံချင်ကြသလား။ပြောကြ။ ဘုန်းကြီး က သင်္ကန်းပေးမယ်။ တက်ထရွန်ကြိုက်ကြိုက်၊ ဖော့ကြိုက်ကြိုက်၊ ကြိုက်ရာကိုပြောကြ။ ပေးမယ်။ ဟော-မလှုပ်ကြတော့ဘူး။ ဘယ့်နှယ်လဲ။ ဦး●လှုပ်၊ ကိုမလှုပ်တို့ အဖြေ မပေးနိုင်ကြတော့

ဘူးလား။ ကဲ-ဒကာတွေကိုမေးလို့ မရယင် ဒကာမတွေကို မေးရအုံးမယ်။ ဒကာမတွေ-သိလျှင် ဝတ်ကြမလား။ပြောကြ။ ဘုန်းကြီးက ပိတ်ပေးမယ်။တက်ထရှုန်မှုကြိုက်တယ်၊ဖော့မှုကြိုက် တယ် ဆိုယင်လဲ ကြိုက်ရာကိုပြောကြ။ ပေးမယ်။ အင်း-သူတို့ ကလဲ မလုပ်ကြဘူး။ ဘယ့်နှယ်လဲ ဒေါ်မလုပ်၊ မ မလုပ်တို့ရဲ့။ အဖြေ မပေးနိုင်ကြတော့ဘူးလား။ ကဲ-အဖြေ မပေးနိုင်ကြလဲ နေပါစေ။ ကိစ္စ မရှိပါဘူး။ အရှင်ဘာရဒွါဇနဲ့ အမျိုးကောင်း သားတွေ တရား အားထုတ်နေကြတာကို ကြည်ညို နေယင်လဲ အကျိုးမနဲလှပါဘူး။

သာသနာတော် ဝင်ရောက်လာကြတဲ့ ဘာရဒွါဇအရှင်မြတ်နဲ့ အမျိုးကောင်းသားတွေမှာ ဘယ်လိုအကျိုးထူးတွေ ရကြသလဲ ဆိုတော့ အကျိုးထူး ရပုံကို ပြောပြအုံးမယ်။ နားထောင်ကြ။

တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိ ကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။

တဒနုတ္တရံ-သူထက်ထူးချွန် အလွန်အကဲ မရှိသော၊ ဗြဟ္မ စရိယပရိယောသာနံ-မဂ္ဂဗြဟ္မစရိယ(မြတ်သော မဂ်အကျင့်)၏ အဆုံးဖြစ်သော၊ တံ-ထိုအရဟတ္တဖိုလ်ကို၊ ဒိဋ္ဌေဝ ဓမ္မေ-မျက် မှောက်သော ကိုယ်၏ အဖြစ်ဌပင်လျှင်၊ သယံ-ကိုယ်တိုင်၊ အဘိ ညာ- (အဘိညာယ)-ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ- မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ-ပြည့်စုံ၍၊ ဝိဟာသိ-နေပြီ။

အရှင်ဘာရဒွါဇဟာ သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာ လုပ် ငန်း ကမ္မဋ္ဌာန်းတရားကိုကြိုးစား အားထုတ်လိုက်ထာ အရဟတ္တ ဖိုလ်ပေါက် ဆိုက်ရောက်သွားပါ တယ်-တဲ့။

အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွားတော့ “ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယ”လို့ လင်္ကာရုံးတန်းပြီး ပြောနိုင်သွားပြီ။

လင်္ကာရုံးတန်းပြောနိုင်သွားတယ်ဆိုတဲ့ စကားတွေရဲ့အဓိပ္ပါယ်တွေက ဘာတွေလဲ။

“ခီဏာဇာတိ–ငါ့မှာ နောက်ထပ်တဖန် ပဋိသန္ဓေ တည်နေရခြင်းလို့ဆိုတဲ့ ဘဝအသစ် ဖြစ်ရခြင်း ဆင်းရဲဒုက္ခ လုံးဝ မရှိတော့ဘူး”လို့ ပြောနိုင်ပြီ။

“ဝုသိတံ ဗြဟ္မစရိယံ–သာသနာတော်ရဲ့ မဂ္ဂဗြဟ္မစရိယလို့ဆိုတဲ့ မဂ်အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ”လို့လဲ ပြောနိုင်ပြီ။

“ကတံ ကရဏီယံ–တဆယ့်ခြောက်ချက် မဂ်ကိစ္စအတွက် ပြုဘွယ်ကိစ္စ ဟူသမျှ တစမကျန် ကောန် ပြုပြီးပြီ”လို့လဲပြောနိုင်ပြီ။

“နာပရံ ဣတ္ထတ္တာယ–အရဟတ္တဖိုလ်အတွက် ဆက်လက်ပြီး တဖန် ကျင့်ကြံစရာကိစ္စ လုံးဝမရှိတော့ဘူး။ သာသနာတော်ရဲ့ လုပ်ငန်းကိစ္စ အဝဝပြီးပြီ”လို့ ပြောနိုင်ပြီ၊ ပြောနိုင်သမှ ရဲရဲတောက်ကို ပြောနိုင်တာနော်။

ဣတိ–ဤသို့၊ အဗ္ဘညာသိ–ထူးသောဉာဏ်ဖြင့် သိ၏။

အဲဒီလို ပြောနိုင်အောင်ကို အရှင်ဘာရဒ္ဒါဇရဲ့ သန္တာန်မှာ ဉာဏ်တွေ ထိုးထွင်း သိမြင်သွားပါတယ်–တဲ့။

အညတရော စ ပနာယသ္မာ ဘာရဒ္ဒါဇော အရဟတံ အဟောသိ။

အာယသ္မာ ဘာရဒွါဇော စ ပန–အရှင် ဘာရဒွါဇသည် ကား၊ အရဟတံ–ရဟန္တာပုဂ္ဂိုလ်တို့တွင်၊ အညတရော–တပါး အပါအဝင်သည်၊ အဟောသိ–ဖြစ်ပြီ။

အရှင် ဘာရဒွါဇဟာ ရဟန္တာ ဖြစ်သွားပါတယ်–တဲ့။

(၈၂)

## လက်တွေ့ တရားအားထုတ်နည်း

သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဗြာဟ္မဏ သံယုတ် အရဟန္တဝဂ်မှာပါတဲ့ ဗဟုဓိတရသုတ် (သမီးများတဲ့ ပုဏ္ဏားကြီး တရားတော်) ကတော့ ဒီမှာပဲ ပြီးဆုံး သွားပါပြီ။ ဒါပေမယ့် ဒီကနေ့ တရားပွဲကို ဒါလောက်နဲ့ ရုတ်သိမ်းပစ်လိုက် လို့တော့ မဖြစ်သေးဘူး။ ဘာပြုလို့လဲဆိုတော့ ရှင်ဘာရဒွါဇ တို့လို ရဟန္တာ မဖြစ်သေးတောင် သာသနာတော်နဲ့ ကြုံကြိုက် တဲ့ အခါမှာ အပယ်ဘေးက လွတ်အေးအောင်ကိုတော့ သတိ ပဋ္ဌာန် ဝိပဿနာ ဘာဝနာလုပ်ငန်း ကမ္မဋ္ဌာန်းတရားကို ပွား များ ကြိုးကုတ် လက်တွေ့အားထုတ်ဖို့ရာ ညွှန်ကြားချင်သေးလို့ ပါပဲ။

ကဲ–လက်တွေ့ တရားအားထုတ်ပွဲကို အဆိုကလေးများနဲ့ စတင်ဖွင့်ကြရအောင်၊ စိတ်ပါလက်ပါ သိုက်ဆိုကြ။

(မှာထားချက်။ ။ "ရုပ်နာမ်ဓမ္မသင်္ခါရ မုချမမြဲပေ" အစရှိတဲ့ အဆိုကလေးများကို ချပို့ပေးပြီး အနှုတ်သဘော မျက်မမြင် တရားတော်အဆုံးမှာပါသော လက်တွေ့ တရားအားထုတ်နည်းအတိုင်း ညွှန်ကြားပါ။)

## (ည)
## တရားသိမ်း

ကဲ-တရားနာယင်း တရားမှတ်၊ တရားမှတ်ယင်း တရားနာ (နာယင်းမှတ်၊ မှတ်ယင်းနာ) လာကြရတာ ဒါလောက်ဆိုယင် သင့်တော်ပါပြီ။ သက်သက်သာသာနဲ့ နေမြဲတိုင်းသာ နေကြပါတော့။

အခု မိမိတို့ကိုယ်တိုင် ခန္ဓာကိုယ် ဉာဏ်ရောက်အောင် လက်တွေ့ အားထုတ်ခဲ့တဲ့ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ အကျင့်မြတ် ပဋိပတ်ကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးလွတ်မြောက်ဖို့ရာ ဆုတောင်းခြင်း၊ ပြီးတော့ မိမိတို့ကိုယ်တိုင် ခန္ဓာကိုယ်ဉာဏ်ရောက်အောင် လက်တွေ့အားထုတ်ခဲ့ကြတဲ့ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ အကျင့်မြတ် ပဋိပတ်ဖြင့် ရတနာမြတ်သုံးပါးတို့ကို ပူဇော်ခြင်း တို့ကိုပြုပြီး မိုးတရားသိမ်းနဲ့ ဒီတရားပွဲကို နိဂုံးချုပ် ရုတ်သိမ်း ကြရအောင်။ ကဲ-လိုက်ဆိုကြ။

### ဆုတောင်း

မုချကေန် အမှန်မချွတ် ဤအကျင့်မြတ်ကြောင့် နောက်ထပ် တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး လွတ်မြောက်ရပါလို၏အရှင်ဘုရား။

### ရတနာသုံးပါးပူဇော်

၁။ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤ အကျင့်မြတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏အရှင်ဘုရား။

၂။ လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤအကျင့်မြတ်ဖြင့် တရားတော်ကို ပူဇော်ပါ၏အရှင်ဘုရား။

၃။ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဤအကျင့်မြတ်ဖြင့် သံဃာတော်ကို ပူဇော်ပါ၏အရှင်ဘုရား။

## မိုးတရားသိမ်း

အဟံ-ငါသည်၊ ကိလေသမလဝန္တာနံ-သံသရာတခွင်မှ အစဉ်ပါရှိ၍လာသည့် ကိလေသာမှုန်မှေး စိတ်အညစ်အကြေးတို့ဖြင့် ညစ်ထေးမဲမှောင်၍နေကြကုန်သော၊ ဝေါ တုမှာကံ-သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား၊ သဒ္ဒါယ-ကိလေသာမှုန်မှေး စိတ်အညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်း စင်ကြယ်နိုင်ကြပါစေခြင်းအကျိုးငှာ၊ ယံ ဓမ္မမေဃံ-အကြင်တရားတည်းဟူသော မိုးကြီးကို၊ ဝဇ္ဇယန္တံ ဝဿာပေသိ-ဂျိုးဂျိုးဂျုံးဂျုံး တဝုံးဝုံးဖြင့် တစ်ချုန်းချုန်းရွာသွန်း၍ချခဲ့ပေပြီ၊ တုမှေ-သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ မေ-ငါ၏၊ ဝဇ္ဇယန္တံ ဝဿာပေတံ-ဂျိုးဂျိုးဂျုံးဂျုံး တဝုံးဝုံးဖြင့် တစ်ချုန်းချုန်းရွာသွန်းချခဲ့ပေသော၊ တံ ဓမ္မမေဃံ-ထိုတရားတည်းဟူသောမိုးကြီးကို၊ နှုတ္တဝမ်းမြောက်လှစွာ ကြည်သာရွှင်ပြုံး အားရပါးရကြီး ချိုးသုံးကြကုန်ပြီး၍၊ မလေဟိ-အနမတဂ္ဂ သံသရာဝဋ်မှ အစဉ်အဆက်ပါရှိ၍လာသည့် ကိလေသာမှုန်မှေး စိတ်အညစ်အကြေးတို့မှ၊ သုဇ္ဈထ-ဖြူစင်ဝင်းပ သန့်ရှင်းအောင် ပြုလုပ်ကြပါကုန်သော။ သုဇ္ဈန္တာနံ-ဖြူစင်ဝင်းပ သန့်ရှင်းအောင်ပြုလုပ်ကြကုန်ပြီးသော၊ ဝေါ တုမှာကံ-သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်း

တို့အား၊ အမေ့ဟိ-ငါတို့သည်၊ယော ဓမ္မဂန္ဓော-မွှေးကြိုင်အေး ကြည် အကြင်တရားတည်းဟူသော နို့သာဆီကို၊ဝိဘတ္တော-သာ တူညီမျှ အချိုးကျဖြင့် ဝေငှပေးအပ်ခဲ့ပေပြီ။

မွှေးကြိုင်လှပါတဲ့ ဓမ္မနို့သာဆီ၊
သာတူညီမျှ ဝေငှလိုက်ပါပြီ။
လိမ်းလိုက်ကြပါတော့ အတူတကွကိုယ်စီ၊
နိဗ္ဗာန်နန်းသို့ စံမြန်းကြစို့အညီ။

ဝိဘတ္တံ-သာတူညီမျှအချိုးကျဖြင့်ဝေငှပေးအပ်ခဲ့သော၊သုံခံ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြစေနိုင်သော၊ တံ ဓမ္မဂန္ဓံ-မွှေး ကြိုင်အေးကြည် တိုတရားတည်းဟူသော နို့သာဆီကို၊ ဝိလေပနံ သက္ကစ္စာန-ကိုယ်စီကိုယ်င လှပတင့်တယ်လေအောင် ချယ်လှယ် လိမ်းကျံ ကြကုန်ပြီး၍၊ သဘာ-ကိလေသာမှုံမှေး စိတ် အညစ် အကြေးတို့မှကင်းဝေးရာခေါ် နိဗ္ဗာန်ဆိုတဲ့အောင်ပွဲသဘင်တော် ကြီးသို့၊ အမေ့ဟိ-ငါတို့နှင့်၊ သဟ-အတူတကွ၊ ခိပ္ပံ ဂမာမှသေ- မနေ့းတူစုံ သွားရောက်ကြပါကုန်အံ့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဤတွင်
ဗဟုစိတရသုတ်
[သမီးများတဲ့ ပုဏ္ဏားကြီး တရားတော်ပြီးပြီ။]

၅

# အယျိကာသုတ်

## (အဖွား အသုဘ တရားတော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က)

ကျမ်းညွှန်းတရားပလ္လင်ခံ

၁။ သဗ္ဗေ သတ္တာ မရိဿန္တိ၊
မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဝမိဿန္တိ၊
ပုညပါပ ဖလူပဂါ။
နိရယံ ပါပကမ္မန္တာ၊
ပုညကမ္မာ စ သုဂ္ဂတိံ။

၂။ တသ္မာ ကရေယျ ကလျာဏံ
နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊
ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

ပါဝစနလို့ခေါ်တဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေကို စုပေါင်း ဖွဲ့စည်းလိုက်တဲ့အခါမှာ နိကာယ်ငါးရပ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ အဲဒီ နိကာယ်ငါး ရပ်ထဲမှာလဲ သံယုတ္တနိကာယ်ဆိုတာ ရှိပါတယ်။ အဲဒီ သံယုတ္တ နိကာယ်ထဲမှာလဲ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်ဆိုတာ ရှိပါ တယ်။ အဲဒီ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ထဲမှာလဲ ကောသလ သံယုတ်ဆိုတာ ပါပါတယ်။ အဲဒီ ကောသလသံယုတ် ထဲမှာလဲ အယျိကာသုတ်ဆိုတာ ရှိပါတယ်။ အခု ဘုန်းကြီး ရွတ်ဆိုဟော ကြားလိုက်တဲ့ တရားဒေသနာ နှစ်ဂါထာခဲ့ကတော့ အယျိကာ သုတ်ထဲမှာရှိပါတယ်။ အယျိကာဆိုတာ ဗမာလိုပြန်လိုက်ယင် "အဖွား"လို့ အဓိပ္ပါယ်ရပါတယ်။ ဘယ်သူ့ရဲ့ အဖွားလဲဆိုယင် သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလမင်းတရား ကြီးရဲ့ အမိအရာထားတဲ့ အဖွားပါပဲ။ကောသလမင်းတရားကြီးရဲ့ အဖွားအကြောင်းကို ဟောပြတဲ့ဘုရားဓမ္မမို့ ဒီသုတ်ကို အယျိကာ သုတ်လို့ခေါ်ပါတယ်။ကောသလမင်းတရားကြီး ဆိုတာကတော့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်မင်းမြတ်ကြီးဖြစ်တဲ့အပြင် တည ထဲမှာ အိပ်မက် ၁၆ချက်ကိုမက်တဲ့ မင်းတရားကြီးဖြစ်လို့ ထူးထူး ခြားခြား အင်မတန်ထင်ရှားပါတယ်။ ဒါကြောင့် ဒီဘုရင်မင်း မြတ်ကြီးကို လူတိုင်းလူတိုင်းက ကြားဘူးကြပါတယ်။ အဲဒီ ကောသလမင်းတရားကြီးရဲ့ အဖွားအကြောင်း သိကောင်းစရာ အယျိကာဆိုတဲ့တရားကို ဗုဒ္ဓမြတ်စွာ သာသနာတော် ၂၅၁၉ခုနှစ် လူတို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၃၃၇ ခုနှစ်၊ ဝါဆိုလဆုတ် (၅)ရက်နေ့၊ မန္တလေးမြို့ ယိုးဒယားဌာနာတောင်ဖက် ကျောင်း အမကြီး ဒေါ်တော် နိဗ္ဗာန်ရောက်လို့ ဒုတိယမြောက်နေ့ သက်

ပျောက်ဆုံမ်း လှူဒါန်းခြင်းကိစ္စမှာ ဟောမယ်လို့ ဘုန်းကြီးဟော မယ့်တရား စောစောစီးစီးကြိုတင်ပီး တရားနာပရိသတ်ကို အသိ ပေးပါတယ်။

## (ခ)
## ရောင်ခြည်တော်ဖွင့်

ဘုန်းကြီး ဒီတရားကို မဟောကြားသေးခင်မှာ ဒီတရားကို မူလ စတင်ပီး ဟောကြားတော်မူခဲ့တဲ့ ဓမ္မိဿရ ဓမ္မသာမိ တရားပိုင်ရှင် ဖြစ်တော်မူတဲ့ ဒေသနာ ဘုရားရှင် ကိုယ်တော်မြတ် ကြီးရဲ့ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် အတင့်တယ်ကြီး တင့်တယ်တော်မူနေတဲ့ပုံကို ဘုန်းကြီးနဲ့တကွ တရားနာပရိသတ် အပေါင်း သူတော်ကောင်းတွေက အာရုံပြုပြီး သမာဓိကို ထူထောင် ကြအုံးစို့ရဲ့။

### ရောင်ခြည်တော် ခြောက်ပါး

နီလာ ယော နီလဌာနမှာ၊
ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ စ မဉ္ဇိဋ္ဌာ၊
နိက္ခမိံသု ပဘဿရာ။

၁။ နီလရောင်ခြည်တော်။ ယဿ ဘဂဝတော - အကြင် ရွှေဘုန်းတော်သခင် ရှင်တော် မြတ်ဘုရား၏၊ နီလ ဌာနမှ-ဆံမုတ်ဆိတ်တော် မျက်နက်တော်က

စ၍ထိုထို ညိုရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော် အစိတ်စိတ်မှ၊ နီလာရော-နီလာရွဲညို ဖဲအညိုနှင့် ကြာညိုပွင့်ချပ် မြညိုယပ်သို့ လျှပ်လျှပ်စိုပြောင် ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ နိက္ခမိသု-ဝန်းကျင် အထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော် မူကြလေကုန်ပြီ။

မြတ်စွာဘုရားရဲ့ ဆံတော်တို့၊ မုတ်ဆိတ်တော်တို့၊ မျက်လုံးတော်အတွင်းက မျက်နက်ဝန်းတော်တို့ အစရှိတဲ့ ပင်ကိုယ်အားဖြင့် ညိုမှောင်နေတဲ့ ကိုယ်အင်္ဂါတော် အစိတ်အပိုင်းတွေက ညိုညိုမှောင်မှောင် နီလာရောင်ခြည်တော်တွေ ထွက်တော်မူကြတယ်။ ညိုညိုမှောင်မှောင် နီလာရောင်ခြည်တော်တွေဟာ ဘာတွေနဲ့ တူကြသလဲဆိုယင်လေ-ဣန္ဒနီလာ ကျောက်ရတနာ ရွဲညိုအဆင်း၊ တဖိတ်ဖိတ်တောက်နေတဲ့ ဖဲပုဝါညိုအဆင်း၊ ကြာညိုပွင့်ချပ်အဆင်း၊ မြရတနာနဲ့ ပြုလုပ်ထားတဲ့ လေယပ်အဆင်း၊ အဲဒါတွေ အဲဒါတွေနဲ့ တူကြတယ်။ ညိုညိုမှောင်မှောင် နီလရောင်ခြည်တော်တွေဟာ မြတ်စွာဘုရားရဲ့ ဝဲဖက်ယာဖက် အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက်မက တောင်လုံးကြီးလောက်မက ကွကွဝင်းဝင်း ထွန်းလင်းတောက်ပ ကွန့်မြူးတော် မူကြတယ်။

၂။ ပီတ ရောင်ခြည်တော်။ ယဿ ဘဂဝတော-အကြင် ရွှေဘုန်းတော် သခင် ရှင်တော် မြတ်ဘုရား၏၊ ပီတဋ္ဌာနမှာ- ကိုယ်အရေတော် မျက်ခွံတော်က စ၍ ထိုထို ရွှေရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော် အစိတ်စိတ်မှ၊ ပီတာ စ-ရွှေနိက္ခသိင်္ဂီ ရွှေအယည်နှင့် ရွှေညည်

ယဉ်သန်း ရွှေစင်ပန်းသို့ လျှမ်းလျှမ်းထိန်ဝေ ဝါရွှေသော ရောင်ခြည်တော် တို့သည်လည်း၊ နိကွမိ°သုံ-ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော် မူကြလေကုန်ပြီ။

မြတ်စွာဘုရားရဲ့ ကိုယ်အရေတော်တို့၊ မျက်လုံးတော်အထဲက က မျက်ခွံအရေတော်တို့ အစရှိတဲ့ ပင်ကိုယ်အားဖြင့် ဝါဝင်း နေတဲ့ ကိုယ်အင်္ဂါတော် အစိတ်အပိုင်းတွေက ဝါဝါဝင်းဝင်း ရွှေအဆင်းရှိတဲ့ ပီတရောင်ခြည်တော်တွေ ထွက်တော်မူကြတယ်။ ဝါဝါဝင်းဝင်း ရွှေအဆင်းရှိတဲ့ ပီတရောင်ခြည်တော် တွေဟာ ဘာတွေနဲ့ တူကြသလဲဆိုယင်လေ- သိင်္ဂနိက်ခေါ်တဲ့ သိင်္ဂီ ရွှေစင် ရွှေနှစ်အဆင်း၊ ရွှေပြား ရွှေထယ်အဆင်း၊ တသွင်သွင် စီးနေတဲ့ ရွှေရည်အယဉ်၊ ရွှေပန်းအဆင်း အဲဒါတွေ အဲဒါတွေ တူကြတယ်။ ဝါဝါဝင်းဝင်း ရွှေအဆင်းရှိတဲ့ ပီတရောင်ခြည် တော်တွေဟာ မြတ်စွာဘုရားရဲ့ဝဲဖက်ယာဖက် အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက်မက တောင်လုံးကြီး လောက်မက ကွကွဝင်းဝင်း ထွန်းလင်းတောက်ပ ကွန့်မြူးတော် မူကြတယ်။

၃။ ဩဒါတ ရောင်ခြည်တော်။ ။ယသာ ဘဂဝတော-အကြင် ရွှေဘုန်းတော် သခင် ရှင် တော်မြတ်ဘုရား၏၊ ဩဒါတဌာနမှာ-အရိုးတော် သွားတော် မျက်ဖြူတော်က စ၍ဖွေးလူ ဖြူရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါတော် အစိတ်စိတ်မှ၊ ဩဒါတာစ- ငွေလရောင်ခြည် ငွေအထည်နှင့် ငွေရည်ယဉ်သန်း ငွေစင်ပန်းသို့ လျှမ်းလျှမ်းဖွေးလူ ဖြူဝင်းသော

ရောင်ခြည်တော် တို့သည်လည်း၊ နိက္ခမိသု-ဝန်းကျင် အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော် မူကြလေကုန်ပြီ။

မြတ်စွာဘုရား၏ အရိုးတော်တို့၊ သွားတော်တို့၊ မျက်ဖြူတော် တို့ အစရှိတဲ့ ပင်ကိုယ်အားဖြင့် ဖြူဝင်းနေတဲ့ ကိုယ်အင်္ဂါတော် အစိတ်အပိုင်းတွေက ဖြူဝင်းပပ ဩဒါတ ရောင်ခြည်တော်တွေ ထွက်တော်မူကြတယ်။ ဖြူဝင်းပပ ဩဒါတရောင်ခြည်တော်တွေ ဟာ ဘာတွေနဲ့တူကြသလဲဆိုယင်လေ ငွေအုတ်ပြီးတဲ့ လမိခွန် အရောင်အဆင်း၊ ငွေပြားငွေထယ်အဆင်း၊ တသွင်သွင်စီးနေတဲ့ ငွေရည်အယဉ် ငွေပန်းအဆင်း-အဲဒါတွေ အဲဒါတွေနဲ့ တူကြ တယ်။ ဖြူဝင်းပပ ဩဒါတ ရောင်ခြည်တော်တွေဟာ မြတ်စွာ ဘုရား၏ ဝဲဖက်ယာဖက် အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက်မက တောင်လုံးကြီးလောက်မက ကြွကြွ ဝင်းဝင်း ထွန်းလင်းတောက်ပ ကွန့်မြူးတော်မူကြတယ်။

၄။ လောဟိတ ရောင်ခြည်တော်။ ။ယသာ ဘဂဝတော အကြင် ရွှေ ဘုန်း

တော်သခင် ရှင်တော်မြတ်ဘုရား၏ လောဟိတဌာနမှာ-အသား တော် နှုတ်ခမ်းတော်က စ၍ထို၍ နီရောင်ဖိတ်ဖိတ် ကိုယ်အင်္ဂါ တော် အစိတ်စိတ်မှ၊ လောဟိတာ ဧ-ကမ္ဗလာနီ သန္တာနီနှင့် ကြာနီပွင့်ချပ် ပတ္တမြားယပ်သို့ လျှပ်လျှပ်ထိန်ကြည် နီတွေးသော ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိသု- ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော် မူကြလေကုန်ပြီ။

မြတ်စွာဘုရား၏ အသားတော်တို့၊ အသွေးတော်တို့၊ နှုတ်ခမ်း တော်တို့ အစရှိတဲ့ ပင်ကိုယ်အားဖြင့် နီတွေးနေတဲ့ ကိုယ်အင်္ဂါ

အစိတ်အပိုင်းတွေက နီနီတွေးတွေး ဟင်းသပဒါးသွေးအရောင် တောက်တဲ့ လောဟိတ ရောင်ခြည်တော်တွေ ထွက်တော်မူကြတယ်။ နီနီတွေးတွေး ဟင်းသပဒါးသွေးအရောင်တောက်တဲ့ လောဟိတရောင်ခြည်တော်တွေဟာ ဘာတွေနဲ့တူကြသလဲဆိုယင် လေ ကမ္ဗလာနီအဆင်း၊ သန္တာခေါ်တဲ့ ရတနာနီအဆင်း၊ ကြာနီပွင့်ချပ်အဆင်း၊ ပတ္တမြားနီနဲ့ ပြုလုပ်သားတဲ့ လေယပ် အဆင်း အဲဒါတွေ အဲဒါတွေနဲ့ တူကြတယ်။ နီနီတွေးတွေး ဟင်းသပဒါးသွေးအရောင်တောက်တဲ့ လောဟိတ ရောင်ခြည်တော်တွေဟာ မြတ်စွာဘုရားရဲ့ ဝဲဖက်ယာဖက် အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက် မှာ၊ တောင်လုံးကြီးလောက်မှာ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပ ကွန့်မြူးတော်မူကြတယ်။

၅။ မဉ္ဇိဋ္ဌရောင်ခြည်တော်။ ။ယဿ ဘဂဝတော- အကြင် ရွှေဘုန်းတော်သခင် ရှင်တော်

မြတ်ဘုရား၏၊တမှာ တမှာ-လက်ဖဝါးတော် လက်သည်းတော်က စ၍မကြွင်း ခပင်းသိုထို ကိုယ်အင်္ဂါတော် အစိတ်တစိတ်မှ၊ မဉ္ဇိဋ္ဌာ စ-တန်းကျင့်နီညာဆေး ပန်းရောင်သွေးသို့ နီတွေးလွင်လွင် ဝါကျင်ကျင်လောင်း မှည့်မှောင်းသော ရောင်ခြည်တော်တို့လည်း၊ နိဂ္ဂမိံသု- ပန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

မြတ်စွာဘုရားရဲ့ လက်ဖဝါးတော်တို့၊ ခြေဖဝါးတော်တို့၊ လက်သဲရောင်တို့ အစရှိတဲ့ ပင်ကိုယ်အားဖြင့် မှည့်မှောင်းနေတဲ့ ကိုယ်အင်္ဂါတော် အစိတ်အပိုင်းတွေက မှဲမှောင်းတဲ့ မဉ္ဇိဋ္ဌ ရောင်

ခြည်တော်တွေ ထွက်တော်မူကြတယ်။ မွဲမှောင်းတဲ့ မဉ္ဇိဋ္ဌ ရောင်ခြည်တော်တွေဟာ ဘာတွေနဲ့ တူကြသလဲဆိုယင်လေ ထန်းကျင့်ပင်ခေါက်တဲ့ နီပဆေးပင်ရဲ့ အတွင်းသားအဆင်း၊ အနီနု ပန်းရောင်အဆင်း၊ အဝါရင့်ပိုဟန် အင်မတန် ကြည်နူးဖွယ်ကောင်းတဲ့အဆင်း အဲဒါတွေ အဲဒါတွေနဲ့ တူကြတယ်။ မွဲမှောင်းတဲ့မဉ္ဇိဋ္ဌ ရောင်ခြည်တော်တွေဟာ မြတ်စွာဘုရားရဲ့ ဝဲဖက်ယာဖက်အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက် မကာ-တောင်လုံးကြီးလောက်မက ကြွကြွဝင်းဝင်းထွန်းလင်းတောက်ပကွန့်မြူးတော်မူကြတယ်။

၆။ ပဘဿရ ရောင်ခြည်တော်။ ။ယသာ ဘဂဝတော အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ တမှာ တမှာ- ထိုထိုကိုယ်အင်္ဂါတော်အစိတ်စိတ်မှ၊ ပဘဿရာ စ- နဘာံအဇဋ္ဌာ ဝသန်ခါဝယ်သံဝါထစ်ချုန်း မိုးရွာတုန်း၌ ရှန်းရင်းပြက်သန်း လျှပ်ပန်းသို့ပွံ့မြန်းပျိုးပြက် တလက်လက် ထွက်သော ရောင်ခြည်တော်တို့သည်လည်း၊နိစ္စမိ°သု-ဝန်းကျင်အထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

မြတ်စွာဘုရားရဲ့ ကိုယ်အင်္ဂါတော် အစိတ်အပိုင်းတွေ အမျိုးစုံက ပြိုးပြိုးပြက်ပြက် တလက်လက်နဲ့ ပဘဿရရောင်ခြည်တော်တွေ ထွက်တော်မူကြတယ်။ ပဘဿရရောင်ခြည်တော်ဆိုတာသီးခြားတော မဟုတ်ပါဘူး။ နီလ, ပီတ, လောဟိတ, ဩဒါတ,မဉ္ဇိဋ္ဌ- အညိုရောင်ရယ် အရွှေရောင်ရယ် အနီရောင်ရယ် အဖြူ

ရောင်ရယ် အမောင်းရောင်ရယ်လို့ဆိုတဲ့ ရောင်ခြည်တော် ငါးမျိုးကို ပေါင်းစပ်ပြီး ပြိုးပြိုးပြက်ပြက် တလက်လက်နဲ့ ထွက်ပေါ်လာတဲ ရောင်ချည်တော်တွေပါပဲ။ ပြိုးပြိုးပြက်ပြက် တလက်လက်နဲ့ ထွက်ပေါ်လာတဲ့ ပဘဿရ ရောင်ခြည်တော်တွေဟာ ဘာတွေနဲ့တူသလဲဆိုယင်လေ မိုးတွင်း မိုးအခါ အဇဋ္ဌာဝေဟင် ထက်ကောင်းကင်မှာ ဖြူးဖြူးဖြူးဖြူး ဝင်းဝင်းဝင်းဝင်းနဲ့ ပြိုးပြိုးပြက်ပြက် တလက်လက်ယှက်သန်းနေတဲ့ လျှပ်စစ်လျှပ်ပန်းတွေနဲ့ တူကြတယ်။ ပြီးတော့ မီးပန်းမီးရှူး ကြည်နူးဖွယ် တကယ်ကောင်းတဲ့ မီးရောင်စုံတွေနဲ့ တူကြတယ်။ ပြိုးပြိုးပြက်ပြက် တလက်လက်နဲ့ ထွက်ပေါ်လာတဲ့ ပဘဿရ ရောင်ခြည်တော်တွေဟာ မြတ်စွာဘုရားရဲ့ဝဲဖက်ယာဖက် အထက်အောက် ပတ်ဝန်းကျင်မှာ အိမ်လုံးကြီးလောက်မက တောင်လုံးကြီးလောက်မက ကြွကြွဝင်းဝင်း ထွန်းလင်းဘောက်ပ ကွန့်မြူးတော်မူကြတယ်။

## ရောင်ခြည်တော် ရှစ်လုံးဖွဲ့

ဖြူလျှံညိုမဲ နီရဲတောက်လောင်။
ဝါရွှေရောင်မောင်း ထောင်သောင်းပြောင်ပြောင်
လျှပ်ပန်းနှင့် နတ်နန်းဘုံဆောင်။
ရွှေငွေမြ နေလမိုန်လို့မှောင်။

(မှာထားချက်။ ။ဒေါ်တော်၏ကိစ္စ ဟောကြားစဉ်က ဤရောင်ခြည်တော်ဖွင့် မပါပါ။ နောက်မှထည့်ထားပါသည်။)

## (၈)

## ဘုရားနဲ့ ကောသလ

နီလ,ပီတ, လောဟိတ, ဩဒါတ,မဉ္ဇိဋ္ဌ,ပဘဿရ-ညိုရွှေ နီ ဖြူ မောင်းပြိုးဟူ ခြောက်ဆူသော ရောင်ခြည်တော်တို့ဖြင့် အတင့်တယ်ကြီး တင့်တယ်တော်မူနေတဲ့ ဆဗ္ဗဏ္ဏရံသီ ခြောက်ရောင်ခြည်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တခါတုန်းက သာဝတ်ပြည်ကြီး ရွှေထီးဥကင် ရွှေပလ္လင်နှင့် ရဇ္ဇင်စိုးညီ ဘုံဌာနီ၏ ဒီသာဇက္ခိဏ တကောသလတွင် ဇေတမြေစိုး ကျောင်းရွှေဘုံ၌ လေးစိုသာပထ မျှတရှင်ပြုံး သီတင်းသုံးမွေ့လျော် စံနေတော်မူတယ်။

တချိန်မှာ အစိန္တေယျ သုံးလောကထွဋ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရှေ့တော်မှောက်မှာ ဘယ်သူ ရောက်နေသလဲဆိုတော့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီ ကောသလမင်းတရားကြီး ရောက်နေတယ်။ မင်းတရားကြီး ရောက်နေတဲ့အချိန်ဟာ မွန်းတဲ့ရှိန်ရှိန် နေပူချိန်ကြီးပါပဲ။

အဲဒီတော့မြတ်စွာဘုရားက “ဟန္ဒ ကုတော နု တွံ မဟာရာဇ အာဂစ္ဆသိ ဒိဝါဒိဝဿ”လို့ မိန့်တော်မူလိုက်ပါတယ်။

မဟာ ရာဇ- မြတ်သော ကောသလမင်းကြီး၊ တွံ-သင်မင်းကြီးသည်၊ ဒိဝါဒိဝဿ- မွန်းတည့်ရှိန်ရှိန် နေပူချိန်ဟု ဆိုအပ်သော၊ဟန္ဒ- ယခုအခါ၌၊ ကုတော အာဂစ္ဆသိ နု- အဘယ်မှ လာခဲ့သနည်း။

“မင်းကြီး-ဒီလို မွန်းတဲ့ရှိန်ရှိန် နေပူချိန်ကြီးမှာ ဘယ်က လာခဲ့သလဲ”

ဒီအမေးစကားကတော့ မြတ်စွာဘုရားက ကောသလ မင်းတရားကြီးကို နှုတ်ဆက်တဲ့ အနေအားဖြင့် မိန့်ကြားတော်မူလိုက်တဲ့ အမေးစကားပါပဲ။

(ဃ)

## အဖွားအသုဘ

အယျိကာ မေ ဘန္တေ ကာလင်္ကတာ။

ဒီစကားရပ်ကတော့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီ ကောသလ မင်းတရားကြီးက မြတ်စွာဘုရားကို ပြန်ပြီး လျှောက်ထားလိုက်တဲ့ စကားရပ်ပါပဲ။

ဘန္တေ- ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ မေ- တပည့်တော်၏၊ အယျိကာ-အမိအရာထားသည့် အဖွားသည်၊ ကာလင်္ကတာ-စုတိပျက်ကြွေ သေဆုံးခဲ့ပါပြီ။

"တပည့်တော်ရဲ့ အမိအရာထားတဲ့ အဖွားဟာ သေဆုံးခဲ့ပါပြီ ဘုရား" အဲဒီအဖွားရဲ့ အသုဘက လာခဲ့ပါတယ်ဘုရားလို့ ဆိုလိုပါတယ်။

သေဆုံးသွားတဲ့ အဖွားဟာ အသက်အရွယ် ဘယ်လောက်ရှိပလဲဆိုတော့ "ဇိဏ္ဏာ ဝုဍ္ဎာ မဟလ္လိကာ အဒ္ဓဂတာ ဝယောအနုပ္ပတ္တာ ဝီသတိဝဿသတိကာ ဇာတိယာ" အဖွားဟာ အိုပါပြီ၊ ကြီးပါပြီ၊ ရင့်ပါပြီ၊ မင်းနှစ်ဆက်သုံးဆက်တောင်မှ မှီလိုက်သူဖြစ်ပါတယ်။နောက်ဆုံးအရွယ်ကိုရောက်နေပါပြီ။မွေးဖွားချိန်ကကနေ့ကျအောင် ရေတွက်ပြရမယ်ဆိုယင် အသက်၁၂၀-တောင်ရှိနေပါပြီ"လို့ ပြေပြေစုံစုံ လျှောက်ထားလိုက်တယ်။

# (င)
## ချစ်မြတ်နိုးပုံ

ပြီးတော့-ဆက်ပြီး လျှောက်ထားလိုက်သေးတယ်။ ဘယ်လို လျှောက်ထားလိုက်သလဲ ဆိုတော့ "အယျိကာ ခေါ ပန မေ ဘန္တေ ပိယာ ဟောတိ မနာပါ"ဒီလိုလျှောက်ထားလိုက်တယ်။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ခေါ ပန-စင်စစ်၊ မေ-တပည့်တော်၏၊ အယျိကာ-အမိအရာထားသည့် အဖွားသည်၊ ပိယာ- ချစ်ခင်အပ်သည်၊ ဟောတိ- ဖြစ်၏၊ မနာပါ- မြတ်နိုး အပ်သည်၊ဟောတိ-ဖြစ်၏။

"မြတ်စွာဘုရား-အမှန်အတိုင်း လျှောက်ထားရမယ် ဆိုယင် တော့ တပည့်တော်က တပည့်တော်ရဲ့ အမိအရာထား အဖွားကို အင်မတန် ချစ်ခင်ပါတယ်။အင်မတန် မြတ်နိုးပါတယ်ဘုရား"

ဘယ်လောက်အထိ ချစ်ခင်မြတ်နိုးတယ်ဆိုတာကို ပေါ်လွင် ထင်ရှားအောင် ဆက်ပြီးလျှောက်ထားလိုက်သေးတယ်။ ဘယ်လို လျှောက်ထားလိုက်သလဲဆိုတာကို နားထောင်ကြစေမ်းပါ။

> ဟတ္ထိရတနေန စေပါဟံ ဘန္တေ လဘေယျံ "မာ မေ အယျိကာ ကာလမကာသီ"တိ။ ဟတ္ထိရတနမ္ပာဟံ ဒဒေယျံ "မာ မေ အယျိကာ ကာလမကာသီ"တိ။

"မြတ်စွာဘုရား-တပည့်တော်ရဲ့ အမိအရာထား အဖွားဟာ မသေပါစေနဲ့လို့ ပြောဆိုပြီး အဖိုးတသိန်းထိုက်တန်တဲ့ အဆင် တန်းဆာတို့ဖြင့် တန်းဆာဆင်ထားတဲ့ ဆင်ရတနာကို ပေးလို့ ရမယ်ပဆိုယင် ပေးပါမယ်။

အဿယုဇတနေန စေပါဟံ ဘန္တေ လဘေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။ အဿယုဇတန္တမှာဟံ ဒဒေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။

"မြတ်စွာဘုရား-တပည့်တော်ရဲ့ အမိအရာထား အဖွားဟာ မသေပါစေနဲ့လို့ ပြောဆိုပြီး အဖိုးတသိန်း ထိုက်တန်တဲ့ အဆင် တန်းဆာတို့ဖြင့် တန်းဆာဆင်ထားတဲ့ မြင်းရတနာကို ပေးလို့ ရမယ်ပဆိုယင် ပေးပါမယ်"။

ဂါမဝရေန စေပါဟံ ဘန္တေ လဘေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။ ဂါမဝရမှာဟံ ဒဒေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။

"မြတ်စွာဘုရား- တပည့်တော်ရဲ့ အမိအရာထား အဖွားဟာ မသေပါစေနဲ့လို့ ပြောဆိုပြီး အခွန်တသိန်းထွက်တဲ့ ရွာမြတ်ကို ပေးလို့ရမယ်ပဆိုယင် ပေးပါမယ်"။

ဇနပဒပဒေသေနေ စေပါဟံ ဘန္တေ လဘေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။ ဇနပဒပဒေသမှာဟံ ဒဒေယျံ "မာ မေ အဿယုဇော ကာလမကာသိ"တိ။

"မြတ်စွာဘုရား-တပည့်တော်ရဲ့ အမိအရာထား အဖွားဟာ မသေပါစေနဲ့လို့ ပြောဆိုပြီး အခွန်းတသိန်းထွက်တဲ့ ဇနပုဒ်ကို ပေးလို့ရမယ်ပဆိုယင် ပေးပါမယ်"။

သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင် ပသေနဒီကောသလမင်း တရားကြီးက မြတ်စွာဘုရားကို ဒီလိုဒီပုံ စုံစုံလင်လင် စိစိငင တိတိကျကျ လျှောက်ထားလိုက်တယ်။

## (စ)

## သတ္တဝါမှန်သမျှ သေရတယ်

အဲဒီတော့ မြတ်စွာဘုရားက "သဗ္ဗေ သတ္တာ မဟာရာဇ မရဏဓမ္မာ မရဏပရိယောသာနာ မရဏံ အနတီတာ" လို့ ကောသလမင်းတရားကြီးကို ဟောပြတော်မူလိုက်ပါတယ်။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ သဗ္ဗေ သတ္တာ-ကြွင်းမဲ့ဉဿုံ လုံးစုံမျှားစွာ သတ္တဝါတို့သည်၊ မရဏဓမ္မာ-သေရခြင်း သဘောရှိကုန်၏။ မရဏပရိယောသာနာ-သေ ရခြင်းလျှင် အဆုံးရှိကုန်၏။ မရဏံ အနတီတာ-သေရခြင်းကို မလွန်မြောက်နိုင်ကြကုန်။

"မင်းတရား-စဉ်းစဉ်းစားစားနဲ့ နားထောင်စမ်း။ သတ္တဝါမှန်မှန်သမျှဟာ သေရခြင်း သဘောရှိတယ်၊ သေရခြင်း အဆုံးရှိတယ်၊သေရခြင်းကိုတော့ ဘယ်ပုဂ္ဂိုလ်မှ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ဘူး။

အဲဒီလို မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်ပါတယ်။

## (ဆ)

## မကြားစဖူး တရားအဦးအသစ်

အဲဒီလို မြတ်စွာဘုရားက မိန့်ကြားတော် မူလိုက်တော့ ကောသလမင်းတရားကြီးကလေ-သိတ် သဘောကျသွားတာပဲ။ စိတ်ထဲက သဘောကျရုံနဲ့ အားမရသေးဘူး။ နှုတ်ကထွက်ပြီး လျှောက်ထားလိုက်သေးတယ်။

> အစ္စရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ သုဘာသိ
> တမိဒံ ဘန္တေ ဘဂဝတာ "သဗ္ဗေ သတ္တာ မရဏဓမ္မာ
> မရဏပရိယောသာနာ၊ မရဏံ အနတီတာ။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ အစ္စရိယံ-လက်ဖျစ်တီး၍ အံ့ချီးဖွယ် တကယ် ကောင်းလှပါပေစွ၊ ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ အဗ္ဘုတံ-မဖြစ်ဖူး အဦးအသစ် အထူးဖြစ်ပါပေစွ၊ ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ဘဂဝတာ- ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရားသည်၊ သဗ္ဗေ သတ္တာ မရဏဓမ္မာ၊ မရဏပရိယောသာနာ၊ မရဏံ အနတီတာ-သဗ္ဗေ သတ္တာ မရဏဓမ္မာ၊မရဏပရိယောသာနာ၊ မရဏံ အနတီတာဟူ၍၊ ဝါ-သတ္တဝါမှန်မှန်သမျှ သေရခြင်း သဘော ရှိကုန်၏။ သေရခြင်းလျှင် အဆုံးရှိကုန်၏။ သေရခြင်းကိုတော့ မလွန်မြောက်နိုင်ကုန်ဟူ၍ ဟောကြားတော် မူအပ်သော၊ဣဒံ-ဤတရားစကားသည်၊ယာဝ-အလွန်လျှင်၊သုဘာသိတံ-ကောင်းစွာ ဟောကြားအပ်သော တရားပါပေတည်း။

"မြတ်စွာဘုရား-မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဟာ အင်မတန် အံ့သြစရာ ကောင်းပါတယ်။ ဒီလိုတရားမျိုးကို တပည့်တော်ဖြင့် တခါဘူးမှ မကြားဘူးပါဘူး ဘုရား။ အခု ကြားရခြင်းဟာဖြင့် မကြားဖူး အဦးအသစ် အထူးဖြစ်နေပါတယ်ဘုရား။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သတ္တဝါ မှန်မှန်သမျှဟာ သေရခြင်းသဘောရှိတယ်၊ သေရခြင်း အဆုံး

ရှိတယ်။ သေရခြင်းကိုတော့ ဘယ်ပုဂ္ဂိုလ်မှ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ဘူးဆိုတဲ့ တရားဟာ အင်မတန် ကောင်းမွန် မှန်ကန်ပါတယ်ဘုရား”

အဲဒီလို ကောသလမင်းကြီးက လျှောက်ထားလိုက်တော့ မြတ်စွာဘုရားက “ဧဝမေတံ မဟာရာဇ၊ ဧဝမေတံ မဟာရာဇ၊ သဗ္ဗေသတ္တာ မရဏဓမ္မာ၊ မရဏပရိယောသာနာ၊ မရဏံ အနတီတာ”အစရှိသဖြင့် မိန့်တော်မူလိုက်ပါတယ်။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ဧတံ-ချီးကျူး လျှောက်ထား သင်ဆိုသော ဤစကားသည်၊ ဧဝံ-သင်ဆိုသည့်အတိုင်း မှန်လှပေ၏။မဟာရာဇ-မြတ်သောကောသလမင်းကြီး၊ ဧတံ-ချီးကျူးလျှောက်ထား သင်ဆိုသော ဤစကားသည်၊ဧဝံ-သင်ဆိုသည့်အတိုင်း မှန်လှပေ၏။ သဗ္ဗေ သတ္တာ-ကြွင်းမဲ့ဥဿုံလုံးစုံများစွာ သတ္တဝါတို့သည်၊ မရဏဓမ္မာ-သေရခြင်း သဘောရှိကုန်၏။ မရဏပရိယောသာနာ-သေရခြင်းလျှင် အဆုံးရှိကုန်၏။မရဏံ အနတီတာ-သေရခြင်းကိုတော့မလွန်မြောက်နိုင်ကုန်။

“မင်းကြီး-သင်လျှောက်ထားတဲ့စကားဟာသင်လျှောက်ထားတဲ့အတိုင်း မှန်တယ်။သတ္တဝါမှန်မှန်သမျှဟာ သေရခြင်းသဘောရှိတယ်။သေရခြင်း အဆုံးရှိတယ်။ သေရခြင်းကိုတော့ ဘယ်ပုဂ္ဂိုလ်မှ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ဘူး”

အဲဒီလို မြတ်စွာဘုရားက ကောသလမင်းတရားကြီးကို ထပ်ကာ ထပ်ကာ မိန့်ကြားတော်မူလိုက်ပါတယ်။

## (၉)

## ဥပမာနဲ့ဥပမေယျ

မြတ်စွာဘုရားက ဒါလောက် ထပ်ကာထပ်ကာ မိန့်ကြား တော်မူနေရတာ၊ ပြောနေရတာ၊ ဟောနေရတာကိုပဲ အားရ တော်မမူသေးလို့ မဟာကရုဏာတော်ရှင်ပီပီ ဥပမာဆောင်ပြီး ထင်အောင် မြင်အောင် ဟောပြတော်မူလိုက်ပါသေးတယ်။

> သေယျထာပိ မဟာရာဇ ယာနိ ကာနိစိ ကုမ္ဘကာရ နိ အာမကာနိ စေဝ ပက္ကာနိ စ၊ သဗ္ဗာနိ တာနိ ဘေဒန ဓမ္မာနိ၊ ဘေဒန ပရိယောသာနာနိ၊ ဘေဒနံ အနတိဘာ နိ။

မဟာရာဇ- မြတ်သောကောသလမင်းကြီး၊ သေယျထာပိ ဥပမာပုံဆောင် ထင်အောင်ပြရဘိမူကား၊ အာမကာ နိ စေဝ- မီးမဖုတ်ရသေးသည့်အတွက် အစိမ်းသက်သက်လည်း ဖြစ်ကုန် သော၊ပက္ကာနိ စ-မီးဖုတ်ပြီးသည့်အတွက် ကျက်ပြီးလည်း ဖြစ် ကုန်သော၊ယာနိ ကာနိစိ ကုမ္ဘကာရဘာဇနာနိ- အမှတ်မရှိ တစုံတခုသော အိုးထိန်းသည်၏ အိုးတို့သည် (သန္တိ-ထင်ရှား မသေ့ရှိကြပေကုန်၏၊)သဗ္ဗာနိ တာနိ- အလုံးစုံသော ထိုအိုးတို့ သည်၊ ဘေဒနဓမ္မာနိ- ကွဲရခြင်းသဘောရှိကုန်၏။) ဘေဒနပရိ ယောသာနာနိ- ကွဲရခြင်းလျှင် အဆုံးရှိကုန်၏၊ဘေဒနံ အနတိ တာနိ-ကွဲရခြင်းကိုတော့ မလွန်မြောက်နိုင်ကုန်။

"မင်းတရား- စဉ်းစဉ်းစားစားနဲ့ နားထောင်စမ်း။ ဥပမာ အားဖြင့် ငါဘုရားဟောပြမယ်။ အိုးထိန်းသည်ထံမှာ မီးမဖုတ်

ရသေးတဲ့အတွက် အစိမ်းသက်သက်ဖြစ်တဲ့ အိုးတွေရော၊ပြီးတော့ မီးဖုတ်ပြီးသား ဖြစ်တဲ့အတွက် ကျက်ပြီးသား အိုးတွေရော ရှိကြတယ်။ အဲဒီအိုးတွေအားလုံးဟာ တနေ့ကျတော့ ကွဲကြရမှာပဲ။ ကွဲခြင်းအဆုံးရှိတယ်။ ကွဲခြင်းကိုတော့ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ကြဘူး။ မကွဲပဲနဲ့နေကိုမနေရဘူး။ မကွဲသေးတာသာရှိတယ်။ မကွဲဘူးရယ်လို့ မရှိဘူး။ ဒီအိုးတွေကို အစဉ်ထာဝရ မကွဲပဲနဲ့ တည်မြဲနေအောင် ဘယ်သူမှ မတတ်နိုင်ဘူး။ အိုးထိန်းသယ်အိမ်ကအိုးတွေသာ မဟုတ်ပါဘူး။ အိမ်တိုင်း အိမ်တိုင်းမှာရှိကြတဲ့အိုးတွေလဲ အတူတူပါပဲ။ တနေ့ကျတော့ ကွဲကြရမှာပဲ။ မကွဲသေးတာသာ ရှိတယ်။ မကွဲဘူးရယ်လို့မရှိဘူး။ ဒီတနေ့မကွဲသေးယင် နောက်နေ့ကွဲရမယ်။ ဒီလမကွဲသေးယင် နောက်လကွဲရမယ်။ ဒီနှစ်မကွဲသေးယင် နောက်နှစ် ကွဲရမယ်။ တနေ့နေ့တော့ကေန်မုချကွဲရမှာပဲ”

အဲဒီလို မြတ်စွာဘုရားက ဥပမာစကား မိန့်ကြားတော်မူပြီးတော့ လိုရင်းပဓာနအဓိပ္ပါယ်ကျတဲ့ ဥပမေယျစကားကိုလဲ မိန့်ကြားတော်မူလိုက်ပါတယ်။

ဧဝမေဝ ခေါ မဟာရာဇ သဗ္ဗေ သတ္တာ မရဏဓမ္မာ၊ မရဏပရိယောသာနာ၊ မရဏံအနတီတာ။

မဟာရာဇ-မြတ်သော ကောသလမင်းကြီး၊ ဧဝမေဝ ခေါ ဤအတူသာလျှင်၊ သဗ္ဗေ သတ္တာ-ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့သည်၊ မရဏဓမ္မာ- သေရခြင်း သဘော ရှိကုန်၏။ မရဏပရိယောသာနာ- သေရခြင်းလျှင်၊ အဆုံးရှိကုန်၏။ မရဏံ အနတီတာ- သေရခြင်းကိုတော့ မလွန်မြောက်နိုင်ကုန်။

"မင်းတရား- စဉ်းစဉ်းစားစားနဲ့ နားထောင်စမ်း။ သတ္တဝါ မှန်မှန်သမျှဟာ သေရခြင်းသဘောရှိတယ်။ မြသေသေးတာသာ ရှိတယ်။ အစဉ်ထာဝရမြဲပြီးမသေးဘူးရယ်လို့မရှိဘူး။ စောနိမ့်မှချ တနေ့ကျတော့ သေရမှာပဲ။ သေရခြင်းသဘောကို ဘယ်ပုဂ္ဂိုလ်မှ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ဘူး"

ဟုတ်တယ်၊ သေရခြင်းသဘောကို ဘယ်ပုဂ္ဂိုလ်မှ ဘယ်လို နည်းနဲ့မှ မလွန်မြောက်နိုင်ဘူးဆိုတာ မှန်တယ်။ ပဒါးပြား၊ သံပြားတွေဟုတ်ပြီး အသက်ရှည်ဘယ်ဆိုတဲ့ အဂ္ဂိချပ်သမား၊ အာယု သမားတွေလဲ သေကုန်ကြတာပဲ။ တန်ခိုးကြီးတယ်ဆိုတဲ့ မဟာ သမ္မတမင်းကြီးတို့၊ စကြာဝတေးမင်းကြီးတို့ ဆိုတာတွေလဲ သေ ကုန်ကြတာပဲ။နောက်ဆုံးမှာလေ-ကုန်ကုန်ပြောလိုက်တော့မယ်၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသခင် အရှင်မြတ်တွေတောင် သေ ကုန်ကြတာပဲ။

ဒါ့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "သိဒ္ဓိပြီးငြား ခတ်ဆေးဝါးနှင့် ပြဒါးသံပြား စားကာမျိုပြု လုပ်ရပ်မှုဖြင့် အာယုသမား ဆရာများတို့ ထင်ရှားခုထိ တယ်မှာရှိခဲ့။ အာဒိ ကပ္ပ ကမ္ဘာစက ကာလခုတောင် ပြည်ကျိုးဆောင်သည့် ဘုန်း ခေါင်မဟာ ကြီးတေဇာနှင့်စကြာစိုးရ မင်းထိုမျှက ဗုဒ္ဓပစ္စေက ဗုဒ္ဓါ ရဟန္တာဟု ခီဏာသဝ ဝိသုဒ္ဓိဖျားအရှင်များတို့ တပါးမျှတို့ မြဲမရှိဘူး"လို့ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းမှာ ဂန္ထဝင်မြောက် မိန့်တော်မူခဲ့တာပေါ့။

ဒါ့ကြောင့် အခု မသေသေးပေမဲ့ တနေ့ကျတော့ မုချကေနိ အမှန်တကယ် သေရမှာပဲဆိုတာကို သေသေချာချာ နားလယ် ထားကြ။ ကဲ-လိုက်ဆိုကြစမ်းပါ။

မုချမသွေ သေရလိမ့်မည်၊
အချိန်ပိုင်းသာ လိုပါတော့သည်။
သံဝေမွေ ရဖို့တော်ပြီ။
တရားထဲ စိတ်စွဲသင့်ပါပြီ။

မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက် ရောက်ဆိုက်နေတဲ့ သာဝတ္ထိပြည်ကြီးရဲ့အရှင် ဘုရင်ပသေနဒီကောသလမင်းတရားကြီးကို အခုလို စုဏ္ဏိယစကားပြေ ဝေဝေဆာဆာ ဒေသနာတရားကို ဟောကြားပြီးတော့ လိုရင်းအချုပ် ဆောင်ပုဒ်ပမာ ဂါထာ နှစ်ဂါထာခွဲကိုလဲ ဟောကြားချီးမြှင့်တော်မူလိုက်ပါသေးတယ်။

အဲဒီ နှစ်ဂါထာခွဲ တရားကို ဟောကြား ချီးမြှင့်တော်မူတယ်ဆိုတဲ့အကြောင်းကို ပထမသံဂါယနာတင် အရှင်မြတ်တွေက "ဣဒမဝေါစ ဘဂဝါ၊ဣဒံ ဝတွာန သုဂတော၊ အထာပရံ ဧတဒဝေါစ သတ္ထာ"လို့ဆိုတဲ့ ကြားညှပ်စကား မိန့်ကြားတော်မူခဲ့ပါသေးတယ်။

ဘဂဝါ-ဣဿရိယ စသည်ခြောက်စုံ ဘဂဝါဂုဏ်နှင့် ပြည့်စုံပေလတ် ဘုရားမြတ်သည်၊ဣဒံ(ဝစနံ)-ဤ စုဏ္ဏိယစကားပြေ ဝေဝေဆာဆာ ဒေသနာတရားကို၊အဝေါစ-ကြားနာသူကောသလသဘောကျအောင် ဟောပြတော်မူလေ၏။ သုဂတော-ဒီပင်္ကရာထွဋ်ချွန်သနင်း ခြေတော်ရင်းမှ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီဘဝ များ

သတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက ဆံမျှတစိ မကပ်ငြိပဲ သတိသမ္ဗောဇ္ဈင် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍ ကောင်းစွာကြွလာတော်မူခဲ့သော သုဂတဂုဏ်ရှင် ဘုရားသခင်သည်၊ ဣဒံ(ဝစနံ)ဤစုဏ္ဏိယစကားပြေ ဝေဝေဆာဆာ ဒေသနာတရားကို၊ ဝတ္ထုနု-ကြားနာသူကောသလ သဘောကျအောင် ဟောပြတော်မူပြီးလျှင်၊ အထာဝရံ-ထိုမှနောက်၌၊ သတ္ထာ-လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူငြား မြတ်ဘုရားသည်၊ ဇတံ(ဝစနံ)-ယခုပင်ရွတ်ဆိုဟောပြတော့မည်ဖြစ်သော တရားဒေသနာ နှစ်ဂါထာခွဲကို၊ အဝေါစ-ကြားနာသူကောသလ သဘောကျအောင် ဟောပြတော်မူလေသတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒီကြားညှပ်စကားရပ်ကတော့ မြတ်စွာဘုရားဟာ ဒီအယို့ကာသုတ် (အဖွားအသုဘတရားတော်)ကို စုဏ္ဏိယ စကားပြေနဲ့ ဝေဝေဆာဆာ ဟောကြားပီးတဲ့နောက် ဂါထာနှစ်ဂါထာခွဲနဲ့ တဆက်ထဲ ဟောတော်မူသေးတယ် ဆိုတာကို သိစေချင်လို့ သင်္ဂါယနာတင် အရှင်မြတ်တွေက မိန့်တော်မူခဲ့ကြတဲ့ စကားရပ်ပါပဲ။ကဲ-မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ နှစ်ဂါထာခွဲတရားကို အခုဘုန်းကြီးကလဲ တဆက်ထဲ ဟောပြတော့မယ်။ ရှိရိုသေသေ လေးလေးစားစား နားကြားကြ။

(၈၂)

## ဂါထာတရား

၁။ သဗ္ဗေ သတ္တာ မရိဿန္တိ၊
မရဏန္တံ ဟိ ဇီဝိတံ။
ယထာ ကမ္မံ ဂမိဿန္တိ။
ပုညပါပ ဖလူပဂါ။
နိရယံ ပါပကမ္မန္တာ၊
ပုညကမ္မာ စ သုဂ္ဂတိံ။

၂။ တသ္မာ ကရေယျ ကလျာဏံ။
နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊
ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

၁။ သဗ္ဗေ သတ္တာ- ကြွင်းမဲ့ဥဿုံ လုံးစုံများစွာ သတ္တဝါတို့သည်၊မရိဿန္တိ-ကေန်မုချ တနေ့ကျလျှင် သေကြရပေလိမ့်မည်။

ဝင်သက်ထွက်သက်ရှိနေကြတဲ့သတ္တဝါမှန်မှန်သမျှဟာ ဧကန်မုချ တနေ့ကျတော့သေကြရမှာပဲ။လူကြီးတွေလဲ သေကြရမှာပဲ။ လူငယ်တွေလဲ သေကြရမှာဘဲ၊ ပညာရှိတွေလဲ သေကြရမှာဘဲ၊ ပညာမရှိတဲ့သူတွေလဲ သေကြရမှာဘဲ၊ ပစ္စည်းဥစ္စာ ရှိတဲ့သူတွေလဲ သေကြရမှာပဲ။ပစ္စည်းဥစ္စာ မရှိတဲ့သူတွေလဲ သေကြရမှာပဲ။ လှတဲ့သူတွေလဲ သေကြရမှာပဲ။မလှတဲ့သူတွေလဲ သေကြ

ရမှာပဲ။ မသေသေးတာသာ ရှိတယ်။ မသေဘူးရယ်လို့ မရှိဘူး။ ကေန်မှချ တနေ့ကျတော့ သေကြရမှာပဲ။

ဟိ-ထိုစကားသည် မမှားပုံသေ မှန်လှပေ၏။ ဇီဝိတံ မရဏန္တံ-ဂိညာဏ်ထင်းလင်း သက်ရှင်ခြင်းကား သေခြင်း နောက်ဆုံး ရှိချေ၏။

နောက်ဆုံးမှာတော့ အသက်ရှင်နေတဲ့ သတ္တဝါ မှန်သမျှ သေကြရမှာချည့်ပဲ။ သေတော့ ဘာဖြစ်သလဲ။ သေတော့ ဖြစ်မှာကို ဝေဖန်ပြအုံးမယ်။

ပုညပါပဖလူပဂါ- ကောင်းကျိုး မကောင်းကျိုး ထိုနှစ်မျိုးသို့ အချိုးတကျ ကပ်ရောက်၍နေကြကုန်သော သူတို့သည်၊ ယထာကမ္မံ- မိမိတို့ပြုကြသည့် ကုသလ အကုသလ ကံနှစ်ဝအား လျော်စွာ၊ ဂမိဿန္တိ- သွားကြရ၊ရောက်ကြရပေလိမ့်မည်။

သတ္တဝါတွေမှာ မိမိတို့ပြုခဲ့ကြတဲ့ ကောင်းမှုကံ, မကောင်းမှုကံတွေ ရှိကြတယ်။ အဲဒီကံတွေရဲ့ ခေါင်းဆောင် ခေါ်ငင်ရာကို ကောက်ကောက်ပါအောင် လိုက်ကြရမှာပဲ။ ကောင်းတာတွေကို ပြုခဲ့ယင် ကောင်းတာတွေကို ပြောခဲ့ယင်၊ ကောင်းတာတွေကို ကြံခဲ့ယင်၊ ကောင်းတာတွေ ဖြစ်မယ်၊ ကောင်းတာတွေ ဖြစ်ချင်ယင် ကောင်းတာတွေကို ပြု၊ကောင်းတာတွေကို ပြော၊ကောင်းတာတွေကို ကြံ။ မကောင်းတာတွေကို ပြုခဲ့ယင်၊ မကောင်းတာတွေကို ပြောခဲ့ယင်၊ မကောင်းတာတွေကို ကြံခဲ့ယင် မကောင်းတာတွေဖြစ်မယ်။ မကောင်းတာတွေ ဖြစ်ချင်ယင် မကောင်းတာတွေကို ပြု၊ မကောင်းတာတွေကို ပြော၊ မကောင်းတာတွေကို ကြံ။ ဘုန်းကြီးကတော့လမ်း နှစ်သွယ်ခင်းပြလိုက်တာပဲ။

လက်ဝဲလမ်း လကျ်ာလမ်းလို့ ခေါ်ချင်ခေါ်နိုင်ပါတယ်၊ ကြိုက်ရာလမ်းကို လိုက်ဖို့ပဲ။ ကဲ-လိုက်ဆိုကြစမ်း။

၁-(က) ကောင်းတဲ့အပြုကို ပြုမူလျှင်
ကောင်းတာ ဖြစ်မည်ပင်။
ကောင်းတာကိုပင် ဖြစ်လိုက
ကောင်းတဲ့အပြုကို ပြုမူကြ။

(ခ) မကောင်းတဲ့အပြုကို ပြုမူလျှင်
မကောင်းတာ ဖြစ်မည်ပင်။
မကောင်းတာကိုပင် ဖြစ်လိုက
မကောင်းတဲ့အပြုက ပြုမူကြ။

၂-(က) ကောင်းတဲ့အပြောကို ပြောဆိုလျှင်
ကောင်းတာဖြစ်မည်ပင်။
ကောင်းတာကိုပင် ဖြစ်လိုက
ကောင်းတဲ့အပြောကို ပြောဆိုကြ။

(ခ) မကောင်းတဲ့အပြောကို ပြောဆိုလျှင်
မကောင်းတာ ဖြစ်မည်ပင်။
မကောင်းတာကိုပင် ဖြစ်လိုက
မကောင်းတဲ့အပြောကို ပြောဆိုကြ။

၃-(က) ကောင်းတဲ့အကြံကို ကြံစည်လျှင်
ကောင်းတာဖြစ်မည်ပင်။
ကောင်းတာကိုပင် ဖြစ်လိုက
ကောင်းတဲ့အကြံကို ကြံစည်ကြ။

(ခ) မကောင်းတဲ့အကြံကို ကြံစည်လျှင်
မကောင်းတာ ဖြစ်မည်ပင်။
မကောင်းတာကိုပင် ဖြစ်လိုက
မကောင်းတဲ့အကြံကို ကြံစည်ကြ။

ကဲ-ရွှေက ဂါထာဝက်ကို ဆက်ကြအုံးစို့ရဲ့။ အဲဒီဂါထာဝက်ကဘာတွေကို ညွှန်ပြထားသလဲဆိုတာ သေသေချာချာသိကြရအောင် ဂရုစိုက်ပြီး နားထောင်ကြ။

ပါပကမ္မန္တာ-မကောင်းသောအမှု အကုသိုလ် ဒုစရိုက်တရားပြုမှားကြကုန်သော သူတို့သည်၊ နိရယံ- ချမ်းသာဟူ၍ မှုံငွေ့မသန်း ဘေးဘျမ်းမစဲ အလွန်ဆင်းရဲသည့် အပါယ် ငရဲသို့၊ ဝမိဿန္တိ- လားကြရ ရောက်ကြရပေလိမ့်မည်။

သူများအသက်တွေသတ်၊ သူများဥစ္စာတွေခိုး၊ ကာမတရားအမှားမှား အမှောက်မှောက် အဖောက်ဖောက် အပြန်ပြန်ကျင့်ကြံကျူးလွန်ခြင်း အစရှိတဲ့ အကုသိုလ်မှု ဒုစရိုက်တရားတွေကို ပြုမှားကြတဲ့ သူတွေကတော့ အပါယ်ငရဲ တကယ်ပဲရောက်ကြရလိမ့်မယ်။

ပုညကမ္မန္တာ စ- ကုသိုလ်ကောင်းမှု ပြုကြသည့်သူ လူလူရှင်ရှင်တို့သည်ကား၊ သုဂ္ဂတိံ - ကောင်းမှုရှိသော သူတို့၏ လားရောက်ရာ ချမ်းသာနှင့်ပြည့်စုံသော သုဂတိဘုံဘဝသို့၊ ဂမိဿန္တိ-လားကြရ ရောက်ကြရ ပေလိမ့်မည်။

ဒါန,သီလ, ဘာဝနာ အဖြာဖြာအစုစု ကောင်းမှုကုသိုလ် တရားတွေကို ပွားများကြိုးကုတ် အားထုတ်နေကြတဲ့ ဒါနရှင်၊ သီလရှင်၊ ဘာဝနာရှင်တွေကတော့ ချမ်းသာနဲ့ပြည့်စုံတဲ့ သုဂတိဘုံဘဝကို ရောက်ကြရလိမ့်မယ်-တဲ့။

တသ္မာ-ထို့ကြောင့်၊ သမ္ပရာယိကံ- တမလွန်လောက နောင်းဘဝအတွက် မုချဖြစ်ငြား အကျိုးစီးပွားကို၊နိစယံ-(နိစယန္တော) လို့လကြိုးကုတ် နောက်မဆုတ်ပဲ အားထုတ် စည်းစုလျက်၊ ကလျာဏံ- ဒါန,သီလ, သမထ, ဝိပဿနာ အဖြာဖြာ ပေါင်းစု ကောင်းမှုကုသိုလ် ဟူသမျှကို၊ ကရေယျ-မမေ့မလျော့ ငေးမှိုင်၍ မနေနိုင့်တော့ အသော့လျှင်စွာ ပြုလုပ်ရာ၏။ ပုညာနိ- ဒါန, သီလ, သမထ,ဝိပဿနာ အဖြာဖြာပေါင်းစု ကောင်းမှုကုသိုလ် ဟူသမျှတို့သည်၊ ပရလောကသ္မိံ- တမလွန်လောက နောင်းဘဝ၌၊ပါဏိနံ- သံသရာ့ဝဋ်အတွင်းမှာ ကရွတ်ကင်း လျှောက်သည့်ပမာ ကြဉ်လည်ကာ နေကြရသည့် များလှဘိတောင်း သတ္တဝါ အပေါင်းတို့၏၊ ပတိဋ္ဌာ- ထောက်ရာ တည်ရာတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ပတိဋ္ဌာ ဟောန္တိ- ထောက်ရာတည်ရာ မှီခိုရာ မှန်စွာမသွေ ဖြစ်ပါပေကုန်တော့သတည်း။

ဒီမှာပဲ သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ကောသလသံယုတ်အယျိကာသုတ်(အဖွား အသုဘတရားတော်) ပြီးဆုံးပါပြီ။

သာဓု၊ သာဓု၊ သာဓု။

## (ည)

## လက်တွေ့တရားအားထုတ်နည်း

"ဒါပေမဲ့ ဒီကနေ့ ဒီတရားပွဲကို ဒါလောက်နဲ့ ရုတ်သိမ်း ပစ်လိုက်လို့တော့ မဖြစ်သေးဘူး။ ဘာပြုလို့လဲဆိုတော့ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါမှာ အပါယ်လေးပါးက လွတ်အေးအောင် ကိုတော့ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာလုပ်ငန်း ကမ္မဋ္ဌာန်းတရားကို ပွားများကြိုးကုတ် လက်တွေ့ အားထုတ်ဖို့ရာ ညွှန်ကြားချင်သေးလို့ ပါပဲ။ ကဲ-လက်တွေ့ တရားအားထုတ်ပွဲကို အဲဆိုကလေးများနဲ့ စတင် ဖွင့်လှစ်ကြရအောင် စိတ်ပါလက်ပါ လိုက်ဆိုကြ။

(မှာထားချက်။ ။ ၁၊ "ရုပ်နာမ်ဓမ္မ သင်္ခါရ မုချမမြဲပေ" အစရှိတဲ့ အဆိုကလေးများကို ချုပ်ခဲ့ပေးပြီး စာမျက်နှာ (၂၆) အနန္တသုတ် မျက်မမြင်တရားတော် အဆုံးမှာပါတဲ့ လက်တွေ့တရားအားထုတ်နည်းအတိုင်း ညွှန်ကြားပါ။ ၂။ ဒေါ်တော်ကိစ္စ ဟောတုန်းကတော့ ဤလက်တွေ့ တရား အားထုတ်နည်းနှင့် တရားသိမ်း မပါပါ။ နောက်မှ ထည့်ထားသည်။

## (ဋ)

## တရားသိမ်း

ကဲ-တရားနာယင်း တရားမှတ်၊ တရားမှတ်ယင်း တရားနာ၊ (နာယင်းမှတ် မှတ်ယင်းနာ)လာကြရတာ ဒါလောက်ဆိုယင်

သင့်တော်ပါပြီ၊ သက်သက်သာသာနဲ့ နေမြဲတိုင်းသာ နေကြပါတော့။ အခု မိမိတို့ကိုယ်တိုင်ကိုယ်ကျ ခန္ဓာကိုယ်ဉာဏ် ရောက်အောင် လက်တွေ့အားထုတ်ခဲ့ကြတဲ့ သတိပဋ္ဌာန် ဝိပဿနာဘာဝနာအကျင့်မြတ်ကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးလွတ်မြောက်ဖို့ရာ ဆုတောင်းခြင်း၊ ပြီးတော့ မိမိတို့ကိုယ်တိုင်ကိုယ်ကျ ခန္ဓာကိုယ် ရောက်အောင် လက်တွေ့အားထုတ်ခဲ့ကြရတဲ့ သတိပဋ္ဌာန် ဝိပဿနာဘာဝနာအကျင့်မြတ် ပဋိပတ်ဖြင့် ရတနာသုံးပါးတို့ကို ပူဇော်ခြင်းတို့ကိုပြုပြီး အပ္ပမာဒတရားသိမ်းနဲ့ ဓိတရားပွဲကို နိဂုံးချုပ်ရုတ်သိမ်းကြရအောင်။ ကဲ-လိုက်ဆိုကြ။

## ဆုတောင်း

မုချဧကန် အမှန်မချွတ် ဤအကျင့်မြတ်ကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေး လွတ်မြောက် ရပါလို၏ အရှင်ဘုရား။

## ရတနာသုံးပါးပူဇော်

၁။ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဤအကျင့်မြတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။

၂။ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဤအကျင့်မြတ်ဖြင့် တရားတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

၃။ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဤအကျင့်မြတ်ဖြင့် သံဃာတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

## အပ္ပမာဒတရားသိမ်း

သာဓဝေါ အဟံ ဣဒါနိ၊
ဝေါ အာမန္တယာမိ သင်္ခါရာ။
ဝယဓမ္မာ ဝယဓမ္မ သင်္ခါရေ၊
အပ္ပမာဒေန သမ္ပာဒေထ။

မှတ်ထားချက်။ ။စာမျက်နှာ (၂၆) အပ္ပမာဒသုတ် မမေ့ မလျော့ရေးတရားတော် အဆုံး၌ပါသော အပ္ပမာဒ တရားသိမ်းအတိုင်း ဖြစ်သည်။

ဤတွင်
**အယျိကာသုတ်**
**[အဖွား အသုဘတရားတော် ပြီးပြီ။]**

# ၆

## (သားစား ရှောင်ကြဉ်ရေး တရားတော်)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### (က)

### ပလ္လင်ခံ

"ဆရာတော်ဘုရား–ဆရာတော်ဘုရား၏ ဒကာကြီးက (၇)ရက်နေ့ကျယင် တရားနာ လာခဲ့ပါမယ်–တဲ့။ ဆရာတော်ဘုရား သိတော်မူတဲ့အတိုင်း ဆရာတော်ဘုရား၏ ဒကာကြီးဟာ အထက်ဗမာပြည်မှာ သားစားရှောင်ကြဉ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကြီးဖြစ်တဲ့အတွက် သားစားရှောင်ကြဉ်ရေး တရားကို ဟောပေးပါလို့လဲ တပည့်တော်ကို အလျှောက်ထားခိုင်းလိုက်ပါသေးတယ် ဘုရား" လို့ ၁၃၂၅–ခုနှစ် ကဆုန်လဆုတ် (၆)ရက်နေ့က မန္တလေးမြို့ အနောက်ပြင် ကလျာဏီ ဆေးတိုက်ပိုင်ရှင် ဦးဘစိန်၏ စေလွှတ်ချက်အရ ဇာတ်မင်းသား ရွှေမြို့တော် ကိုအောင်သိန်းက လာရောက် လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားတဲ့အခါမှာ ဘုန်းကြီးက "ဒါဖြင့်ယင် ဖြစ်သလို ဟောရတာပေါ့လေ"လို့ ပြုံးကနဲ တာဝန်ယူလိုက်မိပါတယ်။

အမှန်မှာတော့ ဘုန်းကြီးက ဒီတာဝန်ကို မယူချင်လှပါဘူး။ ဘာပြုလို့လဲ ဆိုတော့ ဘုန်းကြီးဟာ ကမ္မဋ္ဌာန်း နည်းပြပုဂ္ဂိုလ် ဖြစ်တဲ့အတိုင်း ကိုယ့်ကမ္မဋ္ဌာန်းတရားကိုသာ ဟောနေကျဖြစ်လို့ ဝန်မလေးသော်လဲ ဒကာကြီးဦးဘစိန် တောင်းပန်တဲ့ သားစားရှောင်ကြဉ်ရေး တရားကိုတော့ ဘယ်ကစတင်ပြီး ဟောရမယ် ဆိုတာ ကိုတောင် မသိလောက်အောင် ဝန်လေးတဲ့ အတွက် ကြောင့်ပါပဲ။ ဒါပေမယ့် ဆိုခဲ့စမြဲစေဆိုတဲ့အတိုင်း ကိုယ်ဝန်ခံ လိုက်တဲ့ စကားတလုံး ကိုတော့ ကတိအပျက် မခံတော့ဘူးလို့ သဘောပိုက်ပြီး သားစား ရှောင်ကြဉ်ရေးတရားကို ဟောကြားဖို့ရာ ကြိုးစားလိုက်ရပါတော့တယ်။

ကဆုန်လဆုတ် (၈)ရက်နေ့ကျတော့ ဦးဘစိန်နဲ့ ဇာတ်မင်းသား ကိုအောင်သိန်းတို့ ဘုန်းကြီးဆီကို ရောက်လာကြပါတယ်။ တရားမဟောသေးခင်မှာ ဘုန်းကြီးနဲ့ ဦးဘစိန်တို့ စတင်ဆွေးနွေးကြပါတယ်။ ဒီအခါမှာ ဦးဘစိန်ရဲ့ သဒ္ဓါတရားက အသားမစားရေးအပေါ်မှာ အလေးကဲပြင်းထန်ပြီး ထက်သန်နေကြောင်းကို ကောင်းကောင်းကြီး သိရပါတော့တယ်။

အဲဒီတော့ ဘုန်းကြီးက"ဒကာကြီးရဲ့ သဘောကျဖြစ်အောင် သားစားရှောင်ကြဉ်ရေးတရားကို ဟောကြားဖို့ရာ မလွယ်ကူပါဘူး။ တဖြေးဖြေး ရှာဖွေစုဆောင်းပြီး စီစဉ်ပါအုံးမယ်။ စီစဉ်ပြီးမှ ဟောကြားပေးပါမယ်။ ရိုက်ကော်ဒါ တိပ်ခွေ တခွေသာ ဘုန်းကြီး

ဆီကို ပို့ထားပါ။ဘုန်းကြီးမှာ တိပ်ရီကော်ဒါ ရှိပါတယ်။ အသံသွင်းပေးလိုက်ပါမယ်” လို့ ပြောပြီးတော့ ဦးဘစိန်ကို ပြန်လွှတ်လိုက်ရပါတယ်။

တဆုန်လဆုတ်(၁၂)ရက်နေ့မှာ ကိုအောင်သိန်းက ကြိုးခွေတခွေကို လာရောက်ပြီး ပို့ထားခဲ့တဲ့အတွက် ဘုန်းကြီးလဲ မနေသာတော့ပဲ ဦးဘစိန်ရဲ့ သဒ္ဓါတရားကို ရှေ့ထားပြီး သားစားရှောင်ကြဉ်ရေးတရားကို ဟောကြားလိုက်ရပါတော့တယ်။

သားစားရှောင်ကြဉ်ရေး တရားကို ဟောကြားတဲ့အခါမှာ နွားသားရှောင်ကြဉ်ရေးတရားကို ထိပ်ဖျားက မားမားမတ်မတ် ရပ်တည်ပြီး ဟောကြား ဆုံးမတော် မူခဲ့တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးနဲ့ တိရစ္ဆာန်များရဲ့ အသားကို မစားမမြို့ပဲ ရှောင်ကြဉ်တော်မူကြတဲ့ သူတော်စင် အပေါင်းတို့ကို အလေးအမြတ်ပြုပြီး ဟောကြားပါတယ်ဆိုတဲ့အကြောင်းကိုလဲ ထပ်လောင်း သိစေလိုပါသေးတယ်။

(ခ)

## မြတ်စွာဘုရား သားစားအားမပေး

ဝေနေယျကြွာ သတ္တဝါများကို သားတော်ရာဟုလာနဲ့မခြား သနားခြင်းမဟာကရုဏာရှိတော်မူတဲ့ မြတ်စွာဘုရားက သတ္တဝါတွေရဲ့အသားကို “စားကြ၊ စားကြ”လို့ အားရပါးရကြီး ခွင့်ပြုခဲ့တာ မဟုတ်ပါဘူး။ အထူးသဖြင့် ဆိုယင် မြတ်စွာဘုရားက ရဟန်းတော်တွေ အတွက် အသား ၁၀-မျိုးကို စားခွင့် မပြုခဲ့ပါဘူး။“စားယင် အပြစ်ရှိတယ်”လို့ တော်ခင်မှ ပညတ်တော်မူခဲ့ပါသေးတယ်။

အဲဒီ စားခွင့်မပြုခဲ့တဲ့အသား ၁၀-မျိုးက ဘာတွေလဲဆိုယင်—

၁။ လူ ခွေး မြင်း ဆင် ကျား သစ် ခြင် ဝံ လျှင် အောင်း မြွေမျိုး။

၂။ ရိုး ရေ သား သွေး အမွေးတို့ပါ မသုံးရာ ဆယ်ဖြာ အသားမျိုး။

လို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူခဲ့တဲ့အတိုင်း—

၁။ လူ
၂။ ခွေး
၃။ မြင်း
၄။ ဆင်
၅။ သစ်
၆။ ကျား
၇။ ခြသေ့်
၈။ ဝံ
၉။ အောင်း
၁၀။ မြွေ

ဒီ ၁၀-မျိုးပါပဲ။ ဒီသတ္တဝါ ၁၀-မျိုးရဲ့အသားကို မစားရဘူးလို့ မြတ်စွာဘုရားက တင်းတင်းကြပ်ကြပ် ပညတ်တော် မူခဲ့ပါတယ်။ ဒီသတ္တဝါ ၁၀-မျိုးကိုသာဖြင့် အသားကို မဆိုထားနဲ့ အရိုး အရေ အသွေး အမွေး တွေကိုတောင်မှ ရဟန်းတော်တွေဟာ မသုံးဆောင်ရဘူးလို့ ပညတ်တော်မူခဲ့ပါသေးတယ်။

မြတ်စွာဘုရားက ဒီအသား ၁၀-မျိုးကိုမစားရဘူးလို့ ပညတ်တော်မူတော့ "ဒီအသား ၁၀-မျိုးက လွတ်ကျန်နေတဲ့ အသားတွေကို စားရမယ်"လို့ ယူဆပြီး အသားစားကြူးတဲ့ ရသတဏှာသမားတွေက အပြစ်မရှိဘူး ဆိုတဲ့ သဘောနဲ့ တသောသော တရုံးရုံး တပြုံးပြုံး တရှင်ရှင် စားမြုံ့ နေကြတာပေါ့။ အမှန်မှာတော့ မစားသင့်၊ မမြုံ့သင့်ကြပါဘူး။ ဘာပြုလို့လဲဆိုတော့ တိကောဋိကပရိသုဒ္ဓ လို့ဆိုတဲ့ အစွန်းသုံးပါး စင်ကြယ်မှု မရှိလို့ပါပဲ။ အစွန်းသုံးပါးက ဘာတွေလဲဆိုယင်—

၁။ ဒိဋ္ဌ

၂။ သုတ

၃။ ပရိသင်္ကိတ

ဒီသုံးပါးပါပဲ။ ဒီသုံးပါးကို အစွန်းသုံးပါးလို့ ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ ရည်မှန်းပြီး သတ်တာမြင်ယင် မစားရဘူး။ ရည်မှန်းပြီး သတ်တယ်လို့ကြားယင် မစားရဘူး။ ရည်မှန်းပြီး သတ်တယ်လို့ ယုံမှားယင် မစားရဘူးလို့ ဆိုလိုပါတယ်။

ဒီအစွန်းသုံးပါး စင်ကြယ်မှုမရှိတဲ့အတွက်ကြောင့် ကျန်တဲ့ အသားတွေကိုလဲ စားဖို့ရာ မြတ်စွာဘုရားက အားပေးတော်မမူခဲ့ပါဘူး။အဲဒီတော့ မစားတာသာ အကောင်းဆုံးပဲလို့ ခေါင်းထဲ ချ မှတ်ထားကြရမယ်။

ဒီနေရာမှာ "မြတ်စွာဘုရားနဲ့ တပည့်သား ရဟန်းတော်တွေကတော့ ဘာပြုလို့ စားကြသလဲ"လို့ ကပ်စရာ ကိုးစရာ စောဒကတက်စရာ ရှိပါတယ်။ မြတ်စွာဘုရားနဲ့ တပည့်သား ရဟန်းတော်တွေဆိုတာ သူတပါးကို အမှီပြုပြီးတော့ စားသောက်ကြရ

တဲ့အတွက် ရလွယ်တာကိုသာ အဓိကထားကြရပါတယ်။ ဆိုလို တာကတော့ ဒကာဒကာမတွေရဲ့ အပေါ်မှာသာ အခြေတည် တယ်လို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် ကပ်စရာ ကိုးစရာ ဓာဒက တက်စရာ လုံးဝမလိုတော့ပါဘူး။

သူဘပါးရဲ့ အသားကို စားတာနဲ့မစားတာ ဘယ်ဟာကို မြတ်စွာဘုရားကသဘောကျတော်မူသလဲဆိုယင်မစားတာကိုသာ သဘောကျတော် မူတယ်လို့ ဆိုနိုင်ပါတယ်။ ဘာပြုလို့လဲဆိုယင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေ ထဲမှာ "သတ္တဝါတွေကို ညှာတာထောက်ထား သနားရမယ်။ ကိုယ်ချင်းစာတရား ရှိရမယ်"ဆိုတာတွေ အများကြီးကိုတွေ့ရလို့ ပါပဲ။ အသားတွေကို စားတဲ့သူဟာ ညှာတာ ထောက်ထား သနားတတ်တယ်၊ ကိုယ်ချင်းစာတရား ရှိတယ်ဆိုတာ မဟုတ်နိုင် မဖြစ်နိုင်ပါဘူး။ အသားကိုစားကြတဲ့ ကျားတို့ ခြင်္သေ့တို့ဟာ အင်မတန် ကြမ်းတမ်းကြပါတယ်။ အင်မတန် ခက်ထန်ကြပါ တယ်။ လူတွေလဲ အသားတွေကို များများစားကြယင် မစားတဲ့ သူတွေထက်တော့ ကြမ်းတမ်းခက်ထန်လာမှာ သေချာပါတယ်။

တခါတုန်းက ဘုန်းကြီးဟာ ကသာမြို့ကိုသွားရင်းမီးရထား ပေါ်မှာ မီးရထားအရာရှိတယောက်နဲ့ တွေ့တယ်။ အဲဒီမီးရထား အရာရှိက လက္ခဏာ ဖတ်တတ်တဲ့ အတွက် ဘုန်းကြီးလက်က လက္ခဏာကိုကြည့်ပြီး "အရှင်ဘုရားရဲ့လက္ခဏာအရ အရှင်ဘုရားရဲ့ စိတ်တွေဟာ လျှင်မြန်ပြီး ခက်ထန်တဲ့သဘောကို ပြနေပါတယ်။ အသားစားကို ရှောင်ကြဉ်ပေးလိုက်လို့ရှိယင် နေရာကျသွားပါ လိမ့်မယ်"လို့ ပြောပါတယ်။

ဘုန်းကြီးလဲ"သက်လွှတ်စားတာဟာ ကောင်းမွန်တဲ့ အလေ့အထဘဲခုပဲ"လို့ သဘောရပြီး အသားစားကို ရှောင်ကြဉ်ခဲ့ပါတယ်။ အသားစားကို ရှောင်ကြဉ်လိုက်တာနဲ့ တပြိုင်နက်ထဲ လျင်မြန်ပြီး ခက်ထန်တဲ့စိတ်တွေ မဖြစ်ပေါ်လာတော့ပဲ သည်းခံနိုင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ အသားစားကို ရှောင်ကြဉ်လိုက်ခြင်းရဲ့ လက်ငင်းအကျိုးတရားပါပဲ။

ဒါပေမယ့် ယေဘုယျအားဖြင့် အသားမစားတဲ့သူတွေဟာ အသားစားတဲ့သူတွေကို တဖြေးဖြေး အပြစ်မြင် အထင်သေးသွားတတ်ကြတယ်။ ဘယ်လိုအပြစ်မြင် အထင်သေးသွားတတ်ကြသလဲဆိုတော့ "ဒီလူတွေဟာ လူကြမ်းတွေပဲ၊ ကရုဏာတရားကင်းမဲ့ကြတယ်၊ ကိုယ်ချင်းစာနာစိတ်လုံးဝမရှိကြဘူး၊ တိရစ္ဆာန်တွေလိုပဲ" အစရှိသဖြင့် ဒီလို အပြစ်မြင် အထင်သေးသွားတတ်ကြတယ်။ ဒါကတော့ မကောင်းလှဘူးပေါ့။

## (ဂ)
## ရှောင်းသူဝယ်သူ အတူတူ

တချို့က "ငါသတ်တာ မဟုတ်ဖူး။ သတ္တဝါတွေကို သေစေလိုတဲ့ဆန္ဒ ငါ့မှာ လုံးဝမရှိဘူး၊ ဒါ့ကြောင့် ငါ့မှာ ဘာအပြစ်မှ မဖြစ်နိုင်ဘူး"လို့ ပြောကြတယ်။

"ငါသတ်တာ မဟုတ်ဖူး၊ သတ္တဝါတွေကို သေစေလိုတဲ့ဆန္ဒ ငါ့မှာ လုံးဝမရှိဘူး"ဆိုပေမယ့်လို့ ကိုယ်က ဒီအသားကို စားလို့သာ ဒီအသားကို သတ်တဲ့သူတွေက ရှိကြရတာပါ။ ဒီအသားကို ကိုယ်ကမစားယင် ဒီအသားကို အရှုံးခံပြီး သတ်တဲ့ သူတွေက

သတ်ကြပါ့မလား။ စဉ်းစားကြည့်ကြစမ်းပါ။ အရှုံးခံပြီး တမင် သက်သက် ဝါသနာကို မအောင့်အီးနိုင်လို့ မတားမြစ်နိုင်လို့ သတ်နေကြတာ မဟုတ်ပါဘူး။ စားကြတဲ့သူတွေဆီက အမြတ် အစွန်း ရနေလို့သာ သတ်ကြတာ အမှန်တကယ် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအသားကို သတ်ကြတာဟာ ကိုယ်ကစားတဲ့အတွက် ကိုယ်ဟာ တရားခံအစစ် ဖြစ်နေပါတယ်။ "ဝယ်သူဟာမူလ ရောင်းသူမှာ ဘူဘာ'လို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးကလဲ မိန့်တော်မူခဲ့ပါတယ်။

ဒီနေရာမှာ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရား ကြီးရဲ့ မိန့်တော်မူချက်ကို နဲနဲ ဖော်ပြကြအုံးစို့ရဲ့။

> "ကျမ်းဝိဘင်းဋ္ဌကထာ တိုက်ရိုက်ကြီး အလာမှာ ပါဏာတိပါတ ပြုလုပ်သည့်ဌာနဝယ် ကာယရှင်တခန်း ချီးမွမ်းသူတယောက် ဝမ်းမြောက်သူဘဖက် သုံးဦးသား အနက်အကျိုးဆက်မတူကြ ကာယရှင်ဗာလမှာ နိယတာ လမ်း ချီးမွမ်းသူပြိတ္တာရောက် ဝမ်းမြောက်သူအနေမှာ တိရစ္ဆာန် ဖြစ်စေဟု ဝေပုံကျအပြီး ဆုံးဖြတ်ချက် သင်းသီးတွင် ပစ္စည်းရှင်ဝယ်လူစုမှာ ချီးမွမ်းမှုတစိတ်ပါ ဝမ်းသာမှုတသွယ်တွက် နှစ်ပါးစုံရောယှင်သော် လက် သည်ထက် အပြစ်ကြီးမည်ဟု ယူမှီးရန် ကျသော်လည်း ကာယရှင်နှင့် တူလျှင်ပင်မနဲ့ပြီ နောက်ဆွဲကလိုက်ကြရ ကြောင်းမှာ တခုကောင်း အတွက် ဝမ်းသာသည့် အချက်နှင့်ပင် ဆက်ဆက်ကြီး ပါရမည်ဟု ဋ္ဌကထာရှိ သည်ပင် ယုတ္တိနှင့်စဉ်းစားလျှင် ရောင်းသမား ဝယ်

> သမား နှစ်ဦးသားသဘောတူ ဝယ်သူက မူလ ရောင်းသူမှာဘူတ ဝယ်သူပေါ်မှ ရောင်းသူ့ရှင် ရောင်းသူ့ရှင်မှ တွင်တွင်သတ် နဘောထပ်လွန်းပေါင်းတင် သည်ဒအတိုင်း မြင်ကြလျက် ဇွတ်ငင်သည့် တကျာကြောင့် ဟင်းလျာသည် ဆိုလျှင်ပင် ခိုပို့သည့်အတိုင်း ဝိုင်းကြသည် ကြွက်ကြွက်ဆူ သူမရငါမရ ငွေစကိုတပြင်ပြင် ချိန်ခွင်ကို တခါခါ နက်ဖြန်လည်း လာပါနော် သဘက်လည်း မျှော်ပါမည် ခေါ်လိုက်သူအချို့ လက်တို့၍ မှာသူမှာ ဟင်းလျာသည်လာခဲ့သည်ဟုစိတ်ထဲက တသူတ သို့ဖြစ်၍ နေကြလျက် ပါးစပ်ကပရိယာယ် ရောင်းလာလို့ ဝယ်ပါသည် ဘယ်အပြစ်မရှိပေါင်ဟု ယောင်လို့များမဟာနှင့် ဝမ်းထဲကသဘောကို မပြောပဲကုန်စင်အောင် မြင်ရင်းစွဲဖြစ်ကြသည်”

အဲဒီလို ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးက ရှင်းရှင်းလင်းလင်းနဲ့ ဘွင်းဘွင်းပြတ်ပြတ်ကြီး မိန့်မှတ်တော်မူခဲ့ပါတယ်။

တချို့အရပ်တွေမှာ ဆွမ်းလောင်းပွဲကြီးတွေ၊ အလှူအတန်းပွဲကြီးတွေ ရှိတဲ့အခါမှာ နွားတွေဝက်တွေကို သတ်ကြ ဖြတ်ကြတယ်။ ဒါမျိုးတွေဟာ ဗုဒ္ဓဘာသာလို့ ခေါ်ဆိုတဲ့ ဒီလိုနိုင်ငံမျိုးမှာ မဖြစ်သင့်တဲ့ ကိစ္စတွေပါပဲ။ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်နေရတာဟာ အင်မတန် ရင်လေးစရာ ကောင်းပါတယ်။

ဘုန်းကြီးဆီမှာနေတဲ့ ဦးဝိနစက္ကဆိုတဲ့ ဆရာတော်ကလေးက ပြောဘူးတယ်။ သူတို့ဆီမှာ ဒီလိုကိစ္စမျိုးတွေရှိလို့ ရပ်ရွာ ဆရာ

တော်များက တရားဟောကြ၊ တားမြစ်ကြသတဲ့။ ဒါပေမယ့် မရဘူး-တဲ့။ မရတော့ ဆရာတော်တွေ အားလုံးညီပြီး "ကုန်း သတ္တဝါတွေကို မစားကြစတမ်း"လို့ ဆုံးဖြတ်ချက် ချထားကြ သတဲ့။ ဆုံးဖြတ်ချထားတဲ့အတိုင်းလဲ မစားကြတော့ဘူး-တဲ့။ ဒါဟာ ဒကာဒကာမတွေရဲ့အပေါ်မှာ ဆရာသမားတွေက မှန် ကန်တဲ့အကျင့်ကို ကျင့်ပြတော် မူလိုက်ကြတာပါပဲ။ ဒီလိုမှ ကျင့်မပြနိုင်သေးယင် ဒကာဒကာမတွေကို ဆုံးမတဲ့နေရာမှာပျော့ သေးတယ်လို့ ဆိုရမှာပေါ့။

(ဿ)

## သားစားအားပေးပုံပြင်များ

ပုံပြင်-၁။ ။ အသားစားတဲ့သူတွေက အသားကိုစားတာဟာ အပြစ်ရှိ မရှိဆိုတဲ့ ပြဿနာကို ဘယ်လို ဆုံးဖြတ် ကြသလဲဆိုယင်"ဒီကိစ္စမှာ ငါတို့နဲ့မဆိုင်ဘူး။သားသတ်သမားနဲ့ အသတ်ခံရတဲ့ သတ္တဝါသာ ဆိုင်တယ်"လို့ ယူဆ ထားကြ တယ်။ ဒီလိုယူဆထားကြခြင်းဟာ မန္တလေးမြို့ရဲ့ အရှေ့မြောက် ဖက် လေးမိုင်လောက်ဝေးတဲ့ ဆယ်ပယ်တောရွာက ဝက်သား ဝယ်မီးရောင်းတဲ့ ကိုပြင် ပြောသလို ဖြစ်နေတယ်။

ကိုပြင်က ဘယ်လိုပြောသလဲ။ သူပြောသလို ပြောပြအုံး မယ်။ ကိုပြင်ဟာ ဝက်သတ်တဲ့သူဆီက ဝက်သားကို ဝယ်ပြီး အရပ်ထဲမှာ တဆင့်ရောင်းတယ်။ သင်္ကြန်တွင်းတို့၊ ဝါဆိုဦးတို့၊ သီတင်းကျွတ်တို့လိုဆိုတဲ့ ဗုဒ္ဓဘာသာတို့ရဲ့ သတ်မှတ် ထားတဲ့ ခါကြီးရက်ကြီးတွေကိုတောင်မှ မရှောင်မကြဉ်ပဲ ရောင်းတယ်။

အဲဒီတော့ ကိုပြင်နဲ့နီးစပ်တဲ့ မကောင်းရာမကောင်းကြောင်း လူကြီးလူကောင်း ဆွေမျိုးသားချင်းတွေက "မောင်ပြင်ရာ–ခင်းဟာ ခါကြီးရက်ကြီးကိုဘောင်မှ မရှောင်ကြဉ်ပဲ ဒီအလုပ်ကို လုပ်နေတယ်။ ဒီလို ခါကြီးရက်ကြီးလောက်ကိုတော့ ရှောင်ကြဉ်အုံးမှပေါ့"လို့ ပြောကြတယ်။

အဲဒီတော့ ကိုပြင်က"ကျုပ် ခါကြီးရက်ကြီးမှာ ဝက်သားဝယ်ပီး ရောင်းတာဟာ အပြစ်မရှိပါဘူး။ အပြစ်ရှိမှာက ဝက်သတ်တဲ့သူ မောင်သာဖွဲ့သာ အပြစ်ရှိမှာပါ၊ နောက်ဘဝတွေမှာ ဝက်သတ်တဲ့သူ မောင်သာဖွဲ့က ဝက်ဖြစ်လိုက်၊ ဝက်က ဝက်သတ်တဲ့သူ မောင်သာဖွဲ့ဖြစ်လိုက်။ အဲဒီလို သူတို့ အချင်းချင်းသာ အတုန့်အလှယ် အပြန်အလှန် ဖြစ်နေမှာပါ။ ကျုပ်ကတော့ ဝက်သားဝယ်ဝက်သားဝယ်ထဲက ပါပဲ"လို့ ပြောသတဲ့။

အခုလဲ ကိုပြင်ခပြောသလိုပဲ အသားစားတဲ့သူတွေက ပြောကြမလား မဆိုနိုင်ဘူး။ "သားသတ် သမားတွေက တိရစ္ဆာန်တွေဖြစ်လိုက်၊တိရစ္ဆာန်တွေက သားသတ်သမားတွေ ဖြစ်လိုက်။ငါတို့ကတော့ အသားစားထဲကပါပဲ"လို့။

ပုံပြင်– ၂။ ။အသားစားတဲ့ လူတွေက အသားမစားတဲ့ လူတွေကိုပျက်ရယ်ပြောင်လှောင်တဲ့သဘောမျိုးနဲ့ မဟုတ်မဟတ် လုပ်ဇာတ်ထွင်ပီး ပုံပြင်အမျိုးမျိုး ပြောကြတဲ့အနက်က "ဝပ်ပဲ"ဆိုတဲ့ ပုံပြင်ကလေး တခုဟာ မှတ်သားစရာကောင်းကောင်းလှပါသေးတော့တယ်။

လူတယောက်ဟာ တဝါတွင်းလုံးလုံး သက်သတ်လွတ် စားနေသတဲ့။ သီတင်းကျွတ်တော့ အဲဒီသက်သတ်လွတ်စားတဲ့သူက

ဘုန်းကြီးတပါးဆီ သွားရောက်ပြီး လျှောက်ထားသတဲ့။ ဘယ်လို လျှောက်ထားသလဲ ဆိုတော့ "အရှင်ဘုရား-တပည့်တော်ဟာ တဝါတွင်းလုံးလုံး သက်သတ်လွတ် စားခဲ့ပါတယ်။ ဒီအတွက် တပည့်တော်မှာ ဘယ်လိုအကျိုးများ ရနိုင်ပါသလဲဘုရား"အဲဒီ လို လျှောက်ထားသတဲ့။

ဘုန်းကြီးက အားနာလို့ မပြောချင်တဲ့ အတွက် "ဒကာရေ- ငါတော့ မပြောပရစေနဲ့ကွာ၊ မင်းသိချင်ယင် ဟောဟိုနွားမှာ မြက်စားနေတဲ့ နွားမကြီးဆီကို သွားပြီး မေးချေပါ။ နွားမကြီး က ပြောပါလိမ့်မယ်"လို့ ပြောပြီး နွားမကြီးရှိရာကို လက်ညှိုး ညွှန်ပြလိုက်သတဲ့။

သက်သတ်လွတ်စားတဲ့ သူကလဲ သိချင်တဲ့ဇောနဲ့ ကဒေါ ကမျော ဘုန်းကြီး ပြောတဲ့ အတိုင်း မဆိုင်းမတွ နွားမကြီးဆီ သွားတဲ့ပြီး "အို နွားမကြီး ခင်ဗျား- ကျွန်တော်ဟာ တဝါတွင်း လုံးလုံး သက်သတ်လွတ်စားခဲ့ပါတယ်။ ဒီအတွက် ကျွန်တော့်မှာ ဘာအကျိုးများ ရနိုင်ပါသလဲ၊ ပြောပြစမ်းပါ"လို့ မေးလိုက် သတဲ့။

အဲဒီလိုမေးလိုက်တော့ နွားမကြီးကလဲ နွားကလေးပျောက် နေတဲ့အခိုက်နဲ့ကြုံကြိုက်နေလို့ "ဝပ်ပဲ"လို့ အော်မြည်လိုက်သတဲ့။

အဲဒီလိုပဲ အခုလဲ "သက်သက်လွတ်စားတဲ့သူတွေဟာ ဝပ်ပဲ" လို့ သားစားသမားတွေက သားစားလွတ်သမားတွေကို ပျက်ရယ် ပြောင်လှောင်တတ်ကြတယ်။

## (၈)
## နွားသတ်သမား

ရသတဏှာကိုအလိုလိုက်ပြီး နွားရဲ့လျှာကို လှီးဖြတ်မီးကင်စားတဲ့ နွားသတ်သမားတယောက် ဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှာ ရှိဘူးတယ်။

အဲဒီ နွားသတ်သမားဟာ နွားတွေကိုသတ်တယ်။ တချို့ကို အိမ်မှာချက်ပြီး သားသမီးတွေနဲ့ ပျော်ပျော်ပါးပါး စားတယ်။ တချို့ကိုတော့ ရောင်းချပြီး အသက်မွေးဝမ်းကျောင်းတယ်။အဲဒီ နွားသတ်သမားဟာ ၅၅ နှစ်တာကာလပတ်လုံး နွားသတ်သမား ဘဝနဲ့နေလာခဲ့တယ်။ မြတ်စွာဘုရားကိုတော့ ယာဂုတဇွန်း ဆွမ်းတယောက်မမှ မလှူဒါန်းခဲ့ဘူးဘူးတဲ့။အကုသိုလ်လုပ်ခဲ့တာ နေ့တွေ၊ရက်တွေ၊လတွေ၊ နှစ်တွေကုန်ပြီး လာခဲ့တယ်။ ကုသိုလ်အလုပ်ကျတော့ ဘာတခုမှ မလုပ်ခဲ့ဘူးဘူးလို့ ဆိုလိုပါတယ်။

အဲဒီနွားသတ်သမားဟာ အသားဟင်းမပါယင် ထမင်းကို မစားဘူးတဲ့။တနေ့တော့ အသားရောင်းရာက ပြန်လာတယ်။မိမိအတွက် ချက်ဖို့ရာအသားကို မယားပေးခဲ့ပြီး သူကတော့ ရေချိုးထွက်သွားသတဲ့။

အဲဒီအခါမှာ သူ့သူငယ်ချင်းတယောက် ရောက်လာပြီး“ကျုပ်အိမ်မှာ ဧည့်သည်လာနေလို့ အသား နည်းနည်းရောင်းပါ”လို့ နွားသတ်သမားရဲ့ မိန်းမကိုပြောတယ်။

နွားသတ်သမားရဲ့ မိန်းမက “ရောင်းစရာ အသားမရှိဘူး။ရှင့်သူငယ်ချင်း အသားရောင်းရာက ပြန်လာလို့ အခု ရေချိုးသွားတယ်”လို့ပြောတယ်။

"ဒီလို မလုပ်ပါနဲ့ဗျာ၊ ရှိယင်ပေးပါ"

"ရှင့်သူငယ်ချင်းအတွက် ချက်ဖို့ချန်ထားတဲ့ အသားကလေး သာရှိတယ်။ ဒိပြင်ရောင်းစရာ မရှိဘူး"

"ကျုပ်သူငယ်ချင်းအတွက် ချက်ဖို့ချန်ထားတဲ့ အသားရှိယင် ပေးပါဗျာ။ အိမ်မှာအရေးကြီးတဲ့ ဧည့်သည် ရောက်နေလို့ပါ" လို့ပြောဆိုပြီး ပြောပြောဆိုဆိုနဲ့အတင်းအဓမ္မ ဇွတ်ဒရွတ်ယူသွား တယ်။

နွားသတ်သမားဟာ ရေချိုးရာက ပြန်လာတော့ ဟင်းရွက် ဟင်းသီးကိုသာ ချက်ထားတဲ့ ဟင်းနဲ့ထမင်းပွဲကို မြင်ရတယ်။ အဲဒီတော့ နွားသတ်သမား အသားစားကြူးက "ဘယ်မှာလဲ ငါ့ဖို့ရာ အသားဟင်း"လို့ အိမ်ရှင်မကို မေးလိုက်တယ်

အိမ်ရှင်မကလဲ "အသားဟင်းမရှိဘူး၊ ဒီဟင်းနဲ့ပဲ စားပါ"လို့ ပြောလိုက်တယ်။

"ငါ့အတွက် ချက်ဖို့ရာ ငါအသားပေးခဲ့တယ် မဟုတ်လား"

"ရှင့်သူငယ်ချင်းကလာပီးတော့ သူ့အိမ်မှာ ဧည့်သည်ရောက် နေလို့ ရှင့်ဖို့ရာချက်မလို့ထားတဲ အသားကို အတင်းအဓမ္မ ဇွတ် ဒရွတ် ယူသွားတယ်"

"ငါဟာ အသားဟင်းနဲ့ကင်းပီး ဘယ်တော့မှ ထမင်းမစား ဘူးဆိုတာ မင်းမသိဘူးလား။ အခုအသားဟင်းကို ယူပေး"

"ဘယ့်နှယ် တတ်နိုင်မလဲ၊ ဒီဟင်းသီး ဟင်းရွက်ဟင်းနဲ့ပဲ စားပါ"

"ဟင့်အင်း-ငါ မစားဘူး"

အဲဒီလိုပြောဆိုပီး ဓါးတချောင်းကို ယူသွားတယ်။ အိမ် နောက်ဖေးမှာ ချည်ထားတဲ့ နွားရဲ့ပါးစပ်ထဲကို လက်ရှိသွင်း

အတင်းနှိုက်ပြီး လျှာကိုအရင်းက ဒါးနဲ့ဖြတ်ယူတယ်။ နောက် မီးကျီးပေါ်မှာတင်ပြီး ကင်တယ်။ ကျက်တော့ ထမင်းပေါ်မှာ တင်ပြီး ထမင်းတလုပ်စားလိုက်၊ နွားလျှာကင်တလုပ် စားလိုက်၊ အဲဒီလို အားရပါးရစားလိုက်၊ မြိုလိုက် လုပ်နေတယ်။

နွားသတ်သမားဟာ စားယင်းသောက်ယင်း တခဏအတွင်း မှာ လျှာပြတ်ပြီး ထမင်းပွဲပေါ် ကျလာတယ်။ မကောင်းတဲ့ အကျိုးဟာ တခဏချင်းရလာတာပေါ့။ ပြီးတော့ နွားလိုပဲခံတွင်း ထဲက သွေးတွေယိုစီးကျလာတယ်။ ဒါတင်မကသေးဘူး။ အိမ် ထဲမှာ ဝင်ပြီးတော့ နွားလိုလေးဖက်ထောက်သွားရပြီး မြည်တမ်း အော်ဟစ်နေရတယ်။ အဲဒီအခါမှာ နွားသတ်သမားရဲ့ သားက သူ့ဖခင်ရဲ့ဖြစ်အင်ကို အကုန်အစင်ကြည့်ရှုပြီး အနားမှာ ရပ်တည် နေတယ်။

မိခင်ဖြစ်တဲ့သူက သားကိုခေါ်ပြီး ပြောတယ်။ ဘယ်လိုပြော သလဲဆိုတော့ "ချစ်သား-အိမ်ထဲမှာ နွားလို လေးဖက်ထောက် သွားရပြီး မြည်တန်းအော်ဟစ်နေတဲ့ မင်းရဲ့ဖခင်ကို ကြည့်စမ်း။ ဒီဆင်းရဲဒုက္ခဟာ မင်းအပေါ်မှာမကြာခင် ရောက်လာလိမ့်မယ်။ အမေ့ကိုလဲ ငဲ့မနေနဲ့တော့။ မင်းရဲ့ချမ်းသာမှုကိုရှေးရှုပြီး လွတ်ရာ ကျွတ်ရာကိုသာ ပြေးပေတော့"လို့ပြောတယ်။

သားဖြစ်တဲ့သူကလဲ သေဘေးကို ကြောက်တဲ့အတွက် မိခင်ကို ရှိခိုးပြီး ပြေးတယ်။ ပြေးလိုက်ထာ ဘယ်ကို ရောက်သွားသလဲ ဆိုတော့ တက္ကသိုလ်ပြည်ကို ရောက်သွားတာပဲ-တဲ့။

နွားသတ်သမားဟာ အိမ်ထဲမှာ နွားလိုမြည်တမ်း အော် ဟစ်ပြီး လှဲ့လည်နေရသတဲ့။ နောက်တော့သေသွားပြီး အဝီစိ ငရဲမှာကျခံရရှာသတဲ့။

ဒီဝတ္ထုကို ထောက်ထားပြီး နွားသားစားရမှာကို အလွန်ကြောက်သင့်လှပါတယ်။ နွားသားကိုသာ မဟုတ်ပါဘူး။ ဘယ်အသားမျိုးကိုမဆို မစားပဲရှောင်ကြဉ်သင့်လှပါတယ်။

ဒီဝတ္ထုကို နားထောင်နေရတဲ့ သူတွေကတော့ နွားသတ်သမားကို အင်မတန်ဆိုးဝါးတဲ့ လူတယောက်အနေနဲ့ မြင်ကြမှာပဲ။ ဒါပေမယ့် နွားသတ်သမားသာ ဆိုးဝါးတယ်လို့မအောက်မေ့ မယူဆကြပါနဲ့။ အသားစားတဲ့ သူတွေ ဟူသမျှဟာလဲ အသားစားချင်တဲ့ ဆန္ဒဓာတ်ကြောင့် သူတပါး အသက်ကို သတ်ဝံ့ ဖြတ်ဝံ့တဲ့စိတ်တွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဆိုးဝါးတယ်လို့ ဆိုနိုင်ပါတယ်။

## (စ)

## အမိန့်တော်များ

ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးနဲ့တကွထင်ရှားကျော်စောတော်မူကြတဲ့ မနုအရှင်မြတ်တို့၊ အသောကမင်းတရားကြီးတို့၊ ဘဝရှင် မင်းတုန်းမင်းတရားကြီးတို့ရဲ့ အမိန့်တော်များကို လေးလေးစားစား မှတ်သားနာယူသင့်ကြလှပါတယ်။

ဗုဒ္ဓအမိန့်တော်။ ။မြတ်စွာ ဘုရားက "ရတနာ သုံးပါးကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ ဒါယကာဟာ အရာဝတ္ထုငါးပါးကို ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်းအမှု မပြုရဘူး"လို့ မိန့်တော်မူခဲ့ပါတယ်။

အဲဒီဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်းအမှု မပြုကောင်းတဲ့ အရာဝတ္ထု ငါးပါးက ဘာတွေလဲ ဆိုယင်-

၁။ ဒါးလှံသနတ် အစရှိတဲ့ လက်နက်တွေ၊
၂။ လူတိရစ္ဆာန် အစရှိတဲ့ သက်ရှိသတ္တဝါတွေ၊
၃။ သတ္တဝါများရဲ့ အသားတွေ၊
၄။ မူးယစ်စေတတ်တဲ့ အရက်သေစာတွေ၊
၅။ လတ်တလောသေစေတတ်တဲ့ အဆိပ်တွေ၊

ဒီငါးပါးပါပဲ။ ဒီငါးပါးဟာ ဖောက်ကား ရောင်းဝယ် ကုန်သွယ်ခြင်းအမှု မပြုရကောင်းတဲ့ အရာဝတ္ထုတွေပါပဲ။

**မနုအမိန့်တော်။** ။မနုအရှင်မြတ်ကလဲ အသားနဲ့ ပတ်သက်ပြီး မိန့်မြွက် ဟောကြားတော် မူခဲ့ပါသေးတယ်။ ဘယ်လိုမိန့်မြွက် ဟောကြားတော် မူခဲ့ပါသလဲ ဆိုတော့ တိရစ္ဆာန်များကိုသတ်ဖြတ်ခြင်း၌ အားပေးသဘောတူသောသူ၊ ရိုက်နှက်ပုတ်ခတ်ညှဉ်းဆဲသူ၊ သတ်ဖြတ်သူ၊ သတ်ဖို့ရန် တိရစ္ဆာန်များကို ဖြစ်စေ၊ ၎င်းတို့၏ အသားကိုဖြစ်စေ ဝယ်သူ ရောင်းသူ တိရစ္ဆာန်များ၏ အသွေးအသားကို စားသူ၊ ထိုသူအားလုံးတို့သည် သားသတ်သမားများသာဖြစ်ကြကုန်၏။ ဒီလို မိန့်မြွက်ဟောကြားတော်မူခဲ့ပါတယ်။

**အသောကမင်းတရားကြီး အမိန့်တော်။** ။တတိယ သင်္ဂါယနာတင် ဘုရင် အသောကမင်းတရားကြီးကတော့ သတ္တဝါတွေကို မသတ်ဖြတ်ဖို့ရာ ကျောက်ဆောင်ပေါ်မှာ စာနဲ့ထွင်းထု ရေးသားပြီးတော့

တောင် မိန့်ကြားတော်မူခဲ့ပါသေးတယ်။ ဘယ်လိုလဲ ဆိုတော့ "ပါနာနံအနာလံဘော သာဓု"တဲ့။ အဓိပ္ပာယ်ကတော့ "သတ္တဝါတွေရဲ့အသက်ကို မသတ်ဖြတ်ခြင်းဟာ ကောင်းပါတယ်"တဲ့။

ဒီအသောက ကျောက်စာဟာ မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ တရားဒေသနာတော်နဲ့လဲ တပြေးထဲ ညီညွတ်နေပါတယ်။ မြတ်စွာဘုရားက ဘယ်လို ဟောကြားတော် မူသားသလဲဆိုတော့ သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဒေဝတာသံယုတ် သတုလ္လပကာယိကာဝဂ် သာဓုသုတ်မှာ "အပိ စ ပါဏေသုပိ သာဓု သံယမော- စင်စစ်မှာတော့ သတ္တဝါတွေကို မသတ်ဖြတ်ပဲ စောင့်စည်းတာဟာ ကောင်းတယ်"တဲ့။ ဒီလိုဟောကြားတော်မူထားပါတယ်။

ပီးတော့-တိုင်းသူပြည်သား လူအများတို့ မှတ်သားလိုက်နာဖို့ရာ အမိန့်တော်တရပ်ကိုလဲ ထုတ်ပြန်ကြေညာတော် မူခဲ့ပါသေးတယ်။ အဲဒီအမိန့်တော်ကို နားထောင်ကြပါအုံး။

တိုင်းသူပြည်သား လူအများတို့ လိုက်နာကြရန် ဘုန်းတန်ခိုး အာနိသင်နှင့် ပြည့်စုံတော်မူပေသော ဘုရင်မင်းမြတ်ကြီး၏ အမိန့်တော်

နိုင်ငံတော်အတွင်း၌ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းနှင့် မူးတူးပျော်ရွှင်ခြင်း အခလေ့များကို အလျင်းမပြုလုပ်ကြရ။

ဘုန်းတန်ခိုး ကြီးမားတော်မူပေသော ဘုရင်မင်းမြတ်သည် အချို့ ပျော်ရွှင်မှုများကို လိုသား နှစ်သက်တော်မူသော်လည်း အထူး ပျော်ရွှင်မှုတို့တွင် အကုသိုလ်ဒုစရိုက်မှ မကင်းသည်ကို မြင်တော်မူလေသည်။

လွန်ခဲ့သောအခါက ဘုရင်မင်းမြတ်၏ နန်းတွင်း၌ ပွဲတော်တည်ရန်အလို့ငှာ သိန်းပေါင်း များစွာသော သတ္တဝါတို့ကို နေ့စဉ်ရက်ဆက် သတ်ဖြတ် ချက်ပြုတ်ခဲ့ရလေသည်။ သို့သော် ဤဓမ္မကျောက်စာ ကမ္ပည်းအက္ခရာတင်သောအခါ၌ တနေ့လျှင် ဥဒေါင်းနှစ်ကောင်နှင့် ဒရယ်တကောင်၊ ပေါင်း သုံးကောင်သောသတ္တဝါတို့ကိုသာ သတ်ဖြတ်၍ ဟင်းလျာ ပြုလုပ်လျက်ရှိ၏။ ထိုသုံးကောင်အနက်မှ ဒရယ်သတ္တဝါမှာလည်း တခါတရံမျှသာ သတ်ဖြတ်ရလေတော့သည်။ နောင်အခါ သမယတွင် ဤသုံးကောင်သော သတ္တဝါများအား သတ်ဖြတ်ခြင်းကိုပင် အလျင်း ခွင့်ပြုတော့မည် မဟုတ်ပေ။

ဘဝရှင်မင်းတရားကြီး အမိန့်တော်။ ။ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်း မင်းတရားကြီးလက်ထက်ကအစ သားတော် သီပေါမင်းလက်ထက်ကျအောင် ဆင်ပေါ်တင်ပီး “တိုင်းသူပြည်သားတွေ ကျွဲသားနွားသားများကို ရောင်းချခြင်း မပြုကြဖို့၊ သားကြီး ငါးကြီးများကို မစားမသောက်ပဲ ရှောင်ကြဉ်ကြဖို့၊ တိရစ္ဆာန်မှန်သမျှကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုကြဖို့၊ ကလေးသူငယ်များကို ကောင်းမွန်စွာ ကျွေးမွေးပြုစု စောင့်ရှောက်ကြဖို့နဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလများကို စောင့်ထိန်း အားထုတ်ကြဖို့” ဆိုတဲ့အကြောင်း ဘုရင့်အမိန့်တော် မာဃာတစည်ကို သီတင်းနေ့တိုင်း လှည့်သည် ကျေညာခဲ့တယ်လို့ တဆင့်စကား ကြားသိရဘူးပါတယ်။

ဘုရင်မင်းမြတ်ကြီးရဲ့ အမိန့်တော်ဖြစ်တဲ့ မာဃာတစည် လှည့်လည်ကျေညာချက်ကို ဗဟုသုတအဖြစ် ဖော်ပြလိုက်ပါအုံးမယ်။

တိုင်းသူပြည်သား လူအများတို့လေး

ရှေးရှေး ဘေး လောင်းတော် ဘိုးလောင်းတော်တို့သည် တိုင်းပြည်ကို အစဉ်သနားသဖြင့် စောင့်ရှောက်တော်မူခဲ့ကြသည့်အတိုင်း ယခု ဘုရင်မင်းမြတ် စိုးကွပ် အုပ်ချုပ်တော်မူသော နိုင်ငံတော်မြတ်အတွင်း သီတင်း နေ့ကြီးရက်ကြီးအခါ၌ အဋ္ဌင်္ဂသီလ ဥပုသ်တော် စောင့်ထိန်းကြပါကုန်။

တိရစ္ဆာန် သတ္တဝါတို့၏ အသွေးအသားကိုလည်း မစား မသောက် ငြိုးငြံသဖြင့် ရှောင်ကြဉ်ကြပါကုန်။

တံငါမုဆိုး သတ်ဖြတ်ရောင်းချ စားသောက် နေထိုင်ကြကုန်သော သူအပေါင်းတို့ကလည်း နေ့ကောင်းရက်သာ သူတော်စွာနှလုံး ကျင့်သုံးကြကုန်လျက် သတ္တဝါတို့၏အသက်ကို သတ်မှု၊ သေစေမှုတို့မှ ရှောင်ကြဉ်ကြပါကုန်။

ဤ ဇီဝိတ ဒါန၊ အဘယဒါန တို့ကို ရှေး မင်းကောင်းမင်းမြတ်တို့ ပေးလှူကြသကဲ့သို့ ငါဘုရင်မင်းမြတ်ကိုယ်တော်တိုင် သားတော် သမီးတော် နန်းတွင်းသူ နန်းတွင်းသား အားလုံးတို့နှင့်တကွ တိုင်းသားပြည်သူ ရှင်လူရဟန်း သက်တန်းရှည်စွာ အေးချမ်းသာယာ ရှိပါစေကြောင်း ကောင်းစွာ ကျင့်ဆောင်ရှောင်ကြဉ်ကြပါကုန်။

အခု ပြောခဲ့တဲ့ မိန့်ခွန်းတော်တွေဟာ အသားစားတဲ့ဖက်ကို ဦးတည်ချက် မပြုဘူးဆိုတာ ရှင်းနေပါတယ်။ဒါကြောင့် ဗုဒ္ဓ၊မနူ၊ အသောက၊ ဘဝရှင်မင်းတရားကြီးတို့ရဲ့ အမိန့်တော်အရ အလို

တော်ကျကို သိပြီး လိုက်နာကျင့်သုံးနိုင်အောင် ကြိုးစားကြစေ လိုပါတယ်။

## (ဆ)

## ဆိုးဝါးလှတဲ့ ရသတဏှာ

အာရုံခြောက်ပါးထဲက မွှေ့ာရုံကို ဖယ်ထား ကျန်တဲ့ အာရုံငါးပါးထဲမှာ ဘယ်အာရုံဟာ အဆိုးဆုံးလဲလို့ မေးယင် ရသာရုံဟာ အဆိုးဆုံးလို့ ဆိုရပါလိမ့်မယ်။ ဟုတ်ပါတယ်။ ကောင်းမွန်တယ်လို့ဆိုတဲ့ ရူပါရုံကိုလဲ အောင့်အီး သည်းခံပြီး မကြည့်ပဲ နေနိုင်ပါတယ်။ ကောင်းမွန်တယ်လို့ဆိုတဲ့ သဒ္ဒါရုံနဲ့ ကောင်းမွန်တယ်လို့ဆိုတဲ့ ဂန္ဓာရုံကိုလဲ အောင့်အီး သည်းခံပြီးတော့ နားမထောင်ပဲ၊ မနမ်းရှုပဲ နေနိုင်ပါတယ်။ ပြီးတော့ ကောင်းမွန်တယ်လို့ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံကိုလဲ မတွေ့မထိပဲ နေနိုင်ပါတယ်။ အခု ပြောခဲ့တဲ့ အာရုံတွေကို ရက်ပေါင်းများစွာ လပေါင်းကြာအောင် အောင့်အီးသည်းခံပြီး နေနိုင်ပါတယ်။ ရသာရုံကိုတော့ ရက်ပေါင်းများစွာ လပေါင်းကြာအောင် အောင့်အီး သည်းခံပြီး မနေနိုင်ပါဘူး။

သာမည ရသာရုံ ဆိုးဝါးတာထက် အသားကို စားရတဲ့ ရသာရုံ ဆိုးဝါးပြီဆိုမှဖြင့် ဇာတ်တူဖြစ်တဲ့ လူသားကိုတောင် စားတဲ့အဖြစ်ကို ရောက်သွားနိုင်ပါတယ်။

အမဲဟင်းလျာ မပါယင် ပွဲတော်တယ်မဖြစ်တဲ့ ဗြာဟ္မဒတ်မင်းကို ရသကစားဖို့သယ်က အမဲသား ခွေးစား သွားတာနဲ့

နောက်ထပ်အမဲသား မရနိုင်တော့လို့ ကြံရာ မရနိုင်တော့တဲ့ အတွက် လူသားကို အစားထိုးချက်ပြီး ပွဲတော် ဆက်မိဘယ်။

ဗြာဟ္မဒတ်မင်းတရားဟာ လူသားကိုစားမိတာနဲ့တပြိုင်နက်ထဲ မျက်စိတွေမှေး မေးတွေတွန့်ပြီး၊ အလွန့်အလွန်ကောင်း၊ သင်ပ် ကောင်းမွန်းသိတော့ အဲဒီအခါကစပြီး ဆိုးဝါးလှတဲ့ ရသ တဏှာကို အလိုလိုက်မိလို့ ထီးနန်းနဲ့ တိုင်းပြည်ကိုစွန့်ကာ တော ထဲမှာ လူသားစား ပေါရိသာဒဘဝ ကို ရောက်သွားရပါတယ်။

အသားစား အခြေခံတဲ့လမ်းစဉ်ဟာ လူစင်စစ်က ဘီလူးဖြစ် သွားနိုင်တဲ့ လမ်းစဉ်ပဲလို့ ဆိုနိုင်လောက်ပါတယ်။

အထက်အညာ ထမန်သီရွာက ထမန်ကျားတွေဟာ လူ စင်စစ်က ဖြစ်လာတဲ့ ကျားတွေပါပဲ။ သူတို့ဟာ အသားစား အခြေခံလို့ လူစင်စစ်က ကျားဖြစ်လာရတယ်ဆိုယင် မလွဲနိုင် ပါဘူး။ "အသားစားအခြေခံလို့ လူစင်စစ်က ကျားဖြစ်လာရ တယ်"ဆိုတဲ့စကားကို နဲနဲရှင်းပြဖို့ လိုပါလိမ့်အုံးမယ်။

ထမန်သီက လူတချို့ဟာ သမင်၊ ဒရယ် အစရှိတဲ့ တော တိရစ္ဆာန် အကောင်ပလောင်တွေကို လိုချင်လို့ရှိယင် တောထဲကို ထွက်ပြီး လာခဲ့တယ်။ တောထဲကျတော့ အဝတ်အစားတွေကို ချွတ်ပြီး၊ နောက်ဂျမ်းပစ်လိုက်သတဲ့။ နောက်ဂျမ်း ပစ်လိုက်လို့ လေးဖက်အကျမှာ အဲဒီလူဟာ တခါထဲ ကျားစိတ် ဝင်သွား တော့တာပဲ-တဲ့။ ကျားစိတ်ဝင်သွားတာနဲ့တပြိုင်နက်ထဲ တော တိရစ္ဆာန် အကောင်ပလောင်တွေကို လိုက်လံရှာဖွေတယ်။ ရှာ ဖွေပြီး ပြန်လာတဲ့အခါမှာ သူ့အဝတ်အစားတွေကို သူပြန်မြင်ရ ဘော့ သူဟာ လူစိတ်ပြန်ဝင်လာသတဲ့။

လူသားတို့ရဲ့ပင်ကိုယ်ပကတိဖြစ်တဲ့မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်တွေဟာ အလွန်မွန်မြတ်တဲ့ စိတ်တွေ ဖြစ်ကြပါတယ်။ ဒါပေမယ့် အသားကိုစားလိုက်တဲ့ အချိန်အခါကစပြီး ပြောင်းပြန် ဖြစ်သွားကြတယ်။

ရေနံဆီမီးခွက်က ကြည်လင်တောက်ပတဲ့ မာကြူရီမီးရောင် မထွက်နိုင်သလို အမဲ၊ သား၊ ငါး၊ ဖား၊ ပုဇွန် အစရှိတဲ့အသားတွေကို စားထားလို့ စိတ်တွေ ကြမ်းတမ်းခက်ထန် ညစ်ထေးနေရာ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်တွေ ဖြစ်လာဖို့ အတော့်ကို ခဲယဉ်းလှပါတော့တယ်။ ဒါ့ကြောင့် လူသားတွေဟာ လူရဲ့ပင်ကိုယ်ဇာတိ စိတ်မွန်စိတ်မြတ်တွေဖြစ်တဲ့မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်တွေ ပြန်လည်ပြီး ဖြစ်ပေါ်လာအောင် အသားစားကို ရှောင်ကြဉ်လိုက်ကြဖို့ပဲ ဖြစ်ပါတယ်။ အသားစားကို ရှောင်ကြဉ်လိုက်လို့ရှိယင် ဘီလူးစိတ်၊ ကျားစိတ်တွေပျောက်ပြီး လူစိတ် ပြန်လည် ပေါ်ပေါက်လာတဲ့ လူ့ဘဝယောက် ဖြစ်လာပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

## (၈)

## စားနေကျမို့စားချင်တာ

တချို့က “ငါတို့တော့ သူများအသက် မြက်မြက်ဘလေးမှ မပါယင် ထမင်းစားလို့ကို မဝင်ဘူး” လို့ ပြောတတ်ကြသေးတယ်။ သူတို့ပြောတာလဲ ဟုတ်ပေမှာပဲ။ ဘာပြုလို့လဲဆိုတော့ သူတို့က သူများအသားတွေကို စားနေကျဖြစ်နေတော့ သူများအသားကို ကောင်းတယ်လို့ ထင်နေကြတာပေါ့။

ဒါပေမယ့် ပဲကိုသာ အမြဲစားနေတဲ့ ပုဏ္ဏားတွေကို အသားတွေ ကျွေးကြည့်စမ်းပါလား။ ဘယ်မှာ သဘောကျလိမ့်မှာတုန်း။ ဒါ ဘာပြုလို့လဲဆိုတော့ စားနေကျမဟုတ်လို့ပါပဲ။

ဝက်သားမစားတဲ့ ပသီကုလားကို ဝက်သား ကျွေးကြည့်စမ်းပါလား။ ဘယ်မှာ သဘောကျလိမ့်မှာတုန်း။ မကျွေတဲ့အပြင် တတ်နိုင်ရင် ရိုက်တောင် လွှတ်လိုက်အုံးမယ်။ ဒါဘာပြုလို့ဆိုယင် စားနေကျ မဟုတ်လို့ပါပဲ၊

တချို့မှာ ကြက်သား၊ ဝက်သား၊ အမဲသားတွေကို စားနေကျဖြစ်လို့ ကြိုက်နေကြပေမယ့်လို့ မြွေသားကို ကျွေးကြည့်စမ်းပါလား။ ဘယ်မှာ စားလိမ့်မှာတုန်း။ မစားတဲ့အပြင် အော်ဂလီဆံပြီး အံ့ခတောင်ပစ်လိုက်အုံးမယ်။ ဒါဘာပြုလို့လဲဆိုတော့ စားနေကျ မဟုတ်လို့ပါပဲ။

အဲဒီလိုပါပဲ "ငါတို့တော့ သူများအသက် မြက်မြက်ကလေးမှ မပါယင် ထမင်းစားလို့ကို မဝင်ဘူး"လို့ ပြောတတ်ကြတာဟာ စားနေကျဖြစ်လို့သာ ပြောတတ်ကြတာပါ။

၁၃၀၀ ခုနှစ်လောက်စီတုန်းက စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွာ ရွှေစေတီကျောင်းတိုက်မှာ ရွှေစေတီဆရာတော်ဘုရားရယ်၊ အခု ခြောက်တင်းကျရိပ်သာ (မျိုးစေ့ခြောက်တင်း ကြဲချရလို့ ခြောက်တင်းကျခေါ်တဲ့ ယာထဲမှာ တည်ဆောက်ထားတဲ့ ရိပ်သာ။)မှာ သီတင်းသုံးနေတဲ့ ဦးဝိသုတရယ်၊ဘုန်းကြီးရယ်၊ ဒီသုံးပါးဟာ အတူထိုင်ပြီး ဆွမ်းဘုဉ်းပေးနေကြတယ်။ ဒီသုံးပါးထဲမှာ ဦးဝိသုတဆရာတော်က သက်သတ်လွတ် ဘုဉ်းပေးတယ်။ ငယ်ငယ်ကလေးကတဲကဘုဉ်းပေးခဲ့တယ်လို့ဦးဝိသုတကိုယ်တိုင်ကပြောဘူးပါတယ်။ ဦးဝိသုတဆရာတော် ဘုဉ်းပေးတာကို ကြည့်ရတာဟာ

အင်မတန် မြိန်ချင့်စဖွယ်ကောင်းတယ်။ သရက်ချဉ်ကလေးနဲ့၊ ပဲပုပ်ကလေးနဲ့၊ ငြုပ်သီးတောင့်လုံးကျော်လေးနဲ့ဆိုယင် သူ့မှာ မြိန်နေတာပဲ။ ဆွမ်း သုံးပန်းကန်ပြားလောက်တော့ အသာကာ လေးနဲ့ကုန်သွားတာပဲ။ ရွှေစေတီဆရာတော်ကြီးကတောင် ရယ်စရာအနေနဲ့ "ဦးဝိသုတကြီးဟာ သက်သတ်လွတ် စားပေလို့သာ ပေါ့၊ ကြက်သား၊ ဝက်သားဟင်းကောင်းတွေနဲ့များ စားလိုက်ရလို့ရှိယင် ငါးပန်းကန်ပြားလောက်ဘော့ ကုန်လိမ့်မယ် ထင်တယ်"လို့ ပြောလိုက်ပါသေးတယ်။

ဘုန်းကြီးတို့လဲ ဦးဝိသုတလို တသက်လုံးသာ မစားတာပါ။ တခါတခါတော့ စားပါတယ်။ အဲဒီလိုစားတဲ့အခါမှာ ဆွမ်းချည့် စားရတာကိုပဲ ချိုဆိမ့်လာတယ်။ ပိုပြီး အရသာရှိလာတယ်။ ဆောင်းတွင်းဆောင်းခါမှာ ခရမ်းချဉ်သီး ပန်ထွေဖျော်တို့၊ ဘူးရွက်ပြုတ်တို့နဲ့များ စားလိုက်ရပြီဆိုမှဖြင့် အို ဘာပြောကောင်း မလဲ သိပ်အရသာရှိတာပေါ့။

ခရမ်းချဉ်သီးဟာ အင်မတန်အရသာရှိဘယ်နော်။ ဒါ့ကြောင့် ဘယ်ဟင်းထဲမှာမဆို များသောအားဖြင့် သူကပါရတာချည့်ပဲ။ သူက ဟင်းထဲမှာတော့ ဓာတ်လိုက်ပေါ့။ ပြီးတော့ ခရမ်းချဉ်သီးကို ဓာတ်ခွဲကြည့်လိုက်မယ်ဆိုယင်လေ ရေဓာတ်နဲ့ တခြားဓာတ် သတ္တုက ၉၂ဒသမ၆ ပါတယ်။ ပရိုတိန်းခေါ်တဲ့ အစေးဓာတ်က ၁ဒသမ၃၊ ဖက်ခေါ်တဲ့ အဆီဓာတ်က ၁ဒသမ၂၊ ကာဗွန်ဟိုက်ခေါ်တဲ့ ကစီဓာတ်က ၅ဒသမသုည ပါပါတယ်။

အဲဒီ ပရိုတိန်းခေါ်တဲ့ အစေးဓာတ်၊ ဖက်ခေါ်တဲ့အဆီဓာတ်၊

ကာဗွန်ဟိုက်ဒရိတ်ခေါ်တဲ့ ကဇီဓာတ်တွေထဲမှာလဲ သူ့ အချိုးအစားနဲ့သူ ကလိုရီခေါ်တဲ့ ဓာတ်အခိုးအားတွေလဲပါသေးတယ်။ ဥပမာ ပရိုတိန်းခေါ်တဲ့အစေးဓာတ် တဂရမ်ထဲမှာ ကလိုရီခေါ်တဲ့ ဓာတ်အခိုးအား ၄ ဒသမ ၁ ပါတယ်။ ဖက်ခေါ်တဲ့အဆီဓာတ် တဂရမ်ထဲမှာ ကလိုရီခေါ်တဲ့ ဓာတ်အခိုးအား ၉ ဒသမ ၃ ပါတယ်။ ကာဗွန်ဟိုက်ဒရိတ်ခေါ်တဲ့ ကဇီဓာတ် တဂရမ်ထဲမှာ ကလိုရီခေါ်တဲ့ ဓာတ်အခိုးအား ၄ ဒသမ ၁ ပါတယ်။ အဲဒီ ကလိုရီခေါ်တဲ့ ဓာတ်အခိုးအားတွေဟာ အသိအမြင် အတွေးအခေါ် အယူအဆလို့ဆိုတဲ့ ဉာဏ်အားတွေ ထက်မြက် ရင့်သန်လာနိုင်ပါတယ်။

အင်း ခရမ်းချဉ်သီးနဲ့ ပတ်သက်ပြီး ပြောလာလိုက်တာ စကားတွေ တော်တော်တောင် များသွားပြီ။ ဒါလောက်ဆိုယင် တော်အုံးမှပဲ။ ဒီစကားတွေကို အတိုချုံးပြီး နိဂုံးချုပ် ကောက်နုတ်ချက်ချရမယ်ဆိုယင် ခရမ်းချဉ်သီး၊ ဘူးသီး၊ ပဲသီး၊ ဖရုံသီး၊ အစရှိတဲ့ သက်သတ်လွတ်အသီးတွေ၊ ကင်ပွန်းရွက်၊ မန်ကျီးရွက်၊ ဆူးပုတ်ရွက်၊ ကင်းပုံရွက်၊ ချွေးတောက်ရွက် အစရှိတဲ့ သက်သတ်လွတ်အရွက်တွေ၊ အဲဒါတွေ အဲဒါတွေကိုသာ ကျန်းမာရေးနဲ့သင့်လျော်အောင် ပြုပြင်ဖန်တီး ချက်ပြုတ်ပြီးတော့ ခဏခဏစားပေးလို့ စားနေကျဖြစ်သွားပြီဆိုယင် "ငါတို့တော့ သက်သတ်လွတ်မှ စားနိုင်တော့တာပဲ။ သက်သတ်မလွတ်ယင် နှာခေါင်းကိုကသိတယ်။ ညှီစော်နံလိုက်တာ"လို့တောင် ပြောမယ့်အခြေအနေမျိုးကို ရောက်သွားပါလိမ့်မယ်။ ဒါ ဘာဖြစ်လို့လဲ ဆိုတော့သက်သတ်လွတ် စားနေကျ ဖြစ်သွားလို့ပါပဲ။

## (၈)

## မိဖမှာ နွားသတ္တဝါ

လူတွေရဲ့ အစားခံရတဲ့ သတ္တဝါတွေထဲက နွားတွေ ကျွဲတွေ ဆိုတာ လူတွေနဲ့ အနီးကပ်ဆုံးဖြစ်တဲ့ သတ္တဝါတွေ ပါပဲ။ ကျေးဇူးလဲ အလွန်များပါတယ်။ နွားတွေ၊ ကျွဲတွေဟာ နေပူမရှောင် မိုးရွာမရှောင် လူတွေခိုင်းသမျှ စေသမျှကို လုပ်ကိုင်ပေးနေကြရပါတယ်။ လှည်းတိုက်ပေးကြရတယ်၊ လယ်ထွန်ပေးကြရတယ်၊ ယာထွန်ပေးကြရတယ်၊ ကိုင်းတွေ ကျွန်းတွေ လုပ်ပေးကြရတယ်။ အို-ကုန်ကုန်ပဲ ပြောတော့မယ်။ လူတွေမလုပ်နိုင်တဲ့ ဝတ္တရားတွေ ဟူသမျှကို သူတို့က လုပ်ဆောင်ပေးနေကြရတယ်။ ပြီးတော့- ကျန်သေးတယ်။ လောကမှာ လူတွေမှာ စားဝတ်နေရေးဟာ အရေးအကြီးဆုံးပဲ မဟုတ်လား။ အဲဒီ အရေးအကြီးဆုံးဖြစ်တဲ့ စားဝတ်နေရေး အတွက် ဆိုယင် အစားကောင်း အသောက်ကောင်းတွေကို စားရသောက်ရအောင်၊ အဝတ်ကောင်း အဆင်ကောင်းတွေကို ဝတ်ရ ဆင်ရအောင် အနေကောင်း အထိုင်ကောင်းတွေနဲ့ နေရ ထိုင်ရအောင် ဒီနွားတွေ ဒီကျွဲတွေက ပြုလုပ်ပေးကြရတယ်။ ဒါတင်တောင် မကသေးဘူး။ လူတွေရဲ့ အသက်ခန္ဓာ ကြာရှည် တည်နေရေး အတွက် အားခွန်ဗလကို ဖြစ်စေနိုင်တဲ့ နွားနို့ ကျွဲနို့ကိုလဲ နွားမကြီးများ ကျွဲမကြီးများက ပေးနေကြရတယ်။ ဒါကြောင့် နွားများကျွဲများဟာ အမိအဖတွေနဲ့ တူကြတယ်လို့ဆိုယင် မလွန်နိုင်ပါဘူး။

"မာတာပိတု ဗန္ဓုဉာတိ စရှိအလား ထိုကျွဲနွားတို့ လုပ်စား

အတူ လူနှင့်တကွ ကိစ္စဆောင်ရွက် သက်မွေးဖက်ဖြင့်ဆက်ဆက် စင်စစ် မိတ်ရင်းဖြစ်၏''လို့ မန်လည် ဆရာတော်ဘုရားကြီးကလဲ မဃာဒေဝလင်္ကာသင်္ချိုင်းမှာ ဂန္ထဝင်မြောက် စပ်ဆိုထားပါတယ်။ ဒီအထဲကမှ နွားတွေ့ကျွဲတွေ့ရဲ့ အသား တွေကို မငဲ့ကွက်ပဲ ရက်ရက်စက်စက်ကြီး စားကြ မြုံကြမယ်ဆို ယင် ပညာရှိလို့ခေါ်ကြတဲ့ လူသားတွေ့ရဲ့ ကျေးဇူးတရား မသိ တတ်ခြင်း၊ တကယ်လူမဆန်ခြင်းဟာ အကွင်းလိုက်အကွက်လိုက် ပေါ်ထွက်လာပါတယ်။

သခင်ဘသောင်း ဘာသာပြန်တဲ့ တတောင့်တည ပသီပုံပြင် ထဲက မြည်းနဲ့နွား စကားပြောခန်းမှာ နွားက "တို့နွားမျိုးက အတော်လည်း အသပေါ့ကွာ။ သဟာပေမယ့် ခြေနှစ်ချောင်း နှင့် နှာရွက်တိုမျိုးလို ကျေးဇူးတော့ မကန်းတတ်ပါဘူးကွာ" လို့ ပြောတာပါပါတယ်။ ဒါကို ပုံပြင်လို့မယူပဲ တကယ့်ဖြစ်ရပ် မှန်လို့ ယူဆစရာကောင်းပါတယ်။ ဘာပြုလို့လဲဆိုတော့ကျေးဇူး တရား မသိတတ်တာကို ဖော်ပြတဲ့နေရာမှာ အင်မတန် သဘာဝ ကျလွန်းလို့ပါပဲ။

"ထိုအသားကို သတ်စားဖြတ်စား ပြုငြားတတ်သူ ထိုသည့် သူဆား လူဘွင်မိုက်လှ လူ့ဗလဘည့် ပါပတရာ လွန်ယုတ်မာ ရှင့်''လို့ မန်လည်ဆရာတော်ဘုရားကြီးမိန့်ဆိုတော်မူခဲ့တဲ့အတိုင်း ဒီလိုလူကို လူမိုက်လူယုတ်မာလို့ သမုတ်ရပါလိမ့်မယ်။

ကျေးဇူးတရား မသိတတ်တဲ့၊ ကိုယ်ချင်းစာတရား လုံးဝ မရှိတဲ့ သူတွေက ရက်ရက်စက်စက် ပြောတတ် ကြသေးတယ်။ "အမဲသားဆိုတာ အရေလဲချို၊ အဖတ်လဲကောင်း၊ လူလဲငှ၊

တာလဲသွား၊ ဈေးလဲသက်သာတယ်”တဲ့။ အဲဒီလိုပြောတတ်ကြသေးတယ်။

“စားစမ်းပါ၊ ဒါက နွားအိုနွားနာသား မဟုတ်ဖူး။သတ်မဲ့ဘယ်လောက်ချိုတုန်း” စသဖြင့် အဲဒီလိုလဲ နွားတွေ ကျွဲတွေရဲ့ အပေါ်မှာ အသနားမဖက် ရက်ရက်စက်စက် ပြောတဲ့သူတွေက ရှိကြသေးတယ်။

ဒီအထဲမှာ ဘုန်းကြီးတပါးက ပြောတာကို ကြားဘူးသေးတယ်။ အခုတော့ အဲဒီဘုန်းကြီးဟာ မရှိတော့ပါဘူး။ ပျံတော်မူသွားပါပြီ။ သူက အမဲသား သိပ်ကြိုက်တတ်တဲ့ ဘုန်းကြီးပါပဲ။ သူက ဘယ်လိုပြောတယ်မှတ်သလဲ“လယ်တီဆရာတော်က အမဲသား မစားရဘူးလေး ဘာလေးနဲ့ ဟောလိုက်ထာ၊ ငါက လယ်တီသာသနာမှာ နေတာမဟုတ်ဖူး၊ ဘုရား သာသနာမှာ နေတာ”တဲ့။ အဲဒီလိုကို ပြောပါဘယ်။

ကရုဏာတရား မေတ္တာတရား ရှိပါတယ်လို့ တာဝန်ခံထားတဲ့ ဘုန်းကြီးတပါးကမှ ဒီလိုတာဝန်မဲ့တဲ့ စကားမျိုးကို ပြောနေယင် မကောင်းတော့ပါဘူး။ ဒီအထဲမှာ “ငါက ဘုရား သာသနာမှာ နေတာ”လို့ ဆိုတဲ့စကားက သာပြီး ဆိုးဝါးပါသေးတယ်။ ဘုရားသာသနာဟာ အမဲသားလောက်ကိုသာ အဓိကထားပြီး စားနေတဲ့ သာသနာလို့ ဆိုလိုရာမရောက်ပေဘူးသား။

ကျေးဇူးတရား သိတတ်တဲ့သူမှန်သမျှ ကိုယ်ချင်းစာတရား ထားတတ်သူမှန်သမျှဟာ ရက်ရက်စက်စက် သားသတ်သမား များ သတ်ထားတဲ့ ကျွဲနွားများရဲ့ အသားများကိုစားဖို့ရာ မဆိုထားနဲ့ သူ့အလိုလို သေတဲ့အသားကိုတောင်မှ မစားသင့်ပါဘူး။

## (၂၁)
## လောကနီတိအဆုံးအမ

လောကနီတိဆရာကလဲ ဆိုထားပါတယ်။ "နွားသေယင် လင်းတများကို ဒါနချရမယ်။ ဒါမှမဟုတ်ယင် ရေမှာမျှောပြီး ငါးစာကျွေးရမယ်"တဲ့။

ယေ စ ခါဒန္တိ ဂေါ မံသံ၊
မာတု မံသံစ ခါဒယေ။
မတေသု တေသု ဂိဇ္ဈာနံ၊
ဒဒေ သောတေ စ ဝါဟယေ။

ယေ-ဦးမည်းဦးဖြူ အကြင်သူတို့သည်၊ ဂေါ မံသံ-ကျေးဇူး ကြီးလှ မိဖအလား နွား၏အသားကို၊ ခါဒန္တိ-ကရုဏာတရား ဘိတ်မထားပဲ စားကြမြုံ့ကြလေကုန်၏။ တေ-ထိုကရုဏာတရား ဘိတ်မထားသည့် သားဧးသမားတို့သည်၊ မာတု မံသံစ-မိဖ နှစ်ပါး ကျေးဇူးရှင်များ၏အသားကိုသာလျှင်၊ ခါဒယေ(ခဒန္တိ) စားကြ မြုံ့ကြသည် မည်ကုန်၏။ တသ္မာ-ထို့ကြောင့်၊ တေသု-ထိုကျေးဇူးကြီးလှ မိဖပမာ နွားသတ္တဝါတို့သည်၊ မတေသု-စုတိပြတ်ကြွေ သေကြကုန်သည်ရှိသော်၊ ဂိဇ္ဈာနံ-အပုပ်ကိုမက် လင်းတငှက်တို့အား၊ ဒဒေ(ဒဒေယျ)-ကရုဏာရှေ့ပြေး၍ ပေးလှူလိုက်ရာ၏။ စ-သို့မဟုတ်မူကား၊ သောတေ-စီးတသွင်သွင် ရေအလျဉ်၌၊ ဝါဟယေ (ဝါဟယေယျ)-ရေ၌မျှော်ပါ၊ ငါး သတ္တဝါတွေ စားကြပစေလောဟု သဘောပိုက်ကာ မျှောလိုက်ရာတော့ သတည်း။

သာဓု၊ သာဓု၊ သာဓု။

လောကနီတိဆရာ အမိန့်ရှိတော်မူဘာလို သေတဲ့ နွားကို တောင် မစားကြပဲ ရေထဲမျှောလိုက်တာသာ ကောင်းပါတယ်။ ဒါမှမဟုတ်ယင် လင်းတငှက်များကို လှူတန်းလိုက်တာသာ အကောင်းဆုံးပါပဲ။ "စိတ်ထားတတ်တော့ မြတ်ဘယ်" ဆိုတာ လို လင်းဘငှက်တွေ၊ ဒါမှမဟုတ်ယင် ရေထဲကငါးတွေ စားကြ ပါစေဆိုတဲ့သဘောမျိုးနဲ့ ပေးလှူလိုက်ယင်အများကြီးကိုကုသိုလ် တွေ ရသွားနိုင်ပါတယ်။ ဒါနပါရမီတွေ ဖြစ်သွားနိုင်ပါတယ်။

ဒီနေရာမှာ စပ်မိစပ်ရာဆိုသလို နဲနဲပါးပါး ပြောချင်ပါ သေးတယ်။ အမဲနွားသားကို တအားလွတ်ကြိုက်တတ်ကြတဲ့ လူ တချို့က နွားကို မိဖနဲ့တူတယ်လို့ ပြောတာတို့၊ နွားသား မစား ဖို့ရာ ညွှန်ပြတာတို့ကို သဘောမကျနိုင် မကျေနပ်နိုင်ကြတဲ့ အနေနဲ့ ကြုံကြုံဖန်ဖန် တွေးတွေးတောတော ပြောတတ်ကြ သေးတယ်။ ဘယ်လိုပြောတတ်ကြသေးသလဲဆိုတော့ "လောက နီတိထဲမှာပါတဲ့ ဒီဂါထာဟာ မွေးကထဲက နွားမကြီးကို ရှိခိုးပီး ကိုးကွယ်လာကြတဲ့ အင်ဒိယတိုင်းသား ကုလား ပညာရှိတချို့က ရေးကြသွားကြတဲ့ စာပေတွေဖြစ်တယ်" တဲ့။ "ဗုဒ္ဓအယူကို ယုံကြည်ကြတဲ့ လူတွေရဲ့လက်ထဲကို မျက်စိလယ် လမ်းမှားပီး ယောင်တောင် ပေါင်တောင်နဲ့ ဝင်ရောက်လာတယ်"တဲ့။ အဲဒီလို တတ်ကြသေးတယ်။

ကိုယ်ကြိုက်တာကို ကြိုက်သလို စားခွင့်ရှိသားပဲ။ စားချင် သလို စားပါလား။ ဘယ်သူကမှ အတင်းရိုက်ပီး တားမြစ်နေ တာ မဟုတ်ပါဘူး။ ဒီလိုအခွင့်အရေးတွေရနေတာကို တောင်မှ လောကနီတိကို ကုလားပညာရှင် ရေးတဲ့စာလေး ဘာလေးနဲ့

ဂရုဟာမှုပြီးအထင်သေးအမြင်သေး ပြောတာတော့ မသင့်တော် လှပါဘူး။ ယဉ်ကျေးမှု ကင်းမဲ့လှပါတော့တယ်။

ကုလားပညာရှင်ရေးတာပဲ ထားပါအုံးတော့။ ကောင်း တာကို ညွှန်ပြယင် ကိုယ်က မလိုက်နာနိုင်တောင်မှ ကောင်း တယ်လို့တော့ ထောက်ခံနိုင်ရမယ်။ ဒီလိုမှ မထောက်ခံနိုင်ယင် ပြင်သစ်ပြည်က ဂျာနယ်သမားတစ်ဦး ပြောသလို အင်္ဂလိပ်နိုင်ငံက သူတို့နိုင်ငံဖြစ် ပညာမဟုတ်တဲ့အတွက် လက်မခံကြဘူး ဆိုတာမျိုးလို ဖြစ်နေတော့မှာပေါ့။

ကဲ-သူတို့တတွေ ဘာပဲ ပြောကြပြောကြလေ- ဘုန်းကြီးတို့ ကတော့ ဘုန်းကြီးတို့ရဲ့ ယုံကြည်တဲ့၊ မြတ်နိုးတဲ့ ယူဆမှုအတိုင်း လောကနီတိဆရာ မိန့်မှာတော်မူသလိုပဲ နွားသေကိုရေမှာမျှော၊ ဒါမှ မဟုတ်ယင် လင်းတစာ ကျွေးတာကိုပဲ သဘောကျပါ တယ်။

တချို့က သေတဲ့နွားသားကို လင်းတစာ၊ ငါးစာမကျွေးရက်ပဲ အာသာငင်ပြီး စားချင်မြို့ချင်ကြတာနဲ့ "သူ့ဟာသူ သေတဲ့ အသားကို စားတာတော့ ဘာမှအပြစ်မရှိပါဘူး"လို့ ပြောကြ လေ့ရှိကြပါတယ်။ သို့သော်လည်း ဟုတ်ပါ့မလား။ သူ့ဟာသူ သေတဲ့နွားရဲ့ အသားကိုတောင်မှ စားကြမြို့ကြသေးတယ်ဆိုယင် သတ်လို့သေတဲ့ နွားရဲ့အသားကို တော့(ဘာပြောကောင်းမလဲ) သာပြီး စားကြ မြို့ကြတော့မှာ ပေါ့။ စားကြမြို့ကြယင် ကျွေးစိတ်၊ ဘီလူးစိတ်တွေ ဝင်လာ ကြလိမ့်မည်။ ဒါ့ကြောင့် သူ့ဟာသူသေတဲ့ နွားရဲ့အသားကိုလဲ မစားတာသာ ကောင်းပါတယ်။

## (၄)

## လယ်တီဆရာတော်ဘုရားကြီးနှင့် မိန့်ခွန်းတော်

လယ်တီဆရာတော်ဘုရားကြီးက နွားသားကိုမစားဖို့ တင်းတင်းကြပ်ကြပ် မေတ္တာရပ်ခံပြီး ဟောကြားခဲ့ပါတယ်။ နွားသားရှောင်ကြဉ်ရေးတရားကို ဟောကြားတဲ့နေရာမှာ လယ်တီဆရာတော်ဘုရားကြီးဟာ ထိပ်ဖျားက မားမားမတ်မတ် ရပ်တည်တော်မူခဲ့ပါတယ်။

လယ်တီ ဆရာတော်ဘုရားကြီး နွားသား ရှောင်ကြဉ်ရေးတရားဟောကြားရတာဟာ အကြောင်းရှိပါလိမ့်မယ်။ အဓိက အကြောင်းကတော့ ရှိရမှာပါပဲ။ အဓိက အကြောင်းကလဲ နှစ်ကြောင်းလောက် ရှိပါလိမ့်မယ်လို့ ဘုန်းကြီး ထင်တယ်။ ပထမ အကြောင်းကတော့ တဏှာသရဲကို အကြောင်းခံပြီး ဒုတိယ အကြောင်းကတော့ သံဝေဂကို အကြောင်းခံလိမ့်မယ်လို့ ထင်ပါတယ်။

နဲနဲချဲ့ပြီး ရှင်းပြပါအုံးမယ်။ အခု မုံရွာမြို့မှာရှိတဲ့ လယ်တီတိုက်ကြီးရဲ့သမိုင်းရင်းကို ပြန်ပြီးကြည့်လိုက်ကြအုံးစို့။ ဒီလယ်တီတိုက်ကြီးဟာ ရှေးတုန်းက တောကြီးအတိ ဖြစ်ခဲ့တာကိုတွေ့ရပါလိမ့်မယ်။ အဲဒီ တောကြီးထဲကို လယ်တီဆရာတော်ဘုရားကြီး ဝင်လာခဲ့ပါတယ်။ ဝင်လာခဲ့ခြင်းရဲ့ အဓိက ရည်ရွယ်ချက်အကြောင်းကတော့ ရှေးဦးစွာ မိမိကိုယ်တိုင် တရားအားထုတ်ဖို့၊ နောက်-ဝေနေယျများကို တရားဟောဖို့၊ နောက်- ဒီပနီကျမ်းတွေကို ရေးသားပြုစုဖို့ ဒီအတွက်ပဲ ဖြစ်ပါတယ်။ ဒီအဓိပ္ပာယ်တွေပါတဲ့စာတပုဒ်ကို ဒီနေရာမှာ ဘုန်းကြီး ရွတ်ပြချင်ပါသေးတယ်။

ဒီစာဟာလဲ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာ အခါတော် အထိမ်းအမှတ်ပွဲအတွက် ဘုန်းကြီး ရေးဖွဲ့ထားတဲ့ ဘုန်းတော်ဖွဲ့ ရတုပိုဒ်စုံထဲက ဖြစ်ပါတယ်။ ကဲ- အဲဒီစာကို ရွတ်ပြတော့မယ်။ နားထောင်ကြပါ။

"ထေရ်မြတ်ဆရာ ကျင့်သိက္ခာနှင့် ဂုဏ်ဝါသကာတ် ပါမီခေတ်ကြောင့် ပရိယတ်နှင့် ပဋိပတ် သာသနာ ဆောင်စွမ်းကာဖြင့် ပညာမုံသောက် စွယ်စုံမြောက်သား မိုးအောက်ဇမ္ဗူ ငါလိုလူကို ဘယ်မူရှာရ ကြုံးသံဟ၍ တောစမြိုင်ခွင် ပင်ကြီးဝင်သည် အရှင်လယ်တီ နွယ် သကီကား နာအိချိုဆိမ့် ပီတိစိမ့်အောင် လိမ့်၍တခါ ဖြာ၍တချက် ခင်၍တလီ သီ၍ဘတန် ဓမ္မက္ခန်ကို ကြိမ်ဖန် များစွာ ဝေနေယျာအား လွန်သနားလျက် တလွား ထက်အောက် မြန်ပြည်လျှောက်၍ ထောက်ထောက် ထားထား ဟောမြွက်ကြားလည်း ရွှေအားမရ ပြင်းဆန္ဒ ကြောင့် သာရနှစ်ဆီ ပြည့်စုံညီသည့် ဂမ္ဘီရွှေကျမ်း အခန်း ခန်းကို မိုဌမ်းရစေ ပြုခဲ့ပေ၏။"

လယ်တီဆရာတော်ဘုရားကြီးဟာ မိမိကိုယ်တိုင် တရားအား ထုတ်ဖို့၊ နောက် ဝေနေယျများကို တရားဟောဖို့၊ နောက် ဒီပနီကျမ်းတွေကို ရေးသားပြုစုဖို့ ဒီလို ရည်ရွယ်ချက်တွေနဲ့ ဝင်လာခဲ့တဲ့ ဒီတောကြီးဟာ ကြီးကျယ်တော့ တစ္ဆေတို့၊ သူရဲတို့ ဆိုတာတွေ ရှိနေကြပါလိမ့်မယ်။ မိမိအယင်ရှိနေနှင့်ကြတဲ့ တစ္ဆေ တို့၊သရဲတို့ကို လယ်တီဆရာတော်ဘုရားကြီးက "ကဲ- မင်းတို့လဲ မင်းတို့ဘာသာ နေကြ။ ငါ့ကိုလဲမနှောင့်ယှက်ကြနဲ့"လို့ မေတ္တာ

ရပ်ခံပြီးနေရတာ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ "မင်းတို့ကြိုက်တဲ့ အစာကို ငါကျွေးမယ်"လို့လဲ တာဝန်ခံထားပြီး နေရတာ ဖြစ်ပါလိမ့်မယ်။

တစ္ဆေတို့သရဲတို့ဆိုတာ ဘာကိုကြိုက်တတ်သလဲ။အမဲသားကို ကြိုက်တတ်ကြတယ် မဟုတ်လား။ လူတွေ ကြိုက်ကြတာထက် ပိုပြီးကြိုက်တတ်ကြတယ်လို့ ဆိုလိုပါတယ်။ အဲဒီတော့ တစ္ဆေတို့ သရဲတို့ကို အမဲသားကျွေးရတာပေါ့။ အမဲသား ကြိုက်တတ်တဲ့ တစ္ဆေသရဲတွေနဲ့ သူတို့ကိုကျွေးရတဲ့ တာဝန်အပေါ်မှာ သံဝေဂ ဖြစ်လာပြီး "မုချအပြစ်ရှိတဲ့ ဒီအမဲသားကို ငါလဲမစားဘူး။တိုင်း သူပြည်သားတွေလဲ မစားကြပါစေနဲ့"ဆိုတဲ့သဘောမျိုးနဲ့ အမဲသား ရှောင်ကြဉ်ရေးတရားကို ဟောကြားတော်မူခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ သတိရလို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူတာကို ထည့်ပြောလိုက်ရအုံးမယ်။

၁၂၇၂-ခုနှစ်၊ တပို့တွဲလထဲက ဖြစ်ပါတယ်။ စစ်ကိုင်းမြို့မှာ ပလိပ်ရောဂါ အကြီးအကျယ်ဖြစ်နေတယ်။ စစ်ကိုင်းမြို့က ဒကာ ဒကာမတွေက ပလိပ်ရောဂါနှိမ်နင်း ကာကွယ်တော်မူဖို့ လယ်တီ ဆရာတော် ဘုရားကြီးကို သွားပင့်ကြတယ်။ ဆရာတော် ဘုရား ကြီးကလဲ ကြွရောက်လိုက်ပါတော် မူလာပါတယ်။ စစ်ကိုင်းမြို့ ရောက်တော့ လယ်တီ ဆရာတော်ဘုရားကြီးက "မင်းတို့မြို့က သံဃာများက ပရိတ်ရွတ်ကမ္မဝါဖတ်ပြီး မခုခံမကာကွယ်ကြဘူး လား"လို့ ဒကာဒကာမတွေကို မေးတော်မူပါတယ်။

"တပည့်တော်တို့မြို့က သံဃာတော်များဟာ ပရိတ်လဲ ရွတ် ကြပါတယ်။ကမ္မဝါလဲဖတ်ကြပါတယ်။ဒါပေမယ့် အန္တရာယ်က

မပျောက်ကင်းပါဘူးဘုရား”လို့ ဒကာဒကမတွေက ဆရာတော်ဘုရားကြီးကို ပြန်ပြီးလျှောက်ထားကြတယ်။

“ပရိတ်ရွတ် ကမ္မဝါဖတ်ဖို့ သံဃာပင့်ယင် သတိထားရမယ်။ နွားသားစားတဲ့ ဘုန်းကြီးတွေ မပါစေရဘူး။ နွားသားစားတဲ့ ပါးစပ်ကြီးနဲ့ သုဏာတု မေ ဘန္တေ သံဃော လို့ကမ္မဝါ ဖတ်လိုက်ထာနဲ့ တပြိုင်နက်ထဲ ပါးစပ်ကြီးက နွားသားနံ့ကြီးဟာ တခေါ်လောက် ရောက်အောင် ကင်းထောက်သွာတယ်။ အဲဒီတော့ ဘီလူးသဘက်တွေက နွားသားနံ့ကြီ ဆီကို မီးခိုးကြွက်လျှောက်လိုက်ပြီး လာတတ်ကြတယ်။”

“မှန်လှပါ၊ ဟုတ်ပါတယ်ဘုရား။ တပည့်တော်တို့ ပင့်တဲ့ သံဃာထဲက ဘုန်းကြီးနှစ်ပါးဟာ အခု ပလိပ်ကပ်ထဲ ပါသွားပါပြီဘုရား”

လယ်တီ ဆရာတော်ဘုရားကြီး အမိန့် ရှိတော်မူတာလိုပဲ အသားစားတဲ့သူဟာ အန္တရာယ်ကင်းအောင် ပရိတ်ရွတ် ကမ္မဝါ ဖတ်တဲ့နေရာမှာ အာဏာ မစူးရှနိုင်ဘူး။ တန်းမထက်မြက်နိုင်ဘူးလို့ မှတ်ကြရမယ်။

## (၄)

## အသားစားခြင်းရဲ့ အပြစ်များ

“ဗမာလူမျိုး ရဟန်းရှင်လူတွေဟာ သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာတွေလို့လဲ ပြောကြတယ်။ သူများ အသက်တွေကိုလဲ အားရပါးရ စားကြတယ်။ ဗုဒ္ဓဘာသာတွေဆိုတာ ဟုတ်မှ

ဟုတ်ရဲ့လားလို့တောင် သံသယဖြစ်မိတယ် ”စသဖြင့် သီဟိုဠ်သူ သီဟိုဠ်သားတွေက ပြောကြတယ်။

တချိန်တုန်းက ဗမာပြည်ကဘုရားဖူးအဖွဲ့တဖွဲ့ သီဟိုဠ်ကျွန်းကို ရောက်သွားကြသတဲ့။ အဲဒီအဖွဲ့ဟာ အမျိုးသမီး အမျိုးသား ရဟန်းတော်များပါ တော်တော်စုံတဲ့ အဖွဲ့ပါပဲ-တဲ့။ အမျိုးသမီး တွေက ရဟန်းတော်များကို ဘဲဥတွေကြော် ကပ်ကြသတဲ့။ ရဟန်းတော်တွေကလဲ အမှတ်မထင် ဘုဉ်းပေးတော် မူကြသတဲ့။

သီဟိုဠ်သူ သီဟိုဠ်သားတွေက ဘဲဥတွေကို ကြော်ကပ်ကြတာ၊ ဘုဉ်းပေးကြတာကို မြင်ကြတော့ သူတို့ရဲ့စိတ်ထဲမှာ မခံမရပ်နိုင် ဖြစ်ကြပြီး ဗမာဘုရားဖူး အဖွဲ့ကို ဝိုင်းဝန်းထားလိုက်ကြသတဲ့။ “ဗုဒ္ဓဘာသာတွေဆိုပြီး ဘဲဥတွေကို ကြော်ကပ်ကြရ မလား၊ ဘုဉ်းပေးကြရမလား” စသဖြင့်လဲ ကဲ့ရဲ့ပြစ်တင်ကြသေးသတဲ့။ ဝိုင်းဝန်းထားကြတဲ့ ပရိသတ်ကြီးဟာ တဖြေးဖြေး များသထက် များလာကြသတဲ့။ နောက်ဆုံးမှာ အဓိကရုဏ်းဖြစ်မယ့် အခြေ အနေမျိုးကိုတောင် ဆိုက်ရောက်သွားသတဲ့။ အဲဒီအခါ သီဟိုဠ် ကျွန်းမှာနေတဲ့ ဗမာရဟန်းတော် တပါးက “ဗမာပြည်မှာ တော့ ဘဲဥကို ထုံးရေစိမ်ပြီး ရောင်းတာရှိတယ်။ ဒီသီဟိုဠ်မှာလဲပဲ ဒီလို ထုံးရေစိမ်ပြီးသားမှတ်လို့ ကြော်ကပ်ကြ၊ ဘုဉ်းပေးကြတာ ပါ”လို့ ဖြေရှင်းပေးရသတဲ့။

ဒီဖြစ်ရပ်ကို မှတ်ချက်ချရမယ်ဆိုယင် “အသားစားခြင်းဟာ ဗုဒ္ဓဘာသာ မပီသခြင်း၊ ဘာသာရေး ပြင်းထန်သူတွေနဲ့ တွေ့ယင် အဓိကရုဏ်း ဖြစ်စေ နိုင်ခြင်း စတဲ့ မကောင်းကျိုးတွေ သက်ရောက်နိုင်တယ်”လို့ မှတ်ချက်ချရပါလိမ့်မယ်။

ပြီးတော့-ကြားဘူးသေးတယ်။ရွာတရွာမှာ အလှူပေးသတဲ့။ အလှူဒကာက နွားတွေ ဝက်တွေကို အိမ်နောက်ဖေးမှာ ထားပြီး လိုသလို သတ်ပြီး ညှော်ခံကျွေးမွေးနေသတဲ့။ဒီဖြစ်အင်ကို တွေ့မြင်ကြားသိနေရတဲ့ အဲဒီရွာဘုန်းကြီးက စိတ်မချမ်းမသာ ဖြစ်ပြီးနေသတဲ့။ တရားဟောချိန်ကျတော့ ဘုန်းကြီးက "ဒီလို မဖွယ်မရာ သတ်ဖြတ် ကျွေးမွေးတာဟာ ကုသိုလ် မရတဲ့အပြင် ဖွပ်သထက်ညံ့စ"ဆိုတာလို ငရဲတောင်ကြီးသေးတယ်။အလှူဒကာမှာ ဘာအကျိုးမှ မရှိဘူး"လို့ ဟောသတဲ့။

အလှူဒကာလဲ"ပရိသတ်ကြားထဲမှာ ဒီလိုဟောရမလား"ဆိုပြီး ရှက်တာနဲ့ သေနတ်ကို ဆွဲပြီး ဘုန်းကြီးကို ပစ်မယ်လို့ ဇကဲကဲ လုပ်နေသတဲ့။

ဘုန်းကြီးကလဲ"ပစ်လိုက်ကွ ငါ သေဝံ့တယ်"လို့ ရင်ကော့ပြီး ရဲရဲကြီး ပြောလိုက်သတဲ့။

အလှူတရားပွဲဟာ အကြီးအကျယ် ရန်ပွဲဖြစ်သွားတာပေါ့။ နောက်-ပရိသတ်က တောင်းပန်ဖြန်ဖြေမှ ရန်ပွဲ ငြိမ်းသွားတော့တယ်-တဲ့။တော်ပါသေးရဲ့။ ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်ပျပျ ဖြစ်ရမယ့် အလှူပွဲမှာ ဘုန်းကြီးသတ်ပွဲ ဖြစ်သွားမယ်ဆိုယင် ဘယ်မှာကောင်းနိုင်ပါတော့မလဲ။

ပြီးတော့-ကြားဘူးသေးတယ်။ ရွာတရွာမှာ အလှူ တလှူရှိသတဲ့။ အလှူဒကာက မတတ်နိုင်ရှာလို့ ကြက်သား၊ ဝက်သား၊ အမဲသား မပါပဲ ကုန်းသတ္တဝါလွတ် ဆွမ်းကပ်သတဲ့။ရွာကျောင်းဘုန်းကြီးက "ဟင်းကောင်းမပါလို့ မလိုက်ဖူး" ဆိုကိုး။ အလှူဒကာက သိတော့ စိတ်ဆိုးပြီး သူ့အိမ်က နွားဘကောင်ကို ယူသွားတယ်။ကျောင်းရောက်တော့ ကျောင်းလှေကားရင်းမှာချည်

ထားခဲ့ပြီး "ကိုယ်တော်ဘုရား- ဒါလောက်တောင် ဟင်းကောင်း ကြိုက်ယင် ဒီနွားကို ကိုယ်တော်တိုင် သတ်ပြီး ဘုန်းပေးပါတော့ ဘုရား"လို့လဲ လျှောက်ထားခဲ့သေးသတဲ့။

ကိုင်း-စဉ်းစား ကြည့်ကြစမ်းပါ။ ဘယ်လောက် ရက်စရာ ကောင်းသလဲ။ အသားတွေကို အလွန် အမင်း ကြိုက်တတ်တဲ့ အတွက် ဒကာရဲ့ မတော်မတဲ့ အရှုံတိုက်ခြင်းကို ခံရတာပဲ။

အသားစားခြင်းဟာ—

၁။ မေတ္တာကရုဏာ ကင်းမဲ့သွားရောက်ခြင်း၊

၂။ ဗုဒ္ဓဘာသာ မပီသခြင်း၊

၃။ ဘာသာဝင် အချင်းချင်းရဲ့ အထင်အမြင်အသေး ခံရခြင်း—

အစရှိတဲ့ အပြစ်တွေ ရှိပါတယ်။ဒါ့ကြောင့် အသားစားခြင်းကို တော့ အထူး အလေးဂရုပြုပြီး ရှောင်ကြဉ်ကြဖို့ ကောင်းလှပါ တော့တယ်။

(၃)

## လူဟာ အသားစားမျိုး ဟုတ် မဟုတ်

လူတွေဟာ မူလဘူတ ပင်ကိုယ်ပကတိ သားစားသတ္တဝါတွေ ဖြစ်ခဲ့သလား။ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေ ဖြစ်ခဲ့ သလားဆိုတာကို စိစစ်ဝေဖန်ကြဖို့ ကောင်းပါတယ်။ဒါကြောင့် စိစစ်ဝေဖန်ကြရအောင်။

ဒီကိစ္စမှာ မျက်မြင်ထင်ရှား ရှိနေကြတဲ့ သားစားသတ္တဝါ တွေနဲ့ သားလွတ်စားသတ္တဝါတွေကိုကြည့်ပြီးတော့ ဆုံးဖြတ်သင့် ပါတယ်။

ခွေးတွေ၊ ကြောင်တွေ၊ သစ်တွေ၊ ကျားတွေ၊ ခြင်္သေ့တွေ အစ ရှိတဲ့ သတ္တဝါတွေဟာ သားစား သတ္တဝါတွေ ဖြစ်ကြတယ်။ ဆင်တွေ၊ မြင်းတွေ၊ ကျွဲတွေ၊ နွားတွေ၊ မျောက်တွေ အစရှိတဲ့ သတ္တဝါ တွေဟာ သားလွတ်စား သတ္တဝါတွေ ဖြစ်ကြတယ်။ ဒီသားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့ ခြားနားပုံကို ကြည့်လိုရှိယင် လူတွေဟာ မူလဘူတ ပင်ကိုယ် ပကတိက သားစားသတ္တဝါတွေ ဖြစ်ခဲ့ကြသလား၊ ဒါမှမဟုတ်ယင် သား လွတ်စား သတ္တဝါတွေ ဖြစ်ခဲ့ကြသလား ဆိုတဲ့ ပြဿနာဟာ အကွင်းသား၊ အစင်းသား၊ အထင်းသား အဖြေမှန် ပေါ်ထွက် လာပါလိမ့်မယ်။ အဲဒီတော့ သားစားသတ္တဝါတွေနဲ့ သားလွတ် စား သတ္တဝါတွေရဲ့ ခြားနားပုံကို အသေအချာ သိရအောင် လေ့လာကြည့်ကြရမယ်။

ရေသောက်ပုံ တူ မတူ။ ။သားစား သတ္တဝါ တွေဟာ ရေသောက်တဲ့အခါမှာ သူတို့ရဲ့ ပါးစပ်က အလွန်ပြဲပြီး သွားအနေအထားကလဲ အလွန်ကြဲတဲ့ အတွက် ရေကို စုတ်ယူနိုင်လောက်တဲ့ လေအား မရှိကြဘူး။ ဒါကြောင့် ရေကို လျှာနဲ့ ယက်ပြီးတော့ ပြတ်ပြတ် ပြတ်ပြတ်နဲ့ မြည်အောင် သောက်ကြရတယ်။ သားလွတ်စားသတ္တဝါတွေကတော့ သူတို့ရဲ့ပါးစပ်က မပြဲလွန်းမကျယ်လွန်းဘူး။ ဖောင်းပွတဲ့ အာပေါင် အာရင်းနဲ့ ညီညာ စေ့စပ်တဲ့ သွားတွေလဲ ရှိကြတယ်။ ပြီးတော့-စုတ်ယူတဲ့ လေအားကလဲ ကောင်းကြတယ်။ ဒါကြောင့် သူတို့ဟာ ရေကို သောက်တဲ့အခါမှာ စုတ်ယူပြီးတော့ သောက် ကြတယ်။

သားစား သတ္တဝါတွေနဲ့ သားလွတ်စား သတ္တဝါတွေရဲ့ ရေသောက်ပုံ ခြားနားတာကိုကြည့်ခြင်းအားဖြင့် လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား။ ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေနဲ့ တူကြသလား ဆိုတာကို ဝေဖန် နိုင်လောက်ပါတယ်။

ချေး ထွက် မထွက်။ ။သားစား သတ္တဝါတွေဟာ ဘယ်လောက်ပဲ မောမော၊ ဘယ်လောက်ပဲ ပမ်းပမ်း၊ ဘယ်လောက်ပဲအိုက်အိုက်၊ ဘယ်လောက်ပဲပူပူ ဘယ်တော့မှ ချေးထွက်ရိုးထုံးစံ မရှိကြဘူး။ဘာပြုလို့လဲဆိုယင် သူတို့ရဲ့ ခန္ဓာကိုယ်တွင်းမှာ သဘာဝအားဖြင့် ရှိပြီးဖြစ်နေတဲ့ ပိုးတွေ သူတို့ကိုယ်တိုင်စားမျိုလိုက်တဲ့ အသားတွေထဲမှာပါတဲ့ ယူရစ်(ခ်) အက်ဆစ်ခေါ်တဲ့ တခြား အဆိပ်အတောက် တွေကို သူတို့ရဲ့ သွေးတွေက ခြေမှုန်းခြင်းကို ပြုလုပ်နေကြလို့ပါပဲ။ ဒီအထဲကမှ သူတို့ရဲ့ခန္ဓာကိုယ်က ချေးထွက်ကြရအုံးမယ်ဆိုယင် ဒီသတ္တဝါတွေဟာ အသက်ဘေးနဲ့ အမြဲတွေ့ကြုံနေကြပါလိမ့်မယ်။သေဖို့ပဲ ရှိကြတော့တယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် သဘာဝမေ့က သားစား သတ္တဝါတွေကို ချေးထွက်ခွင့် မပေးဘူးလို့ မှတ်ကြရမယ်။ သားလွတ်စား သတ္တဝါတွေကတော့ ချေးထွက်ကြရတယ်။ ဒါဟာ ထုံးစံပဲ။

သားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့ ချေးထွက်ပုံ မထွက်ပုံ ခြားနားတာကို ကြည့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား။ ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေနဲ့ တူကြသလားဆိုတာကို ဝေဖန်နိုင်လောက်ပါတယ်။

**လက်နက် ရှိ မရှိ။** ။သားစားသတ္တဝါတွေမှာ တိရစ္ဆာန်တွေကို သတ်ဖြတ်ဖို့ရာနဲ့ အသေကောင်ရဲ့အသား များကို ဆုတ်ဖြတ်ကိုက်ဆွဲ စားသောက်ဖို့ရာ လက်သဲခြေသဲနဲ့ ချွန်ထက်တဲ့အစွယ်တွေရှိကြတယ်။ အဲဒါတွေဟာသူတို့ရဲ့ ထက်မြက်တဲ့လက်နက်တွေပါပဲ။ သားလွတ်စား သတ္တဝါတွေမှာလဲ ထိုက်သည်အားလျော်စွာ အစွယ်တို့ဦးချိုတို့သွားတို့တော့ ရှိကြပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အစွယ်တွေဦးချိုတွေသွားတွေဟာ ကိုက်ဆွဲဆုတ်ဖြတ် စားသောက်ဖို့ရာမဟုတ်ကြဘူး။ဘေးရန်ကာကွယ်စရာလောက်သာအသုံးကျကြတယ်။

သားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့အသေကောင်အသားတွေကို ကိုက်ဖြဲဆုတ်ဖြတ် စားသောက်ဖို့ရာ လိုလောက်တဲ့လက်နက်တွေ ပါကြတာ၊မပါကြတာကို ထောက်ချင့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား၊ ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေနဲ့ တူကြသလားဆိုတာကို ဝေဖန်နိုင်လောက်ပါတယ်။

**သွားရည် များ မများ။** ။သားစားသတ္တဝါတွေမှာ သွားရည်အနည်ငယ်သာ ရှိပြီး သားလွတ်စားသတ္တဝါတွေမှာတော့ သွားရည်တွေ အများကြီးရှိကြတယ်။သားစားသတ္တဝါတွေဟာ အသားကိုစားတဲ့အခါမှာ အတင်းအဓမ္မကမန်းကတန်း ဇွတ်တရွတ် မျိုချတတ်ကြတဲ့အတွက် သွားရည်မလိုပဲ သားလွတ်စားသတ္တဝါတွေမှာသာ အသားကိုစားတဲ့အခါ ပတ်ပတ်နပ်နပ် ကြေကြေညက်ညက် ဖြစ်အောင် ဝါးနေရတဲ့အတွက် သွားရည်လိုရခြင်းဖြစ်တယ်။ ဒါကြောင့် သားစား

သတ္တဝါတွေမှာ သွားရည်နဲ့ပြီး သားလွတ်စားသတ္တဝါတွေမှာသာ သွားရည်များရခြင်းဖြစ်တယ်။ ဒါဟာ သဘာဝဓမ္မအတိုင်းပဲလို့ ဆိုရပါလိမ့်မယ်။

သားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့ သွားရည်အနဲအများ ခြားနားပုံကို ထောက်ချင့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား။ ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေနဲ့ တူကြသလားဆိုတာကို ဝေဖန်နိုင်လောက်ပါတယ်။

အူမ ရှေ မရှေ။ ။သားစားသတ္တဝါတွေရဲ့ အစာသွင်း အစာထုတ် ပြွန်နဲ့တူတဲ့အူမဟာ တိုပြီးတော့ သားလွတ်စားသတ္တဝါတွေရဲ့ အူမဟာ ရှေတာကို တွေ့ရပါလိမ့်မယ်။ ပုံမှိတ်ကျစွာဆိုရယင် အသားစား သတ္တဝါတွေရဲ့အူမဟာ သူ့ခန္ဓာကိုယ်ရဲ့ သုံးဆသာရှိပြီး သားလွတ်စားသတ္တဝါတွေရဲ့အူမက ၁၂ ဆရှိတာကို တွေ့ရပါလိမ့်မယ်။ သားစားသတ္တဝါတွေရဲ့ အူမတိုရခြင်းဟာ သူတို့ရဲ့အူမထဲမှာ လျင်မြန်စွာပုပ်သိုးစေနိုင်တဲ့ အသားတွေကို ကြာရှေစွာ တည်နေခွင့်မရအောင်လို့ သဘာဝဓမ္မက ဖန်တီးထားခြင်းဖြစ်ပါတယ်။

သားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့ အူမအတိုအရှေ ခြားနားပုံကို ထောက်ချင့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား။ ဒါမှမဟုတ်ယင် သားလွတ်စားသတ္တဝါတွေနဲ့ တူကြသလားဆိုတာကို ဝေဖန်နိုင်လောက်ပါတယ်။

**ခွန်အား ကောင်း မကောင်း။** ။စက်ကိရိယာတွေရဲ့ အားတွေ စံချိန်ပြုတဲ့နေရာမှာ သားစား သတ္တဝါတွေဖြစ်ကြတဲ့ ကျားတို့ ခြင်္သေ့တို့ အစရှိတဲ့တိရစ္ဆာန်တွေကို စံချိန်မပြုပဲ သားလွတ်စားသတ္တဝါတွေဖြစ်ကြတဲ့ မြင်းကိုသာ စံချိန်ပြုထားပါတယ်။ ဒါဟာ တကမ္ဘာလုံးကပြုထားတဲ့ စံချိန်ပါပဲ။ ဘယ်စက်ဟာဖြင့် မြင်းဘယ်နှစ်ကောင်အားရှိတယ်လို့ ပြောကြတယ်မဟုတ်လား။ ပြီးတော့ လူစွမ်းကောင်းတွေရဲ့ ခွန်အားဗလ တိုင်းတာနှိုင်းယှဉ်ရာမှာလဲ သားလွတ်စားသတ္တဝါတွေဖြစ်ကြတဲ့ ဆင်နဲ့သာ တိုင်းတာနှိုင်းယှဉ်ထားပါတယ်။ "ဘယ်သူဟာဖြင့် ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်တယ်" ဆိုတဲ့ စကားကို ကြားဘူးကြသားပဲ။ ကျမ်းဂန်တွေထဲမှာ တောခဏ တွေ့ကြရတယ်မဟုတ်လား။ ဒါကြောင့် သားစားသတ္တဝါတွေရဲ့ ကိုယ်ခွန်အားထက် သားလွတ်စားသတ္တဝါတွေရဲ့ ကိုယ်ခွန်အားက ပိုမိုကြီးမားကြောင်းကို သိနိုင်ပါတယ်။

သားစားသတ္တဝါတွေနဲ့ သားလွတ်စားသတ္တဝါတွေရဲ့ ခွန်အားဗလခြားနားပုံကို ထောက်ချင့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့တူကြသလား၊ ဒါမှမဟုတ်ယင် သားလွတ်စား သတ္တဝါတွေနဲ့ တူကြသလားဆိုတာကို ဝေဖန်နိုင်လောက်ပါတယ်။

**မျက်လုံး မြင် မမြင်။** ။သားစားသတ္တဝါတွေဟာ မွေးလာတဲ့ အခါမှာ အကန်းအသွင် မျက်မမြင်ကလေးများသာ ဖြစ်ကြပါတယ်။ မွေးဖွားပြီးတဲ့နောက် ခုနစ်ရက် တပတ်ကျော်ကျော်လောက် ကြာတဲ့အခါကျတော့မှ သူ

တို့ရဲ့မျက်လုံးများဟာ ပွင့်ပြီး မြင်လာကြတယ်။ သားလှတ်စား သတ္တဝါတွေကတော့ မွေးမွေးချင်း မျက်စိပွင့်ပြီး မြင်လာကြပါ တယ်။

သားစားသတ္တဝါတွေနဲ့ သားလှတ်စား သတ္တဝါတွေရဲ့ မွေး မွေးချင်း မျက်စိပွင့်မလာခြင်းနဲ့ မွေးမွေးချင်း မျက်စိပွင့်လာ ခြင်းတို့ ခြားနားပုံကို ထောက်ချင့်ခြင်းအားဖြင့်လဲ လူတွေဟာ သားစားသတ္တဝါတွေနဲ့ တူကြသလား၊ ဒါမှမဟုတ်ယင်၊ သား လှတ်စားသတ္တဝါတွေနဲ့တူကြသလားဆိုတာကိုဝေဖန်နိုင်သောက် ပါတယ်။

ကိုင်း ဒါလောက်ခိုင်လုံတဲ့အထောက်အထားတွေကို ကြည့်ပြီး လူတွေဟာ ပင်ကိုယ်မူလ ပထမတုန်းက သားစား သတ္တဝါတွေ မဟုတ်ခဲ့ကြပါဘူး။ သားလှတ်စားသတ္တဝါတွေသာ ဖြစ်ခဲ့ကြ တယ်ဆိုတာ ယုံမှားစရာ မလိုတော့ပါဘူး။ ဒါပေမယ့် ဒီကနေ့ အခြေအနေအရ လူတွေဟာ သားစားသတ္တဝါတွေ ဖြစ်နေကြ ရတယ်။ ဒီလိုဖြစ်နေကြရတာကို တွေ့ရတာဟာ အင်မတန် ရင်နင့် စရာကောင်းပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတာ အကြောင်း ရှာကြရအောင်။

တချိန်တုန်းက လူတွေရဲ့ အစာမှန်ဖြစ်တဲ့ မြေပေါ်က အသီး, အပွင့်, အရွက် တွေဟာ မရှိသလောက် ရှားပါးတဲ့ ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်ခဲ့ပါလိမ့်မယ်။ အဲဒီကပ်ကြီး ဆိုက်ရောက် လာတဲ့အခါမှာ လူတွေဟာ အစားအတွက် အသက်ကို စွန့်ကြ မယ့် သတ္တဝါတွေ မဟုတ်တဲ့အတိုင်း တိရစ္ဆာန်တွေရဲ့ ဖက်ကို မျက်နှာမူမိကြ ပါလိမ့်မယ်။ ဒါကြောင့် ရှားပါးလှတဲ့ အသီး,

အပွင့်အရွက်တွေရဲ့ နေရာမှာ တိရစ္ဆာန်တွေရဲ့ အသားကို အစား ထိုးခဲ့ခြင်း ဖြစ်ကြပါလိမ့်မယ်။ပထမမှာတော့ သားစိမ်းငါးစိမ်း အတိုင်းဖြစ်ဖြစ်၊ ဒါမှမဟုတ်ယင် နေလှမ်းပြီးတော့ပဲဖြစ်ဖြစ် စား ကြတာပါပဲ။နောက် မီးခေတ်ကျတော့မှ တစတစ တိုးချဲ့တီထွင် စီစဉ်ဖန်တီးပြီး မီးနဲ့ ကင် ကြော် ချက်ပြုတ် စားခဲ့ကြ ပါတယ်။ ဒီလို စားလိုက်ကြတာနဲ့အမျှ ရောဂါဘယတွေလဲ တိုးတက်ဆန်း ပြား များသထက် များလာခဲ့တယ်ဆိုယင် လွဲနိုင်မယ် မဟုတ် ပါဘူး။

(၁)

## သားစားရှောင်ကြဉ်ရောဂါစင်

တချိန်တုန်းက မုံရွာမြို့အနောက်ဖက် ဖောင်းကာတာ ဆိုတဲ့ ရွာမှာ ကျန်းမာရေးဌာနက လူတယောက် လာရောက်ပြီး ကျန်း မာရေးတရား ဟောသတဲ့။

“လူတွေဟာ ကျန်းမာရေးတွေကောင်းလာအောင်၊ အား ခွန်ဗလတွေတိုးလာအောင်၊ခန္ဓာကိုယ်ထွားကြိုင်းဖွံ့ဖြိုးလာအောင် အသားတွေကို များများကြီး စားပေးကြရမယ်” စသဖြင့်ပေါ့ လေ-အဲဒီလို ဟောသတဲ့။

အဲဒီတရားပွဲမှာ ဖောင်းကာတာရွာသားတယောက်က တရား နာယင်း ရယ်ရယ်နေသတဲ့။အဲဒီတော့ တရားဟောတဲ့လူက “ဒီ လူဟာ ငါတရားဟောတာကို ဘာပြုလို့ ရယ်ရယ်နေပါလိမ့် မလဲ”လို့ စဉ်းစားသတဲ့။တရားပွဲ ပြီးတဲ့အခါကျတော့ “ခင်ဗျား ဘာပြုလို့ ကျုပ်တရားဟောတုန်းက ရယ်ရယ်နေတာလဲ” လို့

မေးသတဲ့။ အဲဒီတော့ ဖောင်းကားတာ ရွာသားက "ကျုပ်တို့ ခြောက်တင်းကျရိပ်သာမှာ သီတင်းသုံးတဲ့ ဆရာတော်ဘုရားဟာ အသားမစားဘူး။ တသက်လုံး သက်သတ်လွတ် ဘုဉ်းပေးတော်မူတယ်။ အဲဒီ ဆရာတော်ဘုရားဟာ ကျန်းလဲ ကျန်းမာတယ်။ အားခွန်ဗလလဲ ကောင်းတယ်။ ခန္ဓာကိုယ်ကဆိုယင် အတော့်ကို ထွားကြိုင်း ဖွံ့ဖြိုးပါတယ်။ ခင်ဗျား တရားဟောတော့ အဲဒီ ဆရာတော်ဘုရားကို ကျုပ် စိတ်ထဲမှာ ပေါ်ပေါ်လာလို့ ကျုပ် ရယ်မိတာပါ"လို့ ပြောသတဲ့။

ဖောင်းကားတာရွာသား ပြောတဲ့စကားအရ အသားမစားတဲ့ အတွက် ကျန်းမာတယ်၊ခွန်အားဗလ ကောင်းတယ်၊ ခန္ဓာကိုယ် ထွားကြိုင်း ဖွံ့ဖြိုးတယ်ဆိုတာတွေဟာ လက်တွေ့ကျလို့ သေချာ တယ်။ကျန်းမာရေးဌာနက လူ့ရဲ့ ဟောပြောချက်က (ကျန်းမာ ရေးဌာနက လူပဲ၊သိလို့ ဟောတာနေမှာပေါ့လို့ ပြောချင်ယင်လဲ ပြောတော့) ဘုန်းကြီးအနေနဲ့ကတော့ လက်တွေ့မကျလို့ မသေ ချာဘူးလို့ ပြောချင်တာပဲ။

အခုခေတ်မှာ ထင်ရှား ကျော်စောတော်မူတဲ့ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးလဲ ကျန်းမာရေး ကောင်းအောင်လို့ ဆိုပြီး သက်သတ်လွတ် ဘုဉ်းပေးတော်မူတယ်လို့ သိရပါတယ်။ ရှေးက စစ်ကိုင်းတောင်ရိုးမှာ ပဲကိုသာ ဘုဉ်းပေးတော်မူပြီး သီတင်းသုံး တော်မူသွားကြတဲ့ ဆရာတော်ဘုရားကြီးတွေဟာလဲ ကျန်းမာပြီး သက်တော်ရှည်ကြတယ်လို့ ကြားသိရဘူး ပါတယ်။ ဒါ့ကြောင့် အသားစား ရှောင်ကြဉ် တာဟာ ကျန်းမာရေး အတွက်

အကောင်းဆုံးပဲလို့ အတည်ပြု ဆုံးဖြတ်သင့်ပါတယ်။ တွေဝေ မနေကြပါနဲ့တော့။

တချို့က အသားစားခြင်းနဲ့ အသားမစားခြင်း နှစ်မျိုးတို့ရဲ့ ထူးခြားပုံကို နွားနဲ့ကျား ပုံစံထားပြီးတော့ ပြောတတ် ကြသေးတယ်။ "နွားဟာ အသားမစားဘူး။ ကျားဟာ အသားစားတယ်။ နွားဟာ ကျားမရုန်းနိုင်တဲ့ ဝန်ကို ရုန်းနိုင်တယ်။ ဒါပေမယ့် ကျားက လျင်မြန်ဖျတ်လတ်မှု ပိုတယ်"တဲ့။ "ဒါ့ကြောင့် နွား လုပ်မပြနိုင်တဲ့ အလုပ်တွေကို ကျားက လုပ်ပြနိုင်တယ်"တဲ့။ ဥပမာ–ရွှေဂျမ်း နောက်ဂျမ်း ပစ်တာတို့၊ ချုံတွေကို လွှားကနဲ လွှားကနဲနေအောင် ခုန်တာတို့၊ နွားကြီးတကောင်လုံးကိုတောင် ကိုက်ချီပြီး သွားနိုင်တာတို့ပေါ့လေ။

သူတို့ ဆိုလိုတာကတော့ မြက်စားတဲ့နွားက အားပိုကောင်းတယ်။ အသားစားတဲ့ကျားက လျင်မြန်ဖျတ်လတ်မှု ပိုတယ်လို့ ဆိုလိုတာပါပဲ။ ဒီစကားဟာလဲ တကယ်အတည်ပြု ဆုံးဖြတ်ချ ချနိုင်လောက်အောင် တကယ် ခိုင်မာသေချာတဲ့စကား မဟုတ်ပါဘူး။ နွားနဲ့ကျားရဲ့ အမူအယာပေါ်မှာ မူတည်ပြီး အကျိုးတရားကိုသာ မြင်တဲ့ အမြင်မျိုးနဲ့ ပြောတာပါ။ အမှန်မှာတော့ သတ္တဝါရဲ့ ဓလေ့နဲ့ လေ့လာမှုအပေါ်မှာ အခြေခံပြီး လျင်မြန် ဖျတ်လတ်မှုဆိုတာ ဖြစ်ပေါ်လာရတယ်လို့ ဆိုချင်ပါတယ်။

အဲဒီတော့ ရှေ့ရှေ့ ဝေးဝေး တွေးတွေးတောတော စဉ်းစား ကြောာ ထူမနေကြပါနဲ့တော့။ ခုနက အတည်ပြု ဆုံးဖြတ်ချက် ချခဲ့သလိုသာ၊ "အသားစား ရှောင်ကြည်တာဟာ ကျန်းမာရေး အတွက် အကောင်းဆုံးပဲ"လို့ မတွေမဝေပဲ အတည်ပြုဆုံး ဖြတ်ချက် ချလိုက်ကြပါတော့။

# (၈)

## ရောဂါတွေပြား အသားစား

အသားစားတဲ့လူပညာရှင်တွေက ဆင်ခြေပေးလေ့ရှိကြသေးတယ်။ "အသားဟာ ပရိုတိန်းဓာတ် တော်တော်များများ ပါဝင်တယ်။ လူဟာ မိမိရဲ့ ရုပ်ကာယ ကျန်းမာဝဖြိုးရေး၊ ခိုင်မာတောင့်တင်းရေးနဲ့ အခွန့်ရှည်စွာ တည်တန့်နိုင်ရေးတို့ အတွက် အဲဒီပရိုတိန်း ဓာတ်ကို များစွာ လိုတယ်။ ဒါကြောင့် လူဟာ အသားကို အဟာရ ပြုသင့်တယ်"လို့ အဆိုပြုကြတယ်။

ဒါပေမယ့် သူတို့ အဆိုပြုကြတာဟာ လောကဓာတ် ဝိဇ္ဇာ ဆရာကြီးတွေက အခိုင်အမာ ဆုံးဖြတ်ထားကြတာကို သတိမမူမိကြလို့ အဆိုပြုကြတာနဲ့ တူပါတယ်။ လောကဓာတ် ဝိဇ္ဇာဆရာကြီးတွေက ဘယ်လို အခိုင်အမာ ဆုံးဖြတ်ထားကြသလဲဆိုယင် "အသားမှာပါတဲ့ ပရိုတိန်းဓာတ်ဟာ သစ်သီး သစ်ရွက်မှာပါတဲ့ ပရိုတိန်းဓာတ်ထက် ပုပ်လွယ် သိုးလွယ် တယ်"လို့ ဆုံးဖြတ်ထားကြပါတယ်။

ဒေါက်တာဟိ(ဂ်)ဆိုတဲ့ ဆရာဝန်ကြီးနဲ့ တခြားထင်ရှားတဲ့ ဆေးပညာ ပါရဂူကြီးတို့ရဲ့ စစ်ဆေးချက်အရ "အမဲသား တပေါင်မှာယူရစ်(ခ်)အက်ဆစ်ဓာတ်၁၄-ဂရိမ် ပါဝင်ပြီး အမဲသဲ တပေါင်မှာ ၁၉-ဂရိမ်ပါဝင်တယ်"လို့ ဆိုကြပါတယ်။ တခြား အသားတွေမှာလဲ အနဲငယ်ရော့ခြင်း ပိုခြင်းမှ တပါး အလား တူပဲ ယူရစ်(ခ်)အက်ဆစ်ဓာတ်တွေ အမြဲပါဝင်နေကြပါတယ်။ ဒီယူရစ်(ခ်)အက်ဆစ်ဓာတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတွေ

ဟာ အများကြီး ရှိပါတယ်။ တချို့တဝက်ကို ဖော်ပြရမယ် ဆိုယင်

၁။ ဒူလာအမျိုးမျိုး
၂။ အကြောအဆစ်ရောင်တဲ့ ရောဂါ
၃။ ခေါင်းကိုက်ဝေဒနာ
၄။ ဝက်ရူးနာ
၅။ စိတ္တဇအရူးရောဂါ
၆။ အမူးရောဂါ
၇။ မျောတတ် မေ့တတ်တဲ့ရောဂါ
၈။ သွက်ချာပါဒရောဂါ
၉။ ပန်းနာ
၁၀။ အကြောအချဉ်ကိုက်ခဲတဲ့ ရောဂါ
၁၁။ အစာအိမ်ပျက်ရောဂါ
၁၂။ ဖျဉ်းနာ
၁၃။ ဆီးအောင့် ကျောက်တည် ရောဂါ
၁၄။ ဆီးလွန် ဆီးချိုရောဂါ
၁၅။ သွေးစုနာ
၁၆။ ယားနာ
၁၇။ အသားမာ

အစရှိတဲ့ အဲဒီလို ရောဂါတွေ ဝေဒနာတွေပါပဲ။

အသားဟာ ပုပ်လွယ်သိုးလွယ်တတ်တယ်။ အပူ အအေးဒဏ်ကို ကြာရှည်မခံနိုင်ဘူး။ ဒီအသားနဲ့ တည်ဆောက်ထားတဲ့ ဒိခန္ဓာကိုယ်ကြီးဟာလဲ ဒီနည်းအတိုင်း နေမှာပါပဲ။ ကြာရှည် ခံနိုင်

အောင် ကောင်းမွန်တဲ့ အဆောက်အဦမျိုး ဖြစ်မလာနိုင်ပါဘူး။ ဒါ့ကြောင့် အသားဟာ ရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်တဲ့ အကြိုးရင်း ဖြစ်တယ်ဆိုတာငြင်းကွယ်နေစရာ မလိုတော့ပါဘူး။

ထင်ရှားအောင် ဥပမာပြရမယ်ဆိုယင်–ခွေး၊ ညှင်း၊ တင်းတိပ် ဝဲနာ၊ ယားနာတွေရှိတဲ့လူဟာ အသားကို စားလိုက်ယင်ဒီရောဂါ တွေဟာ တိုးတက်လာတာပဲ။ အသားစားကို ရှောင်ကြဉ်လိုက် ယင် မကြာမီအတွင်းမှာ ပျောက်ကင်းသွားနိုင်ပါတယ်။

ပေါရိသာဒရဲ့ ခြေထောက်မှာ ရှားငုတ်စူးလို့ရတဲ့ ဒဏ်ရာ ကြီးဟာ အစာမစားပဲ ရှောင်ကြဉ်လိုက်တဲ့အတွက် ခုနစ်ရက် အတွင်းမှာ ပျောက်ကင်းသွားရပါတယ်။ တကယ်လို့သာ သူဟာ လူသားတွေကို ဆက်လက်စားနေမယ်ဆိုယင်ခုနစ်ရက်အတွင်းမှာ အနာပျောက်ကင်းမယ့် မဟုတ်ပါဘူး။

နူနာရောဂါ စွဲကပ်နေတဲ့ သောတ္ထိသေနဟာလဲ ဘောထဲမှာ နေပြီး အသားစားကို ရှောင်ကြဉ်လိုက်တဲ့အတွက် ရောဂါတွေ ဟာ ကွင်းလုံးကျွတ် ပျောက်ကင်းသွားရပါတယ်။

သတ္တဝါတွေရဲ့အသားကို မစားကြခင် ဟိုရှေးအခါတုန်းက ရောဂါဟာ သုံးမျိုးသာရှိတယ်။ သတ္တဝါတွေရဲ့အသားကို စား လာကြတော့မှ အနာရောဂါတွေဟာ ကိုးဆယ့်ရှစ်ပါးအထိ များပြားလာတယ်လို့ သုတ္တနိပါတ် စူဠဝဂ် ဗြာဟ္မဏဓမ္မိကသုတ် မှာ ဟောထားတာ ရှိပါတယ်။

တယော ရောဂါ ပုရေအာသုံ၊
ဣစ္ဆာ အနသနံ ဇရာ။
ပသူနဉ္စ သမာရမ္ဘာ၊
အဋ္ဌာနဝုတိမာဂမုံ။

ပုရေ-သားသတ်သမား အသားစားတို့ ထင်ရှား မပေါ် လာမီဟိုရှေးအခါတုန်းဆီက၊ ဣစ္ဆာ-မရှိခဲ့လျှင် လိုချင်တောင့်တ ရခြင်း တပါး၊ အနသနံ-စားချိန်ကျ၍ မစားရက ဆာလောင် ရခြင်း တပါး၊ ဇရာ-အိုချိန်ကျလျှင် တား၍ပင်မရ အိုမင်းရ ခြင်း တပါး၊ ဣတိ-ဤသို့၊ တယော ရောဂါ-အနာရောဂါ သုံးမျိုးတို့သည်သာလျှင်၊ အာသုံ-လူ့လောကတလွှား၌ ထင်ရှား မသေ့ ရှိကြပေကုန်၏။ စ-သားသတ်သမား အသားစားတို့ ထင်ရှားပေါ်လာ ယခုအခါ၌မူကား၊ ပသူနံ-ကျွဲနွားအစ များ ပြားလှစွာ သတ္တဝါတို့ကို၊ သမာရမ္ဘာ-သတ်ကာဖြတ်ကာ စား သောက်ကြသည့် တွက်တာကြောင့်၊ အဋ္ဌာ နဝုတိ-ကိုးဆယ့်ရှစ် ဖြာ ရောဂါကပ်ဆိုး အနာမျိုးတို့သည်၊ အဂမုံ- လူ့လောက တလွှား၌ ဖြစ်ပွားပေါ်ပေါက်၍ ဆိုက်ရောက် လာကြလေကုန် သတည်း။

သာဓု၊ သာဓု၊ သာဓု။

သားစားခေတ်မတိုင်ခင် ကာလတုန်းက

၁။ လိုချင်တာ မရတဲ့ ရောဂါ
၂။ စားချိန်ကျမှ ဆာတဲ့ ရောဂါ
၃။ အိုချိန်ကျမှ အိုတဲ့ ရောဂါ

ဒီရောဂါ သုံးမျိုးသာရှိတယ်။ အခုတော့ အသားတွေကိုစား လာကြတဲ့အတွက် ရောဂါတွေဟာ ကိုးဆယ့်ရှစ်ပါးအထိ များ ပြား တိုးတက်လာခဲ့တယ်။ ဒါဟာ သားစားခေတ် အစပိုင်း လောက်တုန်းက ရှိတဲ့ရောဂါကိုသာ ပြောတာ။ အခုခေတ်မှာ

ဆိုယင် ကိုးဆယ့်ရှစ်ပါးလဲ မကတော့ဘူး။ ထူးထူးဆန်းဆန်း ဖြစ်တဲ့ ရောဂါတွေမှန်သမျှဟာ အသားတွေကို စားခြင်းနဲ့ အကြောင်းမကင်းဘူးလို့ ဆိုချင်တော့တာပဲ။

ဒါ့ကြောင့် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်တဲ့ အသား တွေကို မစားပဲနဲ့ ရှောင်ကြဉ်ကြပါ။ ကိုယ်ချင်းစာ မေတ္တာ တရား များများကြီးထားပြီး အသားငါးကို ရှောင်ကြဉ်ကြပါ လို့ တိုက်တွန်းလိုက်ပါတယ်။

## (တ)

## အသားနဲ့တရား

အသားစားကို များများကြီး ရှောင်ကြဉ်ဖို့ရာ စေတနာ ထက်ထက်နဲ့ တက်တက်ကြွကြွဟောပြည့်ကြားနေတော့အသား စားကို ရှောင်ကြဉ်မှ သူတော်စင် သူမြတ်လောင်း ဖြစ်မယ့် တရားကို အားထုတ်လို့ရနိုင်မယ်၊ ကိလေသာတဏှာ ကင်းမယ် စသဖြင့် ဒီသိုတော့ မယူဆစေချင်ဘူး။

တချို့ သက်သတ်လွတ်သမား အသားစား ရှောင်ကြဉ်သူ တွေက အသားစားကိုမှ မရှောင်ကြဉ်ယင် တရားအားထုတ်လို့ တောင် မရနိုင်သလောက် အသားစားသူတွေရဲ့ အပေါ်မှာ အထင်သေးအမြင်သေးပြီး ပစ်ပစ်ခါခါ ပြောဆိုတတ်ကြသေး တယ်။ သူတို့က ဒီလိုပြောတော့ အသားစားသမားတွေကလဲ သစ်ငုတ်တွေမှ မဟုတ်ပဲ ပြန်ပြောကြတာပေါ့။ ဘယ်လိုပြောကြ သလဲဆိုတော့ “ဓေဝဒတ်ဂိုဏ်းသား မာန်မာနတွေ ဝင်နေတဲ့

သက်သတ်လွတ်ဘေးသမားတွေဟာ ဒီလို မာနတွေ ဝင်နေယင် တရားအားထုတ်လို့ ဘယ်မှာ ရနိုင်လိမ့်မှာတုန်း”တဲ့။ အဲဒီလို အားကျခံဂုဏ်ကောက်လန်အောင် ပြန်ပြီးချေပပြောဆိုကြတယ်။

အဲဒီလို နှစ်ပက္ခ ကွဲပြားနေတော့ သက်သတ်လွတ် စားတာ, မစားတာနဲ့ တရားအားထုတ်တာကို တွဲပြောလို့ မဖြစ်ဖူး။ ရောမသွားစေနဲ့။ သက်သတ်လွတ်စားတာ မစားတာက တကန့်တပိုင်း၊ တရားအားထုတ်တာက တကန့်တပိုင်း၊ အဲဒီလို နှစ်ကန့်နှစ်ပိုင်း ခွဲခြားပြီး ပြောရမယ်။

အသားစားတဲ့သူကလဲ ဝိပဿနာ ရှုမှတ် ဆင်ခြင်မှုမရှိယင် အသားရဲ့အပေါ်မှာ ရသတဏှာ ဖြစ်နိုင်တာပါပဲ။ အသားကို မစားပဲ မြေပေါက် အသီး အပွင့် အရွက်တွေကိုသာ ရှောင်ပြီး စားသောက်တဲ့ သူကလဲ ဝိပဿနာ ရှုမှတ်ဆင်ခြင်မှု မရှိယင် ဒီအသီး အပွင့် အရွက်တွေရဲ့ အပေါ်မှာ ရသတဏှာ ဖြစ်နိုင်တာပဲ။ အဲဒီတော့ နှစ်ဦးစလုံးပဲ ဝိပဿနာ ရှုမှတ်ဆင်ခြင်မှုမရှိယင် ကိလေသာတဏှာ မကင်းနိုင်ကြဘူးလို့ မှတ်ကြရမယ်။

တကယ် ကိလေသာတဏှာရဲ့အပေါ်မှာအပြစ်မြင်ပြီး တကယ် ကိလေသာ တဏှာကင်းချင်ယင်တော့ အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်အမှတ်တရားနဲ့ ဒွါရခြောက်ပါးမှာ ပေါ်လာတဲ့ အာရုံခြောက်ပါးကို မအားမလပ်ရအောင် ဒလစပ် ရှုမှတ်ရပါမယ်။ အဲဒီလိုစဉ်ဆက်မပြတ်မရပ်မနားတမှတ်ထဲမှတ်သွားလို့ရှုယင်ရှုမှတ်ယင်းရှုမှတ်ယင်း ဖြစ်ပေါ်လာတဲ့ ဇောကာသမာဓိတွေက အင်အားတွေ ကောင်းလာပါလိမ့်မယ်။ အဲဒီအခါမှာ ရုပ်တရား နာမ်

တရားတွေကို ပိုင်းပိုင်းခြားခြား သိမြင်လာပါလိမ့်မယ်။ ရုပ်တရား၊ နာမ်တရားတွေကို ပိုင်းပိုင်းခြားခြားကြီး အဟုတ်တကယ် သိမြင်လာလို့ရှိယင် မြေ့ဆင်းရဲ့အစိုးလဲမရဆိုတဲ့ လက္ခဏာရေး တရားတွေကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားကြီး ရှင်းရှင်း လင်းလင်း ကွင်းကွင်း ကွက်ကွက်ကြီး ပြတ်ပြတ် သားသား ခြားခြား နားနားကြီး သိမြင်လာပါလိမ့်မယ်။ အဲဒီလို သိမြင် အောင်လုပ်တဲ့ ဝိပဿနာ လုပ်ငန်းကမှ တကယ့် ကိုလေသာ၊ တဏှာကုန်ခမ်းအောင်လုပ်တဲ့ လုပ်ငန်းဖြစ်တယ်ဆိုတာ သံသယမဲ့ မှတ်ထားလိုက်ကြပါတော့။ ဒါဖြင့် သက်သတ်လွတ် စားတာ ဟာ တရားအားထုတ်တဲ့အခါမှာ ဘာအသုံးမှ မကျတော့ဘူး လား။ ဘာအထောက်အကူမှ မရတော့ဘူးလားလို့ မေးယင် တော့ ဒီလိုဖြေနိုင်ပါသေးတယ်။

တရားအားထုတ်သူများပြေ့စုံရမယ့် ပဓာနိယင်္ဂတရား ၅ ပါး ထဲမှာ ဒုတိယပဓာနိယင်္ဂတရားအရ ကျန်းမာရေးနဲ့ ပြေ့စုံရမယ်လို့ ဆိုတာ ပါပါတယ်။ အဲဒီတော့ သက်သတ်လွတ် စားတာဟာ ကျန်းမာတယ်။ ကျန်းမာလို့ရှိယင် ဒုတိယ ပဓာနိယင်္ဂ တရားနဲ့ ပြေ့စုံတယ်။ ဒုတိယ ပဓာနိယင်္ဂတရားနဲ့ ပြေ့စုံလို့ရှိယင် တရား အားထုတ်ဖို့ရာ အတွက် အသုံးကျတယ်။ အထောက် အကူ ပြုတယ်လို့ ဆိုနိုင်ပါတယ်။ ပြီးတော့ ရှေးသူတော်ကောင်း အလောင်းအလျာကြီးတွေ ဖြစ်ကြတဲ့ သုမေဓာ ရှင်ရသေ့တို့၊ တေမိယရှင်ရသေ့တို့၊ ကဏှာရှင်ရသေ့တို့၊ အကိတ္တိရှင်ရသေ့တို့၊ အဲဒီ ရှင်ရသေ့ကြီးတွေဟာ အသားစားကို ရှောင်ကြဉ်ကြပြီး တော့ သစ်သီးဝလံနဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရအောင်

ရှာကြံတော်မူခဲ့ကြတယ်လို့ ဆိုတာကို အားကျပြီးတော့ မိမိတို့ ကိုယ်တိုင်လဲ ရှေးသူတော်ကောင်း အလောင်း အလျာကြီး များလို အသားအစား ရှောင်ကြဉ်မယ်။ အသီး၊အပွင့်၊အရွက် ဟင်းနဲ့ပဲ မျှတပြီး တရားကို အားထုတ်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ယင် အကျိုးမယုတ်ပါဘူး။ အသားစား ရှောင်ကြဉ် ရတဲ့အကျိုးဟာ အင်မတန် ကြီးမြင့်လှပါတယ်။

## (ထ)

## မေတ္တာတရား ပွားများကြပါ

အသားစားကို ရှောင်ကြဉ်တော်မူကြတဲ့ သူတော်စဉ်ပုဂ္ဂိုလ် အပေါင်းတွေ အားလုံးဟာ မေတ္တာရှင်ကြီးတွေပါပဲ။ မေတ္တာ ရှင်ကြီးတွေပီပီ သတ္တဝါတွေ အားလုံးရဲ့အပေါ်မှာ မေတ္တာ တရား ပွားများကြိုးကုတ် အားထုတ်ကြပါလို့ တိုက်တွန်းချင် ပါတယ်။ တိုက်တွန်းတဲ့အတိုင်း အားထုတ်ကြလို့ရှိယင် နတ်ပြည် ဗြဟ္မာ့ပြည်ကို ရောက်နိုင်ကြပါတယ်။ ဒီအကြောင်းကို ဂါထာ တပုဒ်နဲ့ အထောက်အထား ပြလိုက်ချင်ပါသေးတယ်။

မေတ္တ စိတ္တဉ္စ ဘာဝေထ၊
အပ္ပမာဏံ ဒိဝါ စ ရတ္တော စ။
အထာဂစ္ဆိတ္ထ ဒေဝပူရံ၊
အာဝါသံ ပုညကမ္မိနံ။

ဘာသာ္တော- အတွင်းမနေ့ သဘောဖြူစင် အပြင်ပျော့ ပျောင်း အိုသူတော်ကောင်းတို့၊ ဒိဝါ ၊-ဖလ်ဝါနေမင်း ထွန်း

ထိန်လင်းသည့် နေ့ခင်းနေ့အခါ၌ရင်း၊ ရတ္တော စ- သော်တာ လမင်း ထွန်းထိန်လင်းသည့် ညခင်းညအခါ၌ရင်း၊ အပ္ပမာဏ- မနိုင်းယှဉ်အပ်သော၊ မေတ္တ စိတ္တဥ- သတ္တဝါများ ညာထောက် ထားလျက် သနားကြင်နာ မေတ္တာနှင့်ယှဉ်သော စိတ်ကိုလည်း၊ ဝါ- မေတ္တာနှင့်ယှဉ်သော စိတ်၊ ကရုဏာနှင့် ယှဉ်သော စိတ်၊ မုဒိတာနှင့်ယှဉ်သောစိတ်၊ ဥပေက္ခာနှင့် ယှဉ်သော စိတ်ကိုလည်း၊ ဘာဝေသ- ပွားများကြိုးကုတ် နောက်မဆုတ်ပဲ အားထုတ်ကြ ကုန်လော့။ အထ- ထိုသို့ပွားများကြိုးကုတ် နောက်မဆုတ်ပဲ အားထုတ်ကြကုန်သည် ရှိသော်၊ ပုညကမ္မံ- ကုသိုလ်ကောင်းမှု ပြုကြသည့်သူ လူလူရှင်ရှင်တို့၏၊ အာဝါသံ- ကောင်းမွန်လှစွာ နေရာဖြစ်သော၊ ဒေဝပူရံ- နတ်ရွာနတ်ပြည် ဗြဟ္မာ့ပြည်သို့၊ အာဂစ္ဆိတ္ထ- မုချမသွေ ရောက်ကြရပေကုန်လိမ့်အံ့သတည်း။

## သာဓု၊ သာဓု၊ သာဓု။

အခုရွတ်ဆိုလိုက်တဲ့ ဂါထာဟာ စတ္တာလီသနိပါတ် စူဠသုဘ သောမဇာတ်တော်က ဖြစ်ပါတယ်။ ဒီဂါထာအရ နေ့ညမခြား မေတ္တာတရား ပွားများကြိုးကုတ် အားထုတ်ပီး ကမ္ဘာ့လူဦးရေ သန်းပေါင်း ၂၀၀၀ကျော်ရဲ့ထမင်းပွဲ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်စေဖို့ရာ အတွက် အသက်ပေးပီး အစတေးခံနေကြရတဲ့ကျွဲနွားနွား ကောင် ရေလေးသိန်း၊ ဝက်ကောင်ရေ ရှစ်သိန်း၊ သိုးနဲ့ဆိတ် ကောင်ရေ ကိုးသိန်း၊ မရေမတွက်နိုင်တဲ့ ဘဲ, ကြက်, ငှက်, ငါး အစရှိတဲ့

သတ္တဝါများကို သနားကြင်နာသဖြင့် သူတို့ရဲ့အသားကို မစားပဲ ရှောင်ကြဉ်ကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

ဒီမှာပဲ သားစားရှောင်ကြဉ်ရေး တရားတော်ကို နိဂုံးမှတ် အဆုံးသတ်မှာမို့ "အသားမစားပဲ ရှောင်ကြဉ်နိုင်ကြပါစေ။ ရောဂါလဲ ကင်းစင်နိုင်ကြပါစေ"လို့ ဆုတောင်းပြီး ဆင်းရဲဘေး ကင်း ကြောင့်ကြရှင်း မေတ္တာပို့နဲ့နိဂုံးချုပ် ရပ်သိမ်းကြရအောင်။

## (ဒ)

## ဆင်းရဲဘေးကင်း ကြောင့်ကြခြင်းမေတ္တာပို့

ဒုက္ခပတ္တာ စ နိဒုက္ခာ
ဘယပတ္တာ စ နိဗ္ဘယာ။
သောတပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပတ္တာ-ဆင်းရဲဒုက္ခ ဟူသမျှသို့ ဆိုက်ရောက်၍ နေကြကုန်သော၊သဗ္ဗေပိ ပါဏိနော- ခပ်သိမ်းဥဿုံ လုံးစုံများစွာသတ္တဝါ ဟူသမျှတို့သည်လည်း၊ နိဒုက္ခာ စ- ဆင်းရဲဒုက္ခ ဟူသမျှ လုံးဝ ကင်းရှင်းကြကုန်သည်လည်း၊ ဟောန္တု-မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ဆင်းရဲဒုက္ခ ဟူသမျှ လုံးဝကင်းရှင်းကြပါစေ။

ဘယပတ္တာ-ဘေးရန်အဝဝ ဟူသမျှသို့ ဆိုက်ရောက်၍နေကြကုန်သော၊ သဗ္ဗေပိ ပါဏိနော- ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည်လည်း၊ နိဗ္ဘယာ စ- ဘေးရန်ဟူကမြူမခပဲ လုံးဝကင်းရှင်းကြကုန်သည်၊ ဟောန္တု- မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ဘေးရန်ဟူက မြူမခ လုံးဝကင်းရှင်းကြပါစေ။

သောကပတ္တာ-စိုးရိမ်ကြောင့်ကြ ပူသောကသို့ဆိုက်ရောက်၍ နေကြကုန်သော၊ သဗ္ဗေပိ ပါဏိနော- ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည်လည်း၊ နိဿောကာ စ စိုးရိမ်ကြောင့်ကြ ပူသောကမှ လုံးဝ ကင်းရှင်းကြကုန်သည်လည်း၊ ဟောန္တု- မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

စိုးရိမ်ကြောင့်ကြ ပူသောက လုံးဝကင်းရှင်းကြပါစေ။

ဟောန္တု- ဆင်းရဲအတန်တန် ဘေးရန်အသွယ်သွယ် စိုးရိမ်ဖွယ်ဟူသမျှတို့သည် မြူမခကင်းကွာလျက် အချမ်းသာကြီးချမ်းသာကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

(ဓ)

## မဟာစည် ဆရာတော်ဘုရားကြီးထံမှစာ

ဦးကုလိသ
ရွှေစည်သာသနာ့ရိပ်သာ
နန်းရွှေ၊မန္တလေးမြို့။

၁၃၂၉-ခု၊ ဝါခေါင်လဆုတ် ၁၀-ရက်။

ဦးကုလိသ၏ သားစား ရှောင်ကြဉ်ရေး တရားကို စေ့စေ့စပ်စပ် ဖတ်ကြည့်သည်။ ရေးသား ဖော်ပြထား ချက်များမှာ တော်တော်လဲ ပြည့်စုံပါသည်။ အကွတ်လဲ ကျပါသည်။ သုံတလိုလားသူတို့ အတွက် မှတ်ဖွယ်လဲ များစွာပါလျက် ရှိပါပေသည်။ အသားစားသူမစားသူ နှစ်ဖက်လုံးကို မထိခိုက်စေဘဲ ဖော်ပြထားသည်မှာလည်း အလွန်လျှင် သင့်လျော်ပါပေသည်။ ထို စာအုပ်ကို လေးလေးနက်နက် ဖတ်၍ စဉ်းစား ဆင်ခြင်ကြည့်သူ များမှာ ကတညုတ ကတဝေဒီနှင့် မေတ္တာကရုဏာတရား ဖြစ်ပွားလျက် သားစားရှောင်ကြဉ်လိုသော စိတ်များ ဖြစ်ပွားဖွယ်လဲ ရှိပါပေ၏။

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ အမှတ် ၁၆၊ဟာမစ်တိတ်လ၊ငှး
ကုက္ကိုင်း၊ရန်ကုန်မြို့။

**မှာထားချက်။** ။သွားစား ရှောင်ကြဉ်ရေး တရားတော်က သီးခြား စာအုပ်ငယ်ကလေး ရိုက်နှိပ်ဝေငှခဲ့ဘူးစဉ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီးက ချီးမြှင့်တော်မူသော စာ ဖြစ်သည်။)

ဤတွင်

[သွားစားရှောင်ကြဉ်ရေးတရားတော် ပြီး၏]

## ၃

# ဒုလ္လဘလေးပါးတရားတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## (က)

### ဒုလ္လဘလေးပါး တရားဂါထာ

ကိစ္ဆော မနုဿပဋိလာဘော၊
ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊
ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

မနုဿပဋိလာဘော-လူ့ဘုံဋ္ဌာန လူ့လောက၌ လူဖြစ်ရခြင်းသည်ကား၊ ကိစ္ဆော-လိပ်ကဏ်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာ ခဲယဉ်းပါပေ၏။

လူဖြစ်ဖို့ရာ လောကမှာ လွန်စွာ ခဲယဉ်းပါပေသည်။

မစ္စာန ဇီဝိတံ-သတ္တဝါတို့၏ ချမ်းသာဆက်တည် အသက်ရှည်ရခြင်းသည်ကား၊ ကိစ္ဆံ-ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေများပါသဖြင့် လွန်စွာခဲယဉ်းပါပေ၏။

အသက်ဆိုတာ ရှည်ဖို့ရာ လွန်စွာခဲယဉ်းပါပေသည်။

သဒ္ဓမ္မသဝနံ-နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့၏ လမ်းဟောင်းပြတ်သား မြတ်တရားကို နာကြားရခြင်းသည်ကား ကိစ္ဆံ-ဘုရားပွင့်မှ နာကြားရပါသဖြင့် လွန်စွာ ခဲယဉ်းပါပေ၏။

တနားဒေသနာ နာဖို့ရာ လွန်စွာခဲယဉ်း ပါပေသည်။

ဗုဒ္ဓါနုပ္ပါဒေါ-သုံးလူ့ထွဋ်ထား မြတ်ဘုရားတို့၏ ထင်ရှား ထွန်းပ ဖြစ်ပေါ်ရခြင်းသည်ကား၊ ကိစ္ဆော- ကမ္ဘာအသင်္ချေ ပါရမီတွေပြည့်ဝအောင် ဖြည့်ရပါသဖြင့် လွန်စွာ ခဲယဉ်းပါ ပေ၏။

ဘုရားမြတ်စွာဖြစ်ဖို့ရာ လွန်စွာခဲယဉ်းပါပေသည်။

တသ္မာ-ထို့ကြောင့်၊ ဣဓ ကာလေ-ဘုရားသာသနာ လူဖြစ် လာရ အသက်ရှည်၍ နေရသော ဤယခုအခါကာလ၌၊ ဣဓ ကာလေ-ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့်လည်း ကြိုက်ကြုံ၊ လူ့ဘဝ လူ့အဖြစ်နှင့်လည်း တိုက်ဆုံ၊ အသက်မသေ အသက်ရှည်၍ နေ ရခြင်းကလည်းတဖုံ၊ တရားပွဲတွေကလည်း ပြည့်ပြည့်စုံစုံ ဤပုံ ဖြိုးလှ အချိုကျသည့် ယခုလိုအခါကာလ၌၊ တုမှ-စင်ဖြူ စိတ်ထေတ် မြင့်မြတ်ပေတောင်း သင့်သူတော်ကောင်းတို့သည်၊ သဒ္ဓမ္မံ-နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတို့၏ လမ်း ဟောင်းပြတ်သား မြတ်တရားကို၊ သုဏာထ-ရိုသေသမှု အာရုံ ပြု၍ ဂရုစိုက်ကာ နာလဲနာကြား အားလဲ ထုတ်နိုင်ကြပါစေကုန် သတည်း။

အခု ရွတ်ဆိုလိုက်တဲ့ တရားဂါထာ ဒေသနာတော်ဟာ ဓမ္မ ပဒ ပါဠိတော်က ဖြစ်ပါတယ်။ မြတ်စွာဘုရား ဟောကြား

တော် မူခဲ့တဲ့ ရွှေနှုတ်တော်ထွက် သာမုက္ကံသိက တရား ဂါထာ ဒေသနာတော် အစစ်ပါပဲ။ ဒီရွှေနှုတ်တော်ထွက် သာမုက္ကံသိက တရားဂါထာ ဒေသနာတော်အစစ်ရဲ့ အကျဉ်းချုပ် အဓိပ္ပာယ် ကတော့

၁။ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်၊
၂။ အသက်ရှေဖို့ရာ ခဲယဉ်းဘယ်၊
၃။ တရားနာဖို့ရာ ခဲယဉ်းဘယ်၊
၄။ ဘုရားဖြစ်ဖို့ရာ ခဲယဉ်းဘယ်၊

ဒီ လေးပါးပါပဲ။ ဒီလေးပါးဟာ ခဲယဉ်းတဲ့ ဒုလ္လဘတရား ဖြစ်လို့မို့"ဒုလ္လဘလေးပါးဘရား"လို့ နာမယ်ပေးလိုက်ရပါတယ်။

## (၁)

## လူဖြစ်ဖို့ရာ ခဲယဉ်းတယ်

ဒီဒုလ္လဘလေးပါး တရားထဲက (၁)လူဖြစ်ဖို့ရာ ခဲယဉ်းတယ် ဆိုတဲ့အကြောင်းကို ဘုန်းကြီးက အကျယ်အားဖြင့် ဟောကြား ပြပါမယ်။

မနုဿပဋိလာဘော-လူ့ဘုံဌာန လူ့လောက၌ လူဖြစ်လာရ ခြင်းသည်ကား၊ ကိစ္ဆော-လိပ်ကာဏ်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာခဲယဉ်းပါပေ၏။

မြတ်စွာဘုရားက လူဖြစ်ဖို့ရာ ခဲယဉ်းတယ်လို့ ဟောတော်မူ ခဲ့ပါတယ်။ ဒီစကားကို သာမညအားဖြင့် စဉ်းစား ကြည့်လိုက် မယ်ဆိုယင် မဟုတ်နိုင်ပါဘူးလို့ အောက်မေ့ မှတ်ထင်စရာပေါ့။ ဘာပြုလို့တုန်းဆိုတော့ ကိုယ့်မျက်စိအောက်မြင်ကွင်းတလျှောက်

မှာ လှုပ်ရှားသွားလာနေကြတဲ့ လူတွေအများကြီးကို တွေ့မြင်နေကြရလို့ပါပဲ။ ဒါလောက်များတဲ့လူတွေကို တွေ့မြင် နေကြရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင်အများကြီး တွေ့မြင်နေကြရတာပဲလို့ အောက်မေ့ မှတ်ထင်စရာပေါ့။

တခါ တိုင်းပြည်နဲ့ချီပြီး ကြည့်လိုက်ကြစမ်းပါအုံး။ ဗမာနိုင်ငံမှာ လူဦးရေ သန်းပေါင်းနှစ်ဆယ်ကျော်ရှိတယ်။ ဒါလောက်များတဲ့ လူဦးရေကို တွေ့နေကြရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင်အများကြီး တွေ့နေကြရတာပဲလို့ ယူဆစရာပေါ့။

တခါ ကိုယ့်တိုင်းပြည်ရဲ့ အနီးအပါး အနောက်ဖက်နားမှာ တည်ရှိနေတဲ့ အင်ဒိယနိုင်ငံကြီးကို ကြည့်လိုက်ကြ စမ်းပါအုံး။ လူဦးရေ သန်းပေါင်း လေးရာကျော် ရှိတယ်။ ဒါလောက်များတဲ့ လူဦးရေကို တွေ့နေကြရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် အများကြီး တွေ့နေကြရတာပဲလို့ အောက်မေ့စရာပေါ့။

တခါကိုယ့်တိုင်းပြည်ရဲ့အနီးအပါး အရှေ့မြောက်ဖက်နားမှာ တည်ရှိနေတဲ့ တရုပ်ပြည်ကြီးကို ကြည့်လိုက်ကြစမ်းပါအုံး။ လူဦးရေ သန်းပေါင်း ခြောက်ရာကျော် ရှိတယ်။ ဒါလောက်များတဲ့ လူဦးရေကို တွေ့နေကြရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် အများကြီး တွေ့နေကြရတာပဲလို့ မှတ်ထင်စရာပေါ့။

တခါ တကမ္ဘာလုံးကို ခြုံပြီး ကြည့်လိုက်ကြ စမ်းပါအုံး။ ကမ္ဘာ့လူဦးရေ သန်းပေါင်း နှစ်ထောင်ကျော် ရှိတယ်။ ဒါလောက်များတဲ့ လူဦးရေကို တွေ့နေကြရတော့ လူဖြစ်ဖို့ရာ

မခဲယဉ်းလို့သာ ဒါလောက်တောင် အများကြီး တွေ့နေကြရတာပဲလို့ တွေးတောစရာပေါ့။

ဒီလို တိုင်းပြည်ရဲ့လူဦးရေနဲ့ ကမ္ဘာရဲ့လူဦးရေကို တွက်ကြည့်လို့ ဒါလောက် လူဦးရေများနေတာကို တွေ့နေကြရရုံနဲ့ လူဖြစ်ဖို့ရာ ခဲယဉ်းဘယ် မခဲယဉ်းဘူးဆိုတာကို ဆုံးဖြတ်လို့ မဖြစ်နိုင်ပါဘူး။ လူဖြစ်ဖို့ရာ ခဲယဉ်းတယ် မခဲယဉ်းဘူးဆိုတာကို အသေအချာ အတိအကျသိရအောင်ကတော့ တိရစ္ဆာန်တွေနဲ့လူတွေကို နှိုင်းယှဉ်ပြီး ကြည့်ကြရမယ်။ ဘယ်ဒင်းက များတယ်ဆိုတာကို အသေအချာ သိရမှ အတိအကျ ဆုံးဖြတ်လို့ သိနိုင်ပါတယ်။

ဒီလောကကြီးမှာ တိရစ္ဆာန်တွေ ဘယ်လောက်ရှိသလဲ။ မရေမတွက်နိုင်ပါဘူး။ ကိုယ့်ရဲ့ပတ်ဝန်းကျင် အနီးအပါးမှာပဲ ကြည့်လိုက်ကြစမ်းပါ။ ဘာတွေ တွေ့ရသလဲ။ ကျွဲတွေ နွားတွေ ခွေးတွေ ဝက်တွေ ကြက်တွေ ငှက်တွေ ပုရွက်ဆိပ်တွေ ခြင်တွေ အစရှိတဲ့ တိရစ္ဆာန်တွေ အများကြီးကို တွေ့ရပါတယ်။ ဘယ်လောက်များတယ် ဆိုတာကိုတော့ ပြောကို မပြောနိုင်တော့ဘူး။ အမျိုးအမည်ကိုတောင်မှ ကုန်စင်အောင် မပြောနိုင်တော့ဘူး။ ဒါပေမယ့် ကျက်စားတဲ့ဌာနတူရာကို အကျဉ်းချုံးပြီး ပေါင်းရုံး ရေတွက်ပြပါမယ်။

၁။ ကုန်းပေါ်မှာ ကျက်စားသွားလာနေကြတဲ့ အမျိုးမျိုး တိရစ္ဆာန်တွေ

၂။ ရေထဲမှာ ကျက်စား သွားလာနေကြတဲ့ အမျိုးမျိုး တိရစ္ဆာန်တွေ

၃။ ကောင်းကင်မှာ ကျက်စားသွားလာနေကြတဲ့ အမျိုးမျိုး တိရစ္ဆာန်တွေ

အဲဒီလို အင်မတန် များပြားတဲ့ တိရစ္ဆာန်တွေကို တွေ့ရပါတယ်။ ဒီတိရစ္ဆာန်တွေနဲ့ ကမ္ဘာ့လူဦးရေနဲ့ နှိုင်းယှဉ်ကြည့်လိုက်မယ် ဆိုယင် တိရစ္ဆာန်တွေက များပြားပီးတော့ လူဦးရေက နဲပါးနေတာတို့ တွေ့ရပါတယ်။ ဒီလိုတွေ့ရတော့ တိရစ္ဆာန်ဖြစ်ဖို့ရာက လွယ်ကူပီး လူဖြစ်ဖို့ရာက ခဲယဉ်းတယ်ဆိုတာ သိနိုင်ပါတယ်။

နခသိခသုတ္တန်။ ။ဒီနေရာမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ နခသိခ သုတ္တန် ဒေသနာတော်ကို ထုတ်ဖော် ဟောပြပါမယ်၊ နခသိခသုတ္တန်ဒေသနာတော်ဆိုတာ သတ္တဝါတွေဟာ အပါယ်ဘုံမှာသာ ဖြစ်ဖို့ရာလွယ်ကူပီး လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းကို ဟောပြတော်မူတဲ့ ဒေသနာတော်တရပ်ပါပဲ။

မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ လက်သဲဖျားတော်ပေါ်မှာ မြေမှုန့်ကိုတင်ပီး ရဟန်းတော်တို့ကို မိန့်တော်မူတယ်။ ဘယ်လိုမိန့်တော်မူသလဲဆိုယင် "ချစ်သားရဟန်းတို့ သင်တို့ ဘယ်လိုသဘောရ အောက်မေ့မှတ်ထင်ကြသလဲ၊ ငါဘုရားရဲ့ လက်သဲဖျားတော်ပေါ်မှာ တင်ထားတဲ့မြေမှုန့်နဲ့ မဟာပထဝီမြေကြီးက မြေမှုန့်နဲ့ ဘယ်ဒင်းကများသလဲ" လို့ ဒီလိုမိန့်တော်မူတယ်။

အဲဒီတော့ ရဟန်းတော်တွေက "မြတ်စွာဘုရား-အရှင်မြတ်ဘုရားရဲ့ လက်သဲဖျားတော်ပေါ်မှာရှိတဲ့ မြေမှုန့်က အနဲငယ်မျှ

မပြောပလောက်ပါဘုရား။ မဟာပထဝီမြေကြီးက မြေမှုန့်က သာလွန်ပြီး များလှပါတယ်ဘုရား”လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက “ချစ်သားရဟန်းတို့ ဒီဥပမာအတိုင်းဘဲ လူ့ဘဝက စုတိပြတ်ကြွေ သေလွန်လို့ရှိယင် တဖန်လူပြန်ဖြစ်တဲ့သူဟာ ငါဘုရားရဲ့ လက်သဲဖျားတော်ပေါ်မှာရှိတဲ့ မြေမှုန့်လို အလွန်ပါးရှားနည်းပါးတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတွေမှာ သာ ဖြစ်တဲ့သူတွေက မဟာပထဝီမြေကြီးကမြေမှုန့်လို အလွန်တရာ များပြားတယ်”လို့ အမိန့်ရှိတော်မူတယ်။

ဒီဒေသနာတော်အရ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတာ သိနိုင်ပါတယ်။

**ကာဏ ကစ္ဆပေါပမ သုတ္တန်။** ။တနည်းအားဖြင့် လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့ အကြောင်းကို ကာဏကစ္ဆပေါပမ သုတ္တန်ဒေသနာတော်နဲ့ သိသင့်ပါသေးတယ်။ ဒါကြောင့် ကာဏကစ္ဆပေါပမ သုတ္တန်ဒေသနာတော်ကို အကျဉ်းချုပ်အားဖြင့် ဟောကြားပြပါအုံးမယ်။

မြတ်စွာဘုရားက “ရဟန်းတော်များ အိုချစ်သားတို့-ဥပမာ အားဖြင့် ငါဘုရားဟောကြားပြမယ်၊ ယောကျ်ားတယောက်ဟာ အပေါက်တခုထဲသာရှိတဲ့ ထမ်းပိုးတုံးတခုကို အပြင်ကျယ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာချပြီး မျှောတယ်ဆိုပါတော့၊ ဒီအပြင်ကျယ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ မျက်စိနှစ်ကွင်း အလင်းမရတဲ့ လိပ်ကန်းတကောင်လဲ ရှိတယ်ဆိုပါတော့၊ သူတို့နှစ်ခုဟာ လှိုင်း၊ လေ ယူဆောင်ရာ မျှောချင်ရာကိုမျှောနေကြပါစေ။ ဒီလို မျှောနေကြရာမှာ လိပ်ကန်းက အနှစ်တရာ၊ အနှစ်တထောင်

လောက်ကြာမှ တခါတခါ ရေပေါ်မှာ ပေါ်လာတယ်ဆိုပါတော့။ ရဟန်းတော်များ အို့ချစ်သားတို့-သင်တို့ ဘယ်လိုသဘောရ မှတ်ထင်အောက်မေ့ကြသလဲ။ အနှစ်တရာ၊ အနှစ်တထောင်လောက်ကြာမှ တခါတခါသာရေပေါ်မှာပေါ်လာတဲ့ လိပ်ကန်းက ထမ်းပိုးတုံးပေါက်ထဲ တဲ့တဲ့ဝင်အောင် လျှိုသွင်းနိုင်ပမလား" လို့ မေးတော်မူတယ်။

အဲဒီတော့ ရဟန်းတော်တွေက "မြတ်စွာဘုရား-လိပ်ကန်းကလဲ နှစ်ပေါင်း သိန်း၊ သန်း၊ ကုဋေ မရေမတွက်နိုင်အောင် ကြာလို့တောင်မှ မသေသေးဘူးဆိုပါတော့။ အပေါက်တပေါက်ထဲသာရှိတဲ့ ထမ်းပိုးတုံးကလဲ နှစ်ပေါင်း သိန်း၊ သန်း၊ ကုဋေ မရေမတွက်နိုင်အောင် ကြာလို့တောင်မှ မဆွေးမမြေ့သေးဘူးဆိုပါတော့။ တခါတရံ အကြောင်းအားလျော်စွာ တဲ့တဲ့ဝင်အောင် လျှိုသွင်းနိုင်မလား မသိပါဘုရား"လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက "ချစ်သားရဟန်းတို့-အနှစ်တရာ၊ အနှစ်တထောင်လောက်ကြာမှ တခါတခါသာ ရေပေါ်မှာပေါ်လာတဲ့ လိပ်ကန်းက အပေါက်တခုထဲသာရှိတဲ့ ထမ်းပိုးတုံးထဲ တဲ့တဲ့ဝင်အောင် လျှန်လျှန်မြန်မြန် လျှိုသွင်းနိုင်လိမ့်အုံးမယ်။ တကြိမ်တခါ အပါယ်လေးပါး လားရောက်ရတဲ့ လူမိုက်ဟာ လူဖြစ်ဖို့ရာ လွယ်ကူတယ်လို့ ငါဘုရား ဟောကြားတော်မမူဘူး။ ဘာပြုလို့တုန်းဆိုတော့ အပါယ်ဘုံမှာ တရားသဖြင့် ကျင့်ခြင်းလဲ မရှိ၊ ကုသိုလ်ပြုမှုလဲမရှိတဲ့အပြင် အချင်းချင်း နိုင်ရာစားတခုသာရှိလို့ပါပဲ"လို့ ဟောပြတော်မူပါတယ်။

အခုပြောခဲ့တဲ့ ဒေသနာတော်တွေအရ လူဖြစ်ဖို့ရာ ခဲယဉ်း

တယ်ဆိုတဲ့အကြောင်းကို ကောင်းကောင်းကြီး သိနိုင်လောက်ပါ ပီ။ ဒါ့ကြောင့် မြတ်စွာဘုရားက "လူဖြစ်ဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့တာပေါ့။

မနုဿပဋိလာဘော-လူ့ဘုံဌာန လူ့လောက၌ လူဖြစ်ရခြင်း သည်ကား၊ ကိစ္ဆော-လိပ်ကန်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာခဲယဉ်းပါပေ၏-တဲ့။

ကဲ-ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

(က) လူဖြစ်ဖို့ရာ လောကမှာ လွန်စွာ ခဲယဉ်းပါပေ သည်။

လူဖြစ်ဖို့ရာ လွန်စွာခဲယဉ်းတယ်ဆိုပေမယ့်လဲ အခု တရား ဟောနေတဲ့ ဘုန်းကြီးနဲ့တကွ တရားနာနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေဟာ ရှေးရှေးဘဝက ပြုလုပ်ခဲ့ကြ တဲ့ ဒါနသီလ ကုသလအဟုန် ကျေးဇူးဂုဏ်တွေကြောင့် လူ့ဘုံ လူ့ ဘဝမှာ အခုလို လူလာပီးဖြစ်နေကြရတယ်။

ကဲ-ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

(ခ) ခဲယဉ်းလှစွာ လူဆိုတာ ခုခါဖြစ်၍နေရပြီ။

လွယ်လွယ်ကူကူမဟုတ်ပဲ ကြပ်ကြပ်တဲတဲ ခဲခဲယဉ်းယဉ်းနဲ့ လူလာဖြစ်ရလို့ လူ့ဘဝရကျိုး တန်ဖိုးရှိအောင် တရားနာခြင်း တရားအားထုတ်ခြင်းလို့ဆိုတဲ့ အလုပ်ကောင်းတွေနဲ့ အချိန်ကို အသုံးပြုနိုင်ကြပါစေလို့ တရားနာပရိသတ်ကို ဘုန်းကြီးက တိုက် တွန်းလိုက်ပါတယ်။ ဒီမှာပဲ "(၁) လူဖြစ်ဖို့ရာ ခဲယဉ်းတယ်"ဆို တဲ့အကြောင်းကို နိဂုံးချုပ်လိုက်ပါပီ။

## (၈)
## အသက်ရှေဖို့ရာ ခဲယဉ်းတယ်

ဒုလ္လဘလေးပါး တရားတော်ထဲက (၁) လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းကိုတော့ ဟောပြလို့ ပြီးသွားပါပြီ၊ (၂) အသက်ရှေဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းကို အခု ဆက်လက်ပြီး ဘုန်းကြီးက အကျယ်အားဖြင့် ဟောကြားပြပါအုံးမယ်။

မစ္စာနဇီဝိတံ–သတ္တဝါတို့၏ ချမ်းသာဆက်တည် အသက်ရှည်ရခြင်းသည်ကား၊ ကိစ္ဆံ–ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေများပါသဖြင့် လွန်စွာခဲယဉ်းပါပေ၏။

မြတ်စွာဘုရားက အသက်ရှေဖို့ရာ ခဲယဉ်းတယ်လို့ဟောတော်မူခဲ့ပါတယ်။ ဒီစကားကို သာမညအားဖြင့် စဉ်းစားကြည့်လိုက်မယ်ဆိုယင် မဟုတ်နိုင်ပါဘူးလို့ အောက်မေ့မှတ်ထင်စရာပေါ့။ ဘာပြုလို့တုန်းဆိုတော့ ကိုယ့်မျက်မှောက် မျက်ကွယ်မှာ အသက်မသေပဲ အသက်ရှေနေကြတဲ့လူတွေ အများကြီးကို တွေ့မြင်နေကြရလို့ပါပဲ။ ဒါလောက်အများကြီး တွေ့မြင်နေကြရတော့ အသက်ရှေဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင်အများကြီး တွေ့မြင်နေကြရတာပဲလို့ အောက်မေ့မှတ်ထင်စရာပေါ့။ ဒါပေမယ့် မြို့နဲ့, တိုင်းပြည်နဲ့,ကမ္ဘာနဲ့ချီပြီး အသက်မရှေပဲ အသက်သေကြရတဲ့လူတွေကို စာရင်းကောက်ကြည့်လိုက်မယ်ဆိုယင် တနေ့တနေ့မှာ လူဦးရေ သောင်းချီ,သိန်းချီ,သန်းချီပြီး သေကြရတာကို တွေ့ကြရပါလိမ့်မယ်။ ဒီလိုသေကြရတဲ့အထဲမှာ သေကြရပုံတွေ အမျိုးမျိုးပါဝင်ပါတယ်။ တချို့ကလဲ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာနဲ့ သေကြရတယ်။ တချို့ကလဲ ကားတိုက်,ရထားတိုက်

ခံရလို့ သေကြရတယ်။ တချို့ကလဲ လေယာဉ်ပျံပျက်ကျလို့ သေကြရတယ်။ တချို့ကလဲ ရေနစ်လို့သေကြရတယ်။ တချို့ကလဲ သတ်ကြ၊ ပုတ်ကြ၊ ခုတ်ကြ၊ ထစ်ကြလို့ သေကြရတယ်။ အစရှိသဖြင့် အဲဒီလို သေကြရပုံတွေ အမျိုးမျိုးပါဝင်တယ်။

တိရစ္ဆာန်တွေကတော့ တနေ့တနေ့မှာ သိန်း၊ သန်း၊ ကုဋေ မရေမတွက်နိုင်အောင် သေကြရတယ်။ လူတွေရော၊ တိရစ္ဆာန်တွေရော အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေ တည်နေတဲ့အချိန်ကစပြီး သေမျိုးစေ့ကို ခေါင်းပေါ်မှာ ရွက်လာကြရတယ်။ ဒါကြောင့် "သေမင်းသည် မိမိနှင့် အတူရှိ၏"လို့ ပြောစမှတ် ပြုကြတာပေါ့။

ဒီကနေ့ အသက်မသေကြရသေးပဲ အသက်ရှင်နေကြရတဲ့ လူတွေနဲ့ လှုပ်ရှားသွားလာ လုပ်ကိုင်နေကြရတာတွေဟာလဲ အမှန်စင်စစ်မှာတော့ သင်းချိုင်းကိုဦးတည်ပြီး ချီတက်နေကြရတာနဲ့ တူတယ်။ သိပ်တူတာပဲ။ စားသောက်ဝတ်ဆင် ပြုပြင်နေကြရတာတွေဟာလဲ သေမင်းသဘောကျအောင် ပြုလုပ်ပေးနေကြရတာနဲ့ အင်မတန်တူတယ်။ ဒီအထဲမှာ ငါသွားနိုင်တယ်၊ ငါ သောက်နိုင်တယ်၊ ငါဝတ်နိုင်တယ်၊ ငါဆင်နိုင်တယ်လို့ဆိုပြီး ငါ တလုံး လက်သုံးပြုကာ မာနကြီးနေကြတဲ့သူတွေကလဲ ရှိကြသေးတယ်နော်။ ကြပ်ကြပ်ကြီး သတိထားကြပါ။ ဒီလူတွေဟာ ဥပမာ ဘာနဲ့တူသလဲဆိုယင် ရွာသူရွာသားတွေမွေးထားတဲ့ ဝက်ကြီးနဲ့ တူတယ်။ ဝက်ကြီးဟာ အသားအရေတွေ ဆူလေလေ ဝက် ကန်ထရိုက်က ကြိုက်လေလေပေါ့။ အဲဒီလိုပါပဲ။ ခန္ဓာကိုယ်ကြီး ကို ကျွေးမွေးပြုပြင် ဝတ်ဆင်ပေးလို့ လှလေလေ ဝလေလေ သေမင်းက သဘောကျလေလေပါပဲ။

ဒါ့ကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက "ငါတလူလူ ပမာမူ ရှာသူတို့ဝက် အစာများထူ အသားငယ်လူ ဆူလေလေခက်ပါလျက် ရမွက်ကယ်မာန်ဝင် သူ့အသင်းမှာ သူမင်းပဲထင်လိုက်လို့ ရှင်နိုင်မျဝက်သဏ္ဌာန်လို အချက်မှန်ပေါ်မလင်းစေဖို့ ဖော်သင်းရွှေမိတ်ဆင်ယှက်သည့်ပြင် ခင်မင်ဖွယ်အရစုံပ မာန်တဂုဏ် ဟန်ပုံနှင့်ဖုံးရှာကြ ရှုံးပလေ ထုံးမြေပြာစုမိတ်တွေ့မို့"လို့ ရေးသားပြီး ဆုံးမတော်မူခဲ့ပါတယ်။

နောက်ဆုံးမှာတော့ စားနိုင်, သောက်နိုင်တဲ့ သူတွေရော၊ ဝတ်နိုင်,ဆင်နိုင်တဲ့ သူတွေရော၊ လုတဲ့,ငတဲ့ သူတွေရော သေကြရတာချည့်ပါပဲ။ သေမင်းကအမြဲတစေ နောက်ကလိုက်နေတယ်။ ဒီသေမင်းရဲဘေးက လွတ်အောင် ဘယ်လို တိမ်းလို့,ရှောင်လို့မှ မဖြစ်ဖူး။ ဘယ်လိုပုန်းလို့,အောင်းလို့မှ မဖြစ်ဖူး။ တောင်ခေါင်းထဲမှာဝင်ပြီး အောင်းနေမလား၊ မလွတ်ဖူး။ ရေထဲမှာ ဆင်းပြီးပုန်းနေမလား၊ မလွတ်ဖူး။ ကောင်းကင်မှာတက်ပြီး ရှောင်နေမလား၊ မလွတ်ဖူး။ ဘယ်မှာနေနေ မလွတ်ဖူး။

ဒါ့ကြောင့် မန်လည် ဆရာတော်ဘုရားကြီးက မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းထဲမှာ "သေမင်း လွတ်အောင် ဘယ်သို့ ရှောင်အံ့။ တောင်ခုနစ်ခွေ ရေခုနစ်ထပ် လေးရပ်ကျွန်းခွင် ကောင်းကင်သမုဒ္ဒရာ စကြဝဠာမြေထဲ ပုန်းခိုလွဲလည်း အမြဲမချွတ် သေဘေးဝဋ္ဋ်မှ မလွတ်ဖို့သာ မှလွဲရာတည်း"လို့ရေးသားတော်မူခဲ့တယ်။

ကိုယ်က အသက်မသေသေးပဲ အသက်ရှေနေရလို့ အသက်ရှေဖို့ရာ ခဲယဉ်းတယ်ဆိုတာ မဟုတ်နိုင်ပါဘူးလို့ အောက်မေ့မနေကြနဲ့။ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေရဲ့

အကြားထဲမှာ ဖြုတ်ခနဲဖြုတ်ခနဲ တဖွဲဖွဲနဲ့ သေ-သေကုန်ကြရတာ များလှပါပြီ။ ဒါကြောင့် မြတ်စွာဘုရားက "အသက်ရှေဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့တာပေါ့။

မစ္စာနုဇီဝိတံ- သတ္တဝါတို့၏ ချမ်းသာဆက်တည် အသက်ရှေရခြင်းသည်ကား၊ ကိစ္ဆံ- ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေ များပါသဖြင့် လွန်စွာခဲယဉ်းပါပေ၏-တဲ့။

ကဲ-ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

(က) အသက် ဆိုဘာ ရှေဖို့ရာ လွန်စွာ ခဲယဉ်းပါပေသည်။

အသက်ရှေဖို့ရာ လွန်စွာ ခဲယဉ်းတယ် ဆိုပေမယ့်လဲ တရားဟောနေတဲ့ ဘုန်းကြီးနဲ့တကွ တရားနာနေကြတဲ့ ဒကာဒကာမ အပေါင်း သူတော်ကောင်းတွေဟာ ရှေးရှေးဘဝက ပြုလုပ်ခဲ့ကြတဲ့ ဒါနသီလ ကုသလအဟုန် ကျေးဇူးဂုဏ်တွေကြောင့် လူ့ဘုံ လူ့ဘဝမှာ အခုလိုလူအဖြစ်နဲ့ အသက်ရှေနေကြရတယ်။

ကဲ-ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြအုံး။

(ခ) ခဲယဉ်းလှစွာ လူဆိုဘာ ခုခါဖြစ်၍ နေရပြီ။

အခုလို ကြပ်ကြပ်တဲတဲ ခဲခဲယဉ်းယဉ်းနဲ့ အသက်ရှေလာကြရတော့ အသက်ရှေကျိုး တန်ဖိုးရှိအောင် တရားနာခြင်း၊ တရားအားထုတ်ခြင်းလို့ဆိုတဲ့ အလုပ်ကောင်းတွေနဲ့ အချိန်ကို အသုံးပြုနိုင်ကြပါစေလို့ တရားနာပရိသတ်ကို ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်။

ဒီမှာပဲ"(၂)အသက်ရှေဖို့ရာ ခဲယဉ်းတယ်"ဆိုတဲ့အကြောင်းကို နိဂုံးချုပ်လိုက်ပါပြီ။

## (ဿ)

## တရားနာဖို့ရာ ခဲယဉ်းတယ်

ဒုလ္လဘလေးပါး တရားထဲက (၂) အသက်ရှေဖို့ရာ ခဲယဉ်းတယ် ဆိုတဲ့ အကြောင်းကိုတော့ ဟောပြလို ပြီးသွားပါပြီ။ (၃) တရားနာဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့ အကြောင်းကို အဆက်လက်ပြီး ဘုန်းကြီးက အကျယ်အားဖြင့် ဟောကြားပြပါအုံးမယ်။

သဒ္ဓမ္မသဝနံ- နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့၏ လမ်းဟောင်းပြတ်သား မြတ်တရားကို နာကြားရခြင်းသည်ကား၊ ကိစ္ဆံ- ဘုရားပွင့်မှ နာကြားရပါသဖြင့် လွန်စွာ ခဲယဉ်းပါပေ၏။

မြတ်စွာဘုရားက "တရားနာဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့ပါတယ်။ ဒီစကားကို သာမညအား ဖြင့် စဉ်းစားကြည့်မယ်ဆိုယင် မဟုတ်နိုင်ပါဘူးလို့ အောက်မေ့ မှတ်ထင်စရာပေါ့။ ဘာပြုလို့တုန်းဆိုတော့ တရားပွဲတွေ ခဏခဏတွေ့ပြီး တရားတွေ ခဏခဏ နာကြားနေကြရလို့ပါပဲ။ ဒီလိုတရားပွဲတွေ ခဏခဏ တွေ့ပြီး တရားတွေ ခဏခဏနာကြားနေကြရတော့ တရားနာဖို့ရာ မခဲယဉ်းလို့သာ ဒီလိုတွေ့ပြီး ဒီလိုနာနေကြရတာပဲလို့ အောက်မေ့ မှတ်ထင်စရာပေါ့။

ရန်ကုန်မြို့မှာပဲဖြစ်ဖြစ်၊ မန္တလေးမြို့မှာပဲဖြစ်ဖြစ် ဗမာပြည်မှာ ဘယ်နေရာ ဘယ်ဌာနမျိုးမဆို ကြည့်လိုက်ကြစမ်းပါ။ ဝါတွင်း ဝါပ ဟိုနေရာ ဒီနေရာ တရားပွဲတွေ ပြုလုပ်ကြတယ်။ တရားနာ

ချင်ယင် ဘယ်သွားနာမလဲ။ အလွယ်တကူနဲ့ သွားရောက် နာယူနိုင်ပါတယ်။ မခဲယဉ်းပါဘူးလို့ အောက်မေ့ မှတ်သင်စရာပေါ့။ ကိုယ်က ကုသိုလ်ကောင်းလို့ တရားပွဲတွေ အများကြီးရှိတဲ့ အချိန်အခါတွေနဲ့ တွေ့ကြုံနေရတာပါ။ စင်စစ်မှာတော့ တရားနာဖို့ရာက တကယ်ခဲယဉ်းပါတယ်။ ဘာ့ကြောင့်လဲဆိုရင် တရားပွဲဆိုတာ အခါခပ်သိမ်း ဖြစ်နိုင်တာ မဟုတ်ဖူး။ ဘုရားပွင့်မှသာ ဖြစ်နိုင်တဲ့ အတွက်ကြောင့်ပါပဲ အဲဒီတော့ တရားပွဲ ဖြစ်နိုင်တဲ့ ခေတ်ကာလ အချိန်အခါနဲ့ တရားပွဲမဖြစ်နိုင်တဲ့ ခေတ်ကာလ အချိန်အခါကို ကမ္ဘာနဲ့ချပြီး စိစစ်ကြအုံးစို့ရဲ့။

ဒီကမ္ဘာမှာ ဘုရားဘယ်နှစ်ဆူ ပွင့်တော်မူသလဲ။ ငါးဆူ ပွင့်တော်မူတယ်။ ဒါကို လူတိုင်း လူတိုင်း သိကြတယ် အဲဒီ ဘုရားရှင်တွေရဲ့ အမည် နာမတော်တွေကိုလဲ လူတိုင်း လူတိုင်း ကြားဘူးပြီးသား ဖြစ်ကြပါတယ်။ ဒါပေမယ့် "ထပ်ဆိုတော့ ပိုမှတ်မိ" ဆိုတဲ့ စကားလို ထပ်ပြီး ရေတွက်ပြလိုက်ပါအုံးမယ်။

၁။ ကကုသန္ဓ မြတ်စွာဘုရား
၂။ ကောဏာဂမန မြတ်စွာဘုရား
၃။ ကဿပ မြတ်စွာဘုရား
၄။ ဂေါတမ မြတ်စွာဘုရား
၅။ အရိမေတ္တေယျ မြတ်စွာဘုရား

ဒီငါးဆူပါပဲ။ ဒီငါးဆူထဲက စစဦး ပွင့်တော်မူတဲ့ ကကုသန္ဓ မြတ်စွာဘုရားက သက်တော် လေးသောင်းတန်းမှာ ပွင့်တော်မူတယ်။

ကဲ-ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

၁။ ကကုသန်ခေါ် မြတ်ဘုန်းမော် သက်တော်လေးသောင်း ပွင့်လေသည်။

လေးသောင်းတန်းမှာပွင့်တော်မူတဲ့ ကကုသန္ဓမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ တရားနာနိုင်တဲ့ ခေတ်ကာလ အချိန်အခါက နှစ်ပေါင်းလေးသောင်းတဲ့။နောက်-ကောဏာဂမန မြတ်စွာဘုရားက သက်တော် သုံးသောင်းတန်းမှာ ပွင့်တော်မူတယ်။

ကဲ ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

၂။ ကောဏာဂုံခေါ် မြတ်ဘုန်းမော် သက်တော် သုံးသောင်းပွင့်လေသည်။

သုံးသောင်းတန်းမှာ ပွင့်တော်မူတဲ့ ကောဏာဂမန မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ တရားနာနိုင်တဲ့ ခေတ်ကာလအချိန်အခါက နှစ်ပေါင်းသုံးသောင်းတဲ့။ နောက် ကဿပ မြတ်စွာဘုရားက သက်တော် နှစ်သောင်းတန်းမှာ ပွင့်တော်မူတယ်။

ကဲ ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

၃။ ကဿပခေါ် မြတ်ဘုန်းမော် သက်တော် နှစ်သောင်း ပွင့်လေသည်။

နှစ်သောင်းတန်းမှာ ပွင့်တော်မူတဲ့ ကဿပ မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ တရားနာနိုင်တဲ့ ခေတ်ကာလအချိန်အခါက နှစ်ပေါင်း နှစ်သောင်းတဲ့။ နောက်ဂေါတမ မြတ်စွာဘုရားက သက်တော်တရာတန်းမှာ ပွင့်တော်မူတယ်။

ကဲ ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ် လိုက်ဆိုကြ။

၄။ ဂေါတမခေါ် မြတ်ဘုန်းမော် သက်တော် တရားပွင့်လေသည်။

တရားတန်းမှာ ပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ သက်တန်းတိုတော်မူတဲ့ အတွက် သတ္တဝါတွေရဲ့ အကျိုးကို မြော်ကိုးထောက်ထား သနားငဲ့ညှာပြီး သာသနာ ၅၀၀၀ ထားတော်မူတယ်။ အဲဒီတော့ ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ တရားနာနိုင်တဲ့ ခေတ်ကာလ အချိန်အခါက နှစ်ပေါင်း ၅၀၀၀ တဲ့။ နောက် အရိမေတ္တေယျ မြတ်စွာဘုရားက သက်တော်တသိန်းမှာ ပွင့်တော်မူလိမ့်မယ်။ အခု မပွင့်သေးဘူး။ မပွင့်သေးပေမယ့် ဒီကမ္ဘာ ကောန်မှုချ ပွင့်တော်မူရမှာမို့ အသေအချာ ထဲ့ပြီး ရေတွက်ထားတယ်နော်။

ကဲ ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်။ လိုက်ဆိုကြ။

၅။ အရိမေတ္တေယျခေါ် မြတ်ဘုန်းမော် သက်တော်တသိန်း ပွင့်လိမ့်မည်။

တသိန်းတန်းမှာ ပွင့်တော်မူမှာ ဖြစ်တော့ အရိမေတ္တေယျ မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ တရားနာနိုင်တဲ့ ခေတ်ကာလ အချိန်အခါက နှစ်ပေါင်းတသိန်း တဲ့။ ပေါင်းလိုက်တော့ ဒီကမ္ဘာမှာ တရားနာနိုင်တဲ့ ခေတ် ကာလ အချိန်အခါက နှစ်ပေါင်း တသိန်းကိုးသောင်းရှိတယ်။ တရားမနာနိုင်တဲ့ ခေတ်ကာလအချိန်အခါကတော့ နှစ်ပေါင်း မရေမတွက်နိုင်ဘူးပေါ့။ ဥပမာ ပြရမယ်ဆိုယင် ဧရာဝတီ မြစ်ထဲက သဲတဆုပ်လောက်ကို ယူပြီး လက်ဖဝါး ပေါ်မှာ တင်ကြည့်လိုက်စမ်းပါ။ လက်ဖဝါး

ထဲက သဲစုံနဲ့ ရေဝတီမြစ်ထဲမှာ ကျန်ရှိနေတဲ့ သဲစုနဲ့ ဘယ်ဒင်းက များသလဲ။လက်ဖဝါးထဲမှာ ရှိတဲ့သဲစုက အနည်းငယ်မျှ မပြောပ လောက်ဖူး။ ရေဝတီမြစ်ထဲမှာ ကျန်ရှိနေတဲ့ သဲစုက အင်မတန် များပါတယ်။ အဲဒီဥပမာအတိုင်းပါပဲ။ တရားနာနိုင်တဲ့ ခေတ် ကာလအချိန်အခါ နှစ်ပေါင်းက လက်ဖဝါးထဲမှာ ရှိတဲ့ သဲစုမျှနဲ့ တူတယ်။ တရားမနာနိုင်တဲ့ ခေတ်ကာလအချိန်အခါ နှစ်ပေါင်း က ရေဝတီမြစ်ထဲမှာ ကျန်ရှိနေတဲ့သဲစုနဲ့တူတယ်။ အဲဒီလို မှတ် ကြရမယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက"တရားနာဖို့ရာ ခဲယဉ်း တယ်"လို့ ဟောတော်မူခဲ့တာပေါ့။

သဒ္ဓမ္မသဝနံ-နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်း တို့၏ လမ်းဟောင်းပြတ်သား မြတ်တရားကို နာကြားရခြင်းသည်ကား၊ ကိစ္စ-ဘုရားပွင့်မှ နာကြားရပါသဖြင့် လွန်စွာ ခဲယဉ်းပါပေ ၏-တဲ့။

ကဲ-ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

၃-(က) တရားဒေသနာ နာဖို့ရာ လွန်စွာ ခဲယဉ်းပါပေ သည်။

တရားနာဖို့ရာ လွန်စွာ ခဲယဉ်းတယ်ဆိုပေမယ့်လဲ အခု တရား နာခနကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်း တွေဟာ ရှေးရှေးဘဝက ပြုလုပ်ခဲ့ကြတဲ့ ကုသလအဟုန် ကျေးဇူးဂုဏ်တွေ ကြောင့် လူ့ဘုံလူ့ဘဝမှာ လူဖြစ်လာပြီး အသက်ရှေ့ရှေ့နဲ့ အခုလို တရားတွေကို နာကြားရတယ်။

ကဲ-ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

(ခ) ခဲယဉ်းလှစွာ ဒေသနာ ခုခါနာ၍နေရပြီ။

ကံကောင်းထောက်မလို့ ကြုံကြိုက်ခဲ့တဲ့ တရားပွဲတွေရှိတဲ့ အချိန်အခါ ကာလနဲ့ ကြုံကြိုက်လာတဲ့ အခါမှာ တရားတွေကို များများကြီး ကြိုးစားနာကြရမယ်။ များများကြီး ကြိုးစားအားထုတ်ကြရမယ်။ ကြိုးစား နာနိုင်ကြပါစေ။ ကြိုးစား အားထုတ်နိုင်ကြပါစေလို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေကို ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်။

ဒီမှာပဲ "(၃)တရားနာဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့အကြောင်းကို နိဂုံးချုပ်လိုက်ပါပြီ။

## (၄)
## ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်

ဒုလ္လဘလေးပါး တရားတော်ထဲက (၃)တရားနာဖို့ရာခဲယဉ်းတယ်ဆိုတဲ့ အကြောင်းကိုတော့ ဟောပြလို့ ပြီးသွားပါပြီ။ (၄)ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့ အကြောင်းကို အခု ဆက်လက်ပြီး ဘုန်းကြီးက အကျယ်အားဖြင့် ဟောပြပါအုံးမယ်။

ဗုဒ္ဓါနမုပ္ပါဒေါ-သုံး လူ့ထွဋ်ထား မြတ်ဘုရားတို့၏ ထင်ရှားထွန်းပ ဖြစ်ပေါ်ရခြင်းသည်ကား၊ ကိစ္ဆော-ကမ္ဘာ အသခ်ေျ ပါရမီတွေ ပြည့်ဝအောင် ဖြည့်ရပါသဖြင့် လွန်စွာခဲယဉ်းပါပေ၏။

မြတ်စွာဘုရားက "ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့ပါတယ်။ ဒီစကားကို သာမညအားဖြင့် စဉ်းစားကြည့်လိုက်မယ်ဆိုယင် မဟုတ်နိုင်ပါဘူးလို့ ခအောက်မေ့ မှတ်ထင်စရာပေါ့။ဘာပြုလို့တုန်းဆိုတော့ ဘုရားရှင်တွေ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတယ်ဆိုတဲ့စကားကို နားပွင့်လုမတတ် ကြားနေကြ

ရသလိုပါပဲ။ ဘုရားရှင်တွေ ဒါလောက်များများ ပွင့်တော်မူခဲ့ကြတာဟာ ဘုရားဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် အများကြီး ပွင့်တော်မူခဲ့ကြတာပဲလို့ အောက်မေ့ မှတ်ထင်စရာပေါ့။

ကမ္ဘာတွေက အင်မတန် များလွန်းလို့သာ ဘုရားတွေကများတာပါ။ သေသေချာချာ နှိုင်းစာကြည့်လိုက်မယ် ဆိုယင် ဘုရားနဲ့ ကမ္ဘာဟာ ဘုရားက နည်းပါးပီး ကမ္ဘာက များပြားကြောင်း ကောင်းကောင်းကြီး သိနိုင်ပါတယ်။

ဂေါတမ မြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ နိယတဗျာဒိတ်ပန်း ဆင်မြန်းပီးတဲ့နောက် ပါရမီတွေ ဖြည့်နေရတဲ့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းရဲ့ အတွင်းမှာ ဘုရားရှင်ပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူခဲ့ပါတယ်။ကမ္ဘာတွေက မြောက်မြားစွာ ဘုရားတွေက အနည်းငယ်ပါ။

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဘုရားဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရတဲ့ ကမ္ဘာတွေကိုပဲ ပြန်ကြည့်လိုက်ကြစမ်းပါအုံး။ ဘယ်လောက် များသလဲ-လို့။

## (၈)
## ဘုရားဖြစ်ရန်ဆုတောင်းပန်

စိန္တိတံ သတ္တသင်္ချေယျံ၊
နဝသင်္ချေယျံ ဝါစကံ။
ကာယဝါစံ စတုချာတံ၊
ဗုဒ္ဓတ္တံ သမုပါဂမိ။

အခု ရွတ်ဆိုလိုက်တဲ့ ဂါထာကတော့ သောတတ္တကိုကျမ်း နိဒါန်းဂါထာ ဖြစ်ပါတယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကို အကျယ် အားဖြင့် ဘုန်းကြီးက ရှင်းပြပါမယ်။

သတ္တသခေ်ျယံျ-နန္ဒ,သုနန္ဒ, ပထဝီ,မလ္လာ,ဓရဏီ,သာဂရ, ပုဏ္ဏ ရိက-ဟု ဆိုအပ်သော ခုနစ်သင်္ချေ ကာလပတ်လုံး၊စိန္တိတံ-ဗြာဟ္မာ့ ဒေဝ ဧရှိတ္တက်ကိန်း တသိန်းနှစ်သောင်း ငါးထောင်သော ဘုရားရှင်ပေါင်း ထံတော်ပါး၌ ဘုရားဖြစ်ရန် စိတ်အကြံဖြင့် ဆုပန်ခဲ့ရ ပါပေ၏။

ဂေါတမ မြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဘုရားဖြစ် ချင်လွန်းလို့ ခုနစ်သင်္ချေ ကာလပတ်လုံး ကိုယ်နှုတ်မဖက် စိတ် သက်သက်နဲ့ ဘုရားဖြစ်ဖို့ ဆုပန်တော်မူခဲ့ရတယ်။ ခုနစ်သင်္ချေရဲ့ နာမယ်တွေကို သေသေချာချာ သိရအောင် လက်ချိုးပြီး မှတ် ထားလိုက်ကြစမ်းပါ။

၁။ နန္ဒအသင်္ချေ၊
၂။ သုနန္ဒအသင်္ချေ၊
၃။ ပထဝီအသင်္ချေ၊
၄။ မလ္လာအသင်္ချေ၊
၅။ ဓရဏီအသင်္ချေ၊
၆။ သာဂရအသင်္ချေ၊
၇။ ပုဏ္ဏရိက အသင်္ချေ၊

ဒီနာမယ်တွေပါပဲ။ဒီခုနစ်-သင်္ချေရဲ့အတွင်းမှာ ဗြာဟ္မဒေဝ အစရှိတဲ့ ဘုရားရှင်ပေါင်း တသိန်းနှစ်သောင်း ငါးထောင် ပွင့် တော်မူခဲ့တယ်။ အဲဒီဘုရားရှင်တွေရဲ့ အထံတော်မှာ ဂေါတမ

မြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဒါနအစရှိတဲ့ ပါရမီတွေကို ဖြည့်ကျင့်ပီးတော့ ကိုယ်နှုတ်မဖက် စိတ်သက်သက်နဲ့ ဘုရားဖြစ်ဖို့ ဆုပန်တော်မူခဲ့ရတယ်။

ကဲ-ဆောင်ပုဒ်ကလေးတွေကို ပို့ချပေးမယ်၊ လိုက်ဆိုကြ။

၁။ နန္ဒ,သုနန္ဒ ပထဝီ,မဏ္ဍ ရေဏိ,သာဂရ ပုဏ္ဍရိက မှတ်ကြ ခုနစ်အသင်္ချေ။

၂။ ဗြဟ္မဒေဝ စရှိတွက်ကိန်း တသိန်းနှစ်သောင်း ငါးထောင်ဆောင်း ဘုရားရှင်ပေါင်း ပွင့်ခဲ့ပေ။

၃။ လောင်းတော်ဗုဒ္ဓ ဂေါတမ စိတ်က ဆုတောင်းပန်ခဲ့ပေ။

နဝသင်္ချေယျံ-သဗ္ဗဘဒ္ဒ, သဗ္ဗဖုလ္လ, သဗ္ဗရတန, ဥသဘက္ခန္ဓ, ခန္ဓုတ္တမ,မာဏိတ,ဘဒ္ဒ,ပဒုမ,သဗ္ဗဘလ္လဟု ဆိုအပ်သောကိုးသင်္ချေကာလပတ်လုံး၊ ဝါစကံ-ပေါရာဏသကျ ဂေါတမဟု စရှိတွက်ကိန်း သုံးသိန်းရှစ်သောင်း ခုနစ်ထောင်ဆောင်း ဘုရားရှင်ပေါင်း ထံတော်ပါး၌ ဘုရားဖြစ်ရန် နှုတ်မြွက်သံဖြင့် ဆုပန်ခဲ့ရပါပေ၏။

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာဘုရားဖြစ်ချင်လွန်းလို့ ကိုးသင်္ချေကာလပတ်လုံး နှုတ်တော်ကမြွက်ပီး ဘုရားဖြစ်ဖို့ ဆုပန်တော် မူခဲ့ရတယ်။ ကိုးသင်္ချေရဲ့ နာမယ်တွေကို သေသေချာချာ သိရအောင် လက်ချိုးပီးတော့ မှတ်ထားလိုက်ကြစမ်းပါ။

၁။ သဗ္ဗဘဒ္ဒ အသင်္ချေ

၂။ သဗ္ဗဖုလ္လ အသင်္ချေ

၃။ သဗ္ဗရတန အသင်္ချေ

၄။ ဥသဘက္ခန္ဓ အသင်္ချေ၊
၅။ ခန္ဓုတ္တမ အသင်္ချေ၊
၆။ မာဏိတ အသင်္ချေ၊
၇။ ဘဒ္ဒ အသင်္ချေ၊
၈။ ပဒုမ အသင်္ချေ၊
၉။ သဗ္ဗဘလ္လ အသင်္ချေ၊

ဒီနာမယ်တွေပါပဲ။ ဒီ ကိုးသင်္ချေရဲ့အတွင်းမှာ ပေါရာဏသက်ျ ဂေါတမ အစရှိတဲ့ ဘုရားရှင်ပေါင်း သုံးသိန်းရှစ်သောင်း ခုနစ်ထောင် ပွင့်တော်မူခဲ့တယ်။ အဲဒီဘုရားရှင်တွေရဲ့လက်ထက်တော်မှာ ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဒါန အစရှိတဲ့ ပါရမီတွေကို ဖြည့်ကျင့်ပြီးတော့ နှုတ်တော်က မြွက်ပြီး ဘုရားဖြစ်ဖို့ ဆုပန်တော်မူခဲ့ရတယ်။

ကဲ-ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ် လိုက်ဆိုကြ။

(၁) သဗ္ဗဘဒ္ဒ သဗ္ဗဖုလ္လ သဗ္ဗရတန ဥသဘက္ခန္ဓ ခန္ဓုတ္တမ မာဏိတ ဘဒ္ဒ ပဒုမ သဗ္ဗဘလ္လကိုးသင်္ချေ။

(၂) ပေါရာဏသက်ျ ဂေါတမဟု စရှိတွက်ကိန်း သုံးသိန်းရှစ်သောင်း ခုနစ်ထောင်ဆောင်း ဘုရားရှင်ပေါင်း ပွင့်ခဲ့ပေ။

(၃) လောင်းတော်ဗုဒ္ဓ ဂေါတမ နှုတ်ဏဆုတောင်းပန်ခဲ့ပေ။

စတုချာတံ-သေလ,ဘာသ ဇေယျ ရှစ်ယျ ဟူ ဆိုအပ်သော လေးသင်္ချေကာလပတ်လုံး၊ ဝါ-လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး၊ကာယဝါစံ-တဏျက်ရာမြတ်စွာ ဗုဒ္ဓစရှိ တွက်စိတ်

နှစ်ကျိပ် ရှစ်ဆူ သယမ္ဘူတွင် ဒီပင်္ကရာ မြတ်စွာစထား ဘုရားရှင်ပေါင်း ထံတော်ပါး၌ ဘုရားဖြစ်ရန် ကိုယ်နှုတ်နှစ်တန် ဖြင့် ဆုပန်တော်မူခဲ့ရပါပေ၏။

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဘုရားဖြစ် ချင်လွန်းလို့ လေးသင်္ချေ ကာလပတ်လုံး ကိုယ်နှုတ်နှစ်ပါးနဲ့ဘုရား ဖြစ်ဖို့ ဆုပန်တော်မူခဲ့ရတယ်။ လေးသင်္ချေတောင် မကသေးဘူး ကမ္ဘာ တသိန်းတောင် ပိုလိုက်ရပါသေးဘယ်။ လေးသင်္ချေရဲ့ နာမယ်တွေကို သေသေချာချာ သိရအောင် လက်ချိုးပီးတော့ မှတ်သွားလိုက်ကြစမ်းပါ။

၁။ သေလ အသင်္ချေ၊
၂။ ဘာသ အသင်္ချေ၊
၃။ ဇေယျ အသင်္ချေ၊
၄။ ရုစိယ အသင်္ချေ၊

ဒီနာမယ်တွေပါပဲ။ ဒီလေးသင်္ချေနဲ့ ကမ္ဘာတသိန်းအတွင်း မှာ တဏှာက်ရာအစရှိတဲ့ ဘုရားရှင်ပေါင်းနှစ်ကျိပ်ရှစ်ဆူပွင့်တော် မူခဲ့တယ်။ ခုနက ပြောခဲ့တဲ့ ဘုရားရှင်တွေရဲ့ အမည်တော်တွေ ကိုတော့ များလွန်းလို့ ရေတွက်မပြနိုင်ဘူး။ အခုပြောတဲ့ ဘုရား ရှင်တွေရဲ့ အမည်တော်တွေကိုတော့ သိပ်မများတဲ့အတွက် ရေ တွက်ပြလိုက်ပါအုံးမယ်။ ဂါထာတွေနဲ့ ရေတွက်ပြမယ်နော်။ ရှေးဆရာကျော်များရေးသားတော် မူခဲ့တဲ့ နှစ်ကျိပ်ရှစ်ဆူ ဘုရား ရှိခိုး ဂါထာတွေ-တဲ့။ တိပိဋကဓရမေဓာင်္ကုရာဂါရိက အရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ရေးသားတော်မူတဲ့ အနက် မြန်မာပြန်ကိုလဲ တဆက်ထဲ ဘုန်းကြီးက ရွတ်ပြမယ်။ ဘုရားရှင်

တွေ့ရဲ့ အမည်နာမတော်တွေကို ကြားရတယ်ဆိုတာ နားထဲမှာ ချမ်းသာပြီး ဗုဒ္ဓါရမ္မဏပီတိတွေ ဖြစ်သွားစေနိုင်တယ်။

(ဆ)

နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး

(က) တဏှင်္ကရော မေဓင်္ကရော
အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊
ကောဏ္ဍညော ဒွိပဒုတ္တမော။

(ခ) မင်္ဂလော စ သုမနော စ၊
ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊
နာရဒေါ ပဒုမုတ္တရော။

(ဂ) သုမေဓော စ သုဇာတော စ၊
ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊
သိဒ္ဓတ္ထော လောကနာယကော။

(ဃ) တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊
ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ စာပိ ဂေါတမော။

(င) ဧတ အဟေသုံ သမ္ဗုဒ္ဓါ၊
ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊
ဝန္ဒေ တေ ဒွိပဒုတ္တမေ။

(က) ၁။ တဏှင်္ကရော- ဝေနေမျှားစွာ သတ္တဝါတို့၏ တဏှာရစ်မှေး ညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဟန့်နိုင်၍ တဏှင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း၊

၂။ မေဓင်္ကရော- ဝေနေယျမျှား သောင်းတိုက်သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာထိန်လင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သား မေဓင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း၊

၃။ အထောပိ- ထိုမှတပါးလည်း၊ သရဏင်္ကရော- ဝေနေယျမျှား သောင်းတိုက်သားတို့ လေးပါးအပါယ် မကျတွယ်အောင် ကိုးကွယ်ရာမူ စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးထင်သား သရဏင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း၊

၄။ သမ္ဗုဒ္ဓေါ- သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော၊ ဒီပင်္ကရော စ- ဆယ့်နှစ်ယူဇနာ ကိုယ်ရောင်ဖြာ၍ ပညာဆီမီး တန်ဆောင်ကြီးကို ညီးညီးထိန်လွင် ထွန်းညှိဆင်သည့် ဒီပင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း၊

၅။ ဒွိပဒုတ္တမော- အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်

တော်မူခဲ့ပထသော၊ ကောဏ္ဍညော- နွယ်တော်ဝံသ ကောဏ္ဍည ဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

(ခ) ၆။ မင်္ဂလာ စ-တသောင်းသချာ စက္ကဝါဠ လျှံဖြာ ထွန်းကျော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မင်္ဂလာဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၇။ သုမနော စ- နှန်းလျော် ရွှေတောင် ကိုယ်တော်ရောင် နှင့် ဥာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်ရင်း၊

၈။ ရေဝတော- တယူဇနာ ရပ်ဒီသာဝယ် မကွာနေ့ညဥ့် ဖူးတိုင်းဘင့်သား မိုးနှင့်ရေပြင် မြေဘခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၉။ သောဘိတော မုနိ- ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင်ဟတ်သား လျှောက်ပတ်ဘင့်တယ် သပ္ပာယ်လှံ့ပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်ရင်း၊

၁၀။ အနောမဒဿီ- ရွှေနောက် ဝံသာ ဖူးတိုင်းသာလျှင် မင်္ဂလာလျှံပြော ကြည်ဖွယ်ပေါ်သား အနောမဒဿီ ဘွဲ့မည်ထင် ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၁။ ပဒုမော- မဟာပဒုံ ကြာဝတ်မှုန်သို့ ဘုန်းဂုဏ်ရနံ့ ဘဝဂ် နှံ့အောင် သင်းပျံ့လှုံကြူ စံမတူသား သယမ္ဘူဇိန ပဒုမဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၂။ နာရဒေါ- ယူဇနာတစ် ဝန်းကျင်ခေတ်ဝယ် သစ်သစ်ထွန်းပြောင် နေရာထောင်တို့ ကိုယ်ရောင်ထိန်ပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၃။ ပဒုမုတ္တရော- အံ့ဖွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့်မြန်းစကြာ ကြွတိုင်းပါသား ယူဇနာဆယ့်နှစ် ခရိုင်ခေတ်ဝယ် ထွန်းသစ်ရောင်ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရ နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

(ဂ) ၁၄။ သုမေဓော စ- တယူဇနာ ရပ်မျက်နှာဝယ် ဓရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်ရင်း၊

၁၅။ သုဇာတော စ- ငါးဆယ်သန်တောင် ကိုယ်ရပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၆။ မဟာယသော- များမြတ်ခြွေရံ ကျော်စောသံ ရှိတော်မူပေထသော၊ ပိယဒဿီ- လုံးစုံလောက ဟူသမျှကို အမတသုခိ ဖြန့်ဝေချိသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၇။ အတ္ထဒဿီ- ဝေနေယျများ သောင်းတိုက်သားတို့၏ စီးပွားကိုသာ ရှုမြော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ်ရောင်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရင်း၊

၁၇။ ဓမ္မဒဿီ- အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိစ္စ ရှုမြင်ထသား ဓမ္မဒဿီ ဘွဲ့ခံည်ထင်ရှား ရှင်တော်မြတ်ဘုရား သည့်ရှင်း၊

၁၈။ လောကနာယကော- လောက သုံးပါး၏ ရွှေသွား ခေါင်းဆောင် ဖြစ်တော်မူပေသော၊ သိဒ္ဓတ္ထာ- သောင်းတိုက် ဗိုလ်ခြေ ယျဝေနေတို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန် မလပ် ပြီးစေတတ်သား သိဒ္ဓတ္ထခေါ် မြတ်ဗိနေ့သည်ရှင်း၊

(ဃ) ၂၀။ တိဿော စ သမ္ဗုဒ္ဓေါ- သုံးဘုံရပ်သူ နတ်နှင့် လူကို ခေ၀ှရိပ်သာ ရောက်စိမ့်ငှာဟု မကာခနည် ပို့ဆောင်သ သား တိဿတွင်ခေါ် မြတ်ဗိနေ့သည်ရှင်း၊

၂၁။ ဖုဿော စ သမ္ဗုဒ္ဓေါ- ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေးထွေ လမ်းပွင့်စေလျက် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ်မြတ်ဗိနေ့သည်ရှင်း၊

၂၂။ ဝိပဿီ- ခုနစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင် ခေတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဗိနေ့သည်ရှင်း၊

၂၃။ သိခီ-ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင် ခြည် လင်းလင်းစည်သား သိခီတွင်ခေါ် မြတ်ဗိနေ့သည်ရှင်း၊

၂၄။ ဝေဿဘူ- ငါးချက်သောမာရ် တွင်းပရန်ကို တွန်းလှန် ထိန့်ဆူ အောင်ပွဲယူသား ဝေဿဘူခေါ် မြတ်ဗိနေ့သည်ရှင်း၊

၂၅။ ကကုသန္ဓော- ဆယ့်နှစ်မှန်စွာ ယူဇနာဝယ် မကွာနိစ္စ ရောင်လျှံပသား ကကုသန်ခေါ် မြတ်ဗိနေ့သည်ရှင်း၊

၂၆။ ကောဏ္ဍဝမနော-ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာ ဒိစ္စ ပွင့်ထွန်းပသား ကောဏ္ဍဂုံခေါ် မြတ်ဇိနော်သည်ရှင်း၊

၂၇။ ကဿပေါ စာပိ နှယ်တော်ဝံသ ကဿပဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း၊

၂၈။ ဂေါတမော- မဟာသမတ အာဒိစ္စဂိုဏ်း ကွန့်ခဲ့လှိုင်း၍ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောက တန်ဆောင် မြတ်ဘုန်းခေါင်သည်ရှင်း၊

(၄) ပိဘရာဂါ- တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာ လွတ်ရှင်း ရာဂကင်းတော်မူကြပေကုန်သော၊ သမာဟိတာ- လောကဓံလေ့ မုန်တိုင်းဝှေ့လည်း မရွှေ့မယိုင် ကျောက်စာ တိုင်သို့ ကြံ့ခိုင်သောစိတ်နှလုံး ရှိတော်မူကြပေကုန်သော၊ ဧတေ သမ္ဗုဒ္ဓါ- သစ္စာလေးဝ ဥဒယျငါးပုံ တရားစုံကို အကုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြပေကုန်သော နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွဋ်ထား ထိုမြတ်စွာဘုရားတို့သည်၊ အဟောသုံ-သင်္ချေ လေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်း တင်းလိုက်ဆူ ပွင့်တော်မူကြလေကုန်ပြီ။အနန္တဂုဏာသမ္ဘာနန္တ- ဤ၍ ဤမျှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တကျေးဇူးဂုဏ်နှင့် ပြည့်စုံ ေ ာ်မူကြပေကုန်သော၊ ဒွိပဒုတ္တမေ- အခြေနှစ်ချောင်း ရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကြူး အထူး သဖြင့် မြတ်တော်မူကြပေကုန်သော၊ တေ သမ္ဗာသမ္ဗုဒ္ဓေ- တကျက်ရာ မြတ်စွာဘုရားအစ ဂေါတမ မြတ်စွာဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ၊ သယမ္ဘူထွဋ်ထား ထိုရှင်တော်

မြတ်ဘုရားတို့ကို၊ ဝန္ဒေ (ဝန္ဒာမိ) ဤအခါဝယ် ကြည်သာ မြက်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

အဲဒီဘုရားရှင်တွေရဲ့ အထံတော်မှာ ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဒါနအစရှိတဲ့ ပါရမီတွေကို ဖြည့်ကျင့်ပြီးတော့ ကိုယ်နှုတ်နှစ်ပါးနဲ့ ဘုရားဖြစ်ဖို့ ဆုပန်တော်မူခဲ့ရတယ်။

ကဲ-ဆောင်ပုဒ်ကလေးများကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

(၁) သေလ ဘာသ ဇေယျ, ရှုစိယျ ဤလေးဝ မှတ်ကြ အသခေျ။

(၂) ထိုမှလွန်မြောက် ဂဏန်းသောက် မှတ်လောက် တသိန်း ကမ္ဘာနေ။

(၃) တကျောက်ရာ မြတ်စွာဗုဒ္ဓ စရိုက်တွက်စိတ် နှင်ကျိပ်ရှစ်ဆူ သယမ္ဘူ ဆုဆုရှင်ပေါင်း ပွင့်ခဲ့သေ။

(၄) လောင်းတော်ဗုဒ္ဓ ဂေါတမ နှစ်ဝကိုယ်နှုတ် ပန်ခဲ့ပေ။

ဗုဒ္ဓတ္တံ-ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ်ပင်ရိုးစာဂ စရိယသုံးဖြာ ကျင့်ကြံကာဖြင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်၏အဖြစ်သို့၊ သမ္ဗောဓိ- ကောင်းစွာ မသွေ ဆိုက်ရောက်တော်မူခဲ့ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ နိယတဗျာဒိတ်ပန်း မဆင်မြန်းခင် ၁၆-သင်္ချေ ကမ္ဘာ

တွေနဲ့ နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးတဲ့နောက် လေး သင်္ချေနဲ့ ကမ္ဘာတသိန်း ကာလ အတွင်းမှာ ပွင့်တော်မူခဲ့ကြတဲ့ ဘုရားရှင် ပေါင်း ငါးသိန်းတသောင်းနှစ်ထောင် နှစ်ကျိပ်ချစ်ဆူတို့ရဲ့ အထံ တော်မှာ ဒါနပါရမီ ဒါနဥပပါရမီ ဒါနပရမတ္ထပါရမီ အစရှိတဲ့ ပါရမီ ၁၀-ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ခဲ့ ရတယ်။ ဒါတင်မကသေးဘူး။ မရေမတွက်နိုင်တဲ့ ဘဝတွေမှာ—

၁။ ရွှေငွေဆင်မြန်း အစရှိတဲ့ အုဝတ္ထုတို့ကို စွန့်ခြင်း လို့ ဆိုတဲ့ ဓနပရိစ္စာဂ။
၂။ သားသမီးတို့ကို စွန့်ခြင်းလို့ဆိုတဲ့ ပုတ္တပရိစ္စာဂ။
၃။ မယားကိုစွန့်ခြင်းလို့ဆိုတဲ့ ဘရိယပရိစ္စာဂ။
၄။ ခြေလက် နား နှာခေါင်း အစရှိတဲ့ အင်္ဂါကြီးငယ် တို့ကို စွန့်ခြင်းလို့ဆိုတဲ့ အင်္ဂပရိစ္စာဂ။
၅။ အသက်ကိုပင် လိုချင်သူရှိက စွန့်ခြင်းလို့ဆိုတဲ့ ဇီဝိတ ပရိစ္စာဂ။

ဒီစွန့်ခြင်းကြီး ငါးပါးကိုလဲ စွန့်ခဲ့ရတယ်။ပြီးတော့-

၁။ လောကရဲ့အကျိုးအတွက် ကျင့်ကြံကြိုးကုတ် အား ထုတ်ရတဲ့ လောကတ္ထစရိယ။
၂။ ဆွေတော် မျိုးတော်တို့ရဲ့ အကျိုးအတွက် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရတဲ့ ဉာတတ္ထစရိယ။
၃။ ဘုရားဖြစ်ဖို့ရာအတွက် ကျင့်ကြံကြိုးကုတ်အားထုတ် ရတဲ့ ဗုဒ္ဓတ္ထစရိယ။

ဒီစရိယ ၃-ပါးကိုလဲ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရတယ်။ အဲဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတဲ့နောက်မှာမှ ဘုရားဖြစ်တော်မူခဲ့တယ်။

ကဲ-ဆောင်ပုဒ်ကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ်ပရိစာဂ စရိယသုံးဖြာ ကျင့်ကြံကာဖြင့် ပစ္ဆိမဘဝ ရောက်တုံက ဗုဒ္ဓမြတ်စွာဖြစ်ခဲ့ပေ။

ဘုရားတဆူ ဖြစ်တော်မူဖို့ရာအတွက် ဘယ်လောက်ကြပ်ကြပ်တဲ့တဲ့ ခဲခဲယဉ်းယဉ်း အားထုတ်ရသလဲ။ ဉာဏ်ကုန်ထုတ်ပြီး စဉ်းစားကြည့်လိုက်ကြစမ်း။ မလွယ်ကူဘူးနော်။ သိပ်မလွယ်ကူတာပဲ။ ဒါ့ကြောင့် မြတ်စွာဘုရားက "ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့တာပေါ့။

ဗုဒ္ဓါနမုပ္ပာဒေါ-သုံးလူ့ထွဋ်ထား မြတ်ဘုရား တို့၏ ထင်ရှားထွန်းပ ဖြစ်ပေါ် ရခြင်းသည်ကား၊ ကိစ္ဆော-ကမ္ဘာ အသင်္ချေ ပါရမီတွေ ပြည့်ဝအောင် ဖြည့်ရပါသဖြင့် လွန်စွာ ခဲယဉ်း ပါပေ၏-တဲ့။

ကဲ-ဆောင်ပုဒ်ကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

၄-(က) ဘုရားမြတ်စွာ ဖြစ်ဖို့ရာ လွန်စွာ ခဲယဉ်းပါပေသည်။

ဘုရားဖြစ်ဖို့ရာ လွန်စွာ ခဲယဉ်းတယ် ဆိုပေမယ့်လဲ သတ္တဝါကောင်း ဇွဲကောင်းနဲ့ သူ့ရဲကောင်းအာဇာနည် လူရည်ချွန်

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဘုရားဆုပန်ပီး အားထုတ်ခဲ့ကြလို့ ဘုရားအဖြစ် ရောက်တော်မူခဲ့ကြရတယ်။

ကဲ-ဆောင်ပုဒ်ကို ချပို့ပေးမယ်၊လိုက်ဆိုကြ။

(ခ) ခဲယဥ်းလှစွာ စောမြတ်စွာ ခုခါဖြစ်ရှိနေရပြီ။

ဘုရားကိုယ်တော်မြတ်ကြီးကလဲ ကြုပ်ကြုပ်တဲတဲ ခဲခဲယဥ်းယဥ်းနဲ့ ဖြစ်တော်မူခဲ့ရပီ။တရားနာနေကြတဲ့ ဒကာဒကမအပေါင်းသူတော်ကောင်းတွေလဲ ကံကောင်း ထောက်မလို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့လဲ တွေ့နေကြရပီ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးနဲ့ တိုက်ရိုက်ဟင်းလင်း ပက်ပင်းရင်ဆိုင် တွေ့နေကြရတယ်လို့ အောက်မေ့မှတ်ထင်ကြရမယ်။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

အာနန္ဒ-အာနန္ဒာ၊ မယာ-သင်တို့ ဆရာ ငါဘုရားသည်၊ ဝေါ-သင်ချစ်သားတို့ အတွက်၊ ယော ဓမ္မော စ-အကြင် သုတ် အဘိဓမ္မာ နှစ်ဖြာနှစ်ဝ တရားဓမ္မကိုလည်း၊ ဒေသိတော-ဟော တော်မူခဲ့ပြီ။ ယော ဝိနယော စ-အကြင် ဝိနည်းတရားကိုလည်း၊ ပညတ္တော-ပညတ်တော် မူခဲ့ပြီ၊ သော-ထိုပိဋကသုံးပုံ အလုံးစုံသည်၊ မမစ္စယေန-ငါဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ် သိမ်းတော်မူသဖြင့်၊ ဝါ-ဘုံဇာတ် သိမ်းတော်မူသော အခါ၌၊ ဝေါ-သင်ချစ်သားတို့၏၊ သတ္ထာ-ဆရာပေတည်း။

မြတ်စွာဘုရားက ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးမှာ အရှင် အာနန္ဒာကို မိန့်တော်မူခဲ့တယ်။ဘယ်လိုမိန့်တော်မူခဲ့သလဲဆိုတော့

"ချစ်သား အာနန္ဒာ-သင်တို့ဆရာ ငါဘုရားဟာ သင်ချစ်သား တို့အတွက် သုတ် အဘိဓမ္မာ နှစ်ဖြာနှစ်ဝ တရားဓမ္မတွေကိုလဲ ဟောခဲ့ပီ။ဝိနည်းတရားကိုလဲ ပညတ်ခဲ့ပီ။ဒီပိဋကသုံးပုံ အလုံးစုံလို့ ဆိုတဲ့ တရားတွေဟာ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းသွားတဲ့အခါ သင်ချစ်သားတို့ ဆရာပဲ" အဲဒီလို မိန့်တော်မူခဲ့တယ်။

အဲဒီလို မိန့်တော်မူခဲ့တဲ့အတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်း သွားတဲ့အခါ မြတ်စွာဘုရားနဲ့ တိုက်ရိုက်ဟင်းလင်း ပက်ပင်းရင်ဆိုင် မတွေ့မကြုံ မဆုံဆီးလိုက် ရသော်လဲ ပိဋကသုံး ဖြာ ဓမ္မက္ခန္ဓာ ပေစာအပေါင်းရှစ်သောင်း လေးထောင် ထားတော်မူခဲ့တဲ့အတွက် ဘုရားရှင်ပေါင်း ရှစ် သောင်းလေးထောင်နဲ့ တွေ့နေရတယ်လို့ မှတ်ကြရမယ်၊ ဒါ့ ကြောင့် မြတ်စွာဘုရား တည်ထားတော်မူခဲ့တဲ့ သာသနာတော် မြတ်ကြီးနဲ့ တွေ့ကြုံနေကြရတဲ့အခါမှာတွေ့ကြုံရကျိုးနပ်အောင် "လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်း ရေခံ" ဆိုတာလို တရား တော်တွေကို ပိုပီး နာကြရမယ်။ ပိုပီး အားထုတ်ကြရမယ်။

ကဲ-ဆောင်ပုဒ်ကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

လသာဗိုင်းငင့် နှိုင်းသင့်ချိန်ခါ။
နှစ်လရက်နေ့ မရွှေ့ကြရာ။
မြတ်စွာဗုဒ္ဓ ထုတ်ပြခဲ့တာ။
လူဖြစ်ကျိုး တန်ဖိုးသိကြပါ။

ဒီဆောင်ပုဒ်အတိုင်း လူဖြစ်ကျိုးနပ်အောင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေကို နှစ်တွေ လတွေ ရက်တွေ နေ့တွေ မရွှေ့ကြပဲ ဒီကနေ့ ဒီအချိန်ကစပြီး နေ့ညမခြား၊ ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတွေကို ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်။

ဒီမှာပဲ "(၄)ဘုရားဖြစ်ဖို့ရာခဲယဉ်းတယ်" ဆိုတဲ့ အကြောင်းကို နိဂုံးချုပ်လိုက်ပါပြီ။

## (၉)

## တရားနိဂုံးချုပ်

ဒုလ္လဘလေးပါး တရားတော်ဟာ ဒီမှာပဲ အပြအစုံ အကုန် ပြီးဆုံးတဲ့အတွက် နိဂုံးချုပ်ပါတော့မယ်။ အထူးဂရုစိုက်ပြီး နာ ထောင်လိုက်ကြစမ်းပါ။

သသ္မာ-ထို့ကြောင့်၊ ဣဓ ကာလေ-ဘုရားသာသနာ လူဖြစ် လာရ အသက်ရှင်၍ နေရသော ဤယခုအခါကာလ၌၊ ဣဓ ကာ လေ-ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့်လည်း ကြုံကြိုက်၊ လူ့ဘဝ လူ့အဖြစ်နှင့်လည်း တိုက်ဆို၊ အသက်မသေ အသက်ရှင်၍နေရ ခြင်းကလည်းတဖုံ၊ တရားပွဲတွေကလည်း ပြွေပြွေစုံစုံ၊ ဤပုံဖိုးလှ အချိုးကျသည့် ယခုလိုအခါကာလ၌၊ တုမှေ- စင်ဖြူစိတ်ဓာတ် မြင့်မြတ်ပေတောင်း သင်သူတော်ကောင်းတို့သည်၊ သဒ္ဓမ္မံ-နိဗ္ဗာန် ရာက်ကြောင်း သူတော်ကောင်းတို့၏ လမ်းဟောင်းပြတ်သား

မြတ်တရားကို၊ သုဏာသ- ရှိသေသမျှ အာရုံပြု၍ ဂရုစိုက်ကာ နာလဲနာကြား အားလဲထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"အခု လူလဲဖြစ်နေကြရပြီ။ အခု အသက်လဲ ရှေနေကြရပြီ။ အခု သာသနာတော်ကြီးနဲ့လဲ တွေ့နေကြရပြီ။လူဖြစ်ပြီး အသက်ရှေ၊ သာသနာတော်ကြီးနဲ့ တွေ့ကြုံနေကြရတဲ့ အချိန်အခါမှာ တရားတွေကို ကြိုးစားနာကြပါ။ တရားတွေကို ကြိုးစားအားထုတ်ကြဂါလို့ ဘုန်းကြီး အနေနဲ့ တိုက်တွန်း လိုက်ပါတယ်။ ဒါလောက်ကလေး တိုက်တွန်းရုံနဲ့တော့ဘုန်းကြီးက အားမရနိုင်သေးပါဘူး။ ဖြစ်ပြီးယင် ပျက်စီးတတ်တဲ့ သဘောတရား ရှိတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို မမေ့မလျော့မပေါ့မဆပဲ အမြဲမပြတ် သုံးသပ်ဆင်ခြင်နိုင်ကြပါစေ။ အပ္ပမာဒတရား လက်ကိုင်ထားနိုင်ကြပါစေလို့ ဆိုလိုပါတယ်။ ပြီးတော့ ပစ္ဆုပ္ပန်သံသရာ နှစ်ဖြာဘဝ ချမ်းသာသုခနဲ့ ပြေစုံအောင်မအိုခင်ကာလ မနာခင်ကာလ မသေခင်ကာလက တရားကို ကြိုတင်ပြီး အားထုတ်နိုင်ကြပါစေ"လို့ ဆိုတဲ့အနေနဲ့ တရားပွဲရုပ်သိမ်းကာနီးမှာ ဧကပိုဒ်လင်္ကာတပုဒ်နဲ့ အဟုတ်အဟုတ် တိုက်တွန်းလိုက်ချင်ပါသေးတယ်။

## (၈၂)

## သတိပေး တိုက်တွန်းလင်္ကာ

မြဲစွာမှတ်ယူ မျှားဗိုလ်လူတို့(ဓမ္မသဘင် ပွဲကြီးယင်၍ ကြည်ရွှင်စိတ်ထား သဒ္ဓါနှားဖြင့် နာကြားကြသူ မျှားလူဗိုလ်တို့)ဤမှု

ဓမ္မ သင်္ဂါရကား သာရမပါ မခိုင်မာ၍ လျှင်စွာဖြစ်ပြီး တဆက်ထည်းလျှင် ပျက်စီးတတ်စွာ ဓမ္မတား ဟု မြွတ်စွား ဗုဒ္ဓထုတ်ဖော်ပြခဲ့။ ဓမ္မလေးနက် ထိုအချက်ကို ကွက်ကွက်သင်ထင် ရှုဆင်ခြင်လျက် အစဉ်လေ့လာ မမေ့ပါပဲ အပ္ပမာဒဘရား လက်ကိုင်ထား၍ ပိုင်းခြားဝေဖန် ပစ္စုပ္ပန်နှင့် တမလွန်နောင်ရေးတောက်လျှောက်အေးအောင် အိုဘေးကြီးလျှင် မလာခင်က ကြိုတင်တရား အားထုတ်ပွားဟု နာဘေးကြီးလျှင် မလာခင်က ကြိုတင်တရား အားထုတ်ပွားဟု သေဘေးကြီးလျှင် မလာခင်က ကြိုတင်တရားအားထုတ်ပွားဟု မှတ်သားဖို့ရေး သတိပေးသည် နှောင့်နှေးကြန့်ကြာ မနေနှင့်။

(ည)

## တရားသိမ်း

ကဲ-အခု သတိပေးတိုက်တွန်းချက် ကေပိဒ်လင်္ကာတပုဒ်နဲ့ အဟုတ်အဟုတ် တိုက်တွန်းလို့ပီးပ ပီ။ တရားပွဲ ရုတ်သိမ်းပါတော့မယ်။ တရားပွဲရုတ်သိမ်းတဲ့အခါမှာ ဘုန်းကြီးရွတ်နေကျဖြင်တဲ့ တရားသိမ်းကိုရွတ်မယ်၊ တရားသိမ်းရွတ်ပီးလို့ ဆုံးတဲ့အခါမှာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေက သောင်းသောင်းဖျဖျ သာဓုအနုမောဒနာ မြိုင်မြိုင်ကြီးခေါ်လိုက်ကြပါ။

မိုး တရားသိမ်း။ ။အဟံ-ငါသည်၊ ကိလေသမလဝဋ္ဋာနံ- သံ
သရာတခွင်မှ အစဉ်ပါရှိ၍လာသည့် ကိလေ
သာမှုံမွေး စိတ်အညစ်အကြေးတို့ဖြင့် ညစ်ထေးမဲမှောင်၍ နေကြ

ကုန်သော၊ (မှာထားချက်။ ။စာမျက်နှာ ၁၂၅ ဗဟုဓိဘရသုတ်၊ သမီးများတဲ့ပုဏ္ဏားကြီး တရားတော်အဆုံးမှာ မိုးတရားသိမ်း အပြည့်အစုံပါပါသည်။ ပြန်ကြည့်ပါ။)သဟ-အတူတကွ၊ ခိပ္ပံ ဂမာမသေ-မနေ့းတူစုံ သွားရောက်ကြပါကုန်အံ့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဤတွင်

[ဒုလ္လဘလေးပါး တရားတော် ပြီး၏]

# ၈

# အပါယ်လွတ်လမ်း မဂ်ဖိုလ်မြတ်တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က)

## သောတာပတ္တိ ဖိုလ်ချမ်းသာ

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။

ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀- ကျော်လောက်တုန်းက အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ရွှေနှုတ်တော်က ထုတ်ဖော်ဟောကြားတော် မူခဲ့တဲ့ တရားဂါထာ ဒေသနာတော်-တဲ့။ နှယ်နှယ်ရရ သာမညမဟုတ် ဖူးနော်။ ဒီတရားကို အခုဟောပြမယ်။ တက်တက်ကြွကြွ စေတနာနဲ့ သေသေချာချာ မှတ်မှတ်သားသား နာကြားကြ။

ပထဗျာ ကောရဇ္ဇေန- လေးကျွန်းလုံး ကုန်အစင် မြေအပြင် တခုလုံး၌ သိမ်းကြုံးအုပ်ချုပ် မင်းလုပ်ရသော စကြာဝတေး မန္ဓာတ်မင်းကြီးတို့၏စည်းစိမ်ချမ်းသာထက်ဂုဏ်၊သဂ္ဂဿ ဂမနေန ဝါ-နတ်ခြောက်ရွာနှင့် ဗြဟ္မာနှစ်ဆယ်သို့ တကယ်သွားရောက်၍ မြားမြောက်သော စည်းစိမ် ချမ်းသာကို ခံစားစံစားရသော နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ် ချမ်းသာထက်ဂုဏ်း၊ သဗ္ဗလောကာဓိပစ္စေန- နဂါးဂဠုန် ဝေမာနိကဘုံမှစ၍ ကမ္ဘာ လောကကြီး တခုလုံးကို သိမ်းကြုံးလွှမ်းမိုး အုပ်စိုးရခြင်းတည်း ဟူသော စည်းစိမ်ချမ်းသာထက်ဂုဏ်း၊ သောတာပတ္တိဖလံ-ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နှစ်ပါးကွာသည့် သောတာပတ္တိ မည်ရှိထင်ရှားဖိုလ် တရားသည်၊ ဝရံ-အပါယ်စခန်းမှ တကယ်တန်း လွတ်လပ်သော ကြောင့် မြင့်မြတ်လှပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒီတရားဂါထာ ဒေသနာတော်ရဲ့ အဓိပ္ပာယ်ကို တိုတိုကျဉ်း ကျဉ်းနဲ့ လိုရင်းကျကျသိရအောင် ဘုန်းကြီးက ရှင်းပြအုံးမယ်။

၁။ လေးကျွန်းသနင်း စကြာမင်းကြီးတို့ရဲ့ စည်းစိမ်းချမ်း သာထက်လဲ သောတာပတ္တိဖိုလ် ချမ်းသာက ပိုပြီးမြင့် မြတ်ပါတယ်-တဲ့။

၂။ နတ်ပြည် ဗြဟ္မာ့ပြည်က နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့ရဲ့ စည်းစိမ် ချမ်းသာထက်လဲ သောတာပတ္တိဖိုလ် ချမ်း သာက ပိုပြီးမြင့်မြတ်ပါတယ်-တဲ့။

၃။ နဂါးပြည် ဂဠုန်ပြည် ဝေမာနိကဘုံနဲ့တကွ ကမ္ဘာလောကကြီး တခုလုံးကို သိမ်းကြုံးလွှမ်းမိုး အုပ်စိုးရခြင်းလို့ ဆိုတဲ့ စည်းစိမ် ချမ်းသာထက်လဲ သောတာပတ္တိဖိုလ် ချမ်းသာက ပိုပြီးမြင့်မြတ်ပါတယ်-တဲ့။

ဒါကခုဏတုန်းက ရွတ်ဆိုခဲ့တဲ့တရားဂါထာ ဒေသနာတော်ရဲ့ လိုရင်းအဓိပ္ပာယ်ပါပဲ။ သောတာပတ္တိ ဖိုလ်ချမ်းသာက ခုဏက ပြောခဲ့တဲ့ စကြာမင်းကြီးတို့ရဲ့ စည်းစိမ်ချမ်းသာ၊ နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့ရဲ့ စည်းစိမ်ချမ်းသာ၊ ကမ္ဘာလောကကြီးတခုလုံးကို သိမ်းကြုံးလွှမ်းမိုး အုပ်စိုးရခြင်းလို့ဆိုတဲ့ စည်းစိမ်ချမ်းသာ၊ ဒီစည်းစိမ်ချမ်းသာတွေထက် ဘာပြုလို့ပိုပြီး မြင့်မြတ်ရသလဲဆိုတော့ အပါယ်လေးပါးက ကင်းလွတ်လို့ပါပဲ။ ဒါ့ကြောင့် ဒီတရားကို “အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ် တရားတော်”လို့ နာမယ်ပေးလိုက်ပါတယ်။

ဒီတရားဂါထာ ဒေသနာတော်မြတ်ကို လူနတ်တို့ရဲ့ ဆရာ သတ္တာဒေဝမနုဿာနံ ဂုဏ်ထူးဖြင့်ချီးကျူးတော်မူအပ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည်ကြီး ရွှေထီးဥကင် ရွှေပလ္လင်နှင့် ရဇ္ဇင်စုံညီ ဘုံဌာနီ၏ ဒီသာဒက္ခိဏ တကောသတွင် ဇေတမြေခံ ကျောင်းရွှေဘုံ၌ လေးစုံပထ ယာပိုက်မျှတော်မူစဉ်မှာ အနာထပိဏ် ဂုဏ်ရှိန်ပျံ့မွှေး သူဌေးကြီးရဲ့သား ကာလ အမည်ရှိတဲ့ သူကို အကြောင်းပြုပြီး ဟောကြားချီးမြှင့်တော်မူခဲ့ပါတယ်။

## (၁)

## တော်တော်ပျင်းတဲ့ မောင်ကာလ

အဲဒီတော့ အနာထပိဏ် ဂုဏ်ရှိန်ပျံ့မွှေး သူဌေးကြီးရဲ့သား ကာလ အမည်ရှိတဲ့သူရဲ့အကြောင်း သိကောင်းစရာ အချက်အလက်ကလေးတွေကို ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် ချက်ကျလက်ကျသိရအောင် ပြောပြအုံးမယ်။

> သော ကိရ တထာဝိဓော သဒ္ဓါသမ္ပန္နော သေဋ္ဌိ ပုတ္တော ဟုတွာ နေဝ သတ္ထု သန္တိကံ ဂန္တုံ၊ န ဂေဟံ အာဂတကာလေ ဒဿုံ န ဓမ္မံ သောတုံ၊ န သံဃဿ ဝေယျာဝစ္စံ ကာတုံ လဘတိ။

ကိရ-တဆင့်စကား ကြားရဘူးသည်ကား၊ သော-ထိုအနာထပိဏ် သူဌေးကြီး၏သား ကာလအမည်ရှိသော သူသည်၊ တထာဝိဓော-ထိုသို့ သဘောရှိသော၊ သဒ္ဓါသမ္ပန္နော-သဒ္ဓါတရားနှင့် ပြည့်စုံသော၊ သေဋ္ဌိနော ပုတ္တော ဟုတွာ-သူဌေးကြီး၏သားဖြစ်ပါလျက်၊ သတ္ထု သန္တိကံ-မြတ်စွာဘုရား၏ အထံတော်သို့၊ ဂန္တုံ-သွားရောက်ခြင်းငှာ၊ နေဝ လဘတိ-အလိုမရှိသည်သာလျှင်တည်း။ ဂေဟံ-အိမ်သို့၊ အာဂတကာလေ-မြတ်စွာဘုရားကြွလာတော်မူသောအခါကာလ၌၊ ဒဿုံ-ဖူးမြင်ခြင်းငှာ၊ န လဘတိ-အလိုမရှိပေ။ ဓမ္မံ-မြတ်စွာဘုရား ဟောကြားမြွက်ဖော်တရားတော်ကို၊ သောတုံ-နာယူခြင်းငှာ၊ န လဘတိ-အလိုမရှိပေ။ သံဃဿ-ဘုရားအမှူးရှိသော သံဃာတော်၏၊ ဝေယျာဝစ္စံ-

အမှုကြီးအမှုငယ် အသွယ်သွယ်အဝဝ ဝေယျာဝစ္စကိစ္စကို၊ ကာတုံ-သဒ္ဒါထက်ထက်နှင့် ဆောင်ရွက်ပြုလုပ်ခြင်းငှာ၊ နှ ဏ္ဍဿတိ-အလို မရှိပေ။

မောင်ကာလဆိုတဲ့သူဟာ အင်မတန်ပျင်းတယ်။ သူ့အဖေက သဒ္ဒါတရားကောင်းသလောက် သူက သဒ္ဒါတရားညံ့တယ်လို့ဆို ရမှာပဲ။ သဒ္ဒါတရားနဲ့ ပြေစုံတဲ့သူဌေးကြီးရဲ့သား ဖြစ်ပါယက်ကနဲ့ သူကတော့ ကျောင်းတော်ကိုတောင် မသွားချင်ဘူး။ မြတ်စွာဘုရား အိမ်ကိုကြွလာတော်မူတဲ့အခါမှာလဲ မဖူးမြင်ချင်ဘူး။ မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်ကိုလဲ မနာယူချင်ဘူး။ ဘုရားအမှူးရှိတဲ့ သံဃာတော်ရဲ့ဝေယျာဝစ္စကိုလဲ သဒ္ဒါထက်ထက်နဲ့ မဆောင်ရွက် မပြုလုပ်ချင်ဘူး-တဲ့။ ဒါလောက်တောင်ကိုပဲ ပျင်းပါတယ်။

ပျင်းတယ်ဆိုတာ မကောင်းဘူးနော်။ ပျင်းယင် ဖျင်းတော့တာပဲ။ ပျင်းဆိုတဲ့ စကားလုံးရဲ့ နောက်မှာ ဖျင်းဆိုတဲ့ စကားလုံးက အမြဲ ကပ်နေတယ်။ ကကြီး ခခွေး ထဲမှာတောင် ကြည့်ပါလား၊ ပျင်းစာလုံး ရေးတဲ့ ပစောက်နောက်မှာ ဖျင်းစာလုံးရေးတဲ့ ဖဦးထုပ်က အမြဲကပ်နေတယ်။ ပျင်းလို့ရှိယင် နေရာတကာမှာ ဖျင်းတော့တာပဲ။ ဖျင်းလို့ရှိယင် ဘာမှ အသုံးမကျတော့ဘူး။ ဒီဘဝမှာလဲ ဆင်းရဲဒုက္ခ ရောက်တတ်တယ်။ နောက်ဘဝတွေမှာလဲ အပါယ်ငရဲ ကျတတ်တယ်။ လောကီလောကုတ္တရာ ကြီးပွားတိုးတက်ရေး ဘာမှ မရှိဘူးလို့ ဆိုလိုတယ်။

အလသဿ ကုတော သိပ္ပံ၊
အသိပ္ပဿ ကုတော ဓနံ။
အဓနဿ ကုတော မိတ္တံ၊
အမိတ္တဿ ကုတော သုခံ။
အသုခဿ ကုတော ပုညံ၊
အပုညဿ ကုတော ဝရံ။

လို့ လောကနီတိဆရာကလဲ ဆိုထားပါတယ်။ ပျင်းတဲ့သူဟာ အတတ်ပညာ မတတ်နိုင်ဘူး-တဲ့။အတတ်ပညာ မတတ်တဲ့သူဟာ ပစ္စည်းဥစ္စာ မရှိနိုင်ဘူး-တဲ့။ ပစ္စည်းဥစ္စာ မရှိတဲ့သူဟာ မိတ်ကောင်းဆွေကောင်း မရှိနိုင်ဘူး-တဲ့။ မိတ်ကောင်းဆွေကောင်း မရှိတဲ့သူဟာ ချမ်းသာသုခ မရနိုင်ဘူး-တဲ့။ချမ်းသာသုခ မရတဲ့ သူဟာ ကုသိုလ်ကောင်းမှု မပြုနိုင်ဘူး-တဲ့။ ကုသိုလ်ကောင်းမှု မပြုတဲ့သူဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူး-တဲ့။ ဒါ့ကြောင့် ဒီအပျင်းကိုတော့ ကိုယ့်သန္တာန်က မြန်မြန်ဆန်ဆန် လွတ်လွတ် ကျွတ်ကျွတ် ကွာသွားအောင် တိုက်ထုတ်ပစ်ရမယ်။ တိုက်ထုတ် ပစ်တဲ့နည်းကို ဂါထာတပုဒ် ပြုလုပ်စီစဉ် ထားပါတယ်။ အဲဒီ ဂါထာကိုသာ ဥုံခံပြီးတော့ စိတ်ပါ လက်ပါနဲ့ နာနာရွတ်၊ အဓိပ္ပာယ် နားလယ်ပါးလယ်နဲ့ သေသေချာချာရွတ်။ အပျင်းဟာ ကဆုန်ချ ဒုန်းစိုင်းပြီး ထွက်ပြေးပါလိမ့်မယ်။ ကဲ-ဂါထာကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

ဥုံ မပျင်းနဲ့၊ မပျင်းနဲ့။
ခုလဲမပျင်းနဲ့။
နောင်လဲ မပျင်းနဲ့။

ဘယ်တော့မှ မပျင်းနဲ့။
ပျင်းယင် ဆင်းလဲဆင်းရဲတတ်တယ်။
ငရဲလဲ ရောက်တတ်တယ်။
မပျင်းယင် ချမ်းလဲချမ်းသာနိုင်တယ်။
နိဗ္ဗာန်လဲ ရောက်နိုင်တယ်။

အဲဒါကြောင့်

ဥုံ မပျင်းနဲ့၊ မပျင်းနဲ့။
ခုလဲ မပျင်းနဲ့။
နောင်လဲ မပျင်းနဲ့။
ဘယ်တော့မှ မပျင်းနဲ့။

ဒီဂါထာဟာ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ စံနှုန်းနဲ့ ချီတက်နေတဲ့ အခုခေတ် လမ်းစဉ်နဲ့လဲ တပြေးထဲ ကိုက်ညီနေ ပါတယ်။

မောင်ကာလဆိုတဲ့သူက ဒီအပျင်းဖြေ ဂါထာကိုမှ မရွတ်ပဲ ကလား၊ပျင်းမှာပေါ့။ ပျင်းတော့ သူ့ဖခင် အနာထပိဏ်သူဌေး ကြီးက သူ့အမူအကျင့်တွေကို မကြိုက်နှစ်သက်တာနဲ့ ဆုံးမ ပြောဆိုတယ်။ ဘယ်လို ပြောသလဲဆိုတော့—

မာ ဧဝံ တာတ ကရိ။

တာတ- ချစ်သား၊ ဧဝံ- ဤသို့၊ မာ ကရိ- မပြုလုပ်နှင့်။ “ချစ်သား-မင်း ဒီလို မလုပ်နဲ့။ဒီအမူအကျင့်ဟာ မကောင်းဘူး။ မကောင်းတဲ့ အမူအကျင့်ကို ဖျောက်ပစ်ပါ”လို့ ပြောဆိုတယ်။

ဒါပေမယ့် မောင်ကာလက သူ့ဖခင်ရဲ့ ပြောစကားကို နဲနဲကလေးမှ နားမထောင်ဘူး။ အဲဒီတော့ သူဌေးကြီးက စဉ်းစားတယ်။

(၈)

## ဆုံးမဖို့ရာ နည်းလမ်းရှာ

> အယံ ဝေရူပံ ဒိဋ္ဌိံ ဂဟေတွာ ဝိစရန္တော အဝီစိပရာယနော ဘဝိဿတိ။

အယံ-ဤသူသည်၊ဝေရူပံ ဒိဋ္ဌိံ-ဤသို့သဘောရှိသော အယူကို၊ ဂဟေတွာ-ယူ၍၊ ဝိစရန္တော-သွားလာ လှည့်လည်သည် ရှိသော်၊ အဝီစိပရာယနော- အဝီစိသို့ လည်းလျောင်း ဖွယ်ရာရှိသည်၊ ဘဝိဿတိ-ဖြစ်ပေလိမ့်မည်။

ဒီအကောင်ဟာ ဒီအယူကို မစွန့်ပစ်ပဲ ဒီအယူကြီး တန်းလန်းနဲ့ နေသွားမယ်ဆိုယင် ကေန္တ-အဝီစိ ကျတော့မှာပဲ။

> န ခေါ ပနေတံ ပဋိရူပံ ယံ မယိ ပဿန္တေ မမ ပုတ္တော နိရယံ ဂစ္ဆေယျ။

မယိ-ငါသည်၊ ပဿန္တေ-မြင်စဉ်၊ မမ ပုတ္တော-ငါ၏ သားသည်၊ နိရယံ-အပါယ်ငရဲသို့၊ ယံ ဂစ္ဆေယျ-အကျင့်ကြောင့် သွားရောက်ရာ၏၊ဧတံ-ဤသို့သွားရောက်ခြင်းသည်၊ န ခေါ ပန ပဋိရူပံ-စင်စစ်ကေန် အမှန်တကယ် အားဖြင့် မသင့်မတော် မလျော်မလျောက်ပတ်တော့ချေ။

"ငါ့လို ရွှေနောက်မြော်မြင်တဲ့ ပညာရှင် ဖခင်တယောက်လုံး ရှိပါယက်သားနဲ့ ငါ့သားဟာ အပါယ်ငရဲကို ကျရမယ်ဆိုယင် တကယ် မသင့်တော်ဘူး"

ဣမသ္မိံ ခေါ ပန လောကေ ဓနဒါနေန အနိစ္ဆနက
သတ္တော နာမ နတ္ထိ၊ ဓနေန နံ ဘိန္ဒိဿာမိ။

ဣမသ္မိံ ခေါ ပန လောကေ-ဤ လောက၌၊ ဓနဒါနေန-ဥစ္စာကို ပေးသဖြင့်၊ အနိစ္ဆနက သတ္တော နာမ-မပျက်စီးသော သတ္တဝါမည်သည်၊ နတ္ထိ-မရှိ။ ဓနေန-ဥစ္စာဖြင့်၊ နံ-ထိုအယူကို၊ ဘိန္ဒိဿာမိ-ဖျက်ဆီးအံ့။

"ဒီလောကမှာ ငွေပေးပြီး ဖျက်ဆီးယင် မပျက်စီးတဲ့သူရယ်လို့ မရှိဘူး။ ဒီအယူဆိုးကြီးကိုတော့ မပျက်စီးပျက်စီးအောင် ငါ ငွေနဲ့ ဖျက်ဆီးမယ်"လို့ စဉ်းစားတယ်။

ဟုတ်တယ်နော်၊ ငွေဆိုတာ အင်မတန် အရေးပါအရာရောက်တာပဲ။ ငွေနဲ့သာ ဆောင်ကျဉ်းသွားမယ်ဆိုလို့ရှိယင် ဘာမဆို ဖြစ်နိုင်တယ်။ ကောင်းတာလဲ ဖြစ်နိုင်တယ်။ မကောင်းတာလဲ ဖြစ်နိုင်တယ်။ ဒါဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ကျော် ကလောက်တုန်းက အခြေအနေကို ပြောပြနေတာနော်။ အခု ဘုန်းကြီးတို့၊ ဒကာ ဒကာမတို့ရဲ့ မျက်မှောက်ခေတ် အခြေအနေကို သုံးသပ်ကြည့်ယင် ငွေဟာ ပိုပြီးတော့တောင် အရေးပါအရာရောက်တာကို တွေ့ရပါသေးတယ်။ ငွေဟာ ဘယ်အရာမျိုးမဆို အောင်မြင်ဂိုးစီးနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ အနာထပိဏ်သူဌေးကြီးက သူ့သားကို ပြောတယ်။

## (ဃ)

## ငွေတရာပေးပီး ဥပုသ်စောင့်ခိုင်း

တာတ ဥပေါသထိကော ဟုတွာ ဝိဟာရံ ဂန္တွာ
ဓမ္မံ သုတွာ ဧဟိ၊ ကဟာပဏသတံ ဒေဘ ဒဿာမိ။

တာတ-ချစ်သား၊ (ကွဲ့-သင်ချစ်သားသည်၊) ဥပေါသထိကော ဟုတွာ-ဥပုသ်စောင့်သုံးသည် ဖြစ်၍၊ ဝိဟာရံ ဂန္တွာ-ကျောင်းတော်သို့ သွား၍၊ ဓမ္မံ သုတွာ-တရားကို နာကြား၍၊ ဧဟိ-ပြန်လာခဲ့လော့။ တေ-သင်ချစ်သားအား၊ ကဟာပဏသတံ-အသပြာတရာကို၊ ဒဿာမိ-ပေးအံ့။

"ငါ့သား-ဥပုသ်စောင့်ပီး ကျောင်းတော်ကိုသွား၊ တရားနာ ပီး အိမ်ပြန်လာခဲ့၊ မင်းကိုလေ-ငါ ငွေတရာပေးမယ်"လို့ ဗခင်သူဌေးကြီးက ပြောတယ်။

ဒဿထ တာတ။
"တကယ်ပေးမှာလား အဖေရဲ့"
ဒဿာမိ ပုတ္တ။
"တကယ်ပေးမှာပေါ့ ငါ့သားရဲ့"
"အဟုတ်နော်"
"အဟုတ်ပါကွယ့်"
"မညာနဲ့ဗျ"
"မညာပါဘူးကွ"

မောင်ကာလက မယုံကြည်နိုင်လို့ သုံးကြိမ်တိုင်တိုင် ဝန်ခံချက် တောင်းတယ်။ ဝန်ခံချက်ရမှ ဥပုသ်စောင့်တယ်။ ကျောင်း

တော်ကို သွားတယ်။ တရားကိုတော့ မနာပါဘူး။ ချောင်ကြို ချောင်ကြားမှာ အိပ်ပီးတော့ စောစောကြီး အိမ်ကို ပြန်လာခဲ့တယ်။ သူဌေးကြီးက သားဖြစ်တဲ့သူ ဥပုသ်စောင့်ပီး အိမ်ပြန်လာတယ်ဆိုတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အိမ်သူအိမ်သားတွေကို ပြောလိုက်တယ်။

ပုတ္တော မေ ဥပေါသထိကော အဟောသိ၊ သီဃံ မဿ ယာဂုအာဒီနိ အာဟရထ။

မေ-ငါ၏၊ ပုတ္တော-သားသည်၊ ဥပေါသထိကော-ဥပုသ်စောင့်သုံးသည်၊ အဟောသိ-ဖြစ်၏။ သီဃံ—လျှင်လျှင်မြန်မြန်၊ အဿ-ထိုသားအတွက်၊ ယာဂုအာဒီနိ-ယာဂုအစရှိသော စားဖွယ် သောက်ဖွယ်တို့ကို၊ အာဟာရထ-ယူဆောင် ခဲ့ကြလော။

"အမောင်တို့ အမိတို့-ငါ့သား ဥပုသ်စောင့်ပီးပြန်လာခဲ့ပီ၊ ငါ့သားအတွက် စားဖို့သောက်ဖို့ ယာဂုတို့ ဘာတို့ မြန်မြန်ယူခဲ့ကြ"လို့ ပြောလိုက်တယ်။

အိမ်သူအိမ်သားတွေကလဲ ပြာပြာသလဲ စားစရာ သောက်စရာတွေ ပြင်ဆင် ယူဆောင်လာကြပီး မောင်ကာလရဲ့ ရှေ့မှောက်မှာ ချပေးကြတယ်။ ဒါပေမယ့် သူက ဖြောင့်ဖြောင့်တန်းတန်း မစားလိုက်သေးဘူး။ ငြင်းပယ်နေသေးတယ်။ သူ ပြောတာကို နားထောင်လိုက်ကြစမ်းပါအုံး။

ကဟာပဏော အဂ္ဂဟေတွာ န ဘုဉ္ဇိဿာမိ။

ကဟာပဏော-အသပြာငွေတို့ကို၊ အဂ္ဂဟေတွာ-မရမူ၍၊ န ဘုဉ္ဇိဿာမိ-စားလိမ့်မည် မဟုတ်။

"ကျုပ်ကတော့ ငွေတရာ လက်ထဲ မရောက်ပဲနဲ့သာဖြင့် ဘယ်တော့မှ မစားဘူးဗျ"လို့ ပြောနေတယ်။

တကတဲ၊ ကလေးဆိုးကြီး အတိုင်းပါဘဲ။ ဖခင်ကို နှဲ့ဆိုး ဆိုးနေတာပေါ့။ အဲဒီလို နှဲ့ဆိုးဆိုးပြီး နှိပ်စက်တဲ့ဒဏ်ကို သည်း မခံနိုင်လို့ ဖခင်ကြီးက ငွေတရာကို လှယ်လှယ်ကူကူနဲ့ ရှောရှော ရှူရှူ ထုတ်ပေးလိုက်တယ်။ အဲဒီအခါ ကျတော့မှ ငွေတရာထုပ်ကို လက်ကဆုပ်ပြီး စားစရာ သောက်စရာတွေကို စားတော့ သောက် တော့ တယ်တဲ့။

## (င)

## ငွေတထောင်ပေးပြီး တရားနာခိုင်း

နောက်တခါကျတော့ သူဌေးကြီးက တမျိုးခိုင်းပြန်တယ်။ ခိုင်းပုံကလေး နားထောင်ကြစမ်းပါ။

> တာတ ကဟာပဏာသဟဿံ တေ ဒဿာမိ၊ သတ္တု ပုရတော ဌတွာ ဧကံ ဓမ္မပဒံ အဂ္ဂဏှိတွာ အာဂစ္ဆေယျာသိ။

တာတ-ချစ်သား၊ တေ-သင်ချစ်သားအား၊ ကဟာပဏာသ ဟဿံ-အသပြာတထောင်ကို၊ဒဿာမိ-ပေးအံ့။သတ္တု ပုရတော- မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှ၊ ဧကံ ဓမ္မပဒံ- တခုသော တရားစုကို၊ ဝါ-တရားတပုဒ်ကို၊ ဥဂ္ဂဏှိတွာ- သင်ယူ၍၊ အာ ဂစ္ဆေယျာသိ-ပြန်လာခဲ့လော။

"ချစ်သား မင်းကိုလေ ငါကငွေကထောင်ပေးမယ်၊ မြတ်စွာဘုရားရဲ့ရွှေတော်မှောက်မှာ နေပြီးတော့ တရားတပုဒ်ကို သင်ယူလာခဲ့" အဲဒီလိုပြောပြီး လွှတ်လိုက်ပြန်တယ်။

တရားတပုဒ်ကို မှတ်မှတ်သားသား နာယူခဲ့လို့ ခိုင်းလိုက်တာပါပဲ။ အဲဒီတော့ မောင်ကာလကလဲ ကျောင်းတော်ကို သွားတယ်။ မြတ်စွာဘုရားရဲ့ ရွှေတော်မှောက်မှာ နေပြီးတော့ တရားနာတယ်။ တရားတပုဒ်ကိုမှတ်မိအောင် သင်ယူတယ်။ တရားတပုဒ်ကို မှတ်မိတော ထပြေးမယ်လို့ အလုပ်မှာ မြတ်စွာဘုရားက မမှတ်မိအောင် တန်ခိုးနဲ့ လုပ်လိုက်တယ်။ "အင်း ဒီတပုဒ်မမှတ်မိယင် နောက်တပုဒ်သင်ယူအုံးမယ်"လို့ ဆိုပြီး နာကြားပြန်တယ်။

အဋ္ဌကထာဆရာတော်က ဒီနေရာမှာ မှတ်ချက်ကလေး ချထားတယ်။ နားထောင်ကြအုံး။

> ဥဂ္ဂဏှိဿာမီတိ သုဿန္တောဝ ကိရ သတ္တာစ သုဿာတိ နာမ၊ ဧဝဉ္စ ကိရ သုဿန္တာနံ ဓမ္မော သောတာပတ္တိမဂ္ဂါဒယော ဒေတိ။

ဥဂ္ဂဏှိဿာမီတိ- သင်ယူအံ့ဟူ၍၊ သုဿန္တောဝ- နာကြားမှုသာလျှင်၊ သတ္တာစ သုဿာတိနာမ ကိရ ရှိသေစွာ နာကြားသည် မည်သတဲ့။ ဧဝဉ္စ- ဤသို့လျှင်၊ သုဿန္တာနံ- နာကုန်ကြားကုန်သော သူတို့အား၊ ဓမ္မော- တရားသည်၊ သောတာပတ္တိမဂ္ဂါဒယော- သောတာပတ္တိမဂ် အစရှိသည်တို့ကို၊ ဒေတိ ကိရ- ပေးသတဲ့။

"သင်ယူမယ်"လို့ ဆိုတဲ့ အနေနဲ့ နာကြားမှုသာ ရိုရိုသေသေ နာကြားတယ် မည်သတဲ့။ ရိုရိုသေသေ နာကြားမှုလဲ သောတာ

ပတ္တိုဝိုလ် အစရှိတဲ့ တရားတွေကို ရနိုင်သတဲ့။ အဲဒီလို အဋ္ဌကထာ ဆရာတော်က မှတ်ချက်ချထားပါတယ်။

မောင်ကာလကလဲ "သင်ယူမယ်" လို့ အောက်မေ့ပြီး နာကြားပြန်တယ်။ တပုဒ်ဘပါဒလောက် မှတ်မိတယ်ဆိုယင်ပဲ ထပြေးမလို့ ကြံလိုက်ပြန်တယ်။ မြတ်စွာဘုရားကလဲ မမှတ်မိအောင် တန်ခိုးနဲ့ ပြုလုပ်လိုက်ပြန်တယ်။

ဥပရိပဒံ ဥဂ္ဂဏှိဿာမိ။

"အထက်ဖြစ်တဲ့ နောက်တရားတပုဒ် သင်ယူအုံးမယ်" လို့ အောက်မေ့ပြီး နာကြားလိုက်တဲ့ အခါမှာ မောင်ကာလဟာ သောတာပတ္တိမဂ်ဖိုလ်ကို ဆိုက်ရောက်သွားတယ်။ သောတာပတ္တိမဂ်ဖိုလ်ကို ဆိုက်ရောက်သွားတော့ ထမပြေးချင်တော့ပါဘူး။ နောက်တနေ့ကျတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များနဲ့ အတူတကွ မောင်ကာလက သာဝတ္ထိမြို့ထဲ ဝင်လိုက်လာခဲ့တယ်။ အိမ်ရောက်တော့ သူဌေးကြီးက သူ့ကို ကြည့်ပြီး စဉ်းစားမိသတဲ့။

အဇ္ဇ မမ ပုတ္တဿ အာကာရော ရုစ္စတိ။

အဇ္ဇ-ယနေ့၊ မမ ပုတ္တဿ-ငါ့သား၏၊ အာကာရော- အမူအရာသည်၊ ရုစ္စတိ-နှစ်သက်ဖွယ်ရှိ၏။

"ဒီကနေ့ ငါ့သားရဲ့ အမူအရာဟာ နှစ်သက်စရာ ကောင်းလိုက်တာ၊ သိပ်နှစ်သက်စရာ ကောင်းတာပဲ" လို့ စဉ်းစားမိသတဲ့။

(ဓ)

## ငွေတထောင် မလိုချင်တော့ဘူး

အဲဒီအတွင်းမှာ မောင်ကာလရဲ့ စိတ်သန္တာန်မှာ အကြံတခု ပေါ်လာတယ်တဲ့။ ဘယ်လိုအကြံလဲဆိုတော့ “အဟော ဝတ မေ ပိတာ အဇ္ဇ သတ္ထု သန္တိကေ ကဟာပဏေ န ဒဒေယျ၊ ကဟာပဏကာရဏာ မယှံ ဥပေါသထိကဘာဝံ ပဋိစ္ဆာဒေယျ” အဲဒီလိုအကြံပေါ်ပါပဲ။

မေ-ငါ၏၊ပိတာ-ဖခင်သည်၊အဇ္ဇ-ယနေ့၊ သတ္ထု သန္တိကေ- မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌၊ ဂဟာပဏေ- အသပြာ ငွေတို့ကို၊ န ဒဒေယျ- မပေးပါမူကား၊ အဟော ဝတ-အော် ကောင်းလေစွတကား၊ မယှံ-ငါ့အား၊ ကဟာပဏကာရဏာ- အသပြာ ဟူသော အကြောင်းကြောင့်၊ ဥပေါသထိကဘာဝံ- ဥပုသ်စောင့်သုံးသည်၏ အဖြစ်ကို၊ ပဋိစ္ဆာဒေယျ-ဖုံးအုပ်၍ထား ရပါမူကား၊ အဟော ဝတ-ကောင်းလေစွတကား။

“ဒီကနေ့ ငါ့အဖေက ငါ့ကို မြတ်စွာဘုရားရဲ့ ရှေ့တော် မှောက်မှာ ငွေအသပြာ တထောင်ကို မပေးလို့ရှိယင် နေရာကျ မှာပဲ။ငွေရလို့(ငွေကို အကြောင်းပြုပြီး) ဥပုသ်စောင့်တယ်ဆိုတဲ့ အဖြစ်ကို ဖုံးအုပ် ထားလိုက်ရလို့ရှိယင် သိပ်ကောင်းမှာပဲ”လို့ အကြံပေါ်လာသတဲ့။

ဒါပေမယ့် မြတ်စွာဘုရားကတော့ မနေ့က ငွေတထောင်ရလို့ ဥပုသ်စောင့်တယ်ဆိုတာကိုလဲ သိပြီးသားပါပဲ။

သူဌေးကြီးက ဘုရား အမှူးရှိတဲ့ ရဟန်းသံဃာတော်တွေကို ယာဂုတို့၊ ခဲဘွယ်ဘောဇဉ် ချိုချဉ်တို့ကို ကပ်လှူတယ်။ သူ့သား မောင်ကာလကိုလဲ ယာဂုတို့၊ခဲဘွယ်ဘောဇဉ် ချိုချဉ်တို့ကို ပေးတယ်-တဲ့။မောင်ကာလက မနေ့ကလို ကလန်ကဆန် မလုပ်တော့ပါဘူး။ငြိမ်ငြိမ်ဆိမ်ဆိမ်ကလေးနွဲ့ရရနဲ့ စားစရာ သောက်စရာတွေကို စားတယ် သောက်တယ်-တဲ့။

မြတ်စွာဘုရားရဲ့ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးတဲ့တခါကျတော့ သူဌေးကြီးက မောင်ကာလရဲ့ရှေ့မှာ ငွေအသပြာ တထောင်ထုပ်ကို ချပြီး ပြောတယ်။ ပြောပုံက "တာတ မယာ တေ သဟဿံ ဒဿာမီတိ ဝတွာ ဥပေါသထံ သမာဒပေတွာ ဝိဟာရံ ပဟိတော လဒ္ဓံ တေ သဟဿံ"တဲ့။

တာတ-ချစ်သား၊မယာ-ငါသည်၊ တေ-သင်ချစ်သားအား၊ သဟဿံ ဒဿာမီတိ- ငွေဘထောင်ပေးအံ့ဟူ၍၊ ဝတွာ-ပြောဆိုပြီးလျှင်၊ ဥပေါသထံ သမာဒပေတွာ-ဥပုသ်ကို ဆောက်တည်စေ၍၊ ဝိဟာရံ ပဟိတော-ကျောင်းတော်သို့ ပို့လွှတ်လိုက်ပေ၏၊ လဒ္ဓံ- ဤ(အထုပ်) သည်ကား၊ တေ- သင်ချစ်သားအတွက်၊ သဟဿံ-ငွေအသပြာ တထောင်တည်း။

"ချစ်သား-မင်းကိုလေ ငါက ငွေတထောင် ပေးမယ် ဆိုပြီးတော့ ဥပုသ်စောင့်ခိုင်းလိုက်တယ်။ကျောင်းတော်ကိုသွား တရားအနာခိုင်းလိုက်တယ်။ အခု ဥပုသ်စောင့် တရားနာခဲ့တဲ့အတွက် ငါ ဝန်ခံထားတဲ့အတိုင်း ပေးမယ်။ ကဲ-ရော့၊အင့်ယူ။ ဟောဒါဟာ မင်းအတွက် ငွေတထောင်ပဲ"လို့ ပြောပြီး ပေးလိုက်တယ်။

မောင်ကာလက မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ ဒီလို ငွေတထောင် ပေးတာကို မြင်တော့ ရှက်လွန်းလို့ "အလံ မေ

ကဟာပဏောဟိ။ မေ-အကျွန်ုပ်အား၊ကဟာပဏောဟိ-အသပြာငွေတို့ဖြင့်။အလံ-အလိုမရှိပါပြီ။ဒီငွေတထောင်ကို ကျုပ်မလိုချင်ပါဘူး။တော်ပါပီဗျ”လို့ ငြင်းဆိုလိုက်တယ်။

သူဌေးကြီးက “ဂဏှာ တာတ-ယူသာယူပါကွဲ့ ငါ့သားရဲ့” လို့ ပြောပါတယ်။

## (ဆ)

## သူဌေးကြီးနဲ့ မြတ်စွာဘုရား

သူဌေးကြီးက ဘယ်လိုပဲ ပြောပီး ပေးပေး၊ဒီကနေ့တော့ဖြင့် မောင်ကာလက မယူတော့ပါဘူး။

အဲဒီတော့ သူဌေးကြီးက မြတ်စွာဘုရားကို ရှိခိုးပီး “ဘန္တေ အဇ္ဇ မေ ပုတ္တဿ အာကာရော ရုစ္စတိ”လို့ လျှောက်ထား လိုက်တယ်။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား၊ အဇ္ဇ-ယနေ့၊ မေ ပုတ္တဿ-တပည့်တော်သား၏၊ အာကာရော-အမူအရာသည်။ ရုစ္စတိ-နှစ်သက်ဖွယ်ရာ ရှိပါ၏ဘုရား။

“မြတ်စွာဘုရား-ဒီကနေ့ တပည့်တော့်သားရဲ့အမူအရာဟာ အင်မတန် နှစ်သက်စရာ ကောင်းလှပါတယ်ဘုရား”

အဲဒီလို သူဌေးကြီးကလျှောက်တော့“ကိံ မဟာသေဋ္ဌိ-ဘာ့ကြောင့်တုန်း သူဌေးကြီးရဲ့” လို့ မြတ်စွာဘုရားက မေးလိုက်ပါတယ်။

မယှာ သေ ပုရိမဒိဝသေ ကဟာပဏာသတံ တေ ဒဿာမီတိ ဝတွာ ဝိဟာရံ ပေသိတော၊ ပုနဒိဝသေ ကဟာပဏေ အဂ္ဂဟေတွာ ဘုဥ္ဇိတုံ န ဣစ္ဆတိ၊ အဇ္ဇ ပန ဒိယျမာနေပိ ကဟာပဏေ န ဣစ္ဆတိ။

မယှာ-တပည့်တော်သည်၊ သေ(သော)ကာလော-ဤမောင်ကာလ အမည်ရသည့် သားကို၊ ပုရိမဒိဝသေ- ရှေးဖြစ်သော နေ့ရက်၌၊ တေ-သင်ချစ်သားအား၊ ကဟာပဏာသတံ ဒဿာမီတိ ဝတွာ-ငွေအသပြာ တရာ ပေးအံ့ဟူ၍ ပြောဆိုပြီးလျှင်၊ ဝိဟာရံ ပေသိတော-ကျောင်းတော်သို့ စေလွှတ်လိုက်ပါ၏ ဘုရား။ ပုနဒိဝသေ-တဖန်မိုးသောက် နောက်တရက်နေ့၌၊ ကဟာပဏေ-အသပြာငွေတို့ကို၊ အဂ္ဂဟေတွာ-မရမူ၍၊ ဘုဥ္ဇိတုံ- စားသောက်ခြင်းငှာ၊ န ဣစ္ဆတိ-အလိုမရှိပါဘုရား။ အဇ္ဇ ပန-ယနေ့၌မူကား၊ ဒိယျမာနေပိ-ပေးသော်လည်း၊ ကဟာပဏေ- အသပြာငွေတို့ကို၊ န ဣစ္ဆတိ-အလိုမရှိတော့ပါဘုရား။

"မြတ်စွာဘုရား-တပည့်တော်ဟာ သူ့ကိုအယင်နေ့က မင်းကို ငါငွေ တရာကျပ် ပေးမယ်လို့ ပြောပြီး ကျောင်းတော်ကို ဥပုသ်စောင့် လွှတ်လိုက်ပါတယ်ဘုရား။ နောက်တနေ့ကျတော့ အစားအသောက် ကျွေးတာတောင် ငွေတရာကျပ် သူ့လက်ထဲ မရောက်သေးပဲနဲ့ သာဖြင့် ဘာကိုမှ မစားဘူးလို့ ပြောပါတယ် ဘုရား။ ဒီကနေ့တော့ဖြင့် ပေးတာကိုတောင်မှ အလိုမရှိတော့ပါဘူးတဲ့ ဘုရား။ ဒါကြောင့် အင်မတန် နှစ်သက်စရာ ကောင်းလှပါတယ်ဘုရား။

အာမ မဟာသေဋ္ဌိ အဇ္ဇ တဝ ပုတ္တဿ စက္ကဝတ္တိသမ္ပတ္တိတောပိ ဒေဝလောက ဗြဟ္မလောက သမ္ပတ္တိဟိပိ သောတာ ပတ္တိဖလမေဝ ဝရံ။

မဟာသေဋ္ဌိ-သူဌေးကြီး၊ အာမ-သင့်သား မောင်ကာလသည် အသပြာငွေကို အလိုမရှိတော့ဘူး ဆိုသည်မှာ ဟုတ်မှန်လှပါပေသည်။ အဇ္ဇ-ယနေ့၊ တဝ ပုတ္တဿ-သင့်သား မောင်ကာလအား၊ စက္ကဝတ္တိသမ္ပတ္တိတောပိ- လေးကျွန်းသနင်း စကြာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်ရင်း၊ ဒေဝလောက ဗြဟ္မလောက သမ္ပတ္တိဟိပိ-နတ်ပြည်လောက ဗြဟ္မာ့ပြည်လောကဌ်ဖြစ်သော နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာတို့ထက်ရင်း၊ သောတာပတ္တိ ဖလမေဝ-သောတာပတ္တိဖိုလ် ချမ်းသာသည်သာလျှင်၊ ဝရံ-မြတ်၏

"သူဌေးကြီး-သင့်သား မောင်ကာလဟာ အသပြာငွေကို အလိုမရှိဘူးဆိုတာ ဟုတ်တယ်၊ မှန်တယ်။ ကနေ့ သင့်သား ရရှိထားတဲ့ သောတာပတ္တိ ဖိုလ်ချမ်းသာဟာ ငွေအသပြာ အရာအထောင်ကို မဆိုထားနဲ့ လေးကျွန်းသနင်း စကြာမင်းကြီးတို့ရဲ့ စည်းစိမ် ချမ်းသာ၊ ပြီးတော့ နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့ရဲ့ စည်းစိမ်ချမ်းသာ၊ အဲဒီစည်းစိမ်ချမ်း သာတွေထက် ပိုပြီးမြင့်မြတ်တယ်။ ဒါ့ကြောင့် သင့်သားဟာ ငွေအသပြာကို အလိုမရှိဘူး ဆိုတာ ဟုတ်မှန်တယ်။

## (၉)

## အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်တရား

မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးကို အဲဒီလို မိန့်ကြားတော်မူပြီးတော့ ဒေသနာတော်ကို ဂါထာဗန္ဓနဲ့ အထွဋ်တပ်ပြီး ဟောကြားတော်မူလိုသေးတဲ့အတွက် အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်ဆိုတဲ့ တရားဂါထာ ဒေသနာတော်ကို ရွှေလျှာသုပ်လျက် အက္ခရပ္ပတ္တိ ပဋ္ဌင်ညီသို့ကာရ ဝိသရံ ဗြဟ္မသံဖြင့် နှုတ်သံချိုစွာ ဟောကြား ချီးမြှင့်တော်မူလိုက်ပြန်ပါသေးတယ်။

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာ ဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။

ပထဗျာ ဧကရဇ္ဇေန-လေးကျွန်းလုံး ကုန်အစင် မြေအပြင်တခုလုံး၌ သိမ်းကျုံး အုပ်ချုပ် မင်းလုပ်ရသော စကြဝတေးမန္ဓာတ်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်ရှင်း၊ သဂ္ဂဿ ဂမနေန ဝါ-နတ်ခြောက်ရွာနှင့် ဗြဟ္မာနှစ်ဆယ်သို့ တကာယ်သွားရောက်၍ မြားမြောက်သော စည်းစိမ်ချမ်းသာကို ခံစား စံစားရသော နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက်ရှင်း၊ သဗ္ဗလောကာ ဓိပစ္စေန-နဂါးဂဠုန် ဝေမာနိကဘုံနှင့်တကွ ကမ္ဘာလောကကြီးတခုလုံးကို သိမ်းကျုံးလွှမ်းမိုး အုပ်စိုးရခြင်းတည်းဟူသော စည်းစိမ်ချမ်းသာထက်ရှင်း၊ သောတာ

ပတ္တိဖလံ-ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နှစ်ပါးကွာသည့် သောတာပတ္တိ မည်ရှိထင်ရှား ဖိုလ်တရားသည်၊ ဝရံ-အပါယ်စခန်းမှ တကယ် တန်း လွတ်လပ်သောကြောင့် မြင့်မြတ်ပါတော့ပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

၁။ လေးကျွန်းသနင်း စကြာမင်းကြီး တို့ရဲ့ စည်းစိမ် ချမ်းသာ။

၂။ နတ်မင်းကြီး ဗြဟ္မာမင်းကြီးတို့ရဲ့ စည်းစိမ်ချမ်းသာ။

၃။ ကမ္ဘာလောကကြီး တခုလုံးကို သိမ်းကြုံး လွှမ်းမိုး အုပ်စိုးရခြင်းလို့ဆိုတဲ့ စည်းစိမ်ချမ်းသာ။

ဒီစည်းစိမ်ချမ်းသာတွေထက် သောတာပတ္တိဖိုလ်ချမ်းသာက အဆအရာအထောင် မကအောင် ပိုလွန်ပြီး မြင့်မြတ်တယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

ဒီအဓိပ္ပာယ်ကို ဘုန်းကြီးက ကေပိုဒ်လင်္ကာတပုဒ် စပ်ထား တယ်။ အခု အဲဒီလင်္ကာကိုရွတ်ပြမယ် လေးလေးနက်နက် နာ ကြအုံး။

### အပယ်လွတ်လပ် မဂ်ဖိုလ်မြတ်လင်္ကာ

မန္ဓာတ်စကြာ နတ်ဗြဟ္မာ၏ ကောင်းစွာရိပ်ငြိမ်
ဝင်းဝင်းထိန်သည့် စည်းစိမ်ချမ်းသာ စံရပါလည်း လေး
ဖြာပါယ်ဇာတ် မလွတ်လပ်၍ မမြတ်သည်သာ မှတ်ကြ
ရာရှင့်။ သောတာပတ္တိ မည်ရှိထင်ရှား ဖိုလ်တရားမှ
လေးပါးပါယ်ဇာတ် ကင်းလွတ်လပ်၍ မြင့်မြတ်သည်သာ

မှတ်ကြရာ၏။ သူငါကစ ယင်းဖလကို ရကြလိုဘိ သဒ္ဓါရှိလျက် သတိပဋ္ဌာန် အသိဉာဏ်ဖြင့် နည်းမှန်ပိုင်ပိုင် အားထုတ်နိုင်သော် ကိုယ်တိုင်တကယ် ရဖို့လွယ်သည် အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်။

## (၈၂)
## ဒေသနာတော်ရဲ့အကျိုး

ဒီတရားဂါထာ ဒေသနာတော်ရဲ့အဆုံး နိဂုံးချုပ်တဲ့အခါမှာ ဘယ်သူတွေ ဘာဖြစ်ကုန်ကြတုန်းဆိုတော့ ဖြစ်ထာကို ပြောအုံးမယ်။ နားထောင်ကြအုံး။

ဒေသနာဝသာနေ-ဒေသနာတော်၏အဆုံး နိဂုံးချုပ်တော်မူသော အခါကာလ၌၊ ဗဟူ-များစွာများစွာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ သောတာပတ္တိဖလာဒီနိ-သောတာပတ္တိဖိုလ် အစရှိသည်တို့သို့၊ ပါပုဏိံသု-ဆိုက်ရောက်တော်မူကုန်ကြလေသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်ကာလကို အကြောင်းပြုပြီး ဟောကြား ချီးမြှင့်တော်မူတဲ့ တရားဂါထာ ဒေသနာတော်ရဲ့အဆုံး နိဂုံးချုပ်တော်မူတဲ့ အခါမှာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေဟာ သောတာပတ္တိဖိုလ် အစရှိတဲ့ တရားတွေကို ရကြတယ်-တဲ့။

ဒီစကားဝါကျထဲမှာ"အစရှိတဲ့ တရားတွေကို ရကြတယ်" ဆိုတဲ့စကားက ဘာကိုပြောတာလဲဆိုတော့ သောတာပတ္တိဖိုလ်

တောင် မကသေးဘူး။ တချို့မှာ သကဒါဂါမိဖိုလ်၊ တချို့မှာ အနာဂါမိဖိုလ်၊ တချို့မှာ အရဟတ္တဖိုလ်ထိအောင်တောင် ရကြတယ်လို့ ဆိုလိုပါတယ်။ တိုတိုရှင်းရှင်း ပြောရမယ်ဆိုယင်တော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာတွေ ဖြစ်ကုန်ကြတယ်လို့ ပြောရမှာပေါ့။

## (ည)

## အရိယာပုဂ္ဂိုလ်အပါး တရာ

မြတ်စွာဘုရားရဲ့ လက်ထက်တော်က မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြရကြားကြရလို့ တချို့မှာ သောတာပန်တွေ ဖြစ်ကုန်ကြတယ်။ တချို့မှာ သကဒါဂါမ်တွေ ဖြစ်ကုန် ကြတယ်၊ တချို့မှာ အနာဂါမ်တွေ ဖြစ်ကုန်ကြတယ်၊ တချို့မှာ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်ဆိုတာ ဒီနေရာမှာသာ တွေ့ရတာမဟုတ်ပါဘူး။ ဟိုနေရာ ဒီနေရာမှာ ခဏခဏ တွေ့နေရ ပါတယ်။ အဲဒီတော့ ဘယ်လိုပုဂ္ဂိုလ်ကို သောတာပန်လို့ ခေါ်သလဲ၊ သောတာပန်က ဘယ်နှစ်ပါး ရှိသလဲ။ ဘယ်လိုပုဂ္ဂိုလ်ကိုသကဒါဂါမ်လို့ ခေါ်သလဲ၊ သကဒါဂါမ်က ဘယ်နှစ်ပါး ရှိသလဲ။ ဘယ်လိုပုဂ္ဂိုလ်ကို အနာဂါမ်လို့ ခေါ်သလဲ။ အနာဂါမ်က ဘယ်နှစ်ပါး ရှိသလဲ။ ဘယ်လိုပုဂ္ဂိုလ်ကို ရဟန္တာလို့ ခေါ်သလဲ၊ ရဟန္တာက ဘယ်နှစ်ပါးရှိသလဲ။ ဒီပြဿနာရပ်တွေကို တခုစီ တခုစီနားလယ်အောင် စီစဉ်ကြအုံးစို့ရဲ့။

သောတာပန် နှစ်ဆယ့်လေးပါး။ ။မဂ္ဂင်ရှစ်ပါး တရားရေ
အလျဉ်သို့ ရောက် တဲ့
ပုဂ္ဂိုလ်ကို သောတာပန်လို့ ခေါ်တယ်။ အဲဒီ သောတာပန်က
သုံးပါးရှိပါတယ်။ သုံးပါးက ဘာတွေလဲ။

၁။ ဧကဗီဇီ သောတာပန်၊
၂။ သတ္တက္ခတ္တုပရမ သောတာပန်၊
၃။ ကောလံကောလ သောတာပန်၊

ဒီသုံးပါးပါပဲ။ ဒီသုံးပါးထဲက ဧကဗီဇီ သောတာပန်ဆိုဘာ ဘာလဲ။ အထက်မဂ်ဖိုလ်အတွက် ဝိပဿနာ ထက်ထက်မြက်မြက် ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဧကဗီဇီသောတာပန် ဖြစ်တယ်။ နောက်ထပ် တဘဝသာ ဖြစ်ဖို့ရာ ရှိတော့တယ်။ အဲဒီဘဝမှာ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းရတော့တာပဲ။

သတ္တက္ခတ္တုပရမ သောတာပန် ဆိုတာကကော ဘာလဲ။ အထက်မဂ်ဖိုလ်အတွက် ဝိပဿနာ ထုံထိုင်းနှေးကွေး အားသေးတဲ့ ပုဂ္ဂိုလ်ဟာ သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်တယ်။ ခုနစ်ဘဝသာဖြစ်ဖို့ရာ ရှိတယ်။ အဲဒီခုနစ်ဘဝမြောက်မှာ ရဟန္တာ ဖြစ်ပြီး ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းရတော့တာပဲ။

ကောလံကောလ သောတာပန် ဆိုတာကကော ဘာလဲ။ အထက်မဂ်ဖိုလ်အတွက် ဝိပဿနာ မနှံ့မထက် အလယ်အလတ် ရှိတဲ့ ပုဂ္ဂိုလ်ဟာ ကောလံကောလ သောတာပန် ဖြစ်တယ်။ နှစ်ဘဝသော်ငြား၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ခြောက်ဘဝ သော်ငြား၊ဖြစ်ဖို့ရာ ရှိတယ်။ အဲဒီ နှစ်ဘဝမြောက်မှာသော်ငြား၊

သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ခြောက်ဘဝမြောက်မှာသော်ငြင်း၊ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းရတော့တာပဲ။

အဲဒါ သောတာပန် သုံးပါးပါပဲ။

နောက်ထပ် သောတာပန်ဆယ့်နှစ်ပါးရှိပါသေးတယ်။ အဲဒီဆယ့်နှစ်ပါးကို သိချင်ယင် ရှေးဦးစွာ ပုဂ္ဂိုလ်လေးမျိုးကို နားလယ်ထားကြရမယ်။ ပုဂ္ဂိုလ်လေးမျိုးက ဘာတွေလဲ။

၁။ ဒုက္ခ ပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်၊
၂။ ဒုက္ခ ပဋိပဒါ ခိပ္ပာဘိည ပုဂ္ဂိုလ်၊
၃။ သုခ ပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်၊
၄။ သုခ ပဋိပဒါ ခိပ္ပာဘိည ပုဂ္ဂိုလ်၊

ဒီလေးမျိုးပါပဲ။ ဒီလေးမျိုးထဲက ဒုက္ခပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်ဆိုဘာ ဘာတုန်း။ အခြေခံအကျင့်မှာ ဆင်းဆင်းရဲရဲလဲ ကျင့်ရတယ်။ သိတော့ ဖြေးဖြေးဆေးဆေး နှေးနှေးကွေးကွေး မှလဲသိရတယ်။ အဲဒါဒုက္ခပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်ပဲ။

ဒုက္ခပဋိပဒါ ခိပ္ပာဘိည ပုဂ္ဂိုလ်ဆိုဘာကကော ဘာတုန်း။ အခြေခံအကျင့်မှာ ဆင်းဆင်းရဲရဲတော့ ကျင့်ရဘယ်။ ဒါပေမယ့် တရားကိုတော့ မြန်မြန်ဆန်ဆန်သိရတယ်-တဲ့။ အဲဒါ ဒုက္ခပဋိပဒါ ခိပ္ပာဘိညပုဂ္ဂိုလ်ပဲ။

သုခပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ် ဆိုတာကကော ဘာတုန်း။ အခြေခံအကျင့်မှာ ချမ်းချမ်းသာသာတော့ ကျင့်ရတယ်-တဲ့။ ဒါပေမယ့် တရားကိုတော့ ဖြေးဖြေးဆေးဆေး နှေးနှေးကွေးကွေးမှသိရတယ်-တဲ့။ အဲဒါ သုခပဋိပဒါ ဒန္ဓာဘိည ပုဂ္ဂိုလ်ပဲ။

သုံခပင္စိပဒ်ါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်ဆိုတာကကော ဘာတုန်း။ အခြေခံအကျင့်မှာ ချမ်းချမ်းသာသာလဲ ကျင့်ရတယ်။သိတော့ မြန်မြန်ဆန်ဆန်လဲ သိရတယ်-တဲ့။ အဲဒါ သုခပဋိပဒါ ခိပ္ပာဘိညာ ပုဂ္ဂိုလ်ပဲ။

ခုဏကပြောခဲ့တဲ့ သောတာပန် သုံးပါးကို အခု ပြောခဲ့တဲ့ ပုဂ္ဂိုလ်လေးမျိုးနဲ့ မြှောက်ပွားပီး ယူလိုက်လို့ရှိယင် သောတာပန် ဆယ့်နှစ်ပါးဖြစ်တယ်။ သောတာပန် ဆယ့်နှစ်ပါး ဆိုတာ ဒါပါပဲ။

ပီးတော့ သောတာပန် နှစ်ဆယ့်လေးပါးဆိုတာ ရှိပါသေးတယ်။နှစ်ဆယ့်လေပါးကဘာတွေလဲ။

၁။ သဒ္ဓါဓုရ သောတာပန်-တဲ့၊

၂။ ပညာဓုရ သောတာပန်-တဲ့၊

ဒီနှစ်ပါးကို သေသေချာချာ မှတ်ထားကြနော်။ အဓိပ္ပာယ်ကတော့ သဒ္ဓါဦးဆောင်တဲ့ သောတာပန်ကို သဒ္ဓါဓုရသောတာပန်လို့ခေါ်တယ်။ ပညာဦးဆောင်တဲ့ သောတာပန်ကို ပညာဓုရ သောတာပန်လို့ ခေါ်တယ်။

ခုဏကပုဂ္ဂိုလ်လေးမျိုးနဲ့ မြှောက်ပွားယူလိုက်လို့ရတဲ့ သောတာပန်ဆယ့်နှစ်ပါးကို အခုပြောတဲ့ သဒ္ဓါဓုရ ပညာဓုရလို့ဆိုတဲ့ ဓုရနှစ်ပါးနဲ့ မြှောက်ပွားယူလိုက်လို့ရှိယင် သောတာပန် ပုဂ္ဂိုလ် နှစ်ဆယ်လေးပါး ဖြစ်တယ်။

သကဒါဂါမ် ၁၂ ပါး။ ။ဒီလူ့ပြည် လူ့ဘဝကို တကြိမ်သာ ပြန်လာပီး ဆင်းရဲ ခပ်သိမ်း အကုန်ငြိမ်းမယ့် ပုဂ္ဂိုလ်ကို သကဒါဂါမ် ပုဂ္ဂိုလ်လို့ ခေါ်တယ်။

အဲဒီသကဒါဂါမ် ပုဂ္ဂိုလ်ကလဲ သုံးပါးရှိတယ်။ သုံးပါးက ဘာတွေလဲ။

၁။ မပြဲဘူးလို့ ရှုမှတ်ပြီး ရတဲ့မဂ်က အနိမိတ္တဝိမောက္ခ ဖြစ်တယ်။ အဲဒီ ဝိမောက္ခနဲ့ ဖြစ်တဲ့ သကဒါဂါမ် ပုဂ္ဂိုလ်က တပါး။

၂။ ဆင်းရဲပဲလို့ ရှုမှတ်ပြီး ရတဲ့မဂ်က အပ္ပဏိဟိတဝိမောက္ခ ဖြစ်တယ်။ အဲဒီဝိမောက္ခနဲ့ဖြစ်တဲ့ သကဒါဂါမ်ပုဂ္ဂိုလ်က တပါး။

၃။ အစိုးမရဘူးလို့ ရှုမှတ်ပြီး ရတဲ့ မဂ်က သုညတဝိမောက္ခ ဖြစ်တယ်။ အဲဒီဝိမောက္ခနဲ့ဖြစ်တဲ့ သကဒါဂါမ်ပုဂ္ဂိုလ်က တပါး။

ဒီ သုံးပါးပါပဲ။ ဒီသုံးပါးကို သောတာပန်တုန်းက ပြောခဲ့တဲ့ ပဋိပဒါ အဘိညာ လေးမျိုးနဲ့ မြှောက်ပွားယူလိုက်သို့ရှိယင် သကဒါဂါမ် ပုဂ္ဂိုလ် ဆယ့်နှစ်ပါး ဖြစ်တယ်။

**အနာဂါမ် ၄၈ ပါး။** ။ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာတဲ့ ပုဂ္ဂိုလ်ကို အနာဂါမ်လို့ ခေါ်တယ်။ အဲဒီအနာဂါမ်ကလဲ သာမညအားဖြင့် ဆိုယင် ငါးပါးရှိတယ်။ ဘယ်ဟာတွေလဲဆိုတော့ အဝိဟာဘုံမှာ သက်တန်း ထက်ဝက်ကို မလွန်ခင် ရဟန္တာဖြစ်ပြီး ကိလေသာ ခပ်သိမ်း အကုန်ငြိမ်းမယ့် အန္တရာပရိနိဗ္ဗာယီ အနာဂါမ်က သုံးပါး အသက်တန်း ထက်ဝက်ကို လွန်မှ ရဟန္တာဖြစ်ပြီး ကိလေသာ ခပ်သိမ်း အကုန်ငြိမ်းမယ့် ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်ကတပါး၊ အထက်ဘုံများသို့ တက်ရောက်ပြီးမှ ရဟန္တာဖြစ်ပြီး ကိလေသာ

ခပ်သိမ်း အကုန်ငြိမ်းမယ့် ဥဒ္ဒိသောတ အနာဂါမ်က တပါး၊ ပေါင်း အဝိဟာဘုံမှာ အနာဂါမ် ငါးပါး ရှိတယ်။ အဲဒီ ငါးပါးကို ဝိသေသအားဖြင့် ခွဲခြားယူလိုက်လို့ရှိရင် ဆယ်ပါး ဖြစ်လာပြန်တယ်။ အဲဒီ ဆယ်ပါးက ဘယ်ဟာတွေလဲဆိုတော့ အထူးကြောင့်ကြစိုက်ပြီး အားမထုတ်ရပဲ လွယ်လွယ် ကူကူနဲ့ ရဟန္တာဖြစ်မယ့် အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်က ငါးပါး၊ အထူးကြောင့်ကြစိုက်ပြီး ခဲခဲယဉ်းယဉ်း အားထုတ်မှ ရဟန္တာဖြစ်မယ့် သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်က ငါးပါး၊ အဲဒီ နှစ်ရပ်ကို ပေါင်းလိုက်တဲ့အခါ အဝိဟာဘုံမှာ အနာဂါမ်ပုဂ္ဂိုလ် ဆယ်ပါး ဖြစ်တယ်။ အဲဒီအတိုင်းပဲ အတပ္ပာဘုံမှာလဲ အနာဂါမ်ပုဂ္ဂိုလ် ဆယ်ပါး၊ သုဒဿာဘုံမှာလဲ အနာဂါမ် ပုဂ္ဂိုလ် ဆယ်ပါး သုဒဿီဘုံမှာလဲ အနာဂါမ်ပုဂ္ဂိုလ် ဆယ်ပါး၊ အကနိဋ္ဌဘုံမှာ တော့ ဥဒ္ဒိသောတ (အသင်္ခါရ ပရိနိဗ္ဗာယီနဲ့ သသင်္ခါရ ပရိ နိဗ္ဗာယီ) နှစ်ပါး မရှိတော့လို့ ရှစ်ပါး၊ အားလုံးပေါင်း အနာ ဂါမ်ပုဂ္ဂိုလ် ၄၈ ပါး ဖြစ်တယ်။

**ရဟန္တာ ၁၂-ပါး။** ။ကိလေသာခပ်သိမ်း အကုန်ငြိမ်းပြီး အပူ ဇော်ခံထိုက်တဲ့ ပုဂ္ဂိုလ်ကို ရဟန္တာလို့ ခေါ်တယ်။ ဒီရဟန္တာကလဲ သကဒါဂါမ်တုန်းကလို ဝိမောက္ခ သုံးပါးနဲ့ ပဋိပဒါ လေးပါး၊ အဲဒါတွေနဲ့ မြှောက်ပွားယူလိုက် လို့ရှိယင် အားလုံးပေါင်း ရဟန္တာ ဆယ့်နှစ်ပါးဖြစ်တယ်။

သောတာပန်ပုဂ္ဂိုလ်က နှစ်ဆယ့်လေးပါး၊ သကဒါဂါမ်ပုဂ္ဂိုလ် က ဆယ့်နှစ်ပါး၊ အနာဂါမ်ပုဂ္ဂိုလ်က လေးဆယ့်ရှစ်ပါး၊ ရဟန္တာ ပုဂ္ဂိုလ်ကဆယ့်နှစ်ပါး၊ အားလုံးပေါင်း အရိယာပုဂ္ဂိုလ် ကိုးဆယ့်

ခြောက်ပါးဖြစ်တယ်။ အဲဒီအရိယာပုဂ္ဂိုလ် ကိုးဆယ့်ခြောက်ပါး ထဲကို မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးပါးထဲ့ပြီး ရေတွက်လိုက်မယ်ဆိုယင် အားလုံးပေါင်း အရိယာပုဂ္ဂိုလ် အပါး တရာ ဖြစ်တော့တယ်။

## (၄)

## လက်တွေ့တရားအားထုတ်နည်း

အဲဒီ အရိယာပုဂ္ဂိုလ် အပါး တရာထဲမှာ မိမိတို့ကိုယ်တိုင် ပါဝင်နိုင်ကြရအောင် မိမိတို့ကိုယ်တိုင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာတွေဖြစ်ကြရအောင် တရားကိုကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။အားမထုတ်ပဲနဲ့ ဒီအတိုင်း အသာနေသွားကြမယ်ဆိုယင် ဒီအရိယာပုဂ္ဂိုလ် အပါးတရာ ထဲမှာ မိမိတို့ကိုယ်တိုင် မပါဝင်နိုင်ကြဘူး ဆိုတာ (မိမိတို့ ကိုယ်တိုင် သောတာပန်၊သကဒါဂါမ်၊အနာဂါမ် ရဟန္တာတွေ မဖြစ်နိုင်ကြဘူးဆိုတာ) သန္နိဋ္ဌာန်ကျ မှတ်ထားလိုက်ကြပါတော့။

တရားကို အားထုတ်ကြမယ်ဆိုတော့ ဘယ်လို အားထုတ်ကြရမလဲ။ မခက်ပါဘူး။ အားထုတ်နည်းက မခက်ပါဘူး။အား မထုတ်တာက ခက်နေတာပါ။ ကဲ ဒီပရိသတ်ကို လက်တွေ့ သင်တန်းပေးမယ်။ ယောကျ်ားတွေက တင်ပလ္လင်ခွေ၊ မိန်းမတွေကတော့ ပုဆစ်တုပ်ယက်ပဲ ထိုင်ကြပါ။အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ကလေး အားထုတ်ကြ။ ဒါမှ မပျင်း မယိပဲ ဇွဲနဲ့ မဲနဲ့ အားထုတ်မယ့်သဏ္ဍာန် ပေါ်လာမှာနော်။တရား အားထုတ်တယ်ဆိုတာ မပျင်းမယိမှ ဖြစ်တာ၊ ပျင်းယိနေယင် မဖြစ်ဖူး။ တင်းတင်းယင်းယင်း အားထုတ်မှဖြစ်တာ။ပျော့ပျော့

နဲ့နဲ့ ယောင့်ယောင့်ယဲ့ယဲ့ အားထုတ်လို့တော့ မဖြစ်ဖူး။ ဒါကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ တင်းတင်း ယင်းယင်း ပြင်းပြင်း ထန်ထန် အားထုတ်ရမယ် ဆိုတဲ့ အကြောင်း မြတ်စွာဘုရား ဟောကြားထားတာ ရှိပါတယ်။

နယိဒံ သေဋ္ဌိလမာရဗ္ဘ၊
နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊
သဗ္ဗဒုက္ခပ မောစနံ။

သဗ္ဗဒုက္ခပမောစနံ-ခပ်သိမ်းဥဿုံ အလုံးစုံသော ဆင်းရဲဝဋ်မှ ကျွတ်လွတ်ရာဖြစ်သော၊ ဣဒံ နိဗ္ဗာနံ-ဤနိဗ္ဗာန်ကို၊ သေဋ္ဌိလံ အရဗ္ဘ-လျော့ယဲ့စွာ အားထုတ်၍၊ န အဓိဂန္တဗ္ဗံ-မသိနိုင်မရောက် နိုင်ပေ။ ဣဒံ နိဗ္ဗာနံ-ဤနိဗ္ဗာန်ကို၊ အပ္ပေန ထာမသာ-မကြီး မကျယ် အနည်းငယ်သော အားအစွမ်းဖြင့်၊ န အဓိဂန္တဗ္ဗံ-မသိ နိုင် မရောက်နိုင်ပေ။

နိဗ္ဗာန်ကို လွယ်လွယ်နဲ့သိချင်ယင် ဒုက္ခဆိုလို့ တမှုန်တမွှားမှ မရှိတာဟာ နိဗ္ဗာန်ပဲလို့ သိပါ။ အဲဒီနိဗ္ဗာန်ကို ရအောင် ရောက် အောင် ကတော့ တော်အောင် ယော်အောင် ဗွဲပျော့ပျော့နဲ့နဲ့ ယောင့်ယောင့်ယဲ့ယဲ့ အားထုတ်လို့တော့ဖြင့် မရနိုင် မရောက်နိုင်ဘူး-တဲ့။ တင်းတင်းယင်းယင်း ပြင်းပြင်းထန်ထန် အားထုတ်မှ ရနိုင်ရောက်နိုင်သတဲ့။ ကဲ-ဆောင်ပုဒ်ကလေးတွေကို ချပို့ပေး မယ်၊ လိုက်ဆိုကြစမ်း။

၁။ ယောင့်ယောင့်ယဲ့ယဲ့ ပျော့နှဲ့နှဲ့ ဇွဲမရှိက မရနိုင်။
၂။ ပြင်းပြင်းထန်ထန် လွန်အားသန် နိဗ္ဗာန်အရပိုင်။
၃။ နိဒါနဝဂ္ဂ သံယုတ္တ ထုတ်ပြချက်ပိုင်ပိုင်။

အခု အနေအထားဟာတော့ မပျင်းမယိမ့်ပဲဇွဲနဲ့မဲ့နဲ့ အားထုတ်မယ့် အနေအထားပါပဲ။ အဲဒီလို အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်ကလေး ထားပြီးတော့ လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်မှာ တင်ထားလိုက်ကြ။ ဒါမှမဟုတ်ယင် လက်လက်ချင်းထပ်ပြီးယောကျ်ားတွေကမိမိတို့ရဲ့တင်ပလ္လင်ခွေပေါ်မှာ ထားလိုက်ကြ။ မိန်းမတွေက မိမိတို့ရဲ့ ပုဆစ်တုပ်ပေါ်မှာ ထားလိုက်ကြ။ ပြီးတော့ မျက်စိနှစ်လုံးကို အသာကလေး မှိတ်ထားလိုက်ကြအုံး။ စိတ်က ဗိုက်ဆီကို အာရုံပြုထားကြ။ ဗိုက်က ဖောင်းလာတာ ပိန်သွားတာကို တွေ့ရပါလိမ့်မယ်။ ဖောင်းလာတာကို စိတ်က "ဖောင်းတယ်"လို့ ဆိုလိုက်ကြ။ ပိန်သွားတာကို စိတ်က "ပိန်တယ်"လို့ ဆိုလိုက်ကြ။ စိတ်ဆိုကလေးနဲ့ ဆိုနေတာကိုပဲ မှတ်တယ်လို့ ဘုန်းကြီးတို့က သုံးပါတယ်။ အဲဒီလိုပဲ ဖောင်းတိုင်းပိန်တိုင်း"ဖောင်းတယ်ပိန်တယ်"လို့ အမြဲတစေမှတ်နေကြပါ။ စိတ်ကလေးဟာ ဘယ်ကိုမှ မသွားပဲ ဖောင်းတာ ပိန်တာပေါ်မှာသာ ကပ်ယက်သား ချပ်ယက်သား တည်ရှိနေတာကို တွေ့ရပါလိမ့်မယ်။

တချိန်က သာသနာတော်မှာ စိတ်ကိုနိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ကိုယ်တော်ကြီးသုံးပါး ရှိဘူးတယ်။ ပထမကိုယ်တော်ကြီးက "သူဟာ သူ့ရဲ့စိတ်ကို တဝါတွင်းလုံးလုံး ကျောင်းဝိုင်းရဲ့ အပြင်ဖက်ကို မထွက်ရအောင် စောင့်ရှောက်နိုင်

တယ်”လို့ ပြောတယ်။ ဒုတိယ ကိုယ်တော်ကြီးက “သူဟာသူ့ရဲ့ စိတ်ကိုတဝါတွင်းလုံးလုံးကျောင်းရဲ့အပြင်ဖက်ကိုမထွက်ရအောင် စောင့်ရှောက်နိုင်တယ်”လို့ ပြောတယ်။ တတိယကိုယ်တော်ကြီး က“သူဟာသူ့ရဲ့စိတ်ကို တဝါတွင်းလုံးလုံး ခန္ဓာကိုယ်ရဲ့အပြင်ဖက် ကို မထွက်ရအောင် စောင့်ရှောက်နိုင်တယ်”လို့ ပြောတယ်။ တော်တော် ချီးမွမ်းစရာကောင်းတဲ့ကိုယ်တော်ကြီးတွေပါပဲနော်။ တပါးထက် တပါးကလဲပိုပိုပြီးတော့ ချီးမွမ်းစရာကောင်းကောင်း သွားတော့တာပဲ။

အခု အားထုတ်နေကြတဲ့ တရားနာ ပရိသတ်တွေကော ဒီ ကိုယ်တော်ကြီးတွေလို မိမိတို့ရဲ့စိတ်ကို ဟိုဟိုဒီဒီ မပြေးသွားရ အောင် စောင့်ရှောက်နိုင်ကြပါ့မလား။ အင်း အခုဖြေတော့မရ ဘူး။အဖြေမရတာကိုထောက်တော့ မစောင့်ရှောက်နိုင်ကြဘူးနဲ့ တူတယ်။ မစောင့်ရှောက်နိုင်ကြ သေးယင်လဲ ကိစ္စမရှိပါဘူး။ စိတ်ကလေးဟာ ပျံ့လွင့်ပြေးသွားလို့ ရှိယင်လဲ ဖောင်းတာပိန် တာကို အသာထားပြီးတော့ ပျံ့လွင့်ပြေးသွားတဲ့ စိတ်ကလေး ကို “ပျံ့လွင့်တယ်၊ ပျံ့လွင့်တယ်” ဒါမှမဟုတ်ယင်လဲ “ပြေး သွားတယ်၊ ပြေးသွားတယ်”လို့ မှတ်လိုက်ကြရုံပါပဲ။ နောက် ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး မှတ်ကြပေါ့။

တခါတရံ ဖောင်းတာပိန်တာတို့ မှတ်နေတဲ့ကြားထဲက မနိုင် နင်းသေးလို့ ကြံစည်စိတ်ကူးမှု တခုခု ဝင်လာလို့ရှိယင် ဖောင်း တာ ပိန်တာကို အသာလွှတ်ထားပြီးတော့ “ကြံစည်တယ်၊ ကြံ စည်တယ်”လို့ပဲ ဖြစ်ဖြစ်၊သို့မဟုတ် “စိတ်ကူးတယ်၊စိတ်ကူးတယ်” လို့ပဲ ဖြစ်ဖြစ် မှတ်နေကြရမယ်။ နောက်-ဖောင်းတာပိန်တာကို ပြန်ပြီး မှတ်ကြပေါ့။

အခုလိုထိုင်နေတဲ့ ဣရိယာပုဒ်အတွင်းမှာတော့ ဒါလောက်ပဲ မှတ်စရာ ရှိပါတယ်။ ဒိပြင်အချိန်မှာတော့ မှတ်စရာတွေအများကြီး ရှိပါတယ်။ ထိုင်တာ၊ လျောင်းတာ၊ ရပ်တာ၊ သွားတာတွေကိုလဲ "ထိုင်တယ်၊ လျောင်းတယ်၊ ရပ်တယ်၊ သွားတယ်"လို့ မှတ်ကြရပါတယ်။ ပြီးတော့ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတာ၊ သိတာတွေကိုလဲ "မြင်တယ်၊ ကြားတယ်၊နံတယ် စားတယ်၊ ထိတယ်၊ သိတယ်"လို့ပဲ မှတ်ကြရပါတယ်။

အတိုချုပ်ကတော့ ဒွါရခြောက်ပါး တံခါး ခြောက်ပေါက်မှာ အာရုံခြောက်ပါး ကျရောက်လာယင် လောဘ ဒေါသ အစ ရှိတဲ့ ကိလေသာတရားတွေ မဖြစ်ပေါ်ရအောင် သတိနဲ့ စောင့်စည်း နေကြရပါတယ်။ ကဲ-တရားနာယင်း တရားအားထုတ်၊ တရားအားထုတ်ယင်း တရား နာကြရတာ ဒါလောက်ဆိုယင် သင့်တော်ပါပြီ။ သက်သက်သာသာနဲ့ နေမြဲတိုင်းသာ နေကြပြီးတော့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါး ဖွင့်ကြရအောင် ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်၊ လိုက်ဆိုကြ။

ပဥ္စက္ခန္ဓာ မတုန်းသမျှ
အဆုံးဘဝ မတိုင်ချေ။
လူနတ်ပြဟ္မာ အပါယ်ငရဲ
တကယ်မလွဲ လယ်မလေ။
ခြောက်ဝအာရုံ တံခါးမပိတ်က
တဆိတ်ကမှ မနိုင်ပေ။
တံခါးပိတ်မှ နိဗ္ဗာန်ရ ဗုဒ္ဓမိန့်ခဲ့ပေ။
သတိတရား အမြဲထား တံခါးပိတ်နိုင်စေ။

၁။ မြင်ကြားနံစား ထိသိငြားဟု ခြောက်ပါးအာရုံ အကုန်ခံစား မျက်စိနားနှာ လျှာနှင့်ကိုယ်စိတ် ခြောက်တံခါးကို လုံအောင်ပိတ်။

၂။ ခြောက်ဒွါရ၌ ကျခိုက်အာရုံ ရှုမှတ်တုံက ပါယ်ဘုံတံခါး ပိတ်လေ၏။ နိဗ္ဗာန်တံခါး ပွင့်လေ၏။

၃။ အာရုံခြောက်ပါး တံခါးခြောက်ပေါက် ကျရောက်လေလျှင် ထာဝစဉ် တွင်တွင်ရှုမှတ်ကြရာ၏။

၄။ သို့ရှုမှတ်က အနိစ္စနှင့်ဒုက္ခအနတ္တာ ယင်းသုံးဖြာ သေချာသိမြင်နိုင်လေ၏။

၅။ လက္ခဏာသုံးဝ သိမြင်က မုချနိဗ္ဗာန် ရောက်နိုင်၏။

## (၄)
## တရားသိမ်း

ကဲ-အချိန်လဲတော်တော်ကြာသွားပီ။ တရားပွဲကို နိဂုံးချုပ်ရုပ်သိမ်းကြပါစို့ရဲ့။

မှာထားချက်။ ။(တရားသိမ်း တပုဒ်ပုဒ်ကို ရွတ်ဆိုပြီး ရုပ်သိမ်းပါ။)

ဤတွင်
[အပါယ်လွတ်လပ် မဂ်ဖိုလ်မြတ်တရားဆော် ပြီးပြီ။]

# ၉

# (မိုးပေါက်ပမာ တရားတော်)

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က)

## တရားကျေညာချက်

မာဝမညေထ ပုညဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊
ထောကံ ထောကမ္ပိ အာစိနံ။

အခု ရွတ်ဆိုလိုက်တဲ့ တရားဂါထာ ဒေသနာတော်မြတ်ဟာ ဟို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်လောက်တုန်းက အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ဗုဒ္ဓါသန ဓမ္မပလ္လင်တော်ထက်ကနေပြီး ကာရဝိက်ငှက်မင်းရဲ့အသံပမာ တုရိတမဟာပြဟ္မာမင်းရဲ့ အသံအလား အင်္ဂါရှစ်ပါးနဲ့

ပြည့်စုံတော်မူတဲ့ အသံတော်နဲ့ ရွှေနှုတ်တော်က ထုတ်ဖော် ဟောကြားတော်မူလိုက်တဲ့ တရားဂါထာ ဒေသနာတော်မြတ် ဖြစ်ပါတယ်။

တရားတော်ရဲ့ အမည်ကိုတော့ ဗိဋ္ဌာလပါဒကသေဋ္ဌိဝတ္ထုလို့ ခေါ်ပါတယ်။ ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော်နဲ့ အဋ္ဌကထာမှာ ပါပါတယ်။ ဗိဋ္ဌာလပါဒက ဆိုတာကို ဗမာလို ပြန်လိုက်ယင် တော့ ဗိဋ္ဌာလ ဆိုတာက- ကြောင်၊ ပါဒက ဆိုတာက-ခြေ ထောက်၊ ဗိဋ္ဌာလ+ပါဒက=ကြောင်ခြေထောက်လို့ အဓိပ္ပာယ် ရပါတယ်။ ဒါ့ကြောင့် ဒီတရားကို ဗမာလို နာမယ်ပေးရမယ် ဆိုယင် ကြောင်ခြေထောက်တရားတော်လို့ နာမယ် ပေးနိုင်ပါ တယ်။ ဒါပေမယ့် ဘုန်းကြီးကတော့ မိုးပေါက်ပမာ ဒေသနာလို့ နာမယ်ပေးထားပါတယ်။ ဘာပြုလို့ မိုးပေါက်ပမာ ဒေသနာလို့ နာမယ်ပေးရသလဲဆိုတော့- ဒီအကြောင်းကို မကြာခင်ပဲ သိလာ ပါလိမ့်မယ်။ ဒီတရားတော်ကို ၁၃၃၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်နေ့၊ နေ့လယ် နှစ်နာရီအချိန် မန္တလေးမြို့၊ နန်းတော်ရှေ့ မူလသက်ပန်းတိုက် အခု ရွှေစည် သာသနာ့ရိပ်သာ ရွှေစည် ဓမ္မာရုံမှာ ဟောမယ်လို့ ဘုန်းကြီး ဟောမယ့်တရားကို စောစော စီးစီး ကြိုတင်ပြီး တရားနာပရိသတ်ကို အသိပေး ကျေညာလိုက် ပါတယ်။

## (၁)
## မိုးပေါက်တူစွာ ဥပမာ

မန္ဒ- အနည်းငယ်မျှ မပြောပလောက်သည့် ဒါနအစုစု ကောင်းမှုကုသိုလ် ဟူသမျှသည်၊ န အာဂမိဿတိ-အကျိုးပေး

သော ပုံဟန်ဖြင့် ကိုယ့်အဌာန်သို့ အမြန်မရောက်လာသေးလတ္တံ့။ (ဤသို့ မရောက်လာသေးသည် ရှိသော်၊) ပုညသ- ပါရမီစာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှကို၊ မာဝမညေထ-အနည်း ငယ်မျှ မပြောပလောက်ပါတကားဟူသော အနေဖြင့် မထေ မဲ့မြင် မမှတ်ထင် မအောက်မေ့ရာ။

ပါရမီစာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှကို ပြုလုပ်တဲ့ အခါမှာ မိမိပြုလုပ်တဲ့ ကောင်းမှုကုသိုလ်ဟာ တကယ်လို့ အနဲ ငယ်မျှ ဖြစ်ငြားသော်လည်း အခု ငါပြုလုပ်တဲ့ ကောင်းမှုကုသိုလ် ဟာ အနဲငယ်မျှ မပြောပလောက်တဲ့ ကောင်းမှုကုသိုလ်လေးပဲ ဆိုတဲ့ အနေနဲ့ မထေမဲ့မြင် မမှတ်ထင် မအောက်မေ့ရဘူး-တဲ့။

ဥဒဗိန္ဒုနိပါတေန-မိုးရေမိုးပေါက် တဖြောက်ဖြောက် တစက် စက် မပျက်မကွက် ကျဖန်များလတ်သဖြင့်၊ ဥဒကုမ္ဘောပိ- တပ်ပဝခိုင်ဖြိုး အလွန်ကြီးသည့် အိုးစရည်းသည်လည်း ပူရတိ- တပြည်းပြည်းတစတစ နောက်ဆုံးကျလျှင် ပြည့်ရတုံသေး၏။

ဥပမာအားဖြင့် မိုးရွာတဲ့အခါမှာ အိုးစရည်းကြီးများ၊ စည် ပိုင်းကြီးများနဲ့ ရေကို ခံထားလိုက်လို့ရှိယင် တဖြောက်ဖြောက် တစက်စက်နဲ့ မပျက်မကွက်ကျနေတဲ့ မိုးရေမိုးပေါက် ကလေး တွေဟာ နဲပင်နဲသော်လဲ တဖြေးဖြေးတစတစနဲ့ နောက်ဆုံး ကျတော့ ပြည့်ရတယ်-တဲ့၊ အဲဒီလိုပါဘဲ။

မိရော-ကြောင်းကျိုးငဲ့ထောက် ရွှေနောက်မြော်မြင် ပညာ ရှင်သည်၊ ထောကံ ထောကမ္ပိ-အနည်းငယ်မျှ အနည်းငယ်မျှ မပြောပလောက်သည့် ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှကို

လည်း၊ အာစိန်-အာစိနန္တာ-တိုးတက်ပြန့်ပွား များပြားအောင် ဆည်းစုလျက်၊ ပုညသ-ပါရမီဇာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှဖြင့်၊ ပူရတိ-တဖြည်းဖြည်းတစတစ နောက်ဆုံးကျလျှင် ပြည့်ရလေတော့သတည်း၏

သာဓု၊ သာဓု၊ သာဓု။

ပါရမီဇာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှကို အနဲငယ်မျှ အနဲငယ်မျှ ဆည်းပူးစုဆောင်းသွားမယ်ဆိုလို့ ရှိယင် တဖြေးဖြေး တစတစ နောက်ဆုံးကျတော့ ပြည့်ရတော့တာပါပဲ-တဲ့။

ဒီတရားဂါထာ ဒေသနာတော်မြတ်ကို လူနတ်တို့ရဲ့ ဆရာသတ္တာဒေဝမနုဿာနံ ဂုဏ်ထူးဖြင့် ချီးကျူးတော်မူအပ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်းမှာ ကိန်းအောင်း မွေ့လျော် စံနေတော်မူစဉ်အခါတုန်းက ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာ တယောက်ရဲ့ အလှူမကျွပ် တရားတင်းကုတ်မှာ ဗိဠာလပါဒက အမည်ရတဲ့ သူဌေးကြီးကို အကြောင်းပြုပြီးတော့ ဟောကြားချီးမြှင့်တော် မူခဲ့ပါတယ်။

ဘာ့ကြောင့် ဒီသူဌေးကြီးကို ဗိဠာလပါဒက သူဌေးကြီးလို့ခေါ်ရတယ်ဆိုတဲ့ အကြောင်းနဲ့ ဘာ့ကြောင့် ဒီဗိဠာလပါဒက သူဌေးကြီးကို အကြောင်းပြုပြီးတော့ ဟောကြားချီးမြှင့်တော်မူခဲ့ရတယ်ဆိုတဲ့အကြောင်းကို အရင်းအမြစ်ကျကျ သိရအောင် ပြောပြအုံးမယ်။

## (၈)
## ပုဂ္ဂိုလ်လေးမျိုး အကျိုးရပုံ

**တစ်နံပါတ်ပုဂ္ဂိုလ်။** ။တချိန်တုန်းက သာဝတ္ထိနေပြည်တော်သူ နေပြည်တော်သားတွေဟာ အုပ်စုဖွဲ့ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်တွေကို အလှူဒါနပေးလှူကြတယ်တဲ့။ တနေ့သ၌တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အုပ်စုဖွဲ့ပြီး အလှူဒါန ပေးလှူကြတဲ့ ဒကာဒကမတွေကို လှူပုံတန်းပုံအကျိုးရပုံလို့ဆိုတဲ့ အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူလိုတဲ့အတွက် "ဥပသကာ ဣဓေကစ္စော အတ္တနာဝ ဒါနံ ဒေတိ၊ ပရံ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တ ဌာနေ ဘောဂသမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ"လို့ စကားစလိုက်ပါတယ်။

ဥပါသကာ-ဒါယကာတို့၊ ဣဓ- ဤလောက၌၊ ဧကစ္စော- အချို့သော ပုဂ္ဂိုလ်သည်၊ အတ္တနာ ဝ-မိမိကိုယ်တိုင်ကသာလျှင်၊ ဒါနံ-အလှူအတန်းကို၊ ဒေတိ-လှူတန်း၏။ ပရံ-သူတပါးကိုတော့ဖြင့်၊ န သမာဒပေတိ- လှူအောင် တန်းအောင် မတိုက်တွန်းမနှိုးဆော်တတ်။ သော-ထိုမိမိကိုယ်တိုင် ကသာလျှင်လှူတန်း၍ သူတပါးကိုတော့ဖြင့် လှူအောင်တန်းအောင် မတိုက်တွန်းမနှိုးဆော်တတ်သော ပထမ တစ်နံပါတ် ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဌာနေ-ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်၌၊ ဘောဂသမ္ပဒံ-စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို၊ လဘတိ-ရ၏။ပရိဝါရသမ္ပဒံ-အခြံအရံနှင့် ပြည့်စုံခြင်းကိုမူကား၊ နော လဘတိ-မရ။

ဒကာ ဒကမတို့- ဒီလောကမှာ ပုဂ္ဂိုလ်လေးမျိုး ရှိတယ်။ ပထမ တစ်နံပါတ်ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကသာ လှူတယ်

တန်းတယ်-တဲ့။ သူတပါးကိုတော့ဖြင့် လူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဖူး-တဲ့။ ကိုယ့်ပစ္စည်း ကိုယ်လှူရတာက ပိုင်ပိုင်နိုင်နိုင်ရှိလို့ တာဝန်မလေးဘူး။ သူတပါးရဲ့ ပစ္စည်းကို လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်ရတာက. တာဝန်ကြီးတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်ပေါ့။ တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ပါပဲ။ အဲဒီလို မိမိကိုယ်တိုင်ကသာ လှူတန်းပီးတော့ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်တဲ့ ပထမ တစ်နံပါတ်ပုဂ္ဂိုလ်ဟာ၊ ဝါ- တာဝန်ကြီး မယူလိုတဲ့ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာ နဲ့တော့ဖြင့် ပြည့်စုံပါရဲ့-တဲ့၊ အခြွေအရံနဲ့တော့ မပြည့်စုံဘူး-တဲ့။ တဖက်ကောင်း၊ တဖက်မကောင်းပါပဲ။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေ အများကြီး ရှိကြပါတယ်။ တချို့များ ပစ္စည်းဥစ္စာတွေ ပေါလိုက်တာ၊ များလိုက်တာ၊ သုံးမကုန် စွဲမကုန်ပါဘဲ။ ထားစရာ သိုစရာ နေရာတောင် မရှိလောက်အောင် ပေါများပါတယ်။ ဒါပေမယ့် သူတို့မှာ ခိုင်းစရာ စေစရာ အခြွေအရံတော့ မရှိကြဘူး။ ညောင်းလို့မှလဲ နှင်းနှိပ်ပေးမယ့်သူ မရှိဘူး။ ရေငတ်လို့မှလဲ ရေကလေးတပေါက် ခပ်တိုက်ပေးမယ့်သူ မရှိဘူး။ ဆေးလိပ်ကလေး သောက်ချင်လို့မှလဲ ဆေးလိပ်မီးညှိပေးမယ့်သူ မရှိဘူး။ သူတို့မှာ ရှိတဲ့ ပစ္စည်းဥစ္စာတွေက နှင်းနှိပ်လဲ ပေးကြတာ မဟုတ်ဖူး။ ရေလဲ ခပ်တိုက်ပေးကြတာ မဟုတ်ဖူး။ ဆေးလိပ်လဲ မီးညှိပေးကြတာ မဟုတ်ဖူး။

အဲဒီလို ပစ္စည်းဥစ္စာတွေသာ ပေါများပီး အခြွေအရံက ပါးရှားမယ်ဆိုယင် နေရာမကျသေးဘူးနော်။ အဲဒါ ပထမ တစ်

နံပါတ် ပုဂ္ဂိုလ်ရဲ့အကျိုးရပုံပါပဲ။ လွယ်လွယ်ကူကူ မှတ်ထားချင်ကြယင် တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်ထားကြပေဘော့။ ဒီပထမ တစ်နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီးကဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ ကဲ- လိုက်ဆိုကြ။

၁။ ကိုယ်ကသာလျှ သူများမှု လျှအောင်, တန်းအောင် မတိုက်တွန်းပါ။

၂။ စည်းစိမ်သာများ ခြွေရကား ရှားပါးထိုသူမှာ။

နှစ်နံပါတ်ပုဂ္ဂိုလ်။ ကေစ္စော အတ္တနာ ဒါနံ န ဒေတိ၊ ပရံ သာမဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ။ ကေစ္စော- အချို့သော ပုဂ္ဂိုလ်သည်၊ အတ္တနာ-မိမိကိုယ်တိုင်ကတော့ဖြင့် ဒါနံ- အလှူအတန်းကို၊ န ဒေတိ - မလှူမတန်း။ ပရံ- သူတပါးကို သာလျှင်၊ သမာဒပေတိ- လှူအောင်,တန်းအောင် တိုက်တွန်း, နှိုးဆော်တတ်၏။ သော-ထိုမိမိကိုယ်တိုင်ကတော့ဖြင့် မလှူမတန်းမူ၍ သူတပါးကိုသာလျှင် လှူအောင် တန်းအောင် တိုက်တွန်း, နှိုးဆော်တတ်သော ဒုတိယ နှစ်နံပတ်ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ- ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်၌၊ ပရိဝါရသမ္ပဒံ- အခြံအရံနှင့် ပြည့်စုံခြင်းကို၊ လဘတိ-ရ၏၊ ဘောဂသမ္ပဒံ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကိုမူကား၊ နော လဘတိ-မရ။

ဒုတိယ နှစ်နံပါတ် ပုဂ္ဂိုလ်ကတော့မိမိကိုယ်တိုင်ကတော့ဖြင့် မလှမတန်းဘူးတဲ့။ သူ တပါးကိုသာ လှအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တယ်တဲ့။ တခါတခါ သူက သူများ လှတာတန်းတာကို သွားရောက်ပီး စားသောက်တတ်သေးတယ်။ စားပီးယင် သာ:မုကလေးတော့ ကျယ်ကျယ် ခေါ်တတ်သတဲ့။ သာဓုတန်းက ပုဂ္ဂိုလ်လို့ ဆိုကြပါစို့ရဲ့။ အဲဒီလို မိမိကိုယ်တိုင်က တော့ဖြင့် မလှမတန်းပဲ သူတပါးကိုသာ လှအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တဲ့ ဒုတိယ နှစ်နံပါတ် ပုဂ္ဂိုလ်ဟာ၊ ဝါ သာ:မုတန်းက ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာ ဘဝ အဆက် ဆက်မှာ အခြွေအရံနဲ့တော့ဖြင့် ပြည့်စုံပါရဲ့-တဲ့။ ပစ္စည်းဥစ္စာနဲ့ တော့ဖြင့် မပြည့်စုံဘူး-တဲ့။ ဒါလဲ တဖက်ကောင်း၊ တဖက် မကောင်းပါပဲ။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီးရှိကြပါတယ်။ အချို့များ အခြွေအရံပရိသတ်တွေ ပေါလိုက်တာ၊ များလိုက် တာ၊ ပြည့်လို့ပါပဲ။ ပုတို့ စုတို့ ခရုတို့ဆိုတာတွေပေါ့။ ဒီအနားက နှပ်တွဲလောင်းနဲ့ ငိုနေတဲ့သူတယောက်၊ ဟိုအနားက ဖုံတွေ ထဲမှာ လူးလဲနေတဲ့သူက တယောက်၊ တခြားနေရာမှာခုန်ပေါက် ပြေးလွှား ကစားနေတဲ့သူက တယောက်၊ အို ပြည့်လို့ ပြည့်လို့၊ မရေနိုင် မတွက်နိုင်ပါဘူး။ ဒါပေမယ့် သူတို့မှာ ပစ္စည်း ဥစ္စာ ကျတော့ ရှားပါးလိုက်တာ၊ ကုန်းကောက်စရာတောင် မရှိကြ ဘူး။ မှုးလို့တောင်မှ ရှူစရာ မရှိကြဘူး။ ရှေးလူကြီးများ ပြော သံ ကြားဘူးတယ်။ "သူတို့များ ဆင်းရဲလိုက်တာ၊ မျက်စိကျိန်း လို့တောင်မှ မျက်စဉ်းသွေးခပ်စရာ ကြေးပြားကလေးတပြား မရှိ

ကြဘူး” တဲ့။ အဲဒီလို ဆင်းရဲပုံကို စလေဆရာကြီး ဦးပုညက ရေ
သယ် ပြဇာတ်ထဲမှာ သဘာဝကျကျ သရုပ်ဖော်ထားခဲ့ပါတယ်။

“ခရုဆံကျွတ် ခါးဝတ်လွှာချင်း ထမင်းရက်ချန် ရေရက်မှန်
နှင့် ကပ်ကျန်မွဲတေ ဖွတ်ဖိုးအေ များနေခင် ပြာတောင်ကြီး
ပေါက်ကရော့ ပြောင်မြောက်အောင် မွဲနိုင်တဲ့ ငါ့ကိုယ်နေခဲ့”

အဲဒီလို အခြေအရံတွေသာ များပြားပြီး ပစ္စည်းဥစ္စာက
ရှားပါးမယ်ဆိုယင် နေရာမကျသေးဘူး။ အဲဒါ ဒုတိယနှစ်နံပါတ်
ပုဂ္ဂိုလ်ရဲ့အကျိုးရပုံပါပဲ။ လွယ်လွယ်ကူကူနဲ့ မှတ်ထားချင်ကြရင်
သာဓုတန်းကပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်ထားကြပေတော့။ ဒီ
ဒုတိယ နှစ်နံပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံကို လွယ်လွယ်ကူကူနဲ့ သိရ
အောင် ဘုန်းကြီးက ဆောင်ပုဒ် ကလေးတွေ ပြုလုပ်ထားပါ
တယ်။ အခု အဲဒီဆောင်ပုဒ် ကလေးတွေကို ချပို့ပေးမယ်။ ကဲ
လိုက်ဆိုကြ။

၁။ ကိုယ်ကမလှူ သူများမှု လှူအောင်တန်းအောင် တိုက်
တွန်းတာ။

၂။ ခြေရံသာများ စည်းစိမ်ကား ရှားပါးထိုသူမှာ။

**သုံးနံပါတ်ပုဂ္ဂိုလ်။** ကောစ္စော အတ္တနာ ဝ န ဒေတိ၊ ပရဉ္စ န
သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ
နေဝ ဘောဂသမ္ပဒံလဘတိ၊ န ပရိဝါရသမ္ပဒံ။ ဝိဃာသာဒေါ
ဟုတ္ဂာ ဝိစရတိ။

ကေစွော-အချို့သောပုဂ္ဂိုလ်သည်၊ အတ္တနာ စ-မိမိကိုယ်တိုင်ကလည်း၊ န ဒေတိ-မလှူ၊တန်း၊ ပရဉ္စ-သူတပါးကိုလည်း၊ န သမာဒပေတိ-လှူအောင်တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်။ သော-ထိုမိမိကိုယ်တိုင်ကလည်း မလှူမတန်းမူ၍သူတပါးကိုလည်း လှူအောင်တန်းအောင် မတိုက်တွန်း၊ မနှိုးဆော်တတ်သော တတိယ သုံးနံပါတ် ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ-ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်၌၊ ဘောဂသမ္ပဒံ-စည်းစိမ် ဥစ္စာနှင့် ပြည့်စုံခြင်းကို၊ နေ၀ လဘတိ-မရသည်သာလျှင်တည်း။ ပရိဝါရသမ္ပဒံ-အခြံအရံနှင့် ပြည့်စုံခြင်းကိုလည်း၊ န လဘတိ-မရ။ ဝိဃာသာဒေါ-စားကြွင်းစားသည်၊ ဟုတွာ-ဖြစ်၍ ဝိစရတိ-သွားလာလှည့်လည် နေရ၏။

တတိယ' သုံးနံပါတ်ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး-တဲ့။ သူတပါးကိုလဲ လှူအောင် တန်းအောင် မတိုက်တွန်း၊ မနှိုးဆော်တတ်ဘူး-တဲ့။ ဘူးနှစ်ဘူး ပုဂ္ဂိုလ်ပါပဲ။ ဟုတ်တယ်လေ-မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး။ အဲဒါဘူးတဘူး။ သူတပါးကိုလဲ လှူအောင်တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူး။ အဲဒါကတဘူး။ ဒီနှစ်ဘူးကို ပြောတာပါ။ တနည်းအားဖြင့် ဘာသာရေးကို အလေးမမူတဲ့ ပုဂ္ဂိုလ်ပါပဲ။ အဲဒီလို မိမိကိုယ်တိုင်ကလဲ မလှူမတန်း၊ သူတပါးကိုလဲ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်တဲ့ တတိယ သုံးနံပါတ် ပုဂ္ဂိုလ်ဟာ၊ ဝါ-ဘူး နှစ်ဘူးပုဂ္ဂိုလ်ဟာ၊ တနည်းအားဖြင့် ဘာသာရေးကို အလေးမမူတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာဘ၀အဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲ မပြည့်စုံဘူး-တဲ့။ အခြေ

အရံနဲ့လဲ မပြည့်စုံဘူး-တဲ့။ ဒီပုဂ္ဂိုလ်ကတော့ နှစ်ဖက်စလုံးကို မကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲ။ နေရာတကာ သွားလာလှည့်ပတ်ပြီး သူများစားပြီးသား အကြွင်းအကျန်ကို လိုက်လံ တောင်းရမ်းစားသောက်ရတဲ့ စားကြွင်းစား၊ ဝါ-သူတော်င်းစား ဖြစ်တတ်တယ်-တဲ့။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီး ရှိကြပါတယ်။ တချို့များပစ္စည်းဥစ္စာကလဲမရှိ၊ အခြွေအရံကလဲမရှိငုံးတိတိကြီးတွေသာ နေကြရပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကို ပါဠိလို မနုဿကပဏ္ဏ၊မနုဿဝရာကလို့ ခေါ်ပါတယ်။ အထီးကျန် ကပ်ပါးဆင်းရဲသား ခိုကိုးရာမဲ့ပုဂ္ဂိုလ်လို့ အဓိပ္ပါယ် ရပါတယ်။ ခပ်ကြမ်းကြမ်း ပြောရမယ်ဆိုယင်တော့ တကောင်ကြွက်လို့ ခေါ်ပါတယ်။ တကောင်ကြွက်ဆိုတဲ့ အဓိပ္ပါယ်ကို ပြောပြရအုံးမယ်။ ကြွက်ဖမ်းတဲ့အခါမှာ ကြွက်တကောင်ကို စူးနဲ့ ထိုးထားရတယ်။ အဲဒီစူးထိုးခံရတဲ့ကြွက်က အော်တော့ ဆွေကြွက် မျိုးကြွက်တွေ တပြုံလုံး ဝိုင်းအုံလာကြတယ်။ ကြွက်ဖမ်းတဲ့သူက ဝိုင်းအုံလာကြတဲ့ ကြွက်တွေကို ဒုတ်နဲ့ ရိုက်ယူတော့တာပဲ။ တချို့ကြွက်ကျတော့ စူးထိုးခံရလို့ သူ့ဟာသူသာ အော်နေရတယ်။ ဆွေကြွက်မျိုးကြွက်ဆိုလို့ တကောင်တလေမှ မလာကြဘူး။ အဲဒီကြွက်ဟာ တကောင်ကြွက်ပဲ။ အဲဒီလို ပစ္စည်းဥစ္စာကလဲမရှိ၊အခြွေအရံကလဲ မရှိ၊ ငုံးတိုတိုကြီး တကောင်ကြွက်သာ နေရမယ်ဆိုယင် သိပ်ကိုနေရာ မကျဘူး။ အဲဒါ တတိယ သုံးနံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံပါပဲ။ လွယ်လွယ်ကူကူ မှတ်ထားချင်ကြယင် ဘူးနှစ်ဘူးပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်ထားကြပေတော့။ တနည်းအားဖြင့် ဘာသာရေးကို အလေးမမူတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်

ထားကြပေတော့။ သူတောင်းစားဖြစ်တတ်တဲ့ လမ်းစဥ်ဟာ ဒီလမ်းစဥ်ပါပဲ။ ဒီတတိယ သုံးနံပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရံပုံကို လွယ်လွယ်ကူကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေး တွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ ကဲ-လိုက်ဆိုကြ။

၁။ ကိုယ်လဲ့မလှူ သူများမူ လှူအောင် တန်းအောင် မတိုက်တွန်းပါ။

၂။ စည်းစိမ်ခြွေရံ ဤနှစ်တန် [illegible]ရှားမည် ထိုသူမှာ။

၃။ လှည့်လည်တောင်းစား စားကြွင်းစား ဖြစ်ငြားကေန်သာ။

လေးနံပါတ်ပုဂ္ဂိုလ်။ ဧကစ္စော အတ္တနာ စ ဒေတိ၊ ပရဉ္စ သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒဉ္စေဝ လဘတိ၊ ပရိဝါရသမ္ပဒဉ္စ။

ဧကစ္စော-အချို့သောပုဂ္ဂိုလ်သည်၊ အတ္တနာ စ-မိမိကိုယ်တိုင်ကလည်း၊ ဒေတိ-လှူဒါန်း၏။ ပရဉ္စ-သူတပါးကိုလည်း၊ သမာဒပေတိ-လှူအောင် တန်းအောင် တိုက်တွန်း, နှိုးဆော်တတ်၏။ သော-ထိုမိမိကိုယ်တိုင်ကလည်း လှူတန်း၊ သူတပါးကိုလည်း လှူအောင် တန်းအောင် တိုက်တွန်းနှိုးဆော်တတ်သော စတုတ္ထ လေးနံပတ်ပုဂ္ဂိုလ်သည်၊နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ-ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်၌၊ ဘောဂသမ္ပဒဉ္စေဝ-စည်းစိမ် ဥစ္စာနှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ ပရိဝါရသမ္ပဒဉ္စ-အခြံအရံနှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ လဘတိ-ရ၏။

စတုတ္ထ လေးနံပါတ်ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကလဲ လျှာတန်းတယ်-တဲ့။ သူတပါးကိုလဲ လျှာအောင်တန်းအောင် တိုက်တွန်းနှိုးဆော်တတ်တယ်-တဲ့။ ပညာရှိ သူတော်ကောင်းသဘော အတော်သက်ဝင်တဲ့ပုဂ္ဂိုလ်ပါပဲ။အဲဒီလိုမိမိကိုယ်တိုင်ကလဲလျှာတန်း၊ သူတပါးကိုလဲ လျှာအောင်တန်းအောင် တိုက်တွန်းနှိုးဆော်တတ်တဲ့ စတုတ္ထ လေးနံပါတ်ပုဂ္ဂိုလ်ဟာ၊ ဝါ-ပညာရှိ သူတော်ကောင်းသဘော အတော်သက်ဝင်တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲ ပြည့်စုံတယ်။ အခြွေအရံ ပရိသတ်နဲ့လဲ ပြည့်စုံတယ်။အဲဒီပုဂ္ဂိုလ်ကတော့ နှစ်ဖက်လှပုဂ္ဂိုလ်လို့ ဆိုကြပါစို့ရဲ့။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီးရှိကြပါတယ်။ တချို့များ ပြည့်စုံလိုက်ကြတာ၊ စားစရာသောက်စရာ အစားကောင်း အသောက်ကောင်းတွေ၊ ဝတ်စရာဆင်စရာ အဝတ်ကောင်း အဆင်ကောင်းတွေ၊ နေစရာထိုင်စရာ အိမ်ကောင်းတိုက်ကောင်းတွေ၊ အဲဒီလို စားဝတ်နေရေးနဲ့တကွ သုံးစရာဆောင်စရာ အသုံးအဆောင်ကောင်းတွေ၊ သွားစရာလာစရာ ယာဉ်ရထား မော်တော်ကားကောင်းတွေ၊အို ဘာမဆို လိုလေသေးမရှိအောင်ကို ပြည့်စုံကြပါတယ်။ ဘယ်လောက်ကောင်းသလဲ။ အဲဒီလိုပုဂ္ဂိုလ်တွေကို မျက်နှာကြီးတွေ၊အထက်တန်းလွှာတွေလို့ ဒီလောကက ခေါ်ကြပါတယ်။ သူတို့ကလဲ မျက်နှာကြီးအောင် အထက်တန်းလွှာဖြစ်အောင်ကို ပြုလုပ်ခဲ့ကြတာကိုး။

အဲဒီလို ပစ္စည်းဥစ္စာနဲ့လဲပြည့်စုံ၊အခြွေအရံပရိသတ်နဲ့လဲ ပြည့်စုံမှ တကယ်ကိုနေရကျပါတယ်။ သိပ်ကိုကောင်းပါတယ်။ အဲဒါ

စတုတ္ထ လေးနံ့ပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံပါပဲ။ တနည်းအားဖြင့် မှတ်ထားချင်ကြသေးယင် ပညာရှိ သူတော်ကောင်းသဘော အတော်သက်ဝင်တဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်ထားကြပေတော့။ စတုတ္ထ လေးနံ့ပါတ်ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ဒီစတုတ္ထ လေးနံ့ပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုး ရပုံကို လွယ်လွယ်ကူကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေဖွဲ့လုပ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ ကဲ-လိုက်ဆိုကြ။

၁။ ကိုယ်ကလဲလူ သူများမှု လူ့အောင်တန်းအောင် တိုက်တွန်းတာ။

၂။ စည်းစိမ်ခြွေရံ ဤနှစ်တန် ကောင်းမျှားမည် ထိုသူမှာ။

အဲဒီလို မြတ်စွာဘုရားက အုပ်စုဖွဲ့ပြီးလူကြတန်းကြတဲ့သာဝတ္ထိ နေပြည်တော်သူ နေပြည်တော်သား ဒကာ ဒကာမအများကို ဒီလို လုပ်တန်းပုံ အကျိုးရပုံလို့ဆိုတဲ့ အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူလိုက်ပါတယ်။

## (ဃ)

## ဒါန ဝေယျာဝစ္စကပုဂ္ဂိုလ်

မြတ်စွာဘုရား အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူလိုက်တဲ့အခါမှာ တရားနာပရိသတ်ထဲက ပညာရှိ သူတော်ကောင်း တယောက်က ဒီဗုဒ္ဓအနုမောဒနာတရားကို နာကြားရတော့ နားဝင်ပြီး စဉ်းစားမိသတဲ့။

အဟော အစ္ဆရိယမိဒံ ကာရုဏံ၊ အဟံ ဒါနိ ဥဘယ
သမ္ပတ္တိသံဝတ္တနိကံ ကမ္မံ ကရိဿာမိ။

ဣဒံ ကာရုဏံ-ဤအကြောင်းသည်၊ ဝါ-ပုဂ္ဂိုလ်လေးမျိုး အကျိုးရပုံ ဤအကြောင်းစုံသည်၊ အဟော အစ္ဆရိယံ-အော် လက်ဖျစ်တီး၍ အံ့ချီးစဖွယ်လျှင် တကယ်ပင် ကောင်းလှပါပေစွ တကား။ အဟံ-ငါသည်၊ ဒါနိ ဣဒါနိ-ယခုအခါ၌၊ ဥဘယ သမ္ပတ္တိသံဝတ္တနိကံ-နှစ်ပါးစုံသော အကျိုးနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော၊ ကမ္မံ-ကောင်းမှု ကုသိုလ်တည်းဟူသော ကံကို၊ ကရိဿာမိ-ပြုအံ့။

"အခု မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဗုဒ္ဓအနုမောဒနာ တရားဟာ အင်မတန် ဆန်းကြယ်၊ အင်မတန် အံ့သြစဖွယ် တကယ်ကို ကောင်းတယ်။ ငါဟာ ဘောဂသမ္ပတ္တိ၊ ပရိဝါရ သမ္ပတ္တိဆိုတဲ့ သမ္ပတ္တိနှစ်ပါးနဲ့ ပြည့်စုံအောင် ကောင်းမှုကုသိုလ်ကို အခု ပြုလုပ်မယ်"လို့ ကြံစည်စိတ်ကူးမိသတဲ့။ အဲဒီလို ကြံစည် စိတ်ကူးမိပြီး မြတ်စွာဘုရားကို လျှောက်ထားလိုက်တယ်။

ဘန္တေ သွေ အမှာကံ ဘိက္ခံ ဂဏှထ။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊သွေ-နက်ဖြန်ခါ၌၊အမှာကံ-ဘပည့်တော်တို့၏၊ဘိက္ခံ-ဆွမ်းကို၊ ဂဏှထ-ခံယူတော် မူပါကုန်ဘုရား။

"မြတ်စွာဘုရား-နက်ဖြန်ခါ တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူ ချီးမြှင့်တော်မူပါဘုရား"လို့ လျှောက်ထားလိုက်တယ်။

ကိတ္တကေဟိ ပန တေ ဘိက္ခုဟိ အတ္တော။

တေ-သင့် အတွက်၊ ကိတ္တကေဟိ ပန ဘိက္ခုဟိ-အဘယ်မျှ လောက် ကုန်သော ရဟန်းတော် တို့ဖြင့်၊ အတ္တော-အလိုရှိဘိ သနည်း။

"ဒကာ-ရဟန်းတော် ဘယ်လောက်ကို အလို ရှိသလဲ"လို့ မြတ်စွာဘုရားက မေးတော်မူလိုက်တယ်။

သဗ္ဗ ဘိက္ခုဟိ ဘန္တေ။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ သဗ္ဗ ဘိက္ခုဟိ-အလုံးစုံသော ရဟန်းတို့ဖြင့်၊အတ္တော-အလိုရှိပါ၏ဘုရား။

"ရဟန်းတော် အကုန်လုံးကိုပဲ အလိုရှိပါတယ် ဘုရား"လို့ ဒကာက ပြန်ပြီးလျှောက်ထားလိုက်တယ်။

အဲဒီတော့ မြတ်စွာဘုရားက ပညာရှိသူတော်ကောင်းဒကာရဲ့ ပင့်ဖိတ်ချက်ကို လက်ခံတော်မူလိုက်တယ်။နောက်-မြတ်စွာဘုရား ကလဲ ပြန်ကြွတော်မူရော၊ အဲဒီ ပညာရှိသူတော်ကောင်း ဒကာ ကလဲ ရွာထဲကိုဝင်လာခဲ့တယ်။ ရွာထဲရောက်တော့ သူကဘာလုပ် သလဲ။ သူလုပ်ပုံကို ဘုန်းကြီးပြောပြမယ်။ နားထောင်ကြစမ်း။

အမ္ဗ တာတာ မယာ သွာတနာယ ဗုဒ္ဓပ္ပမုခေါ ဘိက္ခု သံဃော နိမန္တိတော၊ယော ယတ္တကာနံ ဘိက္ခုနံ သတ္တော တိ၊သော တတ္တကာနံ ယာဂုအာဒီနံ အတ္ထာယ တဏ္ဍုလာ ဒီနိ ဒေတု၊ကေသွိ ဌာနေ ပစာပေတွာ ဒါနံ ဒဿာမ။

အမ္ဗ တာတာ-အိုအမိတို့ အိုအမောင်တို့၊ မယာ-ငါသည်၊ သွာတနာယ-နက်ဖြန်ခါ့အတွက်၊ ဗုဒ္ဓပ္ပမုခေါ-ဘုရား အမှူးရှိ

သော၊ ဘိက္ခုသံဃော-ရဟန်းသံဃာတော်ကို၊ နိမန္တိတော-ပင့်ဖိတ်ခဲ့ပါပြီ။ ယော-အကြင်သူသည်၊ ယတ္တကာနံ ဘိက္ခူနံ-အကြင်မျှလောက်ကုန်သော ရဟန်းတော်တို့အား၊ သက္ကောတိ-လှူခြင်းတန်းခြင်းငှာ စွမ်းနိုင်၏။ သော-ထိုသူသည်၊တတ္တကာနံ-ထိုမျှလောက်ကုန်သော ရဟန်းတော်တို့အတွက်၊ ယာဂုအာဒီနံ-ယာဂုအစရှိသည်တို့၏၊ အတ္ထာယ-ချက်ပြုတ်ဖို့ရန် အကျိုးငှာ၊ တဏ္ဍုလာဒီနိ-ဆန်အစရှိသော၊ လှူဖွယ်တန်းဖွယ် အသွယ်သွယ် အစုစု ဝတ္ထု ပစ္စည်းတို့ကို၊ ဒေတု-ထည့်ဝင်လှူဒါန်း ပါလော။ ဧကသ္မိံ ဌာနေ-တနေရာ တဌာနတည်း၌၊ပစာပေတွာ-ချက်ပြုတ်စေ၍၊ဒါနံ-အလှူဒါနကို၊ ဒဿာမ-ပေးလှူကြကုန်အံ့။

“အိုအမိတို့-အိုအမောင်တို့ နက်ဖြန်ခါအတွက် ဘုရားအမှူးရှိတဲ့ရဟန်းသံဃာတော်တွေကို ကျုပ်ပင့်လာခဲ့ပါတယ်။ ဘယ်သူမဆို ကိုယ်တတ်နိုင်သလောက် သံဃာတော်များအတွက် ယာဂုတို့၊ဆွမ်းတို့၊ ဆွမ်းဟင်းတို့ ချက်ပြုတ်ဖို့ရာ ဆန်တို့ ပဲတို့ အစရှိတဲ့ လှူဖွယ် တန်းဖွယ် ဝတ္ထုပစ္စည်းတွေကို ထည့်ဝင်လှူတန်းနိုင်ပါတယ်။ ထည့်ဝင်လှူတန်းကြပါ။ ကျုပ်တို့တနေရာတဌာနထဲမှာ စုပေါင်း ချက်ပြုတ်ပြီးတော့ လှူတန်းကြပါမယ်”လို့ လိုက်လံကြွေးကြော်ပြီး အလှူခံတယ်။

ရန်ကုန်, မန္တလေး, ပခုက္ကူ, ရေနံချောင်း အစရှိတဲ့ မြို့ကြီးများမှာ တနေရာတဌာနထဲ စုပေါင်းချက်ပြုတ်ပြီး လှူတန်းကြတဲ့ ဆွမ်းလောင်းသင်းကြီးတွေရဲ့ စံနစ်မျိုးပါပဲ။ အဲဒီစံနစ်မျိုးနဲ့ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ကို ပါဠိလို ဒါနဝေယျာဝစ္စိက ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ ဗမာလိုတော့ ဆွမ်းခေါင်းဒကာပေါ့။

## (င)
## ကြောင်ခြေထောက် သူဌေးကြီး

အဲဒီ ဒါနဝေယျာဝစ္စကြောင့် ဆွမ်းခေါင်းဒကာက အဲဒီလို လိုက်လံကြွေးကြော်ပြီး အလှူခံနေတဲ့အခါမှာ သူဌေးကြီး တယောက်ရဲ့ အိမ်ဈေး တံခါးပေါက်ကို ရောက်သွားပါရော။ ရောက်သွားတော့ သူဌေးကြီးက အဲဒီ ဒါနဝေယျာဝစ္စကြောင့် ဆွမ်းခေါင်းဒကာကိုမြင်တယ်။ မြင်တော့ သူ့စိတ်ထဲမှာ ဘယ်လို အောက်မေ့သလဲ။

အယံ အတ္တနော ပဟောနကေ ဘိက္ခူ အနိမန္တေတွာ
ပန သကလဂါမံ သမာဒပေန္တော ဝိစရတိ။

အယံ-ဤသူသည်၊ အတ္တနော ပဟောနကေ-မိမိစွမ်းနိုင်လောက်ကုန်သော၊ ဘိက္ခူ-ရဟန်းတော်တို့ကို၊ အနိမန္တေတွာ ပန မပင့်ဖိတ်ခဲ့မူ၍၊ သကလဂါမံ-တရွာလုံးကို၊ သမာဒပေန္တော-တိုက်တွန်းနှိုးဆော်လျက်၊ ဝိစရတိ-သွားလာ လှည့်လည်နေ၏။

"ဒီလူနှယ်နော်- ကိုယ်တတ်နိုင်သလောက်သာ ရဟန်းသံဃာတော်တွေကို ပင့်ဖိတ်ခဲ့တာ မဟုတ်ဘူး။ အခုတော့ အများကြီး ပင့်ဖိတ်ခဲ့တဲ့အတွက် တရွာလုံးလိုက်ပြီးတော့ တိုက်တွန်းနှိုးဆော် နေလိုက်ရတာ" လို့ စိတ်ထဲကအောက်မေ့တယ်။ အောက်မေ့ရုံသာ မကသေးဘူး။ အမျက်ထွက်လာသေးတယ်။ ကိုင်း-ဘာမဆိုင် ညာမဆိုင် ဂလိုင်ဝင်ခေါက်ဆိုတာလိုပဲ ကိုယ်နဲ့လဲ ဘာမှမဆိုင်ပဲနဲ့ သက်သက်မဲ့ အမျက်ထွက်လာတယ်။ အမျက်ထွက်လာတော့ ဘာလုပ်သလဲ။ သူလုပ်တာကို ကြည့်ကြစမ်းပါအုံး။

တယာ ဂဟိတဘာဇနံ အာဟာရ။

တယာ–သင်သည်၊ ဂဟိတဘာဇနံ– ယူခဲ့သော ထည့်စရာကို၊ အာဟာရ–ဆောင်ခဲ့ပါလော။

"ဗျို့ဗျို့–ထည့်စရာခွက်များတောင်းကလေး တဆိတ် ဒီယူခဲ့ပါ"လို့ သူဌေးကြီးက ပြောလိုက်တယ်။

အဲဒီတော့ဒါနဝေယျာဝစ္စကာခေါ်တဲ့ ဆွမ်းခေါင်းဒကာက ထည့်စရာ တောင်းကလေးကို ယူသွားတာပေါ့။ ယူသွားတဲ့ အခါမှာ သူဌေးကြီးက လက်သုံးချောင်းနဲ့ ကော်ခပ်ပြီး ဆန် ကလေး နဲနဲထည့်လိုက်တယ်။ ပြီးတော့ ပဲနောက်တို့ ပဲလွန်းတို့ ကိုလဲ ဒီလိုပဲ လက်သုံးချောင်းနဲ့ ကော်ခပ်ပြီး ထည့်လိုက်တယ်။ လက်သုံးချောင်းနဲ့ ကော်ခပ်ပြီး ထည့်လိုက်တော့ ဘယ်လောက် ပါမှာတုန်း။ စဉ်းစား ကြည့်ကြစမ်းပါ။ လေး၊ ငါး၊ ဆယ်စေ့ လောက်ပါမှာပေါ့။ ဆန်တို့ပဲတို့ကို ကော်ခပ်ပြီး ထည့်လိုက်တဲ့ သူဌေးကြီးရဲ့ လက်သုံးချောင်းဟာ ဘာနဲ့တူသလဲဆိုယင် ကြောင် ရဲ့ခြေထောက်နဲ့ တူတယ်။ ကြောင်ရဲ့ ခြေထောက်နဲ့တူစွာ အလှူ အတန်းကို လက်သုံးချောင်းနဲ့ ကော်ခပ်ပြီး ထည့်လိုက်တဲ့အတွက် ကြောင့် အဲဒီအချိန်အခါကစပြီးဒီသူဌေးကြီးဟာ ဗိဠာလပါဒက သူဌေးကြီးလို့ နာမယ်တွင်ခဲ့တယ်။ ဗမာလိုဆိုယင်တော့ ကြောင် ခြေထောက် သူဌေးကြီးလို့ ခေါ်ရမှာပေါ့။ ဗိဠာလပါဒက ခေါ်တဲ့ ကြောင်ခြေထောက် သူဌေးကြီးဟာ ထောပတ်တို့ တင်လဲတို့ဆီတို့ပျားတို့ ထည့်တဲ့အခါမှာလဲ ကြုတ်ဖုံးကလေးနဲ့ အသာခပ်ပြီး နဲနဲကလေး ထည့်တယ်။ တစက်နှစ်စက်၊ တပေါက် နှပ်ပေါက်ပါပဲ။

အဲဒီတော့ ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာက ဘာလုပ်သလဲဆိုယင် တခြားလူတော့ ထည့်ဝင် လှူတန်းလိုက်တဲ့ အလှူဝတ္ထု ပစ္စည်းတွေကို အကုန်လုံးစု တပေါင်းထဲပြုပြီးတော့ တပုံ ပုံတယ်။ ဒီသူဌေးကြီး ထည့်ဝင်လှူတန်းလိုက်တဲ့ အလှူငွေတွေ ပစ္စည်းတွေကိုတော့ သီးခြားခွဲပြီး တပုံ ပုံတယ်။ အဲဒီလို ပုံပြီး ယူသွားတယ်။

ဗိဠာလပါဒကခေါ်တဲ့ ကြောင်ခြေထောက် သူဌေးကြီးက ဒါနဝေယျာဝစ္စက ခေါ်တဲ့ ဆွမ်းခေါင်းဒကာရဲ့ ပြုလုပ်ပုံ အမူအရာတွေကိုမြင်တော့ စဉ်းစားတယ်။

ကိံ နု ခေါ သော မယာ ဒိန္န ဝိသုံ ဂဏှာတိ။

သော(သော)-ဤသူသည်၊မယာ ဒိန္န-ငါထည့်ဝင် လှူတန်း လိုက်သော အရာဝတ္ထု ပစ္စည်းစုကို၊ ဝိသုံ-အသီးအခြား ပြု၍၊ ကိံ ဂဏှာတိ နု ခေါ- အဘယ့်ကြောင့် ယူဆောင်လေဘိ သနည်း။

"ဒီလူဟာ ငါထည့်ဝင် လှူတန်းလိုက်တဲ့ အလှူဝတ္ထုပစ္စည်း တွေကို ဘာ့ကြောင့် သီးခြားခွဲပြီး ယူဆောင်သွားရတာလဲ"

အဲဒီလိုစဉ်းစားပြီး ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်း ဒကာရဲ့ နောက်က မယောင်မလယ် လိုက်ကြည့်ဖို့ရာ သူ့အိမ်မှာ ခိုင်းစေတဲ့ အလုပ်အကျွေးငယ် တယောက်ကို လွှတ်လိုက်တယ်။ ပါးစပ်ကလဲ မှာလိုက်သေးသတဲ့။

ဂစ္ဆ ယံ သော ကရောတိ၊တံ ဇာနာဟိ။

ဂစ္ဆ-သွားချေစမ်း။ သော(သော)-ဤသူသည်၊ယံ- အကြင် အမှုကို၊ကရောတိ-ပြု၏။ တံ-ထိုအမှုကို၊ ဇာနာဟိ- သိခဲ့လော။

"အမောင်- ဒီလူရဲ့နောက်က မယောင်မလယ်၊ မသိမသာ လိုက်သွားစမ်း။သူဘာတွေ လုပ်တယ်ဆိုတာ(သူလုပ်တာတွေ)ကို သေသေချာချာ ကျကြကျနသိအောင် စုံစမ်းခဲ့။ ကြားလား"လို့ မှာလိုက်တယ်။

ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာက ဟိုရောက် တော့ဘာလုပ်သလဲ။

သေဋ္ဌိဿ မဟပ္ဖလံ ဟောတု။

သေဋ္ဌိဿ-သူဌေးကြီးအား၊မဟပ္ဖလံ-ကြီးမြတ်သော အကျိုး သည်၊ ဟောတု- ဖြစ်ပါစေသတည်း။

"အလှူရှင် သူဌေးကြီးဟာ အကျိုးကြီးမြတ်ပါစေသား"လို့ ဆိုပြီး ယာဂုကျိုတဲ့အထဲ၊ ဆွမ်းချက်တဲ့အထဲ၊ မုန့်လုပ်တဲ့ အထဲ မှာ ဗိဋ္ဌာလပဒါဒကသူဌေးကြီး ထည့်ဝင်လှူတန်းလိုက်တဲ့ ဆန်က လေးတစေ့၊ နှစ်စေ့ကိုထည့်တယ်။ ပြီးတော့ပဲနောက်တို့၊ပဲလွန်းတို့ ကိုရော၊ဆီတို့၊ တင်လဲတို့၊ပျားရည်တို့ အစရှိတဲ့ အပေါက်အစ က် ကလေးတွေကိုရော အစုံအစိ ဘောဇဉ်ခွက်တွေထဲမှာ လိုက်ထည့် တယ်။အဲဒီလို ပြုလုပ်ထာတော့ကို အလုပ်အကျွေးငယ်က သေသေ ချာချာကျကြကျန မှတ်သားပြီး သူဌေးကြီးကို အကုန်အစင် အစုံ အလင်ပြန်ပြေတယ်။ သူဌေးကြီးက အလုပ်အကျွေးငယ်က ပြော တဲ့စကားကိုကြားတော့ ကြံစည်မိသတဲ့။

သစေ မေ သော ပရိသမဇ္ဈေ အဝဏ္ဏံ ဘာသိဿတိ၊ မမ နာမေ ဂဟိတမတ္တေ ယေဝ နံ ပဟာရိတွာ မာရေဿာမိ။

မမ-ငါ့အား၊ သော-ထိုသူသည်၊ ပရိသမဇ္ဈေ- ပရိသတ် အလည်ခေါင်၌၊ အဝဏ္ဏံ-ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို၊ ဝါ-

စကားတင်းကို၊ ဘာဝေ ဘာသိဿတိ-အကယ်၍ကား ပြောဆိုငြားအံ့။ (ဤသို့ ပြောဆိုသည်ရှိသော်) မမ နာမေ- ငါ၏အမည်ကို ဂဟိတမတ္တေယေဝ-ခေါ်ငင်ယုံကာမျှ၌သာလျှင်၊နံ့-ဆိုသူကို၊ ပဟာရိတ္တာ- ထုထောင်း ရိုက်ပုတ်၍၊ မာရေဿာမိ-သတ်အံ့။

"ဒီလူဟာ ပရိသတ်အလယ်ခေါင်မှာ ငါ့ကိုများ တကယ်လို့ ကဲ့ရဲ့စကား ပြောကြားလို့ရှိယင် ငါ့နာမယ်ကို ခေါ်လိုက်တာနဲ့ တပြိုင်နက်ထဲ သူ့ကို ငါထုထောင်းရိုက်ပုတ်ပီး သတ်မယ်"လို့ကြံစည်မိတယ်။

နောက်တနေ့ကျတော့ မနေ့ကကြံစည်ထားတဲ့အတိုင်း ပုဆိုးကြားမှာ ဒါးမြှောင်ကို ဝှက်ပီးမယောင်မလယ်နဲ့ ဆွမ်းစားဇရပ်မှာ သွားရပ်နေတယ်။ ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာကလဲ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်တွေကို ဆွမ်းဆက်ကပ်လုပ်ကျွေးတယ်။ ဆွမ်းဆက်ကပ် လုပ်ကျွေး ပီးတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

ဘန္တေ မယံ မဟာဇနံ သမာဒပေတွာ ဣမံ ဒါနံ ဒိန္နံ၊ တတ္ထ သမာဒပိတမနုဿာ အတ္တနော အတ္တနော ဗလေန ဗဟုနိပိ ကောကာနိပိ တဏ္ဍုလာဒီနိ အဒံသု၊ တေသံ သဗ္ဗေသံ မဟပ္ဖလံ ဟောတု။

ဘန္တေ-ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ မယံ-တပည့်တော်သည်၊ မဟာဇနံ- လူများအပေါင်းကို သမာဒပေတွာ-တိုက်တွန်းနှိုးဆော်လျက်၊ ဣမံ ဒါနံ-ဤအလှူဒါနကို၊ ဒိန္နံ-

ပေးလှူပါ၏ ဘုရား။ တတ္တ- ထိုသို့ပေးလှူရာ၌၊ သမာဒပိတာ မနုဿာ- တိုက်တွန်းနှိုးဆော်အပ်သော လူတို့သည်၊ အတ္တနော အတ္တနော ဗလေန-မိမိ မိမိ၏စွမ်းအား ရှိသလောက်၊ ဗဟူနိပိ- များသည်လည်း ဖြစ်ကုန်သော၊ ထောကာနိပိ- နည်းသည်လည်း ဖြစ်ကုန်သော၊ တဏ္ဍုလာဒီနိ-ဆန်အစရှိကုန်သော လူဖွယ်တန်းဖွယ်အစုစု ဝတ္ထုပစ္စည်းအသီးသီးတို့ကို၊အဒံသု- ထည့်ဝင်လှူတန်းကြပါကုန်၏ဘုရား။ ဘောသံ သဗ္ဗေသံ-ထိုအလုံးစုံသော ကောင်းမှုကုသိုလ်ရှင်တို့အား၊ မဟပ္ဖလံ- ကြီးမြတ်သော အကျိုးသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

"မြတ်စွာဘုရား- တပည့်တော်ဟာ လူထုကို တိုက်တွန်းနှိုးဆော်ပြီး ဒီအလှူအတန်းကို လှူဒါန်းပါတယ်ဘုရား။ ဒီအလှူထဲမှာ တပည့်တော် တိုက်တွန်း နှိုးဆော်ထားတဲ့ လူတွေကလဲ မိမိ မိမိရဲ့စွမ်းအားရှိသလောက် ဆန်တို့ ပဲနောက်တို့ ပဲလွန်းတို့ ထောပတ်တို့ ဆီတို့ တင်လဲတို့ ပျားတို့ အစရှိတဲ့ လူဖွယ်တန်းဖွယ် ဝတ္ထုပစ္စည်းတွေကို ထည့်ဝင် လှူဒါန်းကြပါတယ်ဘုရား။ အဲဒီကောင်းမှု ကုသိုလ်ရှင်တွေအားလုံး ကြီးမြတ်တဲ့အကျိုး ဖြစ်စေချင်ပါတယ် ဘုရား"လို့ လျှောက်ထားလိုက်တယ်။

ဒီစကားကိုကြားတော့ ဗိဠာလပါဒက သူဌေးကြီးက စဉ်းစားသတဲ့။

အဟံ အသုကေန နာမအဥ္စရာယ ဂါကျိတွာ တဏ္ဍုလာဒီနိ ဒိန္နာနီတိ မမ နာမေ ဂဟိတမတ္တေ ဣမံ မာရေဿာမီတိ အာဂတော။

အဟံ-ငါသည်၊အသုကော နာမ-ဤအမည်ရှိသော သူသည်၊ အစ္ဆရယ- လက်ဆွမ်းလက်ဖက်ဖြင့်၊ ဂဏှိတွာ- ကော်ခပ်၍၊ တဏ္ဍုလာဒီနိ- ဆန်အစရှိသော လှူဖွယ်တန်းဖွယ် အသွယ်သွယ် အစုစု ဝတ္ထုပစ္စည်းတို့ကို၊ ဒိန္နာနိ- ထည့်ဝင် လှူတန်းလိုက်၏။ ဣတိ- ဤသို့ ပြောဆိုလျက်၊ မမ နာမေ- ငါ၏ အမည်ကို၊ ဂဟိတမတ္တေ- ခေါ်ငင်ကာမျှ၌၊ ဣမံ- ဤသူကို၊ မာရေဿာမိ· သတ်အံ့။ ဣတိ- ဤသို့ကြံစည်၍၊ အာဂတော- ဤနေရာဌာနသို့ လာခဲ့ပေ၏။

ဗိဋ္ဌာလပါဒက အမည်ရတဲ့ သူဌေးကြီးဟာ ဆန်တို့ ပဲနောက်တို့ ပဲလုံးတို့အစရှိတဲ့ လှူစရာတန်းစရာတွေကို လက်သုံးချောင်းနဲ့ ကော်ခပ်ပြီး ထည့်ဝင် လှူတန်းလိုက်တယ်လို့ ပြောလို့ရှိယင်လေ ငါ့နာမယ်ကို ခေါ်လိုက်တာနဲ့ တပြိုင်နက်ထဲ သူ့ကိုငါ သတ်မယ်လို့ကြံစည်ပြီး ဒီနေရာဌာနကို ငါလိုက်လာခဲ့တယ်။

အယံ ပန သဗ္ဗသင်္ဂါဟိကံ ကတွာ ယေဟိပိ အစ္ဆရာယ ဂဟေတွာ ဒိန္နံ သဗ္ဗေသံ မဟပ္ဖလံ ဟောတူတိ ဝဒတိ။

အယံ ပန-ဤသူသည်ကား၊ သဗ္ဗသင်္ဂါဟိကံ-အလုံးစုံသော သူတို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို၊ ကတွာ-ပြု၍၊ ယေဟိပိ-အကြင်သူတို့သည်လည်း၊ နာဠိအာဒီဟိ-ပြည်တောင်းစသည် တို့ဖြင့်၊ မိနိတွာ-ချင်၍၊ ဒိန္နံ-ထည့်ဝင်လှူတန်းလိုက်၏။ ယေဟိပိ-အကြင်သူတို့သည်လည်း၊ အစ္ဆရာယ-လက်ဆွမ်းလက်ဖက်ဖြင့်၊ ဂဟေတွာ-ကော်ခပ်၍၊ ဒိန္နံ-ထည့်ဝင်လှူတန်းလိုက်၏။ သဗ္ဗေသံ-အလုံးစုံသော ကောင်းမှုကုသိုလ်ရှင်တို့အား၊ မဟပ္ဖလံ-ကြီး

မြွတ်သောအကျိုးသည်၊ ဟောာတု-ဖြစ်ပါစေသတည်း။ ဣတိ- ဤသို့ နှုတ်ကဆို၍၊ ဝဒတိ-ဆုတောင်း၏။

"ဒီ ဒါနဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာဟာ ငါ ထင်သလို ငါ့ကိုကဲ့ရဲ့တဲ့သူမဟုတ်ဖူး၊လူထုတရပ်လုံးကို ချီးမြှောက် ထောက်ပင့်တဲ့သူဖြစ်တယ်။ ပြည်တောင်း၊ စိတ်တောင်း၊ ခွဲတောင်းတွေနဲ့ချင်ပီး ထည့်ဝင်လှူဘန်းလိုက်တဲ့ သူတွေကိုရော၊ လက်ဆွမ်း၊ လက်ဖက်နဲ့ ကော်ခပ်ပီး ထည့်ဝင် လှူတန်းလိုက်တဲ့ သူတွေကိုရော၊ အဲဒီကောင်းမှုကုသိုလ်ရှင်တွေ အကုန်လုံး အကျိုး ကြီးမြွတ်ပါစေသားလို့ ဆိုပီး ဆုတောင်းတယ်"

သစာဟံ န ဝေရုပ္ပံ ခမာပေဿမိ၊ဒေဝဒတ္တော မမ မတ္တကေ ပတိဿတိ။

အဟံ-ငါသည်၊ ဝေရူပံ-ဤသို့သဘောရှိသော သူတော် ကောင်းကြီးကို၊ သစေ န ခမာပေဿာမိ-အကယ်၍ကား သည်း ခံဖို့ရန်အကြောင်း မတောင်းပန်ငြားအံ့။(ဤသို့ မတောင်းပန် သည်ရှိသော်) ဒေဝဒတ္တော-ဒေဝဒဏ်ခေါ်သော မိုးကြိုး လောင်မီးသည်၊မမ မတ္ထကေ-ငါ၏ဦးခေါင်းထက်၌၊ပတိဿတိ- ကျလိမ့်မည်။

"ဒီ သူတော်ကောင်းကြီးမျိုးကိုမှ သည်းခံဖို့ရန်အကြောင်း ငါ မတောင်းပန်လို့ရှိယင် ဒေဝဒဏ်ခေါ်တဲ့ မိုးကြိုးလောင်မီး ကြီးဟာ ဧကန် ငါ့ခေါင်းပေါ်မှာ ကျတော့မှာပဲ။ ဝါ-မိုးကြိုး ပစ်တော့မှာပဲ"လို့ စဉ်းစားမိတယ်။

အဲဒီလိုစဉ်းစားပြီးတော့ ဗိဋ္ဌာလပါဒက သူဌေးကြီးက ဒါန ဝေယျာဝစ္စကခေါ်တဲ့ ဆွမ်းခေါင်းဒကာရဲ့ ခြေရင်းမှာ ဝပ်ပြီး တောင်းပန်တယ်။

ခမာဟိ မေ သာမိ။

သာမိ-အိုသူတော်ကောင်းကြီး၊ မေ-အကျွန်ုပ်အား၊ခမာဟိ-သည်းခံပါလော။

"သူတော်ကောင်းကြီး-ကျုပ်ကို သည်းခံပါ"လို့တောင်းပန်ရှာတယ်။

သူဌေးကြီးကသာ တောင်းပန်နေတာ။အတောင်းပန် ခံရတဲ့ သူကတော့ ဘာမှန်းမှ မသိသေးဘူး။ ဘာအဓိပ္ပာယ်နဲ့ တောင်းပန်နေမှန်းကို မသိဘူး။ဒါ့ကြောင့် မေးလိုက်တယ်။

ကိံ ဣဒံ။

ဣဒံ-ယခု ဤပုံဤပန်း တောင်းပန်နေခြင်းသည်ကား၊ ကိံ-အသို့နည်း။

"ဒါက ဘာတုန်းဗျ။ အခု ခင်ဗျား တောင်းပန် နေတာက ဘာအဓိပ္ပာယ်နဲ့ တောင်းပန်နေတာတုန်း။ ကျုပ် နားမလည်ပါဘူးဗျာ။ တဆိတ် ပြောပြစမ်းပါအုံး"လို့ ပြောလိုက်တယ်။

"ဒီလိုဗျ ဒီလို၊ မနေ့က ခင်ဗျား ကျုပ်ရဲ့ အိမ်ဈေးတံခါးပေါက်မှာ ရောက်လာတယ်။ကျုပ်က လက် ၃-ချောင်းနဲ့ ထောက်ပြီး ဆန်တို့ ပဲနောက်တို့ ပဲလွန်းတို့ကို ထည့်ဝင် လှူတန်းလိုက်တယ်။ခင်ဗျားက တခြားလူတွေ ထည့်ဝင်လှူဘန်းလိုက်တဲ့ အလှူဝတ္ထု ပစ္စည်းတွေကို တပုံတစု ပြုလုပ်တယ်။ ကျုပ်လှူတဲ့ အလှူဝတ္ထု ပစ္စည်းတွေကိုတော့ တသီးတခြား ပြုလုပ်တယ်။ အဲ့ဒီလို

ပြုလုပ်ပြီး ယူသွားတော့ ကျုပ်က စဉ်းစားမိတယ်။ ဒီလူဟာ ငါ့ကို လူခြားသဲမှာ အရှက်ခွဲတော့မှာပဲ။ အရှက်ခွဲလို့ရှိယင်တော့ ငါ့နာမယ်ကို ဖော်ထုတ်လိုက်တာနဲ့ တပြိုင်နက်ထဲ ဒီလူကို ငါ ထုဆောင်းရိုက်ပုတ်ပြီး သတ်မယ်လို့ ပြစ်မှားမိပါဘယ်။ အခုတော့ ခင်ဗျားက နဲမျှားမဟူ လူကြုတန်းကြွတဲ့ ကောင်းမှုကုသိုလ်ရှင်တွေ အားလုံး အကျိုး ကြီးမြတ် ပါစေသားလို့ ဆုတောင်းတော့ ကျုပ်ကို အရှက်ခွဲတာမဟုတ်ဖူးဆိုတာ သိရတဲ့အပြင် တကယ့်သူတော်ကောင်းကြီး ဖြစ်တယ်ဆိုတာကိုလဲ သိရပါတယ်။ ဒါ့ကြောင့် ကျုပ်ပစ်မှားမိတာတွေကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။

အဲဒီလိုပြောလိုက်တော့မှ ဒါနဝေယျာဝစ္စိက ခေါ်တဲ့ ဆွမ်းခေါင်းဒကာကလဲ ရှင်းသွားတော့တယ်-တဲ့။ အဲ့ဒီ ဖြစ်ရပ်ဆန်းတခုကို မြတ်စွာဘုရားက မြင်တော်မူတော့ ဒါနဝေယျာဝစ္စိက ခေါ်တဲ့ ဆွမ်းခေါင်းဒကာကို မေးလိုက်တယ်။

ကိံ ဣဒံ။

ဣဒံ- ဤဖြစ်ရပ်ဆန်းသည်ကား၊ ကိံ- အသို့နည်း။

"ဒီဖြစ်ရပ်က ဘာတုန်း"လို့ မေးတော်မူလိုက်တယ်။

ဒါနဝေယျာဝစ္စိက ခေါ်တဲ့ ဆွမ်းခေါင်းဒကာက မနေ့ကစပြီး ဖြစ်ပုံပျက်ပုံအလုံးစုံကို အကုန်မကျန် မချန်မချင်း ကြောင်းရင်းဇစ်မြစ်ကို ပြန်ပြီးလျှောက်ထားလိုက်တယ်။

ဧဝံ ကိရ သေဋ္ဌိ။

"သူဌေးကြီး- ဒီလိုမအပ်မရာ ကြံစည်မိတယ်ဆိုတာ ဟုတ်ရဲ့လား"လို့ မြတ်စွာဘုရားက ဗိဋ္ဌာလပါဒကခေါ်တဲ့ ကြောင်ခြေထောက် သူဌေးကြီးကို မေးတော်မူလိုက်တယ်။

အာဝမ ဘန္တေ။

"ဟုတ်ပါတယ်ဘုရား။ တပည့်တော် မအပ်မရာ ကြံစည်မိပါတယ်ဘုရား"လို့ သူဌေးကြီးက လျှောက်ထားတယ်။

ဥပါသက ပုညံနာမ အပ္ပကန္တိ န အဝမညိတဗ္ဗံ၊ မာဒိသဿ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒါနံ ဒတွာ အပ္ပကန္တိ န အဝမညိဘဗ္ဗံ၊ ပဏ္ဍိတမနုဿာ ဟိ ပုညံ ကရောန္တော ဝိဝဋ္ဋဘာဇနံ ဝိယ ဥဒကေန အနုက္ကမေန ပုညေန ပူရန္တိယေဝ။

ဥပါသက-ဒါယကာသူဌေးကြီး· ပုညံ နာမ-ပါရမီစာဂ ဒါန အစုစု ကောင်းမှုကုသိုလ်မည်သည်ကို၊ အပ္ပကန္တိ- အနည်းငယ်မျှ မပြောပလောက်ပါတကား ဟူသောအနေဖြင့်၊ နအဝမညိဘဗ္ဗံ- မထေမဲ့မြင် မမှတ်ထင်မအောက်မေ့ရာ။

"သူဌေးကြီး- ပါရမီစာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဆိုတာကို အနည်းငယ်မျှ မပြောပလောက်တဲ့ ကောင်းမှု ကုသိုလ်ကလေးပဲလို့ဆိုတဲ့အနေနဲ့ မထေမဲ့မြင် မမှတ်ထင် မအောက်မေ့ရဘူး"တဲ့။

မာဒိသဿ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ- ငါကဲ့သို့သော ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား၊ ဒါနံ ဒတွာ-အလှူဒါနကို ပေးလှူရသည်ရှိသော်၊ အပ္ပကန္တိ-အနည်းငယ်မျှ မပြောပလောက်ပါတကား ဟူသောအနေဖြင့်၊ န အဝမညိတဗ္ဗံ- မထေမဲ့မြင် မမှတ်ထင်မအောက်မေ့ရာ။

"ငါကဲ့သို့ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို အလှူဒါနပေးလှူရလို့ရှိယင် အနည်းငယ်မျှ မပြောပလောက်တဲ့ ဒါနကလေးပဲလို့ဆိုတဲ့အနေနဲ့ မထေမဲ့မြင်မမှတ်ထင် မအောက်မေ့ရဘူး"တဲ့။

ဟိ-ဥပမာအားဖြင့် ထင်ရှားအောင်ပြဦးအံ့။ပဏ္ဍိတမနုဿာ-ပညာရှိသူ လူအပေါင်းတို့သည်၊ ပုညံ- ပါရမီစာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ကို၊ ကရောန္တော- ပြုလုပ်ကြကုန်သည်ရှိသော်၊ ဝိဝဋ္ဋဘာဇနံ- ဟင်းလင်းအစရှိသော အိုးစရည်းသည်၊ အနုတ္တမေန-အစဉ်အတိုင်းကျသော၊ ဥဒကေန- မိုးရေ မိုးပေါက်ဖြင့်၊ ပူရေတိ ပိယ-တဖြည်းဖြည်းတစတစ နောက်ဆုံးကျလျှင် ပြည့်ရလေသည်၊ အနုက္ကမေန- အစဉ်အတိုင်း ဆည်းပူးစုဆောင်းအပ်သော၊ ပုညေန-ပါရမီစာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဖြင့်၊ ပူရန္တိယေဝ- တဖြည်းဖြည်း တစတစ နောက်ဆုံးကျလျှင် ပြည့်ရလေကုန်တော့သတည်း။

"ဥပမာအားဖြင့် ထင်ရှားအောင် ပြရမယ်ဆိုယင် မိုးရွာတဲ့အခါမှာ မိုးရေခံထားတဲ့ ဟင်းလင်း အစရှိတဲ့ အိုးစရည်းဟာ အစဉ်အတိုင်း တပေါက်ပေါက် တစက်စက် မပျက်မကွက်ကျတဲ့ မိုးရေမိုးပေါက်ကလေးတွေနဲ့ တဖြေးဖြေး တစတစ နောက်ဆုံးကျတော့ပြည့်ရသလို အစဉ်အတိုင်း ဆည်းပူးစုဆောင်းလာခဲ့တဲ့ ပါရမီစာဂ ဒါနအစုစုကောင်းမှုကုသိုလ်ဟူသမျှဟာ တဖြေးဖြေး တစတစ နောက်ဆုံးကျတော့ ပြည့်ရတော့တာပါပဲ"လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်ပါတယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက အခုလို စကားပြေ စုဏ္ဏိယနဲ့ ဟောနေရတာ ပြောနေရတာကိုပဲ အားရတော် မမူသေးတဲ့အတွက် ရှေ့စကား နောက်စကား အနုသန္ဓေ အဆက်အစပ်ပြုပြီး ဒေသနာတော်ကို ဂါထာဗန္ဓနဲ့အထွင့်တပ်ကာ ဟောကြားတော် မူလိုက်ပြန်ပါသေးတယ်။ အဲဒီ ဂါထာဗန္ဓကတော့

တခြားမဟုတ်ပါဘူး။ စောစောကဘုန်းကြီးရွတ်ပြခဲ့တဲ့ ဂါထာဗန္ဓပါပဲ။ အဲဒီဂါထာဗန္ဓကို အခုထပ်ပီး ရွတ်ပြလိုက်ပါအုံးမယ်။

(စ)

မိုးပေါက်ပမာ တရားဂါထာ

မာဝမညေထ ပုညဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ဓိရော ပူရတိ ပုညဿ၊
ထောကံ ထောကမ္ပိ အာစိနံ။

မန္တံ-အနည်းငယ်မျှ မပြောပလောက်သည့် ဒါနအစုစု ကောင်းမှုကုသိုလ်ကံ ဟူသမျှသည်၊ န အာဂမိဿတိ-အကျိုးပေးသောပုံဟန်ဖြင့် ကိုယ်အဌာန်ကို အမြန် မရောက်လာသေးလတ္တံ့။ (ဤသို့ မရောက်လာသေးသည်ရှိသော်၊) ပုညဿ-ပါရမီစာဂဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှကို၊ မာဝမညေထ-အနည်းငယ်မျှ မပြောပလောက်ပါတကား ဟူသော အနေဖြင့် မထေမဲ့မြင် မမှတ်ထင်မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန-မိုးရေမိုးပေါက် တဖြောက်ဖြောက်တစက်စက် မပျက်မကွက် ကျဖန်များလတ်သဖြင့်၊ ဥဒကုမ္ဘောပိ-တုပ်ဝခိုင်ဖြိုး အလွန် ကြီးသည့်အိုးစရည်းသည်လည်း၊ ပူရတိ-တဖြည်းဖြည်းတစတစ နောက်ဆုံးကျလျှင် ပြည့်ရတုံသေး၏။ ဓိရော-ကြောင်းကျိုးငဲ့ထောက်ရှေ့နောက်မြော်မြင်ပညာရှင်သည်၊ ထောကံ ထောကမ္ပိ-အနည်း

ငယ်မျှ အနည်းငယ်မျှ မပြောပလောက်သည့် ဒါနအစုစု ကောင်းမှုကုသိုလ် ဟူသမျှကိုလည်း၊ အာစိန်-အာစိနွေ-တိုးတက်ပွါးပွားများပြားအောင် ဆည်းစုလျက်၊ ပုညာ-ပါရမီ စာဂ ဒါနအစုစု ကောင်းမှုကုသိုလ်ဟူသမျှဖြင့်၊ ပူရတိ-တဖြည်းဖြည်း တစတစ နောက်ဆုံးကျလျှင် ပြည့်ရလေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

အခုရွတ်ဆိုလိုက်တဲ့ တရားဂါထာ ဒေသနာတော်မြတ်ရဲ့ အဓိပ္ပာယ်ကို စောစောက ပြောပြခဲ့ပြီးပါပြီ။ အခုတော့ ဆောင်ပုဒ်ကလေးတွေနဲ့ တိုတိုတုပ်တုပ် လိုရင်းချုပ်ပြီး ခပ်သုတ်သုတ် သိကြပါစို့ရဲ့။ ဆောင်ပုဒ်ကလေးတွေကို ချပို့ပေးမယ်။ ကဲ-စိတ်ပါလက်ပါနဲ့ လိုက်ဆိုကြ။

၁။ ဒါနဟူပေ နဲ့ပလေ မထေမဲ့မြင် မပြုရာ။

၂။ မိုးရေ မိုးပေါက် တဖြောက်ဖြောက် ကျရောက်လေ သောခါ။

၃။ အိုးစရည်းပ ခံထားက ပြည့်ရပုံပမာ။

၄။ တတ်နိုင်သမျှ မြတ်ဒါန ပြုကြသူတော်စွာ။

၅။ တစတစ နောက်ဆုံးကျ ပြည့်ရတော့သည်သာ။

အဲဒီလို မြတ်စွာဘုရားက ဒေသနာတော်ကို ဂါထာဗန္ဓနဲ့ အထွဋ်တပ်ပြီး အဆုံးသတ်တော် မူလိုက်ပါတယ်။ အဆုံးသတ်လိုက်တော့ ဘာဖြစ်သလဲ။ ဖြစ်ထာကို နားထောင်ကြပါအုံး။

ဒေသနာဝသာနေ–ဒေသနာတော်၏အဆုံး နိဂုံးချုပ်သော် မူလတ်သောအခါ၌၊ သောသေဋ္ဌိ-ထိုဗိဋ္ဌာလပါဒက အမည်ရှိသော ကြောင်ခြေထောက်သူဌေးကြီးသည်၊ သောတာပတ္တိဖလံ သောတာပတ္တိဖိုလ်သို့၊ ပါပုဏိ- ကောင်းစွာမသွေ ဆိုက်ရောက်တော်မူလေတော့သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

မာဝမညေထ ပုညဿအစရှိတဲ့ တရားဂါထာ ဒေသနာတော်မြွက်ရဲ့ အဆုံးမှာ ဗိဋ္ဌာလပါဒက အမည်ရတဲ့ ကြောင်ခြေထောက် သူဌေးကြီးဟာ သောတာပတ္တိဖိုလ် ဆိုက်ရောက်သွားပါတယ်-တဲ့။

## (ဆ)

## အရိယာဖြစ်လို သတိပဋ္ဌာန်ကိုကျင့်

မာဝမညေထ ပုညဿ အစရှိတဲ့ တရားဂါထာ ဒေသနာတော်မြွက်ရဲ့အဆုံးမှာ ဗိဋ္ဌာလပါဒက အမည်ရတဲ့ ကြောင်ခြေထောက်သူဌေးကြီးဟာ သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်သွားတယ်လို့ဆိုတော့ လုပ်ငန်းမပါပဲ နာရုံကာမျှ ကြားရုံကာမျှနဲ့ တရားရသွားသလိုလို ထင်ကြလိမ့်မယ်။ အဲဒီလို ထင်ကြလို့လဲပဲ အခုကာလမှာ တချို့က "တရားကို အားထုတ်နေဖို့ မလိုဘူး။ သိယင် ပီးတာပဲ။ဂူမအောင်းနဲ့။ဂူအောင်းယင် လူညောင်းတယ်" အစရှိသဖြင့် အမှားမှားအမှောက်မှောက် ကသောက်ကရောက် ဟောလေ့ပြောလေ့ ရှိကြတယ်။ ဒါကတော့ သူတို့သတိမပြုမိလို့ ဟောကြ ပြောကြတာ ဖြစ်ပါလိမ့်မယ်။ အမှန်ကတော့ တရား

ဆိုတာ အားထုတ်ရပါတယ်။ ဗိဋ္ဌာလပါဒကဆိုတဲ့ ကြောင်ခြေထောက် သူဌေးကြီးလဲပဲ ဘုရားရဲ့ရှေ့တော်မှောက်မှာ နာယင်းကြားယင်း ဆင်ခြင် သုံးသပ် ရှုမှတ် ပွားများ အားထုတ်ရပါတယ်။ ပါရမီ ရင့်ကျက် လို့ လျှင် လျှင် မြန် မြန် တရားရသွားတော့ အားမထုတ်ရပဲနဲ့ ရသလိုလို ထင်ရပါတယ်။ ဒါပေမယ့် အားမထုတ်ယင် ဘာဝနာရယ်လို့ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် အဋ္ဌကထာ ဆရာတော်က သေသေချာချာ ကျကြဏန ရှင်းလင်း ဖော်ပြထားခဲ့ပါတယ်။

> ယသ္မာ ပန ကာယဝေဒနာစိတ္တာ ဓမ္မေသု ကိဉ္စိ ဓမ္မံ
> အနာမသိတွာ ဘာဝနာ နာမ နတ္ထိ တဲ့။

ပန-တရားဂါထာ ဒေသနာတော်မြတ်၏ အဆုံး နိဂုံးချုပ်သည့် အခါကာလ၌ တရားထူးကို ရသည်ဟူ' ဆိုသော်လည်း၊ ကာယဝေဒနာ စိတ္တဓမ္မေသု-ကာယ,ဝေဒနာ,စိတ္တာ, ဓမ္မတို့တွင်၊ ကိဉ္စိ ဓမ္မံ-တစုံတခုသော တရားကို၊ အနာမသိတွာ- မပွားများ မရှုမှတ် မသုံးသပ် မဆင်ခြင်မူ၍ (မပွားများမရှုမှတ် မသုံးသပ် မဆင်ခြင်သည်ရှိသော်) ဘာဝနာ နာမ-ဘာဝနာ မည်သည်၊ နတ္ထိ-မရှိ။

ကဲ- ပြတ်ပြတ် သားသား ရှင်းပြအုံးမယ်။ မာဝမဉ္စတပုညာ အစရှိတဲ့ တရားဂါထာ ဒေသနာတော်မြတ်ရဲ့ အဆုံး နိဂုံးချုပ်တော်မူတဲ့အခါမှာ ဗိဋ္ဌာလပါဒက အမည်ရတဲ့ ကြောင်ခြေထောက် သူဌေးကြီးဟာ သောတာပတ္တိဖိုလ်ကို ရောက်တယ်လို့ ဆိုပေမယ်လို့....

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်လို့ ဆိုတဲ့ သတိပဋ္ဌာန် တရားလေးပါးထဲက တပါးပါးကိုမှ မဆင်ခြင် မသုံးသပ် မရှု မှတ် မပွားများ အားမထုတ်ပဲနဲ့သာဖြင့် ဘာဝနာဆိုတာ မရှိနိုင် မဖြစ်နိုင်ပါဘူးတဲ့။

အဲဒီလို အဋ္ဌကထာ ဆရာတော်က သေသေချာချာ ပြတ် ပြတ်သားသား ဆိုထားပါယက်သာနဲ့ ဒီအထဲကမှ "တရားကို အားမထုတ်ရဘူး၊ ဘာမှမလုပ်ရဘူး၊ အသာနေရမယ်။ ဘ ညာ"စသဖြင့် ဟောနေကြ ပြောနေကြသေးတယ်ဆိုယင် မတတ် နိုင်တော့ဘူး။ ဘုန်းကြီး မဆိုထားနဲ့ ဘုရားတောင် တတ်နိုင် တော့မှာ မဟုတ်ဖူး။ "ဂယောဂစက် ပျက်သည့်သူအား လူကို ထား၍ ဘုရားသော်မှ ကယ်မရဘူး" ဆိုတာလိုပါဘဲ။ ဒီလိုလူတွေ အတွက်တော့ အင်မတန် ဝန်လေးပါတယ်။ ဒါပေမယ့် ဥပမာ ကလေးတွေနဲ့တော့ဖြင့် ပြောပြချင်ပါသေးတယ်။

ကောက်ပဲသီးနှံကို အလိုရှိတဲ့ တောင်သူလယ်သမားဟာ ထွန် ယက်စိုက်ပျိုးရပါတယ်။ မထွန်မယက် မစိုက်ပျိုးပဲနဲ့ အသာ ကလေး နေလို့ကတော့ ရကိုမရနိုင်ပါဘူး။အဲဒီလိုပါပဲ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ရလိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ကျင့်ကြံကြိုးကုတ် အား ထုတ်ရပါတယ်။ အားမထုတ်ပဲနဲ့ အသာကလေးနေလို့ကတော့ ရကိုမရနိုင်ပါဘူး။ ဒီဥပမာနဲ့ ဥပမေယျကို ဟပ်ပီး ယူလိုက်လို့ ရှိယင် ကောက်ပဲသီးနှံနဲ့ မဂ်ဖိုလ် နိဗ္ဗာန်နဲ့ တူပါတယ်။ တောင်သူ

လယ်သမားနဲ့ ယောဂီပုဂ္ဂိုလ်နဲ့တူပါတယ်။ ထွန်ယက် စိုက်ပျိုးတာနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်တာနဲ့ တူပါတယ်။

နောက်ထပ် ဥပမာတခု ပြောပြပါအုံးမယ်။ ရန်ကုန်မြို့ကို ရောက်လိုတဲ့ လူတယောက်ဟာ သွားရပါတယ်။ မသွားပဲနဲ့ အသာကလေး နေလို့ကတော့ ဘယ်တော့မှ မရောက်နိုင်ပါဘူး။ သွားတဲ့အခါမှာ ဘာနဲ့သွားရသလဲ။ လေယာဉ်ပျံနဲ့ဖြစ်ဖြစ်၊ မီးရထားနဲ့ဖြစ်ဖြစ်၊ မော်တော်ကားနဲ့ဖြစ်ဖြစ်၊ မီးသင်္ဘောနဲ့ဖြစ်ဖြစ် သွားရပါတယ်။ အဲဒီလိုပါပဲ နိဗ္ဗာန်ကို ရောက်လိုတဲ့ ယောဂီပုဂ္ဂိုလ်တယောက်ဟာ ကျင့်ကြံကြိုးကုတ် အားထုတ်ရပါတယ်။ အားမထုတ်ပဲနဲ့ အသာကလေး နေလို့ကတော့ ဘယ်တော့မှ မရောက်နိုင်ပါဘူး။ အားထုတ်တဲ့အခါမှာ ဘာတရားကို အားထုတ်ရသလဲ။ သတိပဋ္ဌာန်၊ ဝိပဿနာ၊ ဘာဝနာတရားကို အားထုတ်ရပါတယ်။ ဒီဥပမာနဲ့ ဥပမေယျကို ဟပ်ယူလိုက်လို့ ရှိယင် ရန်ကုန်မြို့ကြီးနဲ့ နိဗ္ဗာန်နဲ့ တူပါတယ်။ လေယာဉ်ပျံ, မီးရထား, မော်တော်ကား, မီးသင်္ဘောနဲ့ သတိပဋ္ဌာန် လေးပါး၊ဝိပဿနာ ဘာဝနာတရားနဲ့ တူပါတယ်”

ဒါ့ကြောင့် အသာကလေးနေလို့ကတော့ ဘာမှ မဖြစ်ဖူး။ အသာနေယင် သံသရာထဲမှာ အသေနာတာ ရှိမှာပါပဲ။ အလကားနေလို့ရှိယင်လဲ လောကီရေး လောကုတ္တရာရေးနဲ့စပ်ပြီး အလကားပဲ ဖြစ်မှာပါပဲ၊ ဘာမှမလုပ်ယင်လဲ လောကီလောကုတ္တရာ ဘာမှမဖြစ်ပါဘူး။ဒီရှင်းလင်းချက်ကို တရားနာ ပရိသတ်တွေရဲ့ အသဲမှာ စွဲသွားအောင် ရှစ်လုံးဖွဲ့ဆောင်ပုဒ်ကလေးကို ချပို့ပေးမယ်။ ကိုင်း-စိတ်ပါလက်ပါ လိုက်ဆိုကြပါ။

အသာနေတော့ အဲသေနာမည်။
အလကားနေတော့ အလကားဖြစ်မည်။
ဘာမှမလုပ်က ဘာမှမဖြစ်ပြီ။
သတိထား စဉ်းစားကြရမည်။

ကောကီဖက်က အစစအရာရာ တိုးတက်အောင် ကိုယ့်အား ကိုယ်ကိုးစနစ်နဲ့ ချီတက်နေကြတဲ့ ဒီခေတ်ထဲမှာ လောကုတ္တရာ ဖက်က တိုးတက်အောင် မလုပ်ပဲ"အသာနေရမယ်၊ အလကား နေရမယ်။ ဘာမှမလုပ်ရဘူး" အစရှိသဖြင့်ဟောပြောပြီး ဖော ဖောသီသီကြီး ဈေးချမပစ်လိုက်ကြပါနဲ့။ သတိထားကြပါ။ စဉ်းစားကြပါ။ မြတ်စွာဘုရားရဲ့ ရွှေမျက်နှာတော်ကို ထောက် ထားကြပါအုံးလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

(၈)

## လက်တွေ့ တရားအားထုတ်နည်း

ကဲ- ဒါလောက်ဆိုယင် တရား အားထုတ်ရမယ် ဆိုတာ သဘောပေါက်လောက်ကြပါပြီ။ ဘာတရားကို အားထုတ်ကြ မလဲ။ "သတိပဋ္ဌာန်တရားလေးပါးထဲက တပါးပါးကိုမှ မဆင် ခြင်မသုံးသပ် မရှုမှတ်မပွားများ အားမထုတ်ယင် ဘာဝနာရယ် လို့မဖြစ်နိုင်ဘူး" ဆိုထားတော့ သတိပဋ္ဌာန်တရားကို ဆင်ခြင် သုံးသပ် ရှုမှတ်ပွားများ အားထုတ်ရမယ်ဆိုတာ ပြောနေစရာ တောင်မလိုတော့ဘူး။

အယံ- သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် အမှတ်တရားတည်းဟူသော ဤလမ်းမတော်ကြီးသည်၊ ဧာယသော

အဋ္ဌင်္ဂိကမဂ်- နိဗ္ဗာန်လမ်းတက် အရိယာမဂ်ကို ချက်ချင်းမကြာ လွယ်စွာခဏ ရနိုင်ခြင်း အကျိုးငှာ၊ ကောယနော မဂ္ဂေါ- တကြောင်းတည်း တခုတည်းသာရှိသည့် သတိပဋ္ဌာန် လမ်းမှန် ကျင့်စဉ် မည်တွင် ခေါ်ဝေါ် အမွတ်တရား တည်းဟူသော လမ်းမတော်ကြီး ဖြစ်ပါပေသတည်း။

သတိပဋ္ဌာန်ဆိုတဲ့ လမ်းမတော်ကြီးဟာ မဂ်တရား ဖိုလ်တရား ကို ရဖို့ရာအတွက် မှန်ကန်တဲ့လမ်းမတော်ကြီး ဖြစ်ပါတယ်-တဲ့။ ဒီလမ်းမတော်ကြီးဟာ တလမ်းထဲသာရှိပါတယ်။ နှစ်သွယ်နှစ်ခွ မရှိပါဘူး။ မမှားနိုင်ဘူးလို့ ဆိုလိုပါတယ်။ ဒီလမ်းမတော်ကြီး အတိုင်းသာ ဖြောင့်ဖြောင့် တန်းတန်းကြီး လိုက်သွားလို့ ရှိယင် "လမ်းဆုံးတော့ ရွာတွေ့"ဆိုတဲ့ စကားအတိုင်း အရိယာနယ် မြေထဲကို တဲ့တဲ့ မတ်မတ်ကြီး ဆိုက်ရောက်သွားပါလိမ့်မယ်။ ဆိုလိုတာက သတိပဋ္ဌာန်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ် ပွားများလို့ရှိယင် သောတာပတ္တိဖိုလ် အစရှိတဲ့ တရားထူးတရား မြတ်တွေကို ရရှိသွားပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

ဒီနေရာအတွက် သတိပဋ္ဌာန် ကြေးကြော်သံ ဆောင်ပုဒ် ကလေးတွေ ပြုလုပ်ထားတာ ရှိပါတယ်။ အခု အဲဒီဆောင်ပုဒ် ကလေးတွေကို ချပို့ပေးမယ်။ ကဲ-လိုက်ဆိုကြ။

(မေး) အရိယာမဂ်ကို ရချင်လို ဘယ်လမ်းစဉ်ကို လိုက်ရ မယ်။

(ဖြေ) အရိယာမဂ်ကို ရချင်လို သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ရမယ်။

ကဲ-အချိန်လဲ မကြာရအောင်၊ လွယ်လဲလွယ်ကူအောင် အခု တရားနာ ပရိသတ်တွေကို လက်တွေ့သင်တန်းပေးမယ်။ အမျိုးသားတွေက တင်ပလ္လင်ခွေပြီး ထိုင်ကြ။ အမျိုးသမီးတွေကတော့ ပုဆစ်တုပ်ရက်ပဲ ထိုင်ကြ။လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်မှာတင်ထားလိုက်ကြ။ ဒါမှမဟုတ်ယင် တင်ပလ္လင်ခွေပေါ်၊ ပုဆစ်တုပ်ရက်ပေါ်မှာ လက်လက်ချင်းထပ်ပြီး တင်ထားလိုက်ကြ။ပြီးတော့ ခါးကို ဆန့်ကြ။ ပြီးတော့ မျက်စိနှစ်ဖက်ကို မှိတ်လိုက်ကြ။ အသက်ကို မှန်မှန်ရှူနေကြ။ စိတ်က ဗိုက်ဆီကို အာရုံပြုထားလိုက်ကြ။ ဖောင်းလာတာကို တွေ့ရလိမ့်မယ်။ ဖောင်းတာကို "ဖောင်းတယ်"လို့ စိတ်ဆိုကလေးနဲ့ဆိုပြီးတော့ မှတ်လိုက်ကြ။ နောက်-ပိန်လာတာကို တွေ့ရလိမ့်မယ်။ပိန်တာကိုလဲ "ပိန်တယ်"လို့ စိတ်ဆိုကလေးနဲ့ ဆိုပြီးတော့ မှတ်လိုက်ကြ။ အဲဒီလို ဖောင်းတိုင်းပိန်တိုင်း "ဖောင်းတယ်၊ ပိန်တယ်"လို့ အမြဲတစေ မှတ်နေကြရမယ်။ မှတ်နေကြရမယ်ဆိုတာ ရှုမှတ်ပွားများ အားထုတ်နေကြရမယ်လို့ ဆိုလိုပါတယ်။အဲဒီလိုရှုမှတ်ပွားများ အားထုတ်နေယင်း မနိုင်နင်းသေးတော့ စိတ်ကလေးက ဟိုဟိုဒီဒီ ပျံ့လွင့်နေတတ်တယ်။ ပျံ့လွင့်နေယင် "ပျံ့လွင့်တယ်"လို့ စိတ်ဆိုလေးနဲ့ ဆိုပြီးတော့ ရှုမှတ်ပွားများ အားထုတ်လိုက်ကြပါ။ ဒီအတိုင်းပဲ ရောက်တဲ့စိတ်ကိုလဲ "ရောက်တယ်"လို့ မှတ်ကြပါ။ ကြံစည်တဲ့စိတ်ကိုလဲ"ကြံစည်တယ်"လို့ မှတ်ကြပါ။ နောက်- ဖောင်းတာ ပိန်တာကို ပြန်ပြီးတော့မှတ်ကြပါ။ တော်တော်ကလေး ကြာတော့ ဒီခန္ဓာကိုယ်ကြီးက သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဆိုတော့ ညောင်းလာတတ်တယ်။ ကိုက်လာတတ်တယ်။ ပူလာတတ်တယ်။ ကျင်လာတတ်တယ်။ အဲဒီလိုညောင်းလာယင်၊ ကိုက်လာယင်၊

ပူလာယင်၊ ကျင်လာယင် "ပူတယ်၊ ကိုက်တယ်၊ ပူတယ်၊ ကျင်တယ်" အစရှိသဖြင့် ခန္ဓာကိုယ်က ဖြစ်ပေါ်လာတဲ့အတိုင်း မှတ်ကြရမယ်။ အခုတထိုင် အတွင်းမှာတော့ ဒါလောက်ပဲ မှတ်စရာရှိပါတယ်။

ကိုင်း သုံးမိနစ်လောက်တော့ မှတ်နေကြပါ။

ကဲ သုံးမိနစ်စေ့ပါပြီ။

သက်သက်သာသာနဲ့ နေမြဲတိုင်းသာ နေကြပါတော့။ ဣရိယာပုတ် လေးပါးရှိတဲ့အနက်က အခုထိုင်နေတဲ့ ဣရိယာပုတ်နဲ့ မှတ်နေကြရတာ သုံးမိနစ်တောင် ကြာသွားပါတယ်။ အဲဒီအတိုင်း ရပ်နေတဲ့ အခါမှာရော၊ သွားနေတဲ့ အခါမှာရော၊ လျောင်းနေတဲ့အခါမှာရော 'ရပ်တယ်၊ သွားတယ်၊ လျောင်းတယ်' အစရှိသဖြင့် မှတ်ကြရပါတယ်။ ပြီးတော့ မျက်စိက မြင်တဲ့ အခါမှာလဲ 'မြင်တယ်' နားကကြားတဲ့ အခါမှာလဲ 'ကြားတယ်' နှာခေါင်းက နံတဲ့အခါမှာလဲ 'နံတယ်' ပါးစပ်လျှာက စားသိတဲ့အခါမှာလဲ 'စားသိတယ်' ကိုယ်က တွေ့ထိတဲ့အခါမှာလဲ 'တွေ့ထိတယ်' စိတ်ကကြံသိတဲ့အခါမှာလဲ 'ကြံသိတယ်' အစရှိသဖြင့် ရှုမှတ်ပွားများ အားထုတ် ကြရပါတယ်။ အဲဒီလို ရှုမှတ်ပွားများအားထုတ်ကြလို့ရှိယင် ဝိသုဒ္ဓိအစဉ် ဉာဏ်အစဉ်တွေတက်ပြီး ဗိဋ္ဌာလပါဒက သူဌေးကြီးတို့ ရတဲ့ သောတာပတ္တိဖိုလ် အစရှိတဲ့ တရားထူးတရားမြတ်တွေကို ရရှိသွားနိုင်ကြပါတယ်။

## (၈၂)
## မေတ္တာပို့

သာသနာ့ပအချိန်အခါမှာ မေတ္တာဆိုတဲ့ သမထတရားကို နံ့သာတရှုပ် အချိန်လောက်ကလေး ပွားများကြိုးကုတ် အားထုတ်လိုက်ရုံနဲ့ ဖြဟ္မာ့ပြည်ကို ရောက်တယ်လို့ စာပေများမှာ အခိုင်အမာ ဆိုထားတာရှိပါတယ်။ နံ့သာတရှုပ် အချိန်ဆိုတာ ကျောက်ပြင်ပေါ်က သနပ်ခါးနံ့သာကို လက်ကလေးနဲ့ တို့ပြီး နမ်းရှုတဲ့ တခဏလေး အချိန်ကို ဆိုလိုပါတယ်။ အဲဒီအချိန်လောက်ကလေးမှာ မေတ္တာဆိုတဲ့ သမထတရားကို ပွားများကြိုးကုတ် အားထုတ်လိုက်ရုံနဲ့ ဗြဟ္မာ့ပြည်ကို ရောက်ရတယ်ဆိုတော့ အခု တရားနာနေတဲ့ ဒကာ ဒကာမတွေ အားထုတ်လိုက်ကြတာဟာ သာသနာတော်တွင်းလဲဖြစ်ပါတယ်။ သမထတရားထက် မြင့်မြတ်တဲ့ အဆင့်အတန်းသာတဲ့ ဝိပဿနာတရားလဲ ဖြစ်ပါတယ်။ နံ့သာတရှုပ်အချိန်လောက်မကတဲ့သုံးမိနစ်အချိန်လောက်လဲ ဖြစ်ပါတယ်။ ဒါကြောင့် ပိုပြီး အကျိုးမြင့်မြတ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒီလို ဝိပဿနာ ဘာဝနာတရားကို ပွားများကြိုးကုတ် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အာဏာစက်ဟာလဲ ထက်မြက်စူးရှပါတယ်။ ဒီပုဂ္ဂိုလ်တွေကသာ မေတ္တာပို့လိုက်ကြမယ်ဆိုယင် မငြိမ်းချမ်းနိုင်တဲ့ ကမ္ဘာလောကကြီးဟာ ငြိမ်းချမ်း သွားစေနိုင်ပါတယ်။ ဒါကြောင့် အရပ် ၁၀ မျက်နှာမှာ နေထိုင်ကြတဲ့ အနန္တ သတ္တဝါတွေကို ဒီနေရာကနေပြီး မေတ္တာပို့ကြရအောင် အရပ် ၁၀ မျက်နှာ မေတ္တာပို့ကို ချပို့ပေးမယ် ကဲ လိုက်ဆိုကြ။

## အရပ် ၁၀ မျက်နှာ မေတ္တာပို့

၁။ အရှေ့လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်....

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၂။ တောင်လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်....

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်း ကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၃။ အနောက်လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်....

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၄။ မြောက်လောကဓာတ် အရင်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်....

ဘေးရန်မင်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၅။ အထက်နှင့်အောက် အထောင့်ခလေးမျက်နှာ အရပ်၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်....

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

## (ည)
### အပ္ပမာဒ တရားသိမ်း

သာဓဝေါ အဟံ ဣဒါနိ၊
ဝေါ တာမန္တယာမိ သင်္ခါရာ။
ယသ္မာ ဝယဓမ္မာ သင်္ခါရေ၊
အပ္ပမာဒေန သမ္ပာဒေထ။

သာဓဝေါ-တရားပွဲကို တအားခဲ၍ တကာယ်ဇွဲနှင့် တကယ်နွှဲပြီး သဲသဲမဲမဲ သဒ္ဓါတရားဖြင့် နာကြားလျက် နေကြကုန်သော

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ( စာမျက်နှာ ၈၇- အပ္ပမာဒသုတ် မမေ့မလျော့ရေး တရားတော်မှာ ဒီတရား သိမ်း အပြည့်အစုံ ပါပါတယ်။ ပြန်ကြည့်ပါ။) သမ္မာဒေထ- ခနေ့ရောညဥ့်ပါ ဘယ်ခါမလပ် မပြတ်မစဲ အမြဲမဆွ ကိုယ်စီ ကိုယ်င ပြည့်စုံကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု။)

ဤတွင်
[မိုးပေါက်ပမာ တရားတော် ပြီးပြီ]

# ရွှေစည်တရားတော်များ

## နောက်ဆက်တွဲ

၁

# (ရှေ့စည်ဆုပေးများ)

## (က)

### မင်္ဂလာဆုပေး

ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလမုတ္တမံ။

ပူဇော်အပ် ပူဇော်သင့် ပူဇော်ထိုက်ကုန်သော သူတို့အား ပူဇော်ရခြင်း တည်းဟူသော ဤအမှုသည် မြတ်သောမင်္ဂလာ မည်၏ဟူ၍ ခုဒ္ဒကနိကာယ မင်္ဂလသုတ္တပါဠိ၌ လာရှိသည်နှင့် ညီညွှတ်စွာ မင်္ဂလာရှိသောတိုင်းပြည် မင်္ဂလာရှိသောမြို့ မင်္ဂလာ ရှိသောရပ်ကွက် မင်္ဂလာရှိသောနေ့ရာဌာန၌ မင်္ဂလာရှိ၍ ဗြဟ္မာ နတ်လူ သုံးဘုံသူတို့သည် ကြည်ဖြူကော်ရော် ပူဇော်အပ်တော် မူသော ဘုရားရတနာ တရားရတနာ သံဃာရတနာ ဟုဆိုအပ် သော ရတနာသုံးစုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမြတ်နိုး လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့(ကြ)ရသော ရတနတ္တယ ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် ယခုဘဝ၌ ပင်လျှင် စစ်မက်ဘေးဆိုးကြီး ရောဂါဘေးဆိုးကြီး ငတ်မွတ်

ခေါင်းပါး ဘေးဆိုးကြီး အစရှိသော ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့သည် ကိုယ်ဝယ်မခ မကျမငြိ မထိမရောက်(ကြ)သည် ဖြစ်လျက် အသက်ရှည်ခြင်း အဆင်း၏ မဆုတ်ယုတ်ခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ဉာဏ်ပညာကြီးခြင်း ဘုန်းတန်းခိုးအာနုဘော် အရှိန်အဝါကြီးခြင်း စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ပေါများပြည့်စုံ လိုလောက်ပိုလျှံ လူတန်းနိုင်ခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေ အထွေထွေအဝဝတို့နှင့် ပြည့်စုံ(ကြ)ပြီးလျှင် မအိုမနာ မသေရာမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်(ကြ)ပါစေ။

(မှာထားချက်) အလှူမင်္ဂလာ စသော အခန်းအနားပွဲမျိုးတွင် ဤဆုပေးကို ပေးရန် သင့်လျော်သည်။ဆုပေးခံရမည့်သူက တယောက်ထည်းရှိလျှင် လက်သည်းကွင်းအတွင်းရှိ(ကြ)ကို ချန်လှပ်၍ ပေးရမည်။

## (ခ)

## အပြစ်ကြေဆုပေး

ရှေးအတိတ ဘဝများစွာ သံသရာက ယနေ့ကျအောင် မပြစ်မှားအပ် မပြစ်မှားသင့် မပြစ်မှားထိုက်ကုန်သော ခင်ပွန်းကြီး ဆယ်ပါးထည်းတွင် အပါအဝင်ဖြစ်သော ရတနာမြတ်သုံးပါး ဆရာသမားတို့အား ကာယကံကိုယ်မှု ဝစီကံနှုတ်မှု မနောကံ စိတ်မှုအားဖြင့် အကယ်၍များ တပါးပါးဖြင့် ပြစ်မှားမိခဲ့(ကြ)

သည်ဖြစ်အံ့၊ထိုအပြစ်ခပ်သိမ်း ကင်းငြိမ်းပျောက်ပျက်၍ အသက် ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ ယနေ့ယခု ဤအချိန်၌ တကြိမ်နှစ်ကြိမ် သုံးကြိမ်မာန်လျော့ ကန်တော့ရှိခိုး (ကြ)ရသော ကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် ယခုဘဝ၌ပင်လျှင်....

၁။ လိုအင်ဆန္ဒ ပြည့်ဝ(ကြ)ပါစေ။
ကြံစည်သမျှ ထမြောက်(ကြ)ပါစေ။
ကျက်သရေမျိုး ဝေဖြိုး(ကြ)ပါစေ။
ဂုဏ်သတင်း ထုံသင်းကြိုင်(ကြ)ပါစေ။

၂။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း(ကြ)ပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်း(ကြ)ပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်း(ကြ)ပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်(ကြ)ပါစေ။

၃။ သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်နိုင်(ကြ)ပါစေ။
သူတော်ကောင်းတရား ကြိုးစားနိုင်(ကြ)ပါစေ။
သူတော်ကောင်းစကား ပြောကြားနိုင်(ကြ)ပါစေ။
သူတော်ကောင်းလမ်း ဖြောင့်တန်းလိုက်နိုင်(ကြ)ပါစေ။

ဤ ဆုမြတ်မွန်အပေါင်းတို့နှင့် ပြည့်စုံ(ကြ)ပြီးလျှင် အိုခြင်း ကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ ခေမာပူရ အမတ ကြငှန်း နိဗ္ဗာန်နန်းကို မငြိုမငြင် မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကူသော အကျင့်ပဋိပတ် လျှင်မြန်သော ဝိပဿနာ အသိဉာဏ် ဆယ်ရပ် တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် (ကိုယ်စီ ကိုယ်င)ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်(ကြ)ပါစေ။

(မှာထားချက်) ခါကြီးရက်ကြီးများတွင် ကန်တော့သောအခါ၌ ဤဆုကို ပေးရန် သင့်လျော်သည်။ ဆုပေးခံရသူက တယောက်ထည်းဖြစ်လျှင် လက်သည်းကွင်းအတွင်းရှိ (ကိုယ်စီကိုယ်င)ကို ချန်လှပ်၍ ပေးရမည်။

## (၈)

## သတိပဋ္ဌာန် ဆုပေး

သတိပဋ္ဌာန် ဓမ္မက္ခန်ဟု လမ်းမှန်ကျင့်စဉ် မဂ်ဖိုလ် ဝင်အောင် သွန်သင်ပြသ မြတ်ဗုဒ္ဓနှင့် ဓမ္မသံဃာ ရတနာအား သဒ္ဓါညွတ်ပျောင်း ကြာလက်ချောင်းကို ဦးခေါင်းထိပ်ထက် တင်ချီရွက်လျက် နှစ်သက်မြတ်နိုး လွန်ရိုကျိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့(ကြ)ရသော အတိဂါရဝ ရတနတ္တယ ပဏာမ ကုသိုလ်ကံ စေတနာတို့ကြောင့် ယခုဘဝ ယခုအသက် ယခုရက် ယခုအချိန်မှ အစပြု၍ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် ဟုဆိုအပ်သော မဂ်ဘုရားလေးပါး ဖိုလ်တရားလေးပါးတို့ကို ပိုင်းခြားကေန် အမှန်တိတိ ရရှိစေနိုင်သော သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာလုပ်ငန်း ကမ္မဋ္ဌာန်းတရားတို့ကို ပွားများကြိုးကုတ် အားထုတ်(ကြ)ပြီးလျှင် အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်(ကြ)ပါစေ။

(ဃ)

## လိုရာရ ဆုပေး

လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်' တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် လူမင်း နတ်မင်း ဗြဟ္မာမင်း တို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အရဟာတာ အစရှိသော ကိုးပါးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ ထို မြတ်စွာဘုရားတို့သည် သခြေလေးရပ် ကပ်တသိန်းလုံး ပေါင်းရုံး ဖြည့်ကျင့်ပါမှ ရအပ်သော သွာက္ခာတတာ အစရှိသော ခြောက်ပါးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော တရားရတနာ၊ သူတော်ကောင်းတို့၏ တရားတို့ကြောင့် ကောင်းစွာ ဖြစ်ထွန်း ပေါ်ပေါက်၍ လာတော်မူကြကုန်သော သုပ္ပဋိပန္နတာ အစရှိသော ကိုးပါးသော ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သံဃာရတနာ၊ ဤရတနာသုံးစုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျော့ကန်တော့(ကြ)ရသောရတနတ္တယ ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် ရာဂဒေါသမောဟစသား များပြားပြောင်ငြိး မီးဆယ့်ဘတန် ငြိမ်းရာမှန်သော နိဗ္ဗာန်ချမ်းသာကို မငြိုမငြင် မပင်မပန်း ချမ်းချမ်းသာသာလွယ်ကူသော အကျင့်ပဋိပတ် လျင်မြန်သော ဝိပဿနာ အသိဉာဏ်ဆယ်ရပ်တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် (ကိုယ်၎ကိုယ်c) ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်(ကြ)ပါစေ။

## (င)

## လိုရာရ ဆုပေးတမျိုး

ရတနာ မြတ်သုံးပါး ဆရာ သမားတို့၏ များပြား ပြည့်စုံ ကျေးဇူးဂုဏ်ကို ကြည်ညိုမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမြော် မာန်လျှော့ ကန်တော့(ကြ)ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် ယခုဘဝ၌ပင်လျှင် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ပေါများပြည့်စုံ လုံလောက်ပိုလျှံ လူတန်းနိုင်ခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေ အထွေထွေအဝဝတို့နှင့် ပြည့်စုံ (ကြ) ပြီးလျှင် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး၊ အနာမျိုး ကိုးဆယ့်ခြောက်ပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး တို့မှ အခါခပ်သိမ်း လွတ်ငြိမ်းပြတ်စဲ၍ ဆင်းရဲဒုက္ခ လုံးဝချုပ်ငြိမ်းရာ ချမ်းသာစစ်အမှန် နိဗ္ဗာန်တရားတော်မြတ်ကို မငြိုမငြင် မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကူသော အကျင့်ပဋိပတ် လျင်မြန်သောဝိပဿနာ အသိဉာဏ်ဆယ်ရပ်တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် (ကိုယ်စီကိုယ်င) ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

[ဤတွင် ရွှေစည်ဆုပေးများပြီး၏။]

# ၂

# သီလနိဂုံးချုပ်များ

## (က)

## ငါးပါးသီလ နိဂုံးချုပ်

သာဓဝေါ- နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့၊ သာဓဝေါ- အတွင်းမနော သဘောဖြူစင် အပြင်ပျော့ပျောင်း အို သူတော်ကောင်းတို့၊ သာဓဝေါ- လေးပါးသော မဂ်ဉာဏ် လေးပါးသော ဖိုလ်ဉာဏ်ကို ရရန်ရှယ်ချောင်း ဆုပန်တောင်း၍ စုပေါင်းညီညာ စည်းဝေးလာသည့် များစွာသောင်းသောင်း အို သူတော်ကောင်းတို့၊ တုမ္ဟေ- သင်သူတော်ကောင်းတို့သည်၊ တိသရဏေန-ဘုရား တရား သံဃာအားဖြင့်သုံးပါးအစုံသရဏဂုံ နှင့်၊သဟ- အတူတကွ၊ (အရိယကန္တံ-အရိယာ ပုဂ္ဂိုလ်တို့သည် အသက်နှင့် လဲလှယ်၍ တကယ်မြတ်နိုး နှစ်သက်အပ်သော၊ အက္ခဏ္ဍံ- အစအဆုံးသိက္ခာပုဒ်တို့ မပျက်သဖြင့် မကျိုးသော၊ အစ္ဆိဒ္ဒံ- အလယ်တသိက္ခာပုဒ် တခုခုမျှ မပျက်သဖြင့် မပေါက်

သော၊အသဗလံ-သိက္ခာပုဒ် နှစ်ခုသုံးခု တစပ်ထည်းမပျက်သဖြင့် မပျောက်မကွက်သော၊ အကမ္မာသံ-သိက္ခာပုဒ် တခုကြားမပျက် သဖြင့် မကြောင်မကျားသော၊ ဘုဇိဿံ- တဏှာ၏ကျွန်အဖြစ်မှ တော်လှန်သဖြင့် လွတ်မြောက်သော၊ ဝိညူပသဋ္ဌ- ဘုရားအစ ရှိသောပညာရှိအပေါင်း သူတော်ကောင်းတို့သည် ကောင်း၏ဟု ချီးမွမ်းထိုက်သော၊ အပရာမာသံ- ဒိဋ္ဌိတည်းဟူသော ပရာမာသ တရားက ငါကောင်ငါ့သီလအနေအားဖြင့် မှားယွင်းစွာ မသုံး သပ် မစွဲလန်းအပ်သော၊ သမာဓိသံဝတ္တနိကံ- ဥပစာသမာဓိ အပ္ပနာသမာဓိ ခဏိကဝိပဿနာသမာဓိ မဂ်သမာဓိ ဖိုလ်သမာဓိ ကို ဖြစ်စေနိုင်သော)ပဥ္စသီလံ ဓမ္မံ-လူတို့သည် အမြဲမပြတ်စောင့် သုံးအပ် ငါးရပ်သော ကိုယ်ကျင့်သီလ မြတ်ဓမ္မကို၊ သာဓုကံ ကတွာ- လေးမြတ်ကြည်ညို ရိုသေကောင်းမွန်စွာပြု၍၊ အပ္ပမာ ဒေန- မမေ့မလျော့ မပေါ့မစား ကောင်းမြတ်သော အပ္ပမာဒ သတိတရားဖြင့်၊ သမ္ပာဒေထ- နေ့ရောညဥ့်ပါ ဘယ်ခါမလပ် မပြတ်မစဲ အမြဲမသွေ (ကိုယ်စီကိုယ်င) ပြည့်စုံကြပါစေကုန် လော။

(မှာထားချက်။ ။ငါးပါးသီလ နိဂုံးချုပ်ကိုတိုစေလိုလျှင် လက် သည်းကွင်းအတွင်းရှိ စာပိုဒ်များကို ချန်လှပ် ထားရမည်။)

## (ခ)

## ရှစ်ပါးသီလ နိဂုံးချုပ်

သာဓဝေါ- နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့၊ သာဓဝေါ- အတွင်းမနော သဘောဖြူစင် အပြင်ပျော့ပျောင်း

အိုသူတော်ကောင်းတို့၊ သာဓဝေါ- လေးပါးသော မဂ်ဉာဏ် လေးပါးသော ဖိုလ်ဉာဏ်ကို ရရန်ရှယ်ချောင်း ဆုပန်တောင်း၍ စုပေါင်းညီညာ စည်းဝေးလာသည့် များစွာသောင်းသောင်း အိုသူတော်ကောင်းတို့၊ တုမှေ- သင်သူတော်ကောင်းတို့သည်၊ တိသရဏေန-ဘုရား တရား သံဃာအားဖြင့်သုံးပါးအစုံ သရဏဂုံနှင့်၊သဟ- အတူတကွ၊ အဋ္ဌင်္ဂသမန္နာဂတံ- အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ ဓမ္မံ- ဥပုသ်သီလ မြတ်ဓမ္မကို၊ သာဓုကံ ကတွာ-လေးမြတ်ကြည်ညို ရိုသေကောင်းမွန်စွာ ပြု၍ အပ္ပမာဒေန- မမေ့မလျော့ မပေါ့မစား ကောင်းမြတ်သော အပ္ပမာဒ သတိတရားဖြင့်၊ သမ္ပာဒေထ-နေ့ရောညဉ့်ပါ ဘယ်ခါ မလပ် မပြတ်မစဲ အမြဲမသွေ(ကိုယ်စိကိုယ်င)ပြည့်စုံကြပါစေကုန်လော။

[ဤတွင် သီလနိဂုံးချုပ်များ ပြီး၏။]

# ၃

# သီလပွဲရေစက်ချ

## (က)

## သီလအကျိုးပြ

ဟိရိနေန ပြဟ္မစရိယေန၊
ခတ္တိယေ ဉပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊
ဉတ္တမေန ဝိသုဇ္ဈတိ။

ဟိရိနေန ပြဟ္မစရိယေန- အယုတ်ဆုံး အညံ့ဆုံး အောက်ထစ်ဆုံးဖြစ်သော သီလကြောင့်၊ ခတ္တိယေ- လူတို့ဘောင်တွင် ဂုဏ်ရောင်ဖြိုးလျှပ် မင်းမျိုးဇာတ်၌၊ ဉပပဇ္ဇတိ- ဖြစ်နိုင်၏။

အယုတ်သီလ မင်းဖြစ်ရ ဗုဒ္ဓမြတ်စွာ ဟောခဲ့သည်။

မဇ္ဈိမေန စ-အယုတ်အမြတ် နှစ်သွယ်တို့၏ အလယ်စပ်ကြားက အလတ်စားဖြစ်သော သီလကြောင့်မူကား၊ ဒေဝတ္တံ-စတု

မဟာ ဝတိံသာနှင့် ယာမာစသည် နတ်ပြည် ခြောက်ထပ် နတ်၏အဖြစ်၌၊ ဥပပဇ္ဇတိ-ဖြစ်နိုင်၏။

အလတ်သီလ နတ်ဖြစ်ရ ဗုဒ္ဓမြွက်စွာ ဟောခဲ့သည်။

ဥတ္တမေန-အမြင့်ဆုံး အမြတ်ဆုံး အထွဋ်အထိပ်ဆုံးဖြစ်သော သီလကြောင့်၊ ဝိသုဇ္ဈတိ-သံသရာပင်လယ်မှ စင်ကြယ်စွာ ထွက်မြောက်၍ နိဗ္ဗာန်သို့ရောက်နိုင်၏။

အမြတ်သီလ နိဗ္ဗာန်ရ ဗုဒ္ဓမြွက်စွာ ဟောခဲ့သည်။

ဣတိ- ဤသို့၊ နိမိဇာတကပါဠိယံ- နေမိဇာတ် ပါဠိတော်မြတ်၌၊ ဝုတ္တာနုရူပံ- ဟောတော်မူအပ်သည်နှင့် လျော်ညီစွာ၊ သီလာနိသံသံ- သီလ၏အကျိုးအာနိသံသကို၊ မနသိကရိတွာ- နှလုံးသွင်း၍၊သီလံ ရက္ခိတုကာမာ-သီလကိုစောင့်ရှောက်ခြင်းငှာ အလိုရှိကြပါကုန်သော၊ မယံ-တပည့်တော်တို့သည်၊ ဣဒါနိ-ယခုအခါ၌၊ အာယသ္မတော-အရှင်မြတ်ဘုရားအား ဣမံ ဥပေါသထသာလံ-ဤဥပုသ်ဇရပ်သို့၊ နိမန္တေတွာ-တပည့်တော်တို့အား သနားချီးမြှောက် ကြွရောက်တော်မူရန် နိမန် ပင့်လျှောက်ပြီး၍ အာယသ္မတော-အရှင်မြတ် ဘုရား၏၊ သမုခေ-မျက်မှောက်တော်၌၊ အဉ္ဇလိံ ပဂ္ဂယှ-လက်အုပ်မြှောက်ချီလျက်၊တိသရဏေန ဘုရားတရား သံဃာအားဖြင့် သုံးပါးအစုံ သရဏဂုံနှင့်၊ သဟ-အတူတကွ၊ အဋ္ဌင်္ဂသမန္နာဂတံ-အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ ဓမ္မံ-ဥပုသ်သီလ မြတ်ဓမ္မကို၊ သာဓုကံ ကတွာ လေးမြတ်ကြည်ညို ရိုသေကောင်းမွန်စွာပြု၍၊ သမာဒိယာမ-ဆောက်တည်ကြပါကုန်၏ အရှင်ဘုရား။

(ခ)

## ဒါနကုသိုလ်

တဒါ တသ္မိံ ကာလေ-ထိုသို့ သီလကို ခံယူ ဆောက်တည်သော အခါကာလ၌၊ ဒါနံ ဒါတုကာမာ-အလှူဒါနကို လှူတန်းခြင်းငှာ အလိုရှိကြပါကုန်သော၊ မယံ-တပည့်တော်တို့သည်၊ ဣမာနိ ပိဏ္ဍပါတခါဒနီယဘောဇနီယာဒီနိ-ဤဆွမ်း ခဲဖွယ် ဘောဇဉ်အမြိန်အမြတ် အစရှိကုန်သော၊ နာနာဒါတဗ္ဗဝတ္ထူနိ-အထူးထူးသော လှူတန်းဖွယ်အစုစု ဝတ္ထုပစ္စည်း အသီးသီးတို့ကို အာယသ္မတော-အရှင်မြတ်ဘုရားအား၊ဒက္ခိဏောဒကံ-မြတ်သော အလှူ ရေစက်ကို၊ ပါတေတွာ-အရှင်ဘုရား၏ ထံပါးရှေ့တွင် တသွင်သွင်လျောကျအောင် သွန်ချပြီး၍၊ ဒေမ-သဒ္ဒါရှင်လန်းစေတနာစွမ်းဖြင့် လှူတန်းပါကုန်၏။ ပူဇေမ-နိဗ္ဗာန်သောင်ကမ်း ရည်မှန်းမြော်ခေါ် ပူဇော်ပါကုန်၏ အရှင်ဘုရား။

(ဂ)

## ဆုတောင်း

အဇာတိမဇရာဗျာဓိံ၊
အမတံ နိဗ္ဘယံ သိဝံ။
ဣမေဟိ ပုညကမ္မေဟိ၊
သီဃံ ပပ္ပောမိ နိဗ္ဗာနံ။

ဘန္တေ-အရိယာ့နွယ်ဝင် အရှင်သူမြတ်ဘုရား၊ မယံ-တပည့်တော်တို့သည်၊ ဣမေဟိ ပုညကမ္မေဟိ-ယနေ့ယခု ဆည်းပူးပြု

သည့် ကောင်းမှုအတန်တန် ဤကုသိုလ်ကံ အပေါင်းတို့ကြောင့် အဇာတိံ-နောက်ထပ်တဖန် ပဋိသန္ဓေ တည်နေရခြင်းအလျှင်း မရှိထသော၊ အဇရံ-ဆံဖြူခါးကိုင်း မျက်စိမှိုင်းရှုံ့နားထိုင်းသွား ကြွေ သွားရေယိုယွင်း အိုမင်းရခြင်း အလျှင်းမရှိထသော၊အဗျာဓိံ-ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကျင်နာနှိပ်စက် အခံခက်အောင် မသက်မသာ ဖျားနာရခြင်း အလျှင်းမရှိထသော၊ အမတံ-ဖြစ်ပြီးသည်နောင် တည်ထောင်ခိုင်စွဲ မရှိပဲကြောင့် မပြဲ လုံးလုံး အသုံးမကျ သေဆုံးရခြင်း အလျှင်းမရှိထသော၊နိဗ္ဗာယံ-ဘေးဟူသမျှ လုံးဝလွတ်ကင်း အလျှင်းမရှိထသော၊ သီဝံ-အပူဟူသမျှ လုံးဝကင်းဝေး ချမ်းအေးစွာထသော၊ နိဗ္ဗာနံ-ဝါနတဏှာ ကင်းလွတ်ရာဟု ချမ်းသာအမှန် ပြည်နိဗ္ဗာန်သို့၊ သီဃံပပ္ပောမ-နောင်သံသရာ မရှည်ကြာပဲ လျှင်စွာ ထုတ်ချောက် ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

(ဃ)

**အမျှဝေ**

ဣမသ္မာပုညာ- ယနေ့ယခု ဆည်းပူးပြုသည့် ဤကောင်းမှု ကုသိုလ်၏၊ ပတ္တိံ- အဖို့ဘာဂကို ၊ဂုဏဝိသိဋ္ဌာနံ- ဂုဏ်တော် ကျေးဇူး အထူးအားဖြင့် ကြီးမားတော်မူကြကုန်သော၊ အယျကာအယျကီနဉ္စ- အဖိုးအဖွားတို့အားလည်းကောင်း၊ မာတာပိတူနဉ္စ- မြင့်မိုရ်တောင်ဦး မဆကျူးသည့် ကျေးဇူးအရှင် မိခင် ဖခင်တို့အား လည်းကောင်း၊ အာစရိယာနဉ္စ- တည့်-ပါဒ ပြသပေလတ် ဆရာသခင် အရှင်မြတ်တို့အား လည်းကောင်း၊

ဣဿရိယာနံ- ရေမြေပိုင်သ အစိုးရတော်မူကြကုန်သော၊ ရာဇာနဉ္စ- တရားစောင့်ကြပ် မင်းမြတ်မင်းကောင်း မင်းအပေါင်းတို့အားလည်းကောင်း၊ ဒေဝါနဉ္စ- ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ မြေပြင်စောင့်နတ်၊ သာသနာတော်ကိုစောင့်ကြပ်သော သာသနာတော်စောင့်နတ်၊ လောကကို စောင့်ကြပ်သော စတုလောကပါလနတ်၊သိကြားမင်း၊ ဗြဟ္မာမင်း အစရှိကုန်သော နတ်မြတ်နတ်ကောင်း နတ် အပေါင်းတို့အား လည်းကောင်း၊ ယမရာဇဿ စ- ငရဲသနင်း ယမမင်းအားလည်းကောင်း၊ဣမံ ဥပေါသထသာလံ- ဤဥပုသ်ဇရပ်သို့၊ အာဂတာနံ- အညီအညွတ်ရောက်ဆိုက်လာကြကုန်သော၊ ပရိသာနဉ္စ- ပရိသတ်အပေါင်းသူတော်ကောင်းတို့အား လည်းကောင်း၊ ကောတိံသ ဘဝေ- သုံးဆယ့်တဘုံ၌၊ အဝစရန္တာနံ- ကျင်လည်ကျက်စား သွားလာကြကုန်သော၊ သဗ္ဗသတ္တာနဉ္စ- ခပ်သိမ်းဥဿုံ လုံးစုံများစွာသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ သမံ ဒေမ-အညီအမျှပေးဝေကြပါကုန်၏။ တေ-သတ္တာ- ထိုသတ္တဝါ အပေါင်းတို့သည်၊ အမှေဟိ- တပည့်တော်တို့နှင့်၊ သမံ- ထပ်တူထပ်မျှ၊ ပုညဘာဂံ- ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို၊ လဘန္တု- အညီအမျှရကြပါစေကုန်သတည်း။ အဇ္ဇ- ယနေ့၊ မယံ-တပည့်တော်တို့သည်၊ကတံ-ပြုအပ်သော၊ပုညံ-ကောင်းမှုကုသိုလ်ကို၊ သစေ- အကယ်၍၊ ဒီဃာပွတ္တာ- သံသရာ ကမ္ဘာရှည်လျားသည်၏အဖြစ်ကြောင့်၊ ပမာဒေါပိ-သတိကင်းပေါ့ မေ့လျော့၍နေငြားသော်လည်း၊အယံဝသုန္ဒရီ- ဤနှစ်သိန်းလေးသောင်း အပေါင်း

အထုရှိသောပံသုသီလာမြေနှစ်လွှာသည်၊နှောအမှာကံ-အကျွန်ုပ် တို့၏၊ သက္ခိဋ္ဌာနေ- သက်သေအရာ၌၊ တိဋ္ဌတု- အသာအယာ ကောင်းမွန်စွာလျှင် တည်ပါစေသော တည်စေသော။

[ဤတွင်သီလပွဲရေစက်ချ ပြီး၏။]

# တရားတော်များ

## (က)

## ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ
## ၏
## သတိပဋ္ဌာန်တရားတော်

ကုစ္ဆာမ သုဏိတုံ မမ္ဗိ
သတိပဋ္ဌာနနာမကံ။
မမ္ဗာတရိ ပဟာရေဟိ၊
တသ္မာ ကထေဟိ ဒါနိ တံ။

ဘန္တေ-ဝေနေယျကြွာ ပဒုမ္မာဟု သတ္တဝါအများ ညွှာ ထောက်ထားလျက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဖို့ရန် အချိန်တန် အခါကျပါသဖြင့် ဓမ္မာသနပလ္လင်ပေါ်သို့ ရှင်ပျော်ပျော် ကြွမြန်းလာပါတဲ့ လစန်းပမာ ဆရာတော်သခင် အို အရှင်သူမြတ်ဘုရား။

မယံ-အိုဘေးတွေကအဖြာဖြာ နာဘေးတွေက အထွေထွေ သေဘေးတွေက အဖုံဖုံ ဘေးမျိုးစုံမပြတ်မလပ် အထပ်ထပ် နှိပ်စက်သဖြင့် စိတ်ပျက်စရာ ထိပ်လျက်မသာ သိပ်ခက်တယ် ဘုရား၊သံသရာနောင်ရေး အပူဘေးတွေကို မြူကလေးလောက်မျှ မတွေ့ချင် မဆုံချင် မကြုံချင်ကြပါကုန်သော တပည့်တော်တပည့်တော်မတို့သည်-

(သတ္တာနံ ဝိသုဒ္ဓိယာ-ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကာ အလောင်း သူတော်ကောင်းများစွာ သတ္တဝါတို့ကို ကိလေသာ မြူမှေး စိတ်အညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်း စင်ကြယ်နိုင်ခြင်း အကျိုးငှာရင်း၊ သောကပရိဒေဝါနံ သမတိက္ကမာယ-စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းရခြင်းတို့ကို ကျော်နင်းလွန်မြောက်နိုင်ခြင်းအကျိုးငှာရင်း၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ-ကိုယ်ထဲမှာ အနေဆိုး၍ အမျိုးမျိုးအခံရခက်တဲ့ ကိုယ်မသက်သာမှု ဆင်းရဲဒုက္ခတွေ၊ စိတ်ထဲမှာအနေဆိုး၍ အမျိုးမျိုးအခံရခက်တဲ့ စိတ်မသက်သာမှု ဆင်းရဲဒေါမနဿတွေ၊ ထိုထိုဒုက္ခ ဒေါမနဿတွေကိုလျော့ကျစေ တမုဟုတ်*အတွင်း၌ ချုပ်ကင်း ကွယ်ပျောက်နိုင်ခြင်းအကျိုးငှာရင်း၊ ဉာယဿအဓိဂမာယ နိဗ္ဗာန်လမ်းတက် အရိယာမဂ်ကို ချက်ချင်းမကြာ လွယ်စွာခဏ ရနိုင်ခြင်းအကျိုးငှာရင်း၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ-တဏှာဝါန အာသဝတို့ကို ခဝါချသကဲ့သို့ ဘာကမျှမကျန် ပြည်နိဗ္ဗာန်ကို ဧကန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ခြင်းအကျိုးငှာရင်း၊ ဝါ-

* လက်ဖျစ်တတွက် ကာလသည် တခဏ၊ ဆယ်ခဏသည် တလယ၊ ဆယ်လယသည် တခဏလယ၊ ဆယ်ခဏလယသည် တမုဟုတ်။

အိုဘေးအဖြာဖြာ နာဘေးအထွေထွေ သေဘေးအဖုံဖုံ ဘေးမျိုးစုံ ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို ကေန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ခြင်းအကျိုးငှာရင်း၊)

သတိပဋ္ဌာနနာမကံ-သွားလျှင်သွားတယ် ရပ်,ရပ်တယ်နှင့် ထိုင်တယ် လျောင်းတယ် လေးသွယ်ယာပထ အစစအရာရာ ကာယဝေဒနာ စိတ္တာဓမ္မ ဘာကမှမလပ်ရအောင် ဒလစပ် သိရမည့် အမှတ်သတိပဋ္ဌာန် အမည်ရှိသော၊ ယံ ဓမ္မံ-မမေ့မလျော့ မပေါ့မဆ အကြင်အပ္ပမာဒ တရားတော်မြတ်ကို သုဏိတုံ ဣစ္ဆာမ-တရားကလဲခြသေ့ဆီနားကလဲရွှေခွက်သိင်္ဂ အခြေမပျက် အချိန်မှီ သဒ္ဓာပွားရှင်ပြဲအောင် နာကြားချင်ကြပါကုန်၏ဘုရား။တသ္မာ ထိုသို့ နာကြားသဖြင့် မှတ်သား၍ ကျင့်ချင်ကြပါကုန်သောကြောင့်၊တံ ဓမ္မံ-မမေ့မလျော့ မပေါ့မဆထိုအပ္ပမာဒတရားတော်မြတ်ကို၊ ကထေဟိ-သချာဂန သဘောကျအောင် ဟောပြတော်မူပ အရှင်ဘုရား။ ဒါနိဗ္ဗဒါနိ-မကြာမတင် လျှင်မြန်စောစွာ ယခုအခါ၌၊ ဓမ္မဘေရိံ-

ကိလေသာကင်း သန့်ရှင်းအမှန်။
စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ပြန်။
ကိုယ်စိတ်ဆင်းရဲ ချုပ်မြဲကေန်။
မဂ်ဉာဏ်ရောက် မျက်မှောက်ပြုနိဗ္ဗာန်။

အကျိုးတွေ့ခုနစ်တန်နှင့် သတိပဋ္ဌာန်တရားတည်း ဟူသောစည်တော်ကြီးကို၊ ပဟာရေဟိ-ကြားလို့လဲသာယာ နားလို့လဲမငြီး သံမြည်ဟီးအောင် ရိုက်တီး ကြွေးကြော်တော်မူပ ဓမ္မကထိကအကျော် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။ တရား

ဧည်ကြီး ပွဲဘင်ဟီးအောင်ရိုက်တီးဖို့ရန် အချိန်တန်ပါပြီဘုရား။ (မှာထားချက်။ ။သတိပဋ္ဌာန်တရားတောင်းကို တိုစေလိုလျှင် လက်သည်းကွင်းအတွင်းရှိ စာပိုဒ်များကို ချန်လှပ်ထားရမည်။)

## (ခ)

## သတိပဋ္ဌာန်စည်တော်သံ တရားတောင်း

အစ္ဆရိယော မဟာဘေရိ၊
မ္မေသဒ္ဒသုဃောသယိ။
ဝေရဂါတိ ခေမဒါယိ။
ဒေသေတု ဓမ္မမေဒနီ။

ဘန္တေ-ကျေးဇူးစုံဟု ဂုဏ်အထူးဖြင့် နှိုင်းတုမလွယ် ဂုဏ်ပေါင်းကြွယ်သည့် အံ့ဖွယ်ထင်ရှား အိုကျေးဇူးရှင် ဆရာတော်မြတ်ကြီးဘုရား၊ ဘဝ-တပည့်အများ သိဉာဏ်ပွားစေဖို့ စိတ်ထားကြံစည်ဉာဏ်ငဇီဖြင့် ဂမ္ဘီနက်ကျယ် ပဋိပတ်နယ်မှာ အလွယ်ဆောင်ပို့ဖောင်ကူးတို့မူး ဖြစ်တော်မူပေသော အရှင်မြတ် ဘုရားသည်၊ အစ္ဆရိယော-သီလသမာ ပညာရောင်ခြည် ပြောင်လည့်ဝင်းလျှပ် ဂုဏ်သကတ်တို့ကြောင့် နတ်နှင့်လူ သံပြိုင်ကြူးပြီးလျှင် အထူးပင်အံ့သြခြင်းငှာ ထိုက်တော်မူခဲ့ပါပေ၏။ မဟာဒဘာရီ· ကမ္ဘာအလယ်မှာ သာသနာ မကွယ်ပျောက်ရအောင် ဘာဝနာထီးဖြူဆောက်ပြီးလျှင် နည်းယူလောက်စရာ သံသာမြည်တဲ့ မဟာစည်

တော်ကြီးနှင့်လည်း တူတော်မူခဲ့ပါပေ၏။ ဓမ္မသဒ္ဒသုဃောသသယီ-သတိပဋ္ဌာန်တရားသံကို နဘံဘဝဂ် ပျံ့ပျံ့တက်၍ တကယ့်သက်သံတိုင်းလုံးညံ့မျှ နာခံမငြီး သံစုံဟီးလောက်အောင် ခတ်တီးဆော်ရှမ်းတော်မူခဲ့ပါပေ၏။ ဘဝံ- နတ်လူတို့အလယ်မှာ မဟာစည်သဖွယ် ပေါ်ထင်ရှား၍ မြတ်တရားသံစုံ မြည်ပြီးလျှင် စုံညီညီကျော်ကြားတဲ့ ကျေးဇူးရှင် ဆရာတော်မြတ် ဘုရားသည်၊ ဓမ္မသဒ္ဒသုဃောသသယီ-အောင်စည်အောင်မောင်း ပွဲတင်ညောင်းမျှ တိုက်ပေါင်းစုံညီ တုန်ကားဟီးလောက်အောင် ဂုဏ်ရည်ဖြိုးဘိအကျိုးရှိသည့် သတိပဋ္ဌာန် စည်တော်သံကို နာရန်ဟစ်ကြွေးစည်းမှန်မှန် လက်သံပေးပြီးလျှင်၊ ဝေရဂါတိ- တွင်းရန်ပြင်ရန်ဘေးဒဏ်အသွယ်သွယ် အန္တရာယ်အများ မာရ်စစ်သည်ရန်ဆယ်ပါးတို့ကို ပယ်ရှားကာ ဖျက်ဆီး၍ မဂ်ခရီးဖွင့်တော်မူလျက်၊ ခေမဒါယီ-ကိုယ်တော့်စွမ်းဟုန် တန်ခိုးဂုဏ်ကိုညွှတ်ရှုံခိုမှီ ယောဂီအများ တပည့်သားတို့အား တရားရေချမ်း မသွေတမ်းဖြင့် ဆွတ်ဖြန်းအေးမြ မဂ်လမ်းပြ၍ ခေမနိဗ္ဗူ အပါယူရအောင် ကြည်ဖြူစွာ ဆွဲဆောင်ခဲ့လေပြီ။ ဓမ္မမေဒနီ-ပိဋကသုံးလီ စုံရှုံးညီအောင်ပြုံးကြည်ဖွေလှည့် ဉာဏ်ဆီညှိလျက် သင့်ဘိလျှောက်ပတ် တရားမြတ်ကို၊ ဒေသေတု- တပည့်အပေါင်း ခဝပ်ညောင်းလျက် ဆယ်ချောင်းခွေလည့် စုံအညီဖြင့် ဂုဏ်ချည်ညွှတ်တွား လျှောက်ပန်ကြားပြီး မှတ်သားသိစေ ဉာဏ်ကွန့်ချွေလျက် တည်နေဟောပြတော်မူခဲ့ပ တပည့်များထွဋ်တင် မြင့်ခေါင်ကျူးပါတဲ့ ကျေးဇူးရှင် ဆရာတော်မြတ်ကြီးဘုရား။

(၈)

## လယ်တီ အရှင်သက္ကောသာရ
## ၏
## အလင်းရောင် တရားတော်

ထေရိန္ဒု ခါရ ဘာစာရံ၊
ဘာဝေ ဗန္ဓန ဇန္တုနံ။
မောဟာတမေဟိ အန္ဓာနံ၊
ဇောတေဟိ ဓမ္မရံသိကံ။

ဘာစာရံ- ကောင်းစွာပြည့်ဝ ကျင့်သီလဟု ဝင်းပထိန်ပြောင် အလင်းရောင်ကို၊ (ဘာစာရံ- သီလအရောင်....ပြည့်အမ တဘောင်-ရည်ဆဆောင်....ကြည်လျပြောင် .... သီလ တည်းဟူသော အလင်းရောင်ကို၊) ခါရ-ညီညွတ်ဖြည့်တင်း အားမန်ခင်းလျက် ဆောင်ချဉ်းတော်မူပေထသော၊ (ခါရ-ဆောင်ချဉ်း.... မှောင်ခွင်း .... ရောင်လင်း.... ပြောင်ဝင်း.... ဆောင်ချဉ်းတော်မူပေထသော၊) ထေရိန္ဒု- ဓမ္မကထိကအကျော် ဆရာတော်ဟုငွေသော်တာဝင်း ရွှေလမင်းကြီးဘုရား၊ (ထေရိန္ဒု- ထေရအမော်....ပြေကမ္ဘာ့အကျော်....ချွေဟဖော်....ဒေသက မဟော်.... ထေရအမော်တည်းဟူသော၊လမင်း....ညခင်း....ပဝင်း....လှဆင်း လမင်းကြွယ်ဘုရင် အလင်းရောင်ရှင် သခင်သူမြတ်ကြီး ဘုရား။) တွံ- မသာလဲတ သာလဲတနှင့် မှုန်းဆမငြိး ရှင်လမင်းကြီးသည်၊ (တွံ-ပပလျှမ်းဖြာ.... လှလှဆန်းသာ.... မြမြပန်းပမာ.... ကမ္ဘာ့ကမ္ဘာ့ တန်းဆာ.... လျှမ်းဖြာထိန်ငြိး ရှင်လမင်းကြီးသည်၊)

ဗန္ဓန ဘဝေ- သုံးဆယ့်တဘုံ သံသာမြုံဟု ဖွဲ့ရုံနှောင်တင်း ထောင်အိမ်အတွင်း၌ (ဗန္ဓန ဘဝေ- သံသရာ့စက်ဗွေ....ရန်ဘယာ့ဖျက်ချေ.... ဖန်တရာ့ ပျက်ပလေ.... ခန္ဓာ့ အဆက်တွေ.... သံသရာ့စက်ဗွေ တည်းဟူသော ဖွဲ့ကာတုပ်ကာ မလျှည့်သာ မလှုပ်သာ ချုပ်ကာနှောင်တဲ့ ထောင်အိမ်သဲ၌၊) မောဟတမေဟိ- ဉာဏ်ခါတ်ဘင်းကွာ အဝိဇ္ဇာဟု မှုံပြာမှိုင်းယောင် အမိုက်မှောင်တို့ဖြင့်၊ (မောဟတမေဟိ- မောဟ အမှောင်.... တလောကဘောင် မျှောကြအောင် မနှောက်ဆောင် မောဟ တည်းဟူသော အမိုက်မှောင်တို့ဖြင့်) အန္ဓာနံ-သူကန်းသဖွယ် ယောင်လယ်လယ်နှင့် ဖုံးကွယ်မှိုင်းမိ၍ နေကြကုန်သော(အန္ဓာနံ လမ်းမမြင် ရမ်းမထင် မှုန်းမရှင် အကန်းသွင် လွှမ်းဆင်ဖုံးဖိ မှိုင်းမိ၍နေကြကုန်သော) ဇန္တုနံ-လူနတ် ဗြဟ္မာ ဝေနေယျာဟု များစွာ သောင်းသောင်း သတ္တဝါအပေါင်းတို့အား၊ (ဇန္တုနံ- သူရော ငါရော လူရော ဗြဟ္မာရော အာသဝေါ ထပ်လောင်း သာတ္တဝါအပေါင်းတို့အား) ဓမ္မရံသိကံ-သုံးပုံပိဋကတ် တရားမြတ်ဟု ဝင်းလျှပ်ထိန်ပြောင် အလင်းရောင်ကို (ဓမ္မရံသိကံ- ကျမ်းဓမ္မအရောင် နန်းအမတဘောင် လမ်းပြဆောင် လျှမ်းပပြောင် ကျမ်းဓမ္မဘည်းဟူသော အသင်းရောင်ကို) ဇောတေဟိ- ရန့်ကြိုင်သင်း အာခံတွင်းမှ ရှင်းလင်းမိန့်ဟ ထွန်းပြတော်မူပ အရှင်ဘုရား*။ (ဇောတေဟိ-ထွန်းပြ ရှုန်းပ ညွှန်းဆ ခွန်းဟ ထွန်းပြတော်မူပ လျှမ်းပစုံရွှေ ချမ်းမြဂုဏ်ဝေ နန်းမယုံငွေ စန်းလ ပုဏ္ဏမ ဘုံမဟောဝင်းပြောင်လွှင်တဲ့ အလင်းရောင်ရှင် သခင် သူမြတ်ကြီးဘုရား)။

*(မှာထားချက်။ ။အလင်းရောင်တရားတောင်းကို တိုစေလိုလျှင် လက်သည်းကွင်းများ အတွင်းရှိ စာပိုဒ်များကို ချန်လှပ်ထားရမည့်အပြင် " ထွန်းပြတော်မူပ အရှင်ဘုရား" ဟူသော စာပိုဒ်ကိုလည်း "ထွန်းပြတော်မူပ မေ့ကထိက အကျော်ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား"ဟု ပြင်ပေးရမည်။)

(ဃ)

**အပါယ်ကင်းဝေး တရားတောင်း**

အာယာစာမ မယံ ဘန္တေ၊
တုယှံ ပတ္တိံ သု ပရိသာ။
ဟိဘာယ ဇနာနံ တုဝံ၊
ဒေသေဟိ ဒယာယ ဓမ္မံ။

ဘန္တေ-သံသာသမုဒ် ဝဲဇလုပ်မှ ဆွဲထုတ်ယူကာ ဝေနေယျာကို ဒေသနာစက် ဖောင်တော်မင်္ဂဖြင့် အောင်ချက်သာစွ အမတသို့ ညွှန်ပြပေငြား အရှင်သူမြတ်ဘုရား၊ မယံ- အိုဘေးကို ကွင်းရှောင် နာဘေးကိုလွတ်အောင် သေဘေးကိုလွတ်အောင် ခေမာသောင် အရောက်သွားမည်ဟု မောက်ကြွားကာ တရားနာလိုကြပါကုန်သော တပည့်တော် တပည့်တော်မတို့သည်၊ အာယာစာမ-တရားဟောရန် တောင်းပန်ကြပါကုန်၏ အရှင်ဘုရား။(အာယာစာမ)တရားတောင်းတဲ့သူမှာတော့ ရှစ်ကမ္ဘာ အပါယ်မသွား၊ တရားနာတဲ့သူမှာတော့ ကိုးကမ္ဘာ အပါယ်မလား၊ တကမ္ဘာ အပါယ်မလားရတာကတော့ သာဓုသာဓုခေါ်တဲ့ လူအများ၊ တရားဟောသူမှာတော့ အသင်္ချေယျထား

ဒုလ္လဘတရားမို့ ကြုံလဲ ကြုံခဲရပါတယ်ဘုရား၊ ဆုံလဲ ဆုံခဲလှပါ ပါတယ်ဘုရား၊ နားလဲ နာခဲရပါတယ်ဘုရား၊ မြတ်စွာဘုရားရဲ့ တရား၊ ဟောတော်မူပဘုရား၊ ပရိသာ-ဝေးနီးမြို့ရွာ ရပ်ဒေသာမှ ဓမ္မာမြော်ချင့် အာရုံလင့်၍ အရှင့်ထံမှောက် ခြေတော်အောက်သို့ ဝင်ရောက်ခိုလှုံ ပရိသတ် ပိုလ်ပုံတို့သည်၊ တုယ့်-ရသာဆိမ့်မွှေး မြိုက်ရေအေးဟု လေးလေးနက်နက် ဓမ္မစက်ကို ကွက်ကွက်ထင်ထင် များ၊လူရှင်အား သွန်သင်ဟောကြား အရှင်ဘုရား၏၊ ယံ ဓမ္မံ-တရားရေပေါက် တကြိုက်သောက်က ကင်းပျောက် ဘေးဘျမ်း မှုမသန်းပဲ အေးချမ်း ရာထောင် နိဗ္ဗူသောင်သို့ ယူဆောင်ပို့ပြား အကြင်တရားတော်မြတ်ကို၊ ပတ္တိသု-ဟောလိမ့် ပြောလိမ့် မနေသငြိမ့်လျက် ကျောစိမ့် ကမန်း ပီတိဖြန်းအောင်း ဝမ်းပန်းလှိုက်ခုန် တောင်းပန်ကြပါကုန်၏ အရှင်ဘုရား။ တံ ဓမ္မံ-အပါယ်လေးထွေ ရှောင်ကွင်း သွေ၍ အသေကင်းပြတ် နိဗ္ဗာန်ဓာတ်သို့ ဆိုက်ကပ်တူရူ ပို့ဘော်မူသည့် ဆယ်ဆူထင်ရှား ထိုတရားကို၊ တုဝံ-ပစ္စုပ်သံသာ ကျိုးနှစ်ဖြာကို တွေးကာမြော်ရှု အလေးပြုလျက် အေးမှုအေးရာ အေးဓမ္မာကို အေးတာလိုလား အရှင်ဘုရားသည် ဇနာနံ-ဂရာဝါသ မှုကိစ္စကို ပြုကြသူတိုင်း ဒုက္ခဝိုင်းလို့ ဒေါင်စိုင်းနေ့စဉ် ပူမှုအင်ကြောင့် မရှင်နိုင်အား လူအများတို့၏၊ ဟိဘာယ-လောကုတ် လောကီ ကျိုးနှစ်လီကို စုံညီပြည့်ဝ လက်ကိုင်ရ၍ အမတရိပ်မြုံ နန်းရွှေဘုံကို ခိုလှုံကိုးစား အကျိုးများရန်အလို့ငှါ၊ ဒယာယ-ကိုယ်နှင့်လားတူ ထားတော်မူလို့ ကြည်ဖြူဆပ္ပား မေတ္တာထား၍ တရားရေစင် သွန်းဖြန်းယှဉ်လျက် ကြည်လင်ယိုဖိတ် မေတ္တာစိတ်ဖြင့်၊ ဒေသေဟိ-အဟောဝတ သဘောကျအောင် ဟောပြ

တော်မူပ အရှင်ဘုရား။ (ဒေသေဟိ)- ဤတရားကတော့ ကောင်းမှုဆို၊ ထိုတရားကတော့ အကုသိုလ်၊ ဤတရားကတော့ ပယ်ဖို့မလို၊ ထိုတရားကတော့ ပယ်ဖို့ဆို၊ ဤတရား ကတော့ သံသာတို၊ ထိုတရားကတော့ သံသာပို၊ ဤတရားကတော့ မဂ်နှင့်ဖိုလ်၊ ထိုတရားကတော့ အပါယ်ကိုဟု သံချိမိန့်ကြား မြတ်တရားကို မှတ်သားဖို့လျော် အချိန်တော်ပြီ ဖွင့်ဖော်ဟောကြားတော်မူပ အရှင်ဘုရား။

## မိုးငြိမ်း တရားတောင်း

သုဃာစာမ မယံ ဘန္တေ၊
ပစ္စာသန္နေ နိုသရန္တာ။
သိတောဒကေန သိဉ္စိတွာ၊
နိဗ္ဗာပေယိ ကိလေသဂ္ဂေ။

ဘန္တေ-အမြိုမြိုအရွှာရွှာ လှည့်လည်ကာဖြင့် ဒေသနာပန်းဝေကာလုမ်း၍ ကြင့်နှံနီဗ္ဗူ ကျွန်းသောင်ငူသို့ ဆောင်ယူလိုလား အရှင်သူမြတ်ဘုရား၊ ဝါ-ချမ်းဖူးရေစက် ပန်းပန္နက်ကြောင့် ဆက်ဆက်ရောက်လာ ဤရပ်ရွာ၌ ဒေသနာစဉ် မြိုက်အလျဉ်ဖြင့် သွန်သင်ဟောကြား အရှင်သူမြတ်ဘုရား၊ မယံ-အိုရတာလဲ ဒုက္ခပါပဲဘုရား၊ နာရတာလဲ ဒုက္ခပါဘဲဘုရား၊ သေရတာလဲ ဒုက္ခပါဘဲဘုရား၊ ဒုက္ခမျိုးစုံ ကလိန်ခြုံမှ ခုန်ထွက်လိုလား တပည့်တော်တပည့်တော်မအများတို့သည်၊သုဃာစာမ-ရုပ်ဆိုတာက ဟောဒီလို၊ နာမ်ဆိုတာက ဘယ်လိုပွား အမှတ်အသားတခု ပရမတ်တရားစုကို မှတ်သား၍ရှုကြရအောင် တောင်းပန်ကြပါကုန်၏

အရှင်ဘုရား။ တို့-ဘုရားအယူ မမှားမှု၍ နည်းယူဟောကြား အရှင်ဘုရားသည်၊ ပစ္စာပန္န-ကုသိနာရုံ ပင်မျိုးစုံသည့် ရဂုံသာ မော အင်ကြင်းတောဝ၌ ရှင်စောမြတ်စွာ နိဗ္ဗာန်ပြည်ကြီး ဝင်စံနိုး ၌ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ပစ္ဆိမတဲ့ ဗုဒ္ဓဝစနာ ကဲ့ပမာသို့ ရပ်ရွာ ခရီး ပြန်ကာနီး၌၊ ဝါ-နက်ဖြန်ကာ အားရုံကျင်းလို့ အလင်းသို့ ရောက်သောအခါ၌၊အနုဿရန္တာ-ပြန်ကြွမည့်အရေးတွေကြောင့် စိတ်ထဲကမအေးပါ ပူဆာသောက အဆွေးကြွလို့မို့ အော်....လွမ်း လှပါကုန်ပြီဘုရား။ ဝါ-နေအုံးဘုရား နေအုံးဘုရားလို့ တားကြ ယင်လဲ ရမှာလဲမဟုတ်ပါ၊ ဖြေလျက်မကြည်မြဘာ၊ ငွေမျက်ရည် ကဖြာ၊ ကြွတော့မှာလားဘုရား။ ကိလေသဂ္ဂေ-ငကျွတ္ထုဒ္ဒါရက ငါငါထင် သောတဒ္ဒါရက သာယာချင်၊ မကြာမကြာပင် အယူ သီးနေကြတဲ့ အပူးမီးဟူသမျှတွေကို၊ သိထောဒကေန-နောက် သမျှစိတ်တွေ ကောက်သမျှစိတ်တွေ ဖောက်သမျှစိတ်တွေကြည်ဖို့ အရေးဟာမို့ ဝိပဿနာသီတာရေအေးဖြင့်၊ သိဥ္စိတွာ-စိတ်ချမ်း သာကြောင်း သွန်းကာလောင်း၍၊ နိဗ္ဗာပေသိ-ဂရာဝါသ သမ္ဘာခနွင့် ကိစ္စများမြောင် လူတို့ဘောင်မှာ အော်....ပူလှချည်ရဲ့ ဘုရား လောင်လှချည်ရဲ့ဘုရား၊ တလူလူငြိုးထိန်စွာ. ပြတ်ကိန်း အရဟာမို့ အပူမီးရှိန်တခါ ဇာတ်သိမ်းကြရအောင် သတ်ငြိမ်း တော်မူပ အရှင်ဘုရား။

တရားတောင်းများ ပြီး၏။

[ဤတွင် ရွှေစည်တရားတော်များ နောက်ဆက်တွဲ ပြီးပြီ]

* ကျီးသဲလေးထပ် ဆရာတော်
* မန်လည်ဆရာတော်
* မဟာစည်ဆရာတော်
* အရှင်ဇနကာဘိဝံသ
* မဟာဝိသုဒ္ဓါရုံဆရာတော်
* အရှင်ဝိစိတ္တသာရာဘိဝံသ
* မင်းကွန်းပဌမဓမ္မနာဒဆရာတော်
* လယ်တီဆရာတော်
* စစ်ကိုင်းဘောင်ရိုး မဟာဝိဇ္ဇာဒယ ဆရာတော်
* အုဂ်ဖိုရ်ဆရာတော်
* ရွှေစည်ဆရာတော်

နှင့်

မင်းကွန်း ဒေါ်ဓမ္မစာရီ

တို့၏

ဘုရားရှိခိုး ဆုတောင်းအမျှဝေ စာမူများပါဝင်သည့်

# ရွှေစည်ဝတ်ရွတ်စဉ်

ရွှေစည်ဆရာတော်

လယ်တီ အရှင်ကုလိသ

စုဆောင်းစီစဉ်သည်။

ထွက်နေပါပြီ — တအုပ် ၁၀ ကျပ်

စစ်ကိုင်းတောင် ရွှေစေတီသာသနာ့ရိပ်သာ

ရွှေစေတီဆရာတော်

မြန်မာပြန်သည့်

# ဆ ဆက္က သုတ္တန်

[ပါဠိတော် နှင့် မြန်မာပြန်]

ဤဆဆက္ကသုတ္တန် ဒေသနာတော်သည် ဝိပဿနာအရာတွင် အလွန် အရေးပါ အရာရောက်သော ဒေသနာတော် ဖြစ်သည်။ ဝိပဿနာ ရှုသင့်ရှုထိုက်သော တရားတော် သက်သက်ကိုသာ ဟောထားသည်။ ဤဒေသနာတော်ကို ပိုင်ပိုင် နိုင်နိုင်သိထားလျှင် ဝိပဿနာအရာတွင် အလွန် အရေးပါ အရာ ရောက်လှ ပေသည်။

ရွှေစေတီ ဆရာတော်ကြီး၏ ပုံတော်ဖြင့် ထွက်နေ ပါပြီ။

တအုပ် ၈ ကျပ်

[အမြို့မြို့စာအုပ်ဆိုင်များတွင်မေးဝယ်ပါ။ မရက စာပေလောက ၇၃၊ ၃၃ လမ်း ရန်ကုန်သို့ စာအုပ် တန်ဘိုးကို ငွေပို့လွှာပို့၍ မှာကြားနိုင်ပါသည်။]

ရှေး အစဉ်အဆက်
ကျော်ကြား ထင်ရှားခဲ့သည့်
ဘုရားရှိခိုး
ဆုတောင်း ဆုယူ
ပန်း၊ ဆွမ်း၊ ရေချမ်း၊ဆီမီးကပ်
ရေစက်ချ၊အမျှဝေ
အမျိုးမျိုးနှင့်
အန္တရာယ်ကင်း ပရိတ်များ ပါဝင် စုစည်းသည့်

## မဟာမင်္ဂလာ

# ဘုရားရှိခိုး အမျိုးမျိုးနှင့်
# အန္တရာယ်ကင်း ပရိတ်တော်များ

ထွက်ပါပြီ　　　　　　　　တအုပ် ၈ ကျပ်

စစ်ကိုင်းတောင် ရွှေစေတီ သာသနာ့ရိပ်သာ

## ရွှေ စေ တီ ဆ ရာ တော်

အမြို့မြို့တွင် ဟောကြားတော် မူခဲ့သည့်

တရားတော်များကို စိန်စစ်ဘကျ

စုဆောင်း ပုံနှိပ်မည့်

# ရွှေ စေ တီ တ ရား တော် များ

[အမြန်ဆုံး စက်တင်ပုံနှိပ်ရန် စတင် ပြင်ဆင်နေကြပါပြီ]

**စာပေလောက**

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

မင်္ဂလာဦးအောင်မြင့်

ပြုစုသည့်

# ရှင်သီဝလိ

ပြန်လည် ပုံနှိပ်နေပါပြီ

မေလဆန်း ထွက်ပါမည်။

[မိမိတို့မြို့ရှိ စာအုပ်ဆိုင်များတွင် ကြိုတင်မှာကြား ထား

---

မင်္ဂလာဦးအောင်မြင့်

# ရှင် ဥပဂုတ်

# ဤစာအုပ်

ထင်ရှားကျော်စောသော မဟာစည် နယ်လှည့် ပဋိပတ္တိ သာသနာပြု ဓမ္မကထိကအဖွဲ့ အတွင်းရေးမှူးချုပ် အဖြစ် သို့ရောက်မှ ဤ တရားစာအုပ် ထွက်ပေါ်လာခဲ့သည်။ သူဟောထားသော ဤ တရားများကို စုပေါင်းလျက် 'ရွှေစည်တရားတော်များ' ဟူသော အမည်ဖြင့် ပေါ် ထွက်လာခဲ့ရာ မိမိက 'ကောင်းပါပေသည်'ဟု အထူး ပြောပြကာ အမှန်းတင်နေစရာ လိုမည်မထင်....။

(ဝက်လက်မစိုးရိမ် ဦးတိဿ)

ရွှေစည် ဆရာတော်ကား ပိဋကတ် ကျမ်းစာတို့ကိုလဲ တတ်ကျွမ်းပြန် အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော် ဘုရား၊အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး တို့၏ နည်းဥပနိဿယဖြင့် ပဋိပတ္တိသာသနာဝန်ကို ထမ်း ဆောင်နေသော ပုဂ္ဂိုလ် ဖြစ်ပြန်သည့်အပြင် မဟာစည် နယ်လှည့် ပဋိပတ္တိသာသနာပြု ဓမ္မကထိကအဖွဲ့ အတွင်း ရေးမှူးလဲ ဖြစ်ပြန်သောကြောင့် ကျွမ်းကျင်သော ပန်း တိမ်သည်၏ လက်ရာကောင်း နဝရတ်လည်ဆွဲကဲ့သို့ပင် အပိုအလိုမရှိ ပိဋကတ်ကျမ်းလာ ဒေသနာနှင့်ညီညွတ်စွာ ပြုစုထားသော ဤရွှေစည်တရားတော်များ စာအုပ်၏ နိဒါန်းကို ရေးခွင့်ရသောကြောင့်....

(မင်းလာဦးအောင်မြင့်)